www.burmeseclassic.com

လာဘ်မိုးစွေ စာပေ

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

# ဗောဓိပြင်

မဂ္ဂဇင်း



လောကနတ်ဆောင် အိုတောင်ဘေားမရှိ (၈၁ - ၁၀၉)

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရှေ့ပြေး

မဂ္ဂဇင်း

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ၊ အမှတ် (၂၇၄)

## မာတိကာ

### ရှောင်ပြန် ကဗျာ

မှူးအိမ်စိုး၊ နန္ဒာမိုးကြယ်၊ တောသားကြီးလူနိုင်၊
အောင်လင်းနိုင်၊ အေးမြပိုင်စိုး၊ မင်းထက်သားညီ(တောင်ငူ)၊
ရွှေညာခိုင်စိုး၊ ဘအုန်း-ပုသိမ်


### ရှောင်ပြန် အခန်းဆက်ရသ

ဘဝအသချေ(၅)
မင်းသိခ် ---------- ၂၀၂
တောကြီးတစ္ဆေ(၇)
တာတေကြီး ---------- ၂၂၂
မာယာဒေဝီနှင့် ကျောက်စိမ်းရုပ် အရုပ်တော်ပုံ(၂)
မောင်ယဉ်မွန်(မောဝ်နေခြည်) ---------- ၂၃၄
မွန်းတည့်ချိန်မှာ အရိပ်ရှာသူ(၅)
ကျော်မြသန်း ---------- ၂၇၀










www.burmeseclassic.com

www.burmeseclassic.com

ကဿပဘုရားရှင် နှင့် ဂေါတမဘုရားရှင်
သီ တ င်း သုံး ခဲ့ ရာ
ပိဋိရုံ ရွှေပန်းမြိုင်စေတီတော်

မြနန်းရှင်




စာ - ၁၇

## မြန်မာ့ရေးရာ

ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင် သီတင်းသုံးခဲ့ရာ
ပိဋိရုံရွှေပန်းမြိုင်စေတီ
မြနန်းရှင် ---------- ၁၇
ဝိဇ္ဇာတို့ စံပျော်ရာ အလုံဒီပါ
ပထမံဆရာကြီးဦးအောင်သူ ---------- ၂၁
မြစ်တို့၏ ကမ္ဘာ့သဘာသနာ
မင်းသန်းနိုင်(ကွမ်းခြံကုန်း) ---------- ၂၆
ပဲခူးရွှေမော်ဓောဘုရားကြီးနှင့် လျောင်သမိုင်းကြောင်း
ကျော်မင်းနိုင် ---------- ၉၀
အနန္တတံဆိပ်တော် ---------- ၁၀၀



စာ - ၂၀၉

လိုရာဖက်သုံး
သရက်တစ်ပင်လုံး
မော်တင်သိန်းဇော်ဇ




စာ - ၂၁၂


## ရောင်ပြန် ရသ

တောင်ရွာသူ
မောင်မိုးအောင် ---------- ၁၁၆
ထဲမှာမှ ပျော်မွေ့သူ
မြဦး ---------- ၁၂၆
ကွယ်သောဘဝများ
ာင်ဦး ---------- ၁၄၄
၅၀ နန္ဒာမိုးကြယ်
င်တော၏ လောက်စာလုံးတစ်လုံး
သင်းခေါင် ---------- ၁၇၂
သီပါစေ
း ---------- ၁၈၀
ို လျှော့မတွက်နဲ့
ကျော်ဝင်း ---------- ၁၉၂

ယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး
လာဘ်မိုးရွေ စာပေ
တိုက် - ၂၇၊ အခန်း - ၁၂(မြေညီထပ်)
လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၀၉ - ၄၂၁၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇

www.burmeseclassic.com

www.burmeseclassic.com



စာ - ၁၂၆

## လောကီရေးရာ


...စ်ချိန်က သမိုင်းဝင်ခဲ့သော မြေပဒေသာကျွန်း
...ည်လီသိန်းမောင် ———————— ၁၄၀
...ဒွေသကိန်း
...ချက်တော်မြင့်မြတ်ကျော် ———————— ၁၅၅
...က်စွမ်းအားဖြင့် ညှို့ဓာတ်တည်ဆောက်ခြင်း
...အောင်ဘုန်းမြင့်(ကချင်မြေ) ———————— ၁၅၇
...ဘာဗောဓိပင်အကြောင်း
...ိန်းထက်ရှာန် ———————— ၁၆၀
...ခင်တာနက်၏ ဆိုးကျိုးကောင်းကျိုးများ
...ဟိန်းထိုဝ် ———————— ၁၆၆
...ပါက်ပင် ဘာကြောင့်ကိုင်းရတယ်
...သုတ ———————— ၁၇၆
...သမင်းနှင့် စစ်မခင်းမီ
...မြင့်အောင်(မြိတ်) ———————— ၁၈၈
...အမောစင်မယ့် လုတောတစ်ခွင် ဟာသများ
...ကောင်းထူး ———————— ၁၉၇
...သုံးသွယ်ပွဲတော်
...သင်ကောင်းမြင့် ———————— ၂၀၁
...ဝန်ကျေသော ငယ်ပေါင်းမိတ်ဆွေ
...မောင်အေး(မန္တလေး) ———————— ၂၀၄

သတ္တဝါတွင် အနာရောက်ပုံသဘာဝ
ချောယဉ်သာမြင့် ———————— ၂၃၂
ဆေး
အောင်ကျော်ညို(ဆင်ချဆိပ်) ———————— ၂၃၇
ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး ကပ်လှူပူဇော်ရန်
ဇာဖြူမွှင့် ———————— ၂၃၉
မုဒိတာ
အသျှင်စာရိတ္တ ———————— ၂၄၁
ရွှေစကား
တက္ကသိုလ်သခ် ———————— ၂၄၄
သင့်လက်မှာ ဒါမျိုးပါလား
ဒေါက်တာစောယုနွယ် ———————— ၂၆၄


## ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်


သစ်တောအရာရှိတစ်ဦး၏ သည်းထိတ်ရင်ဖို
လုမိုး(ပညာရေး) ———————— ၂၄၆
ပြည်တွင်းပြည်ပ ဗိဉာဉ်လောက ယုံကြည်ချက်များ
လုတိုး(စိတ်ပညာ) ———————— ၂၅၁





www.burmeseclassic.com

www.burmeseclassic.com










## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး

လောကနတ်ရုပ် ထုလုပ်နည်း
သီရိဇေယျ ——— ၁၀၃
လောကနတ်ဆောင် အိုတောင်သေးမရှိ
ဆရာပါမြွှာ ——— ၁၀၉
လောကနတ် လက်ခုပ်တီး လာဘ်ခေါ်နည်း
ဂမ္ဘီရဆရာကြီးဇာဂရ ——— ၁၁၁

## ရောင်ပြန် တိုင်းရင်းဆေး

မုဲ့ခရပျောက်ဂါထာ
စလင်းဒီပ ——— ၂၀၇
လိုရာဖက်သုံး သရက်တစ်ပင်လုံး
မော်တင်သိန်းဇော် ——— ၂၀၉
အဖေသုံးခဲ့သော ထုံးမန်း
ကိုမောင်လွင်(ပန်းတနော်) ——— ၂၇၉

လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို
နံနက်(၁၀း၀၀)နာရီမှ မွန်းလွဲ(၂း၀၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ)
ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ကြပါသည်။
စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်းမရှိပါက တာဝန်ယူမည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## ပဲခူးရွှေမော်ဓောဘုရားကြီး (နှင့်) လျှော်သမိုင်းကြောင်း

စ - ၉၀

■ ကျော်မင်းနိုင်







အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး

လာဘ်မိုးစွေ စာပေ

တိုက် - ၂၇၊ အခန်း - ၁၂ (မြေညီထပ်)

၂၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၀၉ - ၄၂၁၀၀၅၉၂၆၊ ၀၉ - ၅၀၉၂၄၇၇


## ရောင်ပြန်ပေဒင်



သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ---------- ၂၇၅



## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ---------- ၂၉၄


## လူတွေသိ နတ်တွေကြားစေ


လူတွေသိ၍ နတ်တွေကြားစေ ---------- ၂၉၆


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# စံပြမှတ်ကျောက်

မှူးအိမ်စိုး

- ယောမင်းကြီးရဲ့ စိတ်ဓာတ်
မှတ်သားစရာ...
ညီလာခံရာ၊ တစ်ရုံခါတွင်
အရှင်မင်းနှင့်၊ အငြင်းစကား
ဖြစ်ပွားခဲ့၏။

- ယောမင်းကြီးက
"အစ်မ နှမ သမီးကကို
စ၍ဆက်နှင်း၊ လက်ဆောင်သွင်းလာ
စိုးမင်းချစ်မြတ် ထိုအမတ်သည်
အတတ်မရှိ သတ္တိကင်းကွာ
ဘုန်းကြီးသာမှ
ပြည်ရွာပျက်ကြောင်း တစ်ပါးတည်း"
အပြုသဘော လျှောက်သောခါဝယ်...။

- မင်းတရားက၊ လုံကိုပြချက်
အသက်ခြိမ်းခြောက်လေသတည်း။

- ယောမင်းကြီးက
ရင်ဝကိုကော့၊ ထိုးပါလော့ဟု
မလျှော့မညှာ၊ လျှောက်လာခါမှ
ဆောင်တော်မသို့
ပြန်ကြွသွားခဲ့လေသတည်း။

- အမှန်အတွက်၊ အသက်ကိုပင်
လောင်းကြေးတင်သူ၊ ဤဇမ္ဗူတွင်
ဂုဏ်တင်တုယှဉ်ထိုက်ပေစွ။ ▪



www.burmeseclassic.com

www.burmeseclassic.com

# အညွှလီ

မင်းထက်သားညီ(တောင်ငူ)

- မိုးမြင့်ထက်
စိုးဝင့်လျက် လင်းတဲ့ကြယ်
ချစ်စဖွယ် အမြူရောင်လေး
(အဲဒါ…) လူ့ဘောင်လောကမှာ မွှေးတဲ့
အမေ့မေတ္တာတေ။

- သားသမီးများ
ပွားစည်းများလည်း ပြုံးမော့်နေ
အဲဒါ "ရတနာတွေ" လို့
အသပြာငွေ ချီတဲ့တဲ့ အမေကပြောတော့
သားချောရဲ့နှလုံးဘဝင်ဟာ ရွှင်လန်း
တင့်ဆန်းစွာ အေး။

- ရှိသမျှကို စုလို့
သီလစု ကုသိုလ်ပြုကာ
ငြိမ်းချမ်းရာ နိဗ္ဗာန်ဘုံကိုရည်မှန်း
စိမ်းလန်းစွာ အမိဗ္ဗာန်ကာလျှုဒါန်းတဲ့
အမေ့ရဲ့ ဒါနပွဲမှာ
အမေ့ရဲ့ ဂုဏ်ကျက်သရေဟာ
မိုးမြေနေလ အားလုံးကို လွှမ်းခြုံကာလင်း
ပန်းပေါင်းစုံဝင်းတဲ့ အမေ့ရဲ့အလှက
တသသ…မွှေး။
နွေးနွေးထွေးထွေးရှိလှရဲ့။

- နုကွပေါင်း
သိန်းသောင်းကုဋေကုဋာကို မကြောက်
နှောက်မတွန့်တဲ့ အမေ့ရဲ့မေတ္တာလက်
ကရုဏာဖက်ရင်း ရွှင်လန်း
အိုမင်းမစွမ်းလည်း
ပေးကမ်းမြဲ လှူဒါန်းမြဲ
(ဒါကြောင့်လည်း)
လွမ်းမြဲ လွမ်းဆဲ တမ်းတမြဲပါ အမေ
ဝေးတစ်မြေက သားလူလုက
ညစဉ်ညတိုင်း သတိရတိုင်းမှာ
အမေ့မေတ္တာ ကျေးဇူးကမ္ဘာ
ဦးချပါ၏
ကန်တော့ပါ၏။ ■



www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသားပြတိုက်

ရွှေညာခိုင်စိုး

● ချစ်စတုန်းက
လှတဲ့လက်ရေး ဝိုင်းဝိုင်းလေးနဲ့
သူပေးခဲ့တဲ့ စာလေးတွေ။
● မမုန်းခင်က
အချစ်ဆုံးအတွက်…တဲ့
သူပေးခဲ့တဲ့ ဓာတ်ပုံတစ်ပုံ။
● အောက်မေ့ပြန်ကြည့်
ရှိနေဆဲပါ။ စာအုပ်ကြားမှ
သူမကိုယ်စား ကိုယ်ပွားရနံ့
● သင်းပျံ့လှိုင်ဆဲ၊ နွမ်းခြောက်လည်းမွှေး
သူပေးဖူးတဲ့ ခရေပွင့်တွေ။
သူနဲ့ချိန်းတွေ့
အချစ်နေ့ရက် ပွေ့ဖက်ရှိုက်နမ်း
နှုတ်ခမ်းနီစက်၊ ပန်းထက်တွင်
ထင်ကျန်ခဲ့ဖူး အချစ်ဦးရဲ့
ကြည်နူးချိုမြ အနမ်းတစ်စ။
မကြည့်ရတာ
အတော်ကြာပြီ၊ ဒီတစ်ခါကျ
ရုပ်ရှင်ပြနေ့၊ အပျော်နိမိတ်
ဂုဏ်ရုံရိပ်က၊ တိတ်မီအဝေး
အချစ်သွေးကြွ၊ လှပရုပ်ရှင်
နှစ်ကိုယ်ယှဉ်ကြည့်၊ ရင်ခုန်နွေးဖူး
အထူးတန်းက လက်မှတ်နှစ်စောင်။

မကြွင်နာ…
မတွယ်တာ…
မစာနာ…
ခွဲခွာသူ…မုန်း။ နောက်ဆုံးလက်ကျန်
အချစ်ထံမှ၊ လက်ခံရရှိ
လွမ်းသည့်ဝန်တာ၊ လွမ်းစရာတွေ
အလွမ်းပြေကြည့်၊ အလွမ်းချည့်တိုး
တန်ဖိုးကြီးမား။ ပစ္စည်းများစွာ
ခံစားပွေ့ဖက်၊ မစွန့်ရက်ဘူး
မက်မောသိမ်းဆည်းထားပါတယ်။ ။



www.burmeseclassic.com

www.burmeseclassic.com


# ကာရန်တစ်စရဲ့တောင်ပံတစ်စုံ

အောင်လင်းနိုင်

- ပျံသန်းချင်လို့
ဝေဟင်ကိုကြည့်၊ အားစိုက်မိတော့
ထိရှကွဲအက်၊ တောင်နှစ်ဖက်လုံး
ခက်ခဲနွမ်းရိ၊ ညောင်းခွေချည့်တယ်
မိုးထိဘယ်လိုပျံသန်းရပါလိမ့်။

- ပွင့်ဗေဒါတောင်
ရေပြာလှိုင်းမာန်၊ ဂယက်ထန်မှာ
ပန်းပန်မပျက်၊ ခရီးဆက်ခဲ့။

- စိတ်မာန်စွမ်းရည်၊ အံတောင်ဆီသို့
ချီသယ်ဆောင်သွင်း။ လေကိုခွင်းပြီး
ထိုးထွင်းဖောက်ပျံ့၊ မိုးစွန်ယံမှ
ပန်းမန်တိမ်ဦး။ အညွန့်ဖူးကို
ခူးယူသောက်သုံး၊ လှခြယ်မွှန်းဖို့
အရှုံးစိတ်ကို ဖြိုဖျက်မယ်။ ။



www.burmeseclassic.com

www.burmeseclassic.com

# စက်ဝိုင်းထဲကလူနှင့် လူထဲကစက်ဝိုင်းများအကြောင်း


အေးမြဝိုင်စိုး

- ကျောင်းခန်းထဲမှာ
  သင်္ချာစက်ဝိုင်း။

- လေ့ကျင့်ကွင်းမှာ
  ချိန်စရာစက်ဝိုင်း။

- ရိပ်သာတွင်းမှာ
  ဓမ္မာစက်ဝိုင်း။

- စက်ဝိုင်းပင်ကို
  စိတ်အလိုတည့်
  ချုံ့ ချဲ့ ပြောင်းလဲ
  ငွဲ့နပ်ပြင့်
  ဆွဲကြ တွက်ကြ
  ချိန်ကြ ပစ်ကြ
  ရှုကြ ပွားကြ
  အနားမရပြီ
  ရတဲ့ခမ္ဘာတွယ်နေသရွေ့
  ဘဝရဲ့သံသရာလည်နေသရွေ့...။ ။



www.burmeseclassic.com

www.burmeseclassic.com

# ဆန္ဒအရှင်

နန္ဒာမိုးကြယ်

- စိမ်းလန်းတေး ဟာစ်ကြေးဆိုလို့ "ငြိမ်းချမ်းရေး လိုချင်သည်"...တဲ့ တို့ပြည်သူ ရင်အပွင့်။
- တခုံးခုံး တခက်ခက်ရယ်နဲ့ ဗုံးလက်နက် ကျည်ဆန်အစား ပန်းများစွာ...ပွင့်။ ။



www.burmeseclassic.com


www.burmeseclassic.com

# လုပ်ဖော်ကိုင်ဖက်သွား

တောသားကြီးလှနိုင်

- ဘဇာအတွက်နဲ့မှ
  ဇာမချုံ့ပါဘူး
  ယိုင်နဲ့နေတဲ့ . . . သွား
  ကျွတ်ချင်နေတဲ့ . . . သွား
  ကျိုးချင်နေတဲ့ . . . သွား။

- သံယောဇဉ်
  အမျှင်ပြတ်တာဖြင့်
  နောက်ထပ်မပေါက်
  နောက်ထပ်အသစ်မထွက်
  ရက်စက်စွာ သင်ကျောခိုင်းနေမှတော့
  ကိုင်းပါလေ
  သွားပေတော့ . . . သွား
  သွားပေတော့ . . . သွား
  သွားပေတော့ . . . သွား။
  (နှစ်များစွာ ပေါင်းသင်းလာခဲ့သော ငါ့အမှုထမ်းကောင်း သွားအပေါင်းသို့)



www.burmeseclassic.com

www.burmeseclassic.com

# ချစ်မိယောင်မှား

ဘအုန်း-ပုသိမ်

- မမြင်ရပေမယ့်
အထင်ကရ သူ့မျက်နှာ
လမင်းလိုသာ။

- မကြားရပေမယ့်
နားဝက မထွက်ချင်
သူ့အသံလွင်လွင်။

- မနမ်းရပေမယ့်
နှုတ်ခမ်းက မြိန်ချိုချို
ထိမိသလို။

- မတွေ့ရပေမယ့်
ရင်ငွေ့က အနွေးပို
ထွေးရသလို။

- အဝေးဘုံကမ္ဘာမှာ
တွေးရုံသာ အဖြစ်ရှိသူမို့
ချစ်မိသည့်ဝန်
ကိုယ့်အလွန်လို့ပဲ ဆိုရမလို။ ။



www.burmeseclassic.com


www.burmeseclassic.com

# ကဿပဘုရားရှင် နှင့် ဂေါတမဘုရားရှင်

## သီ တ င် း သုံ း ခဲ့ ရ ေ

# ပီဝိရုံ ရွှေပန်းမြိုင်စေတီတော်

မြနန်းရှင်



ယခု စာရေးသူ ရောက်ရှိဖူးမြော်ခွင့်ရသော ဘုရားစေတီကား ပွင့်တော်မူပြီးကုန်သော ဘဒ္ဒကမ္ဘာ၏ ဗုဒ္ဓလေးဆူတို့ ခုနစ်ရက်ကြွရောက်သီတင်းသုံးတော်မူ၍ လူ၊ နတ်၊ ဗြဟ္မာများ ကျွတ်တမ်းဝင်စေကုန်သော ဗုဒ္ဓသမိုင်းဝင် နေရာထူးဖြစ်ပေသည်။

တို့မိတ်ဆွေ မြန်မာပြည်အနှံ့ ဘုရားဖူးနှင့် အပန်းဖြေ ခရီးသွားပို့ဆောင်ရေးအဖွဲ့မှ ဖိတ်ကြားခမ္မဒါနပို့ဆောင်ပေးသဖြင့် ကိုယ်တိုင်သွားရောက်ဖူးမြော်ခွင့် ကုသိုလ်ထူးရရှိခြင်း ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ဘုရားကုန်းကျေးရွာတွင် တည်ရှိသည့် ရွှေပန်းမြိုင်စေတီတော် မြတ်ကြီးသည် သာသနာ့သမိုင်းဝင် ရာဇဝင်သမိုင်းဝင် ထူးခြားထင်ရှားသော စေတီတော်မြတ်ကြီးဖြစ်ပါသည်။ ပုဂံခေတ် အလောင်းစည်သူမင်းမှ အစပြု၍ မင်းအဆက်ဆက်၊ ပြည်သူအဆက်ဆက် ပြုပြင်မွမ်းမံ တည်ထားကိုးကွယ်ခဲ့သည့် စေတီမြတ်တစ်ဆူ ဖြစ်ပါသည်။

နယ်ချဲ့ တော်လှန်ရေးကာလ အမျိုးဘာသာ၊ သာသနာအတွက် ထမ်းရွက်ကျေပွန်ခဲ့သည့် ပွင့်ဖြူမြို့နယ်သား ဗိုလ်ဆေးနီသည် ရွှေပန်းမြိုင်စေတီမှာ သစ္စာတော်မြေပြုလုပ်၍ ကုလားဖြူငါးရာအား တိုက်ခိုက်တော်လှန်ခဲ့သည့် နေရာလည်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓလေးဆူ၊ ရုံလေးရုံ အောင်မြေ ရုံလေးရုံစာရင်းဝင် စေတီလည်း ဖြစ်ပေသည်။

ရာဇဝင်သမိုင်းအစကား ကဿပဘုရားရှင်လက်ထက် လယ်ကိုင်းမြို့ကို သုမင်္ဂလာတိုင်းဟု ခေါ်ပါသည်။ ယခုစေတီနေရာမှာ ဝါသူဌေးကျောင်းဒကာ ဖြစ်ခြင်းကြောင့် ပါဝါရုံစေတီဟုလည်း ခေါ်ပါသည်။ ကဿပဘုရားရှင်လက်ထက် ခုနစ်ရက်သီတင်းသုံးခဲ့ဖူးသော နေရာလည်း ဖြစ်ပါသည်။

ဂေါတမဘုရားရှင် လက်ထက်တွင် ပွင့်ဖြူမြို့နယ် ဤနေရာဒေသအား သုနာပရန္တတိုင်းဟု အမည်တွင်လျက် ဥဒေနမင်း စိုးစံကာ ကောသမ္ဗီဖြစ်ပြီး မင်းနေပြည်တော်ကား လယ်ကိုင်းမြို့ ဟောင်းနေရာဖြစ်ပါသည်။

ကောသမ္ဗီပြည်တွင် ကုက္ကုဋ္ဋ၊ ဃောသက၊ ပါဝါရိက အမည်တွင်သော သူဌေးကြီးသုံးဦး ရှိလေသည်။ သူတို့၏ ကိုယ်ပိုင်ဉယျာဉ်တော်ကြီးများက တစ်ခုနှင့်တစ်ခု မနီးမဝေးမှာ တည်ရှိကြသည်။


ပါဝါရိကသူဌေးပိုင် ဉယျာဉ်တော်ကြီးမှာ ကဿပဘုရားရှင်လက်ထက် ဇေတဝီပါလလုလင် (ဂေါတမဘုရားလောင်း)အား ယခိင်္ုကာရ အိုးထိန်းသည်က သျှောင်ဆွဲကုပ်နှိမ်၍ ခေါ်ယူကာ တရားနာခိုင်းသောနေရာ၊ တရားနာပြီး အကျွတ်တရားရကာ ပါရမီတော်များ ဆည်းပူးဖြည့်ကျင့်ခဲ့ရာ ကျောင်းတော်နေရာပင် ဖြစ်သည်။

ထိုသူဌေးကြီးသုံးဦး ကိုးကွယ်သော ရှာန်ရ ရသေ့ကြီးငါးရာတို့၏ သတင်းပေးချက်အရ မဇ္ဈိမဒေသတွင် ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းတော်မူကြောင်း သိရသဖြင့် လူညီးသားငါးရာနှင့်တကွ ရသေ့ကြီးများသွားရာသို့ နောက်မှလိုက်ပါသွားခဲ့သည်။ အရင်သွားနှင့်သော ရသေ့ကြီးများ ဘုရားရှင်ထံ တရားနာပြီး ရဟန္တာငါးရာ ဖြစ်ကုန်ကြသည်။ နောက်မှရောက်လာသော သူဌေးကြီးသုံးဦးလည်း တရားနာယူပြီး သောတာပတ္တိဖိုလ်တည်ကုန်သည်။ ၁၅ ရက်တာမျှ ဘုရားအမှူးရှိသော သံဃာတော်များအား အလှူကြီးပေးလှူပြီးနောက် ကောသမ္ဗီပြည်သို့ ကြွရောက်တော်မူပါရန် ဘုရားရှင်အား လျှောက်ထားရာ ပုဗ္ဗေနိဝါသ ဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူပြီး ရှေးက နေခဲ့ဖူးသော



www.burmeseclassic.com

www.burmeseclassic.com



ဘုရားများ ကြွရောက်သီတင်းသုံးရာနေရာများ ဖြစ်သောကြောင့် အခွင့်ပေးတော်မူခဲ့သည်။

သူဌေးကြီးသုံးဦးမှာ နှလုံးစိတ်ဝမ်းချမ်းမြေ့စွာ ပြန်လာပြီး သူတို့ပိုင်ဆိုင်သော ဥယျာဉ်ကြီးများတွင် ကြီးကျယ်ခမ်းနားလှစွာသော ကျောင်းတော်ကြီးတစ်ဆောင်စီ ဆောက်လုပ်လှူဒါန်းကြလေသည်။

ကကုသန်ဘုရား မူလကျောင်းတော်ရာရှိ ဥယျာဉ်တွင်း ဆောက်လုပ်လှူဒါန်းသော ကုက္ကုဋသူဌေး၏ ကျောင်းတော်ကြီးအား ကုက္ကုဋာရုံကျောင်း အမည်တွင်၏။

ကောဏာဂုံဘုရား မူလကျောင်းတော်ရာရှိ ဥယျာဉ်တွင်း ဆောက်လုပ်လှူဒါန်းသော ဃောသကသူဌေး၏ ကျောင်းတော်ကြီးအား ဃောသိတာရုံကျောင်း အမည်တွင်၏။

ကဿပဘုရား မူလကျောင်းတော်ရှိရာ ဥယျာဉ်တွင်း ဆောက်လုပ်လှူဒါန်းသော ပါဝါရိကသူဌေး၏ ကျောင်းတော်ကြီးမှာ ပါဝါရုံကျောင်းဟု အမည်တွင်ပါသည်။

ဂေါတမဘုရားရှင် ကိုးဝါမြောက်ဖြစ်သော သက္ကရာဇ် ၁၁၁ ခုနှစ်တွင် နောက်ပါရဟန္တာငါးရာနှင့် ကောသမ္ဗီပြည်သို့ ကြွမြန်းတော်မူလာခဲ့သည်။

ဘုရားရှင်အား သုနာပရန္တတိုင်းသား စူဠပုဏ္ဏသူဌေး လှူဒါန်းသော လယ်ကိုင်းမြို့ရှိ စန္ဒကူးကျောင်းတော်သို့ ကြွမြန်းရန်လည်းဖြစ်သည်။

ဂေါတမဘုရားရှင်နှင့် ရဟန္တာများစွာသည် ကုက္ကုဋာရုံကျောင်းတော်ကြီး၌ တစ်ရက်တာ သီတင်းသုံးတော်မူ၍ ငါးသိန်းသော ပရိသတ်များအား ကျွတ်တမ်းဝင်စေခဲ့သည်။

ဃောသိတာရုံကျောင်း၌ တစ်ရက်တာ သီတင်းသုံးတော်မူ၍ ပရိသတ်လေးသိန်း ကျွတ်တမ်းဝင်ခဲ့သည်။

ယခု ရွှေပန်းမြိုင်စေတီ ပါဝါရုံကျောင်းတော်ကြီး၌ တစ်ရက်တာ သီတင်းသုံးတော်မူ၍ ပရိသတ်ရှစ်သိန်း ကျွတ်တမ်းဝင်ခဲ့ပါသည်။



(ရွှေပန်းမြိုင် ဆရာတော်ဦးခန္တီ)



www.burmeseclassic.com

www.burmeseclassic.com

ဂန္ဓာရုံ ကျောင်းတော်ကြီးမှာ ခုနစ်ရက် သီတင်းသုံးတော်မူ၍ တစ်နေ့လျှင် ၈၄၀၀၀ ရှစ်သောင်းလေးထောင်ကုန်သော ပုရိသတ်တို့ ကျွတ်တမ်းဝင်ခဲ့ကြသည်။

ကျောင်းတော်ကြီးများတွင် အစဉ်အတိုင်း တစ်လည့်စီ စံမြန်းသီတင်း သုံးတော်မူပြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်လည်ကြွမြန်းတော်မူခဲ့ပါသည်။

မြတ်စွာဘုရားအား ဆောက်လုပ်လှူဒါန်းတော်မူခဲ့သော ပါဝါရုံကျောင်းတော်အား အလောင်းစည်သူမင်းကြီးကိုယ်တိုင် သာသနာသက္ကရာဇ် ၁၆၀၀ အလွန် ကောဇာသက္ကရာဇ် ၄၈၂ ခုနှစ်တွင် ထပ်လောင်း၍ မဟာစေတီဂူအားလိုဏ်နန်းပလ္လင်ရုပ်တု ထည့်သွင်းပြုလုပ်တော်မူ၍ လှူတော်မူသည်။

ထို့နောက် ပင်းယဆင်ဖြူရှင်မင်း ဟံသာဝတီဆင်ဖြူရှင် သီဟပတေ့မင်းတို့က ထပ်မံပြုပြင် လှူဒါန်းခဲ့သည်။

ပွင့်ဖြူမြို့နယ် တောင်အင်းရွာဇာတိ ဆရာတော်အရှင်ဦးနန္ဒက ကောဇာသက္ကရာဇ် ၁၃၁၇ ဒုတိယဝါဆိုလဆန်း ၁၃ ရက်နေ့တွင် မူလသီတင်းသုံးရာ တောင်အင်းရွာသစ်ကြီးကို စွန့်လွှတ်၍ ပါဝါရုံ ရွှေပန်းမြိုင်ဘုရားကုန်းသို့ ကြွရောက်သီတင်းသုံးတော်မူပြီး ဘုရားကြီးနှင့်တကွ ဂူ၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်များကိုပါ ပြုပြင်မွမ်းမံခဲ့သည်။ ဆရာတော်မှာ ၁၃၄၃ ခုနှစ်မှာ ပျံလွန်တော်မူခဲ့ပါသည်။

ယခုအခါ ဘုရားကုန်း ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တဇောတိကမှ ရပ်ရွာလူကြီးများ ပါဝင်၍ အကျိုးဆောင်ဂေါပကအဖွဲ့ကို ဖွဲ့စည်းပြီး ၁၃၄၇ ခုနှစ်တွင် ရွှေထီးတော်ကပ်လှူခြင်း၊ လုံးတော်ပြည့် ရွှေစက်ချ ထီးတော်တင်ပွဲကျင်းပခဲ့သည်။

၁၃၅၂ ခုနှစ်မှာ ဒုတိယအကြိမ် ဂေါပကပြန်ဖွဲ့ပြီး ရွှေပန်းမြိုင်စေတီတော်ကြီးအား လျှပ်စစ်မီးသွယ်တန်းခြင်း၊ ထီးတော်အား ရွှေကပ်လှူခြင်း၊ ထီးတင်ပွဲကျင်းပခဲ့သည်။

၁၃၇၅ ခုနှစ်တွင် လေဆင်နှာ မောင်းတိုက်ခတ်၍ ငှက်ပျောဖူးမှ ပြုတ်ကျမြေခဲ့သဖြင့် တတိယအကြိမ် ထီးတော်ကြီးကို တင်လှူခဲ့ရသည်။ ၁၃၆၆ ခုနှစ်တွင် စေတီတော်၏ထီးတော်ကြီးအား ရွှေသင်္ကန်းကပ်လှူခြင်းနှင့် စေတီတော်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း ဆောင်ရွက်ခဲ့ပါသည်။

၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ပါဝါရုံရွှေပန်းမြိုင်စေတီတော်၏ ထီးရိပ်အောက်၌ ဩဝါဒဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ဂေါပကဖွဲ့ပြီး စေတီ၊ ပုထိုး၊ တန်ဆောင်း၊ ပြာသာဒ်၊ ဇရပ်၊ သာသနိကအဆောက်အအုံများ အနီးကပ်စောင့်ရှောက်နိုင်ရန် ဆရာတော်၏ တပည့်ရင်းဦးပဏ္ဍိစ္စအား အပ်နှံတင်မြှောက်ခဲ့ပါသည်။

နှစ်စဉ် တန်ခူးလဆန်း ၈ ရက်မှ လပြည့်နေ့တိုင်အောင် ဘုရားပွဲတော်အား စည်ကားစွာ ကျင်းပခဲ့ပါသည်။

ပါဝါရုံ ရွှေပန်းမြိုင်စေတီတော် သာသနာ့မြေပရိဝုဏ်အတွင်း နှစ်စဉ် တရားစခန်းများ ကျင်းပပေးလျက်ရှိရာ အပတ်စဉ် ကျင်းပနိုင်ရန် စိတ္တသုခ မင်္ဂလာမဂ္ဂင်မော်ရုံတော်ကြီးဆောက်လုပ်လျက်ရှိရာ ဘုရားဖူးရင်း ကျောင်းဒကာ၊ ဒကာမအလှူရှင်လည်း ဖြစ်နိုင်ပါသည်။ လှူဒါန်းလိုသူများ ပါဝါရုံဂေါပကရုံး ဖုန်း ၀၉၂၅၂၁၂၆၅၅ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

မြတ်စွာဘုရားရှင် ကြွရောက်သီတင်းသုံးတော်မူခြင်း ဝေနေယျများ ကျွတ်တမ်းဝင်စေခဲ့သော နေရာထူး၊ ဘုရားလောင်း လူ့ဘဝတရားနာ၍ ရဟန်းဘဝ ခံယူကျင့်ကြံအားထုတ်ခဲ့ရာ သာသနာ့နေရာထူး ပါဝါရုံရွှေပန်းမြိုင်စေတီတော်၏ ဉာဏ်တော်မှာ ၄၅ ပေရှိပြီး စေတီအရံပေါင်း ၂၈ ဆူကာ ခန္ဓာငါးပါးအားရည်စူး၍ ရင်ပြင်တော်ပေါ်မှာ ခြင်္သေ့ငါးကောင် တည်ထားပါသည်။

ရွှေစက်တော်ဘုရားဖူးရင်း၊ လယ်ကိုင်းကျောင်းတော်ရာ ဘုရားဖူးရင်း အောင်မြေလေးဌာနစာရင်းဝင် ပါဝါရုံဘုရားအောင်မြေမှာ အမိဌာန်ပြု၍ ဆုတောင်းပြည့်မြောက်နိုင်ကြောင်း သတင်းကောင်းပါးလိုက်ရပေသည်။

(ရွှေပန်းမြိုင် စေတီတော်မြတ်သမိုင်းမှ မှတ်တမ်းယူသည်။)

**မြနန်းရှင်**



www.burmeseclassic.com

www.burmeseclassic.com

# ဝိဋ္ဌာတို့စံပျော်ရာ အလုံဒီပါ

## ပထမံဆရာကြီးဦးအောင်သူ

ကျွန်ုပ်သည် ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်၊ ငပုတောမြို့ ဇာတိဖြစ်ပါသည်။ ငပုတောမြို့သည် သမိုင်းဝင်မြို့တစ်မြို့ ဖြစ်ခဲ့ပါသည်။ ငပုတောမြို့သား ရှင်ဆပဒမထေရ် မွေးဖွားရာဒေသလည်း ဖြစ်ခဲ့သည်။ ဒါကြောင့် ဤဆောင်းပါးကို ရှာဖွေစုစည်း၍ တင်ပြလိုက်ပါသည်။


### မြစ်အထွေထွေ ငပုတောမြို့၏ ဖြစ်ရပ်မှန်တွေ

ငပုတောမြို့သည် ပုသိမ်မြို့တောင်ဘက် ရေမိုင် ၂၃ မိုင်ခန့် အကွာအဝေးရှိပြီး အရှေ့ဘက်ကမ်း၌ တည်ရှိသည်။ ရန်ကုန်မြို့တော်နှင့် ရေမိုင် ၁၀၈ မိုင်အကွာတွင် ငဝန်မြစ်၏ အရှေ့ဘက်ကမ်း၌ တည်ရှိသည်။ ငပုတောမြို့မှ ပင်လယ်ဝသို့ ၄၈ မိုင်ကျော်မျှ ဝေးကွာသည်။

မြန်မာနိုင်ငံ၏ အနောက်ဘက်အဆုံးတွင် တည်ရှိသော မြို့ဖြစ်ပါသည်။ အရှေ့ဘက်တွင် မြောင်းမြမြို့နှင့် လပွတ္တာမြို့နယ်များ၊ အနောက်ဘက်နှင့် တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်ရှိသည်။ မြောက်ဘက်တွင် ပုသိမ်အရှေ့(ကန်ကြီးထောင့်)၊ ပုသိမ်အနောက်(ပုသိမ်) မြို့နယ်များနှင့် ဆက်စပ်လျက်ရှိသည်။ ပင်လယ်ရေပြင်ထက် ၁၀·၂၀ ပေ အမြင့်ရှိပြီး မြို့နယ်အကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၁၄၀၄-၁၀၉ မိုင်ရှိသဖြင့် ဧရာဝတီတိုင်း ၂၆ မြို့နယ်တွင် မြို့နယ် ဧရိယာအကျယ်ဆုံး မြို့နယ်တစ်ခုဖြစ်သည့် မြို့၏ အရှေ့အနောက် မိုင် ၃၀ နှင့် မြောက်မှတောင်သို့ ခြောက်မိုင်ခန့် ရှည်လျားသည်။ မြစ်ချောင်းအင်းအိုင်များစွာရှိ၍ လမ်းပန်းဆက်သွယ်ရေးမှာ ရေလမ်းကိုသာ အားကိုးပြုရ၏။

### လေးဆူဒီပါသိတာရေမြေ ဆုံးစေတော့

ထိုငပုတောမြို့မှ မြစ်တစ်ရာမြစ်အတိုင်း မော်တော်ဖြင့်လာပါက ငပုတောမြို့နယ် ပိုးလောင်းကျေးရွာအုပ်စု၊


အလုံ ဒီပါရုံစေတီတော်



www.burmeseclassic.com

www.burmeseclassic.com

ကျောက်ကြီးကျေးရွာအုပ်စုတို့သည် ရေမိုင်အားဖြင့် ၃၄ မိုင်ရှိပြီး အဖြောင့်တိုင်း ၂၃ မိုင်ခန့်မျှ ကွာဝေးသည်။ ဒီပါရုံဘုရားတောင်သည် ပိုးလောင်းကျေးရွာမှ ပုသိမ်မော်တင်ကားလမ်းအတိုင်းသွားလျှင် ၆ မိုင်ခရီး ဝေးကွာသည်။ ဒီပါရုံတောင်သည် မြစ်တစ်ရာသစ်တောကြိုးဝိုင်းအတွင်း၌ ရှိသည်။

ဒီပါလေးဆူတွင် အပါအဝင်ဖြစ်သော ပျဉ်းမချောင်းအလုံဒီပါရုံစေတီကို အမြင့်ပေ ၉၆၄ ပေ အမြင့်ရှိသောတောင်ပေါ်တွင် ဖူးတွေ့နိုင်သည်။

"ချစ်သမျှကို မြင့်မိုရ်ရွှေတောင်လုံးသာပ…လေးဆူဒီပါ…သီတာရေမြေဆုံးစေတော့လေး…"ဟူသော ချစ်ခြင်းမေတ္တာ သစ္စာတိုင် ဘွဲ့သီချင်းကို တစ်ချိန်က ကြားဖူးကြမည်ဖြစ်ပါသည်။

ကျွန်းကြီးလေးကျွန်းဟူသည် ပုဗ္ဗဝိဒေဟာ အပရဂေါယာန ဇမ္ဗူဒီပ ဥတ္တရကုရုကျွန်းဟူ၍ မဟာဒီပါအဖြစ် သတ်မှတ်ထားသည်။ ၎င်းကျွန်းကြီး လေးကျွန်းပေါ်တွင် တည်ထားသော ဘုရားလေးဆူတို့၏ ကြီးကျယ်မြင့်မြတ်ပုံကို သစ္စာတိုင်ဘွဲ့တွင် ထည့်သွင်း၍ ခိုင်းနှိုင်းစပ်ဆိုသည်ဟု ယူဆဖွယ်ရာရှိပါသည်။

ယခုမျက်မှောက်ခေတ် လေးဆူဒီပါဟု သတ်မှတ်ခေါ်ဝေါ်ကြသော ဘုရားများမှာ လူအမျိုးမျိုး နတ်အထွေထွေရှိသကဲ့သို့ သတ်မှတ်ပုံချင်း မတူညီကြပါ။ လေးဆူဒီပါ စာရင်းဝင် စေတီတော်များမှာ…

၁။ ငပုတောမြို့နယ် ပျဉ်းမချောင်(အတွင်း-အလုံ) ဒီပါရုံစေတီ၊

၂။ ပုသိမ်မြို့နယ် ရွှေတွင်းတူး ဒီပါရုံစေတီ၊

၃။ သာပေါင်းမြို့နယ် တောင်ညို ဒီပါရုံစေတီ၊

၄။ ရေကြည်မြို့နယ် သီတာကုန်းမြေ ဒီပါရုံစေတီဟူ၍ ဖြစ်ပါသည်. ၎င်းအတွင်း ဒီပါလေးဆူအပြင် ဒီပါ ၂၈ ဆူ ဝန်းရံလျက် ရှိပါသည်။ ဒ့ါပြင် ဒီပါ ၂၈ ဆူတွင် မဟာမကုဋရံသီ မော်တင်စွန်းစေတီတော် စမ်းကြီးဒီပါသုဇိမာနဒီပါ အပါအဝင်ဖြစ်သည်။

အချို့သော ဆရာတို့ကလည်း လေးဆူဒီပါတို့မှ ဒီရေများသည် ငသိုင်းချောင်း သီတာကုန်းမြေတွင် ချောင်းကောအဆုံးသတ်သဖြင့် ရေဆုံးဖြစ်ကြောင်း မြေဆုံးမှာ မြတ်မော်တင်စေတီတော်ဖြစ်ကြောင်း ဖော်ကြူး၍ လေးဆူဒီပါ သီတာရေမြေဆုံးစေတော့…ဟူ၍ ဖွင့်ဆိုရေးသားသည်ဟု သတ်မှတ်ကြပြန်သည်။

အချို့ လေးဆူဒီပါ မူကွဲများလည်း ရှိပြန်သည်။ ၎င်းတို့မှာ အတွင်းဒီပါ နှစ်ဆူ၊ အပြင်ဒီပါ နှစ်ဆူ သတ်မှတ်ကြသည်။ အပြင်ဒီပါနှစ်ဆူမှာ မဟာမကုဋရံသီမြတ်မော်တင်စေတီတော်နှင့် သုဇိမာန ဒီပါရုံ ငပုတောမြို့နယ် ဘုရားလှချောင်းဖျား စမ်းကြီးဒီပါတို့ဖြစ်ပြီး အတွင်းဒီပါ နှစ်ဆူမှာ ပုသိမ်မြို့နယ် ရွှေတွင်းတူးဒီပါနှင့် အလုံဒီပါ (ပျဉ်းမချောင်း) ငပုတောမြို့နယ်ဟု သတ်မှတ်ကြပြန်သည်။

မည်သို့ပင်ဆိုစေ ဒီပါရုံစေတီတော်သည် ဒီပါလေးဆူ အပါအဝင်ဖြစ်သည်ကိုမူ လူတိုင်း လက်ခံကြသည်သာ။ ဒီပါရုံတောင်တော်နှင့် ကပ်လျက်ရှိသော ခွေးနက်တောင်သည် (အချို့အခေါ်) မျှော်တောင်၊ ညီနောင်တောင်များကဲ့သို့ နိမ့်မြင့်ဘေးတိုက်ရှိသည်။ ဤဒီပါရုံတောင်ကြီးသည် အနောက်ရိုးမနာဂရစ်တောင်ရိုးမှ တောင်စွယ်သစ်တစ်ခုတွင် တည်ရှိပြီး ဥတစ်လုံးတောင်တစ်ခု ဖြစ်သည်။

အလုံ ဒီပါရုံတောင်သည် ငပုတောမြို့နယ် အာကာ ကျေးရွာအုပ်စုတွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်ထက် ၉၆၄ ပေမြင့်ပြီး မြောက်လတ္တီတွဒ် ၁၆'-၁၅'-၃၀' စက္ကန့် အရှေ့လောင်ဂျီတွဒ်တွင် ၉၄'-၂၃'-၄၅' စက္ကန့်တွင် တည်ရှိသည်။ မြစ်တစ်ရာကြိုးဝိုင်းတွင် တည်ရှိ၍ သစ်ပင်နှင့် တောရိုင်းတိရစ္ဆာန်တို့အား ဘေးမဲ့ပေးထားသည်။ ထို့ကြောင့်လည်း မည်သည့်အချိန်အခါတွင်မဆို အမြဲစိမ်းလန်းသော သစ်ပင် သစ်တောတို့၌ တပ်ဆင်ထားသည်။

ဒီပါရုံတောင်ကြီးသည် တောင်သုံးလုံးထပ်ဖြစ်သည်။ တောင်ခြေသည် မက်စောက်ပြီး အလယ်တောင် မြေပြန့်ဆန်လျှာဖြစ်၏။ ဘုရားတောင်အထက်တွင် မက်စောက်နေပြန်သည်။ ဒီပါရုံတောင်တော်သို့ တက်ရာ လမ်းလေးခု၊ မုခ်ဦး ခု ရှိခဲ့သည်။ ယခုအခါ ထိုလမ်းတို့မှာ လူအသုံးနည်းသဖြင့် ကွယ်ပျောက်လုဖြစ်နေသည်။ တောင်တော်ပတ်လည် အကျယ်အဝန်းသည် သုံးမိုင်မျှ ကျယ်ဝန်းသည်။ သားရဲ တိရစ္ဆာန် ပေါ်များသည်။ သစ်ကြီး၊ ဝါးကြီးများသည် တောင်တော်၏ အနောက်ဘက်လမ်းမှာ ချောက်ကမ်းပါးနှင့်



www.burmeseclassic.com

www.burmeseclassic.com

မြောင်များရှိသဖြင့် ခက်ခဲသောအတက်အဆင်းရှိ၍ စမ်းချောင်းတို့ဖြင့် ရောပြွမ်းနေပြီး အေးချမ်းလှ၏။ ဒါကြောင့်ပင် ဝိဇ္ဇာများ၊ သူတော်စင်များ သီတင်းသုံး၍ အလုံဒီပါရုံသည် ဂမ္ဘီရဆန်စွာ ရှိနေပါတော့သည်။

## ဒီပါတောင်သို့ ရောက်ခဲ့လျှင်

**သန္တမောနောဒကော**

**သန္တောဖလပုပ္ဖေါပသောဘိတော**

**သဥ္စန္တော်နီလရုက္ခေဟိ ပိဏ္ဍေဟိ အသမောမန်**

သန္တမောနောဒကော- ငွေသောင်ကမ်းခြေ အပန်းဖြေဖို့ စမ်းရေအလျဉ် တသွင်သွင်နှင့် အစဉ်မပြတ် စီးသွားရာလည်း ဖြစ်ပေထသော။ သန္တော-မြို့ရွာအူသံ မဆူညံဘဲ လူသံတိတ်ချိန် ဆိတ်ငြိမ်အေးမြပေထသော။ ဖလပုပ္ဖေါပသောဘိသော-ရာသီမလင့် ခါညီသင့်၏၊ သီးပွင့်ငုံကင်း ရဂုံတွင်းမို့ ထုံသင်းကြိုင် တလှိုင်လှိုင်တင့်တယ်ပေထသော။ နီလရုက္ခေဟိ-စိမ်းတစိုစို ညိုတမှောင်မှောင် ခိုရောင်မြသွေး ကမ္ဘာဆေးဖြင့် အလှရေးသည့်အသွင် သစ်ပင်ပိတ်ပေါင်း အရိပ်ကောင်းတို့သည်။ သဥ္စသန္တော - ဝဲယာရစ်သန်း ဖုံးလွှမ်းအပ်ပေထသော။ အသမော-ကိုယ်တည်းအောင်းခိ မြဟ္မစိုရ်ဖြင့် အလိုပြည့်ဝ ဖြည့်စရာနှင့် တွေ့ရပေတောင်း သိမ်ကျောင်းကလေးသည်။ မန်-မနော ကြီးကျယ်သဘောတည်လျက် တောမှီခို၍ သောဂီစိတ်ကို ပီကောတိဝက ဝါဂွမ်းဆီထိ အကြည်ပြည့်ဖိုးတိဓာတ်နှိုး မပြတ်တိုးလျက် မြတ်နိုးနှစ်သက် ငြိမ်လှသည်ဖြစ်၍ တရားဓမ္မာ ရှာမှီးကြကုန်သော သူတော်စင်တို့အတွက် နေထိုင်၍ကောင်းလှသော တောင်တော်ပင် ဖြစ်ပါသည်။

ဒီပါရုံတောင်တော်၌ ရာသီမလင့် ခါညီသင့်၍ သစ်ပင်ပန်းမာလာများ အချိန်အခါမရွေး ထုံသင်းကြိုင်လှိုင်၍ နေပါသည်။ တောင်တော်တစ်ဝိုက်မှ မျှော်လိုက်ပြန်လျှင်လည်း သစ်ပင်ပိတ်ပေါင်း အရိပ်ကောင်းတို့ကလည်း စိမ်းစိမ်းစိုစို၊ ညိုညိုမှောင်မှောင် ကမ္ဘာဆေးဖြင့် အလှရေးထားသည့် ဟန်ရှိလှ၏။ ထို့ကြောင့် ဤဒီပါရုံတောင်တော်၏ သာယာလှပမှုနိုင်သည့် အခြင်းအရာများကား လွှမ်းမောဖွယ်ရာကောင်းသော ရှခင်းများ၊ အေးမြလှသော လေပြေလေညှင်းတို့ ထိတွေ့မှုများသည် ဘုရားဖူးသူတို့အား တစ်သက်တာ မေ့မရနိုင်စရာပင် ဖြစ်ပေသည်။

အလုံ ဒီပါရုံတောင်သည် မြေလတ်ပိုင်းရှိ ပုပ္ပားတောင်ကဲ့သို့ ဝိဇ္ဇာဇော်ဂျီ သူတော်စင် ရသေ့ရဟန်းများနှင့် ဂမ္ဘီရလိုက်စားသော ပုဂ္ဂိုလ်များတို့၏ ပျော်မွေ့ရာ တရားထူးရရှိရာ နယ်မြေဟု ဆိုနိုင်ပါ၏။

စိမ့်ကြီးမြိုင်ကြီး ဂနိုင်ကြီးနှင့် တောအထပ်ထပ်၊ တောင်အသွယ်သွယ် စိမ့်စမ်းရေတံခွန်များတို့ရှိ၏။ ကျေးငှက်တိရစ္ဆာန်များတို့၏ ခိုလှုံရာလည်း ဖြစ်သည်။

ဒီပါရုံတောင်တော်မြတ်သည် ဝေးလံသီခေါင်သော တောင်တော်တွင် တည်ရှိနေသည်။ တောင်တော်၏ မောင်စမ်း၊ နှမစမ်း စမ်းနှစ်သွယ်ကို ပေါင်းစီးရာချောင်းကိုမူ ပျဉ်းမချောင်းဟု ခေါ်ကြပြန်သည်။

## ပျဉ်းမချောင်းမှ ဒီပါဆီသို့

ဤပျဉ်းမချောင်းသည် ရောဝတီတိုင်းဒေသကြီး ပေါတောမြို့နယ် မြစ်တစ်ရာတိုက်နယ် ပြောင်းပြန်ကျေးရွာအနီးတွင် တည်ရှိသည်။ ပြောင်းပြန်ကျေးရွာ ဘုရားတောင်အရှေ့ဘက်မှ စီးဆင်းလျက်ရှိသော ချောင်းမကြီးသည် မြွေကြီးတစ်ကောင်အလား ကောက်ကွေ့ငြိမ်သက်လျက် စီးဆင်းနေလေ၏။ ချောင်းမကြီး၏ နံဘေးတွင် ချောင်းငယ်ကလေးများနှင့် ကျေးရွာများ အစီအရီရှိလျက် ဤချောင်းမကြီးသည် ဒီပါရုံဘုရားတောင်တော်ကို ဦးခိုက်လျက် ရှိနေတော့သည်။ ဤချောင်းကြီးသည် ဒီပါရုံတောင်၏ မောင်စမ်းနှင့် နှမစမ်းကို မြစ်ဖျားခံလျက် စီးဆင်းလာသော ချောင်းဖြစ်သည်။ ဤချောင်းကြီးမှ ခွဲထွက်ဖြာလျက် စီးဆင်းနေကြသော ချောင်းကြီး၊ ချောင်းငယ်အသွယ်သွယ်နှင့် တန်ဆာဆင်ထားသလို ပနာတင့်လှပေ၏။

## လူပျိုချောင်း - အပျိုချောင်း

ယခင်က လူပျိုချောင်းရွာ-အပျိုချောင်းရွာဟု ရှိခဲ့သည့်ရွာဟု ဆိုသော်လည်း အိမ်ခြေများစွာ မရှိပါ။ အိမ်စုကလေးများသာ ရှိသည်ဟု သိရ၏။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါသော် လူပျိုချောင်းဘက်မှ အမျိုးသားတစ်ယောက်နှင့် အပျိုချောင်းဘက်မှ အမျိုးသမီးတစ်ယောက်တို့သည် လူငယ်တို့၏သဘာဝ ချစ်ကျွမ်းဝင်ခဲ့ကြသည်။ ထိုသူတို့၏ ချစ်ကျွမ်းဝင်မှုသည် သာယာဖြောင့်ဖြူးမှု မရှိခဲ့ကြပါ။ နှစ်ဖက်မိဘများကလည်း သဘောမတူကြပါ။ ထို့ကြောင့်လည်း ချစ်သူနှစ်ဦးတို့မှာ စိတ်ဒုက္ခအမျိုးမျိုးနှင့် တွေ့ကြုံခံစားကြသည်။

ချစ်သူနှစ်ဦးတို့အား နှစ်ဘက်သော မိဘများကလည်း အမျိုးမျိုး သွေးခွဲခဲ့ကြသည်။ သို့သော် ချစ်သူနှစ်ဦးတို့၏ ချစ်ခြင်းက ခိုင်မြဲလှသည်။ ကျောက်တောင်၊ ကျောက်ခဲ၊ သံတိုင်ခဲလို ခိုင်မြဲခဲ့ကြသည်။ လက်တွဲမဖြုတ်ကြစတမ်းဟု ဆိုကြသည်။ အသက်ပေး၍ ချစ်ခဲ့ကြသည်။ နှစ်ဖက်မိဘများကလည်း နောက်မဆုတ် သဘောမတူ။ ဤသို့ဖြင့် ချစ်သူနှစ်ဦးတို့၏ ရေချခရီးလမ်းသည် အခြေအနေမကောင်းခဲ့ကြပေ။

ထို့ကြောင့် အခြေအနေအရပ်ရပ်ကို ရိပ်စားမိလာသော ချစ်သူနှစ်ဦးတို့သည် လသာသော ညတစ်ညတွင် ချိန်းဆိုတွေ့ဆုံကြပြီး ချစ်သူနှစ်ဦးစလုံး ရေထဲခုန်ချ၍ အသက်ကို အဆုံးစီရင်ကြတော့သည်။

ထိုချစ်သူနှစ်ဦးကို အကြောင်းပြုလျက် အပျိုချောင်း၊ လူပျိုချောင်းဟု အမည်တွင်ခဲ့သည်ဆို၏။

တောင်ကြီးတောင်ငယ် အသွယ်သွယ်တို့ ခြံရံပတ်လျက် မိုးထိမြင့်မား စွင့်စွင့်ကားကား တည်ရှိသော တောင်ကြီးကို မြင်ရသည်။ ထိုတောင်ကြီးသည် ဒီပါရုံတောင်ပင် ဖြစ်တော့သည်။

ဤဒီပါရုံတောင်ကြီးသည် ဂမ္ဘီရဆန်လွန်းလှ၏။ ဝိဇ္ဇာ ခိုရိပ်များ၊ ယောဂီများ၊ ရသေ့ရဟန်းနှင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ် စုံလင်လှပါသည်။ ထူးဆန်းသော လျှို့ဝှက်ချက်များရှိသည်။

ဤတောင်ကြီး၏ နက်နဲထူးဆန်း အံ့မခန်းမှုများကို တင်ပြရသော် -

## ဒီပါရုံတောင်တော်အစ

ဒီပါရုံဘုရား တောင်တော်သည် မြတ်မော်တင်ဘက်သို့သွားလျှင် မြတ်မော်တင် ပုသိမ်ကားလမ်းနံဘေးတွင် တည်ရှိသည်။ ဘုရားတောင်မှ တောင်ဘက်သို့သွားလျှင် မြတ်မေ
တင်ဘုရား၊ မြောက်ဘက်သို့သွားလျှင် ပုသိမ်မြို့သို့ ရော
နိုင်သည်။

ဤတောင်တော်ကြီးကို တွေ့မြင်ရလျှင် မြတ်စွာဘုရ
ရှင်၏ အလောင်းတော်ဆဒ္ဒန်ဆင်မင်းဘဝကို သတိရဖွယ်
ကောင်းလှပါ၏။ ဘုရားအလောင်းတော် ဆဒ္ဒန်ဆင်မင်းသ
ဆင်ပေါင်း ရှစ်သောင်း ခြံရံပြီး စံပယ်၊ ခေါင်ရမ်း၊ သ
ဂမုန်း၊ အင်ကြင်း၊ ဒေါနှ၊ သော်က၊ စွယ်တော်၊ ကန့်ကေ
ရင်ခတ်၊ ဇလပ်၊ ဇီဇဝါ၊ ထပ်တစ်ရာ စသော ပန်းများအပြ
ရှောက်သီး၊ ဩဇာ၊ မာလကာ၊ သရက်၊ စပျစ်၊ သဘော်
ငှက်ပျော၊ ပိန္နဲ၊ နရွဲ၊ ထောက်ရှာ စသော သစ်သီးမျိုးစုံလှ
တောမှာ စူဠသုဘဒ္ဒါ၊ မဟာသုဘဒ္ဒါခေါ်တဲ့ ဆင်မိဖုရားမှ
ခြံရံပြီးတော့ နေထိုင်ခဲ့သည်။ ဟိမဝန္တာတောင်ကြီးရဲ့ ကျ
သရေကိုဆောင်တဲ့ ပဏာတင့်တယ် ဖန်ဝင်းမြေ သန့်ရှင်း
ဂနိုင်တစ်တန်း မြိုင်အတန်းတွင် လှိုင်နန်းမင်္ဂလာ ဝနာပေါ်
ခြံရံပတ်လို့ စူဠကာလခေါ်တဲ့ တောင်တော်ကတစ်ထပ် မဟ
ကာဠခေါ်တဲ့ တောင်တော်ကတစ်ထပ်၊ ဥဒကာခေါ်တဲ့ တော
တော်ကတစ်ထပ်၊ စန္ဒပဿခေါ်တဲ့ တောင်တော်ကတစ်ထ
သူရိယပဿခေါ်တဲ့ တောင်တော်ကတစ်ထပ်၊ မဏိပဿခေ
တဲ့ တောင်တော်ကတစ်ထပ်၊ သုဝဏ္ဏပဿခေါ်တဲ့ တော
တော်ကတစ်ထပ်၊ တောင်စဉ် ခုနစ်ထပ်ကို ခြံရံပတ်ပြီးတေ
ရေယာဉ်သွဲ့သွဲ့ ပန်းတွဲ့တွဲ့နှင့် နွဲ့ကာယိမ်းကာ သွယ်ဖြာယှ
တင် သစ်ပင်ကြီးငယ် ရှုဖွယ်၊ နေဖွယ်၊ လှမျိုးကြွယ်
တင့်တယ်သာယာ သီတာအိုင်ချောင်း စမ်းချောင်းတံခွ
ကျောက်ပြွန်ဇလား အဖြာဖြာသော ကြည်နူးဖွယ် သာယ
ချမ်းမြေ့ဖွယ်ကောင်းသော ဟိမဝန္တာတောင်ကြီးနှင့် ဒီပါ
တောင်ကြီးကို နှိုင်းယှဉ်မိပါတော့သည်။

တစ်ဖန် စူဠသုဘဒ္ဒါမိဖုရားက ဆဒ္ဒန်ဆင်မင်း
အစွယ်ကို နားမှာပန်လိုတဲ့အတွက် သောနုတ္တရမုဆိုးကြ်
တောင်စဉ် ခုနစ်ထပ်ကျော်ကာဖြတ်လို့ ဆဒ္ဒန်အိုင်သာရှိ
နေရာကို လမ်းညွှန်ပြရာတွင်လည်း -

"အမောင် သောနုတ္တရ ကိန္နရီ+ကိန္နရာ နှစ်ဖြာမော
မယ် ချစ်ကြီးသွယ်သို့ ပြုံးရွှင်ရွှင်ပြဆိုက ငြိမ်းအေး ချစ်
သီရာ သုဝဏ္ဏပဿခေါ်တဲ့ တောင်စွယ်ကို သင်လှမ်းပြီးတေ



www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်ပါ။ မိုးထိစွင့်စွင့် အမြင့်ယှဉ်နေသော တောင်ထိပ်သို့ တက်မိပါက အောက်မျက်နှာငုံ့ကြည့်ပြန်တော့ မြစ်အရောင် မျက်စဉ်းတောင်သို့ ရှစ်ထောင်ပါးပျဉ်း လည်စင်းယှက်တင် လိုဏ်ဂူပမာ ဝန်းကျင်သာခေါင် ညို့ညို့မှောင်တဲ့ ပဉ္စောင်ပင်ကြီးကို သင်တွေ့ရလိမ့်မယ်တဲ့။ ယခုအခါလည်း ဒီပါရုံတောင်တော်ကြီးသည်ကား ဝိဇ္ဇာဇော်ဂျီ တပသီတို့ တရားရှာမှီး၍ သတင်းသုံးတော်မူရာ ဤတောင်တော်သာ ကိန္နရီ+ကိန္နရာ နှစ်ဖြာ မောင်တို့ပျော်စံကြရာ ဤတောင်သာ မြို့ရွာ အုသံ မဆူညံဘဲ ကျေးငှက်သာရကာတို့ ငြိမ်းအေးခိုလှုံလို့ ချစ်တေးများသီဆိုရာ ဤတောင်သာ မိုးထိမြင်မား စွင့်စွင့်ကားလျက် အောက်ထက်ဝန်းကျင် ကြည့်ပါလျှင်လည်း မြင်သာရှုမော လွမ်းဖွယ်ရာ ပေါပါတဲ့ ဤတောင်တော်သာ တောင်ထွတ် တောင်မြတ် တောင်ကလပ်တွင် ဗုဒ္ဓအမွေနှစ် ဓာတ်တော်စစ်တို့ ကိန်းဝပ်စံရာ ဤတောင်သာ နိဗ္ဗာန်ရည်မျှော် တောင်းဆုဆို၍ တရားဓမ္မ ကျင့်သီလနှင့် သုခချမ်းသာ အေးရိပ်ရာရာ ဤတောင်သာဟူ၍ပင် ရေးဖွဲ့ဆိုချင်ပါတော့သတည်း။

## အလုံဒီပါရုံစေတီတော်၏ အံ့ဖွယ်ရာများ

၁။ စေတီတော်၌ အဓိဋ္ဌာန်ဝင်၍ တရားဘာဝနာပွားများပါက အလုံမြို့ကို မြင်တွေ့ရခြင်း။

၂။ လပြည့်၊ လကွယ်နေ့များတွင် ဝိဇ္ဇာဓိုရ်များ ဘုရားဖူးတက်ရောက်ကြခြင်း။ အသံများကြားနေကြခြင်း။

၃။ လပြည့်လကွယ်နေ့ ညတိုင်း အလုံမြို့ဘက်မှ ပရိတ်၊ ပဋ္ဌာန်း ရွတ်ဖတ်သံများ၊ ကြေးစည်သံများ ကြားရခြင်း။

၄။ ဘုရားပွဲတော် ကျင်းပချိန်တွင် ကျီးများ၊ ပုရွက်ဆိတ်သတ္တဝါများ မရှိခြင်း။

၅။ ဘုရားပွဲတော်ရက်များတွင် နတ်ရေကန်များမှ ရေများခန်းခြောက်မှုမရှိခြင်း။

၆။ ဘုရားပွဲတော် ကျင်းပသည့်အချိန်တွင် ဘုရားရင်ပြင်တော်ပေါ်၌ လူပြည့်သည်မရှိခြင်း။ (ဘုရားရင်ပြင်သည် လွန်စွာကျဉ်းမြောင်းပါသည်။)

၇။ ဘုရားပွဲတော်ရက် ကျင်းပစဉ် (မောင်စမ်း၊ နမစမ်း) မှ ရေများကို မသန့်ရှင်းစွာ အသုံးပြုပါက ရေများ ချက်ချင်း ရပ်သွားတတ်သည်။ ပွဲပြင် ပသတင်မြောက်ပါက ချက်ချင်း ရေပြန်လည်စီးဆင်းလာခြင်း။

၈။ ဘုရားစေတီတော်၌ ဆွမ်းဦးမတင်နိုင်ခြင်းကို ဘုရားပွဲတော်ရက်များတွင် တောရိုင်း၊ တိရစ္ဆာန်များ အန္တရာယ်ကျရောက်မှု မရှိခြင်း။

၉။ ပွဲတော်ကျင်းပပြီးချိန်တွင် ပွဲကျင်းပနေရာတွင် နတ်ကျားများ မြူးထူးဆော့ကစားလေ့ရှိခြင်း။

၁၀။ ဝိဇ္ဇာဓိုရ်များ သီတင်းသုံးနေထိုင်ရာဖြစ်၍ ဂမုန်းပင်များ ပေါကြွယ်ဝစွာ ပေါက်ရောက်နေခြင်း။

၁၁။ ယုံကြည်စွာ အဓိဋ္ဌာန်ပုတီးစိပ် တရားဘာဝနာများ အားထုတ်ပါက တောင်တော်နှင့် ရင်ပြင်တော်မှ မွှေးရနံ့များ ကြိုင်လှိုင်လာခြင်း။

၁၂။ စေတီတော်ရှိ တောအထပ်ထပ်၊ တောင်အဆင့်ဆင့် တက်ရောက်လာသဖြင့် မောပန်းနွမ်းနယ်မှု စသည်တို့သည် စေတီတော်ကို ဖူးမြင်ရသည်နှင့် ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော သုခများ ပြည့်ဝစေခြင်း။

၁၃။ အလုံမြို့မှ ကြွလာသော ရဟန်း၊ သံဃာတော်များအား တစ်ခါတစ်ရံ ဖူးတွေ့မြင်ရခြင်း။

၁၄။ ဒီပါရုံတောင်တော်တစ်ဝိုက်တွင် မြွေအန္တရာယ်ဆိုး များ မရှိခြင်း စသည်တို့ ဖြစ်ပါသည်။

**မှတ်ချက်**

ထူးခြားသော ဝိဇ္ဇာစခန်းများလည်း ရှိပါသေးသည်။
ဝိဇ္ဇာ (၁)၊ ဝိဇ္ဇာ (၂)၊ ဝိဇ္ဇာ (၃)။
၎င်းအပြင် အလုံ (၁)၊ အလုံ (၂)၊ အလုံ (၃)။
၎င်းအပြင် ဇေယျာ (၁)၊ ဇေယျာ (၂)၊ ဇေယျာ (၃) ဟူ၍လည်း ရှိပါသေးသည်။

**ပထမံဆရာကြီး ဦးအောင်သူ**

**ကျမ်းကိုး**

ပိုးလောင်းအရှင်ဩသဓ၏ အလုံဒီပါရုံစေတီတော်သမိုင်းမှ ထုတ်နုတ်ပူဇော်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# မြစ်တို့၏တမ္ဘာ သာသနာ

မင်းသန်းခိုင်(ကွမ်းခြံကုန်း)


မြန်မာပြည်၌ အဓိကကျသော ဧရာဝတီမြစ်ကြီး၏ ကျေးဇူး ကဗျာမမီ စာမမီ ရေးဖွဲ့အလီလီ ဖွဲ့သီမဆုံးအောင် ဖြစ်သည်။ ကမ္ဘာ့အံ့ဖွယ် ထူးကဲနိမိတ် ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း ဩဘာသ သာသနာ့အလင်းရောင် ဗုဒ္ဓအဆုံးအမများ ရတနာမြတ်သုံးပါး ထွန်းလင်းခြင်း၏ အစသည် ဧရာဝတီမြစ်၏ မြစ်လက်တက် တိုးမြစ်ကြီးကို သက်သေတည်ရမည်ဖြစ်သည်။

ဧရာဝတီမြစ်ကြီးသည် ဟူးကောင်းတောင်ကြား မေခ၊ မလိခတို့ ပေါင်းဆုံရာမှ မြစ်ဖျားခံပြီး မြန်မာပြည်၏ အဓိက အသက်သွေးကြောကြီးအဖြစ် အထက်မှအောက် မြို့တော် ရန်ကုန်အနီး မြစ်လက်တက်များဖြာထွက်၍ ဘင်္ဂလားပင်လယ် အတွင်း စီးဝင်သော ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့ကြား စည်းရိုးသဖွယ်တည်ရှိနေသော တိုးမြစ်ကြီး ဖြစ်သည်။

လူသားတို့၏ ခန္ဓာကိုယ်အသက်ရှင်မှုသည် သွေးကြောများ မရပ်မနား လည်ပတ်စီးဆင်းခြင်းနှင့်အတူ အသက်ရှင်လျက်ရှိနေကြသည်။ ကမ္ဘာမြေပြင် တည်တံ့နိုင်မြဲစေရန် မြစ်၊ ချောင်း၊ အင်း၊ အိုင်တို့သည် ကမ္ဘာ့ပထဝီမြေပြင်၏ အတွင်း သွေးကြောကြီးများဖြစ်ပြီး ပင်လယ်သမုဒ္ဒရာတို့သည် ကမ္ဘာမြေပြင်၏ အာကာသာလောဝါဒအဖြစ် တည်ရှိနေခြင်း ဖြစ်သည်။

နေမင်း၊ လမင်း၊ ကမ္ဘာတို့ လမ်းကြောင်းမှန် သွားနေသကဲ့သို့ တောတောင်ရေမြေ သဘာဝတရားတို့ကို မြစ်ကြောင်းကြီးများဖြင့် သစ်လွင်သန့်စင် မွမ်းမံထားခြင်းဖြစ်သည်။ ထို့အတူ လူမျိုး၊ ဘာသာ၊ သာသနာအတွက် ကမ္ဘာ့အလယ် ဗဟို မဇ္ဈိမဒေသ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ပထဝီမြေပြင်ထွန်းသစ် မြတ်ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းတော်မူခဲ့သည်။ မြန်မာပြည် မြတ်ဗုဒ္ဓသာသနာ့အလင်းသည် ဩဘာသတောင်ကျွ[...] ဇမ္ဗူဒိပ် နိမိတ်ထွန်းလင်းခဲ့သည်။ သာသနာသည် ပါရမီ[...] ရင့်သူတို့သာ ထိုက်တန်စွာ သာသနာ့တာဝန်ကို ထမ်းဆော[...] နိုင်ကြသည်။

ပါရမီကြီးရင့်သော မြန်မာပြည်သား တပုဿ၊ ဘ[...] က ညီနောင်သည် (တော်ဒဂုံ ဘိက္ခုဝေ မမသာဝကာနံ ဉ[...]





www.burmeseclassic.com

www.burmeseclassic.com

သကာန် ပဋ္ဌမံ သရဏံ ဂစ္ဆာန္တာနံယဒိဒံ တပုဿဘလ္လိကာ ဝါနိဇာ) သရဏဂုံဆောက်တည်ခွင့် ကမ္ဘာ့လူသားအားလုံး ထက် သာလွန်သော မဒုမုတ္တရမြတ်စွာဘုရားထံမှ ဆုတောင်း ဆုမြတ် ပါရမီထူးကျေးဇူး အချိန်အခါရောက်ခဲ့ရသည်။ လေး ဆူမြောက် ဘဂဝါရှင် ဂေါတမမြတ်ဗုဒ္ဓထံမှ အဦးကိုးပါး သာသနာ့အလင်း ထွန်းလင်းခဲ့ရသည်။

ထိုအဦး ကိုးပါးမှာ -

(၁) ဖူးတွေ့ခွင့်ရရှိခြင်း၊ (၂) တရားနာခွင့်ရရှိခြင်း၊ (၃) ဆွမ်းလှူခွင့်ရရှိခြင်း၊ (၄) သရဏဂုံတည်ခွင့်ရရှိခြင်း၊ (၅) ဆံတော်ပူဇော်ခွင့်ရရှိခြင်း၊ (၆) ဦးပါသကာဖြစ်ခွင့်ရရှိခြင်း၊ (၇) ဗုဒ္ဓဘာသာဖြစ်ခွင့်ရရှိခြင်း၊ (၈) ဧတဒဂ်ရာထူးဖြစ်ခွင့် ရရှိခြင်း၊ (၉) စေတီတော်တည်ထားကိုးကွယ်ခွင့် ရရှိခြင်းတို့ ဖြစ်သည်။

## တိဂုမ္ဘဆံတော်ရှင် ရွှေတိဂုံစေတီပုံတော်

ကမ္ဘာ့ပထဝီမြေပြင် တပုဿညီနောင်၊ ဥက္ကလာပမင်းကြီး အထက်ဘိုးတော်သိကြား နတ်ဒေဝါများ ပြည်သူအများ ကျေးဇူးဖြင့် ဘဒ္ဒကမ္ဘာ ပွင့်တော်မူပြီး မြတ်ဗုဒ္ဓလေးဆူသော ဓာတ်တော်မွေတော်များ စုစည်းရာ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ယနေ့တွေ့မြင်ကြည်ညိုခွင့် ရရှိခဲ့ကြသည်။

တပုဿညီနောင်၏ ဇာတိနေရပ်မှာ ဇမ္ဗူဒီပါတောင်ကျွန်း သပြေထွန်းသော ကျွန်းမြတ်မဟာဖြစ်ကြောင်း ဝိသုဒ္ဓိမဂ်အရ ညောင်လေးပင် ဦးအရိယကျမ်းမှ ဖွင့်ဆိုသည်။ ယနေ့ ကမ္ဘာ့ပထဝီ အင်ဒိုချိုင်းနားကျွန်းစွယ်တွင် တည်ရှိသော ရှေးယခင် အသိတဥ္စနဥက္ကလာပတိုင်း(ယခု ရန်ကုန်တိုင်းဒေသကြီး)တောင်ပိုင်းခရိုင်အတွင်း ခမဲပင်ကျေးရွာဇာတိဖြစ်ကြောင်း ပထဝီမြေပြင်သမိုင်း သက်သေအဖြစ် တည်လျက်ရှိသည်။

တပုဿညီနောင်တို့သည် ကုန်သည်အလုပ်ဖြင့် ရွာကြီး ၄၀ မှ ရှက်သဘော်သား ၅၀၀ ကို ဦးစီးလျက် ဗုဒ္ဓဆံတော်မြတ်ကို ပင့်ဆောင်လာစဉ် ဘင်္ဂလားပင်လယ် ရေလမ်းခရီး ပင်လယ်ပြင်မှန်ဦးအဝင်အဖြစ် မြင်တွေ့နေရသော ရွှေရောင်အဆင်း သဲသောင်ပြင်ကို "ရွှေခြံမြေမှန်ကျွန်း" အမည်တွင်စေခဲ့သည်။

ဒီရေအတက်ကိုစောင့်၊ ကျောက်ထိုးနေစဉ် နဂါးတို့တောင်းဆိုမှုဖြင့် ပင်လယ်သောင်စပ်တွင် စေတီတည်ရန် ကတိပြုခဲ့ရသည်။ ယခု ကညင်ကုန်းကျေးရွာ "ကျောက်ဆူးငြိစေတီတော်" တစ်ဆူ ပေါ်ထွန်းခဲ့သည်။

ဒီရေအတက် သဘော်သားများ ထိုးဝါးဖြင့် ထိုးဝင်ခဲ့ရာ မြစ်ဖြစ်၍ "တိုးမြစ်"(ဒီတိုးချောင်း)အဖြစ် အမည်တွင်ခဲ့သည်။ အရှေ့ဘက်တိုး၊ အနောက်ဘက်တိုး ညာသံပေးထိုးဝါးဖြင့် ထိုးဝင်ရာ အမည်နာမဖြစ်၍ အရှေ့ဘက်တိုးရွှေခြံမြေမှန်ကျွန်းဖြစ်သည်။ "အနောက်ဘက်တိုးရွာ"ရောဝတီတိုင်းဒေသကြီး တိုးမြစ်ကမ်းခြေဖြစ်သည်။ ရောဝတီတိုင်းဒေသကြီး ကမ်းခြေရွာများမှာ ကဝက်ကျေးရွာ၊ ချောင်းကြီးကျေးရွာ၊ နခေါင်းချောင်းကျေးရွာတို့ ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး အရှေ့ဘက်ကမ်းခြေ တော်ကုန်းချောင်း၊ ကျွန်းချောင်းချောင်း၊ တော်ခရမ်းချောင်း၊ ကွမ်းခြံကုန်းချောင်းတို့ ဖြစ်သည်။

တိုးမြစ်ရိုးတစ်လျှောက် သဘော်ဖြင့်ဝင်လာစဉ် ကျွန်းကိုမျက်နှာပြုထားသော ချောင်းကျွန်းချောင်းရွာအနီး မင်္ဂလွန်းရွာသားများ ဗုဒ္ဓဆံတော်ဖူးမျှော်ရန် တောင်းဆိုမှုဖြင့် တပုဿညီနောင် ဦးစီးပင့်ဆောင်ခဲ့သော ဗုဒ္ဓဆံတော် ဦးစွာနားခို အပူဇော်ခံခွင့် ရရှိခဲ့သည်။

ဆံတော်မြတ် အပူဇော်ခံရာနေရာတွင် "ဓဇ္ဇ"တံခွန်အလံများ စိုက်ထူ၍ ပူဇော်ကြသည်။ ထိုတံခွန်စိုက်ရာနေရာများတွင် ဥက္ကလာပမင်းကြီးကိုယ်တော်တိုင် စေတီတည်ထားခွင့် ပြုလျက် သာသနာအကြို ပန္နက်မှန် လမ်းစေတီများအဖြစ် ဆံတော်ကြိုစေတီ၊ ပန္နက်စေတီ၊ တံခွန်စေတီ၊ လမ်းပြစေတီများအဖြစ် ရွှေတိဂုံစေတီတော်ကြီး၏ တောင်ဘက်မုခ်ဘုရားလမ်း "အလံပြစေတီ"အထိ တည်ထားကိုးကွယ်မှုစခဲ့သည်။

ရွှေတိဂုံစေတီတော်ကို မြန်မာသမိုင်း အစောင်စောင်တွင် တိဂုမ္ဘဆံတော်ရှင်၊ သိင်္ဂုတ္တကုန်းမြေကို မြို့လေးမြို့ ချောင်းလေးချောင်း ဝိုင်းရံလျက် ရှိကြောင်းကို ဖော်ပြထားသည်။ အရှေ့ဘက်တွင် ရမ္မာဝတီမြို့နှင့် ဒီတိုးချောင်း၊ တောင်ဘက်တွင် ပေါက္ခဝတီမြို့နှင့် ပုဇွန်တောင်ချောင်း၊ အနောက်ဘက်တွင် အသိတဥ္စနမြို့နှင့် အသိတဥ္စနချောင်း၊ မြောက်ဘက်တွင် ဥက္ကလာပမြို့နှင့် ငမိုးရိပ်ချောင်းတို့ဖြစ်ကြသည်။

စစ်ကဲတော်မင်း မောင်ရွှေနော် မှန်ရာဇဝင်သမိုင်းပေါင်း

www.burmeseclassic.com

ချမ်းနှင့် အနည်းငယ် ကွဲလွဲနေသည်။ အရှေ့ အသိတဥ္စနမြို့နှင့် သန့်လျက်နှင့် ဒေါ်ပုံမြစ်၊ တောင် ပေါက်ကူရဝတီ၊ တွံတေးမြစ်၊ မြောက်ဥက္ကလာပ၊ ငမိုးရိပ်ချောင်းဟု ပြဆိုသည်။

တံခွန်ဦးစေတီတော်မှာ တောင်ကျွန်းဇမ္ဗူ မြေနှစ်ကဲ့သို့ အဖိုးအနဂ္ဃ ထိုက်တန်လှစွာ တောင်ကျွန်းမြေဩဘာသသာသနာဗုဒ္ဓအဆုံးအမ ပထဝီမြေစတင်ပြီး ပန္နက်တင်ခြင်း၊ သာသနာအလင်းပြခြင်း၊ ရတနတ္တရတနာသုံးပါး ဆည်းကပ်ကိုးကွယ်ခြင်းတို့ စခွင့်ရခဲ့သည်။

သာသနာဦး ထူးကဲလှစွာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် သာသနာ၏မော်ကွန်း ရွှေတိဂုံစေတီတော်ကြီး၏ လမ်းပြဆံတော်ကြိုစေတီများ မှေးမှိန်လှစွာရှိနေစဉ် သိကြားသန့်စင်မိုးအဖြစ် ဝေသာလီပြည် ကိုးကွယ်မှုများ ဘီလူးစားချိန် ဗုဒ္ဓမြတ်စွာ ခြောက်ဝါမြောက် သောကြာနေ့ သူကောင်မျှောအောင် ရှာသွန်းသောမိုး ဗုဒ္ဓမြတ်စွာစေတီခြောက်ဆူ ရတနသုတ်တို့ ရွတ်ဖတ်ပေါ်ထွန်းခြင်းကဲ့သို့အတူ မြန်မာပြည် နာဂစ်မုန်တိုင်း ကမ္ဘာသိအောင် တိုက်ခတ်ခဲ့သည်။ သာသနာတော်နှစ် ၂၅၅၂ ခုနှစ် သာသနာအတွက် အကျိုးပေးသန့်စွာ "ဝေဒအမြင်" ကက်ကင်းလည်းပြန် "ဆံတော်ကြိုစေတီ" တွေ ဖူးပွင့်ဝေဆာ ထွက်ပေါ်လာခဲ့ရသည်။

နိုင်ငံတော် ဗိုလ်ချုပ်မှူးကြီးဦးသန်းရွှေ ဦးစီး၍ "ရွှေတိဂုံစေတီပုံတူ" ဥပ္ပါဒသဿန္တိစေတီ၊ တိဂုဗ္ဗဆံတော်ရှင်ကိုယ်ပွားနေပြည်တော်တွင် ထီးတော်တင် ပူဇော်နိုင်ခဲ့သည်။ ကျိုက်ထီးဆောင်းဆရာတော် ဦးပညာဒီပဦးစီး၍ ဒကာတော် ဇေကမ္ဘာဒေါက်တာဦးခင်ရွှေ ဆီမီးတန်ဆောင်ပမာ ဆံတော်ကြိုစေတီများနှင့် စေတီပေါင်းများစွာ ထီးတော်များအတွက် တင်နိုင်ခဲ့သည်။

မဂ်လွန်းအောင်စကြာစေတီတော်မှာ ပြန်လည်အစတည်ခဲ့သော ဘဒ္ဒန္တသီရိန္ဒကျွန်းချောင်း ရွာကျောင်းဆရာတော်ကြီး၏ တပည့် ရပ်ကျေးဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တ ဦးဝိဇ္ဇောဘာသ ဦးစီးပြီး ရွာသူရွာသားများ ကောင်းမှုဖြင့် ထီးတော်ပြန်လည်၍ အထွတ်တင်နိုင်ခဲ့လေသည်။

## တံခွန်ဦး မဂ်လွန်းအောင်စကြာစေတီ

စေတီတော်ဘွဲ့ အပြည့်အစုံမှာ "တံခွန်ဦး မဂ်လွန်းအောင်စကြာစေတီ" တော်ဖြစ်သည်။ ရှေးမွန်လူမျိုးတို့အခေါ် မဂ်လွန်းသည် မန်ကျည်းပင်ဖြစ်သည်။ (တော်ခရမ်းကြီးရွာသည် ခြံကြီးရွာဖြစ်သည်) မဂ်လွန်းရွာသည် မန်ကျည်းပင်ရွာဖြစ်သည်။ ယခုရွာအမည်သည် ကျွန်းနှင့်ချောင်းကို အမှီပြု၍ အန္တတွာမည်သော "ကျွန်းချောင်းရွာ" ရွာနာမည်ဖြစ်သည်။ ရှေးအခေါ် "မဂ်လွန်း" ရွာသည် သမိုင်းမညှိုးသော တန်ခိုးတော ဖြင့် စေတီတော်၏ ဘွဲ့အမည်ဖြစ်လေသည်။ သာသနာဒေဝ အခြံအရံဖြင့် ပေါ်လွင်ထင်ရှားခြင်းဖြစ်သည်။

ဗုဒ္ဓပွင့်ထွန်းစဉ်ကာလ ဂင်္ဂါ၊ ယမုံနာ၊ စီလာ စသည်ဖြင့် ဖွင့်ဖော်ကျူးရင့် မကုန်ဖွယ်ကဗျာမမီ စာမမီရှိခဲ့သည်။ မြန်မာပြည်၏ အထင်အရှား ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းမြစ်ကြီးလေးသွယ်၊ မြစ်ငယ်များစွာထဲမှ ဧရာဝတီမြစ်ကြီးလက်တက် တိုးမြစ်၏ ဩဘာသ အမှောင်ခွင်း၍ အသိတရားတည်းဟူသော အလင်းစွမ်းပကားသည် ပဋ္ဌာန်းတရား၏ကျေးဇူး၊ တရား၏အစကျေးဇူး၊ ကျေးဇူး၏အစအသိ အသိ၏နိဂုံး၊ တရား၏အဆုံးသို့ "အသိဉာဏ်အလင်း" အမှောင်ခွင်း၍ ကမ္ဘာလူသားအားလုံး "မြစ်တို့၏ကမ္ဘာ" တိုးမြစ်ကမ်းဘေးမှ ကြည်ညိုဖွယ်ရာ "တံခွန်ဦး မဂ်လွန်းအောင်စကြာစေတီ" ဖူးတွေ့နိုင်ကြပါစေသားဟု ဆုတောင်းမေတ္တာပို့ ကောင်းကျိုးနှီးဆော်လိုက်ပါသည်။

မင်းသန်းခိုင်(ကွမ်းခြံကုန်း)

ကျမ်းကိုး

- တိပိဋက ဦးဝိစိတ္တသာရာဘိဝံသ "မဟာဗုဒ္ဓဝင် ဆဋ္ဌမပိုင်း" ဒုတိယတွဲ။
- ဒေါက်တာ အရှင်ဉာဏိသာရ "ရွှေတိဂုံ ၂၆၀၀ ပြည့်ပွဲ"
- သုတေသီယာမက "မွန်တို့ဌာနီရာမည"
- ညောင်လေးပင်ဦးအရိယ "ဝိသုဒ္ဓိမဂ်အရသာ"
- စစ်ကဲတော်မင်းဦးရွှေနော် "မွန်ရာဇဝင်စေတီတော်သမိုင်းပေါင်းချုပ်" အဘိဓမ္မာဆိုင်ရာ။



www.burmeseclassic.com

www.burmeseclassic.com

# ဂုဏ်သီသာခေါင် လတန်ဆောင်

တက္ကသိုလ်သျှင်ဥက္ကာ (မဟာဝိဇ္ဇာ၊ ကျမ်းပြု)

မြန်မာ့ရိုးရာ ၁၂ လရာသီ ပွဲတော်များအနက် တန်ဆောင်မုန်းလသည်ကား သာယာတင့်မောဖွယ် ကောင်းသည်နှင့်အမျှ ပွဲတော်များ ကျင်းပရာ လအဖြစ်လည်း ထူးခြားလှပါသည်။ အဆိုပါပွဲတော်များကား တန်ဆောင်တိုင် မီးထွန်းပွဲတော်၊ ကထိန်သင်္ကန်းအလှူပွဲတော်၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲတော်၊ မယ်ဇလီဖူးသုပ် ဝေငသော ပွဲတော်၊ ကျီးမန်းပွဲတော်နှင့် သာမညဖလအခါတော်နေ့ ပွဲတော်များ ပါဝင်နေခြင်းကြောင့် ဖြစ်ပါသည်။

ထိုထိုသော ပွဲတော်များစွာအနက်မှ ဘာသာရေးဆိုင်ရာ ပွဲတော်ဖြစ်သော သာမညဖလ အခါတော်နေ့ ပွဲတော်အကြောင်းကို တင်ပြလိုပါသည်။

မြတ်စွာဘုရားရှင်သည် အဇာတသတ်မင်းအား တန်ဆောင်မုန်းလပြည့်နေ့ညဉ့် သာမညဖလသုတ္တန်တရားဟောကြားတော်မူသည်ကို အကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်နေ့၌ သာမညဖလ အခါတော်နေ့ ကျင်းပရခြင်းဖြစ်ပေသည်။ သာမညဖလဆိုသည်မှာ "ရဟန်းပြုခြင်း၏ အကျိုး" ဟု အဓိပ္ပာယ်ရပါသည်။ ရဟန်းပြုခြင်း၏အကျိုးကို ဟောကြားသောနေ့ ဖြစ်သည့်အတွက်ကြောင့်လည်း တန်ဆောင်မုန်းလပြည့်နေ့ကို သံဃာတော်များနေ့ဟု ခေါ်ဆိုနိုင်ပါသည်။

အဇာတသတ်မင်းသားသည် ဒေဝဒတ်ကို ဆရာတင်မိ၍ အပေါင်းမှားပြီး ဖခမည်းတော်ဖြစ်သူ ဗိမ္ဗိသာရမင်းကြီးအား သတ်ဖြတ်ခဲ့သည့်အတွက် ကံကြီးထိုက်ပြီး အိပ်မပျော်သောဝေဒနာ စွဲကပ်ခံနေရပါသည်။ အဆိုပါဝေဒနာကို ကုစားရင်း အမတ်များ၏ အကြံပြုချက်အရ တိတ္ထိဆရာကြီး ခြောက်ယောက်တို့ထံ သွားရောက်ပြီး ရဟန်းပြုရခြင်း၏ အကျိုး (သာမညဖလ)ကို စုံစမ်းမေးမြန်းခဲ့၏။ သို့ရာတွင် ကျေနပ်လောက်သော အဖြေကို မရခဲ့။ နောက်ဆုံး သမားတော်ကြီးဇီဝက၏ အကြံပေးချက်အရ ရာဇဂြိုဟ်မြို့အနီး ဇီဝကလှူဒါန်းထားသော သရက်ဥယျာဉ်တော်၌ သီတင်းသုံးလျက်ရှိသည့် မြတ်စွာဘုရားရှင်ထံ သွားရောက်ကာ လျှောက်ထားတောင်းဆိုခဲ့လေသည်။ ဤတွင် ဘုရားရှင်က ရဟန်းပြုခြင်း၏ အကျိုး(သာမညဖလ)ကို ဟောကြားခဲ့၏။ ရဟန်းပြုရခြင်း၏ အကျိုးကား ၁၃ ပါး ဖြစ်၏။

၁။ မင်းခစားဘဝနှင့် မင်းပြစ်မင်းဒဏ်မှ ကင်းလွတ်ခြင်း၊
၂။ အခွန်ထမ်းဆောင်ရမှုမှ ကင်းလွတ်ခြင်း၊
၃။ ပါတိမောက္ခ သံဝရသီလနှင့် ပြည့်စုံသဖြင့် အပါယ်ဘေးမှ ကင်းဝေးခြင်း၊
၄။ ဒုစရိုက်ကို ရှောင်သဖြင့် ဒုစရိုက်ဒုက္ခမှ ကင်းလွတ်၍ စူဠသီလနှင့် ပြည့်စုံခြင်း၊
၅။ ပွဲသဘင်အမျိုးမျိုး၊ ကစားပွဲအမျိုးမျိုး၊ မကောင်းသော စကားအမျိုးမျိုးတို့မှ ရှောင်ကြဉ်သဖြင့် ထိုဒုက္ခများမှ ကင်းလွတ်၍ မဇ္ဈိမသီလနှင့် ပြည့်စုံခြင်း၊
၆။ နက္ခတ်၊ ဗေဒင်၊ ယတြာ၊ လက္ခဏာ၊ ဆေးကုခြင်း စသည်တို့မှ ရှောင်ကြဉ်သဖြင့် အာဇီဝပါရိ သုဒ္ဓိသီလနှင့် ညီညွတ်၍ မဟာသီလနှင့် ပြည့်စုံခြင်း၊
၇။ ဣန္ဒြေခြောက်ပါး၌ အကုသိုလ်မဖြစ်အောင် စောင့်စည်းနိုင်ခြင်း၊
၈။ သတိနှင့် ပြည့်စုံခြင်း၊
၉။ သမ္ပဇဉ် (ဆင်ခြင်တုံ) တရားနှင့် ပြည့်စုံခြင်း၊
၁၀။ သန္တောသ (ရောင့်ရဲခြင်း)၊
၁၁။ နီဝရဏ်ငါးပါးမှ ကင်းလွတ်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

၁၂။ ဈာန်တရားရနိုင်ခြင်း၊

၁၃။ ဝိဇ္ဇာရှစ်ပါးနှင့် နှင့် ပြည့်စုံ၍ မဂ်ဖိုလ်ရနိုင်ခြင်း စသည်တို့ ဖြစ်ကြသည်။ တန်ဆောင်မုန်းလပြည့်နေ့ညကား ဆီးနှင်းမြူတိမ် သူရိန်မီးခိုးတို့ ကင်းစင်ပြီး သာယာကြည်နူးဖွယ် ကောင်းလှပါပေစွ။ ထို့ကြောင့်ပင် အဇာတသတ်မင်းက…

"မွေ့လျော်ဖွယ်ကောင်းသော ညပါတကား"

"အလွန်လှပသော ညပါတကား"

"ရှုမောဖွယ်ကောင်းသော ညပါတကား"

"ကြည်လင်ရှင်းပသော ညပါတကား"

"မေ့မရနိုင်သော ညပါတကား"

ဟူ၍ ကြည်နူးစွာ ထုတ်ဖော်ကျူးရင့်ခဲ့ပေသည်။ သူသည် သာမညဖလသုတ် တရားတော်ကို ကြားနာလိုက်ရသည်မှစ၍ ဗုဒ္ဓသာသနာတော်ကို သက်ဝင်ယုံကြည်လာပြီး ပုထုဇဉ်များထဲမှ ရတနာသုံးပါးကို အကြည်ညိုဆုံး ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့သည်။ သူ၏အပြစ်ကို စစ်မှန်သောတရားဖြင့် ကုစားခဲ့သည့်အတွက် အပြစ်ကြီးလေးသော မဟာအဝီစိငရဲတွင် မကျရောက်တော့ဘဲ အပြစ်ဒဏ်ပေါ့သော လောဟကုမ္ဘီငရဲ၌သာ ကျရောက်ခဲ့ပြီး ငရဲမှ ကျွတ်လွတ်သည်ရှိသော် "ဝိဇိတာဝီ"မည်သည့် ပစ္စေကဗုဒ္ဓါဖြစ်၍ ကျွတ်တမ်းဝင်ရပါလိမ့်မည်။

တန်ဆောင်မုန်းလပြည့်နေ့နှင့် ပတ်သက်၍ ရှေးမြန်မာကြီးတို့က "ခဝဲပွင့်တုန်း၊ တန်ဆောင်မုန်း"၊ "ခဝဲပွင့်ချိန် ခင်းကထိန်"၊ "ခဝဲပွင့်လျှင် တန်ဆောင်တိုင်"ဟု ရာသီကိုက် ခဝဲပန်းနှင့် ယှဉ်တွဲကာ အမှွမ်းတင်ခဲ့ကြလေသည်။ "ခဝဲပွင့်ချိန်၊ ခင်းကထိန်၊ ရွှေအိမ်ပိုင်လည်စိုး"ဟူသော လင်္ကာအရ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် တန်ဆောင်မုန်းလသို့ ရောက်ရှာသောအခါ ကထိန်သင်္ကန်းကပ်လှူခြင်းဖြင့် ကောင်းမှုကုသိုလ်တို့ ပြုကြသည်။ မြတ်စွာဘုရားရှင်သည် "ပါဝေယျကတိုင်းသား ရဟန်းများ"ကို အကြောင်းပြု၍ မိုးဥတု၌ သင်္ကန်းခေါင်းပါးကြသော ရဟန်းများအဖို့ တရားနှင့်အညီ ခံယူရရှိသည့် ကထိနစီဝရ ကထိန်သင်္ကန်းကပ်လှူခြင်းကို ခွင့်ပြုတော်မူခဲ့ပါသည်။ တန်ဆောင်မုန်းလပြည့်နေ့ညကား ကြတ္တိကာနက္ခတ်စန်း၌ ယှဉ်သဖြင့် ထိုနက္ခတ်စောင့်မီးနတ်ကြီးသည်, မယ်ဇလီပင်စောင့်နတ်ထံသို့ ခေတ္တလာရောက်ချိန် သစ်ပင်စောင့်နတ်များအားလုံး မယ်ဇလီပင်၌ လာရောက်စုရုံးကြသဖြင့် မယ်ဇလီအပွင့်အဖူးတို့မှာ ဆေးပေါင်းခသည်ဟု ယူဆကြပြီး မယ်ဇလီဖူးများကို ခူးဆွတ်ကာ သုပ်စားကြသည်။ လိုက်လံဝေငှကြသည်။ မယ်ဇလီဖူးသုပ်ကို စားသောက်ကြခြင်းဖြင့် ရောဂါဝေဒနာအပေါင်း ကင်းစင်ကြသည်ဟု ဆိုကြ၏။

အဆိုပါညဥ့်၌ ရဟန်းအဖွဲ့များသည် အပြိုင်အဆိုင်ဆိုသလို မသိုးသင်္ကန်းများ ရက်လုပ်ကြပြီး ဘုရားရှင်အား ကပ်လှူပူဇော်ကြသည်မှာ ကြည်နူးဖွယ်ကောင်းလှပါသည်။ စိုက်ပျိုးရေးနိုင်ငံ တစ်နိုင်ငံဖြစ်သော မိမိတို့နိုင်ငံ၏ လယ်ယာခွင်၌ ကောက်နှံပင်တို့မှာ ဖုံးတုံးလုံးဖြင့် စပါးနို့နှစ်ကလေးများခဲနေကြပါပြီ။ သည်မြင်ကွင်းကို ကြည့်ရှု၍ တောင်သူဦးကြီးတို့မှာ ကြည်နူးမဆုံး ဖြစ်ကြရသည်။ ကထိန်ခင်းရင်း ပျော်ရွှင်ကြသည့်။ သည်သရုပ်အပေါ် မူတည်၍ ရှေးမြန်မာဇာတ်ပွဲများ၌ ရွတ်ဆိုကြသော လေပြေတစ်ပုဒ်ကို ကောက်နုတ်တင်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

"အရဟတ္တမဂ္ဂင် မဟာခေအပတာ တံခွန်ကိုတန်းပြီးလျှင် ဘဒ္ဒဝဂ်အရှင် ပါဝေယျကာ ထေအမွန်ရဟန်းတို့အား

ဇေတဝန်စခန်း စိန်ပြာသာဒ်အတွင်း၌

ဓမ္မရိန် မြတ်သနင်း စေဘဂဝါက

ကထိန်ဥတ်ခင်းဖို့ ဟောကာကြားခဲ့သော

ဩဝါဒစကား သတိယူဆကပ်ကြသဖြင့်

ပဋိရူပအရပ် ကလျာဏ ဥပသကာတို့က

ဒါနပြုစရာ အခါအချိန်လျော်ပြီမို့

မဟာကထိန်တော် ခင်းကျင်း၍ ထားပါပကော

အသင်းသားတို့က ပေါင်းစုကာ ကြုံကြသဖြင့်

ကောင်းမှုဒါန် စိတ်အကြံပွားလို့မို့

တောင်းဆုပတ္ထနာအမှန် အဓိဋ္ဌာန်ထားကြီးလျှင်

(ရှာစား…)

နိဗ္ဗာန်တံခါး ဖွင့်တော်မူစမ်း။

**တက္ကသိုလ်သျှင်ဥက္ကာ (မဟာဝိဇ္ဇာ၊ ကျမ်းပြု)**



www.burmeseclassic.com

www.burmeseclassic.com

# သည်လမွှားအတွက် ဂံဇာတာ

## ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွက်

■ ဆရာမိုးဟန်ကြွယ်

ငွေကြေးကိစ္စ အခက်အခဲဖြစ်ပေါ်လာက ကူညီမစမည့်သူများ ပေါ်ပေါက်လာပါလိမ့်မည်။ အခွင့်အရေးကောင်းများနှင့်လည်း ကြုံတွေ့ရတတ်သည်။ ထီပေါက်ခြင်း (သို့) ငွေအစုလိုက်အပြုံလိုက် ဝင်လာတတ်သည်။ ရွှေငွေများလည်း ဝင်လာတတ်သည်။ သတိထားဖို့ လိုမည်။ အိတ်ပေါက်နှင့်ဖားကောက်သကဲ့သို့ ဖြစ်မည်။ ကျန်းမာရေးဖောက်ပြန်တတ်သည်။ ဝမ်းဗိုက်ပိုင်းဆိုင်ရာ ဝေဒနာခံစားရတတ်သည်။ ပညာရေးနှင့် ပတ်သက်ပြီး အဆင်ပြေမှုရှိမည်။ ပတ်ဝန်းကျင်၏ ချစ်ခင်လေးစားခြင်းကို ခံရတတ်သည်။ အလှူဒါနပြုရတတ်သည်။ တစ်ပါးသူကို အလွယ်တကူ လက်လွှတ်စပယ် ငွေမချေးပါနှင့်။ လက်လွှတ်ဆုံးရှုံးမှု ဖြစ်တတ်သည်။ အမှုအခင်း ဖြစ်လျှင်လည်း ရှုံးတတ်သည်။

အလုပ်အကိုင်များ အဆင်ပြေမည်။ လုပ်ငန်းသစ်များ လုပ်ရတတ်သည်။ အလုပ်မရှိသေးသူများလည်း အလုပ်ရတတ်သည်။ လုပ်ငန်းနှင့် ပတ်သက်ပြီး အခွင့်အလမ်းများ ပေါ်လာမည်။ ဝီရိယထား၍ ကြိုးစားမှ အောင်မြင်မည်။ ခရီးသွားရမည့်ကိစ္စများ ပေါ်ပေါက်လာလိမ့်မည်။ အပေါင်းအသင်းများမှ ကူညီမှုကို ရရှိမည်။ သည်းထိတ်ရင်ဖို ကိစ္စများနှင့်လည်း ရင်ဆိုင်ရမည်။ ဘာသာရေးကိစ္စများ လုပ်ရတတ်သည်။ ကျန်းမာရေးကောင်းမွန်ပါသည်။ ဆရာသမား အကြီးအကဲများ၏ ဝေဖန်မှုကို ခံရမည်။

မိသားစု သိုက်သိုက်ဝန်းဝန်း ပျော်ရွှင်စွာ နေရတတ်သည်။ စီးပွားရေး၊ အလုပ်ကိစ္စ၊ ကူးသန်းရောင်းဝယ်ရေးကိစ္စများတွင် အောင်မြင်မှုရရှိမည်။ အကျိုးအမြတ်ခံ[illegible]ရမည်။ ပစ္စည်းဆုံးရှုံးမှုရှိမည်။ စီးပွားရေးကိစ္စများ အောင်[illegible]ရှိမည်။

ငွေကြေးချမ်းသာသူ၊ အာဏာရှိသော ပုဂ္ဂိုလ်များ၏ အကျိုးပြုခြင်းကို ခံရမည်။ ရေမြေရပ်ခြား ခရီးဝေးသို့ သွားရတတ်သည်။ သတ္တုပစ္စည်း၊ ရတနာပစ္စည်းတို့မှ အကျိုးခံစားရတတ်သည်။ ကျန်းမာရေးညံ့တတ်သည်။ ပညာရေးကောင်းမွန်ပါသည်။ မင်္ဂလာကိစ္စများ ဆောင်ရွက်ရတတ်သည်။

စီးပွားရေးကိစ္စများ၌ ကလိမ်ကျမှုများ ခံရတတ်သည်။ သတိထားလုပ်ဆောင်ဖို့ လိုမည်။ မိတဆွေမျိုးသားချင်းများ၏ အပူသည် ကိုယ့်အပူဖြစ်လာတတ်သည်။ မြစ်ကူးချောင်းခြား ခရီးဝေးမသွားသင့်သေးပါ။ သွားပါက လမ်းတစ်ဝက်မှ ပြန်လာရတတ်သည်။ ရပ်ဝေးမှ သားသမီးများ ရောက်လာတတ်သည်။ ဝန်ထမ်းများ သင်တန်းတက်ရတတ်သည်။ သင်တန်းပြီးဆုံးပါက ဝမ်းသာစရာစကား ကြားရလိမ့်မည်။ ရေအောက်၊ မြေအောက် ပစ္စည်းများအတွက် အကျိုးခံစားရလိမ့်မည်။

အိမ်မြေအဆောက်အဦကိစ္စများ၊ ရောင်းဝယ်မှုကိစ္စများ အဆင်ပြေအောင်မြင်မှု ရှိမည်။ ရပ်ဝေးဒေသသို့ ခရီးဝေးသွားရတတ်သည်။ ဆရာသမား၊ ငွေကြေးချမ်းသာသူများ၏ သူကောင်းပြုခြင်းကို ခံရမည်။ ကျန်းမာရေးညံ့သဖြင့် ဆေးရုံဆေးခန်း သွားရတတ်သည်။ အိမ်ထောင်ရေးအဆင်ပြေမည်။ အလှူဒါနပြုရတတ်သည်။ ချစ်သူနှင့် အဆင်မပြေဖြစ်မည်။ စကားများမည်၊ အထင်လွဲတတ်သည်။

***ယတြာပြုလုပ်လိုပါက*** - မွေးနေ့ရက်၌ သက်သတ်လွတ်စား၍ ပုတီးကိုးပတ်စိပ်ပေးပါ။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင် အောင်မြင်ရန်

## ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွက်

**မဟာဒိဗ္ဗကျော်ခေါင်**

**တနင်္ဂနွေသားသမီးများအဖို့**

နိုဝင်ဘာလ (၁)၊ (၅)၊ (၈)၊ (၁၁)၊ (၁၂)၊ (၁၅)၊ (၁၈)၊ (၂၂)၊ (၂၅)၊ (၂၆)၊ (၂၉) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

နိုဝင်ဘာလ (၇)၊ (၁၀)၊ (၁၁)၊ (၁၄)၊ (၁၈)၊ (၂၁)၊ (၂၄)၊ (၂၅)၊ (၂၈) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

နိုဝင်ဘာလ (၆)၊ (၉)၊ (၁၀)၊ (၁၃)၊ (၁၆)၊ (၂၃)၊ (၂၄)၊ (၂၇) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

နိုဝင်ဘာလ (၁)၊ (၃)၊ (၈)၊ (၉)၊ (၁၂)၊ (၁၅)၊ (၁၆)၊ (၂၃)၊ (၂၄)၊ (၂၉) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ကြာသပတေးသားသမီးများအဖို့**

နိုဝင်ဘာလ (၁)၊ (၇)၊ (၈)၊ (၉)၊ (၁၂)၊ (၁၅)၊ (၁၈)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၈)၊ (၂၉) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**သောကြာသားသမီးများအဖို့**

နိုဝင်ဘာလ (၁)၊ (၃)၊ (၆)၊ (၇)၊ (၉)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၂၀)၊ (၂၄)၊ (၂၇) (၂၈) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

နိုဝင်ဘာလ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၂)၊ (၂၃)၊ (၂၆)၊ (၂၇) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

နိုဝင်ဘာလ (၁)၊ (၃)၊ (၈)၊ (၁၅)၊ (၁၆)၊ (၂၃)၊ (၂၄) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

■ မဟာဒိဗ္ဗကျော်ခေါင် ■



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွက်

**နေမျိုးထွင့်ခေါင်**

၁။ နိုဝင်ဘာလ (၁၀)၊ (၁၄)၊ (၁၉)၊ (၂၄)၊ (၂၉) စသောရက်များသည် **"နန္ဒာတိထိ"**တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား၊ဂူ၊ကျောင်း၊ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတားများခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

၂။ နိုဝင်ဘာလ (၁)၊ (၆)၊ (၁၁)၊ (၁၅)၊ (၂၀)၊ (၂၅)၊ (၃၀) စသောရက်များသည် **"ဘဒြာတိထိ"**တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာဆင်ယင်ကျင်းပခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၃။ နိုဝင်ဘာလ (၂)၊ (၇)၊ (၁၂)၊ (၂၁)၊ (၂၆) စသောရက်များသည် **"ဇယာတိထိ"**တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ နိုဝင်ဘာလ (၃)၊ (၈)၊ (၁၃)၊ (၁၇)၊ (၂၂)၊ (၂၇) စသောရက်များသည် **"ရိတ္တာတိထိ"**တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လေ့ကားဆောင်ခြင်း စသောအမှုကိစ္စများ ဆောင်ရွက်နိုင်ပါသည်။

၅။ နိုဝင်ဘာလ (၄)၊ (၅)၊ (၉)၊ (၁၈)၊ (၂၃)၊ (၂၈) စသောရက်များသည် **"ပုဏ္ဏာတိထိ"**တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဥ္စင်းခံခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်နိုင်ပါသည်။

၆။ နိုဝင်ဘာလ (၃)၊ (၁၆)၊ (၁၉) ရက်တို့သည် **"အမြိတ္တစုတ်"**တွင် ကျရောက်လေရာ ထိုရက်၌ မည်မျှပင်မကောင်းကြုံစေကာမူ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာ၌ အောင်မြင်ပြီးစီးနိုင်ပါသည်။

၇။ နိုဝင်ဘာလ (၂)၊ (၆)၊ (၉)၊ (၁၃)၊ (၁၆)၊ (၂၀)၊ (၂၃)၊ (၂၇)၊ (၃၀) စသောရက်များသည် **"ရက်ရာဇာ"** တွင် ကျရောက်၏။ ထိုရက်များ၌ လူမှုရေး၊ ဘာသာရေး ကိစ္စအဝဝတို့ကို ဆောင်ရွက်လုပ်ကိုင်ပါက အောင်မြင်ပြီးစီးနိုင်ပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာ့မြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် အစရှိသော တိထိမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

■ နေမျိုးထွင့်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သည်လမှာ

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွက်

■ တောကကိုရင်

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအဓိကထားသော စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်ပေ၏။ စိုက်ပျိုးရေးမှ ရရှိလာသော နိုင်ငံခြားငွေတို့ဖြင့် တိုင်းပြည်ထူထောင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းရပ် ကိစ္စအဝဝကို လုပ်ဆောင်လျက်ရှိပေ၏။ ဤသို့စိုက်ပျိုးရေးကို လုပ်ကိုင်ကြသည့် တောင်သူဦးကြီးများအဖို့ မိမိတို့လုပ်ငန်းခွင်အတွက် အထောက်အကူပြုသည့် လောကီလုပ်ငန်းရပ်များကို သိရှိထားဖို့ လိုပါသည်။ လဲ့လဝီရိယကို အခြေတည်၍ လောကီပညာရပ်များနှင့် ပေါင်းစပ်လိုက်သည်ရှိသော် ပဒေသာမြေကပေါက်လာသည့်အလား ဝေဆာသော အကျိုးတို့ကို ခံစားရလိမ့်မည်ဖြစ်ကြောင်း တင်ပြရင်း...

၁။ **သီးနှံမျိုးစေ့များ ကြဲရန်အတွက်**
နိုဝင်ဘာလ (၂)၊ (၃)၊ (၆)၊ (၁၀)၊ (၁၆)၊ (၂၀)၊ (၂၇) စသော ရက်များသည် သီးနှံမျိုးစေ့ကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ **အပွင့်၊ အသီး၊ အနံ့၊ အရွက် အပွင့်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ပျိုးခြင်းတို့အတွက်**
နိုဝင်ဘာလ (၂)၊ (၃)၊ (၆)၊ (၁၀)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၇) စသောရက်များသည် အပွင့်၊ အသီး၊ အနံ့၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်း ရွှေ့စိုက်ခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ **ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုး ရန်၊ အကိုင်းအခက်များ ခုတ်ရန်အတွက်**
နိုဝင်ဘာလ (၆)၊ (၁၀)၊ (၁၈)၊ (၂၃) စသောရက် များသည် ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ **ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင် ချုံနွယ်မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥအမြစ်များတူးရန်အတွက်**
နိုဝင်ဘာလ (၁)၊ (၂)၊ (၉)၊ (၁၂)၊ (၁၃)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၆)၊ (၂၇)၊ (၂၈)၊ (၂၉)၊ (၃၀) စသောရက်များသည် ထွန်ယက်စိုက်ပျိုးခြင်း၊ ပိုးသတ်ဆေးဖျန်း ခြင်း၊ ပေါင်းပင်ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥအမြစ်များတူးရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**တောကကိုရင်**



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွက်

## နွယ်သာကီအောင်

ဟေမန္တ၏ တေးသွားတို့ ချိုမြလွင်စာနေကြပေပြီ။

ဤကာလဝယ် ပတ်ဝန်းကျင် ရေမြေတောတောင်အဝှမ်းမှာဖြင့် ပေါက်,လဲတို့ ငုံစီ၍ အင်ကြင်းတို့မှာလည်း ရဲရဲနီကြလေတော့၏။

အပူတွေ လျပါး၍ စိုစွတ်မှုတွေ လျော့နည်းသွားသော ဤကဲ့သို့သော ပွင့်လင်းရာသီမျိုး ဝယ် မိမိတို့လူသားများသည် ဘဝဝမ်းရေးအတွက်၊ ဘဝလူနေမှုအတွက်လည်းကောင်း ကြိုးပမ်း ရုန်းကန်နေကြစမြဲ ဖြစ်သည်။ လှုပ်ရှားလုပ်ဆောင်နေကြရစမြဲ ဖြစ်သည်။ ဤတွင် အကြံကောင်း လျှင် တစ်ချက်၊ ဉာဏ်ကောင်းလျှင်တစ်သက် ဆိုသလို လောကီရေးရာ ပညာရပ်များအပေါ် အခြေပြု၍ လုပ်ဆောင်ကြမည်ဆိုပါမူ အများတကာထက် နှာတစ်ဖျားမက သာနိုင်ကြောင်း စကားဆိုရင်းဖြင့်...

### ၁။ နေအိမ်တိုက်တာဝယ်ဖို့ရာ

နိုဝင်ဘာလ (၄)၊ (၁၂)၊ (၁၆)၊ (၂၀)၊ (၂၁)၊ (၂၃)၊ (၂၈) စသောရက်များသည် နေအိမ်တိုက်တာများ ဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၂။ ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ

နိုဝင်ဘာလ (၆)၊ (၉)၊ (၁၀)၊ (၁၉)၊ (၂၇) စသောရက်များသည် ကားများ၊ ယာဉ်များ ဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၃။ မြစ်ပင်လယ်မှာ ငါးဖမ်းဖို့ရာ

နိုဝင်ဘာလ (၂)၊ (၉)၊ (၁၀)၊ (၁၉)၊ (၂၀)၊ (၂၈)၊ (၃၀) စသော ရက်များသည် မြစ်ချောင်းအင်းအိုင်၊ ပင်လယ်တို့၌ ပိုက်ချခြင်း၊ ငါးဖမ်းခြင်းတို့ လုပ်ကိုင်ဆောင် ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၄။ ရွှေတွင်း/ကျောက်တွင်း တူးဖို့ရာ

နိုဝင်ဘာလ (၂)၊ (၉)၊ (၁၂)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၃၀) စသောရက်များသည် ရွှေတွင်းများ၊ ကျောက် တွင်းများ တူးဖော်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြ ပါသည်။

### ၅။ ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ရာ

နိုဝင်ဘာလ (၆)၊ (၁၂)၊ (၃၃)၊ (၁၆)၊ (၂၀)၊ (၂၆)၊ (၂၈) စသောရက်များသည် ယှဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၆။ ကျောင်း/အိမ်ဂေဟာဆောက်ဖို့ရာ

နိုဝင်ဘာလ (၂)၊ (၄)၊ (၉)၊ (၁၀)၊ (၁၂)၊ (၁၃)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၄)၊ (၂၆)၊ (၂၇)၊ (၃၀) စသော ရက်များသည် ကျောင်းများ၊ အိမ်ဂေဟာများ ဆောက်လုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၇။ ပဒ္ဒင်းခံရာ၊ ရှင်ပြု၊နားသရာ

နိုဝင်ဘာလ (၆)၊ (၉)၊ (၁၂)၊ (၁၄)၊ (၁၉)၊ (၂၀)၊ (၂၆)၊ (၃၀) စသော ရက်များသည် ပဒ္ဒင်းခံခြင်း၊ ရှင်ပြုခြင်း၊ နားသခြင်း စသော မင်္ဂလာကိစ္စများဆောင်ရွက်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၈။ အိမ်ပြောင်းရွှေ့ရာ၊ အိမ်သစ်တက်ရာ

နိုဝင်ဘာလ (၂)၊ (၃)၊ (၆)၊ (၁၂)၊ (၁၆)၊ (၂၄)၊ (၂၈)၊ (၃၀) စသောရက်များသည် အိမ်ပြောင်းရွှေ့ခြင်း၊ အိမ်သစ်ဆောက်ခြင်းတို့ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၉။ အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ

နိုဝင်ဘာလ (၂)၊ (၃)၊ (၆)၊ (၁၀)၊ (၁၆)၊ (၁၉)၊ (၂၀) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်းတို့ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၀။ လက်ထပ်မင်္ဂလာ ကျင်းပရာ

နိုဝင်ဘာလ (၄)၊ (၆)၊ (၁၂)၊ (၁၆)၊ (၂၃)၊ (၂၆)၊ (၂၇) စသောရက်များသည် လက်ထပ်မင်္ဂလာ ကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၁။ ခရီးသွားလာ ကောင်းဖို့ရာ

နိုဝင်ဘာလ (၃) (၆)၊ (၉)၊ (၁၀)၊ (၁၆)၊ (၂၀)၊ (၂၇) စသောရက်များသည် ခရီးသွားလာခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ လယ်ထွန်မင်္ဂလာပြုဖို့ရာ

နိုဝင်ဘာလ (၂) (၃)၊ (၆)၊ (၁၀)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၇) စသောရက်များသည် လယ်ထွန်မင်္ဂလာပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၃။ ရောင်းပန်းဝယ်ပန်း ပွင့်ဖို့ရာ

နိုဝင်ဘာလ (၂) (၃)၊ (၆)၊ (၁၀)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၇) စသောရက်များသည် အရောင်းအဝယ်ကိစ္စများဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ သီးနှံမျိုးစေ့ကြဲဖို့ရာ

နိုဝင်ဘာလ (၂)၊ (၃)၊ (၆)၊ (၁၀)၊ (၁၆)၊ (၂၀)၊ (၂၇) စသောရက်များသည် လယ်ယာ၊ တောင်ယာ၊ ဥယျာဉ်ခြံမြေများ၌ သီးနှံမျိုးစေ့များ ကြဲချစိုက်ပျိုးဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၅။ ရေတွင်းရေကန် တူးဖို့ရာ

နိုဝင်ဘာလ (၂)၊ (၃)၊ (၆)၊ (၁၀)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၆)၊ (၂၇)၊ (၃၀) စသော ရက်များသည် ရေတွင်းရေကန်များတူးဖော်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၆။ ပညာစတင်သင်ကြားလျှင်

နိုဝင်ဘာလ (၃)၊ (၆)၊ (၉)၊ (၁၀)၊ (၁၂)၊ (၁၃)၊ (၂၂)၊ (၂၅)၊ (၃၀) စသောရက်များသည် အတတ်ပညာများကို စတင်သင်ကြားရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၇။ မင်္ဂလာအခါပေးဖို့ရာ

နိုဝင်ဘာလ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၆)၊ (၁၇)၊ (၁၈)၊ (၂၀)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၂၅)၊ (၂၇)၊ (၂၈)၊ (၂၉)၊ (၃၀) စသောရက်များသည် မင်္ဂလာအခါပေးရန် သင့်လျော်ကောင်းမွန်သော ရက်များ ဖြစ်ကြပါသည်။

■ နွယ်သာကီအောင်



www.burmeseclassic.com


www.burmeseclassic.com

# ကျောင်းပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၈-ခုနှစ်၊ တန်ဆောင်မုန်းလ - နတ်တော်လ

## 2016 NOVEMBER

| | | |
|---|---|---|
| အင်္ဂါ Tuesday | 1 ၂ | |
| ဗုဒ္ဓဟူး Wednesday | 2 ၃ ရက်ရာဇာ | |
| ကြာသပတေး Thursday | 3 ၄ အမြိတ္တစုတ်ရက် | |
| သောကြာ Friday | 4 ၅ | 18 ၄ |
| စနေ Saturday | 5 ၆ | 19 ၅ အမြိတ္တစုတ်ရက် |
| တနင်္ဂနွေ Sunday | 6 ၇ ရက်ရာဇာ | 20 ၆ ရက်ရာဇာ |
| တနင်္လာ Monday | 7 ၈ | 21 ၇ |
| အင်္ဂါ Tuesday | 8 ၉ | 22 ၈ |
| ဗုဒ္ဓဟူး Wednesday | 9 ၁၀ ရက်ရာဇာ | 23 ၉ ရက်ရာဇာ |
| ကြာသပတေး Thursday | 10 ၁၁ | 24 ၁၀ အမျိုးသားနေ့ |
| သောကြာ Friday | 11 ၁၂ | 25 ၁၁ |
| စနေ Saturday | 12 ၁၃ | 26 ၁၂ |
| တနင်္ဂနွေ Sunday | 13 ၁၄ ရက်ရာဇာ | 27 ၁၃ ရက်ရာဇာ |
| တနင်္လာ Monday | 14 ၁၅ တန်ဆောင်မုန်းလပြည့် | 28 ၁၄ |
| အင်္ဂါ Tuesday | 15 ၁ | 29 ၁၅ တန်ဆောင်မုန်းလကွယ် |
| ဗုဒ္ဓဟူး Wednesday | 16 ၂ ရက်ရာဇာ အမြိတ္တစုတ်ရက် | 30 ၁ ရက်ရာဇာ |
| ကြာသပတေး Thursday | 17 ၃ မဟာရက်ကြမ်း | |



၁. ၁၁. ၂၀၁၆ စန်းပြောင်းရက်စွဲ ၁၆. ၁၁. ၂၀၁၆

### ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၆. ၁၁. ၂၀၁၆ ဗုဒ္ဓဟူးနေ့ နံနက် ၇ နာရီ ၃ မိနစ်တွင် ဗြိစ္ဆာရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ၁. ၁၁. ၂၀၁၆ အင်္ဂါနေ့ နံနက် ၉ နာရီ ၀ မိနစ်တွင် မကာရရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၉. ၁၁. ၂၀၁၆ တနင်္လာနေ့ မွန်းတည့် ၁၂ နာရီ ၄၅ မိနစ်တွင် ဓနုရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၂၈. ၁၁. ၂၀၁၆ တနင်္လာနေ့ ည ၁၀ နာရီ ၅၊ မိနစ်တွင် ဓနုရာသီသို့ ပြောင်းသည်။

သောကြာသည် - ၇. ၁၁. ၂၀၁၆ တနင်္လာနေ့ မွန်းတည့် ၁၂ နာရီ ၄၅ မိနစ်တွင် ဓနုရာသီသို့ ပြောင်းသည်။

### ၂၀၁၆ ခုနှစ်အတွက် ဓနုသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ချိန်

(၈. ၁၁. ၂၀၁၆)အင်္ဂါနေ့၊ နံနက် ၅ နာရီ ၁၃ မိနစ် ၅၄ စက္ကန့်။

(၃. ၁၁. ၂၀၁၆)ရက်၊ (၁၆. ၁၁. ၂၀၁၆)ရက်နှင့် (၁၉. ၁၁. ၂၀၁၆)ရက် တို့သည် အမြိတ္တစုတ်ကျ၍ အကောင်းဆုံးရက်များ ဖြစ်သည်။

### အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

တနင်္ဂနွေသားသမီးသည် မြောက်အရပ်တွင် ပုန်းညက်ပင်စိုက်ပါ။

တနင်္လာသားသမီးသည် အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

အင်္ဂါသားသမီးသည် အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

ဗုဒ္ဓဟူးသားသမီးသည် အရှေ့တောင်အရပ်တွင် ကွမ်းသီးပင်စိုက်ပါ။


ကြာသပတေးသားသမီးသည် အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။

သောကြာသားသမီးသည် အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

စနေသားသမီးသည် တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## ၂၀၁၆ မျှောက်နှစ် ၁၂ လရာသီဖွားများအတွက်

# တစ်လချင်းစီအဟော

## အောက်တိုဘာလ

● ဦးတိုး(တက္ကသိုလ)

ဤအဟောများကို ထိုင်းနိုင်ငံမှ နက္ခတ္တဆရာကြီး ခါသာချင်နာဘန်ချွန် ဟောကြားထားသည်ကို ဘာသာပြန်ဆိုထားခြင်း ဖြစ်ပါသည်။ ၁၂ လရာသီဖွားများ၏ မွေးဖွားသည့် ကာလအပိုင်းအခြားသည် အနောက်တိုင်းနှင့် မတူပါ။ မွေးလ၊ မွေးရက်ကို ရှာ၍ အဟောများကို ကြည့်ရှုစေလိုပါသည်။

### မကာရ ရာသီဖွား (ဆိတ်ရုပ်)

**ဇန်နဝါရီလ ၁၄ ရက် မှ ဖေဖော်ဝါရီလ ၁၃ ရက်**

သင်၏ ထူးခြားစွာ ဆောင်ရွက်နိုင်မှုကြောင့် သူဌေး၏ အနှစ်သက်ဆုံးလူ ဖြစ်လာပေလိမ့်မည်။ ယခုလတွင် ငွေအမြောက်အမြား ဝင်လာလိမ့်မည်။ ဤသို့ဖြစ်ပေါ်လာရခြင်းမှာ သင်ကိုယ်တိုင်၏ ဖွဲလုံ့လ၊ ဝီရိယကြောင့်ပင် ဖြစ်ပေလိမ့်မည်။ ကံကြမ္မာပေါ်တွင် မှီခိုမနေပါနှင့်။ လင်မယားရန်ဖြစ်နေကြသူများသည် တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိလာကြမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

### ကုံရာသီဖွား (ရေထမ်းယောက်ျားရုပ်)

### ဖေဖော်ဝါရီလ ၁၄ ရက် မှ မတ်လ ၁၃ ရက်

လုပ်ငန်းခွင်မှ အသေးအဖွဲကိစ္စရပ်များအတွက် ခေါင်းခဲစရာဖြစ်လာမည်။ ထို့ကြောင့် သင့်အနေဖြင့် စိတ်ရှည်သည်းခံဖို့ လိုပေလိမ့်မည်။ အခြားသူများ၏ ငွေရေးကြေးရေးတွင် ကိုယ်နှင့်မဆိုင်ဘဲ ဝင်ရောက်စွက်ဖက်မိတတ်သဖြင့် သင်ကိုယ်တိုင် ဒုက္ခတွေ့ရတတ်သည်။

### မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်)


### မတ်လ ၁၄ ရက် မှ ဧပြီလ ၁၄ ရက်

သင်၏ အုပ်ချုပ်သူမှ သင့်အား ချီးကျူးဂုဏ်ပြုပေးမည်ဖြစ်၍ အများ၏ မျက်နှာသာပေးခြင်း ခံရလိမ့်မည်။ ဆက်တိုက်ဆိုသလို ဝင်ငွေကလေးများ ရှိနေပေလိမ့်မည်။ ချစ်သူရည်းစားများအနေဖြင့် ခရီးသွားနေရသလို ပျော်ရွှင်ချမ်းမြေ့မှုရှိနေမည်။

### မိဿရာသီဖွား (သိုးထီးရုပ်)

### ဧပြီလ ၁၅ ရက် မှ မေလ ၁၄ ရက်

ယခုလတွင် ငွေကုန်ကြေးကျ များနေပါလိမ့်မည်။ အထူးသဖြင့် လက်ဆောင်ပေးနေရ၍လည်းကောင်း၊ ပြုပြင်နေရ၍လည်းကောင်း ဖြစ်မည်။ အခြားသူများကို ငွေမချေးလိုက်ပါနှင့်။ ရေရှည်ခေါင်းကိုက်နေရမည့်ကိစ္စ ဖြစ်လာပေလိမ့်မည်။ လုပ်ငန်းခွင်တွင် မောပန်းနေရမည်။ သင်၏ ချစ်မေတ္တာရေးဘဝတွင် အငြင်းအခုံများဖြင့် ကသီလင်တ ဖျာများနေရတတ်သည်။



### ပြိဿရာသီဖွား (နွားလားဥဿဘရုပ်)

### မေလ ၁၅ ရက် မှ ဇွန်လ ၁၄ ရက်

သင်၏အလုပ်သည် ခက်ခဲကြမ်းတမ်းမည်ဖြစ်ပြီး သင်၏ ကြိုးပမ်းအားထုတ်မှုများကိုလည်း အသိအမှတ်မပြုဘဲ လျစ်လျူရှုခြင်းခံရမည်။ အပြောင်းအလဲဖြစ်လာစေရန် ဦးတည်နေပြီး သင့်တွင် သူဌေးအသစ်များ ရှိလာပါလိမ့်မည်။ အချေအတင်ငြင်းခုံရမှုများကို ရှောင်ရှားပါ။ ချစ်သူရှိနေကြပြီးသူများအနေဖြင့် မနာလိုဝန်တိုမှုကို ရှောင်ရှား၍ ကိုယ့်ချစ်ရသူနှင့် ထေ့လုံး၊ ငေါ့လုံးများ မပြောရန် ဆင်ခြင်ပါ။

### မေထုန်ရာသီဖွား (အမြွာရုပ်)

### ဇွန်လ ၁၅ ရက် မှ ဇူလိုင်လ ၁၅ ရက်

သင်လုပ်ကိုင်နေရသည့် အလုပ်သည် ကောင်းမွန်စွာ တည်ငြိမ်မှုရှိပါသည်။ သင့်သူဌေးများမှ သင်၏အရည်အချင်းကိုသိမြင်၍ ဆုလာဒ်များ ချပေးလိမ့်မည်။ သင်၏ အကြံဉာဏ်များကို တင်ပြရမည့် အချိန်အခါကောင်းဖြစ်သည်။ တစ်ဖက်သတ်ချစ်နေရသူများ ယောင်လည်လည် ဖြစ်နေဦးမည်။ ချစ်ကျွမ်းဝင်ပြီးသူများ တစ်ဦးနှင့်တစ်ဦး ပိုမိုနီးကပ်နေကြရပေလိမ့်မည်။

### ကရကဋ်ရာသီဖွား (ပုစွန်လုံးရုပ်)

### ဇူလိုင်လ ၁၆ ရက် မှ ဩဂုတ်လ ၁၆ ရက်

ငွေလွယ်လွယ်ဝင်၍ ပိုက်ဆံအများအပြား သုံးစွဲနေရမည်။ အထူးသဖြင့် သင်၏ မော်တော်ကား စသည့် ယာဉ်များအပေါ်တွင် ဖြစ်လိမ့်မည်။ တစ်ကိုယ်တည်းသမားများနှင့် ချစ်သူရှိပြီးသူများပါ အချစ်ရေးရှုပ်ထွေးနေတတ်သည်။ အကြောင်းရင်းမှာ ချစ်စရာကောင်းသူ အများအပြားကို ဆွဲဆောင်တတ်သောကြောင့် ဖြစ်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com

## သိဟ်ရာသီဖွား (ခြင်္သေ့ရုပ်)
## ဩဂုတ်လ ၁၇ ရက် မှ စက်တင်ဘာလ ၁၅ ရက်

သင့်အား ခက်ခဲသောအလုပ်တစ်ခုကို စေခိုင်း၍ စမ်းသပ်ခြင်းခံရမည်။ တစ်စုံတစ်ရာ စတင်ပြုလုပ်ရန် ကောင်းသော အခွင့်အရေးတစ်ရပ် ဖြစ်သည်။ ယခုလနှောင်းပိုင်းလောက်တွင် သင့်အနေဖြင့် ဒုက္ခတွေ့ရတတ်သော်လည်း သင့်ထက် အသက်ကြီးသူထံမှ အကူအညီအကြံဉာဏ်ယူ၍ ဖြေရှင်းနိုင်ပါလိမ့်မည်။ သင်၏ ငွေရေးကြေးရေးဆိုင်ရာ ဘဝတွင် သောကများစရာ ရှိနေဦးမည်။

## ကန်ရာသီဖွား (အပျိုစင်ရုပ်)
## စက်တင်ဘာလ ၁၆ ရက်မှ အောက်တိုဘာလ ၁၆ ရက်

လက်မလည်နိုင်ရလောက်အောင် အလုပ်များ တစ်ပုံကြီးရှိနေမည် ဖြစ်သော်လည်း ကူညီပေးမည့်သူများကို ရှာရခက်နေလိမ့်မည်။ ကိုယ့်ဘာသာကိုယ် အားကိုးခြင်းသည် အလုံခြုံဆုံးဖြစ်ပေမည်။ ငွေအလုံးအရင်းရှိဖို့ ပုံစံကောင်းဝင်လာပါပြီ။ နားလည်မှုလွဲ၍ ချစ်ရေးချစ်ရာကိစ္စ မတည်မငြိမ်ရှိလိမ့်မည်။

## တူရာသီဖွား (ချိန်ခွင်ရုပ်)
## အောက်တိုဘာလ ၁၇ ရက် မှ နိုဝင်ဘာလ ၁၅ ရက်

တစ်စုံတစ်ဦး၏ အပနာပပြောစကားများကြောင့် အရှုပ်အထွေးဖြစ်လာလိမ့်မည်။ အကယ်၍ စီးပွားရေးလုပ်ငန်းတွင် မဖြေရှင်းနိုင်လျှင် သင့်အထက်အရာရှိများအား ချဉ်းကပ်၍ အကြံဉာဏ်တောင်းယူပါ။ လုပ်ငန်းခွင်၌ ဖိအားပေးခြင်းခံနေရသူများအတွက် သတင်းကောင်းများကို လက်ခံရရှိမည်။ အချစ်ရေးတွင် စတင်တင်ချင်း ဆိုးသော်လည်း အဆုံးသတ်တွင် ကောင်းမွန်လိမ့်မည်။

## ဗြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်)
## နိုဝင်ဘာလ ၁၆ ရက် မှ ဒီဇင်ဘာလ ၁၄ ရက်

လုပ်ငန်းခွင်၌ မဆုံးဖြတ်နိုင်မှုနှင့် ပြောင်းလဲမှုအကြား



သင့်အနေဖြင့် ဆုပ်လည်းစူး၊ စားလည်းရူး ဖြစ်သကဲ့သို့ အကျပ်ရိုက်နေလိမ့်မည်။ အသေးအဖွဲ့ ကုန်ကျငွေများရှိ၍ မထောင်းတာဟု ထင်မြင်ရသော်လည်း အားလုံးစုလိုက်လျှင် သုံးစွဲရငွေတစ်ပုံကြီး ဖြစ်လာလိမ့်မည်။ တစ်ကိုယ်တည်းသမားများအနေဖြင့် သူငယ်ချင်းများ၏ အကြားမှ သင့်တော်သူနှင့် တွေ့ရလိမ့်မည်။

## ဓနုရာသီဖွား (လေးစွဲယောက်ျားရုပ်)
## ဒီဇင်ဘာလ ၁၅ ရက် မှ ဇန်နဝါရီလ ၁၃ ရက်

လုပ်ငန်းခွင်တွင် စနစ်သစ်တစ်ရပ် ထည့်သွင်းလိုက်၍ ရှုပ်ထွေးသွားပေလိမ့်မည်။ သို့သော်လည်း မကြာမီ အရာရာသည် အဆင်ပြေသွားပါလိမ့်မည်။ သင့်တွင် အပိုဝင်ငွေရှိနေသော်ငြားလည်း လကုန်ပိုင်းတွင် ငွေပြတ်နေမည်ဖြစ်သည်။ တစ်ကိုယ်တည်းသမားများ တစ်စုံတစ်ဦးအား အသေအချာတွေ့ရပါလိမ့်မည်။ ချစ်သူများ အကြီးအကျယ် စကားများကြရပါလိမ့်မည်။

**ဦးတိုး(တက္ကသိလ)**

***Reference:***

BKK Post, Khatha Chinnabanchorn ၏ Here's what awaits in 2016.



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာ့ရှင်ဘုရင် မဟာပထမံအောင်မင်းခေါင်၏ ဖြစ်ရပ်ဆန်းများ (၂)

**နန္ဒာမင်းခေါင်**

### ပုပ္ပားဆိုတောင်ညို့မြတ်ဆီက ကမ္ဘာ့ရှင်ဘုရင် မဟာပထမံအောင်မင်းခေါင်

ပုပ္ပားဆိုတောင်ညို့မြတ်ဆီက
အောင်မင်းခေါင် ဘိုးတော်တဖော့
မ. . .ပါလိမ့်. . .မြန်ပြည်မှာ
သာသနာရောင်ဝါ လင်းပါလို့
ကပ်ဆိုးကိုကျော်
မြတ်ဘိုးတော်နိုင်ငံလှည့်တယ်
အေးပြီကွဲ့လေး. . .။

ကမ္ဘာ့ရှင်ဘုရင်ဘွဲ့ခံ ပထမံဘိုးမင်းခေါင်သည် ပုပ္ပားတောင်မြတ်သို့ ၁၃၁၀ ပြည့်နှစ်ဝန်းကျင်တွင် ရောက်ရှိခဲ့သည်။ ဘိုးတော်အောင်မင်းခေါင်သည် ပုပ္ပားတောင်မြတ်အား ဓာတ်ပန္နက်စခန်းအဖြစ် သတ်မှတ်လျက် မိမိ၏မနောပဏီဓိဆုတောင်းအရ သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ ဝီရိယပါရမီစသော အလီလီသောပါရမီ ပြီးမြောက်အောင်မြင်စေရန် ကြွရောက်ဖြည့်ဆည်း ကျင့်ကြံအားထုတ်ခဲ့လေသည်။

ဘိုးမင်းခေါင်သည် ပုပ္ပားတောင်မှနေ၍ အလုံးစုံသော ဝိဇ္ဇာအကျင့်စခန်း ပါရမီလမ်းကိုပြီးမြောက်၍ ၁၃၁၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက် ည နေ ၄း၁၅ နာရီခန့်၌ အပြီးပိုင် ထွက်ရပ်လမ်းသို့ ကြွမြန်းတော်မူလေ၏။

### ဗျာဒိတ်တော်အရ တောင်ထူးတောင်မြတ် တောင်ကလပ်

အဘမင်းခေါင်သာသနာပြုခဲ့သော ပုပ္ပားတောင်သည် ဘုရားဗျာဒိတ်တော်အရ တောင်ထူးတောင်မြတ်ဖြစ်သည်။

ဘိုးတော်မင်းဖြိုးခွင်း သက္ကရာဇ် ၁၂၃ ခု သက်တော်အားဖြင့် ၅၅ နှစ်၊ ဝါတော်အားဖြင့် ၂၀ လောက်၌ ဂေါတမဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ ယူဇနာ ၃၀၀ ကွာဝေးသော အရှင်ပုဏ္ဏ၏ မွေးရပ်ချက်ကြွေဇာတိမြေဖြစ်သော သုနာပရန္တတိုင်း (ယခုလယ်ကိုင်းကျောင်းတော်ရာ) သုပ္ပားဒကာသသဘော်ဆိပ် ဝဏ္ဏိဂါမကျောင်းတော်သို့ အလှူခံကြွတော်မူသည်။

ယင်းရွာနှ၌ ခုနစ်ရက်ခန့် သီတင်းသုံးတော်မူပြီးဂျောင် တစ်နေ့သောအခါ အရှင်အာနန္ဒာမထေရ်ကို နောက်တော်ပါပြုလျက် ပြည်ဖိုးဦးတောင်ထိပ်သို့ ကြွရောက်တော်မူ၏။ ထိုအခါ၌ သမုဒ္ဒရာရေပြင်တွင် နွားချေးခြောက်မျောလာသဖြင့် ပွေးငယ်တစ်ကောင်သည် နှုတ်သီးဖြင့် မြေကိုကော်၍ ဘုရားရှင်အား လှူဒါန်းတော်မူ၏။ ဘုရားရှင်သည် ယင်းနိမိတ်နှစ်ပါးကို မြင်တွေ့၍ ပြုံးတော်မူလျှင် ညီတော်အာနန္ဒာက သိခွင့်ကိုလျှောက်ထား၍ ထိုအခါ ဘုရားရှင်သည် နိမိတ်ငါးပါးအား ဗျာဒိတ်စကားခြွေလေ၏။

"ငါဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် သက္ကရာဇ် ၁၀၁ နှစ်သို့ ရောက်သော် -

(၁) မြေကြီးငလျင် ပြင်းထန်စွာလှုပ်လတ္တံ့၊
(၂) ဤဖိုးဦးတောင်အရပ်၌ အင်းကြီးဖြစ်ပေါ်လတ္တံ့၊
(၃) စမုံဖြစ်လတ္တံ့၊
(၄) သရေခေတ္တရာပြည် တည်ထောင်ရာအရပ်၌ ပင်လယ်သမုဒ္ဒရာရေ ခန်းခြောက်လတ္တံ့၊
(၅) ပုပ္ပားတောင်မြေမှာ စုန့်စုန့်ပေါ်လတ္တံ့"

ဟူ၍ ဗျာဒိတ်စကား မိန့်ကြားလေသည်။

ဘုရားရှင်၏ ဗျာဒိတ်တော်အရ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးနောက် သာသနာတော်သက္ကရာဇ် ၁၀၁ နှစ်မှ စတင်ထွက်ပေါ်လာသော ပုပ္ပားတောင်ခြေသည် ယနေ့ သာသနာ



www.burmeseclassic.com

www.burmeseclassic.com

## ထူးခြားသည့်တောင် ကိုးတောင်၊ ပလ္လင် ကိုးခု၊ ကုန်းကိုးကုန်း၊ အိုင်ကိုးအိုင်

ပုပ္ပားတောင်မကြီးအား ဝန်းရံလျက်ရှိသော အဓိက တောင်မှာ တောင်ကိုးလုံးဖြစ်၍ အခြားအမည်မသိသော တောင်များ မြောက်များစွာ တည်ရှိနေခြင်းကလည်း ထူးခြား နေ၏။

အမှန်တကယ်မှာမူ ဝန်းရံလျက်ရှိသော တောင်များ မှာ ၆၀ ကျော်ခန့်ရှိ သည်ဟု ပုဂံရာဇဝင်၌ ဆိုထားသည်။ အချို့သော အမှတ်အသားအရမူ တောင်ရံပေါင်း ၉၀ နှင့် ၁၀၀ ဝန်းကျင်ခန့်ရှိသည်ဆို၏။

နဝင်းအရ ထူးခြားသည့် တောင်ကိုးလုံးမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

(၁) တောင်ပုတောင်၊ (၂) တောင်လုတောင်၊ (၃) ရွှေတွင်းတောင်၊ (၄) ငွေတွင်းတောင်၊ (၅) မြောက်နားတောင်၊ (၆) အလယ်တောင်၊ (၇) တောင်နားတောင်၊ (၈) မြက်သောက်တောင်၊ (၉) ရသေ့တောင်တို့ ဖြစ်ကြ၏။ ယင်းတို့မှာ ပုပ္ပားတောင်အား ဝန်းရံထားသည့် အောင်မြေကိုးတောင်ဖြစ်၏။

ပလ္လင်ကိုးဌာန၊ ကုန်းကိုးကုန်း၊ အိုင်ကိုးအိုင် အစရှိ သော ဂမ္ဘီရဆန်သော နေရာများနှင့် ကန်ကိုးကန် အံ့ဖွယ်ကိုး ပါးတို့ တည်ရှိနေပါသည်။

ရှင်းအပြင် ပုပ္ပားရေထွက် ၉၉ ဟူ၍ အစဉ်အလာ ဆိုစကားရှိခဲ့၏။ အဘအောင်မင်းခေါင် အရှင်သည် ပုပ္ပား တောင်ခေါင်းတုံးအား သျှောင်ထုံးစဉ်ကာလ သာသနာ ပြုနေထိုင် သီတင်းသုံးခဲ့စဉ်ကာလ (ထွက်တော်မူခင်) တစ် လျှောက်လုံး သံသရာမှ တော်စပ်ပတ်သက်ခဲ့ကြရသော ဘဝ ပဋ္ဌာန်းသွေးဆက် သားဆက်ပါရမီရှင် ခုနစ်ရက်သားသမီး အပေါင်းတို့အား ပါရမီအနုအရင့်ကိုလိုက်၍ ဝိဇ္ဇာမယ ဝိဇ္ဇာ သိဒ္ဓိအဖုံဖုံ၊ သိဒ္ဓိအစုံစုံအား အခါအားလျော်စွာ အကြောင်း အကျိုးကို ပြသတော်မူခဲ့လေသတည်း။

## မြူခိုးရစ်မှောင် နဂါးရစ်တောင် မင်းခေါင်လျှောက်၍လာလတ္တံ့.

မြူခိုးရစ်မှောင် နဂါးရစ်တောင်
မင်းခေါင်လျှောက်၍ လာလတ္တံ့.
မင်းခေါင်ဝိဇ္ဇာ လျှောက်၍လာ
ပြည်ရွာတိုင်းကား သာလတ္တံ့.
မင်းခေါင်ဝိဇ္ဇာ ရောက်သောခါလျှင်
စကြာတံခါး ပွင့်လတ္တံ့.
စကြာပွင့်စဉ် ကုန်းမြေပြင်
ရေယာဉ်ထမ်းပိုး လွှမ်းမိုးလတ္တံ့.
အညစ်သမား လူဗာလ ရေမှာနစ်၍ဆုံးလတ္တံ့.
စောင်ချမ်းနစ်လို့ ဘူးတောင်ပေါ်
ထိုရောအခါ ဖြစ်လတ္တံ့.
ဝိဇ္ဇာစစ်သည်
အပြန်ပြန်လှည့်၍ ထွက်လတ္တံ့.
စကြာလက်နက် ဆောင်ယူလျက်
မင်းထက်ကျောက်ဖျာ ပို့လတ္တံ့.
စကြာလက်နက် မင်းထက်ကျောက်ဖျာ
ရောက်သောခါလျှင်
အာကာခရီး မြင်းယာဉ်စီး၍
ထီးတစ်ရာဝင် စကြာရှင်သည်
ဆောလျှင်မကြာ ရောက်လတ္တံ့။

နဂါးရစ်တောင်သည် မန္တလေးတောင်ကို ခေါ်ဝေါ် ခဲ့ကြခြင်း ဖြစ်သည်။

## ငါးမည်ရ တောင်ထူးတောင်မြတ်

မန္တလေးတောင်တော်မြတ်သည် ကကုသန်ဘုရားရှင် လက်ထက်တော်က "ဝေလာမပူရတောင်"ဟူ၍ အမည် တွင်ခဲ့၏။ ကောဏာဂုံဘုရားရှင်လက်ထက်တော်က "ပါဒသ ပူရတောင်"ဟု အမည်တွင်ခဲ့၏။ ကဿပဘုရားရှင် လက် ထက်တော်က "မဟာသုဒဿနတောင်"ဟု အမည်တွင်ခဲ့၏။ ဂေါတမဘုရားရှင် လက်ထက်တော်၌ "ဝေဘူလတောင်၊ နဂါး ရစ်တောင်"ဟူ၍လည်းကောင်း၊ "မင်းကလောတောင်"ဟူ ၍လည်းကောင်း၊ "နေထွက်တောင်"ဟူ၍လည်းကောင်း၊ "မန္တလေးတောင်"ဟူ၍လည်းကောင်း ငါးမည်ရသော ဘွဲ့ထူး အား ရရှိခဲ့ယူထားသည့် တောင်ထူးတောင်မြတ်ဖြစ်သလို နောင်တွင် ပွင့်လာလတ္တံ့သော အရိမေတ္တယျဘုရားရှင် လက် ထက်အခါ၌မူ သက်သာပညာ တောင်ဟူသောအမည်ကို ခံယူ လိမ့်မည်ဖြစ်ကြောင်း အထင်အရှား ညွှန်းဆိုပြသထားပါသည်။


www.burmeseclassic.com

www.burmeseclassic.com

တော်သက္ကရာဇ် ၂၅၁၅ ခုနှစ်တွင် သက်တော် **၂၄၅၄ နှစ်** ခန့်ရှိပြီဖြစ်၍ ဘုရားရှင်၏ ဗျာဒိတ်တော်အရ **တောင်ထူး** တောင်မြတ် တောင်ကလပ်ပင်ဖြစ်ပါသည်။

## ဘုရားရှင်၏ဗျာဒိတ်ရ ဘွဲ့အထူးထူးရှိသော ပုပ္ပားတော်

ပုပ္ပားတောင်တော်မြတ်သည် ဘုရားဘုရားအဆူဆူတို့၏ လက်ထက်တော်၌လည်း ဘွဲ့အမည်အထူးထူးကို ပိုင်ဆိုင်ထားသည့် တောင်ဖြစ်ပါသည်။

(၁) ကကုသန်ဘုရားရှင်လက်**ထက်တော်၌ ပေါက္ကံ**ယခုပုဂံပြည်အား ပဏ္ဏုပလာသဟု **ခေါ်ဆို၍** ပုပ္ပားတောင်ကို ပုပ္ပရာသီတောင်ဟု တွင်၏။

(၂) ကောဏာဂုံဘုရားရှင် လက်ထက်တော်၌ ပုဂံပြည်အား တမ္ဗကုတ္တိခေါ်ဆို၍ ပုပ္ပားတောင်ကို ဂန္ဓနတောင်ဟု အမည်တွင်၏။

(၃) ကဿပဘုရားရှင် လက်ထက်၌ ပုဂံပြည်အား တမ္ဗဒေသခေါ်ဆိုကာ ပုပ္ပားတောင်ကို မုတ္တမတောင်ညိုဟု အမည်တွင်၏။

(၄) ဂေါတမဘုရားရှင် ပွင့်တော်မူစဉ် ပုဂံပြည်အား ပုဂံရာဇဝင်အရ

(၁) ပေါက္ကံ - ရာမ၊ (၂) အရိမဒ္ဒနာ၊ (၃) ပုဏ္ဏကာမ၊ (၄) တမ္ဗဝတီ၊ (၅) သီရိပစ္စယာ၊ (၆) သမ္မုဏ္ဏဂါ၊ (၇) ပဏ္ဏုပလာသ၊ (၈) နာဂရုတ္တမ၊ (၉) ပရမပုရ၊ (၁၀) သမာဓိနာဂရ၊ (၁၁) တမ္ဗဒေသ၊ (၁၂) ဝေဠုကာရာမ၊ (၁၃) ပုဂံပြည်

ဟု ခေါ်ဆိုခဲ့ပြီး ထိုတောင်ကိုမူ ပုပ္ပားတောင်ဟု ခေါ်ခဲ့၏။

ပုပ္ပားဝနပဗ္ဗတ (ပန်းတောင်) ယင်းမှ ကာလရွေ့လျားသွားပြီးလျှင် ပုပ္ပာပဗ္ဗတ - ထိုမှ ပုပ္ပားတောင်ဟူ၍ ခေါ်ခဲ့ခြင်းဖြစ်ပါသည်။

အဓိပ္ပာယ်မှာ အမျိုးမျိုးအစုံစုံသော ပန်းအပေါင်းတို့ ပွင့်ရာ၊ ပေါများရာ တောင်ဟုဆိုပါသည်။ ပုပ္ပားတောင်သည် (၁) ပုဗ္ဗတောင်၊ (၂) ပုပ္ပတောင်၊ (၃) ပါးပုတ်တောင် ဟူ၍ သုံးမည်ရ၏။ ပုပ္ပားတောင်သည် မြန်မာနိုင်ငံအလယ်ပိုင်း ...ရှိမခေါ် အလယ်ရိုးမ၏ မဟာထွတ်ဖူး တောင်ဦးတောင်အားလည်း ဖြစ်၏။

ပထဝီဝင်အရ ထူးမြတ်လှသော ပုပ္ပားတောင်ကြီး**သည်** မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်**အတွင်း၌** တည်ရှိ၍ မိုးယံလွင့်ကြွားစွာ တည်ရှိနေပါသည်။ **တောင်ခြေရင်းမှ** တောင်မကြီးအထိ မြင်းမိုရ်တာနှင့် ၄၁၉ တာခန့်ရှိ၍ မြင်းမိုရ်တာသည် ခုနစ်တောင်လျှင် တစ်တောင်ဖြစ်သောကြောင့် ပုပ္ပားတောင်သည် ၂၈၆၃ တောင်မြင့်၍ ပေအရ ၄၂၉၉ ပေ ၆ လက်မရှိ၏။ ၁၉၂၆ ခုနှစ် ပထဝီဝင်အရ ပင်လယ်ရေမျက်နှာပြင်မှ တိုင်းတာလျှင် တောင်မကြီးထိပ်အမြင့်ဆုံးဖြစ်သော ငှက်မြတ်နားတောင် (ခေါ်) မုန်ပြုတောင်ထိပ်အထိ ပေပေါင်း ၄၉၈၁ ပေခန့်မြင့်ပါသည်။

ယင်းပုပ္ပားတောင်သည် အရပ်လေးမျက်နှာမှနေ၍ ကြည့်ရသော် ပုံသဏ္ဌာန်လေးမျိုး၊ နိမိတ်လေးမျိုးအသွင် မြင်တွေ့ရသည်မှာ ဂမ္ဘီရဆန်လှ၏။

ပုပ္ပားတောင်ကို အရှေ့ဘက်မှကြည့်လျှင် နွားလပို့အသွင်မြင်ရ၏။ တောင်အရပ်မှကြည့်လျှင် စပါးပုံကြီးအသွင်မြင်ရ၏။ အနောက်ဘက်မှကြည့်လျှင် ဆင်ဝပ်တွားနေသောသဏ္ဌာန်မြင်ရ၏။ မြောက်ဘက်မှနေ၍ကြည့်လျှင် ရက်ကန်းလက်ခတ်အသွင်မျိုး မြင်တွေ့ရသည်ဆို၏။

## နဝင်းစာတ်အောင်မြေ ကိုးဌာန

ပုပ္ပားတောင်သည် ဂမ္ဘီရဆန်သော တောင်ထူးတောင်မြတ်ဖြစ်သလို ရှေးဂန္ဓာရီ သူမြတ်တို့နှင့် ဝိဇ္ဇာပုဂ္ဂိုလ်ထူးကြီးများ ကျင့်ကြံအားထုတ် ပြီးမြောက်ခဲ့ကြသော တောင်ထူးပင်ဖြစ်၏။

အဘအောင်မင်းခေါင် ကိုယ်တိုင်လည်း တောင်ကတုံးများကို သျှောင်ထုံးခဲ့ရာတောင်ဖြစ်၍ ပုပ္ပားတောင်ထူးသည် အောင်မြေကိုးဌာန တည်ရှိနေ၍ ယင်းတောင်မြေ ကိုးဌာနမှာ

(၁) သီလတောင်-ရှေးက သဇာယနတောင်၊ တောင်ပုတ်တောင်၊ (၂) လွမ်းတောင်၊ (၃) မျှော်တော်တောင်၊ (၄) ကျောက်တင်းတိမ်၊ (၅) ရသေ့တောင်၊ (၆) သမဲကျင်း၊ (၇) ရွှေလဝင်း၊ (၈) မုန်ကင်းတောင်၊ (၉) ဇေယျာသခ်တို့ ဖြစ်ကြ၏။

ယင်းဘူမိနက်သန် အောင်မြေကိုးဌာနသည် လောကီယဝိဇ္ဇာလမ်းစဉ်နှင့် ဂန္ဓာရီဝိဇ္ဇာလမ်းစဉ်များကို ကြိုးပမ်းအားထုတ်ကြသော ရဟန်းရှင်၊ လူ၊ ရသေ့၊ ယောဂီအပေါင်းတို့ သိဒ္ဓိစာတ်ယူရန် နေရာထူးများဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

## တောင်ကိုးလုံးခြံရံထားခြင်း

ယင်းသို့ဆိုခဲ့ပြီးသော ငါးပါးသော ဘွဲ့ထူးများကို ခံယူထားသော တောင်ထူးတောင်မြတ်ဖြစ်သည့် မန္တလေးတောင်၊ နဂါးရစ်တောင်တော်မြတ်အားလည်း တောင်မကြီးကိုးလုံး ခြံရံလျက်ရှိသည့်အပြင် ကိုးလုံးသောတောင်ငယ်များကလည်း လှပတင့်တယ် စံပယ်လျက် ခြံရံလျက်ရှိနေသည်က ကသိုဏ်းဝန်းပမာ တည်ရှိနေပါသည်။

ယင်းတောင်ငယ် ကိုးလုံးမှာ

(၁) ရွှေတောင်၊ (၂) ငွေတောင်၊ (၃) ကြေးဦးတောင်၊ (၄) ဒုဗ္ဗာတောင်၊ (၅) ဆေးဒန်းတောင်၊ (၆) သလ္လဲတောင်၊ (၇) သန္တာတောင်၊ (၈) ပတ္တမြားတောင်၊ (၉) ရေလွှဲတောင်များ ဖြစ်ကြ၏။

ယင်းထင်ရှားသော တောင်ကိုးလုံးသည် ပင်မအလယ် ဗဟိုချက်ချာ၌ တည်ရှိနေသော မန္တလေးတောင်(ဝါ) နဂါးရစ်တောင်တော်မြတ်အား ဝန်းရံတည်လျက် ယနေ့တိုင် တွေ့မြင်နိုင်ပါသည်။

ယင်း ကိုးလုံးသောတောင်များသည် အောင်မြေထူးများ ဖြစ်ပါသည်။

## နဂါးရစ်တောင်တော်ပုံ

ယင်းနဂါးရစ်တောင်တော်ကို ဝိဇ္ဇာလောက၊ နတ်လောကမှ မှည့်ခေါ်ထားသော အမည်ထူးသာလျှင် ဖြစ်ပါ၏။ ယင်းတောင်၏ အကြောင်းမှာ ယခုလက်ရှိ ဗျာဒိတ်ပေးရုပ်ပွားတော်ကြီးနှင့် ညီတော်အာနန္ဒာ ရုပ်ပွားတော်ကြီးများ တည်စဉ်ကပင် ဖြစ်သည်။

ဘဝရှင် မင်းတရားကြီး၏မြေတော် မြန်အောင်ဗိုလ်မှူးမင်းသား၏ သားတော်ဖြစ်သော အရှင်နန္ဒီသူရိယ သီဟသူရသည် ဗန်းမော်မြို့မှ သက်တော်ကြီး ညီနောင်နှစ်ဆူကို ရေကြောင်းခရီးဖြင့် ပင့်ဆောင်ကာ မန္တလေးဂေါဝိန်ဆိပ်ကမ်းမှ စက်ကြိုးယန္တရားအစုံဖြင့် ပွဲကြီးကျင်းပပြီး စစ်တပ်ကြီးခင်းကာ မန္တလေးတောင်သို့ ပင့်ဆောင်ခဲ့သည်။

မန္တလေးတောင်၏ တောင်ဘက် ကွင်းပြင်၌ ထီးဖြူရုံတော်ကြီး ဆောက်လုပ်၍ ရုပ်ပွားဆင်းတုတော်ကြီး ထုလုပ်တည်နေစဉ် အလျား ၁၂ တောင်၊ လုံးပတ် ၃ ထွာခန့်ရှိပြီး နာပ ၉ ပေါက်ရှိသော မြွေကြီးနှစ်ကောင်သည် သစ်တော်ကြီးနှစ်ဆူအနီးမှ ထူးဆန်းစွာ ထွက်ပေါ်လာ၏။ ထုလုပ်ဆဲ ရုပ်ပွားတော်ကြီးအား ပူဇော်ကန်တော့သည့်အနေဖြင့် ပါးပျဉ်းမိုးကာ၍တစ်မျိုး၊ ခွေ၍တစ်ဖုံ လေးလတိုင်တိုင် အထင်အရှား ပူဇော်ကန်တော့၍နေကြောင်းဆို၏။

ထို့ကြောင့် ဤတောင်၌ နဂါးလေးမျိုးတို့တွင် တစ်မျိုးအပါအဝင်ဖြစ်သော နတ်မြွေ(ဝါ) နတ်နဂါးများသည် ဘုရားရှင်၏ ဓာတ်တော်၊ မွေတော်များ ကိန်းအောင်းရာ သာသနာတော်၏ အလင်းဓာတ်ပြန်ပေါ်ရာ ဤမန္တလေးတောင်ကို ရစ်ပတ်ကာ စောင့်ရှောက်လျက်ရှိကြောင်း နိမိတ်ထူးဖြစ်သည်ကို သက်သေခံလျက်ရှိနေသလို နဂါးရစ်တောင်ဟူ၍ မှည့်ခေါ်ခြင်းဖြစ်ပါသည်။

ယင်းအပြင် လောကီဓာတ်စခန်း၊ ဓာတ်လမ်းများ၌ ပြဒါး၊ ဆေးဒန်း၊ သတ္တုစသော ဓာတ်များကို အဂ္ဂိရတ်အတတ်ပညာဖြင့် စီမံဖန်တီး၍ ပြီးဆုံးအောင်မြင်လျက် နဂါးဓာတ်ရောက်ပြီး ထွက်ရပ်လမ်းသို့ မြန်းကြွသော ဝိဇ္ဇာ၊ ဇော်ဂျီအပေါင်းစံရာ ကန်ပေါင်အချိုးအတိုင်း ယင်းနဂါးရစ်တောင်အား ဗဟိုပြုလျက် မြစ်အနောက်ဘက်မှ မင်းဝံတောင်၊ မန္ဒာလီတောင်၊ မြစိမ်းတောင် ဖြစ်ပါလေ၏။ ရွှေမြင်တင်တောင်၊ မြောက်ဘက်မှ မရွှေဥတောင်၊ အရှေ့ဘက်မှ ပုလုတောင်၊ ရန်ကင်းတောင်၊ ရေတံခွန်တောင်၊ တောင်အရပ်မှ ကြက်နပါးတောင် အစရှိသော တောင်ထူးတောင်မြတ်တို့ကို အမှီပြုလျက် မန္တလေးတောင်(နဂါးရစ်တောင်)အား ရစ်ပတ်ဝန်းရံပြီး နတ်ဝိဇ္ဇာမြို့ကြီးအဖြစ် ဖန်တီးလျက် ပျော်စံနေကြ၏။

ဤ နဂါးရစ်တောင်သည် တောင်ထူး၊ တောင်မြတ်အဖြစ်နှင့် တည်ရှိနေပြီး ဘုရားအဆူဆူတို့၏ သာသနာဓာတ်၊ အာဏာ၏ဓာတ်ပန္နက်များ ရိုက်နှိပ်တော်မူကြသကဲ့သို့ သာသနာပြုမင်း အဆက်ဆက်တို့၏ သာသနာဓာတ် ပန္နက်များ အလုံးစုံသော ဝိဇ္ဇာတို့၏ ဦးစီးဥက္ကဋ္ဌ သဗ္ဗသိဒ္ဓိ ဝိဇ္ဇာဖြစ်တော်မူသော ကမ္ဘာ့ဘုရင်ဘွဲ့ခံ ဘိုးမင်းခေါင်ကြီးနှင့် ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်အပေါင်းတို့၏ အောင်မြေအမှန် ကမ္ဘာ့ဦးသျှောင် ကမ္ဘာ့ဓာတ်ရုံတော်ကြီးပင် ဖြစ်ပေသည်။

"စခန်းမဝေးပါ မန္တလေးတောင်၊ မြွေကြီးနှစ်ကောင် သွားလို့ ကြည့်ရအောင်..."

**နန္ဒာမင်းခေါင်**




www.burmeseclassic.com

www.burmeseclassic.com

# ရွှေအောင်ရေးဆရာတော်၏ နမောပြုန်ဂါထာတော်

## ဂမ္ဘီရချစ်ကြီး(ဆင်ဖြူကျွန်း)

ကျွန်ုပ်နှင့် ဘကြီးစိုးသည် ညီအစ်ကိုအရင်းပမာ ချစ်ခင်ကြပါသည်။ သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ဘုရားကြီး၏ တပည့်များဖြစ်ကြ၍လည်း ဆရာတူတပည့်ဖြစ်ကြသည်။ မွေးနံ့တူလည်းဖြစ်သည်။ ဂါထာ တစ်ပုဒ်၊ မန္တန်တစ်ပုဒ်ကို သေချာစွာလေ့လာပြီး မှန်ကန်မှု ရှိမှ အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။ ကျွန်ုပ်တို့ အဓိဋ္ဌာန်ဖြင့် ပူဇော်သကဲ့သို့ အခြားသောသူများကိုလည်း အဓိဋ္ဌာန်ဖြင့်ပူဇော်ရန် တိုက်တွန်းသည်။ တစ်နေ့ ကျွန်ုပ် နှင့် ဘကြီးစိုး ရွှေတိဂုံဘုရား ရာဟုထောင့်ရှိ ဒေါ်စောမြ တန်ဆောင်းတွင် တွေ့ဆုံကြရင်းဘကြီးစိုးမှ ကျွန်ုပ်အား "ကိုမျိုးချစ်ရေ..ခင်ဗျားနဲ့ ကျုပ်ရဲ့အရင်းနှီးဆုံးမိတ်ဆွေ နိုင်ငံခြားသားတစ်ယောက်ရဲ့ အနိုင်ကျင့်မှုကိုခံနေရတယ်။ သူငှားထားတဲ့တိုက်ကို နိုင်ငံခြားသားကအပိုင်စီးဖို့ လုပ်နေ တယ်။ အဲ့ဒါအကူအညီတောင်းလို့ ခင်ဗျားနဲ့တိုင်ပင်ရတာ။ ခင်ဗျားနဲ့ အတူအဓိဋ္ဌာန်ဝင်နေတဲ့ နမောပြုန်အင်းအစီအရင်နဲ့ လုပ်ခိုင်းရရင်ကောင်းမလား"ဟုပြောလာပါသည်။ ကျွန်ုပ် နှင့်ဘကြီးစိုးသည် သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်၏တပည့်တစ်ဦးဖြစ်သူ ဦးပဥ္စင်းဦးတိလောက [မြန်မာ့စီးပွားရေးဘဏ် (ငြိမ်း)] မှ ပြုလုပ်ပေးသည့် "နမောပြုန်အင်းတော်မြတ်"ဖြင့် အဓိဋ္ဌာန်ဝင်နေသည်မှာ ကြာပြီဖြစ်ပါသည်။လုပ်သလောက်လည်းခရီးရောက်ကြပါ သည်။ အခြားသူအားမပေးဖူးသေးပါ။ ကျွန်ုပ်မှာ ဘကြီး စိုးအား သတ္တမမြောက် ကျော်အောင်စံထားဆရာတော်




ဘုရားကြီးအား မေးလျှောက်ပြီး မိတ်ဆွေ၏အခက်အခဲကို ဖြေရှင်းပေးသင့်ကြောင်း ပြောပြပါသည်။ ဘကြီးစိုးမှ ကျွန်ုပ်အား ဆရာတော်ဘုရားကြီးထံ သွား၍သြဝါဒကို ခံယူရန် အကူအညီတောင်းလာပါသည်။

ကျွန်ုပ်သည် သတ္တမမြောက် ကျော်အောင်စံထား

www.burmeseclassic.com

ဆရာတော်ဘုရားကြီး **သီတင်းသုံးသော မန္တလေးတိုင်း** ဒေသကြီး၊ အမရပူရမြို့သို့ **ညကားဖြင့် ထွက်ခဲ့သည်။** အမရပူရမြို့ ကျော်အောင်စံထားကျောင်းတိုက်ကြီးသို့ နံနက် ၆း၀၀ နာရီတိတိတွင် **ရောက်ရှိပါသည်။ ဆရာတော်** ဘုရားကြီး အရုဏ်ဆွမ်းအဖြစ် ယာဂုဆွမ်းနှင့် အကြော်ဘုန်းပေးနေသည်ကို တွေ့ရပါသည်။ ဆရာတော်ကြီးအား ဦးတင်ပြီး လက်ဖက်ရည်နှင့် မုန့်ဟင်းခါး သွားဝယ်၍ ဆရာတော်ဘုရားကြီးအား ဆက်ကပ်လှူဒါန်းပါသည်။ ဆရာတော်ကြီးဘုန်းပေးနေစဉ် ခြေသလုံးများအား နှိပ်နယ်၍ဝတ်ဖြည့်ပေးနေပါသည်။ ဆရာတော်ကြီးမှ "ကိုမျိုးချစ်..ခင်ဗျားလျှောက်တင်စရာရှိတာ ပြီးမှလျှောက်ပါ။ ၈ နာရီထိုးလျှင် အောင်သိဒ္ဓိဘုရားကြီးကို ဆွမ်းတော်ကပ်ပြီး ပဋ္ဌာန်းပဥ္စါဝါရ ပူဇော်မယ်"ဟု မိန့်ကြားပါသည်။ နံနက် ၈ နာရီထိုးသည်နှင့် မဟာအောင်သိဒ္ဓိဘုရားကြီးအား မဟာပရိက်ပြုကန်တော့ချိုးကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူပြီး ပဥ္စါဝါရပဋ္ဌာန်းပူဇော်ကြပါသည်။ ပြီးသည်နှင့် ဆရာတော်ဘုရားကြီးအားမှီးချဲဖြင့် ကျောင်းဝိုင်းအတွင်း လှည့်လည်ပို့ရပါသည်။ ဆရာတော်ကြီးမှ ကျောင်းဝိုင်းအတွင်း တည်ထားကိုးကွယ်သည့် ဘုရားများ၏ သမိုင်းကိုကျွန်ုပ်အားရှင်းလင်းပြပါသည်။ ကျောင်းသို့ ပြန်၍ဆရာတော်ကြီးနားနေစဉ် ဆရာတော်ဘုရားကြီးမှ ကျွန်ုပ်အား "ခင်ဗျားမေးစရာရှိတာမေးပါ"ဟု မိန့်တော်မူသဖြင့် ကျွန်ုပ်၏ ခမ္မမိတ်ဆွေတစ်ဦး နိုင်ငံခြားသားအား တိုက်တစ်လုံးငှားထားရာ နိုင်ငံခြားသားက ယခုအခါ အပိုင်စီးထားပြီးငှားရမ်းခကိုလည်း တိုးမပေးဘဲဖြစ်နေပါတယ်၊ အဲဒါအဆင်ပြေချင်လို့ ဆရာတော်ဘုရားကြီးကို ဦးတင်လျှောက်တာပါဘုရားဟု လျှောက်ထားလိုက်ပါသည်။ ဆရာတော်ဘုရားကြီးမှ "ကိုမျိုးချစ်..ခင်ဗျားဆီမှာ လွန်ခဲ့တဲ့နှစ်လေးဆယ်လောက်က ကျွန်ုပ်တပည့် တစ်ဦးကို နမောပြန်အင်းဆွဲပေးခဲ့ဖူးတယ်။ အဲဒီအင်းပြား ခင်ဗျားတို့ရထားတယ် မဟုတ်လား၊ ကျုပ် သိဒ္ဓိတင်ပေးခဲ့ဖူးတယ်၊ အဲ့ဒီအင်းပြားဟာ အမှန်ဖြစ်တယ်။ ဒါပေမယ့်ခင်ဗျားတို့ ကိုယ်တိုင်သီလ၊ သမာဓိ၊ ပညာတည်ကြည်စွာနဲ့ ဆွဲတဲ့အင်းမဟုတ်ဘူး။ ကွန်ပျူတာနည်းပညာနဲ့ လုပ်ထားတာဖြစ်တော့ အစွမ်းထက်သင့်သလောက် အစွမ်းမထက်ဘူးပေါ့။ အဲဒီတော့ ခင်ဗျားတို့ရဲ့ နမောပြန်အင်းပြားကို ခဏခဏ သိမ်ဝင်ပြီး ကမ္မဝါစာဉာတ်ပေးပါ။ ပိုပြီး အစွမ်းထက်လာပါလိမ့်မယ်"ဟု မိန့်ကြားပါသည်။ ဆက်လက်၍ ဆရာတော်ဘုရားကြီးမှ ရွှေအောင်ရေး ဆရာတော်ဘုရားကြီးရဲ့ နမောတဿကို ခုနစ်လုံးကောက်အင်းဆွဲထားတာဖြစ်တယ်။ အဲ့ဒီအင်းတော်ကို ဂါထာအဖြစ်ကောက်လိုက်ရင် စာကြောင်းလေးကြောင်းရတယ်။ ခင်ဗျားအလွတ်ရရင်ဆိုပြပါဟု မိန့်ကြားသဖြင့် ကျွန်ုပ်မှ အောက်ပါအတိုင်း ရွတ်ဆိုပြပါသည် -

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

**ဝမ္မာ တရဒ္ဓ ဂသမော အမ္ဘုဘတော နတော သဿ ဟာဿ၊**

**(ဝမ်၊ မာ၊ တ၊ ရဒ်၊ ဓ၊ ဂ၊ သ၊ မော၊ အမ်၊ ဗု၊ ဘ၊ တော၊ န၊ တော၊ သ၊ ဿ၊ ဟ၊ ဿ)**

**သတော တမ္ဗု ဟာဂ နမ္ဗာ အသဒ္ဓတော ဝမော သရ ဘဿ၊**


**(သ၊ တော၊ တမ်၊ ဗု၊ ဟ၊ ဂ၊ နမ်၊ မာ၊ အ၊ သဒ်၊ ဓ၊ တော၊ ဝ၊ မော၊ သ၊ ရ၊ ဘ၊ ဿ)၊**

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊**

ဆရာတော်ဘုရားကြီးမှ ခင်ဗျားမိတ်ဆွေရဲ့ အခက်အခဲကို အဲဒီ နမောပြန်ဂါထာတော်ရဲ့ အစွမ်းနဲ့ အကူအညီပေးဖို့ ခင်ဗျားလိုက်ပြီးတော့မှတ်ပါ၊ အသံလည်းသွင်းထားပါဟု မိန့်ပါသည်။ ဘုရားရှင်တော်ထံ ပရိက်ပြုပြီး ငါးပါးသီလခံယူပါ။ ဆွမ်း၊ ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ နံ့သာတိုင်နဲ့ အနန္တငါးပါး ကန်တော့ပွဲတင်လှူပါ။ နမောပြန်ဂါထာ လေးကြောင်းရှိတယ်။ ဖယောင်းတိုင်တစ်တိုင်စီမှာ တစ်ကြောင်းစီကို ဖယောင်းတိုင်၏ အောက်ခြေမှ ခေါင်းတက်ပြီးရေးပါ။

www.burmeseclassic.com

**ဖယောင်းတိုင်တွင် ရေးပုံရေးနည်း**
**(ဖယောင်းတိုင်တစ်တိုင်တည်းတွင်သာ ရေးရန်ဖြစ်ပါသည်။)**




**(မှတ်ချက် ။ သိမ်ဝင်အပ် (သို့) သိမ်ဝင်ဘောပင်ဖြင့် ရေးရပါမည်။)**

ဆုတောင်း(အနိုင်အထက် ပြုခံထားသောတိုက် အမြန်ဆုံးပြန်ရစေ) ဆုတောင်းကို ဖယောင်းတိုင်ခေါင်း ပိုင်းမှ အောက်သို့ရေးပါ။ ဂါထာတစ်ကြောင်းကို ဖယောင်း တိုင်တစ်တိုင်ရေး၊ ဆုတောင်းရေးပါ။ ဂါထာလေးကြောင်း ဖြစ်သည့်အတွက် ဖယောင်းတိုင်လေးကြောင်းရေးရ ပါမယ်။ ဂါထာတော်အစဉ်အလိုက် ဖယောင်းတိုင်မီးထွန်း ပြီး ဖယောင်းတိုင်တစ်တိုင်ကို ၁၀၈ လုံးပုတီးနှင့် ၁၀ ပတ် ပူဇော်ရမယ်။ (ဥပမာ-နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ) တစ်ကြောင်းပြီးလျှင် မေတ္တာသုတ်တော် ကိုးခေါက်ရွတ်ဖတ် ပူဇော်ရမည်။ သေသေချာချာမှတ်ပါ။ ဂါထာတော်လေးကြောင်းပြီးရင် ပုတီးပတ်အပတ် လေးဆယ် ရမယ်။ မေတ္တာသုတ်တော် ၃၆ ခေါက်ရမယ်။ ပြီးလျှင် ရေးထားသောဆုတောင်းကို တစ်မျိုးတည်း ဆုတောင်းပါ။ လေးဆယ့်ငါးရက် အဓိဋ္ဌာန် တင်ပြီး ကာယကံရှင်ကိုယ်တိုင်လုပ်နိုင်လျှင် ပို၍ကောင်း ပါသည်။ မလုပ်နိုင်လျှင် သီလ၊ သမာဓိ တည်ကြည်သော ဆွေမျိုးထဲမှ တစ်ယောက်ယောက်ကို ကိုယ်စားလုပ်ခိုင်း ပါ။ ၄၅ ရက်အတွင်းအားလုံး အဆင်ပြေသွားလိမ့်မယ်ဟု မိန့်ပါသည်။ အဓိဋ္ဌာန်ကိုသေသေ ချာချာပြုလုပ်ရန်ထပ်မံ၍ မိန့်ကြားပါသည်။ ကျွန်ုပ်မှမနက်ဖြန်ညမှ ပြန်မည်ဖြစ်၍ အဓိဋ္ဌာန်တစ်ခု တောင်းလိုက်ရာ ဆရာတော်ဘုရားကြီးမှ ကိုးငါးကိုးအဓိဋ္ဌာန်ဆက်လုပ်ရန် မိန့်ကြားသဖြင့် ကျွန်ုပ် လည်း ကျောက်တော်ကြီးဘုရားနှင့် တောင်မင်းကြီးဘုရား နှစ်ဆူတွင် အဓိဋ္ဌာန်ပြီးအောင်လုပ်ပြီး နောက်တစ်နေ့နံနက် စောစော ကျွန်ရှိသောဘုရားသုံးဆူအား ဆက်လက်အဓိဋ္ဌာန် ပြုလုပ်ရာ ညနေ ၄း၃၀ တွင် ကိုးငါးကိုးအဓိဋ္ဌာန်ပြီး မြောက်အောင်မြင်သွား၍ ဆရာတော်ဘုရားကြီးအား လျှောက်ထားပါသည်။ ဆရာတော်ဘုရားကြီးမှ ကျွန်ုပ်၏ ဦးခေါင်းအား လက်ဖြင့်သိဒ္ဓိတင်ပေးပါသည်။ ဆရာတော် ဘုရားကြီးမှ "ခင်ဗျားတို့မှာရှိတဲ့ နမောပြန်အင်းကလည်း ကောင်းပါတယ်။ ဒါပေမယ့် အရေးကြီးလာလျှင် ဖယောင်း တိုင်မီးထွန်းတာက ပိုပြီးတော့ထိရောက်တယ်။ မှန်အောင် လုပ်ပါ။ အကျိုးကြီးပါတယ်"ဟု မိန့်ပါသည်။ကျွန်ုပ်မှာ အခြားသောအခက်အခဲရှိသူများအား ယခု အဓိဋ္ဌာန်ကို ပေးလို့ရမရ မေးလျှောက်ရာဆရာတော်ဘုရားကြီးမှ ဉာဏ် ရှိသလို အသုံးပြုနိုင်ကြောင်း မိန့်ကြားပါသည်။

ရန်ကုန်ပြန်ရောက်ပြီး သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသည့်ဘကြီးစိုးအား အဓိဋ္ဌာန်ကို ကိုယ်စားပြုလုပ် ပေးစေပါသည်။ ကျွန်ုပ်မှလည်းကူညီ၍ဆောင်ရွက်ပေးပါ သည်။ အဓိဋ္ဌာန်ရက် ၄၅ ရက် မပြည့်မီကိစ္စအားလုံး အဆင်ပြေသွားပါသည်။ မိတ်ဆွေတို့၏အခက်အခဲအမျိုး မျိုး ပြေပျောက်စေရန် အဓိဋ္ဌာန်တင်၍ပြုလုပ်နိုင်သကဲ့သို့ နေ့စဉ် ၁၀၈ လုံး ပုတီးနှင့်နမောပြန် ဂါထာတစ်ပုဒ်ဆုံး တစ်လုံးချဖြင့် ပုတီးတစ်ပတ်စိပ်နိုင်ပါက ပြောသမျှဟုတ်၊ လုပ်သမျှမှန်ကန် ကြံသမျှ အောင်မြင်ပြီးအခက်အခဲ အမျိုး မျိုးမှ ကျော်လွှားနိုင်ပါသည်။

တကယ်လုပ်လျှင် အဟုတ်ဖြစ်ပါသည်။

ဂမ္ဘီရချစ်ကြီး (ဆင်ဖြူကျွန်း)



www.burmeseclassic.com

www.burmeseclassic.com


# ဒေးစွန်ပါသာဘာသနာဂမြေ

# ရှေးဦးသာသနာပြုပုဂ္ဂိုလ် ဘဘဦး

ကျော်စံလင်း

ဟေတုပစ္စယော အာရမ္မဏပစ္စယော
အဓိပတိပစ္စယော အနန္တရပစ္စယော
သမနန္တရပစ္စယော သဟဇာတပစ္စယော
အညမညပစ္စယော နိဿယပစ္စယော
ဥပနိဿယပစ္စယော ပုရေဇာတပစ္စယော
ပစ္ဆာဇာတပစ္စယော အာသေဝနပစ္စယော
ကမ္မပစ္စယော ဝိပါကပစ္စယော
အာဟာရပစ္စယော ဣန္ဒြိယပစ္စယော
ဈာနပစ္စယော မဂ္ဂပစ္စယော
သမ္ပယုတ္တပစ္စယော ဝိပ္ပယုတ္တပစ္စယော
အတ္ထိပစ္စယော နတ္ထိပစ္စယော
ဝိဂတပစ္စယော အဝိဂတပစ္စယောတိ . . . ဟူသည်

ကြည်နူးဖွယ်ကောင်းလှသော ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော် (ပဋ္ဌာန်း ၂၄ ပစ္စည်း) ရွတ်ဖတ်ပူဇော်သည့်အသံသည် ပဲခူးမြို့ ရွှေမောဓောစေတီဘုရား ရင်ပြင်တော်ပေါ်မှ ရွှေမော်ဓောစေတီ တော်မြတ်ကြီးကို ဦးခိုက်ရှိခိုးပူဇော်နေသော ပိတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသော သူတော်စင်တစ်ဦး၏ နှုတ်မှ မတိုးမကျယ် ရွတ်ဖတ်ပူဇော်နေသော အသံဖြစ်ပေသည်။ ထိုသူတော်စင် ပုဂ္ဂိုလ်၏ ဘေးဝဲယာနှင့် နောက်ဘက်တွင်လည်း တပည့်ဖြစ် ဟန်တူသော လူလတ်ပိုင်းအရွယ် ဆယ်ယောက်ကျော် ခန့်သည် ထိုသူတော်စင်ကြီးနည်းတူ တန်ခိုးကြီးလှသည့် ဆု တောင်းပြည့်ဝစေတီဆိုသော ရွှေမောဓောစေတီ တော်မြတ် ကြီးကို ရှိခိုးဦးခိုက်နေကြလေသည်။ သူတို့ဝတ်ပြုဆုတောင်း နေသော နေရာသည် ပဲခူးငလျင်ကြီးလှုပ်စဉ်က ပြိုကျခဲ့သော စေတီတော်ကြီး၏ ပိန္နဲတိုင်ကြီးကို မူလအတိုင်း ပုံစံမပျက်



စေတဲ ရင်ပြင်တော်ပေါ်တွင် ထားရှိသောနေရာတွင် ဖြစ်လေ သည်။

မကြာမီတွင် ဘုရားဝတ်ပြုနေသူများထံမှ မေတ္တာပို့ အမျှဝေ၊ သာဓုခေါ်သံများနှင့်အတူ အသံသာလှသော ကြေး စည်သံကလေးလည်း ထွက်ပေါ်လာခဲ့သည်။ ထို့နောက် သူ တော်စင်ပုဂ္ဂိုလ်ကြီးသည် တပည့်များဘက်သို့ မျက်နှာလှည့် လိုက်ပြီး "တပည့်တို့ ငါးပါးသီလကို ခံယူဆောက်တည်ကြ...


www.burmeseclassic.com

ရမည်။ ဘဝ၏အစသည် သံသရာ၏အစဖြစ်ပြီး ဘဝ၏အဆုံးတွင် နိဗ္ဗာန်သို့ရောက်နိုင်အောင် ကြိုးစားကြရမည်။ သံသရာအစနှင့် နိဗ္ဗာန်၏ကြားကာလများတွင် သတ္တဝါမှန်သမျှတို့သည် ငုပ်ချည်တစ်ခါ၊ ပေါ်ချည်တစ်လှည့်၊ ငိုခြင်းရယ်ခြင်း၊ ဆင်းရဲခြင်း၊ ချမ်းသာခြင်းစသည်တို့ကို ကျင်လည်ကြရမည်မှာ ဓမ္မတာပင်ဖြစ်ပေသည်။ အသင်္ခတနိဗ္ဗာန်ကို မဝင်နိုင်သေးသရွေ့ သံသရာတွင် ကျင်လည်ကြရပေဦးမည်။ ဘဝမျိုးစုံရောက်ကြပေဦးမည်။ မည်သည့်ဘဝရောက်ရောက် ဘဝဟူသည် ဤအတိုင်းဖြစ်မြဲ ဓမ္မတာပင်ဖြစ်သည်။

ဖြစ်ချင်တိုင်းဖြစ်နေသော၊ ပျက်ချင်တိုင်းပျက်လျက်ရှိသော စိတ်တို့သည် နိဗ္ဗာန်မရောက်မီစပ်ကြားတွင် အရောင်မျိုးစုံအဆိုးခံရခြင်း၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မနတရားဖြင့် ရောထွေးယှက်လိမ်ဖြစ်ခဲ့ကြပြီး မနာလိုဖြစ်မှု၊ ဝန်တိုမှု၊ မုန်းတီးမှု၊ ကဲ့ရဲ့မှု၊ အငြိုးထားမှု၊ ကလဲ့စားချေမှုများဖြင့် ရှုပ်ထွေးပွေလီခဲ့ကြသည်။ သတ္တဝါများသည် ဆင်းရဲခြင်းမှ လွတ်မြောက်စေရန်အတွက် လွတ်ရာလွတ်ကြောင်း နည်းလမ်းကောင်းများကို ရှာဖွေကြရာ နောက်ဆုံးတွင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့အား ကိုးကွယ်ဆည်းကပ်၍ အဆုံးအမကို ခံယူကြမှသာ သံသရာမှလွတ်မြောက်မည့်အကြောင်း သိရှိလာကြသည်။ တပည့်တို့လည်း ရတနာသုံးပါးကို မမေ့မလျော့ကြနှင့်။ ဗုဒ္ဓဘုရားရှင်၏ အဆုံးအမကို နာခံကြရမည်။ သီလဝိသုဒ္ဓိဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရမည်"ဟု သူတော်စင်ပုဂ္ဂိုလ်ကြီးသည် တပည့်များအား ဆိုဆုံးမလျက်ရှိလေသည်။

တပည့်များကလည်း ထိုသူတော်စင်ပုဂ္ဂိုလ်ကြီးအား အလင်းတိုင်များ၊ အမွှေးတိုင်များ၊ မုန့်ကြွပ်များ၊ ကိတ်မုန့်များဖြင့် လှူဒါန်းပူဇော်ကန်တော့ကြသည်။ သူတော်စင်ကြီးမှလည်း ဆုအမျိုးမျိုးပေးလျက်ရှိသည်။ ဓာတ်လုံးကလေးများ၊ ရှင်သီဝလိပုံတော်များလည်း ဝေငှပေးနေလေသည်။

ထိုသူတော်စင်ကြီး၏အမည်ကား နောင်တွင် ဒေးစွန်ပါသာသနာပြုထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီး ဦးဖိုးဟု ထင်ရှားကျော်ကြားလာမည့် "အဘဦး"ပင်ဖြစ်ပေသည်။ အဘဦးသည် နေ့စဉ် နေ့တိုင်း တစ်ရက်မဟုတ်၊ တစ်လမဟုတ်၊ တစ်နှစ်မဟုတ်၊ နှစ်ပေါင်းများစွာပင် ဤနေရာ၌ တရားအားထုတ်အလုပ်စခန်းဝင်လျက်ရှိသူဖြစ်သည်။ ထို့ကြောင့်လည်း ထိုအကြောင်းတို့ကို သိရှိ၍ ကြည်ညိုသူတပည့်များ ပေါ်ပေါက်လာကြပြီး ပါရမီဖြည့်ပေးကြသည်။ ဆုံးမစကားများ နာယူကြသည်။ အဘဦး၏ ဆိုဆုံးမမှုကြောင့် ကြီးပွားတိုးတက်စီးပွားရေးကောင်းပြီး ချမ်းသာသွားကြသူမှာလည်း အများအပြားရှိခဲ့လေပြီ။


ဘဘဦး

အဘဦးသည် ပဲခူးမြို့ပန်းခြံကန်တွင် နေထိုင်ပြီး ၎င်း၏နေအိမ်ခြံဝိုင်းထဲတွင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထားသည်။ အပင်များကို ပေါင်းသင်ရေလောင်းခြင်းမှာ အဘဦး၏ နေ့စဉ်လုပ်ငန်းတစ်ခုဖြစ်ခဲ့သည်။ ဇနီးဖြစ်သူက ခြံထွက်ဟင်းသီးဟင်းရွက်များကို လှည့်လည်ရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်းမှုကို ပြုလုပ်ကြသည်။ အခြားသူများ၊ အိမ်နီးနားချင်းများက အမြတ်များများရရှိစေမည့် ကြက်သား၊ ဝက်သား၊ ငါး စသော အသားငါးများကို ရောင်းချရန် အကြံပေးခြင်း၊ အရင်းငွေထုတ်ပေးခြင်းများ ပြုလုပ်ကြသော အဘဦးက ကုသိုလ်အလုပ်များကို မလုပ်လို၊ စားစရာမရှိ၍ လျှာပေါ်တွင်မြက်ပေါက်လျှင် ပေါက်ပါစေ၊ သူများအသက်ကို မသတ်


www.burmeseclassic.com

www.burmeseclassic.com

လို၊ ကိုယ်သာအငတ်ခံမည်။ သမ္မာအာဇီဝကျသည့် ခြံထွက် ဟင်းသီးဟင်းရွက်များ ရောင်းချစားသောက်ခြင်းဖြင့်သာ စိတ်ချမ်းသာမှုရှိပါသည်ဟု ပြောဆိုခဲ့သည်။

အဘဦးသည် အားလပ်သောအချိန်များတွင် အင်္ဂရိတ်ထိုးခြင်းကိုလည်း ဝါသနာပါသည်။ အိမ်တွင်ဖိုထိုးလေ့ရှိသည်။ ဇနီးဖြစ်သူက မီးသွေးဖိုးကုန်သည်၊ လုံဖိုးကုန်သည်၊ ပြဒါးဝယ်ရသည် စသည်ဖြင့် ညည်းညူပြောဆိုလေ့ရှိသော်လည်း အဘဦးကလည်း ဝါသနာကိုမဖြတ်နိုင်။ အင်္ဂရိတ်ပညာကလည်း တိုးတက်လာသဖြင့် အောင်မြင်မှုရရှိလာသောကြောင့် ဇနီးဖြစ်သူကလည်း နောက်ပိုင်းတွင် ပြောဆိုခြင်းမပြုတော့ဘဲ တတ်နိုင်သမျှ ပါရမီဖြည့်ကာ နေခဲ့ရလေသည်။

အဘဦးသည် ရွှေမောဓောစေတီတော် ငုက်ပျောဖူးကြီးပြိုကျနေသောနေရာတွင်မှု နေ့ ည ဝတ်မပျက် အဓိဋ္ဌာန်ဝင်လျက်ရှိသည်။ တစ်နေ့တွင် အဓိဋ္ဌာန်ဝင်နေစဉ် ထူးခြားသောအသံတစ်ခုကို နားထဲတွင် ပီပီသသကြားလိုက်ရသည်။

## ပေါ်ဦး ငါ့သား သာသနာပြုရမယ် လေးငါးကြိမ်ကြားသောအခါ

"ငါ့သား မင်းက ပေါ်ဦး၊ ငါ့သား သာသနာပြုပေတော့"

ဟူသော အသံဖြစ်သည်။ အသံစတင်ကြားရစဉ်က အဘဦး၏စိတ်ထဲတွင် "ငါ့စိတ်ထဲကပဲ ထင်နေတာလား မဖြစ်နိုင်ပါဘူး"ဟု ပေါ့ပေါ့ဆဆဖြင့် သိပ်ဂရုမစိုက်ဘဲ နေခဲ့သည်။ သို့သော် ထိုအသံသည် တစ်လအတွင်း လေးငါးကြိမ်လောက်ကြားလာရသောအခါ "ငါ့စိတ်ထဲက ထင်တာမဟုတ်ဘူး။ တကယ်လာပြောနေတာ"ဟု ယုံကြည်လာသည်။

တစ်နေ့သော နံနက်ခင်း တရားထိုင်နေစဉ် ထိုအသံကြားရပြန်သည်။

"ငါ့သား ပေါ်ဦး၊ မင်း သာသနာပြုပေတော့"ဟု ဆိုသဖြင့် အဘဦးက

"ကျွန်တော် ဘယ်မှာ ဘယ်လိုသာသနာပြုရမှာလဲ။ ကျွန်တော့်မှာ ငွေရေးကြေးရေးလည်း မပြည့်စုံပါဘူး။ သာသနာပြုဖို့ အခက်အခဲရှိနိုင်ပါတယ်"ဟူ၍ နှုတ်မှ အသံထွက်ပြီး ပြန်၍ပြောမိသည်။

ဤသို့ပြောဆိုမိပြီး သုံးရက်မြောက်သောနေ့ နံနက်ခင်းတွင် အဘဦးတစ်ယောက် ရွှေမော်ဓောစေတီတော်ကြီးရင်ပြင်ပေါ်သို့ ရောက်ရှိပြီး မိမိတရားထိုင်နေကျနေရာသို့ ရောက်ရှိစဉ် ထိုနေရာမှာ လက်ထဲတွင် တောင်ဝှေးတစ်ချောင်းထောက်၍ ကိုင်ထားပြီး ပင်နီအင်္ကျီကြမ်းကြီးကို ဝတ်ဆင်ထားသော ဆံပင်အရှည်ကို သျှောင်တစောင်းထုံးထားသည့် အဘိုးအိုကြီးတစ်ဦးသည် သူ့ကို ပြုံးရွှင်သောမျက်နှာဖြင့်ကြည့်ပြီး စောင့်ကြိုနေသည်ကို တွေ့လိုက်ရသည်။ သူ၏ ညာဘက်လက်ထဲတွင်လည်း "ကြေးဖလား" တစ်လုံးကို ကိုင်ထားသည်ကိုတွေ့ရသည်။

ထိုအဘိုးအိုက အဘဦးအား ကြေးဖလားကိုပေး၍

"ငါ့သားပေါ်ဦး မင်း သာသနာပြုဖို့ အချိန်ရောက်ပြီ။ ဒေးစွန်ပါနယ်မြေဟာ မင်း သာသနာပြုရမယ့် နယ်မြေပဲ။ အဲဒီကိုသွားပါ။ ရော့···ဟောဒီကြေးဖလားကိုယူ။ သား မင်း သာသနာပြုဖို့ အခက်အခဲကြုံလာရင် ဒီကြေး ဖလားလေးက ကူညီပေးလိမ့်မယ်။ ငါ့သား လိမ်လိမ်မာမာနဲ့ သာသနာပြုပေတော့"

ဟူ၍ ပြောဆိုပြီး ကြေးဖလားကို အဘဦး၏လက်ထဲသို့ ပေးခဲ့လေသည်။ ထိုအချိန်တွင် ဘုရားရင်ပြင်တော်ပေါ်သို့ အဘဦး၏တပည့်အချို့လည်း ရောက်ရှိလာခဲ့ကြပြီး ထိုအဘိုးအိုကြီးက သူတို့၏ဆရာအား ကြေးဖလားတစ်လုံးကိုပေး၍ ထွက်သွားသည်ကို တွေ့မြင်လိုက်ရသဖြင့်

"ဆရာကြီးဆီကို ဟိုအဘိုးကြီးက ဘာလာလုပ်တာလဲ"ဟုမေးသဖြင့် -

"ပုဂ္ဂိုလ်ထူးကြီးတစ်ယောက် ဖြစ်လိမ့်မယ်ထင်တယ်။ ဆရာကို ဒီကြေးဖလားပေးပြီး ဒေးစွန်ပါကို သာသနာပြုစေလွှတ်နေတယ်။ ဒေးစွန်ပါဟာ ဆရာရဲ့ သာသနာပြုရမယ့် နယ်မြေလို့လည်း ပြောသွားသေးတယ်"

"ဒါဖြင့် ဆရာကြီး ဒေးစွန်ပါကို ဘယ်တော့လောက်ကြွမှာလဲ"

"သာသနာပြုဖို့ကိစ္စဆိုတော့ သွားတော့သွားရမှာပဲ။ ဒါပေမယ့် စီစဉ်စရာရှိတာတွေလည်း စီစဉ်ရဦးမယ်။ အဆက်အသွယ်လည်း ရှာရဦးမယ်"

"အဆက်အသွယ်ရဖို့ကတော့ မခက်ပါဘူး ဆရာကြီး။ ဆရာကြီးရဲ့တပည့်တွေဖြစ်တဲ့ ဦးထွန်းကြိုင်တို့၊



www.burmeseclassic.com

www.burmeseclassic.com

ဦးသိန်းမြင့်တို့က ပျဉ်ပုံကြီးမှာနေတဲ့ လူတွေလည်း ဒေးစွန်ပါနဲ့လည်း နီးတယ်။ သူတို့နဲ့ အဆက်အသွယ်လုပ်ပြီး ဒေးစွန်ပါကို သွားရတာပေါ့"ဟု တပည့်များက ဆိုသော် ပျဉ်ပုံကြီးရွာတွင် နေထိုင်ကြသော တပည့်ရင်းများဖြစ်သည့် ဦးထွန်းကြိုင်နှင့် ဦးသိန်းမြင့်တို့အား ဒေးစွန်ပါတွင် သာသနာပြုရန် ကိစ္စရှိသဖြင့် ဆရာကြီးအား ပဲခူးမြို့သို့လာကြိုရန် လူကြုံဖြင့် စရေးမှာကြားလိုက်လေသည်။

ထိုစဉ် အချိန်ကာလက ခရီးလမ်းပန်းဆက်သွယ်ရေးကလည်း မကောင်းလှ။ မော်တော်ကားကလည်းမရှိသဖြင့် "အဘဦး"သည် လာကြိုသူများနှင့်အတူ ပဲခူးမြို့မှ ဒေးစွန်ပါအရောက် ခြေလျင်လျှောက်ကြရသည်။ လမ်းတွင်စားသောက်ရန်အတွက် ပေါင်မုန့်များနှင့် သောက်ရန်အတွက် ရေဘူးများကိုသာ သယ်ဆောင်လာကြပြီး ဆရာတပည့်များ ထွေရာလေးပါး စကားပြောကြားရင်း ပဲခူးမြို့မှ ဒေးစွန်ပါအရောက်လာခဲ့ကြသည်ဟု ဆိုသည်။ စာရေးသူသည် ဘိုးတော်ဦးဖိုးဦး (အဘဦး)အကြောင်းကို တိတိကျကျသိရှိရန်အတွက် ဒေးစွန်ပါသို့ ကိုယ်တိုင်သွားရောက် စုံစမ်းမေးမြန်းခဲ့ပြီး အပြန်တွင် ဒေးစွန်ပါမှ ဝမ်းဘဲအင်းသို့ နံနက်စောစောထ၍ လမ်းလျှောက်ခဲ့ရာတွင် လူကြီး၏အသွားနှုန်းဖြစ်၍ နှစ်နာရီနီးပါးကြာခဲ့သည်။ ဤသို့ဆိုလျှင် ပဲခူးမြို့မှ ဒေးစွန်ပါအရောက် ရေသောက်၊ ပေါင်မုန့်စားပြီး ကုန်းကြောင်းခရီးဖြင့် လာခဲ့ရသော အဘဦးဖိုးဦးနှင့် တပည့်ကြီး ဦးထွန်းကြိုင်အပါအဝင် တပည့်များ၏ ခရီးကြမ်းသည် မည်မျှခက်ခဲမည်ကို စာရှုသူများ မှန်းဆနိုင်ပေလိမ့်မည်။

### ဒေးစွန်ပါတွင် ရှေးဦးသာသနာပြု

ဆရာကြီးအဘဦးဖိုးဦးသည် ဒေးစွန်ပါသို့ ရောက်ရှိသောအခါ ပထမမုခ်ဦး၊ အာဒိစ္စမုခ်ဦးတွင် ကျောင်းကလေးဆောက်၍ တရားကျင့်သည်။ ယခု ကျိုက်ထီးရိုးစေတီကလေးရှိသော နေရာအနီးတွင် ပတ္တလားပုံ ဂူငယ်ကလေးတစ်လုံးကို ဆောက်လုပ်၍ ထိုဂူကို "သေဂူ၊ ရှင်ဂူ"ဟု အမည်ပေးထားသည်။ အသက်ရှင်နေစဉ်ကာလကို ထိုဂူထဲတွင် တရားအားထုတ်နေထိုင်ရန်ဖြစ်ပြီး ကွယ်လွန်အနိစ္စရောက်သောအခါတွင်လည်း ထိုဂူထဲတွင် သင်္ဂြိုဟ်ခြင်းပြုရန် တပည့်များအား မှာကြားထားပြီး "သေဂူ၊ ရှင်ဂူ"ဟု ခေါ်ဆိုစေခြင်း ဖြစ်သည်။

အဘဦးဖိုးဦးသည် ဒေးစွန်ပါဘုရား၏ ထီးရိပ်ကိုခို၍ စရဏလုပ်ငန်းများကို ပိုင်ပိုင်နိုင်နိုင် လုပ်ကိုင်နိုင်ခဲ့သည်။ ထို့ကြောင့်လည်း အကြားအမြင်ရသော ပုဂ္ဂိုလ်ကြီး ဟူ၍လည်း အများက အသိအမှတ်ပြုခဲ့ကြသည်။ အဘ ပြောလိုက်လျှင် ပြောသည့်အတိုင်းဖြစ်လာသည်သာများ သည်။

အဘဦးဖိုးဦးကို ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ထူးတစ်ဦးဟုလည်း အများက ယုံကြည်လက်ခံလာကြသည်။ ဒေးစွန်ပါတွင် ရွှေစေတီကိုတည်ခဲ့သည်။ ထိုစေတီကို တည်ခဲ့စဉ်က ဘီလပ်မြေတစ်အိတ်မှ တစ်ဆယ့်လေးကျပ်ပေးရသောအချိန်ဖြစ်သည်။ အလှူရှင်များလည်း ပေါ်ပေါက်ပြီး လာရောက်လှူကြသည်။ တစ်ခါတစ်ရံ ဘီလပ်မြေ အုတ်ဝယ်ရန် ငွေလိုနေပါက အဘဦးသည် "ကြေးဖလား"ထဲမှ ငွေကိုနှိုက်၍ပေးလိုက်သည်။ မူလက ထိုကြေးဖလားထဲတွင် ဘာမှထည့်မထား။ ပဲခူးရွှေမော်ဓောဘုရားတွင် အဘိုးအိုတစ်ဦးပေးထားသော ကြေးဖလားဖြစ်၏။ သာသနာပြုလုပ်ငန်းအတွက် ငွေအခက်အခဲရှိလျှင် ထိုကြေးဖလားထဲမှငွေကို ရယူနိုင်သည်။ အခြားသူများ ယူ၍မရ။ အဘဦးဖိုးဦးတစ်ယောက်သာ ယူ၍ရသည်။ တစ်ခါတစ်ရံတွင်လည်း မူလက ဘာမှမရှိသော ကန်တော့ပွဲထဲမှ ငွေစက္ကူများကို အဘဦးက နှိုက်ယူပေးသည်ကိုလည်း ကြုံတွေ့ခဲ့သည်ဟု ဆိုကြသည်။

ဤကဲ့သို့ မမြင်ရသောပုဂ္ဂိုလ်များ၏ စောင့်ရှောက်ကူညီပေးမှုကြောင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီး အဘဦးဖိုးဦးသည် "ဒေးစွန်ပါသာသနာနယ်မြေ"တွင် ရှေးဦးသာသနာပြုဟူသော ဘွဲ့ထူးကြီးကို ထိုက်ထိုက်တန်တန်နှင့် ခိုင်ခိုင်မာမာ စိုက်ထူသွားနိုင်ခဲ့လေသည်။ ဒေးစွန်ပါ သာသနာပြုနယ်မြေတွင် လေးကျွန်းအောင်စေတီ၊ ရွှေစေတီ၊ ဒေးစွန်ပါဘုရားကြီး၏ အနောက်ဘက်တွင်ရှိသော "မဟာမြိုင်"ဆိုသည့် တောကြီးထဲတွင် စေတီနှစ်ဆူကို တည်ထားခဲ့သည့်အပြင် စောင်းတန်းများကိုလည်း ပြုပြင်ခဲ့သည်။ မုခ်ဦးတွင်လည်း ဓာတ်ပန္နက်ရိုက်၏။ ဓာတ်ခန်းများ ဖွင့်လှစ်နိုင်ခဲ့သည်။

"ဦးဖိုးဦးကို ဒေးစွန်ပါမှာ သာသနာပြုလုပ်ငန်းတွေကို ဆက်ပြီးဆောင်ရွက်ရမယ်လို့ ပုဂ္ဂိုလ်များက အမိန့်ချလို့ ဆောင်ရွက်တဲ့အခါမှာ တော်တော်လေးကိုထူးခြားတဲ့ ထူးခြားမှုတွေကို တွေ့ရတယ်။ သူလုပ်ငန်းတစ်ခု ဆောင်ရွက်တော့မယ်ဆိုရင် လိုအပ်တဲ့ငွေကို ကန်တော့ပွဲထဲက



www.burmeseclassic.com

www.burmeseclassic.com

သွားနိုက်ပြီး ပေးလိုက်တာတဲ့။ ပစ္စည်းတွေကလည်း ဈေးပေါတော့ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့တယ်။ ကျုပ်စိတ်ထဲမတော့ ရသေ့ကြီးဦးခန္တီက ဣစ္ဆာသယလွယ်အိတ်ရပြီး သာသနာပြုခဲ့တာနဲ့တောင် တူနေတယ်လို့ ထင်မိခဲ့သေးတယ်။ ဦးဖိုးဦးကို ပုဂ္ဂိုလ်တွေက စောင့်ရှောက်တယ်ဆိုတာကတော့ အထင်အရှားဘဲလို့ ကျုပ်ရဲ့ ရဟန်းအစ်မကြီး ဒေါ်ရင်ကြည်(မင်းခန့်မင်းကွန်ပျူတာလုပ်ငန်း၊ ပျဉ်ပုံကြီး)က ပြောတယ်။ ကျုပ် ရဟန်းအစ်မကြီးလည်း အခုအချိန်အထိ သက်ရှိထင်ရှား ရှိနေတုန်းပါပဲ။ အဲဒီမှာလည်း ဆရာတို့ သွားပြီးစုံစမ်းမေးမြန်းကြပါဦး"ဟု ယခုလက်ရှိ လေးကျွန်းအောင်ကျောင်းတိုက် အောင်မြေသိဒ္ဓိကျောင်းမှ ဆရာတော်က မိန့်ကြားခဲ့လေသည်။

## အန္တရာယ်ကိုကြိုင်တင်သိ

တစ်ကြိမ်တွင် ပထမဆင်ပုန်းဆရာတော်ဘုရား၏ ကျောင်းတွင် ညောင်လေးပင်နှင့် ရွှေကျင်မှ ရွာသား (၂) ဦး လာရောက်ရဟန်းဝတ်ကြသည်။ ရဟန်းအစ်မမှာ ပျဉ်ပုံကြီးရွာမှ ဒေါ်ရင်ကြည်ပင်ဖြစ်သည်။ ထိုအချိန်က ဒေါ်ရင်ကြည်မှာ အသက် ၂၀ ခန့်မျှပင် ရှိသေးသော်လည်း အဘဦး၏ မိန့်ဆိုချက်အရ ရဟန်းအစ်မဖြစ်ခဲ့ရသည်။ ထို့ပြင် ဒေါ်ရင်ကြည်ကို အဘဦးက -

"သမီးလည်း ဆင်ပုန်းကျောင်းမှာ တရားထိုင်ရမယ်" ဟု ဆိုသဖြင့် ဒေးစွန်ပါဆင်ပုန်းကျောင်းတွင် တရားထိုင်ခဲ့ရသည်။

ထိုအချိန်က ဒေးစွန်ပါနယ်မြေသည် အလွန်တောထူထပ်ပြီး တောကြမ်းသည်ဟု နာမည်ကြီးလှသည်။ ထိုစဉ်က လူဆိုးလူမိုက်များလည်း ပုန်းခိုနေတတ်ကြသော နေရာဖြစ်သည်။

တစ်ညတွင် ဆင်ပုန်းတောရကျောင်းကို ဓားပြတိုက်ရန်အတွက် ဓားမြများလာကြသည်။ အဘဦးဖိုးဦးက ကြိုတင်သိမြင်၍ မည်ကဲ့သို့ ပြုလုပ်ထားသည်မသိ။ လက်နက်အပြည့်အစုံနှင့်လာကြသော ဓားမြများသည် ဆင်ပုန်းတောရကျောင်း ဝင်းအတွင်းသို့ ရောက်ရှိသောအခါ ကျောင်းအောက်ရှိ ခုံတန်းလျားပေါ်တွင် စစ်သားများ လက်နက်ကိုယ်စီနှင့် ထိုင်နေကြသည်ကို တွေ့ရှိရသလို သစ်များအောက်တွင်လည်းကောင်း၊ ရေတွင်းနားတွင်လည်းကောင်း အိပ်နေကြသော စစ်သားများကို တွေ့ရှိကြရသည်။ ထို့ကြောင့် ဓားမြများသည် ထိုနေရာမှ တိတ်တဆိတ် ပြန်လည်ထွက်ခွာခဲ့ပြီး ဘေးလွတ်ရာရောက်မှ အပြေးအလွှားစခန်းသို့ ပြန်ခဲ့ရသည်ဟု နောက်နေ့တွင် ကြားသိခဲ့ရလေသည်။

ဒေးစွန်ပါတစ်ဝိုက်တွင် သားရဲတိရစ္ဆာန်ကလည်း ပေါ်များလှသည်။ တစ်ညတွင် ကျောင်းအောက်ရှိ ခွေးငယ်ကလေးများကို ကျားသစ်လာဆွဲသဖြင့် ဦးပဉ္စင်းများသည် ဖားမီးအုပ်ဆောင်းများ ထွန်းညှိပြီး တိုင်များ၊ သစ်သားများကို ရိုက်ခတ်အသံပေးခြင်းပြုမှ ကျားသစ်များ ထွက်သွားသည်ဟု ကိုယ်တိုင်တွေ့ကြုံခဲ့ရသူ ရဟန်းအစ်မကြီး ဒေါ်ရင်ကြည်က ပြောပြခဲ့သည်။

တစ်နေ့တွင် အဘဦးဖိုးဦးသည် ရဟန်းအစ်မ ဒေါ်ရင်ကြည်အား ခေါ်ယူ၍ "ရဟန်းနှစ်ပါးကို မဟာမြိုင်ကိုလွှတ်ပြီး တရားအားထုတ်ခိုင်းမယ်။ သမီး စရိတ်ထောက်လိုက်" ဟုမိန့်သဖြင့် လိုအပ်သောပစ္စည်းများကို ဝယ်ယူပေးလိုက်ရသည်။

မဟာမြိုင်သည် ဒေးစွန်ပါ၏ အနောက်ဘက် တောကြီးမျက်မည်းထဲတွင်ရှိ၍ ထိုနေရာတွင် အဘဦးဖိုးဦးမှ စေတီတည်ထားခဲ့သည်။ ထိုနေရာတွင် အနန်းဖို၊ အနန်းမ ပင်နှစ်ပင်လည်းရှိပြီး ယခင်က နန်းစိုက်ခဲ့သောနေရာဟုလည်း ပြောဆိုကြသည်။ ထိုမဟာမြိုင်တောကြီးအတွင်းသို့ ဦးပဉ္စင်းနှစ်ပါး ကြွရောက်တရားထိုင်ပြီး တစ်ဆယ့်ငါးရက်ခန့်ကြာသောအခါ အဘဦးဖိုးဦးမှ ကျောင်းတွင်ရှိသော ကိုမောင်းဆိုသူအား -

"ငမောင်း နင် အခု မဟာမြိုင်ကို အမြန်သွားစမ်း။ ဟိုဦးပဉ္စင်းနှစ်ပါးကို လေးကျွန်းကျောင်းကို အမြန်ခေါ်လာခဲ့"ဟု မိန့်ဆိုလိုက်၏။

မဟာမြိုင်နှင့် ဒေးစွန်ပါသည် အလွန်ကွာဝေးလှသောခရီးဖြစ်သည်။ ထို့ကြောင့် ချက်ချင်းမသွားလိုသော ငမောင်းက -

"ဘာကိစ္စရှိလို့ အရေးတကြီး ပြန်ခေါ်ရတာလဲ"ဟု မေးလိုက်သည်။

"အန္တရာယ်ရှိလို့ပေါ့။ ငါ ဒီထက်ပိုမပြောနိုင်ဘူး။ ဒီနေ့ လေးကျွန်းကျောင်းကို အမြန်ရောက်အောင်ခေါ်ခဲ့"ဟု ထပ်မံ



www.burmeseclassic.com

www.burmeseclassic.com

ပြောဆိုလိုက်သည်။

ဤသို့ဖြင့် မဟာမြိုင်မှ ဦးပဥ္စင်းနှစ်ပါးမှာ ထိုနေ့ညတွင် လေးကျွန်းကျောင်းသို့ သင်္ကန်းထုပ် အထုပ်ကလေးဖြင့် ရောက်လာကြသည်။ စာအုပ်များ၊ စားအိုးစားခွက်များကို မသယ်နိုင်ကြ။ မဟာမြိုင်တွင်ထားခဲ့ကြရသည်။ နောက်နေ့တွင် ကြားသိရသည်။ မဟာမြိုင်တွင် တောဆင်ရိုင်းများသည် မုန်ယိုပြီး ဦးပဥ္စင်းနှစ်ပါး တရားထိုင်သော တဲကျောင်းကလေးကို နင်းချေပစ်ခြင်း၊ အိုးခွက်ပန်းကန်များမှာလည်း ဆင်များနင်းခြေသောကြောင့် ပိန်လိန်ကွဲရှကုန်ခြင်း။ အဘဦးဘိုး၏ တည်ထားသော စေတီတော်မှ စေတီရံများလည်း နှာမောင်းများဖြင့်ပတ်ကာ ဖျက်ဆီးသွားခဲ့ကြောင်း သတင်းကြားရလေတော့သည်။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဖြစ်သောကြောင့် အန္တရာယ်ကို ကြိုတင်သိမြင်ခဲ့သည်ဟု ယုံကြည်လာကြလေသည်။

## မုန့်ကြွပ်တစ်ထောင် ဆွမ်းမဆောင်ကိုယ်တော်

မဟာမြိုင်တွင် တရားကျင့်ခဲ့သော ရဟန်းနှစ်ပါးတို့သည် တောထဲတောင်ထဲတွင် ကပ္ပိယမပါ၊ ကိုရင်မပါနေထိုင်၍မဖြစ်။ ထိုနေရာသည် ဂေါစရာမ်လည်းမကောင်း လူသူမနီးတောကြီးဖြစ်နေသဖြင့် တစ်ပါးက ရဟန်းဝတ်ဖြင့် တရားကျင့်ကာ တစ်ပါးက ကိုရင်ကြီးအဖြစ်ဖြင့် ပါရမီဖြည့်ပြီး နေထိုင်ခဲ့ကြခြင်းဖြစ်သဖြင့် မဟာမြိုင်မှပြန်ရောက်ပြီး မုခ်ဦးကျောင်းတွင် သီတင်းသုံးနေထိုင်ကြသော ကိုရင်ကြီးဝတ်ထားသူမှာ အသက်အရွယ်ကြီးသော်လည်း ကိုရင်ကလေးများဝိုင်းတွင်သာ ဆွမ်းဘုဉ်းပေးရသည်ကို ပြသပြီး အဘဦးဖိုးဦးက ဒေါ်ရင်ကြည်အား "သမီး…ဒီကိုရင်ကြီးကို ရဟန်းတက်ပေးလိုက်ဦး။ ကိုရင်ကလေးတွေနဲ့ရောပြီး ဆွမ်းစားနေရတာကြည့်မကောင်းဘူး"ဟု ဆိုသဖြင့် ရဟန်းအစ်မအဖြစ် ပစ္စည်းလေးပါးတာဝန်ယူပြီး သိမ်တက်ပေးခဲ့ရသည်။

ထိုဦးပဥ္စင်းနှစ်ပါးတို့အား လေးကျွန်းကျောင်းစေတီ၏ တစ်ဖက်စီတွင်ရှိသော သစ္စာဂူ၊ မေတ္တာဂူတို့တွင် တရားထိုင်စေသည်။ ထို့နောက် အဘဦးဖိုးဦးမှ "သမီး ဦးပဥ္စင်းကြီးက ဒီမှာနေမှာမဟုတ်ဘူး။ ဒေးစွန်ပါမှာ တရားထိုင်လိမ့်မယ်။ လိုတာလေးတွေ ထောက်ပံ့ပေးလိုက်ဦး"ဟု မိန့်သဖြင့် ထောက်ပံ့ပေးရသည်။ ဦးပဥ္စင်းကြီးသည် ဒေးစွန်ပါသိမ်အောက်မှ ဆင်းသွားလျှင် တွေ့ရသောကျောင်းလေးတွင် တရားထိုင်ခဲ့သည်။ မီးလွှတ်ငှက်ပျောသီးနှင့် တရားထိုင်မည်ဆိုသဖြင့် ရခိုင်ငှက်ပျောသီးများ ဝယ်ပို့ပေးရသည်။ ထို့နောက်တွင် ထိုဦးပဥ္စင်းကြီးသည် "မုန့်ကြွပ်တစ်ထောင်ဆွမ်းမဆောင်"ဟုဆိုကာ မုန့်ကြွပ်ကိုသာဘုဉ်းပေးပြီး ဆွမ်းလုံးဝမစားတော့ဘဲ တရားအားထုတ်ခဲ့သည်ဟု ဆိုသည်။ ရဟန်းအစ်မကြီး ဒေါ်ရင်ကြည်က

"လေးထောင့်သံပုံး အဖုံးက အဝိုင်းပေါက်ကလေးနဲ့ တစ်ပုံးကို ငါးကျပ်ပေးရတယ်။ အဲဒါကိုဝယ်ပြီး မုန့်ကြွပ်တွေ ထည့်ပေးရတယ်။ မနက်အရုဏ်ဆွမ်းဆို ဘယ်နှချောင်း၊ နေ့ဆွမ်းဆို ဘယ်နှစ်ချောင်း သတ်မှတ်ပြီး ဘုဉ်းပေးတာ မုန့်ကြွပ်တစ်ပုံးကုန်သွားရင် ဘယ်နှစ်ရက်ရှိပြီဆိုတာ တွက်လို့ရတယ်။ ကုန်သွားရင် ထပ်ဝယ်ပို့ပေးရတယ်။

## အယူတော်မင်္ဂလာ သိကြားထွန်းလှိုင်

အဘဦးဖိုးဦးသည် ဒေးစွန်ပါစေတီတော်တစ်ဝိုက် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရန် လှည့်လည်သွားလာနေစဉ် ဈေးရောင်းချနေသော ဈေးသည်များက အဘအား မုန့် ဟင်းခါး၊ လက်ဖက်ရည်၊ မုန့် စသည်တို့ကို ဒါနပြုကြသည်။ ထိုသူများအား အဘကလည်း ပြန်လည်မေတ္တာပို့ ဆုတောင်း ပေးလေ့ရှိသည်။ ထိုကဲ့သို့ အဘဦးဖိုးဦးအား လှူဒါန်းကြသော ဈေးသည်များသည် ဈေးရောင်းကောင်းကြသည်ဟု ဆိုကြသည်။ အဘဦးဖိုးဦးသည် အဘဦးအောင်ချမ်းသာ၊ ဦးအောင် စက္ကိန်း၊ ဘတော်ကြီး စသော ပုဂ္ဂိုလ်ကြီးများနှင့် တစ်ချိန်တည်း သာသနာပြုခဲ့သူဖြစ်သည်။ အဘဦးဖိုးဦးသည် အသက်အငယ်ဆုံးဖြစ်သဖြင့် ခရီးအတူသွားကြလျှင် အဘဦးက နောက်မှ လိုက်ရသည်။ ဘတော်ကြီးဆိုသူမှာ အမြဲပင် ဘိုးဘိုးအောင်ကဲ့သို့ ဝတ်ဆင်ထားသူဖြစ်ကြောင်း သိရသည်။

အဘဦးဖိုးဦး၏ နောက်တော်ပါးမှ အမြဲလိုက်နေသူ တပည့်တစ်ယောက်ရှိသည်။ ထိုသူမှာ ဦးထွန်းလှိုင်၊ သိကြားထွန်းလှိုင်၊ အယူတော်မင်္ဂလာထွန်းလှိုင်ဟု အမည်ရသူတစ်ဦးဖြစ်သည်။ အရူးဓာတ်ဖြစ်ပြီး ဝိဇ္ဇာလိုလို၊ ဇော်ဂျီလိုလို အရူးဓာတ်ဖွင့်နေသူဖြစ်သည်။ သိကြားထွန်းလှိုင်၏ နှုတ်ထွက်စကားများသည် ကွက်တိမှန်ကန်လှသဖြင့် အဘဦးဖိုးဦးက သူ့အား "အယူတော်မင်္ဂလာထွန်းလှိုင်"ဟု အမည်ပေးထားခြင်းဖြစ်သည်။ သို့သော် အများက သူ၏အရူးဓာတ်ဖွင့်နေမှုကြောင့် အရူးတော်ကလေးထွန်းလှိုင်ဟူ၍သာ နောက်ပြောင်

www.burmeseclassic.com

ခေါ်ဆိုခဲ့ကြလေသည်။

သိကြားထွန်းလှိုင် (ဝါ) အယူတော်မင်္ဂလာထွန်းလှိုင်သည် တစ်ခါတစ်ရံ ဈေးသည်များထံမှ မုန့်နှိုက်စားလေ့ရှိသည်။ ထိုအခါ ဈေးသည်က -

"အဘကတော့ အချွန်နဲ့မ,နေပြန်ပြီ။ အရင်းတော့ ပြုတ်တော့မှာဘဲ။ ဈေးကလည်း ရောင်းမကောင်းဘူး" စသည်ဖြင့် ရန်တွေ့ပြောဆိုခဲ့လျှင် ထိုဈေးသည်သည် ထိုနေ့တွင် လုံးဝရောင်းမကောင်းတော့ဘဲ အရင်းပြုတ်ရသည်သာ ဖြစ်သည်။ သိကြားထွန်းလှိုင် (ခေါ်) အယူတော် မင်္ဂလာထွန်းလှိုင်သည်လည်း သာမန်လူတစ်ယောက် မဟုတ်။ ပုဂ္ဂိုလ်ထူးတစ်ယောက်ပင် ဖြစ်ပေလိမ့်မည်ဟု တွေးထင်လာကြသည်။ မည်သို့ပင်ဖြစ်စေ သိကြားထွန်းလှိုင် (ခေါ်) အယူတော်မင်္ဂလာထွန်းလှိုင်သည် အဘဦးဖိုးဦး၏ ဒေးစွန်ပါသာသနာပြုလုပ်ငန်းတွင် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးခဲ့သော တပည့်တစ်ဦးပင် ဖြစ်လေသည်။

လေးကျွန်းအောင်စေတီ ပန္နက်တော်တင်စဉ်က ဤကျောင်းဝင်းအတွင်းတွင် အဝင်အထွက်က များလှသည်။ ရသေ့၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ ဘိုးတော်၊ စစ်သား စသည်ဖြင့် အားလုံးရောက်ရှိပြီး ပန္နက်ဝင်မင်္ဂလာကို ဝိုင်းဝန်းအကူအညီပေးခဲ့ကြသည်။ ထိုအချိန်က လေးကျွန်းကျောင်းတွင် ကျောင်းထိုင်ဘုန်းကြီးက မမြဲ၊ ဝင်လိုက်ထွက်လိုက်နှင့် အတည်တကျမရှိချေ။ ထိုအခါ အဘဦးဖိုးဦးက တပည့်များဖြစ်သော ဒေါ်ညို၊ အစ်မသိန်းတင်၊ ဒေါ်ရင်ကြည်တို့ကို ပြောကြားသည်မှာ "လေးကျွန်းထဲကိုတော့ ပုဂ္ဂိုလ်အစုံဝင်မှာဘဲ။ ဗရုတ်ဗရက်ကို ဖြစ်နေမှာဘဲ။ ဘုန်းကြီးတွေလည်းမမြဲ၊ မစင်ကျယ်။ ကျောင်းကလည်းမရှိ။ လေးတိုင်စင်ကျောင်းကလေးပဲရှိတယ်။ ဒီလေးကျွန်းအောင်ကျောင်းနဲ့ စေတီကို နောက်ပိုင်းမှာ သာသနာပြု စောင့်ရှောက်သွားမယ့်ပုဂ္ဂိုလ် လာလိမ့်မယ်။ မင်းတို့ သတိထားစောင့်ကြည့်နေကြ။ တနင်္ဂနွေသား၊ အသားကညိုညို၊ ပိန်ပိန်ပါးပါးလေး ဖြစ်လိမ့်မယ်"ဟု တပည့်များအား ပြောဆိုမှာကြားထားလေသည်။

## အဘဦးဘဦး၏ ပုံတူ

အဘဦးဖိုးဦးသည် အဘဦးအောင်ချမ်းသာ၊ ဦးအောင်စက္ကိန်း၊ ဘတော်ကြီး အဘကလေးဝဆရာတော်ဘုရားကြီးတို့နှင့်အတူ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နေရာမှ အသက် ၇၀ ကျော် ၈၀ ခန့်အရောက်တွင် ကျန်းမာရေးချို့တဲ့လာသည်။ ထို့ကြောင့် ပဲခူးမြို့ ပန်းခြံကုန်းသို့ ပြန်လည်ခေါ်ဆောင်သွားကြသည်။ ထိုကဲ့သို့ ခေါ်ဆောင်မသွားမီ အဘဦးသည် ၎င်း၏သားတပည့်ဖြစ်သော ပဲခူးမြို့ မဇင်းရပ်ကွက်တွင်နေထိုင်သော မြန်မာမှုပညာရှင် ကိုသန်းကျော်အား ခေါ်ခိုင်းလိုက်ပြီး

"ငါ့သား အဘကိုဓာတ်ပုံရိုက်ပြီး အဲဒီဓာတ်ပုံအတိုင်း နောင်ကို ငါ့တပည့်သားမြေးတွေအတွက် အမှတ်တရဖြစ်အောင် ပုံတူထုပေးစမ်းပါ"ဟု စေခိုင်းခဲ့သည်။ ကိုသန်းကျော်မှလည်း အဘမှာကြားသည့်အတိုင်း ပုံတူထုလုပ်ပေးခဲ့ရာ ၎င်းပုံတူကို ယခုအခါ အဘဦး တည်ထားခဲ့သော လေးကျွန်းစေတီဝန်းအတွင်း စေတီတောင်ဘက်သို့ မျက်နှာမူကာ သားရှိခဲ့သည်ကို တွေ့မြင်နိုင်လေသည်။ အဘသည် သူကွယ်လွန်လျှင် မုခ်ဦးထိပ်နားရှိ သေဂူ၊ ရင်ဂူတွင် ဂူသွင်းသင်္ဂြိုဟ်ရန် မှာကြားထားခဲ့လေသည်။ အဘသည် ပဲခူးမြို့တွင် ထွက်ရပ်လမ်းသို့ ကွယ်လွန်ခဲ့သည်။ ပဲခူးမြို့မှ ရွှေထီးများ၊ ကားတန်းကြီးများဖြင့် အဘ၏ရုပ်အလောင်းကို ဒေးစွန်ပါသို့ ပြန်လည်သယ်ယူလာကြပြီး အဘမှာကြားထားသည့်အတိုင်း တပည့်များက ဆောင်ရွက်ပေးခဲ့ကြလေသည်။

လေးကျွန်းမြေသည် ထူးခြားသော အောင်မြေဖြစ်သဖြင့် အဘဦးပြောဆိုခဲ့သော အဆိုအမိန့်များအတိုင်း ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိခဲ့ရသည်။ ရန်ကုန်မြို့ ပုသိမ်ညွန့်ရပ်ကွက် မဟာဝိဇယာရာမကျောင်းတိုက်ရှိ ကိုရင်ရှင်အိန္ဒြာဝံသသည် ငယ်ရွယ်စဉ်ကပင် ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်း စသည်တို့ကို ပြုလုပ်နေသူဖြစ်သည်။ တစ်ညတွင် အိပ်မက်မြင်မက်သည်မှာ ကိုရင်လေးတစ်ပါးရောက်လာပြီး

"အဘက ခေါ်ခိုင်းလိုက်တယ်။ ကိုရင်ကြီးမလိုက်လို့မဖြစ်ဘူး။ လိုက်ခဲ့ပါ"ဟု ပြောဆိုသဖြင့် ကိုရင်လေးနှင့်အတူ လိုက်သွားခဲ့ရာ တောတောင်များကို ကျော်ဖြတ်သ ားရပြီး ထန်းပင်ကြီးတစ်ပင်ကို လွန်သောအခါ ထုံးဖြူဖြူဖွေးဖွေးနှင့် စေတီတော်တစ်ဆူကို ဖူးတွေ့ရသည်။ ကိုရင်ကြီးသည် စေတီတော်ကို ဖူးမြော်ပြီးသောအခါ ကိုရင်ကလေး ပြန်ရောက်လာပြီး

"အဘကပြောတယ် သူနဲ့လိုင်းချင်းတူမှ လာလို့ရမယ်။ အခု လာလို့မရဘူးပြန်တော့"ဟု ဆိုသဖြင့် ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရသည်ဟု အိပ်မက်မြင်မက်သည်။ ထိုအိပ်မက်မျိုးမှ တစ်လလျှင် နှစ်ခါလောက်မက်ခဲ့သဖြင့် ကိုရင်ကြီးသည် ကြာသော် ကိုရင်လေးအား စိတ်ဆိုးလာပြီး -

"ကိုရင် လာမခေါ်နဲ့တော့။ မင်း ဟုတ်လည်းမဟုတ်ဘဲနဲ့"ဟုပင် ပြောဆိုနှင်ထုတ်မိလေသည်။ ရှင်အိန္ဒြာဝံသသည် ကိုရင်ဘဝ မရောက်ခင်ကပင် စရဏအလုပ်ကို အထူးကြိုးစားလုပ်ဆောင်နေသူဖြစ်ပြီး ကိုရင်ကြီးဘဝမှ ဦးပဉ္စင်းဘဝသို့ ရောက်သည့်တိုင် တစ်စထက်တစ်စ ပို၍ကြိုးစားလာခဲ့သည်။ ဒေးစွန်ပါဒေသသို့လည်း အခေါက်ခေါက်အခါခါ လာရောက်တရားအားထုတ်စခန်း ဝင်လေ့ရှိခဲ့လေသည်။

## အနှစ်နှစ်အလလက ရောက်ချင်သောနေရာကို

တစ်နေ့တွင် အဘဦး၏တပည့်များဖြစ်သော ဒေါ်ညို၊ အမဒေါ်သိန်းတင်၊ ဒေါ်ရင်ကြည်တို့နှင့်အတူ လေးကျွန်းကျောင်းဝင်းအတွင်း ဖြတ်သန်းရောက်ရှိသောအခါ ယခင်အိပ်မက်ထဲမှ ကိုရင်ကလေးလာခေါ်စဉ် သွားခဲ့ရသော ခရီးလမ်းနှင့် တူနေသည်ကို သတိထားမိခဲ့သည်။ ထို့နောက် ထန်းပင်ကြီးတစ်ပင်ကို အိပ်မက်ထဲကအတိုင်းပင် တွေ့ရ၏။ ထိုထန်းပင်မှ ကျော်လွန်သွားလိုက်လျှင် အိပ်မက်ထဲတွင် အကြိမ်များစွာ ဖူးတွေ့ခဲ့ရသော ထုံးဖြူဖြူဖွေးစေတီလေးကို ဖူးတွေ့လိုက်ရလေတော့သည်။

ဦးပဉ္စင်းကြီး ဦးအိန္ဒြာဝံသ၏စိတ်တို့သည် ချာချာလည်ကုန်၏။ တစ်ခါမှ မခံစားဖူးရသော ဝေဒနာတစ်မျိုးကို ခံစားမိလေပြီ။ အနှစ်နှစ်အလလက သူရောက်ချင်သောနေရာသို့ အမှန်တကယ်ပင် ရောက်ရှိနေခဲ့ပြီး ယခင်က သူ့အား ထိုနေရာသို့လာရောက်ရန် စေလွှတ်ခေါ်ယူသော ရှေးဘဝအဆက်ဆက်က တပည့်ရင်းဖြစ်ခဲ့သော်လည်း အဘနှင့် လိုင်းမတူသေးဟုဆိုကာ ပြန်ခဲ့ရသော နေရာဖြစ်သဖြင့် စေတီတော်အား ထိုင်၍ရှိခိုးပူဇော်ကာ သစ္စာပြုလိုက်သည်မှာ

"မြတ်စွာဘုရား တပည့်တော်နှင့် ဘဝပေါင်းများစွာက ဆရာတပည့်ဖြစ်ခဲ့ပြီး ယခုဘဝတွင်လည်း အကြိမ်များစွာ အခေါက်ခေါက်လာခဲ့သော ဤဘုရားစေတီကိုသာ အကြိမ်ကြိမ်ဦးချ၍ ပြန်ခဲ့ရပါသည်။ ယခုအခါ ဘုရားတပည့်တော်၏ အနေအထားမှာ တပည့်တော်ဆရာ၏ လိုင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ပါသဖြင့် ဆရာနှင့်အတူနေ၍ သာသနာပြုခွင့်ရအောင် စောင့်ရှောက်တော်မူပါဘုရား။ တပည့်တော်သည် သာသနာပြုခွင့်ပြုပါဘုရားဟူ၍ ဆုတောင်းလိုက်မိလေတော့သည်။

ထိုအကြောင်းကို ဦးပဉ္စင်းကြီး ဦးအိန္ဒြာဝံသ၏ ရဟန်းအစ်မ ဒေါ်ရင်ကြည်က ကြားသိသောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး အဘဦးမိန့်ကြားခဲ့သည့်အတိုင်း ဤနေရာတွင် ဆက်လက်သာသနာပြုမည့် တနင်္ဂနွေသား အသားညိုညို ပိန်ပိန်ပါးပါး ပုဂ္ဂိုလ်ဆိုသူမှာ ဦးအိန္ဒြာဝံသဖြစ်ကြောင်း အထင်အရှားသိသွားလေတော့သည်။

ဆရာတော် ဦးအိန္ဒြာဝံသ ရောက်ရှိစဉ်က ဆယ်ပေပတ်လည် တိုင်လေးတိုင်နှင့် ထရံကပ်ထားပြီး သက်ကယ်မိုးထားသော ကျောင်းကလေးသာဖြစ်သည်။ ပတ်ဝန်းကျင်တွင်လည်း ချုံနွယ်ပိတ်ပေါင်းများ ထူပြောလှသည်။ ယခုအခါ ကျောင်းဆောင်များ၊ သိမ်အဆောက်အဦ၊ လေးကျွန်းအောင်စေတီတော်တို့နှင့် ဘုရားနှင့်ကျောင်း၊ ကျောင်းနှင့်သိမ် ပဏာရ၍နေလေပြီ။ ထို့ပြင် ဆရာတော်ကြီးက "လူလိုမှနတ်လို၊ နတ်လိုမှဗြဟ္မာ ဆိုတဲ့စကားအတိုင်းပဲ ဘူမိနက်သန်မှန်နေပြီဆိုရင် သာသနာနဲ့ပတ်သက်တဲ့လုပ်ငန်းတွေ ငါလုပ်မယ်။ အမှတ်တရဖြစ်အောင် ဘဝမှတ်တိုင်တစ်ခုအဖြစ် စိုက်ထူလို့ရအောင် ငါကြိုးစားမယ်။ ငါ့ကို ကူညီပေးကြပါ"ဟု နတ်ဒေဝါများအား ပန်ကြားခဲ့သည်။ ပုဂ္ဂိုလ်များကလည်း အခါအားလျော်စွာ ကြွရောက်လမ်းညွှန်လေ့ရှိကြောင်း သိရှိခဲ့ရလေသည်။

ဆရာတော်ကြီးက စာရေးသူအား မိန့်ကြားရာတွင် ထွက်ရပ်ပေါက်ဆရာကြီး အဘဦးဖိုးဦးက ဖျာခင်းပေးထားခဲ့ခြင်းဖြစ်ပြီး အဘဦး တည်ထောင်ခဲ့သော သာသနာ့အရိပ်ကို ခိုလှုံပြီး သာသနာတော်ကြီးပွင့်လန်းလာရန်၊ သာသနာတော်ထွန်းကားပြန့်ပွားလာစေရန်၊ တိုးတက်လာစေရန် ဆောင်ရွက်နေခြင်းသည် ဆရာတော်အတွက် ဘဝမှတ်တိုင်တစ်ခုပင်ဖြစ်ကြောင်း မိန့်ကြားပြောဆိုခဲ့လေသည်။

ကျော်စံလင်း



www.burmeseclassic.com

www.burmeseclassic.com

# ဖူးတွေ့ကြုံဖူး ပုဂ္ဂိုလ်ထူးကြီးများ

မော်တင်သိန်းဇော်ဇ

## (၁) ရဟန်းပုဂ္ဂိုလ်ထူး၊ ရဟန်းအိုကြီး

၁၉၇၉ ခုနှစ်၌ ဖူးတွေ့ကြုံကြိုက်ခဲ့ရသည်။ လွန်ခဲ့သော ၂၇ နှစ်ခန့်က ဖြစ်ခဲ့ရာ ၁၉၇၇ ခုနှစ်၊ ဧပြီလ တစ်နေ့ နံနက် ဆွမ်းခံကြွချိန်၌ ဖြစ်ပါသည်။ ကျိုက်ထီးရိုးစေတီတော်မြတ်ကို ဖူးမျှော်ကြရန်အတွက် စာရေးသူတို့ မိသားတစ်စုသည် ရသေ့တောင်တော်မြတ်ခြေရင်းရှိအဆုံး လှေကားအောက်ဆင့်တွင် ထိုင်ကာ ခေတ္တနားနေကြစဉ် ဖြစ်ပါသည်။ ထိုကဲ့သို့ စာရေးသူတို့ မိသားတစ်စု ထိုင်ကာ အပန်းဖြေနားနေ၍ မိသားစုတို့၏ စကားစမြည်များ ပြောနေကြစဉ် တောင်ပေါ်ရသေ့တောင်တော်မြတ် ကုန်းပေါ်ဆီက သပိတ်လွယ်၍ ဆင်းသက်ဆွမ်းခံကြွလာသော ကြည်ညိုရိုကျိုးဖွယ်ကောင်းလှသော ထူးကဲ၊ မြင့်မြတ်သောအသွင် ဣန္ဒြေတော်များ၊ သိက္ခာတော်များရှိသည့် ရဟန်းအိုကြီးတစ်ပါးကို ရုတ်ခြည်း၊ အမှတ်မထင်၊ မမျှော်လင့်ဘဲဆိုသလို ဖူးတွေ့ ကြည်ညိုကြရ၍ ကြည်ညိုသဒ္ဓါဂါရဝစိတ်နှင့် အသီတရားများ လှိုက်ဖိုဝင်စား ထက်သန်မိကြကာ မှတ်မှတ်ရရဆိုသလိုပင် ဝတ္ထုငွေ ခုနစ်ဆယ်ကျပ်နှင့် စားရန် နိုင်လွန်ဝေဖာတစ်ထုပ်ကို ကမန်းကတန်း အပြေးအလွှားမျှ ပြေးလိုက်ကြကာ ရှိခိုးပူဇော်ရင်း ကပ်လှူမိကြပါသည်။ ထူးထူးခြားခြားဆိုသလို ရဟန်းအိုကြီးက စာရေးသူအား ကျင့်စဉ်နှင့် အစီအရင်ထူးတစ်ခုကို ချီးမြှင့်ပြီး ဆွမ်းခံရန် တောလမ်းကြောတစ်ကြောဆီသို့ တည်ငြိမ်စွာ ဆက်လက်ကာ ကြွမြန်းသွားပါသည်။ ထူးကဲသော ထိုရဟန်းအိုကြီး မစချီးမြှင့် စေညွှန်းခဲ့သော အစီအရင်တစ်ရပ်မှာ ထိရောက်လွယ်ကူ၍ ထိုနေ့မှာပင်



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် ကျိုက်ထီးရိုးတောင်တော်ပေါ်သို့ ဆက်လက်၍ ချက်ချင်းမတက်တော့ဘဲ ရသေ့တောင်တော်မြတ်ပေါ်၌သာ ကြိုးပမ်းလှုံ့လပြု၍ ဝါယမပြု ရှာဖွေကာ ချက်ချင်းအမြန်ပင် စီရင်လုပ်ဆောင်ဆုတောင်းပြီးမှ ကျိုက်ထီးရိုးတောင်ပေါ်သို့ တက်ခဲ့ပါသည်။ ထိုနေ့၌ မခံစား၊ မကြုံတွေ့ရဖူးနှင့် အထူးအဆန်းမျှဆိုသလို စာရေးသူတို့မိသားစု တည်းခိုမည့် တိသာတောင်တော်ပေါက်ဝဆီမှ မသိမကျွမ်း၊ မမြင်ဖူးသည့် သက်ကြီးရွယ်အို ယောဂီရှင်ကြီးတစ်ဦးက ထိုနေ့က အဆောင်ထဲသို့ ဝင်ကြမည့် စာရေးသူတို့ မိသားစုအား တရင်းတနှီး ဖက်လဲတကင်း အပြေးအလွှား အားပါးတရနှင့် မိတ်ဟောင်းများနှယ် ဆီးကြိုခေါ်ယူ ပွဲ့ဖက်ကာ နေရာများချပေးသလို ဖန်တီးလှူဒါန်း ကြိုးပမ်းရာပေး၍ ငွေသောင်းကျော်နှင့် အစားအသောက်များကို အံ့သြတမော နေ့တွင်းချင်းပင် ရရှိခဲ့ဖူးပါသည်။ အိပ်မက်ထူးပမာလည်း အံ့သြတမောမျှ ကြုံတွေ့ခံစားခဲ့ရဖူးပါသည်။ ဘဝတစ်သက် မမေ့နိုင်အောင်ပင် ဖြစ်ခဲ့ရဖူးပါသည်။ (စကားချပ် ။ ထိုကာလ ငွေသောင်းကျော်မှာ အထူးတန်ဖိုးမြင့်ခဲ့ပါသည်။) (မှတ်ချက် ။ ထိုရဟန်းပုဂ္ဂိုလ်ထူး ရဟန်းအိုကြီးမှာ မကြာမီ ထွက်ရပ်မြန်းသွားသည်ဟု နောင်အခါများ၌ ကြားသိရသလို ထိုရဟန်းအို ပုဂ္ဂိုလ်ထူး၏ အစီအရင်ထူးကို မဆိုင်းမတွနှင့် ချက်ချင်း တယုံတကြည်လုပ်ဆောင်ခဲ့သော စာရေးသူမှာလည်း နောင်နောက်ပိုင်း ရက်ကာလအချိန်များ၌ အထူးတလည်မျှ စားဝတ်နေရေးနှင့် အလုပ်အကိုင်များ၊ ဝင်ငွေများအနေနှင့် ထူးကဲပွင့်လန်းသိသာခဲ့ပါသည်။)

## (၂) ပထမံဘိုးဘိုးအောင်

၁၉၈၆ ခုနှစ်၌ ကြုံတွေ့ခဲ့ရသည်။

မှတ်မှတ်ရရ ၁၉၈၆ ခုနှစ်၊ မတ်လကုန်ခါနီး မွန်းလွဲ ၂ နာရီတစ်ပိုက်ခန့် အချိန်၌ ဖြစ်ပါသည်။ ပင်စင်ယူပြီးချိန်ဖြစ်၍ အားလပ်နေသော စာရေးသူသည် ထိုနေ့၊ ထိုအချိန်၌ ဘုရားကျောင်းဆောင်ရှေ့မှောက်တွင် ထိုင်ကာ တစ်ဦးတည်း ဘုရားရှိခိုး၊ ဝတ်ပြုနေမိခဲ့ပါသည်။ ရှိခိုးဝတ်ပြုကာ မေတ္တာပို့သပြီးဖြစ်၍ ထရန်အပြုတွင် စာရေးသူ၏ ဦးခေါင်းပေါ်တည့်တည့်အမြင့် အိမ်ခေါင်သွပ်မိုး မျက်နှာကြက်ပြားပေါ်ဆီမှ ဓာတ်လုံးတစ်လုံးသည် စာရေးသူ၏ လက်ဝါးပြင်ထဲဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ဒေါက်ခနဲ၊ တန်းခနဲ တည့်တည့်ကြီးပင် ကျရောက်လာသည်ကို တွေ့မြင်သိရှိ ခံစားရပါသည်။ ဘော်ငွေရောင်နှင့် ပဲစေ့ခန့်ရှိသော ထိုဓာတ်လုံးကို အမျိုးအနွယ်အဆင့်၊ ဂုဏ်ရည်ဝိသေသများ မသိရှိ နားမလည်၍ သီလနှင့် သမားစဉ်နှင့် အကျင့်ကောင်းရှိ၊ အထက်လမ်းလိုက်စား အားထုတ်သော ဝါရင့်ပုဂ္ဂိုလ်တစ်ဦးအား ပြသတင်ပြ ချဉ်းကပ်စစ်ဆေးစေခဲ့ရာ ထိုဝါရင့်ပုဂ္ဂိုလ်က ဓာတ်စီးပြီး မဟာသိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် ပထမံဘိုးဘိုးအောင်က ချီးမြှင့်သော ဓာတ်လုံးထူးဖြစ်နိုင်ကြောင်းကို ပြောဆိုဖော်ထုတ် အကြံပြုခဲ့ပါသည်။

(မှတ်ချက် ။ ထို့နောက်ပိုင်း ရှေ့လ ပြေလကပင် ဘဝ၌ ဘုရားဖူးလမ်းကြောင်းအစ ဆိုသလို ပထမံဘိုးဘိုးအောင် ကျင့်ကြံထွက်ရပ်မြန်းခဲ့သော ပြည်မြို့ကပင် ပထမဦးဆုံး ဘုရားဖူးခရီးဦး အစပျိုးကာ အစပထာမဆိုသလို စတင်ထွက်ခွာခဲ့ရသလို စာရေးသူ၏ စားဝတ်နေရေးနှင့် အလုပ်အကိုင်များရော၊ ဂမ္ဘီရလေ့လာရှာဖွေကျင့်ကြံရေးတို့အတွက်ပါ ထူးကဲတိုးတက်ခဲ့ပါသည်။)

(စကားချပ် ။ စာရေးသူ၌ အကျင့်စရဏ ဘာဝနာပိုင်းတို့၌ နည်းပါးချွတ်ယွင်း မခိုင်မာ၍ ထိုဓာတ်လုံး ပြန်၍ အလိုလိုပင် ပျောက်ကွယ်သွား၍ ပြန်သိမ်းသွားပါသည်။)

## (၃) အဖေကြီး ဘိုးမင်းခေါင်

၂၀၀၅ ခုနှစ်၌ ကြုံတွေ့ခဲ့ရသည်။

၂၀၀၅ ခုနှစ် မိုးတွင်းကာလတွင်းဖြစ်ရာ တစ်နေ့နေ့လယ် မိုးသည်းနေသောအချိန်၌ ဖြစ်ပါသည်။ အထူးအသက်ဝင်ထူးခြားဆန်းပြားသော ရုပ်ပုံတော်အသွင် ပုံပန်းသဏ္ဌာန် ဘိုးမင်းခေါင်ရုပ်တုတစ်ရုပ်ကို စာရေးသူ အရထူး၍ ပင့်ဆောင်ပြီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ကားစောင့်ရင်း အိမ်ပြန်ရန် ထိုင်နေမိပါသည်။ ထိုစဉ် ယောဂီဝတ်ပုဂ္ဂိုလ်ကြီးတစ်ဦးက ရပ်ဝေးမှလာကာ လက်ဖက်ရည်ဆိုင်ထဲ၌ ထိုင်နေသော စာရေးသူထံ တန်းတန်းမတ်မတ်ကြီး ရုတ်



www.burmeseclassic.com

www.burmeseclassic.com

တရက် စွပ်ခနဲ ရဲရဲတင်းတင်းနှင့် အပြေးကလေး ဝင်လာ လျှောက်လှမ်းလာ၍ ဓာတ်စီးပြီး ဘိုးမင်းခေါင်ဂါထာမန္တန်များ ရွတ်ကာ ဓာတ်သိဒ္ဓိများ ပေးအပ်၍ ဟောချက်ထူးများကို ပေးအပ်ခဲ့ပါသည်။ စာရေးသူမှာ အံ့သြတမောပင် ခံစားမိခဲ့ ရပါသည်။ ချိန်ကိုက်ကွက်တိ ဖန်တီးထားသလိုပင် အဖေကြီး ဘိုးမင်းခေါင်၏ ရုပ်တုအရောက်၊ အရတွင် ရုပ်ဝေး အာဂန္တု ညှော်စိမ်း ဘိုးမင်းခေါင်ဓာတ်စီးသူက ချက်ချင်းလာရောက်၍ ဓာတ်ဖွင့်သည်မှာ အလွန်ထူးပါသည်။

(မှတ်ချက် ။ ထိုနောက်ပိုင်း၌ အဖေကြီးဘိုးမင်းခေါင် နှင့် တိုက်တိုက်ဆိုင်ဆိုင် စပ်လျဉ်းနွယ်ယှက်၍ ဂန္ဓာရီခရီးစဉ် များ အတွေ့အကြုံအဖြစ်ဆန်း အဖြစ်ထူးများ၊ ထူးခြားတိုး တက် ပွင့်လန်းသော အကျိုးထူးများကို ခံစားရင်ဆိုင်ရရှိမှု များ။ ပါးစပ်နှင့် ထုတ်ပြော၍မရနိုင်သလို ပြောပြပြန်ရင်လည်း တစ်ပါးသူတို့က ယုံကြည်နိုင်ဖွယ်မရှိသော အဖေကြီးဘိုးမင်း ခေါင်၏ ချီးမြှင့်မစ ကယ်တင်မှုများကို အထင်အရှားပင် လက်တွေ့ကြီး အံ့သြတမောမျှ ခံစားခဲ့ရပါသည်။ (အဖေကြီး ၏ ထွက်ပွဲအောင်ပွဲကြီးများကိုလည်း နှစ်စဉ် သွားရောက်နိုင် ခဲ့ပါသည်။)

## (၄) အရိမဗ္ဗဝိဇ္ဇာမိုရ်ကြီး အဖေကြီး အဘိုးသံ

၂၀၁၅ ခုနှစ်၌ ကြုံတွေ့ခဲ့ရသည်။

၂၀၁၅ ခုနှစ်ဆန်းလတစ်ဝိုက်၌ စာရေးသူ အထူး ကြည်ညိုအားထားမိ၍ ပူဇော်ဆည်းကပ်သော အရိမဗ္ဗဝိဇ္ဇာ မိုရ်ကြီး အဖေကြီးအဘိုးသံအား အဓိဋ္ဌာန်နှင့် သွားရောက် ပူဇော် ကန်တော့တိုင်တည်ပြီး တောင်သုံးလုံးမှအပြန်၌ လမ်း ၌ ထူးခြားဆန်းပြား ဆန်းကြယ်နက်နဲလှသော ဂမ္ဘီရဖြစ်စဉ် သနစ်ထူး ကိုယ်တွေ့များကို အံ့သြတမောမျှ အဆန်းတကြယ် အံ့သြဘနန်းနှင့် ဝမ်းပန်းတသာမျှ သိရှိကြုံတွေ့ခဲ့ရပါသည်။ အဖေကြီး၏ ကြီးမြတ်သော ကျင့်စဉ်များ၊ ဖြစ်စဉ်များ၊ ဩ ဝါဒစရိယာ အဆောင်လက်ဖွဲ့ဂါထာများကိုလည်း ကျေးဇူးကြီး အပ်လှသော အဖေကြီး၏ တပည့်သားသမီး သာဝကတို့၏ မေတ္တာဂုဏ်ရည်၊ ကရုဏာကျေးဇူးတော်များနှင့် ရရှိအားထုတ် အသုံးပြုနိုင်ခဲ့ပါသည်။ ကျင့်ကြံပွားများနိုင်ခဲ့ပါသည်။ ထူးကဲ ဆန်းပြားသော အဖြစ်ထူး၊ ရလဒ်ထူးများ၊ မစမှုများလည်း အထင်ကရပင် သိသာခံစားခဲ့ရပါသည်။

(မှတ်ချက် ။ ထိုနောက်ပိုင်း၌ အထူးသဖြင့် ဘာသာ ရေး၊ ကုသိုလ်ရေး၊ သီလဘာဝနာ အကျင့်စရဏပိုင်း၊ ကောင်းမှုအစုစုတို့နှင့် လူမှုရေး၊ ဝိဇ္ဇာလမ်းကြောင်းလာများ၊ အဟောအပြောဂမ္ဘီရလာများ၊ လာဘ်အရာတို့၌ ထူးခြား တိုးတက်ခဲ့ရပါသည်။)

စာရေးသူအနေနှင့် အကျင့်သီလ၊ ဘာဝနာ၊ ပညာ၊ အတွေ့အကြုံများဘက်၌ အားနည်းတိမ်းပါးလှပါသည်။ ကံ အခွင့်အလမ်းများ ထူးကဲ၍သာ ကံကောင်းသဖြင့် ပုဂ္ဂိုလ် ထူးကြီးများကို တင်ပြပါအတိုင်း ဖူးတွေ့ ကြုံကြိုက် ပူဇော် ခွင့်များ ရရှိခဲ့ကာ ဂမ္ဘီရဆန်သော အဖြစ်သနစ်ထူးနှင့် ရလဒ် ထူးအချို့ကို ကြုံတွေ့ခံစားခဲ့ရခြင်းဖြစ်ပါသည်။

သူတော်စင်ပုဂ္ဂိုလ်ထူး အဖေကြီးများ၏ ဂုဏ်ကျေးဇူး ဝိဇ္ဇာလမ်းဝင် ဆရာပညာရှင် လူပုဂ္ဂိုလ်ကျေးဇူးရှင်တို့၏ ဂုဏ်ကျေးဇူးတို့ကို ရိုကျိုးကော်ရော် ပူဇော်လိုသော ဖော် ထုတ်၍ သရုပ်မှန်ကို ထင်ဟပ်လိုသော အတိဂါရဝ စိတ်ရင်း နှင့် ကိုယ်တွေ့မှန်အချို့ကို အကျဉ်းမျှတင်ပြအပ်ပါသည်။ နက် ရှိုင်းစွာ လေ့လာသုံးသပ်ရန် အံ့သြလေးမြတ် ဝမ်းသာဖွယ် ကောင်းလှသော အသိနှင့် ခံစားမှုတို့ကိုရရှိ၍ တင်ပြရခြင်း ဖြစ်ပါသည်။ ဆက်လက်တင်ပြပါဦးမည်။ နက်ရှိုင်း၊ ဆန်း ကြယ်၊ လေးမြတ်လှသော အထူးသဖြင့် ဝိဇ္ဇာလမ်းကြောင်း လာ နွယ်ဝင်များ၊ ဂမ္ဘီရနွယ်ဝင်များတို့နှင့် ပတ်သက်၍ အမှန် တကယ် တွေ့ကြုံခံစားကြရသည့် ကံထူးသော ကာယကံရှင် များတို့အနေနှင့် ရေးသားတင်ပြ ပြောဆိုပြရန်မရ၊ မလွယ်၊ မသင့်လျော်သည့် လျှို့ဝှက်ဆန်းကြယ် လေးမြတ်လွန်းလှ သော အဖြစ်သနစ်အတွေ့အကြုံဆန်းတို့နှင့် အကျိုးရလဒ် ထူးတို့ရရှိတတ်သည်ဟု ဆရာသခင်၊ ကျေးဇူးရှင်တို့က မိန့် ဆိုလမ်းညွှန်၍ ဆုံးမအသိပေးဖူးပါသည်။ ကြုံကြိုက်၊ အခွင့် ရက ကိုယ်တွေ့ အမှန်အကျယ်တို့ကို နှုတ်နှင့် ရိုကျိုးမှန်ကန် စွာ တင်ပြပါဦးမည်။ များစွာကျန်ရှိပါသေးသည်။

**မော်တင်သိန်းဇော်ဝ**



www.burmeseclassic.com


www.burmeseclassic.com

# အောင်မင်္ဂလာမြေဇင်းတောရ ၄၅ ရက် တရားစခန်းမှသည် နိဗ္ဗာန်ဆီသို့

■ မင်းတိုင်ပင်(မြေရာင်မြေ)

သောက်ကြံ့မြို့ ၂၃၆ ကားဂိတ်မှ ဆိုင်ကယ်စီး၍ ခရီးနှင်ခဲ့၏။ အမှတ်(၂) လမ်းမကြီးနှင့် မြို့ရှောင်လမ်း မဆုံမီ လက်ဝဲဘက်၌ ထိုတောရ၏ မုခ်ဦးက ဆီးကြိုနေပါ၏။ မြေဇင်းတောရကို တိုက်တည်ဆရာတော်ကြီး၏ ဆိုဆုံးမခဲ့သော **မောဃ ကာလံ နခေပယေ** - အချည်းနှီး အချိန်မကုန်ကြစေနှင့်။ **ဟာပေါ်ခဏ်ဖီရာမေ** - အခွင့်ကောင်းတွေ လက်လွတ်မဆုံးရှုံးကြစေနှင့် ကြိုးစားကြ။ ကိုယ့်လုပ်အားခ ကိုယ်ရတာ၊ ကိုယ့်နေ့တွက် ကိုယ်ရတာ၊ ကိုယ့်ဝေစု ကိုယ်ရအောင်ယူကြ။ ဘယ်သူမှ ကူလုပ်ပေးလို့မရဘူး။ **သိန္နိဋ္ဌိကော**ဆိုတာ မဟုတ်လား။ ကိုယ်လုပ်မှကိုယ်ရမှာ။ **အကာလိကော** - တကယ်လုပ် အချိန်မရွေး အဟုတ်သိကြရမှာဗျာတဲ့။ ဤကဲ့သို့ မိန့်မှတော်မူခဲ့ပါသည်။ ယခု ကျွန်ုပ် မြေဇင်းတောရ ရိပ်သာကျောင်းတိုက်မုခ်ဦးမှ ကျောင်းတိုက်ရှေ့ ပရိဝုဏ်အတွင်း ရောက်ရှိနေပါသည်။ ပထမဦးဆုံး ဖူးတွေ့ရသည်မှာ ရွှေရောင်တဖိတ်ဖိတ်နှင့် အလွန်တင့်တယ်သပ္ပာယ်လှတဲ့ ဝိမုတ္တိသုခ ဆုတောင်းပြည့်စေတီတော်ပဲ ဖြစ်ပါသည်။ တစ်ဆင့် ဝိမုတ္တိပါရဂူသိမ်၊ ကျောင်းပရိဝုဏ်နှင့် နှစ်ထပ်ဗိမာန်တော်ကြီး။ ဘောဇနပါရဂူဆောင်၊ ဓမ္မဝိဟာရဆောင်၊ ထို့နောက် နောက်ဘက်တွင် အမျိုးသမီးယောဂီဆောင်၊ စင်္ကြံလမ်း၊ အမျိုးသား ယောဂီဆောင်နှင့် ရေအိမ်များ သပ်ရပ်သန့်ရှင်းလှစွာ မြင်လိုက်ရ၏။ ထို့နောက်မှာ တာဝန်ယူဆောင်ရွက်နေသည့် အတွင်းရေးမှူး ဦးအောင်ဝင်းထံသို့ သွားရောက်ပြီး ခေတ္တနားရ၍ ကျွန်ုပ်ရောက်သည့်အချိန်တွင် ယောဂီများ ဘောဇနဆောင်သို့ ဆွမ်းစားကြွရောက်တော့မည်ဖြစ်၍ မှတ်တမ်းတင် ဓာတ်ပုံ ရိုက်ခဲ့ပါ၏။ အားလုံး တန်းစီ၍ လက်အုပ်ချီကာ ရှိခိုးပြီး ဝင်လာခဲ့ပါသည်။ ဘောဇနဆောင်ကြီးထဲဖွင့် သံဃာတော်များသည်လည်း သံဃာစင်ခေါ် ကျောင်းတော်၌လည်းကောင်း၊ ယောဂီသည် စားပွဲဝိုင်းများ၌ တစ်ဝိုင်းခြောက်ယောက်ကျ ဝင်ရောက်နေရာယူပြီး လက်အုပ်ချီမိုးကာ ငြိမ်သက်စွာ နေကြပါသည်။

ထို့နောက် ယောဂီအားလုံး သံပြိုင်ရွတ်ဆိုသည်မှာ -





www.burmeseclassic.com

www.burmeseclassic.com



ကန္နီရွှေသိမ်တော်တောရ
ဆရာတော် ဘဒ္ဒန္တသောဘိတ
မဟာထေရ်မြတ်

မောင်းထောင်မြေဇင်းတောရ
ဆရာတော် ဘဒ္ဒန္တသောဘိတ
(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)



"ယနေ့ ဆွမ်းအလှူ ကုသိုလ်ရှင်တွေ ကိုယ်စိတ်နှစ်ဖြာ လွန်ကျန်းမာ၊ ချမ်းသာကြပါစေ။ သာသနာပြု မြတ်ကောင်းမှု နေ့တိုင်းကြုံနိုင်ကြပါစေ။ ကုသိုလ်ပြုရင်း ဉာဏ်ပွင့်လင်း လက်ငင်း ချမ်းသာကြပါစေ"ဟူ၍ နှစ်ခေါက် ရွတ်ဆိုကြပါသည်။

"ဝေယျာဝစ္စ ကုသိုလ်ရှင်တွေ ကိုယ်စိတ်နှစ်ဖြာပ လက်ငင်းချမ်းသာ ကြပါစေ" (နှစ်ခေါက်)

ဤသည့်စားဖွယ် အမယ်မယ်ကို မြူးရယ်မာန်ကြွ၊ လုပရေဆင်း ပြည့်ဖြိုးခြင်းဟု မသုံးပါဘူး။ လေးဖြာဓာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတမ်း၊ မဓောပန်းပြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုက်မျှလစ်၊ ခပ်သိမ်းပြစ်ဆို၊ မဖြစ်လေအောင် ချမ်းမြေ့အောင်ဟု သုံးဆောင်မှီဝဲပါစေသတည်း။

၁။ ယခုရောက်လာ တို့သူတှာ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၂။ ရှင်လူများစွာ တို့သူတှာ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၃။ ဂုဏ်တော်အနန္တာမြတ်ဆရာ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၄။ မိဘနှစ်ဖြာ ဂုဏ်အနန္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၅။ တို့ရိပ်သာတွင်းမှာ များသတ္တာ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၆။ တို့မြို့တွင်းမှာ များသတ္တာ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၇။ တို့နယ်တွင်းမှာ များသတ္တာ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၈။ ရဟန်းသံဃာ အားလုံးမှာ ချမ်းသာကိုယ်စိတ်မြဲ ပါစေ။

၉။ ပစ္စည်းလေးဖြာ ဒါယကာ ချမ်းသာကိုယ်စိတ်မြဲ ပါစေ။

၁၀။ မင်းစိုးရာဇာ နယ်တကာ ချမ်းသာကိုယ်စိတ်မြဲ ပါစေ။

၁၁။ နီးသူ၊ တိုက်သူ၊ လိမ် ကောက်သူ တို့တွေကိုယ်စိတ် ချမ်း သာစေ။

၁၂။ တို့စကြဝဠာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၁၃။ အပါယ်လေးရွာ များသတ္တာ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၁၄။ အနန္တစကြဝဠာ များသတ္တာ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၁၅။ လူနတ်ပြဟ္မာအားလုံးမှာ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၁၆။ သုံးဆယ့်တစ်ဘုံအလုံး အကုန်ချမ်းသာစေ။

၁။ အောင်မင်္ဂလာ မြေဇင်းတော ရ ရိပ်သာ၊ ရဟန်းရှင်လူ ယောဂီတွေ ဘေးရန်ကင်းကြပါစေ။ စိတ်ဆင်းရဲခြင်း ကင်းကြပါစေ။ ကိုယ်ဆင်းရဲ ကင်းကြ ပါစေ။ ကျန်းမာချမ်းသာ ကိုယ်ခန္ဓာ ကောင်းစွာဆောင်ရွက်နိုင်ကြပါစေ။

၂။ အောင်မင်္ဂလာ မြေဇင်းတော ရရိပ်သာ ဝေယျာဝစ္စအမှုဆောင်တွေ



www.burmeseclassic.com

www.burmeseclassic.com

ဘေးရန်ကင်းကြပါစေ။ စိတ်ဆင်းရဲခြင်းကင်းကြပါစေ။ ကိုယ်ဆင်းရဲကင်းကြပါစေ။ ကျန်းမာချမ်းသာ ကိုယ်ခန္ဓာကောင်းစွာ ဆောင်ရွက်နိုင်ကြပါစေ။

၃။ အောင်မင်္ဂလာ မြေဇင်းတောရ ရိပ်သာ အလှူရှင်တွေ ဘေးရန်ကင်းကြပါစေ။ စိတ်ဆင်းရဲခြင်းကင်းကြပါစေ။ ကိုယ်ဆင်းရဲခြင်းကင်းကြပါစေ။ ကျန်းမာချမ်းသာ ကိုယ်ခန္ဓာ ကောင်းစွာဆောင်ရွက်နိုင်ကြပါစေ။

ထို့နောက် မေတ္တာပို့ပြီးဆုတောင်းကြပါသည်။

ဤသို့ပြုရ မြတ်ပုညကြောင့် ချမ်းမြအေးကြည် ဘေးမဲ့မည်သည်၊ ရွှေပြည်ထုတ်ချောက် လမ်းမကောက်ဘဲ ရောက်ရပါလို ထိုထိုဘဝ ကျင်လည်ရလည်း ဒုက္ခဘေးဒဏ် ရန်မာန်အပေါင်း မကောင်းဟူသမျှ မတွေ့ရဘဲ သဗ္ဗကျွန်မင်္ဂလာကို ရွယ်ကာတတိုင်း ရစေသော်။ ယနေ့ယခု ပြုပြုသမျှ မြတ်ဘာဂကို မိဘဆရာ မျိုးသဟာနှင့် ကိုယ်မှာစောင့်ကြပ် ကိုယ်စောင့်နတ်က အစရင်းစ၍ ရှိရှိသမျှ လုံးစုံဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ဝေနေယျတို့ ရကြပါစေ ပေးဝေသည် များတွေ့သာဓု ခေါ်စေသော်။

သာဓု…သာဓု…သာဓုဟု သုံးကြိမ် သံပြိုင်ရွတ်ဆိုကာ ဘောဇနသပ္ပာယ မျှတစွာ သုံးဆောင်ကြပါသည်။ ထို့နောက် ကျွန်ုပ်အား အာဟာရထမင်းနှင့် ညှော်ခံကျွေးမွေးပြီး ဦးအောင်ဝင်းမှ ညှော်ခံ၍ နွားနို့နှင့် မုန့်၊ သစ်သီးများပါ သုံးဆောင်ရပါသည်။ အားလုံးယောဂီများ အဆောင်သို့ ပြန်ကြွရာမှာလည်း လက်အုပ်ချီမိုး၍ တန်းစီကာ စနစ်တကျ ပြန်သွားကြသည်မှာလည်း ကြည်နူးစရာ ပီတိဖြစ်နေမိပါသည်။

အားလုံး အာဟာရသုံးဆောင်ပြီးသော် ဦးအောင်ဝင်းနှင့်ကျွန်ုပ် ဆရာတော်သီတင်းသုံးရာ ဝိမုတ္တိပါရဂူသိမ်ကျောင်းဆောင်ကြီးသို့ သွားရောက်ကာ ဘုရားရှိခိုး၊ ဆရာတော်အား ကန်တော့ပြီး မိတ်ဆက်စကား လျှောက်ထားပြီးနောက် သိလိုသမျှ ထပ်မံလျှောက်ထားခွင့် တောင်းခံခဲ့ပါသည်။

အောင်မင်္ဂလာ မြေဇင်းတောရ ကျောင်းတိုက် ဆရာတော်၏ ဘွဲ့တော်မှာ အရှင်ဇဝနဖြစ်ပါသည်။ ဆရာတော်သည် အလွန်ကြည်ညိုဖွယ် ရုပကာယနှင့်ပြည့်စုံပြီး ကျွန်ုပ်သိလိုသမျှအကြောင်းအရာများကို ဤသို့ မိန့်ကြားပါသည်။

"ဦးပဥ္စင်းတို့ မြေဇင်းတောရရိပ်သာကျောင်းကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ နှစ်ကုန်ပိုင်းလောက်က တိုက်တည်ဆရာတော် ဦးသောပါက ဖြစ်ပါတယ်။ ဦးပဥ္စင်းကတော့ ၂၀၀၉ ခုနှစ်က စတင်ရောက်ရှိပြီး တာဝန်ယူခဲ့ပါတယ်။ ဟိုနှစ်တွေက တစ်နှစ်ကို လေးကြိမ်လောက် တရားစခန်းကျင်းပပါတယ်။ အဲဒီတုန်းက ရက် ၆၀ ပါ။ ဒါပေမယ့် ရက်ရှည်တော့ ယောဂီတွေက အလုပ်တွေနဲ့ဆိုတော့ သိပ်မဝင်နိုင်ကြပါဘူး။ နည်းပါတယ်။ နောက်တော့ ၄၅ ရက်နဲ့ ၄ ကြိမ်၊ တစ်လနဲ့ တစ်ကြိမ်၊ သင်္ကြန်ရက်မှာ ၁၀ ရက်စခန်း တစ်ကြိမ် ဖွင့်လှစ်ပါတယ်။ ယောဂီကတော့ ၂၀-၂၅ ယောက်လောက်ပါပဲ။ အများနည်းတူ အစိုးရရုံးပိတ်ရက်တွေမှာလည်း ဖွင့်ပါတယ်။ ဒီတော့ ပထမဆုံးကတော့ သမထကို တစ်လလောက်







www.burmeseclassic.com

www.burmeseclassic.com




ထူထောင်ရပါတယ်။ ၁၅ ရက်လောက်မှာ နိမိတ်တွေရလာမယ်။ အဲဒါ ဥဂ္ဂဟနိမိတ်အထိ ရလာပါတယ်။ နောက် ပရိပါကနိမိတ် ရမယ်။ ဒီတော့မှ သမာဓိအား ကောင်းလာပြီဆိုတော့ နိမ္မိတသမထရလာမယ်။ အဲဒါ ကုသိုလ်ကြောင့် ရလာတာပါ။ အသေးစိတ်ဆိုရင် ဗုဒ္ဓနုဿတိကမ္မဋ္ဌာန်း သုံးရက်၊ မေတ္တာကမ္မဋ္ဌာန်း တစ်ရက်၊ မရဏာနုဿတိ ငါးရက်၊ ပရိကံ ငါးရက် အဲဒီတော့ အာနာပါနကမ္မဋ္ဌာန်းစပြီး ဝင်လေထွက်လေ မှတ်တဲ့နည်း ဝင်သည် (၁)၊ ထွက်သည် (၁) အဲဒီလိုမှတ်။ ရှစ်ကြိမ်ကိုတစ်ဝါ။ ပြန်စတစ်ခါ ရှစ်ကြိမ်ပြန်မှတ်။ စိတ်ကို သန့်ရှင်းအောင် ပြုလုပ်ရပါတယ်။ ဒီတော့ နိမိတ်အရောင်တို့ စေစားလာတယ်။ နောက် တစ်တောင်တိုး မျက်စိကိုမှိတ်ထား၊ ဒီလိုနဲ့ တစ်တောင်က နှစ်တောင် အကျယ်ကြည့်။ တဖြည်းဖြည်းနဲ့ အဝေးကိုပို့၊ တစ်ခါ ပြန်ယူမှတ်၊ နိမိတ်တွေ ရလာပါတယ်။ စိတ်နဲ့နိမိတ် ထင်ဟပ်လို့ တစ်ထပ်တည်းကျပြီဆိုတာနဲ့ အဲဒီစိတ်ကို ကိုယ်စေစားလို့ ပို့လွှတ်လို့ရပါပြီ။ အဲဒီနိမိတ်ကို စေစားပြီးတော့ ခိုင်မြဲအောင်လုပ်၊ သမထရလာပါပြီ။ ဒါဆိုရင် အဲဒီနိမိတ်ကို ရွှေတိဂုံဘုရား အာရုံပြုခိုင်းထင်းထင်းလင်းလင်း ဖူးရတယ်။ နောက်ကျိုက်ထီးရိုးအာရုံပြုကြည့်။ ဒါထက်မက တန်ခိုးကြီးဘုရားများကို တစ်ဆူပြီးတစ်ဆူဖူး။ မြန်မာပြည်ထဲက ဘုရားတွေဖူးပြီးရင် သံဝေဇနီယ လေးဌာန၊ ဗုဒ္ဓဂယာဘုရားတွေကိုဖူး။ ဒါတင်မကသေး။ တရုတ်ပြည် ဗုဒ္ဓစွယ်တော်တိုက်သို့ သွားဖူး။ အိန္ဒိယမှာရှိတဲ့ စွယ်တော်တိုက်၊ မဟာဗောဓိပင်၊ ထူပါရုံ၊ မဟာစေတီတော်ကြီးတွေကို အကြိမ်ကြိမ်ဖူးလို့ရပါတယ်။ တစ်ခါ မိမိခန္ဓာကိုယ် ပြန်ကြည့်ရှု။ ထွက်ပေါက်ကိုကြည့်တော့ အလင်းနိမိတ်ကို မြင်ရပါတယ်။ သမာဓိပိုကောင်းလာရင် ဝီရိယလည်း ပိုကောင်းလာမယ်။ သမာဓိကောင်းလို့ရှိရင် သဒ္ဓါတရား ကောင်းလာပါတယ်။ ဒီတော့ ဦးပဥ္စင်းတို့က တရားစစ်ဆေးပါတယ်။ ယောဂီဟာ လိမ်ရင်လည်း သိပါတယ်။ ဝိပဿနာကို လိမ်လို့တော့ မရပါဘူး။ သမထကတော့ ပေါ က်မပေါက် ရောက်မရောက် သိပါတယ်။ ဒီတော့ သမထပေါက်ပြီဆိုမှ ဝိပဿနာဖြစ်တဲ့ ရုပ်နာမ်ကို အသုံးပြုမှာ။ ရုပ်နာမ်မှာ ဉာဏ်စဉ် ၁၆ ပါး ရှိပါတယ်။ နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်တဲ့ ရုပ်ကို ရုပ်မှန်းသိ၊ နာမ်ကို နာမ်မှန်းသိအောင် ရှုမှတ်ခိုင်းပါတယ်။ သမထက အကာ၊ ဝိပဿနာ



www.burmeseclassic.com

www.burmeseclassic.com



အနှစ်ဆိုတာ မဟုတ်ပါဘူး။ အားလုံးဟာ အနှစ်တွေပါပဲ။ ဦးပဥ္စင်းကတော့ အတုတုပဲလို့ ခံယူပါတယ်"

"မှန်ပါ့ဘုရား။ အရှင်ဘုရားရဲ့ အန္တေဝါသိက ဆရာများ မိန့်ပါဘုရား"

"ဦးပဥ္စင်းရဲ့ ဆရာသမားတွေက ရန်ကင်းအေးငြိမ်းသာ ဆရာတော် ဦးသောပါကကတော့ မမီခဲ့ရပါဘူး။ ဒါပေမယ့် မောင်းတောင်မြေဇင်းတောရ ဆရာတော်ကြီး ဦးသောဘိတ၊ ကန္နီမြို့ မောင်းတောင်မြေဇင်းတောရဆရာတော်၊ အုတ်ဖိုလက် ပံဆရာတော် ဦးဝါဒိဋ္ဌ ဖြစ်ပြီး ထိုဆရာတော်ကြီးရဲ့ ဆရာတော် ဘတီဗက်သား ဦးသီလာတိဿဖြစ်ပါတယ်။ အဲဒီမှာ နည်းနာများယူ၍ ကန္နီ ဆရာတော်ကြီးလက်ထက်မှာ ရက်ရှည် များအတိုင်း ခက်ခက်ခဲခဲ အားထုတ် ခဲ့ကြံ့ရပါတယ်။ ဦးပဥ္စင်းတို့ တရား စခန်းကတော့ ဒါပါပဲ ဒကာကြီး"

"မှန်ပါ့ ဒီသာသနာတော်ကြီး ဝိုထဲအတွင်း အဆောက်အအုံများက အရှင်ဘုရားလက်ထက်မှာ ဆောက် လုပ်တာပါလား ဘုရား"

"မှန်ပါတယ်···။ ယခင်မြေက ကျယ် ၇ ဧက ရှိပါတယ်။ အလှူရှင် တစ်ဦးက မြေ ၁·၅၀ ဧက လှူတော့ ၈·၅၀ ဧက ရှိလာပါတယ်။ ယခုလည်း ပြီအပ်တာတွေ ဆောက်လုပ်နေပါ တယ်။ ဒီတော့ ဒကာကြီး မှတ်တမ်း တင်ပါ။ လိုအပ်တာကို ဦးအောင်ဝင်း ဆိုင်ပင်ပြီး ဆောင်ရွက်ပါ"

"မှန်ပါ၊ ဝမ်းသာပါတယ်ဘုရား။ ကညွှတ်တော်တို့ တရားရှုမှတ်နေဆဲ ယောဂီအသက်ကြီးဆုံးပုဂ္ဂိုလ်နဲ့ အသက် အငယ်ဆုံး ယောဂီအမျိုးသမီးယောဂီ တစ်ဦးစီ မေးမြန်းခွင့်ပြုပါဘုရား"

"ကောင်းပါပြီ။ လိုအင်ဆန္ဒ ပြည့် စုံပါစေဗျာ"

ထို့နောက် ဆရာတော်သည် အတွင်းရေးမှူး ဦးအောင်ဝင်းအား အမျိုးသားယောဂီတစ်ဦးနှင့် အမျိုးသမီး ယောဂီတစ်ဦးတို့ ဓမ္မပါလဆောင်တွင်း သို့ လာရောက်၍ ကျွန်ုပ်သိလိုသော မေးခွန်းများကို ဖြေကြားစေပါသည်။

ကျွန်ုပ် ရှေ့စားပွဲတွင် လက်အုပ် ချီ၍ ထိုင်နေသည့် အမျိုးသားယောဂီ ဆရာကြီးအား ကျွန်ုပ်က -

"အဘ မင်္ဂလာပါ ယခုလို အဘ တရားဓမ္မအားထုတ်တာ ဘယ်နှစ်ကြိမ် ရှိပါပြီလဲခင်ဗျာ"

"ကျွန်တော့်နာမည်က ဦးကြင်တိုး ပါ။ အသက်က ၆၉ နှစ်။ တွံတေးမြို့ ကပါ။ ကျွန်တော် ၂၀၁၀ ပြည့်နှစ်က ရက် ၆၀ ပထမဆုံးတစ်ကြိမ်နဲ့ ယခု ၂၀၁၆ ခုနှစ်မှာ ၄၅ ရက် တစ်ကြိမ် နှစ်ကြိမ်ရှိပါပြီ"

"အဘ···တရားလုပ်ငန်းစဉ် အကြောင်းလေး ရှင်းပြပါလား ခင်ဗျာ"

"တရားစခန်းတိုင်းမှာ မောင်း ထောင်မြေဇင်းတောရ ဆရာတော်ကြီးရဲ့ နည်းနာနိဿရနှင့် မှတ်ရပါတယ်။ ထို့ အတူ နှာသီးဖျားမှာရှု၊ နိဿယဂဏ နည်း အသက်ဝင်ထွက် အမှတ်ကို ၁-၂-၃-၄ နှင့်မှတ်ပြီး သမာဓိယူ။ ဘာမှ မကွာပါဘူး။ ဘုရားဟောထားတဲ့ နည်း အတိုင်းပါပဲ။ ပထမ အရပ်ကျင့်စဉ်၊ မေတ္တာကျင့်စဉ်၊ အသုဘကမ္မဋ္ဌာန်း၊ ဝင် လေထွက်လေ ဂဃနဏဖြစ်မှတ်ရ လေ့ကျင့်ရပါတယ်။ ဒါဟာ သမာဓိထူ ထောင်တာပါပဲ။ အဲဒါ ၁၀ ရက်လောက် ကြပါတယ်။ တရားစခန်းတွေမှာ စုပေါင်း တရားထိုင်ကြတယ်။ ဒီမှာကမိမိရဲ့ သဘောနဲ့ စိတ်ကြိုက်ရှာ ရှုမှတ်ရပါ တယ်။ မိမိကြိုက်နှစ်သက်ရာ ဌာနရှိယာ



www.burmeseclassic.com

www.burmeseclassic.com

ပုတ် လေးပါးဖြစ်တဲ့ လျှောင်း၊ ထိုင်၊ ရပ်၊ သွားမှုတစ္စာ မှတ်သားရှုပွားရပါတယ်။ နောက် ဆရာတော်က တရားကို ပီပီသသ သန့်ရှင်းအောင် တစ်ပါးကျောင်းမှာ ပွားများခိုင်းပါတယ်။ ထူးခြားပါတယ်။ နေ့စဉ် တရားစစ်ပါတယ်။ ယောဂီရဲ့ ဂဏနည်း မှန်လား၊ မမှန်လား တစ်နေ့ကို အကြိမ် ၂၀၀/ ၃၀၀ ကတိပေးပြီး ပြည့်စုံအောင် မှတ်ရပါတယ်။ ပျက်တဲ့ဟာ ကျိုးပေါက်တဲ့ဟာ ဖယ်ရပါတယ်။ သတ်မှတ်တဲ့ အရေအတွက် ပြည့်စုံအောင် ပရိက်ပြု တစ်နေ့ထက်တစ်နေ့ တိုးပြီးယူရပါတယ်။ အခြေခံအားဖြင့် လက်ကောက်ဝတ် ၁၀ ဝါ၊ တံတောင်ဆစ် ၁၀ ဝါ၊ ပခုံးမှာ ၁၀ ဝါမှတ်၊ နားရွက်မှာ ၁၀ ဝါ၊ ဦးချိုထိပ် လက်ဝဲ ၁၀ ဝါ၊ လက်ယာ ၁၀ ဝါ၊ အဲဒီလို တိုးတိုးပြီး မှတ်လာရပါတယ်။ အတက်နဲ့အဆင်းနဲ့မှတ်၊ တစ်ဝါရဖို့အတွက် ဝင်လေထွက်လေ ၁၊ ဝင်လေထွက်လေ ၂ ရှစ်ကြိမ်ပြီး တစ်ဝါ ၁၀ ဝါပြည့်မှ လက်ကောက်ဝတ် ၁၀ ဝါစီ (၁၀) ဝါစီ သတ်မှတ်ပြီး ဝါစဉ်တွေပြည့် အာရုံပျက်၊ စိတ်လေလွင့်တာကိုဖယ်၊ ဒီတော့ အာရုံမှာ နိမိတ်အလင်းရောင်ပျပျလေးတွေမြင်လာရပါတယ်။ အလင်းရောင်မလက်အောင် မျက်စိကို အဝတ်စည်းပြီး တရားမှတ်ခြင်း၊ သမာဓိတက်လာ၊ မတက်လာ မြင်ရလား၊ အလင်းရောင်ပျပျလေး ဝင်လာတတ်ပါတယ်။ သမာဓိအားကောင်းရင် ကောင်းသလို အလင်းရောင်အား ထင်ထင်ရှားရှား မြင်ရပြီဆိုရင် သမာဓိအလင်းနိမိတ်ဟာ ခေါ်ပါတယ်။ သမာဓိကြာမြင့်လာဖို့ တည်ဆောက်၊ သမာဓိရလာပြီးရင် အဲဒီအလင်းရောင်က ပိုပြီးတောက်ပလာတယ်။ ဖြစ်စဉ်က သမာဓိနိမိတ် ခိုင်ခိုင်ထူထောင်တဲ့ အလင်းနိမိတ်ပါ။ ပေါ်လာတာနဲ့ ဆရာတော်က ကိုယ်တူရှုရှိတဲ့ စက်ဝိုင်းအတွင်း စက်ဝိုင်းအကာကို ကြည့်ခိုင်းပါတယ်။ လေ့ကျင့်ပါများတော့ သမာဓိအား ပိုကောင်းလာပါပြီ။ နောက်တစ်ဆင့် လေ့ကျင့်ခန်းတစ်ခု လုပ်နိုင်ပါတယ်။ ကိုယ်ထိုင်နေတဲ့ တည့်တည့်နံရံကို အလင်းနိမိတ်နဲ့ ဖောက်ထွင်းခိုင်းပါတယ်။ ရပြီဆိုရင် အရပ်လေးမျက်နှာ ဖောက်ထွင်းခိုင်းကြည့်ပါတယ်။ အဲဒီအလင်းနိမိတ် ကျောင်းဝင်း၊ ကျောင်းပြင်အလုပ်ကို ဆက်လုပ်ခိုင်း၊ ဆွဲဆန့်ကြည့် အားကောင်းလာရင် ပထမဦးစွာ ကျောင်းနဲ့ အနီးတစ်ဝိုက်မှာရှိတဲ့ ဘုရားတွေကို နိမိတ်နဲ့ သွားဖူးစေခဲ့ပါတယ်။ နောက်ဝေးတဲ့နေရာက ဘုရားဖူးခိုင်း၊ အဲဒီဘုရားတွေဖူးဖို့အတွက် အဲဒီမှာရှိတဲ့ ပုဂ္ဂိုလ်တွေကို မေတ္တာပို့ပြီး ခွင့်တောင်းမှ ဘုရားဖူးရပါတယ်။ ပြန်လာတဲ့အခါ ယောဂီက ဆရာတော်က ပြန်လျှောက်ရပါတယ်။ မြန်မာပြည်မှာရှိတဲ့ ဘုရားတွေကိုဖူး၊ သမာဓိအလင်းနဲ့ နိမိတ်နဲ့ စုံအောင်ဖူး၊ ရွှေတိဂုံကိုဖူးရင် ဆရာတော်ညွှန်ကြားတဲ့အတိုင်း ရွှေတိဂုံမှာရှိတဲ့ ပုဂ္ဂိုလ်များ၊ အစောင့်အရှောက်များကို ပရိဝုဏ်အတွင်းရှိတဲ့ နတ်တွေကို မေတ္တာပို့ခွင့်တောင်းပြီး ဖူးရပါတယ်"

"ဟုတ်ကဲ့ နိုင်ငံခြားတိုင်းပြည်ကို သွားဖူးကြည့်နိုင်ပါသလားခင်ဗျာ"

"မှန်ပါတယ်။ ဖွား၊ ပွင့်၊ စံ၊ ရာလေးဌာနကို သွားဖူးနိုင်တဲ့ အားကောင်းလာပါတယ်။ ဖူးပြီး သမာဓိထူထောင်နိုင်ပြီး နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာပြည်၊ ငရဲပြည် စတာတွေကို အလင်းနိမိတ်နဲ့ သွားရောက်စေပါတယ်။ ဥပမာ နတ်ပြည်မှာရှိတဲ့ ဇန္နုကဗ္ဗလာ မြကျောက်ဖျာ၊ သုဓမ္မာဇရပ်၊ နတ်ရေကန်တို့ကို ဖူးရပါတယ်။ တစ်ခါ နတ်ပြည်ပြီးရင် သိကြားမင်း၊ ဗြဟ္မာမင်း ဖူးနိုင်ပါတယ်။ တွေ့နိုင်ပါတယ်။ အဲဒီမှာ စူဠာမဏိစေတီလို စေတီမျိုးကို ဖူးရပါတယ်။ ဒါဟာ သမာဓိအားကောင်းမှ ဖြစ်ပါတယ်။ ဒီတော့မှ ဝိသနာကိုကူးမှာပါ။ ဝိပဿနာဆိုတာ ကိုယ်ခန္ဓာအတွင်းရဲ့ ဖြစ်ခြင်းပျက်ခြင်းသဘော တရားကို ရှုမြင်ခြင်းပဲ ဖြစ်ပါတယ်။ နလုံးလေရှူပုံ၊ အဆုတ်လေရှူပုံ၊ အစာခြေဖျက်မှုပုံတွေကို ဝိပဿနာကျင့်စဉ်ခန်းမှာ သမာဓိအားကောင်းတဲ့လူတွေ ရှုမြင်နိုင်ခဲ့ကြပါတယ်။ ဖြစ်စဉ်တစ်ခု ပြောပါဦးမယ်။ ကျွန်တော် တရားရှုမှတ်နေတုန်း ရင်ဘတ်ထဲမှာ ထိုးအောင့်လာပါတယ်။ တော်တော့်ကို အောင့်ပါတယ်။ အဲဒီလိုဖြစ်တော့ ဒီနေရာကို အာရုံစိုက်ပြီး ရှုလိုက်ပါတယ်။ အဲဒါလေ အဆုတ်မှာ အနာ ငါးခုလောက် တွေ့ပါတယ်။ သုံးခုက အမာရွတ်၊ နောက်နှစ်ခုက အနာဖြစ်နေပါတယ်။ အသက်ရှူတော့ ဝေဒနာသက်သာသွားပါတယ်။ ကျွန်တော် စကားဖြတ်ပြီး ပြောပါဦးမယ်။ ဝိပဿနာမှာတရားကျင့်ပြီး မှတ်မှတ်ထင်ထင်ကျန်ခဲ့တာ နည်းပါတယ်။ ဒါပေမယ့် သမထမှာတော့ ကျွန်တော့်အတွက် ကျန်ခဲ့ပါတယ်။ ကျွန်တော့်သား ခရီးသွားမလို့ နိုင်ငံခြားဆိုတော့



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့မိသားစု ဆေးစစ်ရတယ်။ အဲဒါလေ ခုနကပြောတဲ့ အဆုတ်မှာ အနာငါးခု အက်ထရာဆောင်းမှာ လာပေါ်ပါတယ်။ ဒီတော့မှ ထင်ထင်မြင်မြင် တွေ့ရလို့ ကျွန်တော် ယုံကြည်သွားပါတယ်။ ပထမ ကျွန်တော် ဝိပဿနာ တရားစခန်းအစုံ ဝင်ဖူးပါတယ်။ တရားဘယ်လိုရလဲ မပြောနိုင်ပါဘူး။ ပီတိဖြစ်တာပဲ ရှိပါတယ်။ ယခု ငါ သမထမှာ ဘယ်လိုဖြစ်နေပြီလဲ၊ ငါမှန်လား။ မှားလား၊ ကိုယ့်ခန္ဓာ။ ကိုယ့်မျက်လုံးရှေ့မှာ ထင်ထင်ရှ-၂ား မြင်ရပါတယ်။ ခန္ဓာကိုယ်ဖွဲ့စည်းပုံကိုလည်း မြင်ရပါတယ်။ ကျွန်တော် ကမ္ဘာကြီးရဲ့အပြင်ဘက်ကို ထွက်ကြည့်ဖူးပါတယ်။ ရေအောက်မြို့တော်ကြီးတွေလည်း-ရောက်ခဲ့ပါတယ်”

“အဘ အတိတ်ဘဝတွေကိုရော မြင်ရပါလားခင်ဗျာ”

“အဲ...ဆရာမေးလို့ ဖြေပါမယ်ခင်ဗျာ။ ကျွန်တော့်အတိတ်ဘဝတွေ ပြန်မြင်ပါတယ်။ လွန်ခဲ့တဲ့နှစ် သန်း ၅၀ လောက်က ကျွန်တော့်အာရုံထဲမှာ ပင်လယ်ခရုကြီးဖြစ်နေပါတယ်။ လှိုင်းတွေရေတွေကြား ကျောက်ဆောင်တစ်ခုမှာ တွယ်ကပ်နေပါတယ်။ အခွံမာတဲ့ ခရုကြီးပါ။ နောက် မြတ်စွာဘုရား ပွင့်တဲ့ကာလမှာ ကျွန်တော်ဟာ ပုရစ်ကြီးများ ဖြစ်နေပါတယ်။ နောက် ခင်ပုတ်ငှက်ဘဝတုန်းက ဘုရားဖူးရင်း အဲဒီငှက်ကလေးဘဝမှာ ရင်ကွဲနာကျသေရပါတယ်။ ဒီတော့ နတ်ပြည်ရောက်သွားပါတယ်။ ဒီပြင် ငရဲကိုလည်း ရောက်ခဲ့တယ်။ ငရဲသားတွေက နှိပ်စက်ခံရတဲ့ အနိဋ္ဌာရုံမြင်ကွင်းကြီးကိုလည်း မြင်ရပါတယ်။ နောက် တစ်ဘဝက ကျွန်တော် လူပြန်ဖြစ်ပြီး နိုင်ငံခြားသားဘဝနဲ့ အဲဒီမှာ လေယာဉ်မောင်းတဲ့ ပိုင်းလော့တစ်ယောက်ပါ။ ဒုတိယကမ္ဘာစစ်ပွဲကြီးမှာ လေယာဉ်နဲ့ဗုံးကြဲတိုက်ခိုက်ရပါတယ်။ ကျွန်တော်ဗုံးကြဲပြီး ကျွန်တော့်လေယာဉ်ကို ကျည်ထိမှန်ဝုန်းဆိုပြီး ကျွန်တော် ငရဲကိုရောက်သွားပါတယ်။ ဒီလိုပါပဲ သမာဓိအားကောင်းရင် ကောင်းသလို မြင်ရပါတယ်။ ဒီတော့မှ ဝိပဿနာကိုကူး၊ သမာဓိထူထောင်မှ သန့်စင်ပါတယ်ခင်ဗျာ”

“ရက် ၆၀ ဆိုတော့ တရားကျင့်ရတာ ကြာတယ်လို့ ထင်မိလားခင်ဗျာ”

“လူ့ဘဝထက်စာရင် ရက် ၆၀ ဟာ နည်းပါတယ်။ အမြတ်ရလာတာက ဗုဒ္ဓဝါဒ အစစ်အမှန်တွေပါ။ အကာလိကော ဧဟိပဿိကော ကိုယ်တိုင်ကျင့်၊ ကိုယ်တိုင်သိ၊ ကိုယ်တိုင်ဝါဒ လေးလေးနက်နက်ခံစားပါ။ ဗုဒ္ဓဘာသာ တရားစစ် တရားမှန် ကိုးကွယ်တယ်လို့ လေးနက်စွာ ခံယူပါတယ်။ ကျွန်တော် အသက်လေးရလာတော့ အသိလေး ဖက်နေပါတယ်။ ကျွန်တော်က တရားလွှတ်တော်ရှေ့နေ လုပ်ပါတယ်။ ကျွန်တော့်ဖုန်းနံပါတ်က ၀၉-၇၉၅၇၅၄၄၆၃ ပါ။ ဆက်သွယ်ပါ။ လိုတာရှိရင် မေးမြန်းပါခင်ဗျာ ကျေးဇူးတင်ပါတယ်”

“ဟုတ်ကဲ့ အဘဦးကြင်တိုးကို ကျေးဇူးတင် ဂါရဝပြုပါတယ်ခင်ဗျာ”

“သမီးလေးနာမည်က ဘယ်သူဆိုတာ မိတ်ဆက်ပါဦး”

“သမီးနာမည်က ခိုင်သစ္စာပါ။ အသက်က ၃၀ နှစ်ပါ။ စမ်းချောင်းမှာ နေပါတယ်။ ယခုမတိုင်ခင် ၂၀၁၀ ပြည့်နှစ်မှာ ပထမအကြိမ်၊ ၂၀၁၆ ခုနှစ် ယခု ဒုတိယအကြိမ် ဟိုငယ်ငယ်တုန်းက မဟာစည်ဝိပဿနာမှာ ထိုင်ခဲ့ဖူးပါတယ်။ ညောင်ကန်အေး၊ ရွှေတောင်တန်းမှာ ၄၅ ရက်၊ ရက် ၆၀ စီ ထိုင်ခဲ့ရင်း ဓမ္မမိတ်ဆွေတစ်ဦးက ပြောပြလို့ တရားစခန်းဝင်ကြည့်ပါတယ်။ မတွေ့တော့ စိုးရိမ်မိပါတယ်။ ဟို အသက် ၂၅ နှစ်လောက်တုန်းကတော့ သမထလုပ်ရင် ပိုက်ဆံဝင်တယ်ပြောလို့ ဝင်ကြည့်ပါတယ်။ နောက် လူ့လောကမှာ အောင်မြင်ချင်တယ်၊ စီးပွားလည်းဖြစ်ချင်တယ်ဆိုပြီး ဝင်ခဲ့တာပါ။ ဟိုရက် ၆၀ တုန်းက အရမ်း အရင်ရှုတ်ရပါတယ်။ ဂုဏ်တော်ပွား။ ဘုရားစာရွတ်၊ ဂုဏ်တော်ပေါ်မှာ စိတ်ကိုထားပြီး စိတ်ကို ငြိမ်ငြိမ်ထား စုစည်းမိပါတယ်။ မျက်စိကိုပိတ်၊ စိတ်ကိုထိန်းပြီးတော့ ဝင်လေထွက်လေကိုမှတ်၊ ဒီတော့ စိတ်တွေ တစ်နေရာတည်းမှာစုပြီး စိတ်ပျံ့လွင့်မှုမရှိတော့ ၁၀ ရက်ဆိုရင် မေတ္တာပို့၊ ဆရာတော်ဘုရားက ရွှေတိဂုံဘုရားဖူးခိုင်းတယ်။ စိတ်ထဲမှာတင်မဟုတ် ခန္ဓာကိုယ်ပါရောက်ပြီး ပကတိအတိုင်း ဖူးရတယ်။ နောက်တော့ ဖွားပွင့်စံရာ အိန္ဒိယနိုင်ငံကို စိတ်နဲ့ သွားဖူးခဲ့ရတယ်။ သဲသဲကွဲကွဲကို ဖူးရတယ်။ နောက် ငရဲပြည်ကို သွားခိုင်းလည်း မြင်ရပြီး ငရဲသားတွေ မီးတောက်တွေ၊ နှိပ်စက်နေပုံတွေ၊ အထူးသဖြင့် ကာမေသုမိစ္ဆာစာရ ကျူးလွန်တဲ့ ငရဲသားကို နှိပ်စက်နေတာ၊ ငရဲသားကို ကျောက်တုံးကြီးနဲ့ ဖိထားလို့ ကယ်ပါ ယူပါ အော်နေရတာ၊



www.burmeseclassic.com

www.burmeseclassic.com

ခွေးကြီးတွေကလိုက်ကိုက်လို့ အသား တခြား၊ အရိုးတစ်ခြား ဖြစ်သွားတဲ့ပုံတွေ၊ ညှဉ်းပန်းနှိပ်စက်နေတာကို မျက်ဝါးထင်ထင် တွေ့ရပါတယ်။ သမီးမှာ ထူးခြားတာက မြင့်မိုရ်တောင်ကြီး ဖန်ရောင်လို တဖျပ်ဖျပ်၊ ပယင်းရောင်လို တလျှပ်လျှပ်ပေါ်လာပါတယ်။ မေတ္တာပို့တော့ နာနာဘာဝတွေ ပုံစံအမျိုးမျိုးနဲ့ မြင်ရပါတယ်။ စိတ်က မနိုင်လို့ ဖွင့်ကြည့်ရင် ပျက်သွားပါတယ်။ မမြင်ရတော့ဘူး။ သမီးဟာ လူ့ဘဝမရောက်မီက ခွေးဘဝမှာ ခွေးကလေးဖြစ်ခဲ့ပါတယ်။ ရောဂါတစ်ခုနဲ့သေသွားပြီး လူ့ဘဝမှာ အရမ်းမချမ်းသာပေမယ့် ဆင်းရဲတဲ့ဘဝတော့ မဟုတ်ပါဘူး။ နောက် တိရစ္ဆာန်ဘဝက များပါတယ်။ ဒါဟာ သမာဓိပေါ်မှာ မူတည်ပြီး မြင်ရပါတယ်"

"သမီး တရားစထိုင်တော့မယ်ဆိုရင် ဘယ်လိုပရိကံများ ယူရပါသလဲ"

"ဦးစွာ ၉ ပါးသီလ ခံယူဆောက်တည်ပြီးနောက် ဗုဒ္ဓမြတ်စွာဘုရားရှေ့ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်များ ကပ်လှူပူဇော်လျက် ဘုရားအစရှိသော သူတော်ကောင်း အပေါင်းတို့ကို ယခုလို တောင်းပန်ပါတယ်။

(အရှင်ဘုရား ဘုရားတပည့်တော်သည် တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် မြောက်အောင် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အရိယာအပေါင်း သူတော်ကောင်းတို့နှင့်တကွ နိဗ္ဗာန်ရောက်ကြောင်းတရားကောင်းကို သွန်သင်ပြသ ဆိုဆုံးမပေးသနားတော်မူသော ဆရာသမားတို့အပေါ်၌ အစမထင် သံသရာ တစ်ခွင်မှစ၍ ယနေ့အချိန်ခါကျအောင် ကာယကံ၊ ဝစီကံ၊ မနော ကံတို့ဖြင့် ပြစ်မှားမိသော အပြစ်များရှိပါက သည်းခံတော်မူကြပါ။ ကျေအေးတော်မူကြပါ။ ခွင့်လွှတ်တော်မူကြပါ အရှင်ဘုရား)လို့ အဲဒီလို ရှေ့ပြေးပရိကံ ပြုလုပ်ပါတယ်"

"နောက် ဘာထပ်ပြီး ပြုလုပ်ရပါသေးလဲ"

"ခန္ဓာကိုယ်ကို အပ်ပါတယ်။ ဒီလိုပါ...။

"အရှင်ဘုရား...ဘုရားတပည့်တော်သည် တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ဂေါဝိဋ္ဌ သဲစုမက ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်တို့နှင့်တကွ နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို သွန်သင်ပြသ ဆုံးမပေးသနားတော်မူသောဆရာသမားတို့အား တပည့်တော်၏ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို တရားထိုင်နေစဉ်၊ တရားအားထုတ်နေစဉ် အချိန်ပိုင်းအတွင်း၌၊ ရက်လအတွင်း၌ လှူဒါန်းပါ၏။ အပ်နှင်းပါ၏ အရှင်ဘုရား"

နောက်တော့ မေတ္တာပို့ပါတယ်။

"ငါ၏ ကိုယ်စောင့်နတ်သည်လည်းကောင်း။ ဤကျောင်းဝင်းအတွင်းရှိ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည်လည်းကောင်း။ မိဆိုင်၊ ဖဆိုင်၊ ဘိုးဆိုင်၊ ဘွားဆိုင်၊ နယ်ဆိုင် ယာဆိုင် နတ်အပေါင်းတို့သည်လည်းကောင်း၊ နတ်မင်းကြီး လေးပါးတို့သည်လည်းကောင်း။ သာသနာစောင့်နတ်၊ လောကစောင့်နတ်တို့သည်လည်းကောင်း ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။ ငရဲသနင်း ယမမင်းသည်လည်းကောင်း၊ နတ်တို့သနင်း သိကြားမင်းသည်လည်းကောင်း။ သုံးဆယ့်တစ်ဘုံကျင် လည်ကြသည့် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည်လည်းကောင်း ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ထိုတရားထိုင်ရတဲ့ ကုသိုလ်ကံစေတနာကြောင့် နိဗ္ဗာန်ရလိုပါလို့ အဲဒီလို ဆုတောင်းရပါတယ်"

"နောက်ဆုံး တရားထိုင်ပြီးရင် ဘာထပ်ရွတ်ပွားရသေးလဲ"

"ပြီးတာနဲ့ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံပူဇေမိ၊

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံပူဇေမိ၊

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံပူဇေမိ။

ဤလောကုတ္တရာတရားကိုးပါး အားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့် ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ ပူဇေမိ ပူဇော်ပါ၏ အရှင်ဘုရား။ နောက် နိဗ္ဗာန်ဆုတောင်းပြီး -

ဣဒံ မေ ပုညံ အာသဝက္ခယ ဝဟံ ဟောတု၊

ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု၊

ဣဒံ မေ ပုညံ ဘာဂံ သဗ္ဗသတ္တာနံ ဒေမ။

(အမျှ...အမျှ...အမျှ ယူတော်မူကြပါကုန်လော့)

သာဓု...သာဓု...သာဓု။ အဲဒီလိုဆုတောင်း အမျှဝေပြီး တရားအလုပ်နားရပါတယ်ရှင်"

"ကျေးဇူးအထူးတင်ပါတယ်။ ခုလို အသက်ငယ်ရွယ်သူတစ်ဦး တရားစခန်းမှာ သမီးကိုတွေ့ရတာ အားရကျေနပ်



www.burmeseclassic.com

www.burmeseclassic.com

ဝိတိဖြစ်ရင်း သမီးရဲ့ကုသိုလ်ကောင်းမှု ဘာဝနာကောင်းမှုတွေကို ဦးက သာဓု အကြိမ်ကြိမ် ခေါ်လိုက်ပါတယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

သမီးလေး ယောဂီဝတ်စုံနှင့်ထွက်သွားပုံလေးမှာ မြန်မာအမျိုးသမီးလေး လက်အုပ်ချီလို့ ခြေတစ်လှမ်း ကုဋေတစ်သန်းမက တန်နေပါသည်။ သူလို ယဉ်ကျေးသူလေး၊ လိမ္မာသူလေးတွေ များများဖြစ်ကြဖို့၊ ရှိကြဖို့ အမျိုးဘာသာ သာသနာကို စောင့်ရှောက်ထိန်းသိမ်းကြဖို့ လိုနေသော ခေတ်ကာလကြီးမှာ အမျိုးကို ချစ်၊ ဘာသာကို လေးစား၊ ဘုရားစကား လိုက်နာကြိုးစားသူများ အထူးလိုအပ်နေပါသည်။ ယခု သမီးလေးလို ဘာဝနာ၁ွား ကျင့်ကြံကြိုးစားသူများကို လက်ကမ်းကြိုဆိုနေပါသည်။

ကျွန်ုပ် အတွင်းရေးမှူး ဦးအောင်ဝင်းနှင့် ကျောင်းပရိဝုဏ်အတွင်း လိုက်၍လေ့လာမိ၏။

"ဦးအောင်ဝင်း••ယောဂီဆောင်ဘယ်လောက်ရှိပါသလဲ ခင်ဗျာ"

"ယောဂီဆောင် ၆၀ ရှိပါတယ်။ တစ်ပါးကျောင်းလေးများပါ။ ယခုလို ရေမီး၊ ရေအိမ်တစ်ခုစီ အပြည့်အစုံပါ ခင်ဗျာ"

"ဆွမ်းကွမ်း ဝေယျာဝစ္စကရော ခင်ဗျာ"

"အဲဒါက အလှူရှင်ဆွမ်းဒကာ၊ ကုသိုလ်ရှင်များရှိသလို ဝတ္ထုငွေကြေး လှူသူများလည်း ရှိပါတယ်။ နေ့ဆွမ်း၊ အရုဏ်ဆွမ်း အလှည့်ကျ လှူဒါန်းကြပါတယ်။ ချက်ရေးပြုတ်ရေးကတော့ အမြဲတမ်း ဝန်ထမ်းသုံးဦး ခန့်ထားပါတယ် ခင်ဗျာ"

"စာရင်းပေးပြီး ဝင်ကြေးတွေ ဘာတွေကော ရှိပါသလား"

"စာရင်းပေးပြီးပါက စည်းကမ်းချက်နှင့်အညီ စခန်းဝင်အဖြစ် သတ်မှတ်ပါတယ်။ ဝင်ကြေးနဲ့ အလှူမခံပါဘူး။ အချို့ယောဂီများကတော့ ဆွမ်းကွမ်းစရိတ် လှူဒါန်းတာကိုတော့ လက်ခံပါတယ်ခင်ဗျာ"

"ယခု စခန်းဝင်ယောဂီ ဘယ်နှဦးရှိပါသလဲခင်ဗျာ"

"စခန်းဝင် ယောဂီ ၂၄ ဦးရှိပါတယ်။ စဖွင့်တာ ၂၄-၁-၂၀၁၆ မှ၊ နောက် ၄၅ ရက် ဖြစ်ပါတယ်ခင်ဗျာ"

"မှခ်ဦးက ယခုမှဆောက်တာဆိုတော့ အလှူရှင်များ ရှိပါသလားခင်ဗျာ"

"အလှူရှင် ဗိုလ်မှူးချုပ် စိုးဝင်းမောင်(ငြိမ်း)၊ ဇနီးဒေါ်မြင့်မြင့်ဝေတို့ ဖြစ်ပါတယ်ခင်ဗျာ"

"ဟုတ်ကဲ့ ကျေးဇူးအထူးတင်ပါတယ်ခင်ဗျာ"

## လှူကြတန်းကြ မြတ်ပုညမြေဇင်းတောရ ဓမ္မဒါန

ကျွန်ုပ် မြေဇင်းတောရ ဓမ္မရိပ်သာအတွင်း တရားစခန်းကိစ္စအဝဝကို ကျောင်းတိုက်ပဓာနနာယက ဆရာတော်နှင့်တကွ အတွင်းရေးမှူး ဦးအောင်ဝင်း၊ ယောဂီဦးကြင်တိုး၊ ယောဂီဒေါ်ခိုင်သစ္စာတို့၏ တရားအပေါ်၌ ဖြစ်ပေါ်လာသည့် အနှစ်သာရများကို လေ့လာသိရှိခဲ့ရပါသည်။ မြတ်ဗုဒ္ဓဟောကြားသည့် ဒေသနာထဲတွင် -

သော သတောဝ အဿ သတိ၊ သတောဝ ပဿတိထိ (ပါဠိတော်)

သတိမြဲတာ ပထမာ၊ ခုမှာ ရှုသည်တိုသိ၊ လုံးစုံလင်းရာ တဉ္စသာ၊ စမှာ ငြိမ်းစေသီ။

သတိမြဲတာ ပထမာ၊ ခုမှာတိုရှုသည်သိ၊ သုံးချက်မှာသာ တတိယာ၊ လေးမှာ ငြိမ်းစေဘိ။

ကမ္ဘာဆရာတော် - သတိတစ်လုံး အရှိသုံး အဆုံးနိဗ္ဗာန်သာ။ မောင်းတောင်ဆရာတော်တို့၏ ဆုံးမသြဝါဒကို ခံယူရင်း သတိထားမိသည်မှာ ဗုဒ္ဓသာသနာတော်ကြီး နေရောင်၊ လရောင်ပမာ ထွန်းလင်းနိုင်စေဖို့ ဗုဒ္ဓ၏ယဉ်ကျေးမှု အဆုံးအမများကို ခံယူပြီး တရားဓမ္မပွားများအားထုတ်နေကြသော ယောဂီသူတော်စင် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့၏ ၄၅ ရက်အတွင်း အာဟာရဒါန၊ သပ္ပါယမျှတ ရှင်ပြုံးနေထိုင်ရန် မပင်မပန်း၊ အားထုတ်ကြိုးပမ်းကြစေဖို့ ကျောင်း သင်္ခမ်း၊ ဆွမ်း၊ ဆေးပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမများအဖြစ် ပစ္စည်းလေးပါး ခံယူကြပါ။ လှူကြတန်းကြ၊ မြတ်ပုညကုသိုလ်ပြုဒါနများ ဆထက်ထမ်းပိုးတိုး၍တိုး၍ လှူဒါန်းကြစေလိုပါသည်။ တည်ရှိရာဌာနေမှာ ဘွတ်ကြီးကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး အောင်မင်္ဂလာမြေဇင်း တောရမှသည် နိဗ္ဗာန်ဆီသို့•••။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။

မင်းတိုင်ပင်(မြရောင်ခြေ)
၀၉-၃၁၀၇၇၃၆၊

www.burmeseclassic.com



# အောင်ခြင်းရှစ်ပြာ မင်္ဂလာ

## နန္ဒာမိုးကြယ်

### ပထမမြောက် အောင်တော်မူခြင်း

သူဇာတာ၏ ယနာနို့ဆွမ်းကို ဘုဉ်းပေးခဲ့ပြီးသော ဘုရားအလောင်းတော်သည် နေရဥ္စရာမြစ်ကမ်း၏ အေးချမ်းသာယာသော အင်ကြင်းဥယျာဉ်၌ နေ့ဘက်တွင် သီတင်းသုံးခဲ့ပြီး ညနေချမ်းရောက်သောအခါ ဗောဓိပင်သို့ ကြွခဲ့၏။ လမ်း၌ မြက်ရိတ်ပုဏ္ဏားထံမှ မြက်ရှစ်ဆုပ်ကို အလှူခံတော်မူခဲ့ပြီး ထိုမြက်ပေါ်မှာပင် "ဘုရားမဖြစ်သမျှ ဤပလ္လင်ထက်မှ ငါ မကြွ"ဟူသော အဓိဋ္ဌာန်ကို ထားခဲ့၏။

ကေန် ဘုရားစင်စစ် ဖြစ်တော့မည်ကိုသိသော မာရ်နတ်မင်းလည်း ထန်ပြင်းသောဒေါသဖြင့် နတ်ပြည်သို့သွားလျက် စစ်သည်အင်အားများ စုဆောင်းခဲ့ပြီး ၎င်းကိုယ်တိုင်လည်း လက်နက်မျိုးစုံကိုင်ကာ ဘုရားရှင်အား ပလ္လင်ထက်မှ ဆင်းဖို့ အော်ဟစ်ခြိမ်းခြောက် တိုက်ပွဲဆင်လေသည်။ ဗုဒ္ဓဘုရားရှင်သည် အမျက်မထားဘဲ ပါရမီဆယ်ပါးဝင်စားလျက် မေတ္တာတော် ဖြန့်ကျက်ခဲ့ရာ မာရ်နတ်နှင့်တကွ စစ်သည်အပေါင်းကို အောင်မြင်တော်မူလေ၏။

ဤကား မြတ်စွာဘုရားရှင်၏ ပထမမြောက် အောင်ခြင်းဖြစ်သတည်း။

xxx

### ဒုတိယမြောက် အောင်တော်မူခြင်း

အာဠဝီမြို့အနီး ညောင်ပင်ကြီး၌ အာဠဝကဘီလူး၏



www.burmeseclassic.com

www.burmeseclassic.com

ဘုံဗိမာန်ရှိ၏။ အာဠာဝကသည် တစ်ညတွင် ဟိမဝန္တာရှိ နတ်အစည်းအဝေးသို့ သွားလေ၏။ ၎င်း၏ ကြမ်းတမ်းမှုကို နှိပ်ကွပ်ရန် ဘုရားရှင်သည် အာဠာဝက၏ ဗိမာန်အတွင်းသို့ ဝင်လေရာ တံခါးစောင့်နတ်သည် အာဠာဝကရှိရာသို့ သွားရောက်တိုင်ကြားလေ၏။

အာဠာဝကလည်း ဒေါသမာန်ဟုန်ထလျက် နတ်သဘင်အစည်းအဝေးမှ ထွက်လာပြီး ကေလာသတောင်ထွတ်သို့ ခုန်တက်၍ ကြုံးဝါးလေ၏။ ထိုမှတစ ဗိမာန်အတွင်းမှ ဘုရားရှင်ထွက်သွားစေရန် လက်နက်မျိုးစုံတို့ဖြင့် ပစ်ခတ်ပြန်၏။ သို့သော် မည်သည့်လက်နက်မျှ ဘုရားရှင်ကို မထိခဲ့။ ဤ၌ ဘုရားရှင်လည်း ဗိမာန်မှထွက်ကာ အာဠာဝကရှိရာ သွားရောက်ပြီး တရားပြလေရာ အာဠာဝကလည်း အကျွတ်တရားရရှိသွားလေတော့သည်။

ဤကား မြတ်စွာဘုရား၏ ဒုတိယမြောက် အောင်ခြင်း ဖြစ်သတည်း။

xxx

## တတိယမြောက် အောင်တော်မူခြင်း

ဒေဝဒတ်သည် ဘုရားရှင်အပေါ်၌ အငြိုးထား၍ သတ်ဖြတ်ရန် ကြံစည်နေသူဖြစ်၏။ သို့ဖြင့် တစ်နေ့သ၌ ဆင်ထိန်းတို့ထံ သွားရောက်၍ ခြိမ်းခြောက်ပြောဆိုပြီး နာဠာဂီရိဆင်ဆိုးကြီးအား အရက်များတိုက်ကာ ဘုရားရှင်ကြွလာရာ လမ်းမှနေ၍ ထိုးသတ်ရန် စေခိုင်းလေ၏။

အရက်မူးနေသော နာဠာဂီရိဆင်ဆိုးကြီးလည်း ဗုဒ္ဓမြတ်စွာနှင့်တကွ ရဟန်းသံဃာတော်များ ဆွမ်းခံဝင်လာသော လမ်းမှ စောင့်စားကာ ကြွလာသည်နှင့် ထိုးသတ်ရန် ပြေးထွက်သွားလေတော့၏။ ဤတွင် ဘုရားရှင်လည်း မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းလျက် တန့်ရပ်နေတော်မူလေရာ ဆင်ကြီးလည်း ထိုးသတ်နင်းချေခြင်းဟု မငဲ့တော့ဘဲ ဗုဒ္ဓရှေ့တော်မှောက်၌ ဦးခိုက်ဝပ်ဆင်းသွားခဲ့ပြီး ဘုရားရှင်၏ အဆုံးအမ ဒေသနာတော်စကားကို နာကြားကာ ကျွတ်တမ်းဝင်သွားခဲ့လေ၏။

ဤကား မြတ်စွာဘုရားရှင်၏ တတိယမြောက်အောင်ခြင်းဖြစ်သတည်း။

xxx

## စတုတ္ထမြောက် အောင်တော်မူခြင်း

သာဝတ္ထိပြည်ရှိ ပုရောဟိတ်အမတ်၏သား အင်္ဂုလိမာလသည် တက္ကသိုလ်ပညာတော်သင် လုလင်တစ်ယောက်ဖြစ်၏။ ၎င်းသည် တပည့်ဝတ်ကျေပွန်သဖြင့် ဆရာကြီးနှင့် ဆရာကတော်တို့က အချစ်ပိုကြလေရာ မလိုသော အခြားတပည့်များက ဆရာကတော်နှင့် အဲထင်မှားအောင် ဆရာကြီးကို ကုန်းချောကြလေ၏။ ဆရာကြီးလည်း အထင်မှားပြီး အင်္ဂုလိမာလအား သူတစ်ပါးသတ်၍ သေစေရန်အလို့ငှာ လူ့အသက်တစ်ထောင်၏ လက်ညှိုးများကို ဖြတ်ခိုင်းလေ၏။

ဆရာကြီး၏စကားကို မြေဝယ်မကျ နားဆင်သသော အင်္ဂုလိမာလလည်း သာဝတ္ထိပြည်တွင် တောပုန်းဓားပြလုပ်လျက် လူတို့အား ချောင်းမြောင်းသတ်ဖြတ်ကာ လက်ညှိုးများဖြတ်ယူပြီး ပန်းလိုကုံး၍ လည်၌ဆွဲလေ၏။ တစ်ထောင်ပြည့်ရန် တစ်ယောက်သာ လိုသောနေ့ဝယ် သားဇောဖြင့် ရောက်ရှိလာသော မိခင်အား သတ်ဖြတ်ရန်အလိုက် ဘုရားရှင်ကြွလာ၏။ ဤတွင် ဘုရားရှင်ကိုသတ်ရန် လိုက်လေ၏။ ဘုရားရှင်၏ တန်ခိုးတော်ကြောင့် လိုက်မမီတော့ဘဲ အမြင်မှန်ရရှိသွားပြီး ကျွတ်တန်းဝင်လျက် ရဟန်းဘောင်သို့ ကူးပြောင်းရောက်ရှိသွားလေတော့သည်။

ဤကား မြတ်စွာဘုရား၏ စတုတ္ထမြောက်အောင်ခြင်း ဖြစ်သတည်း။

xxx

## ပဉ္စမမြောက် အောင်တော်မူခြင်း

စိဉ္စမာဏဝိကာသည် သာဝတ္ထိမြို့၌ အချောအလှ ထိပ်ခေါင်တင် ပရိဗ္ဗိုဇ်မဖြစ်၏။ ၎င်းကိုးကွယ်သော တိတ္ထိကြီးများ၏ အလိုအရ သူမအား ဘုရားရှင်ကို အရှက်တကွဲပြုရန် မာယာဆင်ခဲ့၏။ နေဝင်ခါနီး၌ ဇေတဝန်ကျောင်းတော်သို့ သွားဟန်ဆောင်ပြီး တတ္ထိတို့၏ကျောင်း၌ အိပ်စက်ကာ နံနက်စောစောတွင် ဇေတဝန်ကျောင်းတော်မှ ပြန်လာသယောင် ပြုလေသည်။

ဤနည်းအားဖြင့် ရက်ဆက်ပြုလုပ်လေသော် တရားနာပရိသတ်တို့ အထင်မှားစရာဖြစ်လာလေတော့၏။ ကိုးလ



www.burmeseclassic.com

www.burmeseclassic.com

ခံနှုကြာသောအခါ ကိုယ်ဝန်ရှိဟန် ပြုပြင်စီမံလျက် ပရိသတ်အလယ်၌ တရားဟောနေတော်မူသော ဘုရားရှင်အား အမျိုးမျိုး ဆဲဆိုစွပ်စွဲလာလေရာ နတ်သားတို့သည် ကြွက်ဟန်ဆောင်လျက် ကိုယ်ဝန်အတုကို ပြုတ်ကျစေပြီး တရားနာပရိသတ်တို့ကို အမြင်မှန် ရရှိစေခဲ့၏။ စိဉ္စမာဏဝိကာလည်း ငရဲသို့ ကျလေ၏။

ဤကား မြတ်စွာဘုရားရှင်၏ ပဉ္စမမြောက်အောင်ခြင်းဖြစ်သတည်း။

×××

## အငွမမြောက် အောင်တော်မူခြင်း

ဝေသာလီပြည်၌ သစ္စကမည်သော ပရိဗ္ဗိုဇ်သည် အယူဝါဒအမျိုးမျိုးကို နားလည်၍ မင်းသားတို့အား အတတ်သင်ပေးနေသော ဆရာကြီးဖြစ်၏။ ၎င်းသည် တိတ္ထိဆရာအမျိုးမျိုးကို နှိမ်ချိုးခဲ့သူဖြစ်ပြီး ဗုဒ္ဓကိုလည်း နှိမ်ချိုးမည်ဟု ကြံစည်လျက် ဝါဒချင်းပြိုင်ရန် အလို့ငှာ ထွက်လာခဲ့၏။

ဝါဒစမ်းသောအခါ ရုပ်ခန္ဓာသည် အနတ္တ(စီမံနိုင်သော အတ္တမရှိ)ဟူသော ဗုဒ္ဓစကားကို "အတ္တ"ဟု ငြင်း၏။ "အတ္တရှိလျှင် လှအောင်စီမံပါစေလား"ဟု ဗုဒ္ဓက မိန့်တော်မူရာ သစ္စကပရိဗ္ဗိုဇ်လည်း ဘာမျှဖြေကြားလှုပ်ရှားခြင်းမရှိဘဲ ငုတ်တုတ်ပေ၍နေလေ၏။ ဘုရားရှင်မှ နှစ်ကြိမ်တိုင်တိုင် ထပ်မံမေးသော်လည်း မလှုပ်သဖြင့် သိကြားမင်းသည် ဘီလူးယောင်ဆောင်လျက် ဝရဇိန်လက်နက်ဖြင့် ခြိမ်းခြောက်လေရာ တတိယအကြိမ်ရောက်လေသော် "ရုပ်ခန္ဓာသည် အနတ္တ"ဟူ၍ ဝန်ခံရလေတော့သည်။

ဤကား မြတ်စွာဘုရား၏ ဆဋ္ဌမမြောက်အောင်ခြင်းဖြစ်သတည်း။

×××

## သတ္တမမြောက် အောင်တော်မူခြင်း

လွန်စွာ ဒေါသကြီးလှသော နန္ဒောပနန္ဒနဂါးမင်းသည် နတ်မင်းအလား စည်းစိမ်ချမ်းသာကြီးစွာဖြင့် မြင်းမိုရ်တောင်၌ နေလေ၏။ ၎င်းသည် ကခြေသည်နဂါးမအပေါင်း ခြံရံလျက် စည်းစိမ်ခံစားနေသည့်အခိုက် နောက်ပါသံဃာတော်များ ခြံရံလျက် တာဝတိံသာသို့ ကြွတော်မူသော ဘုရားရှင်အား တွေ့မြင်ရလေရာ ပြင်းစွာသောဒေါသအမျက်ထွက်၍ မြင်းမိုရ်တောင်နှင့် တာဝတိံသာကို ရစ်ပတ်ဖုံးအုပ်ထားလိုက်လေသည်။

သည့်အတွက် တန်ခိုးတော်နှင့်ပြည့်စုံသော ရဟန်းတော်တို့က နဂါးမင်းအား ဆုံးမလိုသဖြင့် ဘုရားရှင်အား ခွင့်တောင်းကြ၏။ ဘုရားရှင်က ခွင့်မပြုခဲ့၊ သို့ရာတွင် တန်ခိုးအရာ၌ ထက်မြက်သော ရှင်မောဂ္ဂလန်တောင်းဆိုသောအခါတွင်မှ ခွင့်ပြုခဲ့လေရာ ရှင်မောဂ္ဂလန်သည် နန္ဒောပနန္ဒနဂါးမင်းထက် ပိုမိုသာလွန်စွာ တန်ခိုးတော်ပြသပြီး နှိပ်ကွပ်ဆုံးမခဲ့သဖြင့် နဂါးမင်းသည် အကျွတ်တရားရ၍ ဘုရားရှင်နှင့်တကွ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်လေတော့သည်။

ဤကား မြတ်စွာဘုရားရှင်၏ သတ္တမမြောက်အောင်ခြင်းဖြစ်သတည်း။

×××

## အဋ္ဌမမြောက် အောင်တော်မူခြင်း

ဗကမည်သော ဗြဟ္မာကြီးသည် ပထမစျာန်ဘုံ၌ မင်းအဖြစ်စံစားလျက် သူ့အထက်၌ ဗြဟ္မာဘုံများရှိကြောင်းကို မသိဘဲ သူ့ဘုံကိုသာ ထိပ်ဆုံးဟု မှတ်ယူထား၏။ သူနှင့်တကွ သူ့ဘုံကိုလည်း "နိစ္စ-အမြဲတည်၏"ဟု မှတ်ယူခဲ့၏။ ထိုအခါ ဗြဟ္မာ့ပြည်သို့ ကြွလာတော်မူသော ဗုဒ္ဓဘုရားရှင်က ဤဘုံထက်သာလွန်သော ဘုံများရှိပုံ၊ ဤဘုံနှင့်တကွ ဗြဟ္မာတို့သည်လည်း မမြဲပုံကို ဟောကြားလေ၏။

ယင်းကို ဗကဗြဟ္မာကြီးက လက်မခံချေ။ သူယူထားသမျှ အမှားချည်းဖြစ်နေသည်ကို ဝန်မခံဘဲ တန်ခိုးပြသည့်အနေဖြင့် "ကိုယ်ဖျောက်ပြ"လေရာ ကိုယ်မပျောက်ဘဲဖြစ်နေ၏။ ထိုအခါ ဘုရားရှင်က ကိုယ်ဖျောက်ပြခဲ့ပြီး ထိုနေရာ ပင် တရားဟောလေရာ ဗကဗြဟ္မာကြီးလည်း အကျွတ်တရားရရှိသွားခဲ့လေ၏။

ဤကား မြတ်စွာဘုရားရှင်၏ အဋ္ဌမမြောက်အောင်ခြင်း ဖြစ်သတည်း။

**နန္ဒာမိုးကြယ်**



www.burmeseclassic.com

www.burmeseclassic.com

## သတ္တမမြောက် ကျော်အောင်စံထား သက်တော်ရှည်ဆရာတော်ကြီး ဦးဝါယာမာဘိဝံသ၏

# သရဏဂုံသုံးဆယ် ပုတီးစိပ်နည်း

ဇေယျတု (B.A)

စာရေးသူသည် အမရပူရမြို့ ကျော်အောင်စံထား ကျောင်းတိုက် သတ္တမမြောက် ကျော်အောင်စံထားသက်တော်ရှည် ဆရာတော်ကြီး ဦးဝါယာမာဘိဝံသ၏ ကျင့်ကြံအားထုတ်ခဲ့သော သရဏဂုံသုံးဆယ် ပုတီးစိပ်နည်းကို ဆရာတော်ကြီးထံမှ နည်းနာခံယူ၍ အဓိဋ္ဌာန်စိပ်ခဲ့ဖူးသည်ကို တစ်ဆင့်လက်ဆင့်ကမ်းပြီး ဖော်ပြပေးဝေခဲ့ပါသည်။

### သရဏဂုံသုံးဆယ် ပုတီးစိပ်နည်း

(၁) ဓာတိပ ရိယန္တ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
(၂) ဓာတိပ ရိယန္တ ဓမ္မံ သရဏံ ဂစ္ဆာမိ
(၃) ဓာတိပ ရိယန္တ သံဃံ သရဏံ ဂစ္ဆာမိ
(၄) ဘောဂ ပရိယန္တ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
(၅) ဘောဂ ပရိယန္တ ဓမ္မံ သရဏံ ဂစ္ဆာမိ
(၆) ဘောဂ ပရိယန္တ သံဃံ သရဏံ ဂစ္ဆာမိ
(၇) ဇီဝိတ ပရိယန္တ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
(၈) ဇီဝိတ ပရိယန္တ ဓမ္မံ သရဏံ ဂစ္ဆာမိ
(၉) ဇီဝိတ ပရိယန္တ သံဃံ သရဏံ ဂစ္ဆာမိ
(၁၀) ယာဝဇီဝံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
(၁၁) ယာဝဇီဝံ ဓမ္မံ သရဏံ ဂစ္ဆာမိ
(၁၂) ယာဝဇီဝံ သံဃံ သရဏံ ဂစ္ဆာမိ
(၁၃) မရဏကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
(၁၄) မရဏကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ
(၁၅) မရဏကာလံ သံဃံ သရဏံ ဂစ္ဆာမိ
(၁၆) မရဏကာလံ ပရိယန္တ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
(၁၇) မရဏကာလံ ပရိယန္တ ဓမ္မံ သရဏံ ဂစ္ဆာမိ
(၁၈) မရဏကာလံ ပရိယန္တ သံဃံ သရဏံ ဂစ္ဆာမိ
(၁၉) အရဟတ္တဲ့ကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
(၂၀) အရဟတ္တဲ့ကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ
(၂၁) အရဟတ္တဲ့ကာလံ သံဃံ သရဏံ ဂစ္ဆာမိ
(၂၂) အရဟတ္တဲ့ကာလံ ပရိယန္တ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
(၂၃) အရဟတ္တဲ့ကာလံ ပရိယန္တ ဓမ္မံ သရဏံ ဂစ္ဆာမိ
(၂၄) အရဟတ္တဲ့ကာလံ ပရိယန္တ သံဃံသရဏံဂစ္ဆာမိ
(၂၅) နိဗ္ဗာနကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
(၂၆) နိဗ္ဗာနကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ
(၂၇) နိဗ္ဗာနကာလံ သံဃံ သရဏံ ဂစ္ဆာမိ
(၂၈) နိဗ္ဗာနကာလံ ပရိယန္တ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
(၂၉) နိဗ္ဗာနကာလံ ပရိယန္တ ဓမ္မံ သရဏံ ဂစ္ဆာမိ
(၃၀) နိဗ္ဗာနကာလံ ပရိယန္တ သံဃံ သရဏံ ဂစ္ဆာမိ

**အဓိပ္ပာယ်**

၁။ အပဲ-အကျွန်ုပ်သည်၊ ဓာတိပရိယန္တ-ပဋိသန္ဓေဆုံးသည့်တိုင်အောင် ဗုဒ္ဓံ-မြတ်စွာဘုရားကို (ဓမ္မံ-တရားတော်မြတ်ကို၊ သံဃံ-သံဃာတော်မြတ်ကို)၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

၂။ အပဲ-အကျွန်ုပ်သည်၊ ဘောဂပရိယန္တ-စည်းစိမ်ချမ်းသာဆုံးသည့်တိုင်အောင် (ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ)ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

၃။ အပဲ-အကျွန်ုပ်သည်၊ ဇီဝိတပရိယန္တ-အသက်အပိုင်းအခြား ဆုံးသည့်တိုင်အောင် (ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ)ကို၊ သရဏံ-ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

၄။ အပဲ အကျွန်ုပ်သည်၊ ယာဝဇီဝံ-အသက်ရှည်



www.burmeseclassic.com

www.burmeseclassic.com

အမျှ ကာလပတ်လုံး (ဗုဒ္ဓ၊ ဓမ္မ၊ သံဃ)ကို၊ သရဏံ-ကိုးကွယ်ရာပဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

၅။ အဟံ-အကျွန်ုပ်သည်၊ မရဏကာလ-သေသည့်ကာလတိုင်အောင် (ဗုဒ္ဓ၊ ဓမ္မ၊ သံဃ)ကို၊ သရဏံ-ကိုးကွယ်ရာပဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

၆။ အဟံ-အကျွန်ုပ်သည်၊ မရဏကာလ ပရိယန္တံ-သေသောဘဝ အဆုံးသို့ကျရောက်သည့်တိုင်အောင် (ဗုဒ္ဓ၊ ဓမ္မ၊ သံဃ)ကို၊ သရဏံ-ကိုးကွယ်ရာပဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

၇။ အဟံ - အကျွန်ုပ်သည်၊ အရဟတ္တကာလံ - အရဟတ္တဖိုလ်သို့ ရောက်သည့်တိုင်အောင် (ဗုဒ္ဓ၊ ဓမ္မ၊ သံဃ)ကို၊ သရဏံ-ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

၈။ အဟံ-အကျွန်ုပ်သည်၊ အရဟတ္တကာလ ပရိယန္တံ-အရဟတ္တဖိုလ်သို့ရောက်၍ ဆုံးသောဘဝတိုင်အောင် (ဗုဒ္ဓ၊ ဓမ္မ၊ သံဃ)ကို၊ သရဏံ-ကိုးကွယ်ရာပဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

၉။ အဟံ-အကျွန်ုပ်သည်၊ နိဗ္ဗာနကာလံ-နိဗ္ဗာန်သို့ရောက်သောဘဝကာလတိုင်အောင် (ဗုဒ္ဓ၊ ဓမ္မ၊ သံဃ)ကို၊ သရဏံ-ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

၁၀။ အဟံ-အကျွန်ုပ်သည်၊ နိဗ္ဗာနကာလ ပရိယန္တံ-နိဗ္ဗာန်သို့ ရောက်သောဘဝကာလ ဆုံးသည့်တိုင်အောင် (ဗုဒ္ဓ၊ ဓမ္မ၊ သံဃ)ကို၊ သရဏံ-ကိုးကွယ်ရာပဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

### သရဏဂုဏ် (၃၀) ပုတီးစိပ်နည်း ပထမအဆင့်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ၁၀ ပါး × ၃ ပတ်= ၃၀ ပတ် (နံနက်)

ဓမ္မံ သရဏံ ဂစ္ဆာမိ ၁၀ ပါး × ၃ ပတ်= ၃၀ ပတ် (နေ့)

သံဃံ သရဏံ ဂစ္ဆာမိ ၁၀ ပါး × ၃ ပတ် = ၃၀ ပတ် (ည)

တစ်ရက် ပုတီးပတ်ပေါင်း ၉၀ ရက်ပေါင်း ၃၀။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ၁၀ ပါး × ၃ ပတ်= ၃၀ ပတ် (နံနက်)

**ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ ၁၀ ပါး × ၃ ပတ်= ၃၀ ပတ် (နေ့)**

**ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ ၁၀ ပါး × ၃ ပတ် = ၃၀ ပတ် (ည)**

**တစ်ရက် ပုတီးပတ်ပေါင်း ၉၀ ရက်ပေါင်း ၃၀။**

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ၁၀ ပါး × ၃ ပတ် = ၃၀ ပတ် (နံနက်)

တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ ၁၀ ပါး × ၃ ပတ် = ၃၀ ပတ် (နေ့)

တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ ၁၀ ပါး × ၃ ပတ် = ၃၀ ပတ် (ည)

တစ်ရက် ပုတီးပေါင်း ၉၀ ရက်ပေါင်း ၃၀။

ထို့ကြောင့် ပထမအဆင့်မှာ ရက်ပေါင်း ၉၀ ဖြစ်ပါသည်။

### ရှင်းလင်းချက်

ဗုဒ္ဓဆယ်ပါးကို တစ်ပါးလျှင် သုံးပတ်စီဖြင့် အပတ် ၃၀ နံနက်စိပ်ပါ။ ဓမ္မ ၁၀ ပါးကို တစ်ပါးလျှင် သုံးပတ်စီဖြင့် အပတ် ၃၀ နေ့လယ်စိပ်ပါ။ သံဃာ ၁၀ ပါးကို တစ်ပါးလျှင် သုံးပတ်စီဖြင့် အပတ် ၃၀ ညစိပ်ပါ။ တစ်ရက်ကို ပုတီးပတ် ၉၀ စိပ်ရပါမည်။ ရက်ပေါင်း ၃၀ စိပ်ရပါသည်။

ထို့အတူ ဒုတိယမ္ပိနှင့် (ဗုဒ္ဓ၊ ဓမ္မ၊ သံဃ)ကိုတွဲ၍ တစ်ရက်လျှင် ပုတီးပတ် ၉၀ ဖြင့် ရက်ပေါင်း ၃၀ စိပ်ရပါမည်။ တတိယမ္ပိနှင့် တွဲ၍လည်း တစ်ရက်လည်း ပုတီးပတ် ၉၀ ဖြင့် ရက်ပေါင်း ၃၀ စိပ်ရပါမည်။ စုစုပေါင်း ရက်ပေါင်း ၉၀ ဖြစ်ပါသည်။

### ဒုတိယအဆင့်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ = ၁၀ ပါး × ၁ ပတ် = ၁၀ ပတ်

ဓမ္မံ သရဏံ ဂစ္ဆာမိ = ၁၀ ပါး × ၁ ပတ် = ၁၀ ပတ်

သံဃံ သရဏံ ဂစ္ဆာမိ = ၁၀ ပါး × ၁ ပတ် = ၁၀ ပတ်



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ = ၁၀ ပါး × ၁ ပတ် = ၁၀ ပတ်

ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ = ၁၀ ပါး × ၁ ပတ် = ၁၀ ပတ်

ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ = ၁၀ ပါး × ၁ ပတ် = ၁၀ ပတ်

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ = ၁၀ ပါး × ၁ ပတ် = ၁၀ ပတ်

တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ = ၁၀ ပါး × ၁ ပတ် = ၁၀ ပတ်

တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ = ၁၀ ပါး × ၁ ပတ် = ၁၀ ပတ်

ပေါင်း ၆၀ ပတ်

(နံနက်၊ နေ့၊ ည) တစ်နေ့ သုံးကြိမ်စိပ်ပါက ပုတီး ပတ်ပေါင်း ၂၇၀ ရက်၊ ရက်ပေါင်း ၉၀ အဓိဋ္ဌာန်စိပ်ရပါမည်။ (မှတ်ချက် - ပျက်ပါက အစမှ ပြန်စိပ်ရပါမည်။)

**တတိယအဆင့်**

တတိယအဆင့်တွင် သရဏဂုံကြီး လေးပါး ရှိပါသည်။

(၁) ပါဏာတိပါတသရဏဂုံ = နှစ်ပါး
(၂) တပ္ပရာယနသရဏဂုံ = သုံးပါး
(၃) အတ္တသန္နိယျာတနသရဏဂုံ = ၁၂ ပါး
(၄) သိဿဘာဝူပဂမနသရဏဂုံ = ၁၀ ပါး
ပေါင်း = ၂၇

**၁။ ပါဏာတိပါတသရဏဂုံ နှစ်ပါး**

(၁) နမောဗုဒ္ဓဿ၊ နမောဓမ္မဿ၊ နမောသံဃဿ
(၂) ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏောအနန္တော၊ သံဃဂုဏော အနန္တော၊ မာတာပိတုဂုဏော အနန္တော၊ အာစရိယဂုဏော အနန္တော၊ တေ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

**၂။ တပ္ပရာယနသရဏဂုံ သုံးပါး**

(၁) ဗုဒ္ဓေါ မေသရဏံ ဘဝ၊ ဓမ္မော မေသရဏံ ဘဝ၊ သံဃော မေသရဏံ ဘဝ၊ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ။

(၂) ဗုဒ္ဓေါမေ နာထော၊ ဓမ္မောမေ နာထော၊ သံဃော မေ နာထော။

(၃) ဗုဒ္ဓေါမေသရဏံ အညံနတ္ထိ၊ ဓမ္မောမေသရဏံ အညံနတ္ထိ၊ သံဃောမေသရဏံ အညံနတ္ထိ။

**၃။ အတ္တသန္နိယျာတနသရဏဂုံ ၁၂ ပါး**

(၁) အဇ္ဇဒဂ္ဂေကတွာယာဝ ဇီဝံ အဟံ အတ္တာနံ ဗုဒ္ဓဿနိယျာတေမိ
(၂) အဇ္ဇဒဂ္ဂေကတွာယာဝ ဇီဝံ အဟံ အတ္တာနံ ဓမ္မဿနိယျာတေမိ
(၃) အဇ္ဇဒဂ္ဂေကတွာယာဝ ဇီဝံ အဟံ အတ္တာနံ သံဃဿနိယျာတေမိ
(၄) အဇ္ဇဒဂ္ဂေကတွာယာဝ ဇီဝံ အဟံ အတ္တာနံ ဗုဒ္ဓဿပရိစ္စာဇာမိ
(၅) အဇ္ဇဒဂ္ဂေကတွာယာဝ ဇီဝံ အဟံ အတ္တာနံ ဓမ္မဿပရိစ္စာဇာမိ
(၆) အဇ္ဇဒဂ္ဂေကတွာယာဝ ဇီဝံ အဟံ အတ္တာနံ သံဃဿပရိစ္စာဇာမိ
(၇) အဇ္ဇဒဂ္ဂေကတွာယာဝ ဇီဝံ အဟံ ဇီဝိတံ ဗုဒ္ဓဿနိယျာတေမိ
(၈) အဇ္ဇဒဂ္ဂေကတွာယာဝ ဇီဝံ အဟံ ဇီဝိတံ ဓမ္မဿနယျာတေမိ
(၉) အဇ္ဇဒဂ္ဂေကတွာယာဝ ဇီဝံ အဟံ ဇီဝိတံ သံဃဿနိယျာတေမိ
(၁၀) အဇ္ဇဒဂ္ဂေကတွာယာဝ ဇီဝံ အဟံ ဇီဝိတံ ဗုဒ္ဓဿပရိစ္စဇာမိ
(၁၁) အဇ္ဇဒဂ္ဂေကတွာယာဝ ဇီဝံ အဟံ ဇီဝိတံ ဓမ္မဿပရိစ္စဇာမိ
(၁၂) အဇ္ဇဒဂ္ဂေကတွာယာဝ ဇီဝံ အဟံ ဇီဝိတံ သံဃဿပရိစ္စဇာမိ။



www.burmeseclassic.com

www.burmeseclassic.com

**၄။ သီသသဘာဂုပဂမနသရဏဂုံ ၁၀ ပါး**

(၁) ဗုဒ္ဓါမေ အာစရိယော ဘဝ၊ ဓမ္မောမေ အာစရိယာ ဘဝ၊ သံဃောမေ အာစရိယော ဘဝ၊ ဗုဒ္ဓါမေ အာစရိယော၊ ဓမ္မောမေ အာစရိယော၊ သံဃောမေ အာစရိယော။

(သို့မဟုတ်)

ဗုဒ္ဓါမေ အာစရိယော ဘဝ၊ ဗုဒ္ဓါမေ အာစရိယော။

ဓမ္မောမေ အာစရိယော ဘဝ၊ ဓမ္မောမေ အာစရိယော။

သံဃောမေ အာစရိယော ဘဝ၊ သံဃောမေ အာစရိယော။

(၂) အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓါမံ ပရာယနော တိဓာရေထ။

(၃) အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မောမံ ပရာယနော တိဓာရေထ။

(၄) အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃောမံ ပရာယနော တိဓာရေထ။

(၅) အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓါမံ ဥပါသကော တိဓာရေထ။

(၆) အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မောမံ ဥပါသကော တိဓာရေထ။

(၇) အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃောမံ ဥပါသကော တိဓာရေထ။

(၈) အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓါမေမံ အန္တေဝါသိကော တိဓာရေထ။

(၉) အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မောမေမံ အန္တေဝါသိကော တိဓာရေထ။

(၁၀) အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃောမေမံ အန္တေဝါသိကော တိဓာရေထ။

**တတိယဆင့် ပုတီးစိပ်နည်း**

သရဏဂုံ တတိယအဆင့်တွင် သရဏဂုံကြီး လေးပါးရှိ၏။ ထိုလေးပါးတွင် ဖော်ပြထားသော နံနက် ၉ နာရီ တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ် ပေါင်းလေးကြိမ် စိပ်ပါက တစ်နေ့ ပုတီးပတ် ၁၀၈ ပတ်ရ၏။ တစ်နေ့ကို ပုတီးပတ် ၁၀၈ ပတ်နှင့် ရက်ပေါင်း ၁၀၈ ရက် မပျက်မကွက်စိပ်နိုင်ပါက တတိယအဆင့်ပြီး၏။

သရဏဂုံ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်၊ အမိဋ္ဌာန်များစတင်ရာတွင် အဆင့်တိုင်းမှာ ပွဲစုံလင်စွာ လှူရပါမည်။ ကန်တော့ပွဲတွင် အောက်ပါပစ္စည်းများ ပါဝင်ရပါမည်။ ပွဲတွင်ပါဝင်ရမည့် ပစ္စည်းများမှာ

(၁) အုန်းစိမ်းတစ်လုံး (အနာလွတ်ရပါမည်)၊ (၂) ငှက်ပျောသီး(ဖီးကြမ်းငှက်ပျောသီး ရှောင်ရပါမည်)၊ (၃) တံခွန် ငါးခု၊ (၄) ကုက္ကား ငါးခု၊ (၅) သာသနာ့အလံ ငါးခု၊ (၆) ပြည်တောင်စုအလံ ငါးခု၊ (၇) ဖြိုလ်ပြား ငါးခု၊ (၈) ကြက်လျှာ ငါးခု၊ (၉) ရွှေထီး ငါးခု၊ (၁၀) ကွမ်းယာ ငါးခု (ထုံး၊ ကွမ်းသီး၊ လေးညှင်း၊ စမှုံစပါး၊ ရှားဆေး)၊ (၁၁) လက်ဖက် ငါးထုပ် (ဆီ၊ ဆားနယ်ပြီး တစ်ခါစား အထုပ်ထုပ်ရမည်။) (ပလတ်စတစ်ဖြင့် မထုပ်ရ)၊ (၁၂) ဖယောင်းတိုင် ငါးတိုင်၊ (၁၃) မီးခြစ်ငါးခု၊ (၁၄) အမွှေးတိုင် ငါးတိုင်၊ (၁၅) ပန်းငါးမျိုး တစ်ခုစီ (သပြေ၊ မွှေးနံ့ပန်း၊ အညွှန့်ပိုင်း၊ ပဒ္မပွတ်ပန်း၊ ဆပွတ်ပန်း)၊ (၁၆) သစ်သီးငါးလုံး၊ (၁၇) ပေါက်ပေါက်၊ (၁၈) ငွေနဝင်း ကိုးကျပ်၊ ၁၈ ကျပ်၊ ၉၀ ကျပ် စသည်ဖြင့်

မှတ်ချက် - ကန်တော့ပွဲကို ဗိတ်ဖြူခင်းပေါက်ပေါက်ကြဲ၍ တင်လှူပါ။ ဆရာတော်ကြီးမှ ကျမ်းဦးအစ နမောတဿ၊ ပုတီးအစ သရဏဂုံကဟု မိန့်ဆိုခဲ့ဖူးပါသည်။ ကန်တော့ပွဲကို ငှက်ပျော သုံးဖီးနှင့် လှူပါက ပါဝင်ရမည့် ပစ္စည်းများကို သုံးခုစီ ထည့်ရပါမည်။

**သရဏဂုံအကျိုး**

သရဏဂုံ ကိုယ်လုံးခြုံ၊ အကာန်သိဒ္ဓိပေါက်။
သရဏဂုံ ကိုယ်လုံးခြုံ၊ အာရုံထင်နိမိတ်။
သရဏဂုံ ကိုယ်လုံးခြုံ၊ အကာန်ပုတီးစိပ်။
အန္တရာယ်ကင်း ကပ်ကျော်နင်း ပေါ်ဘိလက်မတိတ်။


လိုရာဆန္ဒပြည့်ဝကြပါစေ . . .

**ဇေယျတု(B.A)**



www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသော
# ဓမ္မစကြာတရားစက်ဝန်း

အဘိသုရိယ

တစ်နေ့ စာရေးသူထံသို့ ဆရာဒေါက်တာသက်လွင် ရောက်လာသည်။ ဆရာသည် ပခုက္ကူတွင် နေထိုင်သူဖြစ်၏။ ဆရာ ရန်ကုန်သို့ တက်လာပြီဆိုလျှင် စာပေကိစ္စဖြင့်တက်လာကြောင်း မပြောဘဲနှင့် စာရေးသူက သိပြီးဖြစ်နေပါ၏။ ပို၍သေချာသည်က စာရေးသူထံ ရောက်လာခြင်းက စာပေကိစ္စပါလာမှန်း အလိုလိုသိနေပါ၏။

ဆ၊ု ဘ ခရီးရောက်မဆိုက်ပင် ကုလားထိုင်လွတ်တွင် ဝင်ထိုင်ရင်း သူ့လက်ကိုင်အိတ်ထဲမှ ပလတ်စတစ်အုပ်ထားသော စက္ကူတစ်ရွက်ကို ဆွဲထုတ်လျက် -

"ကျွန်တော့်ရွာက ထူးထူးဆန်းဆန်းလေးတစ်ခုရလို့ ခင်ဗျားကို လာပြတာ။ ခင်ဗျားက ဘာသာရေးစာပေတွေ ရေးနေတာဆိုတော့ သိများသိမလားလို့ပါ"

ပြောရင်းဆိုရင်း စာရေးသူအား ကမ်းပေးပါသည်။ စာရေးသူလည်း ဆရာကမ်းပေးသောပုံကို လှမ်းယူရင်းက ပုံကိုကြည့်လိုက်ပြီး -

"ဆရာ···ဒါက ဘာပုံကြီးလဲ။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းလည်း မဟုတ်ဘူးနော်"

"မဟုတ်ဘူးဗျ။ အဲဒါ ဓမ္မစကြာ တရားစက်ဝန်းကြီး။ ကျွန်တော်လည်း တစ်ခါမှ ဒါမျိုးမတွေ့ဖူးဘူး။ ကျွန်တော်လည်း အစကတော့ ဘာပုံ၊ ဘယ်လိုအဓိပ္ပာယ်နဲ့ လုပ်ထားတယ်ဆိုတာ မသိပါဘူး။ အဲဒီပုံကြီးက ကျွန်တော်တို့ ပိုက်သင်ရွာမြောက်ကျောင်းလို့ခေါ်တဲ့ ရွာလယ်ကျောင်းအတွင်းက မိုးကောင်းဘုရားမျက်နှာကြက်မှာ ရေးဆွဲထားတာ။ မြတ်စွာဘုရားရှင်ရဲ့ ရောင်ခြည်တော်ခြောက်သွယ် ပုံဖော်ဆေးရောင်တွေနဲ့ ရေးထားတာ။ အဲဒီပုံကို ဆရာတမ္ပဝတီဦးဝင်းမောင်၊ ဆရာသိန်းသန်းထွန်း၊ ဆရာပုရိသတို့ကတော့ အလွန်ရှားပါးစွာ တွေ့ခဲ့လှတဲ့ ဓမ္မစကြာတရားစက်လှည့်စက်ဝန်းကြီးလို့ သုံးသပ်ကြတယ်။ အဲဒီပုံကို တမ္ပဝတီဦးဝင်းမောင်က ကူးယူရေးဆွဲပြီး ဓမ္မဒါနပြုတာ"

ဟု ရှည်လျားစွာ ရှင်းပြနေပါသည်။ စာရေးသူလည်း ပုံကို ဖင်ပြန်၊ ခေါင်းပြန် လှည့်ပတ်ကြည့်ရှုရင်း လေ့လာသုံးသပ်ရင်းက -



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ အဲဒီအကြောင်း ဆောင်းပါးလေးတစ်ပုဒ် ရေးရင် ကောင်းမယ်ထင်တယ်။ ရှေးရှေးဆရာတော်တွေကတော့ အကြောင်းမဲ့ စီမံခဲ့ကြမှာ မဟုတ်ဘူး။ လောကကြောင်းအရ အကျိုးထူးတရားတွေ ရရာရကြောင်းရည်ရွယ်ပြီး လုပ်ကြမှာပဲ။ ဆရာရေးလိုက်တော့ ဗုဒ္ဓဘာသာဝင် စာဖတ်ပရိသတ်တွေနဲ့ သုတေသီတွေ လေ့လာမှတ်သားကြရတာပေါ့ ဆရာရယ်"

"စက်ဝန်းရဲ့ အကျိုးတရားကို ကျွန်တော်မပြောနိုင်ဘူး။ ခင်ဗျားလည်း ဖတ်ကြည့်ပါဦး။ သင့်မယ်ဆိုရင်တော့ ဘာသာရေးမဂ္ဂဇင်းတစ်ခုမှာ ထည့်ချင်ပါတယ်ဗျာ"

စာရေးသူလည်း ဆရာ့စာမူကို ဖတ်ကြည့်ရာ စာဖတ်သူတို့ သိသင့် လေ့လာသင့် မှတ်သင့်သော စာမူမျိုးဖြစ်နေ၍ စာမူအား ပြန်လည်ရေးသားပြီး မဂ္ဂဇင်းတိုက်တစ်တိုက်သို့ ပို့ရန် တိုက်တွန်းမိတော့သည်။ ထိုအခါ ဆရာက -

"ကျွန်တော်က မအားဘူးဗျ။ တော်တော်ကို အလုပ်ရှုပ်နေတာ။ ကျွန်တော် ရေးလက်စ 'သမိုင်းကပြောသော ပုဂံ၊ ပုဂံကပြောသောသမိုင်း' စာမူကလည်း မပြီးမပြတ်ရှိနေသေးတယ်။ ခင်ဗျားပဲ ပြန်ရေးပြီး မဂ္ဂဇင်းတိုက်တစ်တိုက်ကို ပို့လိုက်ပါဗျာ"

ဟုဆိုကာ စာမူနှင့် ဓမ္မစကြာတရားစက်ဝန်းကြီးပုံကို ပေးခဲ့ပြီး ပခုက္ကူသို့ ပြန်သွားပါတော့သည်။

စာရေးသူလည်း ၎င်းအကြောင်းအရာကြီးကို ပြန်ရေးမယ် ပြန်ရေးမယ်နှင့် မရေးဖြစ်ဘဲရှိနေခဲ့ရာ နှစ်နှစ်နီးပါးမျှ အကြွေးတင်ကျန်နေခဲ့ပါသည်။

ယခုရေးသားသည့်စာမူတွင် ဆရာဒေါက်တာသက်လွင် ရေးသားထားသည့်အတိုင်း ပြန်လည်တင်ပြထားပါသည်။ ဖတ်ရှုလေ့လာ သုတေသနပြုကြစေချင်ပါသည်။

× × ×

ရက်စွဲ၊ လ၊ ခုနှစ်တို့ အတိအကျမမှတ်မိ။ မြန်မာ့ဗိသုကာပညာရှင် တမ္ပဝတီဦးဝင်းမောင်၊ ဆရာသိန်းသန်းထွန်း၊ ဆရာပုရိသနှင့် စာရေးသူတို့အဖွဲ့သည် ရှေးဟောင်းအနုပညာရပ်များနှင့် သာသနိကအဆောက်အအုံများကို လေ့လာမှတ်တမ်းတင်ရန် မြိုင်မြို့နယ် ပိုက်သင်ရွာသို့ ရောက်ခဲ့သည်။

ပိုက်သင်ရွာသည် ပခုက္ကူမြို့မှ ၁၈ မိုင်၊ မြိုင်မြို့မှ ၉ မိုင် ဝေးကွာသည်။ ပခုက္ကူမှ မြိုင်သို့သွား မော်တော်ကားလမ်းနှင့် မီးရထားလမ်းပေါ်တွင် တည်ရှိသည်။

စာရေးသူတို့အဖွဲ့သည် ပိုက်သင်ရွာမြောက်ကျောင်းခေါ် ရွာလယ်ကျောင်းသို့ နံနက်ပိုင်းတွင် ရောက်ရှိသည်။ ကျောင်းကြီးမှာ ရှေးဟောင်းသစ်သားကျောင်းကြီးဖြစ်ပြီး ရှေးဟောင်းပစ္စည်း အမြောက်အမြားတွေ့ရသည်။

မိုးကောင်းဘုရားအတွင်း ဝင်မိလိုက်တော့ ဆရာတမ္ပဝတီဦးဝင်းမောင်က ဘုရားမျက်နှာကြက်ကို မော့ကြည့်ရင်းက -

"ဟော . . . ဟိုမှာကြည့်ပါဦး။ နံရံဆေးရေးပန်းချီနဲ့ ဓမ္မစကြာတရားတော်ကို စက်ဝိုင်းပုံရေးဆွဲထားတယ်။ ဆရာသိန်းသန်းထွန်းနဲ့ ဆရာပုရိသတို့ တွေ့ဖူးကြရဲ့လား"

ဆရာသိန်းသန်းထွန်းက -

"ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဖြစ်ပါလိမ့်မယ် ဆရာရယ်။ ဓမ္မစကြာတရားတော်ကိုတော့ စက်ဝိုင်းနဲ့ရှင်းပြတာ မတွေ့ဖူးပါဘူးဗျာ။ အသေအချာကြည့်ပါဦး"

ဆရာပုရိသက -

"ဟုတ်တယ်ဆရာရေ။ စက်ဝိုင်းမှာရှိတဲ့စာတွေက ဓမ္မစကြာတရားတော်က ပါဠိတွေ ကျုပ်ဖြင့် တစ်ခါမှ ကြုံဖူးပါဘူးဗျာ။ အံ့ရော။ စက်ဝိုင်းမှာခြယ်ထားတဲ့အရောင်တွေက မြတ်စွာဘုရားရှင်ရဲ့ ရောင်ခြည်တော်ခြောက်သွယ်ကို ပုံဖော်ဆေးခြယ်ထားတာဗျ"

ထိုအခါ စာရေးသူက -

"ပဋိစ္စသမုပ္ပါဒ်တရားတော်ကို စက်ဝိုင်းနဲ့ရှင်းပြတာ မိုးကိုင်ဆရာတော်ကြီးက စခဲ့တယ်လို့ မှတ်ခဲ့ဖူးတယ်။ အခုတွေ့တဲ့ ဓမ္မစကြာတရားတော်စက်ဝန်းကို ဘယ်ဆရာတော် အစဦးဆုံး တီထွင်သုံးစွဲတယ်ဆိုတာ ကျွန်တော်တို့ မှတ်တမ်းတင်ဖို့ လိုပြီပေါ့"

ဟု ဝင်ရောက်ပြောဆိုရင်း တစ်ဦးအမြင်အသိ တစ်ဦးဖလှယ်ကာ ဆွေးနွေးဖြစ်ကြသည်။

ပိုက်သင်ရွာ မိုးကောင်းဘုရားရှိ နံရံဆေးရေးပန်းချီများကား မြန်မာစာရေးထုံးရေးနည်းနှင့် ပန်းချီပုံများဖြစ်ပြီး ညောင်ရမ်းခေတ် အနှောင်းပိုင်းလက်ရာဟု မှတ်ချက်ချကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားဆင်းတုတော်တို့၏ လက်ရာများသည်လည်း ညောင်ရမ်းခေတ်လက်ရာများပင် ဖြစ်သည်။

ညောင်ရမ်းခေတ်အနှောင်းပိုင်းကာလတွင် ပိုက်သင်ကျောင်းဆရာတော် အရှင်စန္ဒမဥ္ဇူသာနှင့် တပည့် ပထမကျော်အောင်စံထားဆရာတော်ကြီးများ ဖြစ်ခဲ့ကြသည်။ ပထမကျော်အောင်စံထားဆရာတော် ဦးဉာဏဝသည် သာသနာ့သမိုင်း၌ အထင်ကရ ဆရာတော်ကြီးဖြစ်၏။ ပထမကျော်အောင်စံထားဆရာတော် ဦးဉာဏဝသည် သာသနာ့သမိုင်း၌ အထင်ကရဆရာတော်ကြီးဖြစ်၏။ ပထမကျော်အောင်စံထားဆရာတော် ဦးဉာဏဝသည် -

ဟံသာဝတီပါ မင်းတရားကြီးလက်ထက်တွင် အင်းဝ၌ ကျောင်းပေါင်းတစ်ရာခြံရံသော ကျော်အောင်စံထားကျောင်းတိုက်ကြီးကို အလှူခံယူပြီး သာသနာပိုင် ခန့်အပ်ခြင်းခံခဲ့ရသည်။ ဇိနစက္ကာဘိရာမ မဟာဓမ္မရာဇာဓိရာဇာဂုရု ဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်ခြင်းခံခဲ့ရသည်။

ရှေးအစဉ်အလာအားဖြင့် ပိုက်သင်ရွာ မိုးကောင်းဘုရားသည် ကျော်အောင်စံထားဆရာတော်၏ ကောင်းမှုဟု အစဉ်အဆက် သိခဲ့ကြသည်။ စာရေးသူတို့အဖွဲ့သည် မိုးကောင်းဘုရား၏ မျက်နှာကြက်တွင်ရှိသော ဓမ္မစကြာတရားစက်ဝန်းကြီးနှင့် နံရံဆေးရေးပန်းချီများကို ပုံတူရေးကူးခြင်း၊ ဓာတ်ပုံရိုက်ခြင်းနှင့် ဗွီဒီယိုရိုက်ယူခြင်းတို့ဖြင့် မှတ်တမ်းတင်ခဲ့ကြပါသည်။

"ဒီ ဓမ္မစကြာတရားစက်ဝန်းကတော့ မြန်မာပြည်မှာ ပထမဆုံးတွေ့ရှိရခြင်းနဲ့ တစ်ခုတည်းသော ဓမ္မစကြာတရားတော်စက်ဝမ်းပဲဗျ"

ဟု တမ္ပဝတီဦးဝင်းမောင်က မှတ်ချက်ချသည်။

ဤသို့ဖြင့် စာရေးသူတို့အဖွဲ့သည် ရှေးဟောင်းသာသနိက အဆောက်အအုံများနှင့် ရှေးနှစ်ပေါင်း ၂၀၀၀ ကျော်ကရှိခဲ့သော သံရည်ကျိုဖိုကြီးများအဆုံး လေ့လာမှတ်တမ်းတင်ခဲ့ကြပါသည်။

ရန်ကုန်ရောက်တော့ ဆရာသုတေသီမြင့်ထွန်းနှင့်ဆုံသဖြင့် ထိုပုံကိုပြ၍ မေးမြန်းဖြစ်သည်။

"ဆရာဦးသက်လွင်…ဒီဆေးရောင်တွေက မူရင်းဆေးရောင်အတိုင်းပဲလားဗျ"

"မဟုတ်ဘူးဆရာ။ မှတ်ရဖတ်ရရှင်းအောင် ကျွန်တော့်စိတ်ကူးနဲ့ အရောင်သွင်းထားတာပါ။ စာလုံးလေးတွေကတော့ မူရင်းပေါ့။ အခုခေတ်သုံး ရေးထုံးသတ်ပုံတွေနဲ့ မတူတာလည်းပါတယ်"

"ဟုတ်ပြီ ဆရာ။ မူရင်းသတ်ပုံအတိုင်းထားတာကောင်းပါတယ်။ ကျွန်တော်မေးတဲ့အဓိပ္ပာယ်က ကျွန်တော်က ဆေးရောင်တွေကို ပိုပြီးစိတ်ဝင်စားတယ်။ ဓာတ်ပုံရိုက်ခဲ့စမ်းပါ။ တရားတော်ရဲ့ ရောင်ခြည်တော်ခြောက်သွယ်အတိုင်း ရေးဆွဲခဲ့သလားလို့ပါ။ ပထမကျော်စံထားဆရာတော်ဆိုတာ အကျော်ဒေးယျပုဂ္ဂိုလ်။ ပညာရှိကဗိတစ်ဆူဗျ။ ဒီလိုပုဂ္ဂိုလ်မျိုးက ဘာပဲလုပ်လုပ် ပေါ့ပေါ့တန်တန် သာမန်လူတွေလို လုပ်ခဲ့မှာမဟုတ်ဘူး"

ဟု ဆရာသုတေသီမြင့်ထွန်းက မှတ်ချက်ချပါသည်။ ဆရာ့စကားကြားရမှ စာရေးသူ ဓာတ်ပုံမရိုက်မိခြင်းအတွက် နောင်တရမိလေသည်။

မည်သို့ပင်ဖြစ်စေ စာရေးသူ လေ့လာမိသမျှ အနှစ်ထုတ်ရသော် ထိုဓမ္မစကြာတရား စက်ဝန်းတော်သည် ကြည့်ရတာ ကျက်ရမှတ်ရတာ လွယ်ကူလှသည်။

ထိုစက်ဝိုင်းတော်တွင် အရစ်ဝိုင်းခြောက်ရစ် ပါဝင်၏။ အလယ်တွင် "ဣဒံ"ကိုခံထားပြီး သစ္စာလေးပါးတွင် အပိုင်းလေးပိုင်း ခွဲပြထား၏။ တစ်ပိုင်းတစ်ပိုင်းတွင်လည်း သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်ဆိုပြီး သုံးပိုင်းခွဲထားလေရာ ဒုက္ခသစ္စာအတွက် သုံးကွက်၊ သမုဒယသစ္စာအတွက် သုံးကွက်၊ နိရောဓသစ္စာအတွက် သုံးကွက်၊ မဂ္ဂသစ္စာအတွက် သုံးကွက်ခွဲခြားထားသဖြင့် သစ္စာလေးပါးအတွက် မူရင်းအကွက် ၁၂ ကွက် ပါဝင်၏။ အတွင်းနှစ်ရစ်တွင် သစ္စာလေးပါးကို သိပြီ ဆိုသည့် အပိုဒ်များကို ရေးဆွဲထားသည်။

ထို့နောက် အပြင်ဘက်တွင် ယခင်က ဗုဒ္ဓဘုရားဖြစ်ကြောင်း ဝန်ခံခဲ့ကြောင်း၊ ထို့နောက် အပြင်ဘက်တွင် ယခုတော့ ဗုဒ္ဓဘုရားစင်စစ်ကေန်ဖြစ်ပြီဆိုကြောင်းများ ပါဠိတော်တို့ကို အရစ်လိုက် ရေးဆွဲထားလေသည်။

ဖတ်ရှုလေ့လာ သုတေသနပြုကြပါဟု…။

**အဘိသူရိယ**



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ္တဗေဒင်ပညာ

**၂၀၁၆ ခုနှစ် ၊ နိဝင်ဘာလ**

## တရုတ်နှစ်မွေးသူများအတွက် ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

■ ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

### ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိတ်ဆုံနိုင်၏။ မိတ်ဆုံခြင်းအားဖြင့် စီးပွားရေး၊ လူမှုရေး အဖက်ဖက်မှ ကြီးပွားတိုးတက်မှုရှိမည်။ နေအိမ်ခြံဝင်း သန့်ရှင်းရေးလုပ်နိုင်၏။ လုပ်ပါ။ မကြာမီ ကံမြင့်လာပါလိမ့်မည်။ ခရီးထွက်နိုင်၏။ ခရီးထွက်လျှင် အကျိုးထူးမည်။ ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲ လုပ်နိုင်၏။ ဆံသ၊ ခေါင်းလျှော်နိုင်၏။ နိဝင်ဘာလ ၁ ရက်၊ ၁၃ ရက်နှင့် ၂၅ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။ နိဝင်ဘာလ ၁ ရက်နေ့တွင် မြောက်ဘက်စူးစူးအရပ်သို့သော်လည်းကောင်း၊ ၁၃ ရက်နေ့တွင် အရှေ့ဘက်စူးစူးအရပ်သို့သော်လည်းကောင်း၊ ၂၅ ရက်နေ့တွင် တောင်ဘက်စူးစူးအရပ်သို့သော်လည်းကောင်း ခရီးထွက်ပါ။ ကောင်း၏။

### ရှောင်ကြဉ်ရန်အချက်များ

မြွေနှစ်မွေးသူနှင့် မပေါင်းရ။ စီးပွားရေး ဖက်စပ်မလုပ်ကြရပါ။ အနောက်အရပ်၊ အရှေ့တောင်အရပ်နှင့် အရှေ့မြောက်အရပ်သို့ ခရီးမထွက်ရ။ စီးပွားမရှာရ။ အကျိုးရှိမည် မဟုတ်ပါ။ အိမ်သစ်မဆောက်ရ။ ရေတွင်းရေကန် မတူးဖော်ရ။ ခိုက်တတ်၏။ လာဘ်တိတ်တတ်၏။

### ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆံသနိုင်၏၊ ခေါင်းလျှော်နိုင်၏။ အခန်းခုတင် နေရာချနိုင်၏။ ဆုတောင်းပွဲ လုပ်နိုင်ပါသည်။ မိတ်ဆုံနိုင်၏။ ခရီးထွက်နိုင်၏။ နိဝင်ဘာလ ၂ ရက်၊ ၁၄ ရက်နှင့် ၂၆ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။ မြောက်ဘက်စူးစူးအရပ်၊ အရှေ့ဘက်စူးစူးအရပ်နှင့် တောင်ဘက်စူးစူးအရပ်များသို့ ခရီးထွက်နိုင်၏။ စီးပွားရှာလျှင် ကြီးပွားတိုးတက်မှုရှိမည်။ တွေးမနေပါနှင့်။ လက်တွေ့လုပ်စမ်းပါ။

### ရှောင်ကြဉ်ရန်အချက်များ

မြင်းနှစ်မွေးသူများနှင့် မပေါင်းရ။ စီးပွားဖက်စပ်မလုပ်ရ။ ကြီးပွားမည်မဟုတ်။ ဆုတ်ယုတ်ရပါလိမ့်မည်။ တောင်အရပ်သို့ ခရီးမထွက်ရ။ ခိုက်တတ်၏။ ဘေးအန္တရာယ်များလှသည်။ သတိနှင့် ဆင်ခြင်နိုင်ပါစေ။ ဈေးဆိုင်သစ် မတည်ရ၊ မဖွင့်ရ။ ခရီးထွက်နိုင်ပါသော်လည်း ရေကြောင်းခရီးကို ရှောင်ပါ။ လှေ၊ သင်္ဘော မစီးကြရ။

### နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆံသနိုင်၏၊ ခေါင်းလျှော်နိုင်၏။ မီးဖိုဆောင် တည်ဆောက်နိုင်၏။ ထို့ပြင် ဂိုဒေါင်ကိုလည်း ဆောက်လုပ်နိုင်၏။ မိတ်ဆုံခြင်းအားဖြင့် အကျိုးထူးရှိမည်။ နိဝင်ဘာလ ၃ ရက်၊ ၁၅ ရက်နှင့် ၂၇ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com

နေ့များ ဖြစ်ပါသည်။ အရှေ့ဘက်စူးစူးအရပ်၊ တောင်ဘက်စူးစူးအရပ်နှင့် အရှေ့တောင်အရပ်များသို့ ခရီးထွက်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

ဆိတ်နှစ်မွေးသူများနှင့် မပေါင်းရ။ စီးပွားရေးဖက်စပ်မလုပ်ကြရ။ ကြီးပွားဖြစ်ထွန်းမှု ရှိမည်မဟုတ်ပါ။ ဆုတ်ယုတ်မှုတွေ့မည်။ သတိနှင့် ဆင်ခြင်ပါ။ အနောက်အရပ်နှင့် အရှေ့မြောက်အရပ်သို့ ခရီးမထွက်ရ။ ဘေးအန္တရာယ်များလှ၏။ ခိုက်တတ်၏။

### ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံနိမ့်၊ ကံညှိုးနွမ်းနေရာ၏။ စီးပွားရေးလုပ်ငန်း ခဏခေတ္တအနားထားပြီး ဘာသာရေးကိစ္စ များများလုပ်ပေးပါ။ ဘုန်းကြီးဆွမ်းကျွေးပါ။ များများလှူဒါန်းပေးပါ။ ကုသိုလ်ကောင်းမှု များများလုပ်ပေးပါ။ အရှေ့ဘက်စူးစူးအရပ်၊ တောင်ဘက်စူးစူးအရပ်နှင့် အရှေ့တောင်အရပ်သို့ ခရီးသွားနိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

မျောက်နှစ် မွေးသူများနှင့် မပေါင်းရ။ စီးပွားတက်မည်မဟုတ်ပါ။ ရေကြောင်းခရီးမသွားရ။ လှေ၊ သင်္ဘောမစီးကြရ။ အနောက်အရပ်၊ အရှေ့မြောက်အရပ်သို့ ခရီးမထွက်ရပါ။ ကြပ်ကြပ်ရှောင်ပါလေ။

### ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲ ပြုလုပ်နိုင်ပါသည်။ ခရီးထွက်နိုင်၏။ မိတ်ဆုံနိုင်၏။ အကျိုးထူးမည်။ မည်။ နိုဝင်ဘာလ ၅ ရက်၊ ၁၇ ရက်နှင့် ၂၉ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။ တောင်ဘက်စူးစူးအရပ်၊ အရှေ့တောင်အရပ်နှင့် အနောက်ဘက်စူးစူးအရပ်များသည် စီးပွားရှာရာ အရပ်ကောင်းများ ဖြစ်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

ကြက်နှစ်မွေးသူများနှင့် မပေါင်းကြရပါ။ ခရီးထွက်နိုင်ပါသော်ငြားလည်း ရေကြောင်းခရီးကို ရှောင်ပါ။ လှေ၊ သင်္ဘောမစီးကြရ။ ကြပ်ကြပ်ရှောင်ပါလေ။ အရှေ့အရပ်သို့သော်လည်းကောင်း၊ မြောက်အရပ်စူးစူးသို့သော်လည်းကောင်း မသွားကြရ၊ ရှောင်ကြဉ်ကြရပါမည်။

### နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲ ပြုလုပ်နိုင်ပါသည်။ မိတ်ဆုံလျှင် အကျိုးရှိမည်။ ဆံသနိုင်၏။ လက်ထပ်ထိမ်းမြားနိုင်၏။ နိုဝင်ဘာလ ၃၀ ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်၍ လက်ထပ်နိုင်၏။ တောင်ဘက်စူးစူးအရပ်၊ အရှေ့တောင်အရပ်နှင့် အနောက်စူးစူးအရပ်များသည် စီးပွားရှာရာ အရပ်ကောင်းဖြစ်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

ခွေးနှစ်မွေးသူများနှင့် မပေါင်းရ။ စီးပွားဖက်စပ်မလုပ်ကြရ။ ကြီးပွားမည်မဟုတ်ပါ။ အရှေ့အရပ်နှင့် မြောက်အရပ်သို့ မသွားရ။

### မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင့်ကံကြမ္မာ နိမ့်ကျနေရာ၏။ ကုသိုလ်ကောင်းမှု များများလုပ်ပေးပါ။ များများလှူဒါန်းပေးပါ။ စီးပွားရေးလုပ်ငန်း ခဏခေတ္တအနားထားပြီး ဘာသာရေးကိစ္စ များများလုပ်ပေးပါ။ အရှေ့တောင်အရပ်၊ အနောက်စူးစူးအရပ်သို့ ခရီးထွက်နိုင်၏။ စီးပွားရေးရှာနိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

ဝက်နှစ်မွေးသူများနှင့် မပေါင်းရ။ စီးပွားရေးဖက်စပ်မလုပ်ကြရပါ။ အရှေ့အရပ်နှင့် မြောက်အရပ်သို့ ခရီးမထွက်ကြရ။ စီးပွားမရှာကြရ။ အရေးရှုံးနိမ့်တတ်ပါသည်။ ကြပ်ကြပ်ရှောင်နိုင်ပါစေ။ ရေတွင်းရေကန် မတူးဖော်ရ။ ခိုက်တတ်ပါသည်။ ထို့ပြင် မီးဖိုဆောင်နှင့် ဂိုဒေါင်မပြင်ရ။ မဆောက်လုပ်ရ။

### မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲ ပြုလုပ်နိုင်ပါသည်။ နေအိမ်ခြံဝင်း သန့်ရှင်းရေးလုပ်ပါ။ ကောင်း၏။ စိုက်ပျိုးရေးလုပ်ပါ။ ခြံစိုက်လုပ်ငန်းနှင့် အကျိုးပေးမည်။



www.burmeseclassic.com

www.burmeseclassic.com

အရှေ့တောင်အရပ်၊ အနောက်ဘက်စူးစူးအရပ်သို့ ခရီးထွက်နိုင်ပါသည်။ စီးပွားရှာနိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ကြွက်နှစ်မွေးသူများနှင့် မပေါင်းကြရ။ စီးပွားရေးမလုပ်ကြရ။ ကြီးပွားတိုးတက်မည် မဟုတ်ပါ။ အရှေ့အရပ်၊ တောင်နှင့် မြောက်အရပ်သို့ ခရီးမထွက်ရ။ စီးပွားမရှာရ။ အရေးရှုံးနိမ့်လိမ့်မည်။

## ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာဆုတောင်းပွဲ လုပ်နိုင်၏။ သင်တန်းတစ်ခုခု တက်နိုင်၏။ ထူးချွန်မှုရှိမည်။ စေ့စပ်နိုင်၏။ နိဝင်ဘာလ ၂၁ ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်ပါသည်။ အနောက်ဘက်စူးစူးအရပ်နှင့် မြောက်ဘက်စူးစူးအရပ်တို့သည် စီးပွားရှာရာ အရပ်ကောင်းဖြစ်ပါသည်။ ခရီးထွက်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

နွားနှစ်မွေးသူများနှင့် မပေါင်းရ။ စီးပွားမရှာရ။ ကြီးပွားတိုးတက်မည်မဟုတ်ပါ။ စေ့စပ်နိုင်ပါသော်ငြား ချက်ချင်း လက်မထပ်ရ။ ခဏခေတ္တစောင့်ဆိုင်းပါဦး။ မစောင့်ဆိုင်းနိုင်လျှင် အကျိုးယုတ်တတ်ပါသည်။ အရှေ့အရပ်နှင့် တောင်အရပ်သို့ မသွားကြရ။ စီးပွားမရှာရ။

## မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆံသ၊ ခေါင်းလျှော်နိုင်၏။ မိမိ၏နေအိမ်ခြံဝင်း သန့်ရှင်းရေးလုပ်ပါ။ ကောင်း၏။ နိဝင်ဘာလ ၁၀ ရက်နှင့် ၂၂ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။ အနောက်ဘက်စူးစူးအရပ်နှင့် မြောက်ဘက်စူးစူးအရပ်သည် စီးပွားရှာရာ အရပ်ကောင်းဖြစ်ပါသည်။

## ရှောင်ကြဉ်ရန်အချက်များ

ကျားနှစ်မွေးသူနှင့် မပေါင်းရ။ စီးပွားရေးမလုပ်ရ။ ကြီးပွားတိုးတက်မည်မဟုတ်ပါ။ အရှေ့အရပ်နှင့် တောင်အရပ်သို့ ခရီးမထွက်ရ။ ဘေးအန္တရာယ်များလှ၏။ စီးပွားရေးမရှာရ၊ ရှောင်ပါ။

## ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ လုပ်နိုင်၏။ ခရီးထွက်နိုင်၏။ လက်ထပ်ထိမ်းမြားနိုင်၏။ နိဝင်ဘာလ ၁၁ ရက်နှင့် ၂၃ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။ မြောက်ဘက်စူးစူးအရပ်နှင့် အရှေ့ဘက်စူးစူးအရပ်များသည် စီးပွားရှာရာ အရပ်ကောင်းဖြစ်ပါသည်။ ခရီးထွက်ကောင်းရာအရပ်လည်း ဖြစ်၏။

## ရှောင်ကြဉ်ရန်အချက်များ

ယုန်နှစ်မွေးသူနှင့် မပေါင်းရ။ စီးပွားရေးဖက်စပ်မလုပ်ကြရပါ။ ရှောင်နိုင်လေ အကျိုးရှိလေဖြစ်သည်။ အနောက်အရပ်၊ တောင်အရပ်များနှင့် အရှေ့တောင်အရပ်သို့ ခရီးမထွက်ကြရ။ စီးပွားရေးမရှာကြရ။

## ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စိုက်ပျိုးရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် အကျိုးပေးမည်။ လုပ်သာလုပ်ပါ။ ထင်းခွေ၊ သစ်ခုတ်၊ သစ်အရောင်းအဝယ်လုပ်ငန်းရပ်များတို့ကို လုပ်နိုင်၏။ သစ်ဖောင်မျှောနိုင်သေး၏။ သစ်လုပ်ငန်းရပ်နှင့်လည်း အကျိုးပေးမည်။ လုပ်ပါလေ။ မြောက်ဘက်စူးစူးအရပ်နှင့် အရှေ့ဘက်စူးစူးအရပ်သို့ ခရီးထွက်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

နဂါးနှစ်မွေးသူများနှင့် မပေါင်းရ။ စီးပွားရေးမလုပ်နှင့်။ ကြီးပွားတိုးတက်မည်မဟုတ်ပါ။ တောင်ဘက်အရပ်၊ အနောက်ဘက်အရပ်သို့ ခရီးမထွက်ရ။ စီးပွားမရှာရ။ အရေးရှုံးနိမ့်တတ်၏။ သတိနှင့် ဆင်ခြင်ပါလေ။ စျေးဆိုင်သစ်မတည်ရ။ မဖွင့်ရ။ အရှုံးပေါ်တတ်၏။

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

*Ref:-*

တရုတ်နက္ခတ္တဗေဒင်ပညာ ဆရာကြီးကြင်း(လီကော့ကျူ)၊ Hong Kong (China)




www.burmeseclassic.com

www.burmeseclassic.com

# အမှိုကောင်းရှာလိုသူများအတွက် လုပ်ဆောင်ရမည့်အစီအစဉ်

မင်းသိင်္ခ



ငါးသလောက်ဆီပြန်

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မော်ဘီမြို့အစွန် မရမ်းတလင်းတောစပ်ရှိ အယူတော်မင်္ဂလာ ခြံအတွင်းသို့ ရန်ကုန်မှ မိတ်ဆွေများ အလည်အပတ်ရောက်ရှိလာကြလေ၏။ ၎င်းတို့သည် ခရီး ရောက်မဆိုက်ဆိုသလိုပင် ကျွန်ုပ်ချက်ကျွေးသော ထမင်းကို စားလိုကြောင်း ပြောကြလေ၏။ ထို့ ကြောင့် ကျွန်ုပ်လည်း ကျွန်ုပ်၏တပည့် မောင်အောင်ညွန့်အား မော်ဘီဈေးသို့ လွှတ်ရလေ၏။ မောင်အောင် ညွန့် ဈေးသွားနေချိန်၌ ကျွန်ုပ်သည် ဧည့်သည်များအား လက်ဖက်ရည်၊ ရေနွေးကြမ်းနှင့် ဧည့်ခံထား ရလေ၏။ ထိုမိတ်ဆွေများအနက်မှ တစ်ဦးသော မိတ်ဆွေက -



www.burmeseclassic.com

www.burmeseclassic.com

"အာစရိ…ခင်ဗျားပေးတဲ့ ယတြာတွေလည်း လုပ်တာပဲ။ ပြီးတော့လည်း ကျုပ်ဟာ လူပျင်းတစ်ယောက် မဟုတ်ဘူး။ အလွန်ကြိုးစားပြီး လုပ်ကိုင်တယ်ဆိုတာ ခင်ဗျား အသိပဲ။ ဒါပေမယ့် ခင်ဗျားတို့၊ ကျုပ်တို့ အပေါင်းအသင်း တွေထဲမှာ ကျုပ်ဟာ အတော့်ကို ဆင်းရဲတယ်ဗျ။ ချောင်ချောင် လည်လည်လေးနေရမယ့် ကံဇာတာများ မပါရှာသလားဗျာ"

ဟု ညည်းညူရှာလေ၏။ ထိုသူသည် ကျွန်ုပ်နှင့် သိကျွမ်းရင်းနှီးခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်၏။ သူ၏ဖခင်မှာ ဦးဝင်းထိန်ဖြစ်၏။ သူ၏မိခင်မှာ ဒေါ်ဝင်းဖြစ်၏။ လွန်စွာ ဘာသာတရား ကိုင်းရှိုင်းသူများဖြစ်၏။ ယခု အခါမှာ ကွယ်လွန်ကုန်ကြပြီ ဖြစ်၏။ ၎င်း၏အမည်မှာ ဝင်းထိန်ဝင်း ဖြစ်၏။ ဝင်းထိန်ဝင်းဟု မှည့်ထားသော်လည်း သူ၏အသားအရောင်မှာ ဝင်းလည်းမဝင်း၊ ထိန်လည်းမထိန်၊ လွန်စွာမည်း၏။ အရပ်အမောင်းမှာလည်း လွန်စွာပု၏။ ကိုယ် လုံးကိုယ်ထည်လည်း သေး၏။ စကားပြောသောအခါ၌လည်း အသံမှာ ပြာနှမ်းနှမ်း ရှုတာတဖြစ်၏။ ကျွန်ုပ်သည် တစ်စုံတစ် ခုကို ပြောသင့်မပြောသင့် စဉ်းစားပြီးနောက်…

"ကျွန်ုပ်တို့ ဆန်းဗေဒင်နည်းမှာက အမှီကောင်း ရှာတယ်ဆိုတဲ့ ယတြာတစ်မျိုး ရှိတယ်ဗျာ။ ကိုယ်က အဆင်း အရောင်မပြည့်စုံရင် အဆင်းအရောင်ပြည့်စုံပြီး ကိုယ်နဲ့ မေ့ချင်းတူတဲ့ ရဟန်းသံဃာကို တတ်နိုင်သလောက် ပစ္စည်း လေးပါး ထောက်ပံ့ရတယ်။ အလုံးအထည်မပြည့်စုံရင် အလုံး အထည်ပြည့်စုံပြီး ကိုယ်နဲ့ နေ့ချင်းတူတဲ့ရဟန်းကို ပစ္စည်း လေးပါး ထောက်ပံ့ရတယ်။ ကိုယ်ရတဲ့ လာဘ်လာဘရဲ့ လေးပုံ တစ်ပုံကို အဲဒီပုဂ္ဂိုလ်ကို လှူဒါန်းပါမယ်လို့ အဓိဋ္ဌာန်လုပ်ထား ရတယ်။ ဥပမာဗျာ…ကိုဝင်းထိန်ဝင်းက ဗုဒ္ဓဟူးသားဆိုတော့ အသားဖြူဖြူ၊ အရပ်အမောင်းကောင်းကောင်း၊ အသံသြဇာနဲ့ ပြည့်စုံတဲ့ ဗုဒ္ဓဟူးသား ဘုန်းကြီးကို တွေ့အောင်ရှာရတယ်။ တွေ့ပြီဆိုရင် အမှီကောင်းရပြီဆိုပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ် ပေတော့။ ပြီးတော့ အဲဒီဘုန်းကြီးကို ဆွမ်းကပ်ရတယ်။ သင်္ကန်းတွေဘာတွေ လှူရတယ်။ လိုအပ်တဲ့ ဆေးဝါးအတွက် ကျောင်းသင်ခန်းအတွက် ဝတ္ထုငွေကပ်ရတယ်။ အဲဒီကုသိုလ် ဟာ ချက်ချင်း အကျိုးပေးတတ်တယ်ဗျ။ ကိုယ့်ရဲ့စိတ်မှာကို က ဒီဘုန်းကြီးကို လှူပြီးရင်းလှူချင်ရင်း သဒ္ဓါတွေ ထက်လာ လေလေ ကိုယ့်မှာလည်း လာဘ်လာဘတွေ ပွင့်ပြီးရင်းပွင့်ရင်း ပေါ့ဗျာ။ ကိုယ့်မှာဝင်လာတဲ့ လာဘ်လာဘရဲ့ လေးပုံတစ်ပုံဆို တော့ အဲဒီဘုန်းကြီးကို ငွေတစ်ကျပ်လှူမယ်ဆိုရင်တော့ ကိုယ့်မှာ လေးကျပ်တော့ ချမ်းသာရမှာပေါ့။ အဲဒီလို အဲဒီဘုန်း ကြီးကို ဆယ်သိန်းတန်ကျောင်း ဆောက်ပေးချင်တယ်ဆို ရင်တော့ ကိုယ်က သိန်းလေးဆယ်ချမ်းသာမှ ဖြစ်တော့မယ်။ အဲဒီတော့ ရှာတဲ့ဖွေတဲ့ နေရာမှာလည်း လောဘလို့ ပြောလို့ မရတော့ဘူး။ ဘုန်းကြီးကိုလှူချင်တဲ့စိတ်က များနေတော့ ကုသိုလ်တွေ တဖွားဖွားဖြစ်တော့တာပေါ့ဗျာ။ ကျုပ်လည်း အဲဒီနည်းကို အစက မသိပါဘူး။ တာမွေအဝိုင်းကြီးနဲ့ သိပ် မဝေးတဲ့ ရန်ကုန်ဦးကျော်ရင်က ပြောပြလို့ သိတာဗျို့။ သိတဲ့ နေ့ကစပြီး အဲဒီအတိုင်းပဲ ကျင့်သုံးပါတယ်။ ရောင်ပြန်မဂ္ဂဇင်း အယ်ဒီတာချုပ် ကိုမောင်မောင်မြင့်အေးလည်း တနင်္ဂနွေသား လေ။ ကျုပ်ကလည်း တနင်္ဂနွေသား။ နှစ်ယောက်သား ပေါင်း ပြီး အင်းစိန်က တနင်္ဂနွေသား ဘုန်းကြီးကို အမှီသဟဲပြုကြ တာပေါ့။ ပိုပြီး ပြည့်ပြည့်စုံစုံသိချင်ရင် ရောင်ပြန်မဂ္ဂဇင်းတိုက် မှာ မောင်မောင်မြင့်အေးရှိပါတယ်။ သွားပြီး မေးကြည့်ပေါ့ဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကျွန်ုပ်၏ မိတ်ဆွေ ကိုဝင်းထိန်ဝင်းက…

"ယုံပါတယ်ဗျာ။ တကူးတကတော့ ကိုမောင်မောင် မြင့်အေးဆီ သွားမမေးတော့ပါဘူး။ အာစရိပြောတဲ့အတိုင်းပဲ လုပ်ပါတော့မယ်"

ဟု ပြောလိုက်ရာ ကျန်မိတ်ဆွေများက…

"ကောင်းတဲ့နည်းပဲဗျာ။ လုပ်ရမှာပေါ့။ ကျုပ်တို့လည်း ဘယ်လောက်ချမ်းသာနေလို့လဲ။ ဒီလိုနည်းကောင်းရရင်တော့ လုပ်ပြီဗျို့။ ကျုပ်က စနေသားလေ။ ကျုပ်အိမ်မှာဆွမ်းခံကြွ နေတဲ့ ကိုယ်တော်လည်း စနေသားဗျ။ ဦးတိလောကတဲ့။ ခင်ဗျားပြောတဲ့အချက်တွေနဲ့ ပြည့်စုံတယ်ဗျို့။ ခင်ဗျားထဲမှာ မပါတာ ပြောရဦးမယ်။ ကိုယ်တော်လေးက စာမေးပွဲတွေ လည်း အောင်ပြီးပြီဗျ။ တရားဟောလည်း အလွန်ကောင်း တာ။ နိပ်ပြီဗျို့။ သိန်း ၁၀၀ တန် ကျောင်းဆောက်ပြီး လှူဒါန်း နိုင်အောင် အဓိဋ္ဌာန်နဲ့ ကြိုးစားမယ်ဗျာ"

ဟု ရွှင်လန်းသော မျက်နှာဖြင့်၊ သို့မဟုတ် သဒ္ဓါ တရားများ ပြည့်လျှမ်းသော မျက်နှာဖြင့် ပြောလေ၏။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com

ဌ်မှာပင် ကျွန်ုပ်၏တပည့်လေး မောင်အောင်ညွန့် ဈေးမှပြန်ရောက်လာသဖြင့် ဈေးခြင်းတောင်းကို သွန်ချကြည့်ရာ ငွေရောင်ဝင်းနေသည့် ကဝက်ကင်းငါးသလောက်ကြီးတစ်ကောင် ပါလာလေသည်ကို တွေ့ရလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ထိုငါးသလောက်ကြီးကို အကွင်းလိုက်လှီး၍ နနွင်း၊ ဆား၊ ငံပြာရည်များဖြင့် နယ်ဖတ်ရလေ၏။ ငရုတ်သီး၊ ကြက်သွန်များ ဆီသတ်ရ၏။ ဆီကျက်လျှင် ခရမ်းချဉ်သီးများကို အစေ့ထုတ်၍ ထည့်ရ၏။ ခရမ်းချဉ်သီး ကျက်သောအခါ၌ ငါးသလောက်အကွင်းများကို ထည့်ရ၏။ ငါးမှ ရေများထွက်၍ ရေခန်းသော အချိန်လောက်တွင် ရေသင့်တော်ရုံ ထပ်၍ထည့်ကာ ငါးသလောက်အိုးကို မီးဖိုပေါ်တွင် တင်ထားလိုက်လေ၏။ ပြီးလျှင် ခရမ်းချဉ်သီးကို မီးဖုတ်၍ ပန်ထွေဖျော်လုပ်ရ၏။ ပဲညွန့်ဟင်းချိုချက်ရ၏။ ဖလံတောင်ဝှေးများကို ပုစွန်ဆိတ်ကလေးများနှင့် ကြော်ရ၏။ ငါးပိရည်နှင့် တို့စရာအစုံကို စီမံရ၏။ ထို့နောက်တွင်ကား ကျွန်ုပ်၏မိတ်ဆွေများအား သီဟိုဠ်ပင်အောက်ရှိ အုတ်ခုံတွင် ထမင်းပွဲပြင်၍ ကျွေးရလေတော့၏။ ငါးသလောက်ဆီပြန်၊ ပဲညွန့်ဟင်းချို၊ ဖလံတောင်ဝှေးကြော်၊ ပန်ထွေဖျော်၊ ငါးပိရည် တို့စရာ စုံလင်စွာဖြင့် ကျွေးမွေးသောကြောင့် မိတ်ဆွေများသည် အားရပါးရ စားသောက်ကြလေတော့၏။

ကျွန်ုပ်၏မိတ်ဆွေ ကိုဝင်းထိန်ဝင်းက ကျွန်ုပ်အား

"တယ်လည်း ဟင်းချက်ကောင်းပါလားဗျာ။ ကျွန်တော့်အနေနဲ့ကတော့ မိန်းမတွေပဲ ဟင်းချက်ကောင်းတယ် အောက်မေ့နေတာ။ အာစရိလို နှုတ်ခမ်းမွေးကားကား၊ မုတ်ဆိတ်မွေးဖွားဖွား ယောကျ်ားရင့်မာကြီးကလည်း ဘယ်ခေလို့တုံး"

ဟု ပြောလေ၏။

"ဟိုတုန်းကဆိုရင် ကျုပ်မှာလည်း အလုပ်ကလည်း အားနေတော့ အလှူကြီးတွေ ထမင်းချက်ဟင်းချက်ဖို့ ကြုံလာရင် ကျုပ်ပဲ လိုက်ပြီးချက်ပေးနေတာပါ။ ငါးသလောက်များ ဘယ်နှပိဿာပေါင်းရမလဲ၊ ဝက်သားအချိန် ဘယ်လောက်ကို နှပ်ပေးရမလဲ၊ ကျုပ်ကိုယ်တိုင် လုပ်ပေးခဲ့တာပါ။ အလှူမှာလာတဲ့လူတွေက စားလို့ကောင်းလိုက်တာ၊ မြိန်လိုက်တာ လို့ပြောရင် ချက်ရပြုတ်ရလို့ ပင်ပန်းတာတွေ တစ်ခါတည်း ပြေပျောက်ပြီး ပီတိကိုဖြစ်သွားတာပဲဗျို့။ ထမင်းဟင်းချက်ကျွေးဖို့ ဝါသနာပါတာ ကိုယ်ချက်တဲ့ ထမင်းဟင်းကို စားတဲ့လူက အားရပါးရစားနေတာကို မြင်ရရင် ဘယ်လိုပီတိဖြစ်မှန်း မသိပါဘူးဗျာ။ အဲဒီပီတိလေးကို စားသုံးချင်လို့ မိတ်ဆွေတွေကို တစ်ပတ်တစ်ကြိမ် မအားလပ်တဲ့ကြားထဲက ချက်ကျွေးနေရတာဗျို့"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကျွန်ုပ်၏မိတ်ဆွေများက သာဓုခေါ်ကြကုန်၏။ ထို့နောက် ကိုဝင်းထန်ဝင်းက··

"အာစရိရယ်···သေသွားတဲ့ ခင်ဗျားသူငယ်ချင်း ကိုဖြူလေးက အောင်ထွန်းကြီးက အဝတ်လျှော်တဲ့နေရာမှာလည်း ဝိတ်ပဲကွ။ တို့တွေများ အတူနေကြတုန်းက တို့ခြင်ထောင်တွေ၊ စောင်တွေကို တို့လျှော်ရတယ်မရှိပါဘူးကွာ။ လျှော်ရင်လည်း မဖြူပါဘူး။ များသောအားဖြင့်က ဒီကောင်ကြီးလျှော်တာများတယ်။ သူလျှော်လိုက်ရင် ဖွေးနေတာပဲ။ အင်္ကျီတွေဘာတွေလည်း လျှော်ရုံလျှော်ပေးတာ မဟုတ်ဘူး။ အကျအန မီးပူတိုက်တွေဘာတွေ တိုက်ပေးတာ။ သူတစ်ပါးဖြူဖြူစင်စင်ဝတ်သွားရရင် သူက ကျေနပ်နေတာ။ အဲဒီလိုလုပ်ပေးရလို့ အောက်ကျတယ်လို့ သူက မထင်ဘူးကွ။ အဝတ်တွေဘာတွေ လျှော်တဲ့အခါများ ပြုတ်ပြီးလျှော်တာ။ ဆပ်ပြာရည်နဲ့ ပြုတ်တဲ့အပြင် ပြုတ်တဲ့အိုးထဲကို ရေနံဆီနည်းနည်းထည့်သေးတယ်လို့ မကြာမကြာ ပြောဖူးတယ်"

ဟု ပြောလေ၏။

"ဟုတ်တယ်ဗျာ။ ဒီကောင်တွေ နေတာထိုင်တာ သိပ်ပြီးညစ်ပတ်တာ။ သူတို့ခြင်ထောင်တွေမှာ ကြမ်းပိုးတွေနဲ့ မည်းနေတာပဲ။ ကျုပ်က မကြာမကြာယူပြီး လျှော်ပေးရတယ်။ အဲဒါတောင် ဒီကောင်တွေက ကျုပ်ကို အကောင်းမပြောဘူး ကိုဝင်းထိန်ဝင်းရေ။ ဒိုဘီဝါးလားလို့ခေါ်သေးတာ။ တစ်ခုတော့ရှိတယ်ဗျ။ အသိဉာဏ်ရှိတဲ့လူက အနစ်နာခံပြီး လုပ်ပေးရတာကလား။ ပြီးတော့လည်း ကျုပ်ရဲ့အပေါင်းအသင်းတွေက များသောအားဖြင့် လူညံ့တွေများတယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင်····

"အဲ့ဒီအထဲမှာ ကျွန်တော်လည်း ပါတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဟု ကိုဝင်းထိန်ဝင်းက ပြောလေ၏။

"ပါတာပေါ့ ငါ့လူရာ။ ခင်ဗျား တစ်ခုစဉ်းစားကြည့်လေ။ ခင်ဗျား ကျုပ်ကို ကိုအောင်ထွန်းလို့ ခေါ်သင့်တာပေါ့။ အများက ဆရာခေါ်နေတာတွေ့တော့ ခင်ဗျား အဲဒီလို မခေါ်သင့်ဘူးလေ။ ဒါပေမယ့် သူများခေါ်သလို ဆရာလို့ခေါ်ရမှာလည်း ဝန်လေးနေပုံရတယ်။ ဒါကြောင့် ကိုအောင်ထွန်းလည်း မကျ၊ ဆရာလည်းမကျ၊ ကြားချပြီး ကျုပ်ကို အာစရိလို့ ခေါ်တာပေါ့။ အဲဒီအ်ချက်ကိုက ခင်ဗျားလိမ်နေတာ။ ခင်ဗျား ညံ့တာ။ ခင်ဗျားက ကျုပ်ကို ကိုအောင်ထွန်းလို့ပဲ ခေါ်ခေါ် အောင်ထွန်းပဲခေါ်ခေါ် ဆရာလို့ပဲ ခေါ်ခေါ် ကျုပ်အတွက် ဘာမှမထူးပါဘူး။ ငယ်ပေါင်းဖြစ်တဲ့အတွက် အောင်ထွန်းခေါ်လည်း ကျုပ်က စိတ်ဆိုးစရာမရှိပါဘူး။ ဆရာလို့ခေါ်လည်း ကျုပ်က ပိုပြီးဘဝင်မြင့်စရာမရှိပါဘူး။ အဲဒါကို ခင်ဗျားက ဘာဖြစ်နေတာလဲ။ အာစရိ···အာစရိနဲ့"

ဟု ပြောလိုက်လျှင် ကျန်သော မိတ်ဆွေများက ဝါးကနဲ ရယ်မောကြလေ၏။ ထိုအခါ၌ ကိုဝင်းထိန်ဝင်းက

"ဝန်ခံပါတယ်ဗျာ···ဝန်ခံပါတယ်။ ခင်ဗျားပြောတာ အမှန်ပါပဲ ကိုအောင်ထွန်းရယ်။ ဒီနေ့ကစပြီး ခင်ဗျားကို အာစရိလို့တော့ မခေါ်တော့ပါဘူး။ ဆရာလို့ခေါ်ရမှာလည်း ကျုပ်ရဲ့လျှာက အတော့်ကို ဝန်လေးနေတယ်။ အဲဒါကြောင့် ကိုအောင်ထွန်းလို့ပဲ ခေါ်တော့မယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က···

"ဒီလိုဆို အိုကေတာပေါ့ဗျာ။ လူမှုဆက်ဆံရေးမှာ တစ်ဦးနဲ့တစ်ဦး ကသိကအောက်မဖြစ်ဖို့က အရေးကြီးပါတယ်။ အဲဒီလိုဆိုတော့လည်း ကျုပ်က ခင်ဗျားကို ကိုဝင်းထိန်ဝင်းလို့ မခေါ်တော့ဘူး။ အရင်ကလိုပဲ ကိုဝင်းမထိန်လို့ခေါ်မယ်ဗျာ။ ခင်ဗျား ကျေနပ်သလား"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကျန်မိတ်ဆွေတစ်ဦး ဖြစ်သော ကိုမောင်စိန်က···

"ကျေနပ်ရမှာပေါ့။ မကျေနပ် လေဖြတ်ပေါ့ဗျာ။ ခေါ်သာခေါ်"

ဟု ဝင်ရောက်အားပေးလေ၏။ ကျန်မိတ်ဆွေများကလည်း ကိုမောင်စိန်၏ စကားကို ဝိုင်းဝန်းထောက်ခံကြလေတော့၏။ ထိုအချိန်မှစ၍ ကျွန်ုပ်တည်ခင်းကျွေးမွေးသော မနောမယထမင်းဝိုင်းသည် စိုစိုပြည်ပြည် ဖြစ်သွားလေတော့သည်။ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် အဖုံးအကွယ်များ အခုအခံများမရှိဘဲ ပကတိအတိုင်း ပြန်လည်ဆက်ဆံဖြစ်သွားကြ၏။ ရိုးသားမှုများ ပေါ်လွင်သွား၏။ ပွင့်လင်းသော အလှအပများ ခြယ်မှုန်းထားပြီးသား ဖြစ်သွား၏။ ထို့နောက် ကိုဝင်းထိန်ဝင်းက···

"ရှေးတုန်းက နန်းတော်မှာ ထမင်းချက်ပြုတ်တဲ့ စားတော်ကဲတွေမှာ သတ်မှတ်ထားတဲ့ အရည်အချင်းတွေ ရှိရတယ်ဆိုပဲ။ အဲဒါ ကိုအောင်ထွန်း သိတယ်နော်"

ဟု ကျွန်ုပ်အား တီးခေါက်လိုက်လေ၏။

ထိုအခါ ကျွန်ုပ်က···

"ဘုရင့်ဆီမှာ စားတော်ကဲလုပ်မယ့်သူဟာ အချက်ငါးချက်နဲ့ ပြည့်စုံရမယ်လို့ ရာဇနီတိမှာ ဆိုထားတယ်ဗျ။ အရေးကြီးဆုံးအချက်ကတော့ စားတော်ကဲ မျိုးရိုးထဲကဖြစ်ဖို့လိုတယ်။ ဒုတိယအချက်ကတော့ ချက်နည်းပြုတ်နည်းကျမ်းတွေကို စုံအောင် လေ့လာဖူးသူဖြစ်ရမယ်။ တတိယအချက်ကတော့ စားတဲ့လူရဲ့အကြိုက်ကို လေ့လာပြီး မြိန်ရှက်ဖွယ် ချက်ပြုတ်တတ်ရမယ်ပေါ့ဗျာ။ စတုတ္ထအချက်ကတော့ ချက်ပြုတ်တဲ့နေရာမှာ ကိုယ်တိုင်မလုပ်ဘဲ သူများနဲ့လွှဲပြီး မျက်နှာလွှဲခဲပစ်မလုပ်ရဘူး။ ကိုယ်တိုင်စီမံရတယ်။ ပဉ္စမအချက်ကတော့ ချက်ပြုတ်စီမံတဲ့အခါမှာ စိတ်ကူးစိတ်သန်းကောင်းရမယ်ပေါ့ဗျာ။ အဲဒီအချက်အလက်ပဲ လေ့လာဖူးပါတယ်"

ဟု ကျွန်ုပ်က ပြန်၍ပြောလျှင် ကိုမောင်စိန်က

"ဒီလူကြီး အလကားလျှောက်ပြီး ရာဇနီတိတွေ ဘာတွေပြောနေတာ ဖြစ်မှာပါ။ သူတို့ဘိုးဘေးတွေဟာ ရွှေနန်းတော်က စားတော်ကဲကြီးတွေများလား မသိပါဘူးဗျာ"

ဟု ပြောသဖြင့် ကျွန်ုပ်က···

"ဘုရားစူးရပါစေ့ဗျာ။ ဘယ်လိုမှ မပတ်သက်ခဲ့ပါဘူး"

ဟု ကျိန်တွယ်၍ ပြောလိုက်ရလေတော့သတည်း။

သဗ္ဗေသတ္တာ ကမ္မသကာ

မင်းသိခ်




www.burmeseclassic.com

www.burmeseclassic.com

# အလောင်းမင်းတရားကြီး နတ်ရွာစံတော်မူသော ကင်းရွာ နှစ်ရွာ ပြသနာ

မင်းရွှေသိန်း(ဇင်းကျိုက်)




ကျွန်တော်သည် သမိုင်းဘာသာရပ်နှင့် ပတ်သက်လျှင် အလွန်ဗုဒ်ုနဲ့ဝေးသူ ဖြစ်သလို သမိုင်းအကြောင်းအရာများအပေါ် ငြင်းခုန်ရန်လည်း အနည်းငယ်မျှ ဝါသနာပါသူ မဟုတ်ပေ။ အတိတ်ကို ဆင်ခြင်၊ ပစ္စုပ္ပန်တွင် မြှုပြင်လျက် အနာဂတ်သို့ ဆက်သွားမည် ဆိုပါက အမှားနည်းလေ့ရှိကြောင်း လူပြောသူပြော များသော်လည်း အတိတ်ဆိုသည်မှာ မြေကြီးပေါ် မှောက်သွားသော နို့အိုးကဲ့သို့မည်သို့မှ ပြန်မရနိုင်တော့ကြောင်း ခံယူထားသော ကျွန်တော့်အနေနှင့် အတိတ်မှန်သမျှ အတိတ်၌ပင် ပစ်ထားခဲ့ကာ ပေါ့ပါးစွာ နေခဲ့သည်မှာပင် နှစ်ပေါင်း မနည်းတော့ပေ။

သို့သော် အတိတ်ကို ဥပေက္ခာပြု သေခန်းဖြတ်ထားသော ကျွန်တော်သည် အလိုလိုနေရင်းထိုင်ရင်းမှာပင် အတိတ်တစ္ဆေခြောက်ခြင်းခံလိုက်ရသည်မှာ လောလောလတ်လတ်သ



www.burmeseclassic.com

www.burmeseclassic.com




ရှိသေးသဖြင့် အကြောက်မပြေချင်သေး။ အတိတ်နှင့် ပတ်သက်လျှင် မည်သို့မျှ စိတ်ဝင်တစား မရှိတော့ဟု ဆိုသော်လည်း ယခု အတိတ်တစ္ဆေခြောက်ခြင်း ခံရသော ကိစ္စက ကျွန်တော့်အား ရေငုံနှုတ်ပိတ် အတိတ်မေ့သလို နေထိုင်၍ မရအောင် နှိုးဆွလျက် ရှိပြီဟုပင် ဆိုရပေတော့မည်။

"စာရေးဆရာ၊ ဆရာမတွေ စုံတုန်း မနက်ဖြန်ကျရင် ကေလာသတောင်ခြေမှာရှိတဲ့ ကင်းရွာကို လိုက်ခဲ့ကြပါလား။ အဲဒီကင်းရွာ သင်္ချိုင်းမှာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျကို သင်္ဂြိုဟ်မြှုပ်နှံထားတဲ့ အုတ်ဂူဟောင်းကြီး ရှိတယ်လေ။ သေသေချာချာ မှတ်ပုံရိုက်ပြီး ရန်ကုန်ပြန်ရောက်ရင် မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ ရေးလို့ရတာပေါ့"

မွန်ပြည်နယ်၊ ဘီလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၌ရှိသော သော်ကမြောင် ပရဟိတကျောင်းတွင် ကျင်းပသည့် စာပေဟောပြောပွဲသို့ ဆရာမောင်ချစ်(သုရဲသမိန်)နှင့်အတူ ကျွန်တော်ပါ ရောက်ရှိနေခြင်း ဖြစ်သည်။ (၃၀-၁-၂၀၁၀) ရက် ညဘက်တွင် ဟောပြောရမည်ဖြစ်၍ အချိန်စောသေးသဖြင့် ဒေသခံစာပေသမားများဖြစ်သော ပုဂ္ဂိုလ်အချို့နှင့် စာအကြောင်း ပေအကြောင်း ဆွေးနွေးကြရင်းက အထက်ပါအတိုင်း တိုက်တွန်းလာသည်ကို တွေ့ရသည်။ ထိုသို့ တိုက်တွန်းစကားပြောကြားသည်နှင့် မကြာသေးမီကမှ ဆရာထွင့်ခေါင်မင်း ရေးသားသော အလောင်းမင်းတရားကြီးအကြောင်း စာအုပ်ကို ထုတ်ဝေပေးခဲ့သူ ဆရာဟိန်းဇေ(ရုပ်ရှင်အမြုတေမဂ္ဂဇင်း)ထံသို့ ကျွန်တော် လှမ်းကြည့်ကာ အသံတိတ်မေးခွန်းတစ်ခုပင် မေးလိုက်မိပါသည်။

"ဆရာတို့ ထုတ်ဝေခဲ့တဲ့ စာအုပ်မှာ ဒီအတိုင်း မှန်ရဲ့လား" ဟူ၍။

"အလောင်းမင်းတရားကြီး နတ်ရွာစံတာကတော့ ကင်းရွာဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ကင်းရွာမှာ သင်္ဂြိုဟ်ခဲ့တာတော့ မဟုတ်ဘူးဗျ။ ရုပ်ကလာပ်ကို နေပြည်တော်အထိ သယ်ဆောင်သွားပြီးမှ မင်းခမ်းမင်းနားနဲ့ သင်္ဂြိုဟ်ခဲ့တာနဲ့ သင်္ဂြိုဟ်တာလေဗျာ။ ခု ဆရာတို့ပြောတဲ့ ကင်းရွာသင်္ချိုင်းက အုတ်ဂူဆိုတာ ဘယ်လိုလုပ်ပြီး အလောင်းမင်းတရားကြီး

www.burmeseclassic.com

အတ်ဂု ဖြစ်ရမှာလဲဗျာ၊ တစ်ခုခုတော့ မှားနေပြီ ထင်တယ်ဗျာ"

ပွဲကတော့ အငြင်းအခုန် ဖြစ်မလာဘဲ မတင်မကျနှင့်ပင် ပြီးစီးသွားသည်။ တစ်ဖက်ကလည်း စေတနာဗရပွနှင့် တိုက်တွန်းသော ဒေသခံစာပေသမားများနှင့် လူကြီးသူမများ၏ တစ်ဆင့်စကားအပေါ် ကိုးကား၍ တိုက်တွန်းခြင်းသာ ဖြစ်သောကြောင့် ဇဝေဇဝါနှင့် ငြိမ်သက်သွားကြသလို ဆရာဟိန်းဇေကလည်း သူ့သီချင်းဆိုရန် အလှည့်ရောက်ပြီဖြစ်၍ နှုတ်ဆက်ထပြန်သွားရာ သမိုင်းအရိုးတစ်ချောင်း လည်ချောင်းထဲ စူးဝင်နေသကဲ့သို့ ခံစားရသော ကျွန်တော်သည်သာလျှင် အနေခက်စွာ ကျန်ရစ်ခဲ့ပါတော့သည်။

ကင်းရွာဆိုသည်မှာ ကုန်းဘောင်ခေတ်ထဲ အကျုံးဝင်သော အစိတ်အပိုင်းတစ်ခုသာ ဖြစ်သည်။ အလောင်းမင်းတရားကြီး ယိုးဒယားသို့ စစ်ချီသွားရာမှ အပြန်တွင် ငှက်ဖျားရောဂါဖြင့် ကင်းရွာ၌ နတ်ရွာစံလွန်သွားကြောင်း ကျွန်တော် ဖတ်ဖူးခဲ့ပါသည်။ ရာဇဝင်အစောင်စောင်နှင့် ဦးကုလား မဟာရာဇဝင်တို့တွင် ကင်းရွာဟုသာ ယေဘုယျ ဖော်ပြထားခြင်း မဟုတ်ဘဲ မုတ္တမနှင့် တွဲဖက်၍(မုတ္တမကျေးကင်းရွာ)ဟု အတိအလင်း ဖော်ပြကြသည်ကိုလည်း ကျွန်တော် မှတ်မိလာပါသည်။ သို့ဆိုလျှင် မုတ္တမနှင့် မိုင်(၇၀)ကျော်ခန့်ဝေးသော တောင်စွန်း ကေလာသတောင်ခြေမှ ကင်းရွာသည် အမှန်တကယ် အလောင်းမင်းတရားကြီး နတ်ရွာစံခဲ့သော ကင်းရွာ ဟုတ်ရဲ့လား ဆိုသည်မှာ စဉ်းစားစရာ။

ကျွန်တော်သည် သမိုင်းအကြောင်းအရာများအပေါ် ငြင်းခုန်ရန် အနည်းငယ်မျှ ဝါသနာမပါကြောင်း ပထမ စကားခံခဲ့ပြီး ဖြစ်သော်လည်း ဤကင်းရွာကိစ္စတွင် ကျွန်တော်၏ အတ္တနောမတိကြောင့်ဆိုလျှင် ကျန်ကင်းရွာပြဿနာသည် အများများပါက အမှန်ဖြစ်သွားတတ်သော သဘောနှင့်အညီ နောက်လူများ အမှတ်မှားပြီးရင်းမှားကာ အမှန်ဟု ထင်သွားကြမည်မှာ သေချာသည်။ မည်သို့ပင်ဆိုစေ ဤပြဿနာအား ခေါင်းတည်၍ ငြင်းခုန်သည်ဟု သဘောမထားကြစေလိုပါ။ ကျွန်တော် မှတ်သားသိရှိထားသလောက် တင်ပြခြင်းသာ ဖြစ်သောကြောင့် ကျွန်တော့်ထက်ပို၍ ခိုင်လုံတိကျသော အကိုးအကား အထောက်အထားများဖြင့် ရေးသားတင်ပြလာသူ ရှိလာပါက ကျွန်တော် လေးစားစွာ ခံယူလိုမည်ဖြစ်ကြောင်း ကြိုတင်အသိပေးထားရပါစေ။

လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်က အနီးစပ်ဆုံး ပြောရလျှင် ၁၉၆၇-ခုနှစ် ဆောင်းရာသီကာလထဲ၌ တပ်မတော်သားဘဝနှင့် ကင်းရွာသို့ တစ်ကြိမ် ကျွန်တော် ရောက်ခဲ့ဖူးပါသည်။ ဘီးလင်းမြို့နယ် တောင်စွန်းမှ ကင်းရွာ မဟုတ်ပါ။ ပေါင်မြို့နယ်၊ တောင်အရှေ့ခြမ်းဒေသ၊ ဒုံသမိချောင်းဘေးမှ ကင်းရွာသို့ဖြစ်သည်။ ထိုအချိန်က ပြည်တွင်းသောင်းကျန်းသူဒဏ်ကြောင့် တဲသာသာအိမ်ကလေး ခြောက်လုံးခန့် ကျိုးတိုးကျဲတဲသာရှိသော ရွာဖြစ်သည်။ အိုမင်းဟောင်းနွမ်းလျက်ရှိသော ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ ချုံနွယ်ပိတ်ပေါင်းတို့ ဖုံးအုပ်လျက်ရှိသော စေတီပျက်တစ်ဆူက ကျောင်းဝင်းထဲ ဖရိုဖရဲနှင့် အုတ်ခဲများ ပြန့်ကျဲလျက် သောင်းကျန်းသူအဖွဲ့ငယ်တစ်ဖွဲ့ ကရင်ပြည်နယ်၊ မကျည်းကျွန်းမှနေ၍ ဒုံသမိချောင်းကို ဖြတ်ကူးပြီး ဆင်ရွာ၊ အီဗျစ်ခွင်ထဲသို့ ဝင်လာမည်ဆိုသော သတင်းအရ ကင်းပုန်းဝပ်ရန် သွားခြင်းဖြစ်၍ ကင်းရွာ ဘုန်းတော်ကြီးကျောင်းဝင်းထဲ၌ပင် တစ်ညတာ ခိုနားခဲ့ရခြင်း ဖြစ်သည်။ အခြေအနေ မထူးသဖြင့် နောက်တစ်နေ့ မိုးမလင်းမီ ကျွန်တော်တို့တပ်စုသည် တပ်ခွဲရုံးရှိရာ သဲအိမ်စခန်းသို့ ပြန်ခဲ့ရသည်ကို မှတ်မိလျက်ရှိသည်။

"မောင်ရင့်တပ်စု ညက ကင်းပုန်းဝပ်ဖို့သွားတဲ့ ကင်းရွာဆိုတာ နယ်နယ်ရရ မဟုတ်ဘူးနော်။ အလောင်းမင်းတရားကြီး ယိုးဒယားကို စစ်ချီပြီး အပြန်မှာ ငှက်ဖျားရောဂါနဲ့ နတ်ရွာစံသွားတဲ့ ကင်းရွာဗျ"

ထိုစဉ်က တပ်ခွဲမှူးကြောင့် ကျွန်တော် ဖြန့်သွားမိသည်မှာ အမှန်။ အလောင်းမင်းတရားကြီး တပ်ခွဲမှူး



www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်မှ ကိုယ်တိုင်မထင်မှတ်ဘဲ တစ်ညတာ ရောက်ရှိခဲ့ရသော ရွာသိမ်ကလေးသည် တကယ့်သမိုင်းဝင် မြန်မာ့သူရဲကောင်း ဘုရင်တစ်ပါး နတ်ရွာစံခဲ့သော ရွာဖြစ်ကြောင်း သိရမှ အနည်းအကျဉ်းမျှ လေ့လာမေးမြန်းခြင်း မပြုခဲ့မိသည်ကိုပင် နောင်တရသလို ခံစားရခဲ့ဖူးပါသည်။ ထိုအဖြစ်အပျက်သည်လည်း မှောက်သွားသော နှီအိုးကဲ့သို့ သဘောထားကာ ကြာတော့လည်း မေ့လျော့သွားခဲ့ပြီး ဖြစ်ပါသည်။

ယခုတစ်ဖန် ကင်းရွာဆိုသော အမည်က အတိတ်တစ္ဆေခြောက်သလို ကျွန်တော်၏ ရေသေအိုင်လို ငြိမ်သက်နေသော စိတ်သဏ္ဍာန်အား ဂယက်ရိုက် လှိုင်းထလာစေအောင် နှိုးဆွလာပြီ မဟုတ်ပါလား။ တောင်စွန်းမှ ဒေသခံစာပေသမားများပြောသော ကေလာသတောင်ခြေရှိ ကင်းရွာသည် အလောင်းမင်းတရားကြီး နတ်ရွာစံခဲ့သော ကင်းရွာမဟုတ်ကြောင်း ကျွန်တော် အခိုင်အမာ သိနေသလိုရှိခြင်းကြောင့် ဤကိစ္စအား မိမိ သိသမျှ ရှင်းမှဖြစ်တော့မည်ဟုလည်း သဘောပေါက်လာသည်။ လွန်ခဲ့သည့် နှစ် ၄၀ ကျော်က သမိုင်းဝင် ကင်းရွာသို့ မိမိ တစ်ညတာ ရောက်ခဲ့ဖူးကြောင်း ပြောရုံနှင့် ခိုင်လုံလိမ့်မည် မဟုတ်သဖြင့် ကိုယ်တိုင်ကိုယ်ကျ ထပ်မံသွားရောက်၍ ဓာတ်ပုံနှင့်တကွ တင်ပြရန် ဆုံးဖြတ်လိုက်ရပါတော့သည်။

ရန်ကုန်မှနေ၍ ကျွန်တော်၏ မွေးရပ်မြေဖြစ်သော ဇင်းကျိုက်ရွာသို့ ရောက်သည်နှင့် ကျွန်တော်နှင့် မိတ်ဆွေကို ကိုမောင်နန်းတို့က ဆိုင်ကယ်တစ်စီး၊ ဆရာငုက်တောင်ပျံ(ဇင်းကျိုက်)နှင့် ဆရာမောင်ထွေး(ကဒုံစီး)တို့က ဆိုင်ကယ်တစ်စီး စီစဉ်လျက် (၇-၆-၂၀၁၀)ရက်နေ့ နံနက်စောစောမှာပင် ရွာကထွက်ခဲ့ကြသည်။ ၎င်းနေ့တွင် ရွာလိုက်သည့် မိုးကလည်း သဲသဲမဲမဲ။ ခရီးက ရှည်လွန်းသည်ဟု ဆိုရပေမည်။ ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းအတိုင်း ၁၅ မိုင်၊ နတ်ကြီးချောင်းမှ အုန်းတစ်ပင်သို့ တောင်ကြားလမ်းကြားအတိုင်း ၃ မိုင်၊ တောင်အရှေ့ခရိုင်ချင်းဆက် ကားလမ်းသစ်အတိုင်း သဲအိမ်ရွာသို့ ၁၆ မိုင်၊ ၎င်းမှ ကျုံးဝရွာသို့ တောင်ပေါ်ဖြတ် 'ရွှံ့စေးလမ်းအတိုင်း ၃ မိုင်ခန့် မောင်းလိုက်မှ ဆိုင်ကယ်လမ်းဆုံးသို့ ရောက်သွားကြသည်။ အိမ်တစ်အိမ်တွင် ဆိုင်ကယ်များ အပ်နှံ၍ ခြေလျင် တစ်မိုင်ကျော်လောက် ဆက်လျှောက်လိုက်ရာ နံနက် ၁၀ နာရီကျော်အချိန်တွင် ဒုံသမိချောင်းဘေးမှ ကော့ကဒိုက်ရွာသို့ ရောက်ရှိကြပါတော့သည်။

ကျွန်တော်တို့အဖွဲ့သည် မောပန်းဆာလောင်လျက်ရှိကြပြီ ဖြစ်သော်လည်း အနားမယူကြဘဲ ပဲ့ထောင်တစ်စီးငှားကာ ဒုံသမိချောင်းအတိုင်း စုန်ဆင်းလာကြရာ ၄၅ မိနစ်သာ ခုတ်မောင်းရသည်။ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်၏ နယ်နိမိတ်ဖြစ်သော ဒုံသမိချောင်းအနောက်ဘက် ကမ်းနဖူးပေါ်၌ရှိသော ကင်းရွာမြေပေါ်သို့ ခြေချပြီးသား ဖြစ်သွားကြသည်။ ယခု ကင်းရွာသည် လွန်ခဲ့သော နှစ် ၄၀ ကျော်က ကင်းရွာနှင့် မတူတော့ပေ။ ကမ်းနားဥယျာဉ်ခြံအုပ်ထဲ အိမ်ကြီးအိမ်ကောင်းများ အစီအရီနှင့် ခံ့ညားသော ဘုန်းတော်ကြီးကျောင်း။ အနောက်ဘက်တောင်ခြေတွင် ဖားအောက်တောရ တရားစခန်း အဆောက်အဦးသစ်များနှင့် စေတီများ 'ခေတ်နှင့်အညီ ဝတ်စုံသစ်ဖြင့် တောက်ပလျက်ရှိသော ကင်းရွာဟုသာ ပြောရပေတော့မည်။

ရွာလူကြီးဖြစ်သော ဦးတင်စိန်နှင့် ၎င်း၏သား ရပ်ကွက်မှူး အောင်သူရတို့က သူတို့ဘိုးဘွားမိဘ အစဉ်အဆက် ပြောပြလာကြသော အလောင်းမင်းတရားကြီး နတ်ရွာစံစဉ်က အကြောင်းအရာကို ထပ်ဆင့်ရှင်းပြကြသည်မှာ အချိန်အတော်ကြာသွားသည်။ ပြီးမှ အလောင်းမင်းတရားကြီး နတ်ရွာစံသော အထိမ်းအမှတ်အဖြစ် ရှေးလူတို့ တည်ထားသော ရွှေရောင်ဝင်းဝင်းနှင့် စေတီတစ်ဆူသို့ လိုက်ပြကြသည်။ ယခုခေတ်တွင်မှ အောင်သိဒ္ဓိစေတီဟု ဘွဲ့တော်ပေးထားသော စေတီသည် ဉာဏ်တော် ၁၃ တောင်ရှိပြီး ဘိုးဘွားများ ပြောပြခဲ့သော စကားများအရ ယခင်က စစ်ဘေးစစ်ဒဏ်ကြောင့် ပြိုပျက်၍ ချုံနွယ်သစ်ပင်များ ဖုံးလွှမ်းလျက်ရှိရာမှ နှစ်ကြိမ်တိုင်တိုင် စေတီပျက်အား ပြန်နှင့်၍ တည်ထားခြင်းဖြစ်ကြောင်း သိရသည်။

www.burmeseclassic.com

များများစားစား လေ့လာမေးမြန်းရန် မရှိတော့ခြင်းကြောင့် လိုအပ်သော ဓာတ်ပုံများ ရိုက်ပြီးနောက် ကျွန်တော်တို့အဖွဲ့ နေ့ချင်းပင် ပြန်ခဲ့ကြပါသည်။

အမှန်ပြောရလျှင် အလောင်းမင်းတရားကြီး နတ်ရွာစံခဲ့သော ကင်းရွာနှင့် ပတ်သက်၍ ကျွန်တော့်အနေနှင့် ဤမျှအပင်ပန်းခံ၍ လေ့လာစရာ မလိုဟုထင်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ ဖတ်ရှုလေ့လာ မှတ်သားဖူးသော အလောင်းမင်းတရားကြီး နတ်ရွာစံသော အကြောင်းအရာများတွင်(မုတ္တမကျေးကင်းရွာ)ဟူသာ ကွဲကွဲပြားပြား ဖော်ပြထားပြီးသား ဖြစ်သည့်အပြင် ယနေ့ထိတိုင် မုတ္တမ ရဲတပ်ဖွဲ့စခန်း နယ်မြေအပိုင် ဖြစ်နေသေးသော ဤကင်းရွာသည်သာ သမိုင်းဝင် ကင်းရွာဆိုသည်မှာ ငြင်းခုန်ဖွယ်ရာ မလိုအောင် ခိုင်လုံလျက်ရှိကြောင်း တွေ့နေရခြင်းပင် ဖြစ်သည်။

၁၉၂၃-ခုနှစ် ရန်ကုန်မြို့ သုဓမ္မဝတီ ပုံနှိပ်တိုက်ထုတ် ဆရာကြီးဦးဘီ၊ ဆရာသိန်း၊ ဆရာကိုဘကျော်တို့ ကြပ်မတ်ပြင်ဆင်သော အရေးတော်ပုံ ငါးစောင်တွဲ၊ အလောင်းမင်းတရားကြီး အရေးတော်ပုံ စာ-၆၁၆၊ ကြောင်းရေ ၁၀ တွင်(သက္ကရာဇ် တစ်ထောင့်တစ်ရာနှစ်ဆယ့်နှစ်ခု၊ ကဆုန်လဆန်း ၃ ရက်နေ့၊ ယိုးဒယားနောင်ကတွန်တပ်တော်က ပြန်လည်တော်မူခဲ့၍ လပြည့်ကျော် ဆယ့်နှစ်ရက်နေ့ မုတ္တမကျေးကင်းရွာသို့ရောက်၍ နတ်ပြည်စံတော်မူ၏) ဆိုကာ ဖော်ပြထားသည်ကို တွေ့ရပါသေးသည်။

ရှိပါသေးသည်။ ဦးမောင်မောင်တင် (1) K.S.M, A.T.M စုဆောင်းရေးသားပြုစုသော ဒုတိယမဟာရာဇဝင်တော်ကြီး(ခေါ်)ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (ပထမတွဲ)၊ စာ-၃၁၁၊ ကြောင်းရေ-၂ တွင်လည်း (ဘဝရှင်မင်းတရားလည်း ကဆုန်လဆန်းသုံးရက်၊ ကြာသပတေးနေ့ ယိုးဒယားမြို့က ဆုတ်ခွာခဲ့၍ နှစ်ဆယ်လေးစခန်းနှင့် မုတ္တမမြို့ ကျေးကင်းရွာသို့ ရောက်တော်မူသည်။ ထိုစခန်းတွင် သက္ကရာဇ်-၁၁၂၂၊ ကဆုန်လပြည့်ကျော် တစ်ဆယ့်နှစ်ရက်၊ တနင်္ဂနွေနေ့ မိုးသောက်ယံအချိန်တွင် နတ်ပြည်စံတော်မူ၏)ဟု ဖော်ပြထားသည်မှာ ရှင်းနေပြီးသား ဖြစ်သည်။

အကျိုးအကြောင်း ဆီလျော်စွာ တွေးမည်ဆိုလျှင်ပင် ရှေးခေတ်က စစ်ချီရာတွင် ဆင်တပ်၊ မြင်းတပ် စစ်သည်ရဲမက်များ ထောင်သောင်းမက ပါရှိလေရာ စစ်ချီလမ်းတစ်လျှောက်တွင် စပါးစိုက်ပျိုးကာ ရိက္ခာစုဆောင်း၍ တစ်ဆင့်ပြီးတစ်ဆင့် လပေါင်းများစွာ ချီတက်ကြရခြင်း ဖြစ်သည်။ ကေလာသတောင်ခြေ၌ရှိသော ကင်းရွာသည် ထိုစဉ်က ပင်လယ်စပ်ဒေသသာ ရှိသေးသဖြင့် စပါးစိုက်ပျိုးရန် မလွယ်ကူသော ရေငန်စပ်မြေများသာ ဖြစ်မည်ဟု သေချာသည်။ မည်သည့်စစ်ခေါင်းဆောင်မှ ထိုလမ်းကြောင်းကို ရွေးချယ်လိမ့်မည် မဟုတ်ပေ။ ကြည်းကြောင်းအပြင် ရုံဖန်ရံခါ ရေကြောင်းပါ သုံးနိုင်သော စစ်တောင်းမြစ်မှတစ်ဆင့် ပေါင်းလောင်းတောင်တန်းတောင်စွယ်များ ဖြစ်သော ကျိုက်ထီးရိုးတောင်၊ ရွှေရောင်ပြတောင်၊ ဇင်းကျိုက်တောင်၊ မုတ္တမတောင်တို့၏ အရှေ့ဘက်လမ်းကြောင်းအတိုင်း ဒုံသမိချောင်း၊ သံလွင်မြစ်တို့ကို အမှီပြု၍ ချီတက်ခြင်းဖြင့် ရွာစဉ်ရွာဆက် များပြား၍ ရဲမက်များ သိမ်းသွင်းစုဆောင်းနိုင်ရုံသာမက ဆန်စပါး စိုက်ပျိုးကာ ရိက္ခာစုဆောင်းရာတွင် လွယ်ကူမြန်ဆန်လိမ့်မည် ဖြစ်သောကြောင့် ဤလမ်းကိုပင် စစ်ချီလမ်းကြောင်းအဖြစ် ရွေးချယ်ကြမည်မှာ ယုံမှားဖွယ်ရာပင် မရှိတော့ဟု ဆိုရပေမည်။

နောက်ဆုံးပြောလိုသည်မှာ ဤဆောင်းပါးနှင့်အတူ ဖော်ပြထားသော မုတ္တမမြို့နှင့် ကင်းရွာနှစ်ရွာ၏ အကွာအဝေး မြေပုံကို ကြည့်ခြင်းအားဖြင့် အလောင်းမင်းတရားကြီး နတ်ရွာစံတော်မူခဲ့သော (မုတ္တမကျေးကင်းရွာ) သည် မည်သည့်ကင်းရွာ ဖြစ်မည်ကို အလွယ်တကူပင် လက်ခံသဘောပေါက်လိမ့်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

---

မင်းရွှေသိန်း(ဇင်းကျိုက်)

---



www.burmeseclassic.com

www.burmeseclassic.com

# ပဲခူးရွှေမော်ဓောဘုရားကြီး (နှင့်) လျှော်သမိုင်းကြောင်း


**■ ကျော်မင်းနိုင်**

### လျှော်နှင့် ခဲ့သော ရွှေမော်ဓောစေတီတည်ရာ သုဒဿနတောင်တော်မဟာ

ဂေါတမဗုဒ္ဓဘုရားရှင်၏ သာသနာတော် ထွန်းကားသော မြန်မာပြည်ရှိ ဗုဒ္ဓဘာသာဝင်တို့ တည်ထားကိုးကွယ်ခဲ့ ဘုရားစေတီပုထိုးများတွင် မြေငလျှင်ဒဏ်ခံခဲ့ရသော စေတီပုထိုးများ၌ ဟံသာဝတီပဲခူး ရွှေမောဓောဘုရားကြီးသည် မြေငလျှင်ဒဏ် အကြိမ်ကြိမ်ခံရကာ အခါခါပြိုပျက်ခဲ့သော ဘုရားစေတီကြီးတစ်ဆူ ဖြစ်လေသည်။

သို့ရာတွင် ဘုရားကြီး၏ ဘုန်းတန်ခိုးတေဇော်ကြောင့် အစုတ်ပုံဘဝဖြင့် ပျက်စီးပျောက်ကွယ်မသွားဘဲ ရှေးမင်းများ လက်ထက်မှ မင်းပေါင်းအဆက်ဆက် မြှုပြင်မွမ်းမံ၍ ပြန်လည်တည်ဆောက် ကိုးကွယ်နိုင်ခဲ့သည်ချည်း ဖြစ်ပါ၏။

ယင်းကြောင့်လည်း ပဲခူးရွှေမော်ဓောဘုရားကြီးသည် ယနေ့ခေတ်တိုင်အောင် ဥဿာဇ်တော် ၃၇၄ ပေ ၉ လက်မ၊ သံတောင်အားဖြင့် ၂၄၉ တောင်နှင့် ၁ မိုက် အမြင့်ဆောင်





www.burmeseclassic.com

www.burmeseclassic.com

၌ ပထမပစ္စယာ လုံးပတ်တော် ၉၃၂ ပေ၊ ပထမပန်းတင်ခုံတွင် စေတီယံ ၆၄ ဆူ၊ ဒုတိယပန်း တင်ခုံတွင် စေတီယံ ၅၇ ဆူနှင့် အများပြည်သူ ကြည်ညိုဖွယ်ရာ ဖူးမြင်နိုင်ဆဲ ရှိပါသေးသည်။

## ရွှေမောဓောဘုရားကြီးနှင့် လျေင်နောက်ခံသမိုင်း

ရွှေမောဓောဘုရားကြီးနှင့် လျေင်သမိုင်းကို လေ့လာလျှင် ဘုရားကြီးစတင်တည်တော့မည့်အချိန် ကုန်းတော်ကို ရွေးချယ်ကြရာ၌ပင် **"လျေင်တော်လည်း ပဲ့တင်ဟည်း ထျက်"** စတင်ခဲ့ကြောင်း ရွှေမောဓောဘုရားကြီး၏ ထူပဝင်၌ ဤသို့ တွေ့နိုင်ကြပေလိမ့်မည်။

မဟာသက္ကရာဇ် ၁၁၃ ခုနှစ်တွင် သထုံပြည်မှ ဟံသာဝတီဒေသသို့ မြတ်စွာဘုရားရှင်၏ ဆံတော်ဓာတ်မြတ် ပင့်ဆောင်လာပုံသတင်းကြား၍ ရောက်ရှိလာသော သမန္တဘာတွဲခံ မဟ္လာလိပ်မင်းကြီးသည် ဆံတော်ဓာတ်မြတ် ထိုစဉ်က ကိန်းဝပ်ရာ ဒုံဗိုင်းတူ(တခေါင်းတူ၊ ဇောင်းတူ)မြို့ကို သိမ်ပုရမြို့တော်ဟု သမုတ်တော်မူပြီး မော်ကွန်းတိုင်စိုက်ထူ ခေတ္တစံနေတော်မူ၏။

ဆံတော်ဓာတ်မြတ်ကို ဌာပနာ၍ ဘုရားစေတီတည်ရန်အတွက် မြတ်စွာဘုရားရှင် ဗျာဒိတ်တော်ထားရှိခဲ့သော သုဒဿနတောင်တော်ကို ရှာဖွေရန် ပညာရှိမှူးမတ်များ ညှိနှိုင်းတိုင်ပင်ရာမှ ရာဇဝင်၊ သာပညဝင်၊ ဗဟုသုတအဝဝနှင့် ပြည့်စုံသော အဂ္ဂမဟာသေနပတိဘွဲ့ခံ နန်းရင်းဝန်အမတ်ချုပ်ကြီး သီရိဒဿနဟန်အား တာဝန်ပေးရန် အများသဘောတူ ရွေးချယ်ကြရလေတော့သည်။

ယင်းကြောင့် အမတ်ချုပ်ကြီးဟန်အား သုဒဿနတောင်တော်ကို ရှာဖွေရန် ရဲမက်လူသူ ၃၀၀ ခန့်နှင့်တကွ မဟာသက္ကရာဇ် ၁၁၃ ခုနှစ်၌ ဟံသာဝတီနယ်အဝှမ်းသို့ အလွှတ်တော်မူခဲ့သည်။

အမတ်ချုပ်ကြီးဟန် ဘုရားတည်ရန် တောင်တော်ကို ဒိုက်လံရှာဖွေနေစဉ် ရေးအတိတ်ကံကြောင့် သိကြားမင်းသည် မနေသာဘဲ ရောက်ရှိလာ၍ ညွှန်ကြားပြသမှုအရ သုဒဿနတောင်တော်ကို ဟံသာဝတီတောင်အနီးတွင် ရှာဖွေ



ရွှေမော်ဓောစေတီ စိန်ဖူးတော် ဒုတိယအကြိမ် ပြုပြင်မွမ်းမံစဉ် ဖူးမြော်ရပုံ (၂၀.၅.၉၄)

တွေ့ရှိနိုင်ခဲ့လေသည်။ ထိုသို့တွေ့လျှင် အမတ်ချုပ်ကြီးဟန်က အလွန်ပင် ဝမ်းမြောက်သည်ဖြစ်၍ -

"ဤယခုတွေ့ရသော တောင်သည် ဘုရားရှင်၏ ဗျာဒိတ်တော်အရ သုဒဿနတောင်တော် ဟုတ်မှန်ပါလျှင် တစ်စုံတစ်ခု ထူးကဲကြီးကျယ်စွာသော အတိတ်နိမိတ်ကို ပြစေသော်"ဟူ၍ အဓိဋ္ဌာန်ပြုသောခဏ၌ နှစ်သိန်းလေးသောင်းအထုရှိသော ဤမဟာပထဝီမြေကြီးသည် တော်လည်းလျေင် ပဲ့တင်ဟည်းလျက် တုန်လှုပ်ကာ ဟုတ်မှန်ကြောင်း သက်သေခံခဲ့လေတော့သည်။

ဤသို့ တိတ်နိမိတ်မြေလျေင် တုန်လှုပ်လေသောအခါ စတုမဟာရာဇ် တာဝတိံသာမှစ၍ ဗြဟ္မာ့ပြည်တိုင်အောင် နတ်၊ သိကြား၊ ဗြဟ္မာတို့သည် သိကြကုန်ပြီး



www.burmeseclassic.com

www.burmeseclassic.com

သုဒဿနတောင်တော်၌ လာရောက်စုဝေးကြကုန်၏။

## သီရိဓမ္မာသောကမင်းကြီး
## ရွှေမော်ဓောစေတီတော်မြတ်ကို ပြုပြင်တော်မူခြင်း

မြတ်စွာဘုရားရှင်တော်မြတ် ပရိနိဗ္ဗာန်ပြုပြီးနောက် မဟာသက္ကရာဇ် ၁၂၈ ခုနှစ်တွင် အိန္ဒိယပြည် ယာဂဓတိုင်းမှ သီရိဓမ္မာသောကမင်းကြီး ရွှေမော်ဓောစေတီတော်မြတ်ကြီးကို ထပ်မံပြုပြင်တော်မူသည်ဟု ရွှေမော်ဓောသမိုင်းကျောက်စာ၌ ဆိုထားရာ မဟာသက္ကရာဇ် ၁၁၅ ခုနှစ်တွင် တည်ခဲ့သော စေတီတော်ကြီးသည် မဟာသက္ကရာဇ် ၂၁၈ ခုနှစ်၌ သက်တော် ၁၀၃ နှစ် ရှိပေပြီ။ ဘုရားကြီးတည်ပြီးနောက် သမလ၊ ဝိမလ မင်းဆက်ကာလည်း ပြုပြင်ကိုးကွယ်ခဲ့သည်ဟု ဆိုထားသည်။ သီရိဓမ္မာသောကမင်းကြီးကလည်း ပြုပြင်ကိုးကွယ်သည်ဟု ဆိုထားချက်အရ ထို သက်တော် ၁၀၃ နှစ် အတွင်း ပျက်စီးယိုယွင်းခြင်းရှိ၍သာ ပြုပြင်ကြခြင်း ဖြစ်နိုင်သည်။

ထိုသို့ ပျက်စီးယိုယွင်းမှုများသည် သီရိဓမ္မာသောကမင်းကြီး ထပ်မံပြင်ဆင်မှုမှာ ငလျင်ဒဏ်ကြောင့်လော၊ လေပြင်းမုန်တိုင်းဒဏ်ခံရ၍လောဟု တွေးဆနိုင်စရာအချက် ဖြစ်နေခဲ့သည်။


## ဟံသာဝတီ ပထမမင်းဆက်နှင့် ရွှေမော်ဓောဘုရားကြီး
## မြေငလျင်

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသည်မှာ သာသနာနှစ် ရောက်လာ၏ ကောဇာ ၅၆ ခုတွင် သမလမင်းသည် ညီတော် ဝိမလမင်းအား အိမ်ရှေ့အရာထားကာ ဟသ်ာနိမိတ်အကြောင်း ဟိတ်ဖြင့် ဟံသာဝတီမည်သော မင်းနေပြည်တော်ကြီးကို ထိုအရပ်မှာပင် ထူထောင်နိုင်ခဲ့သည်။

ဟံသာဝတီပဲခူး၌ သမလမင်းမြတ် နန်းတက်သော ကာလ၌ ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ သက်တော်မှာ ၁၄၀၂ နှစ်ရှိလေပြီ။ စေတီတော် မြတ်ကြီးကို သမလမင်းသည် ဉာဏ်တော် လေးတောင်မြှင့်ပြီး ပြုပြင်တည်ထောင်ခဲ့၍ စေတီတော်ကြီး၏ ဉာဏ်တော်မှာ မူလအတောင် ၅၀ မှ ၅၄ တောင် ဖြင်သွားသည်။ သမလမင်းနန်းတက်သော ကောဇာသက္ကရာဇ် ၁၈၇ ခုနှစ်ဟု မှန်ရာဇဝင်၌ ဆိုထား၏။

ညီတော် ဝိမလမင်းလက်ထက်၌လည်း စေတီတော်ကြီးကို ဉာဏ်တော် ငါးတောင်မြှင့်၍ တည်ပြန်ရာ ဉာဏ်တော် ၅၉ တောင် ရှိသွားပြန်လေ၏။

ထိုမှ အဂ္ဂိန္ဒမင်းသည် ကောဇာသက္ကရာဇ် ၂၂၉ ခုတွင် ဟံသာဝတီထီးနန်းကို ဆက်ခံခဲ့၏။ ထိုမင်းလက်ထက် ထူးခြားမှုကား သက်တော် ၁၄၃၈ နှစ်ရှိပြီဖြစ်သော ရွှေမော်



ရွှေမော်ဓောစေတီ
ငှက်မြတ်နားတော်
ဒုတိယအကြိမ်ပြုပြင်မွမ်းမံစဉ်
ဖူးမြော်ရပုံ (၂၀.၅.၉၄)



www.burmeseclassic.com

www.burmeseclassic.com

ဓာဘုရားကြီးမှာ ထီးတော်အနောက်မြောက်ထောင့်ကို ယိမ်းယိုင်သဖြင့် အထူးခိုင်ခံ့အောင် တည့်မတ်စေလျက် ဉာဏ်တော်ခုနစ်တောင် ထပ်မြှင့်ပြီး တည်ထောင်ခဲ့ရသည်ဟုဆို၏။ ငလျင်ဒဏ်ကြောင့် လော၊ လေပြင်းမုန်တိုင်းဒဏ်ကြောင့် လောဟု တွေးဆရပေမည်။

ဟံသာဝတီ ပထမမင်းဆက်၏ ငါးဆက်မြောက် မဟာသရာဇာမင်းလက်ထက်တွင်မူ စေတီတော်၏သမိုင်းတွင် မှတ်တမ်းဝင်သော ငလျင်နှင့်သဘာဝဘေးဒဏ်ကို တွေ့ရှိနိုင်ပေပြီ။

၁။ မုန်တိုင်းလေပြင်းကြီးစွာထ၍ ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ထီးတော်သည် အနောက်မျက်နှာသို့ လွင့်စင်တော်မူခြင်း၊

၂။ စေတီတော်၏ ဆပ်သွားဖူးမှ ရွှဲလုံးအထိ ပြိုပျက်တော်မူခြင်း၊

၃။ မြေငလျင်တော်လည်း မြည်ဟည်းခြင်း၊

၄။ ဥက္ကာပျံခြင်း

စသော ဤအဖြစ်အပျက်များ ပေါ်ပေါက်ခဲ့ပြီးနောက် ပြိုပျက်တော်မူသော ရွှေမောဓောစေတီတော်ကြီးကို ပြုပြင်တော်မူရာ မူလထက် ဉာဏ်တော် သုံးတောင်မြှင့်၍ ဉာဏ်တော် ၇၅ တောင်အထိ တည်ဆောက်ခဲ့ပြန်၏။ ဉာဏ်တော်မြှင့်၍ တည်ဆောက်ခဲ့သော မင်းများသည် ဘုရားကြီးအား ကိုယ်လုံးပြည့် ရွှေသင်္ကန်းကပ်လှူ၍ ရွှေထီးတော်တင်လှူခဲ့ကြသည်ချည်းသာ ဖြစ်၏။

ဤသည်တို့မှာ ဟံသာဝတီ ပဲခူးရွှေမော်ဓောဘုရားကြီးသည် ဟံသာဝတီပထမမင်းဆက်၌ ငလျင်အကြီးစားနှင့် ငလျင်အသေးစားများ၊ လေပြင်းမုန်တိုင်းဒဏ်များ ခံခဲ့ရပုံများကို ရွှေမော်ဓောစေတီ ထူပဝင်အရ သိရခြင်းဖြစ်၏။

## ဗညားရန်မင်းလက်ထက် ထီးတော်မြေခြင်း

ဗညားရန်မင်းသည် ကောဇာသက္ကရာဇ် ၇၅၄ ခုနှစ်တွင် နန်းတက်သည်။ ထိုမင်းလက်ထက် လေမုန်တိုင်းကြီးပြင်းစွာတိုက်ခတ်သောကြောင့် စေတီတော်ကြီး၏ ထီးတော်ကြီးသည် မြို့တော်မြောက်ဘက် ကြက်မောက်တောင် ဘုရားရင်ပြင်ရောက်အောင် လွင့်စဉ်၍ မြေသို့ခတော်မူသည်။

ထိုမင်းမြတ်သည် သက်တော် ၂၀၆၉ နှစ်ရှိပြီဖြစ်သော ရွှေမော်ဓောစေတီတော်မြတ်ကြီးကို လေးတောင်မြှင့်ပြီး ဉာဏ်တော် ၁၈၉ တောင်အထိ တိုးတက်ပြုပြင်၍ မင်းကြီး၏ ကိုယ်အလေးချိန် ရွှေ ၄၈ ပိဿာကို ရွှေနန်းကြိုးငင်ပြီး ထီးတော်တင်ခဲ့သည်။ ရင်ပြင်တော်၌ စေတီရံ ၅၂ ဆူကို တည်တော်မူ၍ ရွှေသင်္ကန်းကိုလည်း စေတီလုံးပြည့် ဆက်ကပ်လှူဒါန်းတော်မူသည်။

ထိုမှ ဒုတိယဟံသာဝတီမင်းဆက် ၂၂ ဆက်ဖြစ်သော ဖြပိုင်းတိရာဇာမင်းလက်ထက်တွင် ဒုတိယဟံသာဝတီမင်းဆက် ပြတ်သွားတော့သည်။ ဒုတိယဟံသာဝတီမင်းဆက်အတွင်း ထူးခြားသော ဘုရင်မကြီးရှင်စောပု၊ ဓမ္မစေတီမင်း၊ တပင်ရွှေထီးမင်း၊ ဘုရင့်နောင်မင်း တရား၊ အနောက်ဘက်လွှန်မင်း၊ သတိုးဓမ္မရာဇာ(သာလွန်မင်း)တို့ကဲ့သို့သော ဘုန်းတန်ခိုးအာဏာ ထင်ရှားသော မင်းများနှင့် ဆက်စပ်ပါဝင်နေသည်ကို တွေ့ရပေသည်။

ဒုတိယ ဟံသာဝတီမင်းဆက်အတွင်း ရွှေမော်ဓောဘုရားကြီးသည် ငလျင်ဒဏ် ကြီးကြီးမားမား မခံရဘဲ လေပြင်းမုန်တိုင်းကြီးများဒဏ်နှင့် အသေးစားငလျင်ဒဏ်များ မကြာခဏကြုံရကြောင်းလည်း တွေ့ရှိနိုင်ပါသည်။

## ဒုတိယအကြိမ် ငလျင်ကြီးကြောင့် ရွှေမော်ဓောစေတီတော်ကြီး ပြိုကျပျက်စီးခြင်း

ဟံသာဝတီမင်း ၁၀၀၆ နှင့် ကုန်းဘောင်အလောင်းမင်းတရား ၁၁၂၂ အကြားတွင် ပဲခူးရွှေမော်ဓောစေတီတော်မြတ်ကြီးမှာ မြေငလျင်ဒဏ်ကြောင့် ခေါင်းလောင်းပုံအထိ ပြိုကျခဲ့သည်။ တိုင်းရေးပြည်ရေးမအေးသဖြင့် ကုန်းဘောင်မင်းဆက် ငါးဆက်တိုင်တိုင် အနှစ် ၃၀ ခန့် မပြုမပြင်နိုင်ဘဲရှိခဲ့ရာ အလောင်းမင်းတရားကြီး၏ တတိယမြောက်သားတော် ဗဒုံမြို့စား ဘိုးတော်မင်းတရားလက်ထက်ကျမှ ပြုပြင်နိုင်ခဲ့သည်။

ဟံသာဝတီနောက်ဆုံးမင်းမှ ကုန်းဘောင်မင်းငါးဆင့်မျှ အနှစ်သုံးဆယ်တိုင်တိုင် ခေါင်းလောင်းပုံအထိ ပြိုကျနေသော ရွှေမောဓောစေတီတော်မြတ်ကြီးသည် ဟံသာဝတီပြည်၌ တည်ရှိနေကြောင်းကို ရန်ကုန်မြို့တော်ဝန်တို့က ဘိုးတော်မင်းတရားကြီးအား သံတော်ဦးတင်ကြရာ ဘိုးတော်မင်းတရား

www.burmeseclassic.com

ကြီးသည် အလွန်သဒ္ဓါပသန္နရှိလှ၍ ကောဇာသက္ကရာဇ် ၁၁၄၉ နှစ်၊ တံပေါင်းလဆုတ် ၁၀၊ ကြာသပတေးနေ့တွင် သက်တော် ၂၃၆၄ နှစ်ရှိပြီဖြစ်သော ရွှေမော်ဓောစေတီတော်မြတ်ကြီး ကို အုတ်ရိုးမွမ်းမံလုပ်ဆောင်၍ ပြီးတော်မူသည်။

## ၁၂၇၄ ခုနှစ် စတိယအကြိမ် လျှင်ဒဏ်ကြောင့် ရွှေမော်ဓောစေတီပြိုကျခြင်း

အလောင်းမင်းတရားကြီး၏ ကုန်းဘောင်နောက်ဆုံး မင်းဆက် သီပေါမင်းပါတော်မူပြီးနောက် မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့အင်္ဂလိပ်တို့ အုပ်စိုးစဉ်ကာလ ကောဇာသက္ကရာဇ် ၁၂၇၄ ခုနှစ် တပို့တွဲလကွယ် ကြာသပတေးနေ့ ရွှေမော်ဓောစေတီ တော်မြတ်ကြီးလည်း ဆပ်သွားဖူးအထက်မှစ၍ သံတိုင်တစ် ပိုင်းနှင့် ငှက်မြတ်နား စိန်ဖူးတော်များပါ ကျိုးပြတ်ပျက်စီးကာ ကျတော်မူလေရာ ရာဟုထောင့် ပထမအရစ်၌ တင်နေတော် မူလေ၏။

ထိုအချိန်က မြန်မာပြည်ကြီးကို နယ်ချဲ့အင်္ဂလိပ်တို့ အုပ်ချုပ်နေသော ကာလဖြစ်၍ လျှင်ဒဏ်ခံရသော စေတီ

**ဟံသာဝတီ ပထမမြို့တည်မင်းဆက်ဇယားနှင့် မော်ဓောစေတီ ဉာဏ်တော်အမြင့်မှတ်သားရန်**

| ဦးရေ | မင်းအမည် | နန်းတက်သက္ကရာဇ် | | နန်းစံ | ဉာဏ်တော် | အကြောင်းအရာ |
|---|---|---|---|---|---|---|
| | | မြန်မာ | ခရစ် | | | |
| ၁ | သမလမင်း | ၁၈၇ | ၈၂၅ | ၁၂ | ၅၄ | |
| ၂ | ဝိမလမင်း | ၁၉၉ | ၈၃၇ | ၁၇ | ၅၉ | |
| ၃ | အသဿကုမ္မာ | ၂၁၆ | ၈၅၄ | ၇ | ၆၅ | |
| ၄ | အရိန္ဒမမင်း | ၂၂၃ | ၈၆၁ | ၇ | ၇၂ | |
| ၅ | မဟိသရာဇာ | ၂၃၀ | ၈၆၈ | ၁၇ | ၇၅ | |
| | သံဃထေရ်ကြီးများ | ၂၄၇ | ၈၈၅ | ၁၇ | - | |
| ၆ | မိဂိန္ဒရာဇာ | ၂၆၄ | ၉၀၂ | ၁၅ | ၈၀ | |
| ၇ | မိဂါဒိပ္ပမင်းကြီး | ၂၇၉ | ၉၁၇ | ၁၅ | ၈၀ | |
| ၈ | ဂိင္ဓဒိယရာဇာ | ၂၉၄ | ၉၃၂ | ၁၀ | ၈၉ | |
| ၉ | ကရဝိကရာဇာ | ၃၀၄ | ၉၄၂ | ၁၂ | ၉၂ | |
| ၁၀ | ပဥ္စာလရာဇာ | ၃၁၆ | ၉၅၄ | ၁၃ | ၁၀၀ | |
| ၁၁ | အတ္တသာရမင်း | ၃၂၉ | ၉၆၇ | ၁၅ | ၁၀၄ | |
| ၁၂ | အနုရာမမင်း | ၃၄၄ | ၉၈၂ | ၁၂ | ၁၂၆ | |
| ၁၃ | မိဂါဒိပ္ပငယ် | ၃၅၆ | ၉၉၄ | ၁၀ | ၁၃၀ | |
| ၁၄ | အဂ္ဂသမန္တရာဇာ | ၃၆၆ | ၁၀၀၄ | ၁၂ | ၁၃၆ | |
| ၁၅ | ဥပ္ပလရာဇာ | ၃၇၈ | ၁၀၁၆ | ၁၂ | ၁၃၉ | |
| ၁၆ | ပုဏ္ဍရိကရာဇာ | ၃၉၀ | ၁၀၂၈ | ၁၅ | ၁၄၆ | |
| ၁၇ | တိဿရာဇာ | ၄၀၅ | ၁၀၄၃ | ၁၄ | ၁၄၈ | |

**မှတ်ချက်** ။ ။ ဟံသာဝတီပြည်၌ မင်းပေါင်း ၁၇ ဆက် စိုးစံပြီးနောက် မင်းမဲ့ဖြစ်ကာ ကောဇာ ၇၃၁ နှစ်တွင် ဆင်ဖြူရှင် ဗညားဦး မဟာ့မမုလာ၍ ဟံသာဝတီမြို့ တည်သည်ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com

## ဟံသာဝတီ ဒုတိယမြို့တည်မင်းဆက်ဇယား

| ဦးရေ | မင်းအမည် | နန်းတက်သက္ကရာဇ် | | နန်းစံ | ဉာဏ်တော် | အကြောင်းအရာ |
|---|---|---|---|---|---|---|
| | | မြန်မာ | ခရစ် | | | |
| ၁ | ဗညားဦး | ၇၁၁ | ၁၃၄၉ | ၄၄ | ၁၅၂ | |
| ၂ | ရာဇာဓိရာဇ် | ၇၄၅ | ၁၃၈၃ | ၁၀ | ၁၆၅ | |
| ၃ | ဗညားဓမ္မရာဇာ | ၇၈၅ | ၁၄၂၃ | ၅ | ၁၇၀ | |
| ၄ | ဗညားရံ | ၇၉၀ | ၁၄၂၈ | ၁၈ | ၁၇၂ | |
| ၅ | ဗညားပရူ | ၈၀၈ | ၁၄၄၆ | ၃ | ၁၇၆ | |
| ၆ | ဗညားကျန်း | ၈၁၁ | ၁၄၄၉ | ၃ | ၁၇၆ | |
| ၇ | လိပ်မွတ်ထော် | ၈၁၄ | ၁၄၅၂ | ၇ လ | ၁၇၆ | |
| ၈ | ရှင်စောပု | ၈၁၄ | ၁၄၅၂ | ၁၉ | ၁၈၂ | |
| ၉ | ဓမ္မစေတီ | ၈၃၃ | ၁၄၇၁ | ၂၁ | ၁၈၉ | |
| ၁၀ | ဗညားရန်ခိုက်မင်း | ၈၅၄ | ၁၄၉၂ | ၃၄ | ၁၉၂ | |
| ၁၁ | သုရှင်တကာရွတ်ပိ | ၈၈၈ | ၁၅၂၆ | ၁၂ | | |
| ၁၂ | မင်းတရားရွှေထီး | ၉၀၀ | ၁၅၃၈ | ၁၂ | | |
| ၁၃ | သမိန်စောထွတ် | ၉၁၂ | ၁၅၅၀ | ၅ လ | | |
| ၁၄ | သမိန်ထောရာမ | ၉၁၂ | ၁၅၅၀ | ၂ | ၁၉၈ | |
| ၁၅ | ဘုရင့်နောင် | ၉၁၄ | ၁၅၅၂ | ၁၉ | ၁၉၈ | |
| ၁၆ | နန္ဒမင်း | ၉၄၃ | ၁၅၈၁ | ၁၇ | ၁၉၈ | |
| ၁၇ | သီဟသူ | ၉၆၀ | ၁၅၉၈ | ၃ | | |
| က | စေင်ကာ | ၉၆၃ | ၁၆၀၁ | ၁၁ | | |
| ခ | မဟာသီဟသူ | ၉၆၁ | ၁၆၁၂ | ၇ | | |
| ၁၈ | အနောက်ဘက်လွန်<br>မင်းတြား(တရား) | ၉၆၈ | ၁၆၁၉ | ၂၄ | | |
| ၁၉ | မင်းရဲဒိပ္ပ | ၉၉၂ | ၁၆၁၉ | ၇ လ | | |
| ၂၀ | သတိုးဓမ္မရာဇာ | ၉၉၂ | ၁၆၃၀ | ၁၈ | | |
| ဂ | မင်းရဲနန္ဒမိတ် | ၁၀၁၀ | ၁၆၃၈ | ၁၃ | | |
| ဃ | ညီတော်ပြည်မင်း | ၁၀၂၃ | ၁၆၆၁ | ၁၁ | | |
| င | နရာဝရ | ၁၀၃၄ | ၁၆၇၂ | ၆ လ | | |
| စ | မင်းရဲကျော်တင် | ၁၀၃၄ | ၁၆၇၂ | ၂၆ | | |
| ၂၁ | ဆင်ကျားရှင် | ၁၀၈၆ | ၁၇၂၄ | ၂၀ | | |
| ၂၂ | ဖြူမိုင်းတိရာဇာ | ၁၁၀၆ | ၁၇၄၄ | ၁၃ | | |



www.burmeseclassic.com

www.burmeseclassic.com

**မှတ်သားချက်** ။ ။ ဟံသာဝတီ ဒုတိယမြို့တည်နန်းတည် ဆင်ဖြူရှင်ဗညားဦးကစ၍ မြန်မာတိုင်းဗြိတိသျှ မင်းပေါင်း ၂၂၊ ဆက်ဟု အဆိုရှိလင့်ကစား ဤရွှေမော်ဓောစေတီတော်သမိုင်း၌ သာသနာ့ဒါယကာခံယူကြသော မင်းတို့၏အမည်များကို -

| | |
|---|---|
| ၂၃ | အလောင်းမင်းတရားကြီး |
| ၂၄ | နောင်တော်ကြီးမင်း |
| ၂၅ | ဆင်ဖြူရှင် |
| ၂၆ | စဉ့်ကူးမင်း |
| ၂၇ | ဖောင်းကားစား မောင်မောင် |
| ၂၈ | ဘိုးတော်မင်းတရားကြီး |
| ၂၉ | ဘကြီးတော်ဘုရား |
| ၃၀ | သာယာဝတီမင်း |
| ၃၁ | ပုဂံမင်း |
| ၃၂ | မင်းတုန်းမင်း |
| ၃၃ | သီပေါမင်း စသည်ဖြင့် ဆက်လက်ပြဆိုထားလေသည်။ |

တော်ကြီးအား စောလျှင်စွာ မပြုပြင်နိုင်ကြသေးပဲ ရှိပုံရသည်။

သို့ရာတွင် အင်္ဂလိပ်တို့လက်ထက် တရားဝန်ထောက် ဦးဝိုက်၊ ဝန်ထောက်ကတော် ဒေါ်မယ်အိုနှင့်တကွ သင်္ဃာ ဉာတကာတစ်ခုတို့နှင့် ရွှေစင်အချိန် ၉၀ ကျပ်သား ကောင်းမှုတော်မြတ်ကို လှူဒါန်းပြီးလျှင် ရတနာအတီပြီးသော ရွှေစိန်ဖူးတော် ၁၀ ရတီအချိန်ရှိသော စိန်ကို မွမ်းမံ၍ ကိုမွန်ထော၊ မစောမ၊ သမီးခင်မွန်တို့ ကောင်းမှုတော်ဟူသော စိန်ဖူးတော် စာတမ်းနှင့်အတူ ငှက်မြတ်နားကို ဂန္ဓာရဝတီဌာနီ ဘုရင် စောလဖော်သခင်ဘုရားသခင်မတို့သည် မော်လမြိုင်မြို့ ဘုရားဒကာ မောင်သာဇံအား စီမံရန်လွှဲအပ်ပြီးလျှင် ကုသိုလ်တော်ပွား ပြုလုပ်လှူဒါန်းရာ အများဒါယကာတို့ သဒ္ဓါဖြူစင် ကူဝင်လှူဒါန်းကြသော အရပ်ရပ်ရွှေအချိန် ၄၁၀ိ ၅ ပဲ၊ ၃ ရွေး၊ ငွေအချိန် ၁၅၄၀ ကျပ် အဖိုးတန်အစုစုပေါင်း ၂၁၇၆၈ ကျပ် ၁၀ ပဲဟု ငှက်မြတ်နားပါစာတမ်းကို ထောက်ရှု၍ တိုင်းတစ်ပါးလက်အောက် ကျရောက်နေရ၍ မွန်မင်း မြန်မာ



ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး
အား တနင်္လာထောင့်မှ ဖူးမြော်ရပုံ

မင်းများ ဦးဆောင်မလှူဒါန်းနိုင်ကြသော်လည်း ပြည်ထောင်စု မြန်မာနိုင်ငံဖွား ဗုဒ္ဓဘာသာဝင်လူထုက လျှော်ဒဏ်ခံစေတီတော်မြတ်ကြီးကို တတ်စွမ်းသမျှ ပြုပြင်လှူဒါန်းလျက် ရှိသည်ကို တွေ့ရမည်ဖြစ်လေသည်။

### ၁၂၇၉ ခုနှစ် စတုတ္ထအကြိမ် မြေငလျင်ကြောင့် စေတီတော်မြတ်ကြီး ပျက်စီးတော်မူပြန်ခြင်း

ထိုစတုတ္ထအကြိမ် မြေငလျင် ကြီး၌ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် အကြောင်းအရာကို မတွေ့ရတော့ဘဲ ငှက်ပျောဖူးတော်ကြီးမှစ၍ ခေါင်းလောင်းပုံအထိ ပြိုကျပျက်စီးရကြောင်း မှတ်တမ်း၌ ဤသို့တင်ထားသည်ကို တွေ့ရပေမည်။

ငှက်ပျောဖူးတော် = အတိတ်သာသနာတော် ၂၄၆ြ

www.burmeseclassic.com

နှစ် ကောဇာသက္ကရာဇ် ၁၂၇၉ ခုနှစ်၊ ပထမဝါဆိုလဆုတ် ၂ ရက်၊ ခရစ်သက္ကရာဇ် ၁၉၁၇ ခု၊ ဇူလိုင်လ ၅ ရက်၊ ကြာသပတေးနေ့ နံနက်အရုဏ်တက် ၄ နာရီ ၄၅ မိနစ် အချိန်တွင် မြေငလျင်ကြီး ပြင်းစွာတုန်လှုပ်ပြန်ရာ သက်တော် ၁၂၉၄ နှစ်ရှိပြီဖြစ်သော ရွှေမော်ဓောစေတီတော်မြတ်ကြီးသည် ပုံတင်သံကြီးပေါ်ပေါ်လျက် သွက်သွက်ခါတော်လဲပြီး တစ်ပြိုင်တည်း ဖောက်ခွဲလိုက်သည့်ပမာ ငှက်ပျောဖူးတော်စ၍ ခေါင်းလောင်းပုံအထိ ပြိုကွဲပျက်စီးတော်မူပြန်လေသည်။

ဤစတုတ္ထအကြိမ် ပြိုကျပျက်တော်မူသော ငှက်ပျောဖူးပုံတော်သည် ယခုတိုင် ရွှေမော်ဓောစေတီတော်ကြီး၏ တနင်္ဂနွေထောင့်၌ တည်ရှိနေ၍ ၎င်းအပေါ်တွင် စေတီငယ်တစ်ဆူ တည်ရှိလျက်ရှိသည်ကို အထင်အရှားပင် ဖူးမြော်နိုင်လေသည်။

နယ်ချဲ့လက်အောက် ကာလဆိုးကြီး ဖြစ်နေခိုက် ရှေးအခါကလို သာသနာပြုမင်းကောင်းမင်းမြတ် အားထားကာမရသောခေတ်ဖြစ်၍ ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားတို့သည် အချင်းချင်းစည်းလုံးပြီး စေတီတော်ကြီးအား ပြန်လည်တည်ဆောက်ရန် ဆွေးနွေးတိုင်ပင်မှု ပြုကြရသည်။

ထိုသို့ တိုင်ပင်ဆွေးနွေးပြီး မိမိတို့တာဝန်ကို စုပေါင်းညီညွတ်စွာ ထမ်းဆောင်ကြရင်း ရွှေမော်ဓောစေတီတော်၏ မူလဥဏှိသတော် ၁၉၈ တောင်တွင် အတောင် ၂ မိုက် တိုးမြှင့်၍ ဥဏှိသတော် ၂၀၂ တောင် ၂ မိုက်အထိ ကြိုးစားအားထုတ် ထပ်မံတည်ထား ကိုးကွယ်ကြလေသည်။

## ၁၂၉၂ ခုနှစ် ပဉ္စမအကြိမ် မြေငလျင်ကြီးကြောင့် စေတီတော်ကြီး ပြိုကျပျက်စီးတော်မူပြန်ခြင်း

အတိတ်သာသနာတော် ၂၄၇၄ ခုနှစ် ကောဇာသက္ကရာဇ် ၁၂၉၂ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်၊ တနင်္လာနေ့ ၁၀ နာရီ ၁၅ မိနစ်အချိန်၌ ဆန်ကောပေါ်တွင် ဆီးဖြူသီးထည့်၍ လှိမ့်လိုက်သလို ရုတ်တရက်အားဖြင့် တော်လည်းဆောင် ပုံတင်ဟည်းကာ ပြင်းထန်စွာ တုန်လှုပ်ပြန်ရာ သက်တော် ၂၅၀၇ နှစ် ရှိပြီဖြစ်သော ရွှေမော်ဓောစေတီတော်မြတ်ကြီး ပထမပစ္စယာအထိ အကြီးအကျယ် ပျက်စီးပြိုကျပြီး မြေသို့ခတော်မူရပြန်လေသည်။

ရွှေမော်ဓောဘုရားကြီး ငလျင်သမိုင်း၌ ထိုပဉ္စမအကြိမ် ငလျင်ကြီးမှာ အကြီးအကျယ်ဆုံးဖြစ်သည့်အပြင် ပဲခူးမြို့တွင်းရှိ အိမ်၊ တိုက်၊ အဆောက်အအုံပေါင်းစုံနှင့်တကွ ဘုရား၊ ကျောင်းကန်၊ တန်ဆောင်း၊ ဇရပ်အထပ်ထပ်တို့သည်လည်း ရပ်တည်မရပဲ ပြိုလဲပျက်စီးကာ မြို့တွင်း၌ မီးအကြီးအကျယ်လောင်ကျွမ်း၍ အပျက်အစီးအဆုံးအရှုံးများလှသည်။

ယင်းကြောင့် ရွှေမော်ဓောဘုရားကြီးသာမက ဒါယကာ၊ ဒါယိကာမများအပါအဝင် မြို့နယ်တိုင်းတစ်ခွင် အကြီးအကျယ်ပျက်စီးရလေသောကြောင့် အသစ်ထပ်မံ မတည်ဆောက်နိုင်ကြသေးဘဲ ၁၃၁၂ ခုနှစ်အထိ နှစ်ပေါင်း ၂၀ မျှ အပြိုအပျက်အခြေအနေနှင့် သီတင်းသုံးနေခဲ့ရသည်။ ဘုရားကြီး ငလျင်ဒဏ်ခံရပြီးနောက် ၁၂ နှစ်အကြာ မြန်မာနိုင်ငံအား နှစ်ပေါင်း ၁၀၀ ကျော် စိုးမိုးအုပ်ချုပ်နေသော အင်္ဂလိပ်တို့ ဆုတ်ခွာလက်လွှတ်သွားရ၍ ဂျပန်ခေတ် ရောက်ခဲ့၏။

## ဘုရားကြီးအား ဂျပန်ခေတ်အတွင်း ငလျင်ဒဏ်မှ ပြန်လည်ပြုပြင်တည်ဆောက်မှု

တစ်မင်းမှတစ်မင်း၊ တစ်ခေတ်မှတစ်ခေတ်သို့ နှစ်ပရိစ္ဆေဒများစွာ ပြောင်းလဲခဲ့သော်လည်း စေတီတော်ပျက်ကြီးမှာ မထူးခြားမပြောင်းလဲပဲ မြေ၌သာ လျောင်းစက်လျက်နေတော်မူခဲ့သည်။

သည့်နောက် ပဲခူးမြို့ပေါ်ရှိ မြို့လူကြီးပုဂ္ဂိုလ်များ ရွှေမော်ဓောဘုရား တော်ထိန်းအဖွဲ့ဝင်များ၊ အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့က တိုင်တိုင်ပင်ပင် ပြုပြင်လိုကြောင်း သံဃာတော်မြတ်အပေါင်းတို့အား လျှောက်ထားတောင်းပန် ဩဝါဒခံယူ၍ အများပြည်သူတို့နှင့်အတူ အားသစ်ကြိုးစားပြီး အင်္ဂါထောင့်မှစ၍ မွမ်းမံပြုပြင်လေတော့သည်။

စစ်မက်အတွင်းဖြစ်၍ အုတ်၊ အင်္ဂတေ အထွေထွေတို့ ရှားပါးသော်လည်း သဒ္ဓါကြည်လင်စေတနာရှင် အပေါင်းတို့သည် သောင်းသောင်းဖြဖြ အုတ်၊ အင်္ဂတေ၊ သဲမြေများနှင့်



www.burmeseclassic.com

www.burmeseclassic.com



၁၂၉၂ ခုနှစ်၊
ကဆုန်လဆန်း ၉ ရက်နေ့
ည ၈ နာရီ ၁၅ မိနစ်
အချိန် ငြေငလျင်ဒဏ်ဖြင့်
ပြိုပျက်ပြီးနောက်
ရိုက်ကူးထားသော ပုံတော်


ရွှေ ငွေ ရတနာအဖြာဖြာတို့ကိုပါ ရက်ရက်ရောရော အနုမြော မဟက် လှူဒါန်းကြသည့်အပြင် မိမိတို့ခန္ဓာကိုယ်ဖြင့် မြတ်စွာဘုရား၏ ဝေယျာဝစ္စတို့ကို ပြုလုပ်ဖို့ရန် အလွန်ကြံ့ကြိုက်ခဲလေစွဟူသော အသိဖြင့် ကိုယ်တိုင်အုတ်စီခြင်း၊ အုတ်အင်္ဂတေ၊ သဲ စသည်တို့ကို ဘုရားခြေတော်ရင်းမှ ကုန်းတော်ပေါ်အထိ ထမ်းပိုးသယ်ရွက်ပို့ကြသည်မှာ အလွန်ပင် စည်ကားလှပေသည်။

ညီညွှတ်စွာ ကြိုးပမ်းအားထုတ်ကြသဖြင့် အတော်အတန်ခရီးပေါက်၍ ပြီးမြောက်နေဆဲတွင် အင်္ဂလိပ်နှင့် မဟာမိတ်တပ်သား မြန်မာမျိုးချစ်ပြောက်ကျားများက ဂျပန်ဖက်ဆစ်တပ်များကို တိုက်ထုတ်ချိန် အင်္ဂလိပ်ပြန်အဝင်တွင် ဘုရားကြီး တည်ဆောက်ပြုပြင်မှုလုပ်ငန်း အလိုလို ရပ်စဲထားလိုက်ရပြန်သည်။

## မြန်မာပြည် လွတ်လပ်ရေးရပြီးနောက်
## ရွှေမော်ဓောစေတီတော်ကြီး အပြီးတိုင်တည်ဆောက်မှု

ကောဇာသက္ကရာဇ် ၁၃၀၉ ခုနှစ်၊ ပြာသိုလဆုတ် ၉ ရက် တနင်္ဂနွေနေ့၊ ခရစ်သက္ကရာဇ် ၁၉၄၈ ခု၊ ဇန်နဝါရီလ ၄ ရက်တွင် မြန်မာနိုင်ငံမှာ အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ဖြစ်တည်လာခဲ့ပြီးနောက် မင်းပြောင်းမင်းလွဲ ခေတ်အဆက်ဆက် ပြန်လည်တည်ဆောက်မှု မပြီးပြတ်ခဲ့သော ရွှေမောဓောစေတီတော်မြတ်ကြီးကို အားကြိုးမာန်တက် ရဟန်းပြည်သူအပေါင်းတို့က အုပ်ချုပ်သူများနှင့်အတူ ဆက်လက်ကြိုးပမ်း တည်ဆောက်ခဲ့ကြပြန်သည်။

လွတ်လပ်သော မြန်မာနိုင်ငံတော်ကြီး၏ ပထမဆုံးသမ္မတကြီး စဝ်ရွှေသိုက်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုတို့ကိုယ်တိုင် ၁၃၀၉ တပို့တွဲလဆန်း ၁၄ ရက်၊ စနေနေ့တွင်



ငလျင်ဒဏ်ကြောင့် ပြိုပျက်နေသော စေတီတော်မြတ်ကို ပြန်လည်တည်ဆောက်နေဆဲ ရိုက်ကူးထားသော ပုံတော်



www.burmeseclassic.com

ပန္နက်တော်ချ မင်္ဂလာသဘင်ကို ဆင်ယင်ကျင်းပခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတကြီး ဦးဘဦးကလည်း ၁၃၁၃ ခု၊ တန်ခူးလဆန်း ၁၄ ရက်၊ သောကြာနေ့ မွန်းတည့် ၁၂ နာရီတွင် အုတ်မြစ်ချမင်္ဂလာသဘင်ကို ဆင်ယင်ခဲ့ပြန်သည်။

နယ်ရေမြေပါမကျန် ရှင်လူအပေါင်း သိန်းသောင်းမက အလှူဒါနပေါင်းစုံဖြင့် ရောက်လာကြသည်မှာ ရွှေမော်ဓောဘုရားကြီး တည်ဆောက်ရာ သုဒဿနတောင်တော်တစ်ဝှမ်း အံ့မခန်းစရာ ကြက်ပျံမကျ အလွန်စည်ကားလျက် ရှိတော့သည်။

ထိုအချိန်မှစ၍ ရွှေမော်ဓောစေတီတော်မြတ်ကြီးကို ၃၂၂ ပေ အမြင့်ဆောင်၍ တည်ဆောက်ခဲ့ကြပြီး ကောဇာသက္ကရာဇ် ၁၃၁၅ ခု၊ နှောင်းတန်ခူးလအမီ ထီးတော်တင်ပွဲပါ ခြိမ့်ခြိမ့်သဲ ဆင်နွှဲကျင်းပနိုင်ခဲ့ကြသည်။

## ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်ကြီး ဉာဏ်တော်အမြင့်နှင့် လုံးပတ်တော်အတိုင်းအတာများ

### စေတီတော်အသစ်၏ ဉာဏ်တော်

ရင်ပြင်တော်မှ ပထမပန်းတင်ခုံအထိ အမြင့် ၈ ပေ၊ ပထမ ပန်းတင်ခုံမှ ဒုတိယ ပန်းတင်ခုံအထိ ၉ ပေ၊ ဒုတိယပန်းတင်ခုံမှ ပထမပစ္စယာအထိ ၃၆ ပေ၊ ပထမပစ္စယာမှ ဒုတိယပစ္စယာအထိ ၂၄ ပေ၊ ကြေးဝိုင်း ငါးဆင့် ၂၃ ပေ၊ စုစုပေါင်း ၁၀၀ ပေ။

ခေါင်းလောင်းပုံအမြင့် ၇၀ ပေ၊ ဖောင်း ၄၅ ပေ၊ ကြာမှောက်ကြာလှန် ၄၅ ပေ၊ ငှက်ပျောဖူး ၆၂ ပေ၊ စုစုပေါင်း သံထည်အမြင့် ၂၂၂ ပေ။

ရင်ပြင်တော်မှ ငှက်ပျောဖူးအထိ ၃၂၂ ပေ။

ထီးတော်(ကလပ်ပါ) ၂၇ ပေ ၆ လက်မ၊ ဆပ်သွားနှ ၁၁ ပေ၊ ငှက်မြတ်နား ၈ ပေ၊ စိန်ဖူးတိုင် ၃ ပေ ၉ လက်မ၊ စိန်ဖူး (ထိပ်အထိ) ၁ ပေ ၆ လက်မ၊ စုစုပေါင်း ၅၁ ပေ ၉ လက်မ။

ရင်ပြင်မှ စိန်ဖူးထိပ်အထိ ပေပေါင်း ၃၇၃ ပေ ၉ လက်မ။

### စေတီတော်အသစ်၏ လုံးပတ်တော်

ပထမ ပန်းတင်ခုံတွင် စေတီရံ ၆၄ ဆူ၊ ဒုတိယ ပန်းတင်ခုံတွင် စေတီရံ ၅၇ ဆူ ရှိ၏။ ပထမပန်းတင်ခုံ လုံးပတ် ၁၄၁၈ ပေ၊ ဒုတိယ ပန်းတင်ခုံ လုံးပတ် ၁၁၂၈ ပေ၊ ပထမပစ္စယာ လုံးပတ် ၉၃၂ ပေ၊ ဒုတိယပစ္စယာ ၆၈၀ ပေ၊ ကြေးဝိုင်း ၆၃၂ ပေ၊ ခေါင်းလောင်းနှုတ်ခမ်းလုံးပတ် ၃၈၆ ပေ ၇ လက်မ၊ ၎င်းအကျယ် ၁၂၄ ပေ၊ ခေါင်းလောင်းထိပ်လုံးပတ် ၂၅၂ ပေ၊ ၎င်းအကျယ် ၈၀ ပေ၊ ကြာမှောက်ကြာလှန်ထိပ်ဝ ၃၃ ပေ၊ ငှက်ပျောဖူး ၂၉ ပေ၊ ၎င်းထိပ်ဝ ၄ ပေ၊ ထီးတော် ပထမဆင့် ထိပ်ဝ ၁၈ ပေ။

မြန်မာပြည်သမိုင်းဝင် တန်ခိုးကြီးဘုရားကြီးများတွင် အပါအဝင်ဖြစ်သော ပဲခူးဟံသာဝတီ ရွှေမော်ဓောဘုရားကြီးသည် စတင်တည်ဆောက်ရန် သုဒဿနကုန်းတော် ရှာဖွေစဉ်ကပင် လျှောင်ဖြင့် နိမိတ်ပြခဲ့ပြီး အကြိမ်ပေါင်းများစွာ လျှောင်ဒဏ်ခံရပြီး ပြိုပျက်သည့်အခါ ပြိုပျက်ခဲ့ပြားလည်း ယနေ့ခေတ်အထိ ရွှေရောင်ဝင့်ဝင့် ဝွားဝွားစွင့်စွင့်နှင့် ဖူးမြင်နေရဆဲ ရှိနေလေသတည်း။


**ကျော်မင်းနိုင်**

**ကျမ်းကိုးစာရင်း**


၁။ ကလျာဏီကျောက်စာ(မြန်မာပြန်) တောင်တွင်း ဆရာတော်
၂။ ဗုဒ္ဓသာသနိက ပထဝီဝင် တောင်ပေါက်ဆရာတော်
၃။ ရွှေမော်ဓောစေတီတော်မြတ်ကြီးသမိုင်း ဘဒ္ဒန္တကုဏ္ဍလာစာရ (နိုင်ငံတော်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ပဲခူးမြို့မဆရာတော်ကြီး)
၄။ ရာဇဓိရာဇ်အရေးတော်ပုံ၊ ဗညားဒလ
၅။ သာသနာလင်္ကာရစာတမ်း၊ မဟာဓမ္မသင်္ကြံ
၆။ မှန်နန်းရာဇဝင်တော်ကြီး (ပ-ဒု) ပညာရှင်များ
၇။ မြတ်ဗုဒ္ဓသာသနာပုံတော်သမိုင်းများ၊ ဆရာဝန်တင်ရွှေ

www.burmeseclassic.com

# အနန္တတံဆိပ်တော်



မြတ်စွာဘုရားရှင်၏ အဆုံးမရှိသော ဉာဏ်တော်ဖြင့် နိဗ္ဗာန်ကို အာရုံပြုသိစေလျက် အဆုံးမရှိသော အလွန်ထက်မြက်သည့် ဉာဏ်တော်ကို ကိုယ်စားပြုသော အနန္တတံဆိပ်တော် ဖြစ်ပါသည်။

ထိုတံဆိပ်တော်မှာ တစ်အမြောက်၊ အစားနှင့် သုည တို့ပင် ဖြစ်သည်။ "တစ်"သည် လောကီသင်္ခတသဘောကို ကိုယ်စားပြုသည်။ "သုည"သည် လောကုတ္တရာအသင်္ခတသဘောများနှင့် အလွန်အေးချမ်းသည့် သန္တိသုခရသရှိသော နိဗ္ဗာနဓာတ်ကို ကိုယ်စားပြုသည်။

ထိုတံဆိပ်တော်တွင် တစ်ဂဏန်းသည် အပေါင်းတစ်မှ အပေါင်းကိုးထိလည်းကောင်း၊ အနုတ်တစ်မှ အနုတ်ကိုးထိလည်းကောင်း ကိုယ်စားပြုသည်။ ကုသိုလ်ကောင်းမှုကြောင့် (ကုသိုလ်သင်္ခတတရားများကြောင့်) ခံစားမှုချမ်းသာသုခ ဝေဒနာမှန်သမျှသည် အပေါင်းနှင့်တူ၏။ ဝေဒယိတဒုက္ခဟူသော ခံစားမှုဒုက္ခမှန်သမျှသည် အနုတ်နှင့်တူ၏။

အပေါင်းလက္ခဏာသည် ဒုက္ခသစ္စာနှင့်တူ၏။

အနုတ်လက္ခဏာသည် ဒုက္ခသစ္စာနှင့်တူ၏။

သမုဒယအကြောင်း - ဒုက္ခအကျိုး

သုညသည် အပေါင်းအနုတ်ကြောင့် မထူးခြား။ ထို့ကြောင့် ခံစားမှုအားလုံး ချုပ်ငြိမ်းရာ နိဂြောဓသစ္စာနှင့်တူ၏။

နှစ်သက်မှုတစ်ခုကို အပေါင်းတစ်လက် သမုဒယဖြင့် တွယ်တာလျှင် ဆုံးရှုံးသောအခါ အနုတ်တစ်လောက် ဒုက္ခခံစားရတတ်သည်။ အကယ်၍ အပေါင်းကိုးလောက် သမုဒယဖြင့် တွယ်တာလျှင် အနုတ်ကိုးလောက် ဒုက္ခခံစားရတတ်သည်။

ထို့ကြောင့် လောကီသင်္ခတ တရားတို့သည် ခံစားမှု

www.burmeseclassic.com

သုခဒုက္ခကြောင့် ပြောင်းလဲတတ်သော သဘောရှိ၏။ ပေါင်းခြင်း၊ နုတ်ခြင်းတို့ကြောင့် ပြောင်းလဲတတ်သော ကိန်းဂဏန်းများနှင့်တူ၏။

သုညသည် လောကုတ္တရာ၊ နိဗ္ဗာန်အသခ်တဓာတ်မျှသာဖြစ်သည်။ သုညသည် ပေါင်းခြင်း နုတ်ခြင်းများကြောင့် မပြောင်းလဲ။ သုညသာဖြစ်သည်။ လောကတွင်းမှာနေ၍ သုခ၊ ဒုက္ခတွေ မည်သို့ပင်ဖြစ်စေ နိဗ္ဗာနဓာတ်ကို အာရုံပြုနေသူအတွက် သန္တိသုခ အငြိမ်းဓာတ်မျှသာ ဖြစ်နေ၏။

ပုထုဇဉ်ပုဂ္ဂိုလ်၏ နောက်ဆုံးစိတ်ဖြစ်သော ဂေါတြဘူစိတ်သည် နိဗ္ဗာန်ကို အာရုံပြု၏။ ထို့နောက် လောကီဘက်သို့ အာရုံမပြောင်းတော့ဘဲ အရိယာအဖြစ်ဖြင့် မဂ်စိတ် ဖိုလ်စိတ်များ ဆက်တိုက်ဖြစ်ကာ နိဗ္ဗာန်ကိုသာ တွင်တွင်အာရုံပြုသည်။ နိဗ္ဗာန်ကို အာရုံပြုနေသူအတွက် မည်သည့်လောကီသုခ၊ ဒုက္ခမျှ မခံစားရ။ လောကုတ္တရာသန္တိသုခမျှသာ ရှိတော့သည်။ ရှိရှိသမျှ ရုပ်နာမ်ဓမ္မသင်္ခါရတို့ကို အနတ္တ(ဝါ) သုညဟု ရှုမြင်နိုင်လေပြီ။ တစ်မှ ကိုးအထိ ကိန်းဂဏန်းများကို သုညဖြင့်မြှောက်လျှင် အားလုံး သုညရသကဲ့သို့တည်း။

ထို့အတူ တစ်မှ ကိုးအထိ ဂဏန်းများကို သုညဖြင့်စားလိုက်ပါက အဆုံးမရှိသော အနန္တကိန်းရသည်။ ဤကားမျက်မှောက်သိပ္ပံခေတ်၌ လူသားတို့ လက်ခံထားသည့် သင်္ချာနည်းဖြစ်သော ဖော်မြူလာဖြစ်သည်။ ထိုအတိုင်းပင် ပွင့်တော်မူပြီးသော တဏှာက်ရာအစ ဂေါတမအဆုံး နှစ်ဆယ့်ရှစ်ဆူကုန်သော ဘုရားရှင်တို့သည် လောက၌ ရှိရှိသမျှ တည်တံ့ခြင်းမရှိ၊ ဖြစ်ပျက်မှုသာ ဖြစ်၏ဟုသိသော အနိစ္စသဘောအားဖြင့်လည်းကောင်း။

ထိုဖြစ်ခြင်း၊ ပျက်ခြင်းဒဏ်များဖြင့် အဖန်ဖန် နှိပ်စက်တတ်၏ဟုသိသော ဒုက္ခသဘောအားဖြင့်လည်းကောင်း၊

အတ္တမှကင်းသော အစိုးမရသော၊ အနှစ်သာရ ဘာမှမရှိ သုညမျှသာ ဖြစ်၏ဟုသိသော အနတ္တသဘောအားဖြင့်လည်းကောင်း ရှုမြင်တော်မူပြီးနောက်တွင် အဆုံးမရှိသော အနန္တဉာဏ်တော်ဖြင့် နိဗ္ဗာန်ကို သိမြင်တော်မူကြ၏။

မြတ်စွာဘုရားရှင်တို့သာ ပိုင်ဆိုင်သော ဆဒအသာဓာရဏဉာဏ်ဟူသော အနန္တဉာဏ်တော်တို့မှာ

၁။ ဣန္ဒြိယ ပရောပရိယတ္တဉာဏ် အနန္တ
(သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ) ဣန္ဒြေငါးပါး ထက်ခြင်း၊ နုံခြင်းအဆင့်ဆင့်ကို သိသော ဉာဏ်တော်

၂။ အာသယာ နုသယဉာဏ် အနန္တ
သတ္တဝါတို့၏ အလိုအာသယ၊ အနုသယ၊ သင်္ခါရစရိုက်၊ နှလုံးသွင်း၊ ကျွတ်ထိုက်မကျွတ်ထိုက်မှုကိုသိသော ဉာဏ်တော်

၃။ ယမက ပါဋိဟီရ ဉာဏ်အနန္တ
ရေ၊ မီးအစုံ တန်ခိုးပြာဋိဟာ ပြနိုင်သောဉာဏ်တော်

၄။ မဟာကရုဏာ သမာပတ္တိဉာဏ် အနန္တ
ကြီးမြတ်သော မဟာကရုဏာတော်သည် သတ္တဝါတို့၌ သက်ရောက်သော ဉာဏ်တော်

၅။ သဗ္ဗညုတ ဉာဏ် အနန္တ
အလုံးစုံကို ဆရာမရှိ ကိုယ်တော်တိုင်သိသော သဗ္ဗညုတဉာဏ်တော်

၆။ အနာဝရဏ ဉာဏ်အနန္တ
ထိုသို့သိရာ၌ အလုံးစုံ အပိတ်အပင်မရှိ သိတတ်သော အနာဝရဏဉာဏ်တော်

အနန္တဉာဏ်တော်ဖြင့် နိဗ္ဗာန်သိမြင် ဘုရားရှင်တို့ကိုလည်းကောင်း၊ ထိုဘုရားရှင်တို့ ဟောကြားတော်မူအပ်သော မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ္တိတည်းဟူသော ဆယ်ပါးသော တရားတော်မြတ်သည်လည်းကောင်း၊ မဂ္ဂင်ရှစ်ပါးတည်းဟူသော အကျင့်မြတ်လမ်းစဉ်ဖြင့် ကျင့်ကြံအားထုတ်ကြကုန်သော သံဃာတော်ရှင်မြတ်တို့ကိုလည်းကောင်း ဦးထိပ်ရွက်ပန်၍ နိဗ္ဗာနဓာတ် သန္တိသုခရောက်အောင် ကြိုးပမ်းအား ထုတ်ကြပါစို့။

ထိုကြိုးပမ်းချက်ကြောင့် ကျွဲကူးရေပါ ဆိုသလို နိဗ္ဗာန်မရောက်မီ ကျင်လည်ရသော ဘဝတို့တွင် အန္တရာယ်ကင်းခြင်း၊ ကောင်းကျိုးချမ်းသာများရရှိအောင် အနန္တတံဆိပ်တော်ကို ဆောင်ထားခြင်းနှင့် ရွတ်ဖတ်ပူဇော်မှုများ ပြုနိုင်ရန် ဓမ္မလက်ဆောင်အဖြစ် ဖော်ပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

### ရှုတ်ပတ်ပူဇော်ကျင့်ဆောင်ရန်

ဗုဒ္ဓ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ
၁။ ဣန္ဒြိယ ပရောပရိယတ္တ ဉာဏံ အနန္တံ
၂။ အာသယာ နုသယ ဉာဏံ အနန္တံ
၃။ ယမက ပါဋိဟီရ ဉာဏံ အနန္တံ
၄။ မဟာ ကရုဏာ သမာပတ္တိ ဉာဏံ အနန္တံ
၅။ သဗ္ဗညုတ ဉာဏံ အနန္တံ
၆။ အနာဝရဏ ဉာဏံ အနန္တံ
အနန္တံ ဗလဝံ ဗုဒ္ဓံ၊ အနန္တံ ဂေါစရံ ဓမ္မံ၊
အနန္တံ အရိယ သံဃံ၊ အနန္တံ ဗောဓိ မုတ္တမံ။
တံမေသဒီ ကောမံသုရေ. သောအပနာ ပသုသုပိ။
အဓံသိတိ ဖုဝိသိဝေ၊ ကကောကဂေါ နာမာမပာံ။
၁။ အာသောမာဝ တာဝဂုဏာ၊ သသသံသေ သုခါ ဝပာံ၊
သမ္ဗုဒ္ဓေယ ဗောဓိစိန္တာ၊ ဥမ္မာဝမ္ပဲ ဝိရူပေဟာန္တုံ။
၂။ ဥဝဟာနိ ဝဝဇာဂံ၊ ထိထိမစဲ ပုညခေတ္တံ၊
ကေလာဝဟ နန္တဂုဏာ၊ သုသုဇာဂံ ဗောဓိသေဠံ။
၃။ ဗုဒ္ဓစိန္တာ ဝရဂုဏာ၊ အပာံဘန္တေ စဘကာသ၊
ဣအမချာ ဝေဒါဒယ၊ စေအာမာသော အစိန္တေယျံ။
၄။ မာမံပာုပာ ဧံမာပာ၊ မံသွဏ်သုသံ ဗုဒ္ဓဂုဏာ၊
နမာမိတေ အဋ္ဌဝီသံ၊ သက္ကလဠိတ စေတိယေ။

### ဉာဏ်တော်ကို ချီးကျူးရခြင်း၏ အကျိုး

ထိုအခါ မြေကြီးအထုနှင့်တူသော ပညာရှိတော်မူသော ကောင်းသောပညာရှိတော်မူသော အကြင်မြတ်စွာဘုရားကို သုမေဓာပုဏ္ဏား၍ ပြောဆိုကုန်၏။ ထိုမြတ်စွာဘုရားသည် ရဟန်းသံဃာ(အလယ်)၌ ထိုင်ကာ ဤဆိုမည့်ဂါထာကို မိန့်တော်မူ၏။

အကြင်သူသည် ငါ၏ဉာဏ်တော်ကို အထူးကြည်လင်သောစိတ်ဖြင့် ချီးကျူးလေ၏။ ထိုသူကို ငါသည် ဗျာဒိတ်စကားကို မိန့်ကြားတော်မူအံ့။ မိန့်ဆိုမည့် ငါ၏စကားကို နာယူကြကုန်လော့ -

(၁) ခုနစ်ဆယ် ခုနစ်ကမ္ဘာတို့ပတ်လုံး နတ်ပြည်၌ ပျော်မွေ့ရလတ္တံ့၊ အကြိမ်တစ်ထောင်တိုင်တိုင် နတ်တို့ကို အစိုးရ၍ သိကြားမင်းအဖြစ်ကို ပြုရလတ္တံ့။

(၂) အကြိမ်တစ်ရာမက စကြဝတေးမင်းလည်း ဖြစ်လတ္တံ့၊ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်သည်ကား ဂဏန်းအားဖြင့် မရေတွက်နိုင်။

(၃) ကုသိုလ်ကံကို ဆောက်တည်ပြီးသူသည် နတ်ဖြစ်သော်လည်းကောင်း၊ လူဖြစ်သော်လည်းကောင်း မယုတ်လျော့သော စိတ်အကြံရှိလျက် ထက်မြက်သော ပညာရှိသူဖြစ်လတ္တံ့။

(၄) အိမ်မှထွက်၍ ကြောင့်ကြမရှိဘဲ ရဟန်းပြုလတ္တံ့၊ မွေးဖွားသည်မှ ခုနစ်နှစ်မျှဖြင့် အရဟတ္တဖိုလ်သို့ ရောက်ရလတ္တံ့။

(၅) အကြင်အခါမှ (စ၍) ငါသည် မိမိကိုယ်ကို အောက်မေ့နိုင်၏။ အကြင်အခါမှ (စ၍) ငါသည် သာသနာတော်သို့ ရောက်၏။ ဤအတွင်း၌ မပျော်မွေ့သော စိတ်စေတနာကို မသိစဖူးပေ။

(၆) ငါသည် အလုံးစုံသော ဘဝ၌ ကျင်လည်၍ စည်းစိမ်ကို ခံစားခဲ့ရ၏။ စည်းစိမ်ဥစ္စာ၌ ငါ့အား ယုတ်လျော့ခြင်းသည် မရှိချေ။

(၇) မီးသုံးပါးတို့သည် ငါ့အား ငြိမ်းကုန်ပြီ၊ အလုံးစုံသော ဘဝတို့ကို ပယ်နုတ်ပြီးကုန်ပြီ၊ အာသဝအားလုံး ကုန်ခန်းကုန်ပြီ၊ ယခုအခါ ဘဝသစ်သည် (ငါ့အား) မရှိတော့ပြီ။

(၈) ကမ္ဘာသုံးသောင်းထက်၌ ဉာဏ်တော်ကို ချီးကျူးခဲ့ရသောအခါမှစ၍ ငါသည် မကောင်းမှုပြုသူတို့လားရာ "ဒုဂ္ဂတိ"ဘဝကို မသိစဘူးပေ။ ဤသို့ဖြစ်ရခြင်းသည် ဉာဏ်တော်ကို ချီးကျူးရခြင်း၏ အကျိုးပေးတည်း။

(ဉာဏထဝိကတ္ထေရ အပဒါန် - မြန် - စာ ၅၆၅၇)

အနန္တတံဆိပ်တော်နှင့် ရှုတ်ဖတ်ပူဇော်ကျင့်ဆောင်ရန် ဂါထာများကို သိကြားမင်းစမဘွဲ့ရ နှစ်ကျိပ်ရှစ်ဆူ စေတီတော်များတွင် အမိဌာန်ဝင်ခဲ့သော ဆရာတော်ကြီး အရှင်ဂန္ဓသာရမှ ချီးမြှင့်ခြင်းဖြစ်ပါသည်။

ရောင်ပြန်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# လောကနတ်ရုပ် ထုလုပ်နည်း

သီရိဇေယျ

ယခုအခါ လောကနတ် ယုံကြည်မှုကို တစ်စ တစ်စ တွေ့ရှိနေရပြီ ဖြစ်သည်။ လောကနတ်ရုပ်ကို ထုလုပ်ကြရာ၌ သရက္ခန်၊ နံ့သာဖြူ စသော တန်ဖိုးကြီး သစ်မွှေးများဖြင့် ထုလုပ်ကြကြောင်း တွေ့ရှိရသည်။ အချို့ကမူ ကျွန်းကဲ့သို့ သစ်မာမျိုးဖြင့်လည်း ထုလုပ်ကြ၏။ လောကနတ် အချောသတ်လက်ရာကို အရောင်တင်၍ အသား၏ အကြော၊ အမွေးတို့ဖြင့် နဂိုအလှအတိုင်း ထားကြသည်။ သရက္ခန်ကဲ့သို့ နံ့သာမျိုးကို ပေါလစ်ဆီကဲ့သို့ အရောင်တင်ဆေးများဖြင့် မသုံးကြချေ။ အချို့ကမူ သစ်မာဖြင့် လောကနတ်ရုပ်ကို ထုလုပ်ပြီးနောက် ရွှေချအလှဆင်ကြ၏။

ဤသို့ဖြင့် လောကနတ်ကို အမျိုးမျိုး အဖုံဖုံ ထုလုပ်၍ အိမ်ခန်း၊ ဧည့်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း စသည့်နေရာများတွင် အလှဆင်ကြ၏။

ဆင်ရုပ်၊ မြင်းရုပ်၊ ကိန္နရီ၊ ကိန္နရာရုပ်၊ ဆွမ်းအုပ်၊ စောင်းကောက် စသော မြန်မာမှု အနုပညာ အလှအပ ပစ္စည်းများကို အလှဆင်ကြခြင်းနှင့် လောကနတ်ကို အလှဆင်ကြခြင်းမှာ ခံယူချက်ချင်း မတူညီကြပါ။ လောကနတ်ရုပ်တုကပင် အသာလွန်ဆုံး၊ နက်ရှိုင်းမှု အရှိဆုံး ဖြစ်ပါလိမ့်မည်။

နဂိုမူလကပင် လောကနတ်ရုပ်သည် လှပ၏။ ကျောခိုင်း၏။ ခေါင်းကိုမော့၍ ရင်ကိုကော့ထားဟန်ရှိ၏။ မျက်လုံးနှင့် နှုတ်ခမ်းတို့ကား ပြုံးရွှင်ကြည်နူးနေ၏။ ခြေထောက်၌ စည်းစုပ်ကို တီးဟန်ရှိ၏။

ဆရာကြီးစဝ်ထွန်းမှတ်ဝင်း၏ ပဋိမာသိပ္ပံပညာ (အာသနာ၊ ဝါဟနယာန)ကျမ်းတွင် • • •

"လောကနာထ(လောကနတ်) ပုံတော်ကို ကိုး



www.burmeseclassic.com

www.burmeseclassic.com

ကွယ်ပါက ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍ စိတ်အေးချမ်းသာစွာ လောကီစည်းစိမ်ကို ခံစားရခြင်း အကျိုးရှိသည်ဟု ယုံကြည်ခဲ့ကြပါသည်။

ဟူ၍လည်းကောင်း၊ ပုဂံခေတ်လောကနာထ (လောကနတ်)ရုပ်ပုံ နံရံဆေးပန်းချီ၏ အောက်ခြေမှင်စာတွင်...

"သားမြေး ကျွန်တို့နှင့်တကွ အလုံးစုံ ပြည့်စုံပါစေ"

ဟု လည်းကောင်း တွေ့ရှိရသည်။

ထို့ကြောင့် လောကနာထ(လောကနတ် ရုပ်တုဖြစ်စေ၊ ကိုးကွယ်ပါက ဘေးရန်အတိုက်အခိုက် ခပ်သိမ်းကင်းငြိမ်းခြင်း၊ စိတ်အေးချမ်းသာစွာ နေထိုင်ရခြင်း၊ လောကစည်းစိမ်များ ဖြစ်ကြသော-

လာဘ်လာဘ ပေါ်များခြင်း

အခြွေအရံ သင်းပင်းပေါ်များခြင်း

စသော ကောင်းကျိုးချမ်းသာ မင်္ဂလာဖြင့် ပြည့်စုံနိုင်ပါ၏။ ထို့ထက်မက လောကနတ်ရုပ်တုကို သရက္ခန်၊ နံ့သာဖြူ စသော မင်္ဂလာရှိသော ကဏ္ဍာရုံတို့ဖြင့် ထုလုပ်ခြင်းသည်လည်း အလွန်ကောင်းမြတ်၏။ အဘယ်ကြောင့်ဆိုသော် နံ့သာဖြူ သရက္ခန် စသော နံ့သာသားတို့သည် ဝိယသိဒ္ဓိ စသော သိဒ္ဓိအမျိုးမျိုးတို့ကို ပြီးမြောက်စေကြောင်း အမှောင့်ပယောဂ အတိုက်အခိုက်တို့အား ကင်းစင်ပပျောက်စေကြောင်း လောကီကျမ်းများ အဆိုရှိကြ၏။

မြန်မာတို့အနေဖြင့် ယနေ့ခေတ်တွင် လောကနတ်ကို ကိုးကွယ်ပူဇော်ခြင်းမျိုး မရှိတော့ချေ။ ထေရဝါဒ ဗုဒ္ဓသာသနာ အဆုံးအမအောက် ရောက်ရှိလာသည်နှင့် အမျှ လောကနာထ(လောကနတ်)ကို ပူဇော်ပသခြင်းသည်လည်း အလိုအလျောက် ပပျောက်သွားခဲ့၏။

ဗုဒ္ဓ၊ ဓမ္မ၊ သံဃ တည်းဟူသော ရတနာ (၃)ပါးကိုသာ ပဓာနကျကျ ကိုးကွယ်အားထားခဲ့၏။ သို့သော် မဟာယာန ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာ (၂)ရပ်တို့မှ ဆင်းသက်လာသော လောကနာထ(လောကနတ်) အယူအဆကို မကိုးကွယ် မပူဇော်သည့်တိုင်အောင် လာဘ်ပွင့် ဓာတ်ပွင့် အဆောင်အနေဖြင့် ယုံကြည်လာကြသည်။ အဆောင်အနန် ပြုလာကြသည်။

## လောကနတ်ရုပ် ထုလုပ်ကြပုံများ

"အဆောင်" ရုပ်တုတစ်ရုပ်ကို ထုလုပ်ကြပြီဟု ဆိုလျှင် ဗေဒင်သဘော၊ အင်္ဂဝိဇ္ဇာသဘောများ အလိုအလျောက် သက်ဝင်လာပါတော့သည်။ ထို့ကြောင့် လောကနတ်ရုပ်ကို ထုလုပ်ကြရာမှာလည်း ဗေဒင်သဘော၊ အင်္ဂဝိဇ္ဇာသဘောများသည်လည်း သက်ဝင်နေပြီးသားပင်။ သရက္ခန်စသော နံ့သာများကို ထုလုပ်ရာ၌ နေ့သင့် နံသင့် ယူကြသည်ကို မတွေ့ရှိရချေ။

အိမ်၏ ညှော့ခန်း၌ အဆောင်ထားမည်ဆိုပါက အဆိုပါ အိမ်၏ ဦးစီးဦးဆောင်သူ၏ နေ့နံကို ပဓာနထား၍ လောကနတ်ရုပ်ကို ထုလုပ်လေ့ ရှိကြသည်။

အင်္ဂဝိဇ္ဇာအလိုအရ မိမိ၏ မိတ်ဘက်၊ အမြစ်၊ အညွန့်နံ၊ နံဘက် ဓာတ်ဘက်များကို ယူလေ့ ဆောင်လေ့ရှိကြ၏။ ရန်ဘက်ကိုသာ ရှောင်ရသည်မို့ ရွေးစရာ လွယ်ပါလိမ့်မည်။

အသက်ရှည်အနာကင်း ဘေးအန္တရာယ်ရှင်းလိုသော်...

| | |
|---|---|
| တနင်္ဂနွေသားသမီး | - အင်၊ အုန်း၊ မအူ၊ သစ်အယ် |
| တနင်္လာသားသမီး | - ကံ့ကော်၊ ကျွန်း၊ ကြို့၊ အင်ကြင်း |
| အင်္ဂါသားသမီး | - ညောင်၊ သစ်ဆိမ့်၊ ကညင်၊ ဆီး |
| ဗုဒ္ဓဟူးသားသမီး | - ရှား၊ လင်းလွန်း၊ ဝါး၊ မလွန်း |
| ကြာသပတေးသားသမီး | - ပေါက်၊ ပေါက်ပန်း၊ ဘန့်ဘွေး၊ သပြေ၊ သဖန်း |
| သောကြာသားသမီး | - သီး၊ ကသစ်၊ နံ့သာ |
| စနေသားသမီး | - ထနောင်း၊ ခံတက်၊ ထိန်၊ မနန်း |



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟူး(ညနေပိုင်း) - သရက်၊
ရာဟုနေ့သားသမီး - ထင်းရှူး ရုံး စရည်း

**ကြီးပွားချမ်းသာလိုသော် • • •**

မိမိမွေးနံမှ စတင်ရေတွက်သော် သုံးခုမြောက်သည့် တြိရန်သစ်သားကို ဘုရားထု၍ ကိုးကွယ်ကြပါသည်။

တနင်္ဂနွေသားသမီး - ညောင်၊ ကညင်၊ သစ်ဆိမ့်
တနင်္လာသားသမီး - သင်းဝင်း၊ လင်းလွန်း၊ ဝါး
အင်္ဂါသားသမီး - ပေါက်၊ သပြေ၊ သဖန်း
ဗုဒ္ဓဟူးသားသမီး - သီး၊ ကသစ်၊ နံ့သာ
ကြာသပတေးသားသမီး - ထိန်၊ ထန်း၊ ထနောင်း
သောကြာသားသမီး - အင်၊ သစ်အယ်၊ အုန်း၊ မအူ
စနေသားသမီး - ကျွန်း၊ သခွပ်၊ အင်ကြင်း

**ကြံစည်မှုအောင် ဆောင်သမျှ အထမြောက်စေလိုသော် • • •**

မိမိမွေးနံ၏ အမြစ်နှင့် အညွန့်ကိုယူ၍ ပေါင်းစပ်ကာ ရအပ်သော သစ်သားကို ဘုရားထုကိုးကွယ်ကြပါသည်။

တနင်္ဂနွေသားသမီး - နပ်ချို၊ ထောက်ကြံ့ (၇+၂)
တနင်္လာသားသမီး - သြဇာ၊ အုန်းညို (၁+၃)
အင်္ဂါသားသမီး - ကလိန်း၊ ခရေ (၂+၄)
ဗုဒ္ဓဟူးသားသမီး - စိန်ပန်း၊ စံပယ် (၃+၅)
ကြာသပတေးသားသမီး - လောက်သေ (၄+၆)
သောကြာသားသမီး - ပိတောက်၊ ပိန္နဲ (၅+၇)
စနေသားသမီး - သင်းအုံ၊ သစ်အယ် (၆+၁၀)

အလျဉ်းသင့်၍ ရောင်ပြန်ပရိသတ်ကို တင်ပြချင်သည်မှာ-

"တြိရန်နှင့် စတုရန်းတို့မှာ ဆောင်သင့်သော မင်္ဂလာကိန်းခန်း ဖြစ်ပါသည်"

ဟူ၍ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ပြုစုသော တပင်ရွှေထီး ဝတ္ထုတော်ကြီး စာမျက်နှာ (၁၆)တွင် ဆိုခဲ့ဖူးကြောင်း အမှတ်ရမိသည်။

ဆရာဝေမင်းအိမ်ကလည်း ဤသို့ ပြောခဲ့ဖူး၏။

"လောကနတ်ကို ကျူရှင်ဆရာတွေနဲ့ စီးပွားရေးလုပ်သူတွေ ဆောင်ဖို့ ကောင်းတယ်၊ "လောက" ဂဟ ဗုဒ္ဓဟူးနဲ့ တနင်္လာနံ ပြီးတော့ "ကျူရှင်" ဆိုတာကလည်း တနင်္လာနဲ့ ဗုဒ္ဓဟူး ကက်ကင်းဓာတ်မိတယ်။ ဒါကြောင့် ဆောင်သင့်တယ်ပေါ့ကွာ။ အကျယ်ချဲ့လိုက်တော့ စစ်ကိုင်းက ဇောင်ဂျမ်းသားနဲ့ ဇော်ဂျီဆေးကြိတ် ဗီးကွက်ရုပ်ပုံထုပြီး ဆောင်ရင် ဈေးခေါ်ကောင်းတယ်ပေါ့"

ထို့ကြောင့် လောကနတ်ကို အိမ်၏ ဧည့်ခန်းမှာပဲ ထားထား၊ ရုံးခန်းမှာပဲထားထား၊ ကုမ္ပဏီမှာပဲဖြစ်ဖြစ်၊ ဟိုတယ်၊ မိုတယ်တွေမှာပဲဖြစ်ဖြစ် ထားမယ်၊ ဆောင်မယ်ဆိုရင် မဆောင်ခင် မထားခင်ကနှင့် မတူဘဲ ထူးခြားတိုးတက်ပြီး အစစအရာရာ အဆင်ပြေလာပါလိမ့်မည်။ အဆုံးသတ် နိဂုံးအဖြစ် တင်ပြချင်သည်မှာ • • •

ခြသေ့်ဆင်ပျံ၊ ဝတီယံဝယ်
တိမ်နွယ်ကြောင်းပြု၊ စိတ်ခုရန်ဆောင်
ဖြစ်ယောင်ပျက်ကိန်း၊ ကောင်းစေငြိမ်းအပ်
လောကနတ်၏၊ ခြင်းရာထုပွတ်
ရေးအပ်လှရှင့်။
သောင်းထိုက်ပြည်သူ၊ လိုရာယူပါ
ကောင်းနိုးစာကို၊ အပေဟာသုခ
ထားသမျှတွေ၊ ရစေပိုင်စေ
မြဲမြဲစေသော်ဝ်။

---

**သီရိဝေယျ**

---



www.burmeseclassic.com

www.burmeseclassic.com

# ဂုဏ်တော်ကွန်ချာ

## ဖယောင်းတိုင်မီးထွန်း ပူဇော်ဆုတောင်းပါ

### ဂမ္ဘီရဆရာလှမျိုး (B.Sc)

တစ်နေ့တွင် ကျွန်ုပ်စာရေးသူသည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိသွားပါသည်။ တောင်ဘက်မုခ်မှ တက်ပြီး ရာဟုထောင့်သို့ ဦးစွာသွားလိုက်သည်။ ရာဟုထောင့် အောင်မြေမှာ ဘုရားရှိခိုးပြီး ရာဟုထောင့် ဒေါ်စောမြ တန်ဆောင်းသို့ သွားသည်။

ဗုဒ္ဓဟူးနေ့ဖြစ်၍ ထိုတန်ဆောင်းတွင် သတ္တမမြောက် ကျော်အောင်စံ ထားဆရာတော်ဘုရားကြီး၏ တပည့် တွ ပဉ္စာဝါရ ပဌာန်းပူဇော်ရန် ရောက်ရှိနေကြသည်။ သတ္တမမြောက်ဆရာ တော်ကြီး ရန်ကုန်ကြွတိုင်း တစ်နေ့နှစ်ကြိမ် ဘုရားရှိခိုး ဘုရားကြွသည်။ ဆရာတော်ကြွသည်ဖြစ်စေ၊ မကြွသည်ဖြစ်စေ ဗုဒ္ဓဟူးနေ့တိုင်း တပည့်သာဝကတွေ စုပေါင်းကာ ဘုရားကြီးကို ကန်တော့ပွဲ၊ ဆွမ်းပွဲ၊ သစ်သီး၊ ပန်း၊ ဆီမီး၊ နံ့သာ ပူဇော်ကန်တော့ပြီး နံနက် ၉ နာရီတွင် ပဌာန်းရွတ်ဖတ် ပူဇော်ကြပါသည်။

ကျွန်ုပ်လည်း ဓမ္မမိတ်ဆွေ ဦးမျိုးချစ်နှင့် တွေ့ဆုံလိုက်သည်။ ၎င်းမှ စာအုပ်တစ်အုပ် ဓမ္မဒါနပြုသည်။ ထိုစာအုပ်မှာ မိတ္တူကူးထားသော စာအုပ်ဖြစ်ပြီး ဆရာတော်ကြီး၏ ပုတီးစိပ်နည်း၊ ဆရာတော်ချီးမြှင့်သော ဂါထာ၊ ဂုဏ်တော်စီရင်နည်းတွေ ပါဝင်သည်။ ကျွန်ုပ်လည်း ထုံးစံအတိုင်း စာအုပ်ဆိုလျှင် စုဆောင်းလိုစိတ်ဖြင့် ယူထားပြီး လက်တွေ့ဆောင်ရွက်ခြင်း မပြုဖြစ်ပေ။ ထိုစာအုပ်မှ ဂုဏ်တော်ကွန်ချာကို လက်တွေ့ဆောင်ရွက်ကြည့်ရန် ဦးရဲစိုးမြင့်မှ အကြံပြုသည်။

ကျွန်ုပ်လည်း အိမ်ဂရန်ကိစ္စ အခက်ကြုံနေချိန်တွင် ဂုဏ်တော်ကွန်ချာကို မိတ္တူကူး ဖယောင်းတိုင်မှာပတ်ပြီး ရှစ်ရက် အဓိဋ္ဌာန်ဝင်လိုက်သည်။ ရှစ်ရက်ပြည့်ပြီး ကိုးရက်မြောက်နေ့မှာ အိမ်ဂရန်ကိစ္စအခက်အခဲ အဆင်ပြေသွားပါသည်။

အမှန်ပြောရလျှင် စတင်ရွတ် ဆိုချိန်မှာ ရွတ်ဆိုရတာ တစ်မျိုးဖြစ်နေသည်။ ဂုဏ်တော်ရွတ်နေကျ ဣတိပိသော ဘဂဝါ အရဟံသမ္မာသမ္ဗုဒ္ဓေါနှင့် မတူသောကြောင့် ထစ်ငေါ့၍နေသည်။ အဆင်ပြေသွားသောအခါ ထိုဂုဏ်တော်အကြောင်း ဆောင်းပါးရေးရန် စီစဉ်သည်။ ဗားမဲ့ကျမ်း စတုတ္ထတွဲတွင် လက်ာဖြင့် ပြထားသည်။ တစ်ကြောင်းချင်း အကျိုးကျေးဇူးကိုလည်း ဖော်ပြပေးထားသည်။ တစ်ဖန် ပြည်မြို့ ဝေပုလ္လ ဆရာတော်ဘုရားကြီး၏ ဂါထာမန္တန်ကျမ်း၊ သစ်တံခါးဆရာတော်၊ မော်ဘီမှ အနုတ္တဆရာတော် စသည့် ဆရာတော်တို့မှ တစ်မျိုးစီ ရေးသားဖော်ပြပေးထားပါသည်။ တစ်ကြောင်းချင်း၏ အကျိုးကျေးဇူးကို ဖတ်မှတ်ရသည်။ မော်ဘီ အနုတ္တဆရာတော်မှ ဂုဏ်တော်အဆီအနှစ်ဟု အမည်ပေးထားသည်။ သတ္တမမြောက် ကျော်အောင်စံထားဆရာတော်မှ နောက်တွင် ပုဒ်အာ ထည့်ဆိုခိုင်းသည်။ ဂုဏ်တော်ကွန်ချာအင်းကိုလည်း ပြထားသည်။ မန္တလေး-ရန်ကုန်မှ ဆရာတွေသည် ထိုဂုဏ်တော်ကို စီရင်ဆောင်ရွက်ပေးကြသည်။ ကိုယ်တိုင် ဆောင်ရွက်၍ ရပါသည်။ အသုံးတွက်သိပြီးလျှင် ရွတ်ဆိုရန် အခက်အခဲမရှိနိုင်တော့ပါ။

**ဗားမဲ့ဆရာတော် လက်တွေ့ကျမ်း (တတိယတွဲ)**

ဣ ရ ဠာ ဂ ဿ ရ သာ
တိ ဟံ စ တော ရော ထိ နံ



www.burmeseclassic.com

www.burmeseclassic.com

## ဂုဏ်တော်ကွန်ချာ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဣ | ရ | ဋ္ဌာ | ဂ | ဍ္ဍ | ရ | သာ | ပုဒိအာ |
| တိ | ဟံ | စ | တော | ရော | ထိ | နံ | ပုဒိအာ |
| ဝိ | သ | ရ | လော | ပု | သ | ဇု | ပုဒိအာ |
| သော | မ္မာ | ဏာ | က | ရိ | ဋ္ဌ | ဒ္ဓေါ | ပုဒိအာ |
| ဘ | သ | သ | ဝိ | သ | ဒေ | ဘ | ပုဒိအာ |
| ဂ | မ္ဘု | မ္ဗ | ဒ္ဓု | ဒ | ဝ | ဂ | ပုဒိအာ |
| ဝါ | ဒ္ဓေါ | န္နော | အ | မ္မ | မ | ဝါ | ပုဒိအာ |
| အ | ဝိ | သု | နု | သာ | နု | တိ | ပုဒိအာ |

၁ မှ ၈ အစဉ်အတိုင်းဝင်၊ ထီးတင်၊ ပုတီး ၁၈ ပုဒ်ကို တစ်ပတ်နှင့် အပြီးစိပ်။ မိမိဝင်လိုသော ဂုဏ်တော်ကိုပဲ စိပ်လျှင်လည်းရ၊ ၁ မှ ၈ ကံ အကောင်းဆုံး။

အသံထွက်

၁။ ဒိ ရင် ဇာ ဂတ် တ ရတ် သာ ပုဒိအာ

၂။ တိ ဟံ စ တော ရော ထိ နံ ပုဒိအာ

၃။ ဝိ သ ရ သော ပု သ ဇု ပုဒိအာ

၄။ သောမ် မာ န က ရိတ် ထဒ် ဓေါ ပုဒိအာ

၅။ ဘ သ သ ဝိ သ ဒေ ဘ ပုဒိအာ

၆။ ဂမ် ဗုံ ပ ဒ္ဒူ ဒ ဝ ဂ ပုဒိအာ

၇။ ဝဒ် ဓေါန် နော အမ် မ မ ဝါ ပုဒိအာ

၈။ အ ဝိ သု နု သာ နု တိ ပုဒိအာ

ဝိ သ ရ လော ပု သ ဇု
သော မ္မာ ဏာ က ရိ ဋ္ဌာ ဒ္ဓေါ
ဘ သ သ ဝိ သ ဒေ ဘ
ဂ မ္ဘု ပ္ဗ ဒ္ဒူ ဓ ဝ ဂ
ဝါ ဒ္ဓေါ န္နော အ မ္မ မ ဝါ
အ ဝိ သု နု သာ နု တိ

ဣတိပိသော ရှင်နှင့်ပြော၊ သဘောအရ သုံးကစင်စစ်၊ နှစ်ဆယ်တစ်ထည့်၊' ရှင်ချစ်အက္ခရာ၊ မှန်လှပါ၏။ မီးမှာပစ်လည်း မချစ်၊ ရေမှာပစ်လည်း မနစ်၊ ရှင်ချစ်အက္ခရာ မှန်လှပါ၏။ ပဌမမှာ၊ ဣရဋ္ဌာ၊ ဘဋ္ဌာ(ထမင်း)မှန်၍စား၊ ချမ်းမြေးလား၊ တိ-အသုံးမှာ၊ ကွမ်း ဆေးယာ၊ ရွှတ်ခါနေ့တိုင်းစား မြင်ကချစ် သနား။ ပိမှာအနာစွဲရောက်ရာ၊ မှန်စွာ မယုတ်၊ ခန်း၍မှုတ်၊ ထွေးရှုတ်ရှုခင်း။ ဖြစ်တုံလျှင်းမူ၊ ရှင်ရင်းမြတ်စွာ၊ နေသော၊ ရေးသာစက္ကူ။ ဖယောင်းဖြူချိန်မှူ ၂ မတ်သား၊ ဘုရားမှာ ပေးထွန်းတုံလော၊ ခုတ်ပေမနေနား။ ကိုယ်နံ့အလယ်ထား၊ သောကားတစ်စ၊ ဣတိယ၊ နှုတ်ကရွတ်၍သွား။ မြင်ကချစ်သနား၊ ဘမှာတစ်ဖန် အကျဉ်းခံ၊ မြန်မြန်မလွတ်လား။ ဂမှာတစ်လီ၊ ဆံတွင်းဆီ၊ ရာဆယ်လယ်စုတ်၊ ဝမ်းတွင်းရွတ်၊ (ဝမ်းဗိုက်လိမ်း) ခုတ်လေ စားသွားမပဲ့လား(ကာယသိဒ္ဓိ)၊ ဝါအရေးရှိ၊ ရွတ်တုံဘိ၊ အန္တိဘာယာကောင်းလှပါ၏။ အမှာတစ်ကြောင်း။ ရွတ်တိုင်းကောင်း။ နောက်နောင်မှတ်၍ထား၊ ကိုယ်ကထင်တိုင်းသွား။

ဂုဏ်တော်အသုံးတစ်နည်းဟု ရေးသားဖော်ပြပေးထား ပါသည်။

ကျွန်ုပ်လည်း ကျော်အောင်စံထားဆရာတော်ကြီး ချီးမြှင့်သော ဂုဏ်တော်ကွန်ချာအင်းကို အဆောင်အဖြစ် အသုံး ပြုသည်။ ကြေးပြား၊ ရွှေပြား၊ ငွေပြားမှာ ရေးဆွဲဆောင်ထား နိုင်သည်။ မီး ပူဇော်နိုင်သည်။ တစ်ကြောင်း ပုတီးတစ်ပတ်၊ တစ်နေ့ ပုတီး ၈ ပတ်၊ ၈ ရက် အဓိဋ္ဌာန်ဝင် ဆောင်ရွက်ပါက ကောင်း ကျိုးလိုရာဆန္ဒ ပြည့်ဝစေပါသည်။

သစ်တံခါးဆရာတော်ချီးမြှင့်သောစာအုပ်မှာလည်း ဂုဏ်တော်ကွန်ချာ ပါသည်။ တစ်ကြောင်းစီ အကျိုးကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com

ရေးထားသည်။ ပစ္စည်းပျောက်ကိစ္စ နှစ်ကြိမ်ဆောင်ရွက်ရာ နှစ်ကြိမ်စလုံးပြန်ရသည်။ တစ်ခုက ဖုန်း။ ရွှေတိဂုံမှာ မေ့ကျန်ခြင်း။ တစ်ခုမှာ အရေးကြီးစာ ရွက်စာတမ်းပျောက်ခြင်းဖြစ်ပါသည်။ ထိုအခါ ဂုဏ်တော်ကွန်ချာတစ်ကြောင်း ဖယောင်းတိုင်မှာရေး၊ မွေးနံကိန်းဂဏန်းရေးပြီး ဘုရားမှာပူဇော်။ ထိုဂါထာနှင့်ပင် ပုတီးစိပ်လိုက်ရာ အဆင်ပြေသွားပါသည်။


## ဖယောင်းတိုင်မီးထွန်းပူဇော်ဆုတောင်းစီရင်နည်း

ဣရဋ္ဌာ ဂတ္တ ရသ - ကြိုပ်စီးရန်အောင်
တိဟံ. စတော ရော ထိန် - ရောဂါပျောက်
ပိသရ လောပု သဗ္ဗ - လာဘ်လာဘ
သောမ္မာဏ ကရိတ္တဒွေါ - အမှုနိုင်
ဘ သ သ ဝိ သ ဒေ ဘ - ပစ္စည်းပျောက်
ဂ မ္ဗု မ္ဗ ဒ္ဓု ဒ ဝ ဂ - လူချစ်နတ်ချစ်
ဝိ ဒွေါ န္တော အ မ္ဗ မ ဝိ - စီးပွားရေး
အ ဝိ သု န္န သာ န္န တိ - လူကြီးမိဘ ကြည်အောင်
ဖယောင်းတိုင်တွင် မိမိ၏ မွေးနံအလိုက် ဂဏန်းရေးပါ။
၁။ တနင်္ဂနွေသားသမီး - ၁ ၆ ၇ ၂ ၃ ၄ ၅ ၈
၂။ တနင်္လာသားသမီး - ၂ ၇ ၁ ၃ ၄ ၅ ၆ ၈
၃။ အင်္ဂါသားသမီး - ၃ ၁ ၂ ၄ ၅ ၆ ၇ ၈
၄။ ဗုဒ္ဓဟူးသားသမီး - ၄ ၂ ၃ ၅ ၆ ၇ ၁ ၈
၅။ ကြာသပတေးသားသမီး - ၅ ၃ ၄ ၆ ၇ ၁ ၂ ၈
၆။ သောကြာသားသမီး - ၆ ၄ ၅ ၇ ၁ ၂ ၃ ၈
၇။ စနေသားသမီး - ၇ ၅ ၆ ၁ ၂ ၃ ၄ ၈

ဥပမာ ပစ္စည်းပျောက်သည်ဆိုပါက (၁ နွေသား) ဖယောင်းတိုင်တစ်တိုင်မှာ အထက်အောက် ရေးရပါမည်။ ဘုရားတွင်ပူဇော်။ ထိုဂါထာဂုဏ်တော် ပုတီး ၉ ပတ်စိပ် ဆုတောင်းပါ။ အမှန်တကယ် ပြန်လည်ရရှိပါသည်။

မှတ်ချက်။ ။ မိမိကြုံတွေ့နေရသော အခက်အခဲ (သို့) ဖြစ်လိုသောဆန္ဒအတိုင်း ကံမြင့်ချင်ပါက ကြိုပ်စီးရန်အောင်ရေး အိမ်ရှိဘုရားတွင်လည်းကောင်း၊ မိမိအဓိဋ္ဌာန်ပြုပုတီးစိပ်တရားထိုင်သော စေတီ (သို့) နေရာတွင်လည်းကောင်း ပူဇော်ပါ။ ဆုတောင်းပါ။ ဖယောင်းတိုင်တွင် ဂုဏ်တော်၊ မွေးနံအလိုက် ကိန်းဂဏန်းရေးပြီးပါက သိဒ္ဓိတင်ပါ။

သိဒ္ဓိတင်ပုံ ပါဠိကား "ဥုံ သိဒ္ဓိ သိဒ္ဓိ မဟာသိဒ္ဓိ၊




(တစ်တိုင်တည်း)

သိဒ္ဓိပေါင်း ထောင်သောင်း တက်ဆရာတက်၊ ထက်ဆရာထက်"ဟုတင်ပါ။ နောက်တစ်ပိုဒ်က "ဥုံ အက္ခရာ မေတ္တာဠ ဗုဒ္ဓရုပ် သမ်သိ ယ တိဋ္ဌတုံ တည်ပါစေ"နှစ်ခုစလုံး ၃၇ ခေါက်ရွတ်ပြီး သိဒ္ဓိတင်ကာ ပူဇော်၍ ဆုတောင်းပါ။ ထူးခြားစွာအောင်မြင်၍ နှစ်သက်ရပါမည်။ အမြဲမပြတ် ပူဇော်ပါက အထူးကောင်းမွန်လှပါ၏။ ဘုရားရှိခိုး၊ ပုတီးစိပ်၊ အဓိဋ္ဌာန်ပြုတိုင်း ပူဇော်ပါက သောကကင်း၍ အေးချမ်းမှုရကာ အောင်မြင်ပါမည်။

ဂုဏ်တော်ကွန်ချာကို . တစ်ပုဒ်ဆို၊ ပုတီးတစ်လုံးချ ၁၀၈ လုံး ပုတီးဖြင့် နေ့စဉ်စိပ်ပါက ဘေးရန်ဟူသမျှကင်းဝေးမကောင်းသော် ကြိုပ်စီးကြိုပ်နင်းကင်းခြင်း၊ ရောဂါကင်းဝေးကျန်းမာ၊ စီးပွားလာဘ်လာဘ ဝင်ငွေတိုး၊ အကြံအစည်အောင်စသည့် အကျိုးကျေးဇူးများစွာ ရရှိကြောင်း ဝေပုလ္လဆရာတော်မှ လမ်းညွှန်ခဲ့ပါသည်။ ဗားမဲ့လက်တွေ့ကျမ်း လင်္ကာမှာလည်း အကျိုးကျေးဇူး ဖော်ပြထားပါသည်။ သဘောပေါက်အောင် ဖတ်ကြည့်နိုင်ပါသည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း မိမိလိုအပ်ချိန် လိုအပ်သလိုလည်း ဖယောင်းတိုင်တွင် ရေးကာ ပူဇော်နိုင်ပါသည်။ ဖယောင်းတိုင်တစ်တိုင် ထောင်သောင်းပေး၍ ဝယ်စရာမလို။ ဆေးဖယောင်းတိုင်ထက် ကောင်း၏။

*ကောင်းကျိုးလိုရာ ဆန္ဒပြည့်ဝကြပါစေ . . .*

ဂမ္ဘီရဆရာလှမျိုး(B.Sc)



www.burmeseclassic.com

www.burmeseclassic.com

# လောကနတ်ဆောင် အိုတောင်ဘေးမရှိ

## ဆရာဟိန်ြွော

ကျွန်ုပ်သည် အိမ်ရှေ့ဧည့်ခန်းရှိ စားပွဲပေါ်မှ ကိုး လက်မအရွယ် ထိန်သားဖြင့် ထုလုပ်ထားသော လောက နတ်ရုပ်တုလေးအား ကြည့်နေရင်းမှ ထိုလောကနတ်နှင့် ပတ်သက်သော အဖြစ်အပျက်တစ်ခုကို ပြန်၍မြင်ယောင် နေမိတော့၏။

လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော် ကာလက ဖြစ်သည်။ ကျွန်ုပ်နှင့် ကျွန်ုပ်၏ ဆရာသခင်ဖြစ်သည့် ဆရာကြီးဦးဓမ္မတို့သည် အထက်ပိုင်းရှိ အလယ်ရိုးမ တောင် ကျောပေါ်သို့ ဂမုန်းပင်များ၊ ဆေးပင်များ ရှာဖွေရန် တက် ရောက်ခဲ့ကြလေ၏။ ထိုသို့ တက်ရောက်လာရင်းမှ အင်တိုင်း တောကို လွန်လျက် စမ်းချောင်းငယ်တစ်ခုကို ဖြတ်၍ ကူးနေခိုက်၊ တောတွင်း၌ ကျင်လည်နေသော တောပုန်း လူဆိုးတစ်စုနှင့် ရင်ဆိုင်တိုးလေတော့၏။ စုစုပေါင်း ငါး ယောက်ခန့်ရှိလျက် နှစ်ယောက်က ငှက်ကြီးတောင်ဓား ကိုင်ထားကာ ကျန်သုံးယောက်က ဂျပန်ရိုင်ဖယ် သုံးလက် ကိုင်၍ ထားလေ၏။ ကျွန်ုပ်နှင့် ဆရာကြီးမှာ စမ်းချောင်း ငယ်၏ တစ်ဘက်ကမ်းသို့ အရောက်တွင် ထိုသူသုံးဦး အနက်မှ ခေါင်းဆောင်ဖြစ်ဟန်တူသော အရပ်မြင့်မြင့်၊ အသားနက်နက်၊ နှုတ်ခမ်းမွေးကားကားနှင့် ပုဂ္ဂိုလ်ကြီးက ကျွန်ုပ်တို့နှစ်ဦးအား ရိုင်ဖယ်သေနတ်နှင့် ထိုးချိန်ကာ・・

"ခင်ဗျားတို့ ဘယ်သွားမှာလဲ၊ ပါတဲ့ ပစ္စည်းတွေ ပေးခဲ့၊ ခုခံမယ် ကြံရင်တော့ သေဖို့သာ ပြင်ပေတော့"

ဟု ကြိမ်းမောင်း ပြောဆိုလေရာ ဆရာကြီး ဦးဓမ္မက・・・

"ကျုပ်တို့ဟာ မြန်မာသမားတော်တွေပါ သူတစ်ပါး အသက်ကယ်ဆယ်နိုင်ဖို့ ဆေးပင်တွေ လာရှာတာပါ။ ဘာ အဖိုးတန်ပစ္စည်းမှလည်း ပါမလာပါဘူး။ မယုံရင် ရှာကြည့် ပါ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ခေါင်းဆောင် ပုဂ္ဂိုလ်က ငှက်ကြီးတောင် ကိုင်ထားသော ခပ်ပုဝဝလူအား လှမ်းကြည့်လျက်・・・

"ဟေ့ကောင် အောင်ဘ သူတို့အကျီအိတ်တွေထဲ စေ့စေ့စပ်စပ် ရှာကြည့်စမ်း"

ဟု အမိန့်ပေးလေရာ ဆရာကြီးဦးဓမ္မ၏ အိတ် များကို ဦးစွာရှာလေ၏။ တိုက်ပုံအကျီ အတွင်းအိတ်ထဲမှ ရုပ်တုလေးတစ်ခု ထွက်လာလေ၏။

"ဆရာကြီးခင်ဗျား ရွှေငွေဆိုလို့ မတွေ့ပါဘူး။ ဒီအရုပ်လေးတော့ တွေ့ပါတယ်"

ဟု တပည့်ဖြစ်သူ အောင်ဘက ခေါင်းဆောင် အား အရုပ်လေးကို ပြလေရာ ခေတ္တမျှ စူးစိုက်၍ ကြည့်နေ ရင်းမှ မျက်နှာပေါ်တွင် လောဘ၊ ဒေါသ၊ မောဟ အရိပ် အယောင်များ ပျောက်ကွယ်ကာ ခပ်ပြုံးပြုံးအမူအရာဖြင့်-

"ကဲ・・・・ တပည့်တို့ သူတို့လမ်း သူတို့သွားပါစေ၊ အနှောင့်အယှက် မပြုကြပါနဲ့"

ဟု ပြောဆိုကာ သူ့လူများနှင့်အတူ စမ်းချောင်း တစ်ဘက်သို့ ကူးသွားလေတော့၏။ ကျွန်ုပ်တို့လည်း စမ်း ချောင်းဘေး သစ်ရိပ်မှာ ခဏနားကြလေ၏။

ကျွန်ုပ်မှာ အရုပ်လေးကို ကြည့်ရင်းမှ စိတ်ပြောင်း သွားသော လူဆိုးခေါင်းဆောင်၏ အဖြစ်ကို အမှတ်မထင် တွေ့ရသဖြင့် ဆရာကြီးဦးဓမ္မအား・・・

"ဆရာကြီး ခင်ဗျား၊ ခုန အရုပ်လေးက ဘာရုပ် လေးလဲ၊ အတော်ထူးဆန်းပါကလား၊ ဒီအရုပ်လေး ကြည့်



www.burmeseclassic.com

www.burmeseclassic.com

တာနဲ့ လူဆိုးခေါင်းဆောင်ကြီး စိတ်ကောင်းဝင်သွားလိုက်တာ မျက်နှာကလည်း ပြုံးလို့"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဆရာကြီး ဦးဓမ္မက-

"အဲဒါ လောကနတ်ရုပ်လို့ ခေါ်သကွယ့်၊ ဘေးကင်းရန်ကင်းစေတယ်၊ ကိုယ်စိတ်နှစ်ပါးကို ငြိမ်းချမ်းအေးမြစေတယ်ကွယ့်၊ ဆရာကြီးက စနေသားဆိုတော့ စနေရဲ့ အညွှန့်နံဖြစ်တဲ့ တနင်္ဂနွေနံ အင်္ဂါသားနဲ့ ထုလုပ်ပြီး ဆောင်ထားတာပဲကွယ့်၊ အမှန်တော့ လောကနတ်ဆိုတာ ငြိမ်းချမ်းရေး အထိမ်းအမှတ်ပဲကွယ့် မောင်ဟိန္ဒြာရဲ့"

ဟု ရှင်းပြလေမှ ဆရာကြီး ဦးဓမ္မထံမှ ရုပ်တုလေးကို ခဏမျှ တောင်းယူကြည့်မိလေတော့၏။

ရုပ်တုလေးမှာ ကြာပလ္လင်ထက်တွင် ထိုင်လျက်ရှိ၏။ ဒူးနှစ်ဘက်ကို ထောင်လျက် တင်ပျဉ်ခွေဟန်ဖြစ်နေပြီး ခြေနှစ်ဘက် ခြေဖျားတွင် စည်းစုပ်တစ်ခုစီကို ညှပ်၍ တီးနေဟန်ရှိ၏။ ညာလက်က လက်ဖျားအပေါ်ထောင်၍ ကနေဟန်ရှိ၏။ ဘယ်လက်က ကွေးညွတ်ကာ ဒူးပေါ်တင်လျက် လက်ဖျားအပေါ် ထောင်နေ၏။ ဦးခေါင်းက အပေါ်သို့မော့နေဟန်ရှိ၏။ လက်မောင်းအလယ်တွင် လက်စည်းရှိ၏။ ရင်ဘတ်နှင့် လက်နှစ်ဘက်သို့ ပဝါစရှည်ရှည်တစ်ခု နွယ်ပတ်၍ ချထား၏။ အင်္ကျီပုံစံမှာ ပုဂံခေတ်ရင်စည်းအင်္ကျီပုံစံဖြစ်၍ ပန်းကနုတ်များပါ၏။ ခါးပုံစမှာ ခါးဆီမှ ပေါင်ကြားသို့ဆင်းကာ ခြေဖျားနှစ်ဘက်နောက်မှ ကြာပလ္လင်ပေါ်ကျနေ၏။ ဦးခေါင်းတွင်မူ စေတီပုံပါသော မကိုဋ်ကို ဆောင်းထားဟန်ရှိ၏။

"ဒီလောကနတ်ကို ဆောင်ထားရင် တကယ်ပဲ အန္တရာယ်ကင်းသလား ဆရာကြီး"

"ဘယ့်နှယ် ပြောပါလိမ့်ကွာ၊ ခုတင်ပဲ အသက်ဘေးက ထွက်လာတာ မင်းအမြင်မဟုတ်လား၊ ကိုယ်မှာဆောင်ရင် ကိုယ်တိုင် အန္တရာယ်ကင်းရုံမကဘူး၊ ကိုယ်နဲ့ပါတဲ့လူလည်း အန္တရာယ်ကင်း၊ ဘေးကင်းတယ်၊ အိမ်မှာဆောင်ရင် သူခိုး၊ ဓားပြ၊ လူဆိုး၊ လူလိမ်တွေရဲ့ အန္တရာယ်က ကင်းရှင်းစေတယ်။ အဲ···အိမ်မှာ ဆောင်တဲ့အခါမှာတော့ ကိုးလက်မအရွယ်လောက်ထုပြီး အိမ်ရှေ့စားပွဲပေါ်ကနေ အိမ်ရှေ့လမ်းမဆီ ရုပ်တုကို လှည့်ထားရမယ်။ ဒါမှမဟုတ် ဧည့်ခန်းအထက် စင်မြင့်လေးစိုက်ပြီး လမ်းမဘက် လှည့်ထားလည်း ရတယ်။ အဲသလိုထားရုံနဲ့ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစေတယ်။ လူချစ်လူခင် ပေါများစေတယ်။ ကူညီပေးကမ်း စောင့်ရှောက်သူ ပေါများစေတယ် မောင်ဟိန္ဒြာရဲ့"

ဟု ဆရာကြီးက ရှင်းပြလေ၏။

"ဒါဆို ကျွန်တော်က သောကြာသားဆိုတော့ စနေနံ အသားကို ဆောင်ရမှာပေါ့နော် ဆရာကြီး"

"အိမ်း···ဟုတ်တာပေါ့၊ ထိန်သား တောင်ဘက်ကိုင်းကို ယူရတယ်။ အဲဒါကို လောကနတ်ရုပ်ထုပြီး ဆောင်ရမယ်။ ပိုပြီးအကျိုးထူးရစေအောင် အမွှေးနံ့သာရည် ဖျန်းပေးပြီး အဲဒီအရုပ်ကို သိဒ္ဓိဝင်လာအောင် ဥူမ် ဗုဒ္ဓသစ္စံ အရိယံ ထကြွ၊ ဓမ္မသစ္စံ အရိယံ ထကြွ၊ သံဃသစ္စံ အရိယံ ထကြွ၊ ဆိုပြီး (၉၉) ကြိမ် ဂါထာစုပ်ပေးရမယ်။ မကြာခဏ အမွှေးနံ့သာတိုင် ထွန်းပေးရတယ်။ ဒါဆိုရင် လောကနတ်ဟာ မကွာအမြဲ စောင့်ရှောက်ပါလိမ့်မယ်"

ဟု ရှင်းပြလေရာ ကျွန်ုပ်လည်း ထိုအချိန်မှစ၍ ဆရာကြီး ပြောပြသည့်အတိုင်း ထိန်သားဖြင့် လောကနတ်ရုပ် ထုလုပ်၍ ဧည့်ခန်းတွင် အဆောင်ကောင်း အဆောင်မြတ်အဖြစ် ယနေ့တိုင် ထားလာခဲ့ရာ ကျွန်ုပ်ကိုယ်တွေ့အရ "လောကနတ်ဆောင် အိုတောင် ဘေးမရှိ" ဟု ဆိုရမည် ဖြစ်ချေသည်။

ငြိမ်းချမ်းရေးဓာတ်၊ လောကနတ်တည့်
မြတ်သောစီးပွား၊ ဆယ်ဆပွား၍
ရန်ရှားဘေးရှောင်၊ ကြံတိုင်းအောင်လျက်၊
ဆောင်တိုင်းလည်းမြောက်၊ သိဒ္ဓိပေါက်၍
ရောက်လေရာတွင်၊ လူနတ်ခင်ပြုံး
လိုအင်ပြည့်ဖြိုး၊ ရွှေ ငွေ တိုးသည်
လာဘ်မိုးရွာလိမ့် အမြဲတည်း။ ။

ဆရာဟိန္ဒြ




www.burmeseclassic.com

www.burmeseclassic.com

# လောကနတ်လက်ခုပ်တီး လာဘ်ခေါ်နည်း

ဂမ္ဘီရဆရာကြီးဇာဂရု







www.burmeseclassic.com

www.burmeseclassic.com

"ဆရာကြီးခင်ဗျား။ ကံပေါ်ဓာတ်ပေါ် လာဘ်ခေါ်သိဒ္ဓိ အစီအရင်လေးများရှိရင် ကျွန်တော်တို့ကို ချီးမြှင့်ပေးပါဦး ခင်ဗျာ"

တပည့်ကြီး ဆရာကိုဗေယျာမိုးနှင့် ဆရာကိုအောင်ကြည်ထူးတို့ ကျွန်ုပ်၏ တရားစခန်းနားချိန် အချိုရည်ဘူးများ လာကန်တော့ရင်း မေးမြန်းလာကြသည်။

"အေး . . . မင်းတို့ ကြားဖူးသားပဲ။ 'ဓာတ်တူနံတူ ဆေးဖက်သူ၊ နံတူသတ်က အသေရ'တဲ့ကွယ်။ ပြီးတော့ 'ကက်ကင်းသေ၊ ရှင်လိုမှ ထက်အောက်ယူ၊ နံတူသတ်က အသေရ'တဲ့။ ရှေးဆရာမြတ်တို့ရဲ့ အဆိုစကား ရှိတယ်မဟုတ်လားကွယ့်"

ကျွန်ုပ်၏ တပည့်များက ကျွန်ုပ်၏မျက်နှာကို မော့ကြည့်ကာ ဆက်လက်မိန့်မှာမည့်စကားကို စိတ်ဝင်တစား ငံ့လင့်နေပုံရပါသည်။

"ဟုတ်ကဲ့ ဆက်လက်အမိန့်ရှိပါ ဆရာကြီးခင်ဗျာ"

"ဆရာ ကိုအောင်ကြည်ထူးတို့တွေလည်း တွေ့ဖူးကြမှာပါ။ ညှိခန်းမတွေ၊ ဆိုင်ခန်းတွေထဲမှာ ရွှေရောင်ဝင်းလက်နေတဲ့ စောင်းကောက်တွေထား ကြတာလေ။ မြန်မာ့ရိုးရာ အလှပြတာမဟုတ်ဘူးကွယ့်။ 'စောင်းကောက်'ဆိုတာ အင်္ဂါ + တနင်္လာနံ။ ဈေးခေါ်တာပဲကွယ့်။ ဈေးခေါ်ဟာလည်း အင်္ဂါ + တနင်္လာနံပဲ။ နံတူပြုပြီး လာဘ်ခေါ်တာပေါ့။ နံတူသတ်တော့ သေတယ်လေကွယ်။ အောင်သိဒ္ဓိဖြည့်တာမျိုး 'စောင်းကောက်ဈေးခေါ်'ကွယ့်"

ကျွန်ုပ်က ရေနွေးကြမ်းတစ်ခွက်ကို ငုံသောက်ပြီး အာခြောက်မှုကို ဖြေလိုက်သည်။

"ဓာတ်ယတြာသဘောကို ပြောရရင် 'ဓားပြ'မတိုက်စေချင်ရင် 'ပြဒါး'ကိုဆောင်။ 'သူခိုး'ခိုးမခံချင်ရင် 'ကြက်သွန်'နဲ့ပြင်တာဟာ 'ကက်ကင်း'ဓာတ်နဲ့ သိဒ္ဓိနံတူသွင်းပြီး အသေသတ်တာပဲ တပည့်တို့ရဲ့"

"ဒါထက် ဆရာကိုဗေယျာမိုးနဲ့ ဆရာကိုအောင်ကြည်ထူးတို့ကို ဆရာကြီး မေးရဦးမယ်။ 'လောကနတ်'အကြောင်းများ ဆရာတို့ သိကြသလားဗျ"

ဟု ကျွန်ုပ်က ဆက်မေးလိုက်ရာ

"အနည်းအကျဉ်းလောက်တော့ ကြုံဖူးကြားဖူးမိပါတယ် ဆရာကြီး"

"ကြုံဖူးမိတယ်ဆိုရင်လည်း သိသလောက် ပြောပြစမ်းပါဦး ဆရာတို့ရယ်"

"ဆရာကြီးခင်ဗျား။ လောကနတ်ဆိုတဲ့ နတ်မင်းဟာ ရန်ကိုပြေငြိမ်းပြီး ဒေါသမီးကို အေးစေတယ်လို့ စာပေတွေမှာ ဖတ်ရပါတယ်ဆရာကြီး။ ငြိမ်းချမ်းရေးနဲ့ အေးမြချမ်းသာမှုကို ပေးတဲ့ နတ်၊ ပုဂံရိုးရာယဉ်ကျေးသိမ်မွေ့မှု ရုပ်လုံးလက္ခဏာကိုပေါ်စေတဲ့ နတ်မင်း။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်တွင်းရေးတွေပြေပြီး လာဘ်မိုးရွာ တိုးတက်စေတဲ့ နတ်မင်းလို့ပဲ ကြုံသိမိရပါတယ် ဆရာကြီးခင်ဗျာ"

"အေး...မှန်တယ်ကွယ့် တပည့်တို့ရဲ့။ 'လောကနတ်' ဆိုတာက ပဒုတ်တစ်မျိုး။ 'လောကနတ် ကံပေါ် လက်ခုပ်တီးလာဘ်ခေါ်နည်း'ပေါ့ကွယ်။ အားလုံးဟာ ဓာတ်တူနံတူ (၄+၂+၇)တွေ ချည်းပဲ။ ဒီတော့ 'လက်ခုပ်တီး'တဲ့အချိန်မှာ အကျိုးထူးများစွာရှိတဲ့ လောကနတ်လက်ခုပ်တီး လာဘ်ခေါ်နည်းကို ဆရာတို့ကို သင်ပေးပါ့မယ်ဗျာ"

"ဟုတ်ကဲ့ပါ။ ချီးမြှင့်ပေးပါဦး ဆရာကြီး။ တပည့်တို့ ရေးမှတ်ထားပါ့မယ်ခင်ဗျာ"

"လောကနတ်ရုပ်တုကို ဆရာကိုအောင်ကြည်ထူးတို့ မြင်ဖူးကြမှာပေါ့။ ကြာပလ္လင်ထက်မှာ ထိုင်နေပုံလေ။ ဒူးနှစ်ဖက်ကိုထောင်၊ တင်ပျဉ်ခွေဟန်ဖြစ်ပြီး ခြေနှစ်ဖက် တစ်ဖက်စီခြေဖျားမှာ 'စည်းစုပ်'တစ်ခုစီညှပ်ပြီး တီးနေတဲ့ပုံပေါ့။ ညာလက်ဖျားကို အပေါ်ထောင်၊ ဘယ်လက်ကကွေးညွတ်၊ ဒူးပေါ်တင်လို့ လက်ဖျားအပေါ်ထောင်ကာ ဦးခေါင်းအပေါ်မော့ပြီး ကနေဟန်ရှိတယ်။ ရင်ဘတ်နဲ့ လက်နှစ်ဖက် ပဝါရှည်ရှည် တစ်ခု နွယ်ပတ်ပြီး ချထားတယ်။ အင်္ကျီပုံစံကလည်း ပုဂံခေတ် ရင်စည်းအင်္ကျီ။ ပန်းကနုတ်များပါပြီး ခါးပုံစ ၊ ခါးဆီးမှ ပေါင်ကြားကိုဆင်း။ ခြေဖျားနှစ်ဖက် ကြာပလ္လင်ပေါ်ကျပြီး ဦးခေါင်းမှာ စေတီပုံပါတဲ့ မကိုဋ်ကို ဆောင်ထားဟန်ရှိတယ် ကွယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"အေး...ဒီတော့ ဓာတ်နံသဘောအရ ဖွင့်ကြည့်ရရင် လာဘ်ခေါ်ချင်လို့ 'လောကနတ်'နဲ့ လက်ခုပ်တီးပြီး လာဘ်ခေါ်နည်းကို အင်္ဂဝိဇ္ဇာသဘောအရ စီရင်ဆောင်ရွက်ကြရမှာ



www.burmeseclassic.com

www.burmeseclassic.com

ကဲ··ဒီလင်္ကာလေးကို ရေးယူမှတ်သားထားလိုက်ကြ"

"ဟုတ်ကဲ့ပါ ဆရာကြီးခင်ဗျာ"

**ကံပေါ်စာတ်ပေါ် လောကနတ် လာဘ်ခေါ်နည်းလင်္ကာ**

လှတို့ရှာတွင်၊ လာဘ်ပန်းဆင်၊ စီရင်နည်းတစ်ပြာ။
လောကနတ်မင်း။ ကိုးနဝင်း။ စာတ်သွင်းယတြာ။
လက်ဖက်ကိုးပုံ၊ ယိုပန်းစုံ၊ သင်းထုံရေချမ်းသာ။
သစ်သီးမယွင်း။ ကိုးမျိုးသွင်း။ ရွှေဝင်းလင်ပန်းမှာ။
နံ့သာဖယောင်း။ မွှေးကိုးချောင်း။ ဆွမ်းပေါင်းဖြူစင်စွာ။
ဘုရားသံဃာ၊ ရတနာ၊ လှူပါ ဒါနသာ။
နံနက်ချိန်ခါ လက်ခုပ်သာ၊ တီးကာပူဇော်ရာ။
နံချင်းစာတ်တူ၊ နဝင်းထူ၊ ဖမ္ဗူအေးငြိမ်းမှာ။
တဲ့ကွယ့်။

(ရှေးလင်္ကာ)

**မြတ်ရတနာသုံးပါးနဲ့ လောကနတ် ဆွမ်းပွဲပြင်ဆင်နည်း**

၁။ ရွှေလင်ပန်း။
၂။ သစ်သီး ၉ မျိုး
၃။ ယို ၉ မျိုး
၄။ ပန်း ၉ မျိုး
၅။ လက်ဖက် ၉ ပုံ၊
၆။ ရေချမ်း ၉ ခွက်၊
၇။ ဆွမ်း ၉ ပွဲ၊
၈။ ဆီမီး ၉ တိုင်၊
၉။ အမွှေးတိုင် ၉ ချောင်း ပါရပါမည်။

လောကနတ်မင်းရုပ်တု (ဝါ) ရုပ်ပုံရှေ့တွင် အထက်ပါ လှူဖွယ်ပစ္စည်းစုံ ပြင်ဆင်ထားရပါမည်။ ရွှေလင်ပန်း (ဝါ) ရွှေရည်သုတ်လင်ပန်း(ရွှေပြားကပ်)ပေါ်တွင် လက်ဖက် ၉ ပုံ၊ ယို ၉ ပုံ၊ သစ်သီးစုံ ၉ မျိုး၊ ဆွမ်း ၉ ပွဲ၊ ပန်း ၉ မျိုး၊ ရေချမ်း ၉ ခွက်၊ ဆီမီး ၉ တိုင်၊ အမွှေးတိုင် ၉ ချောင်း စိုက်ထူလှူဒါန်းကာ ဒါနပြုရပါမယ်။ ပြီးလျှင် အောက်ပါ မွေးနံ့သားသမီးများ အစီရင်ပြုကြရပါမယ်။

ဥပမာ တနင်္ဂနွေသားသမီးများ (ဆပွတ်)သောကြာ နေ့ (မြောက်)အရပ်ထောင့်ကို မျက်နှာမူကာ အောင်ဖော်ပြပါ ယေားအတိုင်း လက်ခုပ် ၉ ချက်တီး၍ "လာဘ်ခေါ်" စီရင်ဆောင်ရွက်ရပါမယ်။ ကျန်နေ့နံ့သားသမီးများလည်း ယေားကို လေ့လာဆောင်ရွက်နိုင်ကြပါတယ်။

"ပြီးတော့ ရောင်းဝယ်ဖောက်ကား ကုန်ပစ္စည်းများ ထွက်စေဖို့ လာဘ်လာ ဘတိုးပွားစေဖို့ ရှေးဆရာမြတ်များရဲ့ အဆိုအမိန့်စကားရှိတယ်ကွယ့်။ ဆရာကြီး ထပ်ပြီးရွတ်ဆို ပြမယ်။

"ထွက်စွံလိုလျှင် ရန်နှင့်ဆင်၊
ဆ,ပင် ညွှန့်ပွင့်ရိုက်"
"သူ့ကိုနိုင်လို ဆ,ကို ခို၊
ထောင့်ဂြိုဟ်စာတ်ဆင်လိုက်"

လို့ ဆိုထားတယ်။ ကဲ···ယေားကို ဆက်ကြည့်ကြရအောင်ကွယ်။

ဖော်ပြပါယေားအတိုင်း စာတ်ပန်း၊ စာတ်ညွှန့်၊ စာတ်ယို အစားအစာများ ပူဇော်ဖွယ်ရာများကို သဒ္ဓါကြည်လင်ဖြူစင်စွာ ပြင်ဆင်ပြီး နံနက် ၉း၁၀ နာရီမှ ၁၁း၀၀ နာရီအတွင်း ရတနာသုံးပါးနှင့် လောကနတ်မင်းအား ပူဇော်ပါ။ ယေားအတိုင်း သက်ဆိုင်ရာ နေ့နံ့သားသမီးများ၊ ဆိုင်ရာထောင့်ကို မျက်နှာမူကာ "လက်ခုပ်တီး"ပြီး "လောကနတ်မင်းကြီး ခင်ဗျာ/ရှင့်။ ကျွန်တော်၊ ကျွန်မတို့၏ နေအိမ်တိုက်တာ၊ စက်ရုံ၊ ဆိုင်၊ ဗိမာန်သို့ ကြွရောက်၍ လောကနတ်အရှင် ပျော်ပွဲဆင်လျက် (လက်ခုပ်တီး)တီးပြီး···

၁။ ရွှေရတနာများ ဝင်လာမဆဲ တသဲသဲ၊
၂။ ငွေရတနာများ ဝင်လာမဆဲ တသဲသဲ၊
၃။ ပတ္တမြားရတနာများ ဝင်လာ မဆဲ တသဲသဲ၊
၄။ ကျောက်စိမ်းရတနာများ ဝင် လာမဆဲ တသဲသဲ၊

| | |
|---|---|
| ဦး - ညို၊ ခေ - မာ၊ သု - တ၊ ဝေ - ရီ | ရန်စိစိ(ရန်ငြိုဟ်) |
| ၁ - ၃၊ ၂ - ၅၊ ၆ - ၇၊ ၄ - ၈ | |



www.burmeseclassic.com

www.burmeseclassic.com

| နေ့နံ သားသမီး | ရန်ဖြိုဟ် | ရန်ဖြိုဟ် လှူရန် ဓာတ်ပန်း | ဆပွတ်ဖြိုဟ် | ဆပွတ်ဖြိုဟ် လှူရန် ပစ္စည်း | လက်ခုပ်တီး ရာတွင် မျက်နှာမူရာ ထောင့် | ဆောင်ရွက်ရန် |
|---|---|---|---|---|---|---|
| တနင်္ဂနွေ | အင်္ဂါ | ငှက်ပန်း၊ | သောကြာ | သစ်သီးယို၊ | မြောက်အရပ် | လက်ခုပ် ၉ ချက်တီး |
| | | ဇော်စိမ်းပန်း | | သရက်ယို | ထောင့် | လက်ခုပ် ၉ ချက်တီး |
| တနင်္လာ | ကြာသပတေး | မေမြို့ | စနေ | နာနတ်ယို၊ | အနောက် | လက်ခုပ် ၉ ချက်တီး |
| | | ပေါက်ပေါက် | | နမ်းပျစ် | တောင်ထောင့် | လက်ခုပ် ၉ ချက်တီး |
| အင်္ဂါ | တနင်္ဂနွေ | အုန်းပန်း၊ | တနင်္ဂနွေ | အုန်းယို | အရှေ့မြောက် | လက်ခုပ် ၉ ချက်တီး |
| | | အင်ညွန့် | | | ထောင့် | လက်ခုပ် ၉ ချက်တီး |
| ဗုဒ္ဓဟူး | ရာဟု | ရှောက်ညွန့်၊ | တနင်္လာ | ကတွတ်ယို | အရှေ့အရပ် | |
| | | ရွှေပန်း | | | ထောင့် | လက်ခုပ် ၉ ချက်တီး |
| ကြာသပတေး | တနင်္လာ | ကံ့ကော်ပန်း၊ | အင်္ဂါ | ဆီးယို | အရှေ့တောင် | လက်ခုပ် ၉ ချက်တီး |
| | | ငွေပန်း | | | ထောင့် | လက်ခုပ် ၉ ချက်တီး |
| သောကြာ | စနေ | ဒေါနု၊ | ဗုဒ္ဓဟူး | ရှောက်ယို | တောင်အရပ် | |
| | | ဒန်းပန်း၊ | | | ထောင့် | |
| | | ဒန်းညွန့် | | | | |
| စနေ | သောကြာ | သီဟိုဠ်၊ | ကြာသပတေး | မြေပဲယို | နောက်အရပ် | |
| | | သပြေ | | | ထောင့် | |
| ရာဟု | ဗုဒ္ဓဟူး | လင်းလွန်းရွက်၊ | တနင်္လာ | ကျောက်ဖရုံယို | နောက် | |
| | | ဝါးရွက် | (ညနေကိတ်) | ခရမ်းချဉ်ယို | မြောက်ထောင့် | |

၅။ စိန်ရတနာများ ဝင်လာမဆဲ တသဲသဲ၊
၆။ ပုလဲရတနာများ ဝင်လာမဆဲ တသဲသဲ၊
၇။ နီလာရတနာများ ဝင်လာမဆဲ တသဲသဲ၊
၈။ မြရတနာများ ဝင်လာမဆဲ တသဲသဲ၊
၉။ မဟူရာရတနာများ ဝင်လာ မဆဲဆဲ တသဲသဲ၊

လက်ခုပ်တီးပြီး "ဝင်ကြပါစေ၊ ဝင်ပါစေ" သုံးကြိမ် ရွတ်ဆိုပြီး ဆုတောင်းပါ။

ကျွန်ုပ်၏ တပည့်များအား စိတ်ရည်စွာ သင်ကြား ချီးမြှင့်ပေးလိုက်ပါတော့သည်။

နလုံးစိတ်ဝမ်း အေးချမ်းကြပါစေ . . .

**ဂမ္ဘီရဆရာကြီးဇာဂရ**

မှတ်ချက် ။ လောကနတ်လာဘ်ခေါ် ပုံတော်ကို ချိတ်ဆွဲပူဇော် ဆောင်ထားခြင်းဖြင့် ဓာ၄ သိဒ္ဓိယကြတည်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး

# ရှေးဟောင်းစေတီတော် ပြုပြင်တည်ဆောက်ရေးအတွက် ကုသိုလ်ပြု လှူဒါန်းရန် ဖိတ်ခေါ်လွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး၌ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်ကဟု ခန့်မှန်းရသော ရှေးဟောင်းစေတီပျက်တစ်ဆူ ရှိပါသည်။

ထိုစေတီပျက်အား ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ ၂၂-ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၆၇)ရှိ ဓမ္မဝါစီကျောင်းတိုက်မှ သီလရှင် 'ဒေါ်နန္ဒဝတီ' သည် ပြုပြင်လိုသောဆန္ဒ ဖြစ်ပေါ်ခဲ့ရာ ကျေးရွာရှိ ဆရာတော် 'ဦးသီဟ' နှင့် ရပ်ရွာလူကြီးများကို တိုင်ပင်လျက် ၁၃၇၆-ခုနှစ်၊ နတ်တော်လဆုတ် ၁၃ ရက်နေ့တွင် မြို့နယ်သံဃာ့နာယက ဆရာတော် အပါအဝင် ပင့်သံဃာ ၉ ပါးတို့နှင့် မြေသန့်မင်္ဂလာ ပြုလုပ်ပြီး စေတီပျက် ပရိဝုဏ်ကိုငုံလျက် စေတီရင်ပြင်ဘောင် အုတ်ရိုးစီလုပ်ငန်းကို ၅၅ ပေ ပတ်လည် ကာရံပြုပြင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် လိုအပ်သည့် အဝီစိတွင်း တူးဖော်ခြင်း၊ ရေလှောင်ကန် ဆောက်လုပ်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ပါသည်။


ဤတွင် ခုနစ်ရက်သားသမီးအပေါင်းတို့အနေဖြင့် သာသနိကအဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးလျက် ဗုဒ္ဓသာသနာ အဓွန့်ရှည်ရန် ပါဝင်လှူဒါန်းလိုကြပါက အောက်ပါပုဂ္ဂိုလ်အသီးသီးထံ လှူဒါန်းနိုင်ကြပါကြောင်း စေတနာလောင်း၍ နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန် လိပ်စာများ**

(၁) ဆရာတော် ဦးသီဟ (၀၉-၄၀၃၇၃၀၂၅၀)
(၂) ဆရာလေး ဒေါ်နန္ဒဝတီ(ဓမ္မဝါစီ သီလရှင်ကျောင်း) (၀၉-၄၂၁၁၆၆၉၈၈)
(၃) ဒေါ်ကြင်တင်(၂၄၊ နတ်စင်လမ်း၊ ကျောက်မြောင်း၊ တာမွေ) (၀၉-၅၄၄၆၀၉)
(၄) ဒေါ်တင်တင်အေး(၇/မြေညီ၊ ငွေလရောင်လမ်း၊ ဝွတ္တလစ်) (၀၁-၄၀၀၉၂၃)
(၅) ဒေါ်နွဲ့နွဲ့ဝင်း(၁၇၊ ကျောက်တောလမ်း၊ ကျောက်မြောင်း) (၀၉-၃၁၄ဂ၇၀၉)
(၆) ဦးအောင်ရွှေ(၅၄၊ လမ်း ၁၂၀၊ မင်္ဂလာတောင်ညွန့်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပလုပ်တောင်ရွာသူ

မောင်မောင်မိုးအောင်

"ပလုပ်တောင်ရေ. . .နင်ကြိုက်တဲ့အမဲသားဟင်း ချက်ထားတယ်။ အဝသာစားပေတော့။ ခု နင့်ကို ထမင်းကျွေးတာ နောက်ဆုံးပါပဲ။ ငါ ဒီအိမ်ကပြောင်းရတော့မယ်။ နင့်ကို ငါနဲ့အတူ ခေါ်သွားချင်ပေမယ့် တောက ငှက်ခွေးမျိုးတွေ လက်ခံမှာမဟုတ်ဘူး။ နင်လည်း မလိုက်နိုင်ပါဘူး။ နင် ဒီလိုနေရာမှာပဲ နေရစ်ခဲ့ပေတော့။ မတတ်သာလွန်းလို့ နင်နဲ့ ခွဲသွားရတာပါ။ နင့်ကို ငါကျွေးမွေးနေတာ အိမ်နီးနားချင်းတွေ သိနေကြတယ်။ နင် သတိထားပြီးသာ နေခဲ့ပေတော့။ သိပ်ပြီး အတင့်မရဲနဲ့နော်။ ဒီ ကုက္ကိုပင်ကြီးမှာပဲ နေခဲ့ပေတော့"

ဒေါ်ကြည်က သူနှင့်ဘဝခြားခဲ့ပြီဖြစ်သော ပလုပ်တောင်ကို ပြောနေခြင်းဖြစ်သည်။ အချိန်မှာ ညနေ နေဝင်စအချိန်ဖြစ်သည်။ ညနေချိန်ရောက်တိုင်း ဒေါ်ကြည်က ပလုပ်တောင်ကို ကျွေးမွေးနေကျဖြစ်သည်။ ယခု ဒေါ်ကြည် ဤအိမ်ကြီးမှ ပြောင်းရွှေ့ရတော့မည်ဖြစ်သည်။ အိမ်ကြီးမှာ ရှေးဟောင်းပျဉ်ထောင် နှစ်ထပ်အိမ်ကြီးဖြစ်သည်။ ကျွန်း ပျဉ်းကတိုးများဖြင့် ဆောက်လုပ်ထားသည်။ အုတ်ကြွပ်မိုးဖြစ်သည်။ မော်လမြိုင်မြို့ စစ်တဲကုန်းရပ် ကုန်းထိပ်တွင်ရှိသည့် အိမ်ကြီးဖြစ်သည်။

အချိန်ကာလမှာ မြန်မာပြည် လွတ်လပ်ရေးရပြီးစ အချိန်ဖြစ်သည်။ စင်စစ် ဒေါ်ကြည်သည်လည်း အိမ်ပိုင်ရှင် မဟုတ်ပေ။ အိမ်အစောင့်သာဖြစ်သည်။ ဤအိမ်ပိုင်ရှင်များမှာ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။ ယခုအိမ်ကြီးကို ဝယ်ယူမည့်သူ ပေါ်လာသဖြင့် ရောင်းချလိုက်ပြီဖြစ်သည်။ ဒေါ်ကြည်တို့မိသားစု ဖယ်ရှားပြောင်းရွှေ့ပေးရတော့မည် ဖြစ်သည်။ ဒေါ်ကြည်တို့မိသားစုမှာ လွတ်လပ်ရေးမရမီ ကာလများမှ လွတ်လပ်ရေးရပြီးသည်အထိ နှစ်များစွာ ဤအိမ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်လာသူများ ဖြစ်သည်။ မိမိတို့အိမ်ပိုင်ကဲ့သို့ သံယောဇဉ်ဖြစ်နေသည်။ အိမ်ရောင်းချပြီး အိမ်ပိုင်ရှင်များက ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့သည့် ဒေါ်ကြည်တို့မိသားစုကို ထိုက်သင့်သရွေ့ ငွေကြေးပေးကမ်းခဲ့ပြီးလည်း ဖြစ်သည်။

ဒေါ်ကြည်က ပလုပ်တောင်ကို အမဲသားဟင်းနှင့် ထမင်းကျွေးရင်း သူနှင့် ပလုပ်တောင်တို့မိသားစု ဆုံဆည်းခဲ့ရသည့် အဖြစ်အပျက်များက သူ့အတွေးထဲ တရေးရေးပေါ်လာသည်။

× × ×

မြန်မာပြည် သူ့ကျွန်ဘဝရောက်နေသော ကာလဖြစ်သည်။ စစ်ကဲကုန်းရှိ ကုန်းထိပ်မှ အိမ်ကြီးကို ဒေါ်ကြည်တို့ စောင့်ရှောက်နေထိုင်သော ကာလလည်းဖြစ်သည်။ ဈေးဝယ်ရန် စစ်ကဲကုန်းမှ ဈေးကြီးဘက်သို့ ထွက်လာသည်။ ဒေါ်ကြည် နေ့တိုင်း ဈေးဝယ်လေ့မရှိပါ။ သုံးလေးရက်မှတစ်ကြိမ်သာ ဈေးဝယ်သည်။ သုံးလေးရက်စာအတွက် ဈေးခြင်းတောင်းအပြည့် ဝယ်ထားသည်။ ဆန်လည်းဝယ်ခဲ့သည်။ ဆန်အိတ်ပါသဖြင့် ဘုံပြတ်(မြင်းလှည်း) ငှားရတော့မည်ဖြစ်သည်။ ဘုံပြတ်အလာကို စောင့်ဆိုင်းနေစဉ် ဒေါ်ကြည်အနီးသို့ အထမ်းသမားတစ်ဦး ရောက်လာသည်။ "ဒီဈေးခြင်းတောင်းနဲ့ဆန်အိတ် ကျွန်တော် ထမ်းပို့ပေးပါရစေ။ ပေးချင်သလောက်သာပေးပါ။ စားရမဲ့ သောက်ရမဲ့နဲ့ ဒုက္ခရောက်နေလို့ပါ"

ရခိုင်သံဝဲဝဲဖြင့် ပြောလာသူကို ဒေါ်ကြည် စောင်းငဲ့ကြည့်လိုက်သည်။ အထမ်းသမားနှင့် မလှမ်းမကမ်းတွင် ကိုယ်ဝန်ဆောင်အမျိုးသမီး ရပ်နေသည်ကိုလည်း တွေ့ရသည်။

"သူက ဘယ်သူလဲ"

"သူက ကျွန်တော့်မိန်းမပါ။ စစ်ပြေးဒုက္ခသည်တွေပါ။ ဒိုင်းဝန်ကွင်းဘက်မှာ သူ့အမျိုးတွေရှိတယ်ဆိုလို့ လာခဲ့တာ။ တောကိုပြောင်းသွားပြီလို့သာ သိရတယ်။ ဘယ်လိုမှ ရှာမတွေ့တော့လို့ ဒုက္ခရောက်နေရတာ"



www.burmeseclassic.com

www.burmeseclassic.com

"နေပါဦး။ မင်းမှာ မိဘတွေမရှိဘူးလား။ မင်းမိန်းမကို မိဘတွေမကြည့်ဘူးလား"

"ကျွန်တော် အမှန်အတိုင်းပြောပါ့မယ်။ သူက ဆင်းရဲပြီး ကျွန်တော်တို့က ငွေကြေးပြည့်စုံတယ်။ သူနဲ့ယူတာကို ကျွန်တော့်မိဘတွေက သဘောမတူဘူး။ ဒါကြောင့် မော်လမြိုင်က သူ့အမျိုးတွေဆီ ထွက်ပြေးလာရင်း ဒုက္ခရောက်နေရတာပါ"

"ဒါနဲ့ မင်းက ရခိုင်ဘက်ကထင်တယ်"

"ဟုတ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ဘက်က ထွက်ပြေးလာကြတာ"

"အမျိုးတွေရှာမတွေ့တော့ ဘယ်မှာနေကြလဲ"

"နေစရာတောင် အတည်တကျမရှိပါဘူး။ ဟိုဆိပ်ခံတံတားပေါ်မှာ တောင်းပန်ပြီးနေကြတာပါ"

ဒေါ်ကြည်က ကိုယ်ဝန်ဆောင် အမျိုးသမီးကို သနားသွားမိသည်။ ကူညီချင်စိတ်ဖြစ်လာသည်။

"ဒါဆို မင်းက အိမ်အထိလိုက်ပို့ပေး။ ဆန်အိတ်ပါလို့ပါ။ အိမ်က ကုန်းပေါ်မှာ"

"ဟုတ်ကဲ့ပါ။ ပို့ပေးပါ့မယ်။ ပေးချင်သလောက်သာ ပေးပါ"

"မင်းနာမည် ဘယ်သူလို့ခေါ်လဲ"

"ကျွန်တော့်နာမည် ကျော်ဇံလို့ခေါ်ပါတယ်။ ကျွန်တော့်မိန်းမနာမည်က ပလုပ်တောင်လို့ ခေါ်ပါတယ်"

"ဘာ•••ပလုပ်တောင်တဲ့လား။ နာမည်က အဆန်းပါလား"

"သူက ပလုပ်တောင်ရွာသူပါ။ ပလုပ်တောင်လို့ နောက်ပြောင်ခေါ်ရင်းနဲ့ ဒီနာမည်တွင်နေတာပါ"

"ဟိုမှာ ဘုံပြတ်လာနေပြီ။ ပစ္စည်းတွေ ဘုံပြတ်ပေါ် တင်ပေးဦး"

ကျော်ဇံက ဘုံပြတ်ပေါ် ပစ္စည်းများတင်ပေးပြီး လူပါ တစ်ပါတည်းလိုက်သွားခဲ့သည်။ စစ်ကဲကုန်းရှိ ဒေါ်ကြည့်အိမ်သို့ ရောက်ခဲ့ကြသည်။ ကျော်ဇံက ပစ္စည်းများကို အိမ်ပေါ်အထိ ထမ်းပို့ပေးသည်။ ကြီးမားသော ရှေးဟောင်းနစ် ထပ်အိမ်ကြီးကို ကျော်ဇံတွေ့ခဲ့ရသည်။ ပစ္စည်းများ ချပေးပြီးသည်နှင့် ဒေါ်ကြည်က -

"မင်း မိန်းမလည်း မပေါ့မပါးနဲ့။ ပြီးတော့ နေစရာလည်းမရှိနဲ့။ ခု ဘယ်လိုစားသောက်နေထိုင်ကြလဲ"

"ခုလိုပဲ ဈေးဝယ်လာသူတွေကို လိုက်ပြီး ထမ်းပိုးပေးရတာပေါ့။ တော်တစ်လှည့်ပြတ်တစ်လှည့်ပါ။ ထမင်းငတ်တဲ့နေ့တွေတောင် ကြုံခဲ့ရပါတယ်"

"မင်းမိန်းမ ကိုယ်ဝန်နဲ့မို့ သနားမိတယ်။ မင်းတို့လင်မယား ဒီအိမ်မှာ နေခွင့်ပေးမယ်။ အခန်းလွတ်တွေရှိတယ်။ တို့လည်း အဖော်ရတာပေါ့။ နေစရာတော့ပေးမယ်။ စားဖို့ကတော့ ကိုယ့်ဘာသာရှာပေါ့။ ဈေးကြီးကဆိုင်တွေမှာ တို့ အသိရှိတယ်။ ပုံမှန်အလုပ်ရအောင် ပြောပေးမယ်။ တို့မိသားစုလည်း ရန်ကုန်က အိမ်ရှင်တွေ ပေးကမ်းထောက်ပံ့နေလို့ ခုလိုနေနိုင်တာ။ တို့ယောကျာ်းက တောမှာ လယ်လုပ်နေတယ်။ တစ်ခါတစ်ခါမှ ဒီကိုလာတာ။ အိမ်မှာ တို့သားအမိသုံးယောက်ပဲရှိတယ်။ ဘယ်လိုလဲ လာနေနိုင်မလား"

"ဟုတ်ကဲ့ လာနေပါ့မယ်။ ခုလို ကူညီတာ ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ဘူး"

"အေး••ဒါဆိုလည်း မနက်ဖြန် ပြောင်းလာတော့"

"ဟုတ်ကဲ့ ဟုတ်ကဲ့ပါ"

ဤသို့ဖြင့် ရခိုင်မှ ဒုက္ခသည်လင်မယား ကယ်တင်ရှင်ဒေါ်ကြည်နေအိမ်သို့ ရောက်လာသည်။ ဒေါ်ကြည်ဆက်သွယ်ပေးမှုကြောင့် ကျော်ဇံမှာလည်း ဈေးကြီးတွင် အလုပ်ရခဲ့သည်။ မချောင်လည်သော်လည်း ထမင်းမငတ်တော့ပါ။ ပုံမှန်ဝင်ငွေရနေပြီ။ ကျော်ဇံနှင့် ပလုပ်တောင်တို့ လင်မယားလည်း နေသားတကျဖြစ်ခဲ့ပြီ။ နောက် လေးလခန့်အကြာတွင် ပလုပ်တောင် သမီးမိန်းကလေး မွေးဖွားခဲ့သည်။ ဒေါ်ကြည်က ပင် ဦးဆောင်ပြုစု မွေးဖွားပေးခဲ့သည်။ ဒေါ်ကြည်တို့အိမ်တွင် ကလေးငယ်မရှိပေ။ အရွယ်ရောက်ပြီး သမီးနှင့်သားသာရှိသည်။ ဒေါ်ကြည်ခင်ပွန်းမှာလည်း မုံ့ဘက်တွင် လယ်လုပ်နေသူ ဖြစ်သည်။ နှစ်လ၊ သုံးလမှ တစ်ကြိမ်လာနိုင်သည်။ ခေတ်ကာလ အခြေအနေအရ သားပျို၊ သမီးပျိုများ တောအရပ်တွင်နေရန် မသင့်တော်၍ မြို့ပေါ်နေစေခြင်းဖြစ်သည်။

ကျော်ဇံမှာလည်း ဈေးကြီးတွင် အလုပ်အကိုင် အခြေတကျဖြစ်လာပြီး စားရေးအတွက် ဖူလုံခဲ့သည်။ ဘမက ငွေကြေးပင် အတန်အသင့်စုဆောင်းမိခဲ့သည်။ ကျော်ဇံတို့သမီးလေးမှာလည်း တဖြည်းဖြည်းကြီးပြင်းလာခဲ့သည်။ အားလုံးက ဝိုင်းချစ်၍နေသောကလေးဖြစ်သည်။ ဒေါ်ကြည်တို့လက်ပေါ်တွင်ပင် ကြီးပြင်းခဲ့သည်။ အနေကြာလာသည်နှင့်အမျှ ဒေါ်ကြည်နှင့် ပလုပ်တောင်



www.burmeseclassic.com

www.burmeseclassic.com

တို့မှာလည်း ပိုမိုရင်းနှီးလာကာ သံယောဇဉ်တွယ်ခဲ့ကြသည်။ ပလုပ်တောင်သမီးလေးပင် အသက်ငါးနှစ်အတွင်းသို့ ရောက်လာသည်။ ပလုပ်တောင်သမီးလေး အသက်ငါးနှစ်ကျော်အရွယ်တွင် မြန်မာပြည် လွတ်လပ်ရေးရရှိခဲ့သည်။ ပလုပ်တောင်သမီးလေးမှာလည်း သွက်သွက်လက်လက် စကားပြောတတ်၍ ချစ်စရာကလေးလေး ဖြစ်လာခဲ့သည်။

ထိုစဉ်မှာပင် ကျော်ဇံက သမီးလေးနောင်ရေးအတွက် စဉ်းစားလာသည်။ ကျော်ဇံက သူ့ဆန္ဒကို ဒေါ်ကြည်ထံ တင်ပြပြောဆိုသည်။

"ပလုပ်တောင်ကို ကျွန်တော်ခိုးပြေးခဲ့တာ မိဘတွေ သဘောမတူခဲ့ပေမယ့် ခုလောက်ဆို ဒေါသတွေပြေလောက်ပါပြီ။ သူတို့မြေးမလေးကိုတွေ့ရင် ကျွန်တော်တို့ကို လက်ခံမှာပါ။ သမီးလေးနောင်ရေးအတွက် အမွေရအောင်တောင်းမယ်။ သမီးလေးခေါ်သွားပြီး ကျွန်တော် ရခိုင်ပြန်ချင်တယ်"

"ပလုပ်တောင်တို့က ဆင်းရဲတော့ မင်းမိဘတွေ လက်ခံပါ့မလား။ ပြီးတော့ ပလုပ်တောင်မှာ ခု ကိုယ်ဝန်ရှိနေတယ်လေ။ သွားရမယ့်ခရီးကလည်း လွယ်တာမှမဟုတ်တာ"

"လောလောဆယ် ပလုပ်တောင်ကို ဒီမှာပဲထားခဲ့မယ်။ သူမွေးဖွားချိန်အမီ ကျွန်တော် ပြန်လာမယ်"

"ငါတော့ တယ်ပြီး သဘောမကျချင်ဘူးကွယ်။ ဒီမှာလည်း လုပ်စားလို့ ထမင်းမငတ်တော့ပါဘူးကွယ်။ ခရီးသွားဖို့ မင်းစဉ်းစားပါဦး"

အားလုံးက ဝိုင်းဝန်းတားဆီးနေသည့်ကြားမှပင် ကိုယ်ဝန်နှင့်ပလုပ်တောင်ကို ထားရစ်ခဲ့ကာ သမီးလေးနှင့်အတူ ကျော်ဇံ ရခိုင်ပြန်သွားပါတော့သည်။ ခေတ်ကာလအခြေအနေအရ မော်လမြိုင်နှင့်ရခိုင်မှာ အဆက်အသွယ်ခက်ခဲလှသည်။ လင်ယောကျ်ားနှင့်သမီးလေး မျှော်ရင်းနှင့်ပင် ပလုပ်တောင်ကိုယ်ဝန်ရင့်လာခဲ့သည်။ ကျော်ဇံထံမှ မည်သည့်အဆက်အသွယ်မှ မရသည့်အပြင် မည်သည့်သတင်းမှလည်း မကြားရတော့ပါ။ ပလုပ်တောင်မှာ သမီးကိုလွမ်း၊ လင်ကိုမုန်းရင်းကပင် ထိုစိတ်ဖြင့် အိပ်ရာထဲလဲပါတော့သည်။ မော်လမြိုင်ရှိ ဆွေမျိုးများသတင်းလည်း စုံစမ်း၍မရခဲ့ပါ။ ပလုပ်တောင်မှ ဒေါ်ကြည်မှတစ်ပါး ရင်းနှီးခင်မင်မည့်သူ မရှိတော့ပါ။

"နင့်ကိုကြည့်ရတာ အားမရဘူး ပလုပ်တောင်ရယ်။ ပိန်သွားလိုက်တာ။ ငါရှိတယ်၊ ဘာမှအားမငယ်နဲ့။ ကျော်ဇံနဲ့သမီးလေးတို့လည်း ရောက်လာမှာပါ"

ဒေါ်ကြည်ကလည်း ပလုပ်တောင်ကို သမီးအရင်းကဲ့သို့ပင် သနားပိုကာ သံယောဇဉ်ဖြစ်နေခဲ့သည်။ ဒေါ်ကြည်က အတတ်နိုင်ဆုံး ပလုတ်တောင်ကို ကုသပြုစုစောင့်ရှောက်ခဲ့သည်။ သို့သော်လည်း ပလုပ်တောင်မှာ အလွန်အားနည်းလျက်ရှိပြီး အရိုးပေါ်အရေတင် ဖြစ်ခဲ့ပြီ။ နောက်ဆုံး မီးတွင်းမှာပင် ကလေးမမွေးဖွားနိုင်ဖြစ်ကာ ကွယ်လွန်သွားပါတော့သည်။ ဒေါ်ကြည်လက်ပေါ်တွင်ပင် ပလုပ်တောင် အသက်ပျောက်ခဲ့သည်။ ကျော်ဇံထံ ဆက်သွယ်အကြောင်းကြားရန် လိပ်စာအတိအကျမသိခဲ့ပါ။ ပလုပ်တောင်လိပ်စာလည်း ဒေါ်ကြည်ထံတွင်မရှိပါ။ မိမိဇနီး သေဆုံးသွားသည်ကိုပင် ကျော်ဇံသိမည်မဟုတ်ပေ။ ပလုပ်တောင်၏ အသုဘကိစ္စအဝဝကို ဒေါ်ကြည်တို့မိသားစုကပင် တာဝန်ယူဆောင်ရွက်ပေးခဲ့ရသည်။ ပလုပ်တောင်ရက်လည်ပြီး နောက်တစ်နေ့ဖြစ်သည်။ ဒေါ်ကြည်မှာ ပလုပ်တောင်နှင့်သူ ဆုံဆည်းခဲ့ရပုံများကို တွေးရင်း အိပ်ရာဝင်ခဲ့သည်။ ပလုပ်တောင်သမီးလေး မရှိတော့၍ အိမ်ကြီးမှာ ခြောက်ကပ်တိတ်ဆိတ်နေသည်။

"ဒေါ်ဒေါ်…ဒေါ်ကြည် ထပါဦး"

"ဟဲ့…ပလုပ်တောင် ဘာလာလုပ်တာလဲ။ လွတ်ရာကျွတ်ရာ သွားခဲ့ပြီမဟုတ်လား"

"ဒီအိမ်ကိုရော ဒေါ်ဒေါ့်ကိုရော ကျွန်မ မခွဲနိုင်ဘူးဖြစ်နေတယ်။ ပြီးတော့ ကိုကျော်ဇံနဲ့ သမီးလေးတို့ ပြန်အလာကို ဒီမှာပဲ စောင့်နေချင်တယ်။ ကျွန်မကို ဒီအိမ်မှာပဲ နေခွင့်ပေးပါလား"

"ဟာ…ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်။ အိမ်ပေါ်မှာနေလို့ မရဘူးကွယ့်"

"ဒါဆို အိမ်ဘေးက ကုက္ကိုပင်ကြီးမှာ နေပါရစေနော်"

"တယ်ခက်ပါလား ပလုပ်တောင်ရယ်။ ပြောမယ့်သာပြောရတယ်။ ငါလည်း နင့်ကိုမမေ့ပါဘူး။ နင့်အပေါ်ထားတဲ့ ငါ့သံယောဇဉ်ကို နင်သိပါတယ်"

"ကျွန်မလည်း ဒေါ်ဒေါ့်ကိုခွဲမသွားချင်လို့ပါ"

"အေးလေ ဒါဆိုလည်း ကုက္ကိုပင်ကြီးမှာ နေချင်နေပေါ့"

"ကျေးဇူးတင်လိုက်တာ ဒေါ်ဒေါ်ရယ်"

နောက်တစ်နေ့ နံနက်တွင် ဒေါ်ကြည်က သူ့အိပ်မက်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

သားနှင့်သမီးကို ပြောပြလိုက်သည်။ သားကြီးက မယုံသော်လည်း သမီးက ယုံသည်ဟုဆိုသည်။ ဒေါ်ကြည့်သားကြီးက -

"မေမေနဲ့ပလုပ်တောင်တို့ရဲ့ သံယောဇဉ်ကို သား ခန့်မှန်းလို့ရပါတယ်။ ဒါပေမယ့် မေမေ့အိပ်မက်က ပလုပ်တောင်ကို သတိရစွဲလမ်းပြီးမက်တာ ဖြစ်မှာပါ"

"အေး . . . သားပြောတာလည်း ဟုတ်ပါတယ်။ မေမေလည်း မယုံတစ်ဝက် ယုံတစ်ဝက်ပါပဲ"

ဒေါ်ကြည်မှာ သူ့အိပ်မက်ကို မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေသည်။ သူ့နည်းတူ သားကြီးကလည်း မယုံခဲ့ပေ။ နောက်သုံးလေးရက်အကြာတွင် ပလုပ်တောင်က ဒေါ်ကြည်ကို အိပ်မက်ထပ်ပေးပြန်သည်။ အိမ်ကြီးပေါ်တွင် နေခွင့်မပြုသော်လည်း ကုက္ကိုပင်တွင် နေခွင့်ပြု၍ ဝမ်းသာကြောင်း၊ လင်နှင့်သမီးကို ထိုကုက္ကိုပင်မှပင် စောင့်နေမည်ဖြစ်ကြောင်းနှင့် သူရှိနေသည်ကို သက်သေပြမည်ဖြစ်ကြောင်းများ ဒေါ်ကြည် အိပ်မက်မက်ခဲ့သည်။ သို့သော် ဒေါ်ကြည်က ထိုအိပ်မက်ကို မည်သူ့ကိုမျှ ပြောမပြတော့ပါ။

ထိုသို့အိပ်မက်ပေးပြီး မကြာမီ အိမ်ဘေးရှိကုက္ကိုပင်အောက်မှ ဒေါ်ကြည် ဖြတ်သွားတိုင်း လေမတိုက်ပါဘဲလျက် သစ်ကိုင်းများ လှုပ်ခါနေတတ်သည်။ တစ်ခါတစ်ရံ ဒေါ်ကြည်ကိုယ်ပေါ်သို့ သစ်ရွက်များ ကြွေကျလာတတ်သည်။ ဤနည်းများဖြင့် သူရှိနေကြောင်း ပလုပ်တောင်က ပြခဲ့သည်။ ဒေါ်ကြည် လုံးဝမကြောက်ပါ။ အိမ်ဘေးမှ ကုက္ကိုပင်ပေါ်တွင် ပလုပ်တောင်ရှိနေကြောင်း ယုံကြည်ခဲ့သည်။ ပလုပ်တောင်ကလည်း ဒေါ်ကြည်မှလွဲ၍ မည်သူ့ကိုမှ ထိုသို့မလုပ်ပါ။ ခြောက်လည်းမခြောက်ခဲ့ပါ။ ပလုပ်တောင်ရှိနေသည်ကို ဒေါ်ကြည် တစ်ဦးတည်းသာ သိနေခဲ့သည်။

ပလုပ်တောင် သေပြီးနောက်ပိုင်း ဒေါ်ကြည် အလုပ်တစ်ခု ပိုခဲ့သည်။ ပလုပ်တောင်က အမဲသားကြိုက်သူဖြစ်သည်။ ဒေါ်ကြည်ကလည်း မကြာခဏ အမဲသားဟင်းချက်ပြီး ပလုပ်တောင်ကို ကျွေးခဲ့သည်။ အမဲသားဟင်းချက်သည့် ညနေတိုင်း ကုက္ကိုပင်ရင်းတွင် ပလုပ်တောင်ကို ထမင်းကျွေးနေကျဖြစ်သည်။ တစ်ခါတစ်ရံ ဒေါ်ကြည်ဈေးမှပြန်လာလျှင် ပါးစပ်မှ ညည်းတွား၍ပြောတတ်သည်။

"ပလုပ်တောင်ရေ နင့်ယောက်ျား မရှိတော့ ငါ့ကို ကူသယ်ပေးမယ့်သူ မရှိတော့ဘူး"

ဟု ပြောဆိုလေ့ရှိသည်။ ပလုပ်တောင်ကလည်း ဈေးခြင်းတောင်းကို နောက်မှလိုက်ဆွဲကာ ကျီစယ်တတ်သည်။ ဒေါ်ကြည်ကလည်း သိသည်။

ငါ့ကို နောက်မနေနဲ့။ နေပါဦးပလုပ်တောင်ရယ်။ နင်ကြိုက်တဲ့အမဲသားဝယ်လာတယ်။ ချက်ပြီးတော့မှ ငါလာကျွေးမယ်ဟု ပြန်ပြောလိုက်မှ ငြိမ်သွားတော့သည်။ ဒေါ်ကြည်ဈေးခြင်းတောင်း အဆွဲခံရသည်မှာ မကြာခဏပင်ဖြစ်နေသည်။ ဒေါ်ကြည် ကြောက်ရွံ့ခြင်း မဖြစ်ခဲ့ပေ။ ပလုပ်တောင်ကို ပို၍ပင် သံယောဇဉ်တွယ်လာခဲ့သည်။ ပလုပ်တောင်ကလည်း ဒေါ်ကြည်တစ်ဦးတည်းကို ကျီစယ်သည်မှလွဲ၍ မည်သူ့ကိုမှ အနှောင့်အယှက်မပေးခဲ့ပေ။ ပလုပ်တောင် အမဲသားကြိုက်တတ်မှန်းသိ၍ မကြာခဏ အမဲသားဟင်းချက်ကာ ပလုပ်တောင်ကို ကျွေးခဲ့သည်။ ယခင်ကလို ထမင်းကျန်ဟင်းကျန်များ ပလုပ်တောင်ကိုမကျွေးတော့ပါ။ ဟင်းကောင်း၊ ထမင်းကောင်းများသာ ကျွေးခဲ့သည်။ ယခု ဒေါ်ကြည်တို့မိသားစု ဤအိမ်ကြီးမှ ပြောင်းရွှေ့ပေးရတော့မည်ဖြစ်၍ ပလုပ်တောင်ကို နောက်ဆုံးအနေဖြင့် ကျွေးမွေးနှုတ်ဆက်ခြင်းဖြစ်သည်။

× × ×

ပလုပ်တောင်ကို ဒေါ်ကြည် နောက်ဆုံးနှုတ်ဆက် ထမင်းကျွေးပြီး နောက်နှစ်ရက်တွင် အိမ်ရှင်အသစ်မိသားစုများ ပြောင်းရွှေ့ရောက်ရှိလာသည်။ ထိုနေ့ နေ့လယ်ပိုင်းတွင် အထုပ်အပိုးများဖြင့် ဒေါ်ကြည်တို့မိသားစု မုဒုံမြို့အနီးရှိရွာသို့ ပြန်ခဲ့ကြသည်။ အိမ်မှအထွက်တွင် ဒေါ်ကြည်က ကုက္ကိုပင်အောက် ခေတ္တရပ်ကာ ပလုပ်တောင်ကို နှုတ်ဆက်ခဲ့သေးသည်။ ဒေါ်ကြည့်သားနှင့် သမီးက နားမလည်နိုင်သလို ကြည့်နေခဲ့ကြသည်။ ဒေါ်ကြည်တို့ ကုက္ကိုပင်အောက်မှအထွက်တွင် သစ်ရွက်များ လှုပ်ခါကျန်ရစ်ခဲ့သည်ကို ဒေါ်ကြ ည်တစ်ဦးသာ သတိထားကြည့်လိုက်သည်။

"နေရစ်ခဲ့တော့ ပလုပ်တောင်ရေ။ ငါသွားတော့မယ်။ နင် စားရမဲ့သောက်ရမဲ့ဖြစ်နေမှာကို ငါ တွေးပူမိသေးတယ်။ သွားပြီ ပလုပ်တောင်ရေ"



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ နှုတ်ဆက်ပြီး ဒေါ်ကြည် တောသို့ အပြီးတိုင် ပြန်သွားပါတော့သည်။

အသစ်ပြောင်းရွှေ့လာသည့် အိမ်ရှင်တွင် မိသားစုခြောက်ဦးရှိသည်။ အိမ်ကို သန့်ရှင်းရေးပြုလုပ် ဆေးကြောခြင်း၊ မီးဖိုချောင်ပြင်ဆင်ခြင်းနှင့် စိတ်တိုင်းကျ ပြင်ဆင်နေခြင်းတို့ကြောင့် အိမ်ပေါ်တွင် ချက်ပြုတ်မစားနိုင်ကြသေးဘဲ အိမ်ဘေးရှိကုက္ကိုပင်အောက်တွင်သာ ယာယီ ချက်ပြုတ်နေခဲ့သည်။ တစ်နေ့ အိမ်ကို ပြင်ဆင်နေသော လက်သမားအုပ်စု ချက်ပြုတ်စားသောက်နေချိန်ဖြစ်သည်။ လက်သမားများ ထမင်းချိုင့်ပါလာသူလည်းပါသည်။ အိမ်ရှင်များကလည်း ချက်ပြုတ်ကျွေးမွေးသည်။ သူ့ဟင်း၊ ငါ့ဟင်း စုပေါင်း၍ ညနေစာ ဝိုင်းဝန်း စားသောက်နေချိန်ဖြစ်သည်။ ထမင်းစားနေသော လက်သမားတစ်ဦး လက်ထဲမှ ထမင်းပန်းကန်ကို တစ်စုံတစ်ယောက်က ပုတ်ချလိုက်သကဲ့သို့ ရုတ်တရက် အောက်သို့ပြုတ်ကျသွားသည်။

"ဘယ်လိုဖြစ်သွားလဲ မသိဘူး။ တစ်ယောက်ယောက်က ထမင်းပန်းကန်ကို ပုတ်ချလိုက်သလိုပဲ"

"မင်းကိုင်တာ လက်မမြဲလို့နေမှာပေါ့ကွာ"

"ငါ အသေအချာကိုင်ထားတာပဲ။ လက်ထဲကပန်းကန် ပြုတ်မကျနိုင်ပါဘူး။ ထူးနေသလိုပဲ"

"ဒါနဲ့ မင်းက ဘာဟင်းချက်လာသလဲ"

"အမဲသားဟင်း ချက်လာတာ အသားတုံးတွေ အောက်ကိုဖိတ်ကျကုန်ပြီ နမြောစရာကြီး"

ထိုသို့ဖြစ်ခဲ့သော်လည်း ထိုနေ့ ထမင်းဝိုင်းကို အမှတ်မထားခဲ့ကြပေ။ အိမ်ပေါ်တွင် ပြင်ဆင်မှုမပြီးသေး၍ အိမ်ရှင်များပါ ကုက္ကိုပင်အောက်တွင် ချက်ပြုတ်နေရသည်။ တစ်နေ့ညနေ မိသားစု ထမင်းဝိုင်းဖွဲ့ စားသောက်နေစဉ် သမီးလတ်ဖြစ်သူ နွဲ့နွဲ့မှာ ရုတ်တရက် မည်သို့ဖြစ်သွားသည် မသိတော့ပါ။ ဟင်းပန်းကန်တွင်းမှဟင်းများ သူ့ပန်းကန်အတွင်းသို့ အားလုံးလောင်းထည့်ကာ အငမ်းမရ ပလုပ်ပလောင်းနှင့် စားနေသည်။ ထူးခြားသော အပြုအမူကြောင့် အားလုံး ဝိုင်းကြည့်နေကြသည်။

"နွဲ့နွဲ့ ဘယ်လိုဖြစ်နေတာလဲ။ ဗိုက်ဆာမွတ်သိပ်နေရာကနေ ကြွက်မွှေမဲ့လုချည်လား။ ငါလုပ်လိုက်ရ။ မိန်းမပျိုလေးက ဒီလိုပဲစားရသလား"

အစ်ကိုဖြစ်သူက သူ့ညီမ အစားအသောက် အငမ်းမရဖြစ်နေပုံကို မာန်မဲပြောဆိုလိုက်သည်။

"ဘာနွဲ့နွဲ့လဲ။ ငါ့နာမည် နွဲ့နွဲ့ မဟုတ်ဘူး။ ပလုပ်တောင်လို့ခေါ်တယ်။ နင်တို့က စားသောက်နေလိုက်တာ။ ငါ့ကိုတော့မကျွေးကြဘူး"

နွဲ့နွဲ့၏ ထူးခြားသောအမူအရာနှင့် အပြောအဆိုများကြောင့် မိသားစုများ အံ့ဩထိတ်လန့်သွားကြသည်။

"နွဲ့နွဲ့ပုံက ထူးခြားနေတယ်။ တစ်ခုခုဝင်ပူးနေသလိုပဲ"

"ဟုတ်တယ်။ ကျွန်တော်လည်း ဒီလိုပဲထင်တယ်။ မယုံပေမယ့် စမ်းကြည့်ရမယ်"

နွဲ့နွဲ့၏အစ်ကိုဖြစ်သူ ခင်မောင်လတ်က သူ့ညီမပခုံးကိုကိုင်ပြီး မေးလိုက်သည်။

"ဘယ်က ပလုပ်တောင်လည်း။ ကျုပ်တို့ ခင်ဗျားကိုမသိဘူး"

"ဖယ်စမ်းပါ။ ငါ့ပခုံးကိုမကိုင်နဲ့။ နင်တို့ပြောင်းလာမှာ ငါငတ်နေတာ။ ဒေါ်ကြည်ရှိတုန်းက ငါ့ကို အမဲသားဟင်းနဲ့ ထမင်းကျွေးနေကျပဲ။ ခု ငါငတ်နေရလို့ ဝင်လုစားရတာ"

"ဘာဖြစ်လို့ကျွေးရမှာလဲ။ ခင်ဗျားနဲ့ ကျုပ်တို့မိသားစု ဘာမှမပတ်သက်ဘူး"

"နင်တို့ မရောက်ခင်ကတည်းက ဒီအိမ်မှာ ငါအကြာကြီးနေလာခဲ့တာ။ နင်တို့မသိရင် မေးကြည့်ကြပေါ့"

"ကဲ . . . ကဲ . . . အခုစားပြီးပြီ မဟုတ်လား။ စားပြီးရင်သွားတော့။ နောက်ကို လာပြီးနှောင့်ယှက်ဖို့ မကြိုးစားနဲ့တော့။ ကျုပ်နဲ့တွေ့မယ်"

အစ်ကိုဖြစ်သူ မာန်မဲခြိမ်းခြောက်လိုက်၍ထင်သည်။ နွဲ့နွဲ့မှာ မူးတယ်မူးတယ်ဟုဆိုကာ အစ်ကိုဖြစ်သူပေါင်ပေါ်လှဲချလိုက်သည်။

"ညီမလေးနွဲ့နွဲ့ ဘယ်လိုဖြစ်သွားတာလဲ"

"အစ်ကို ညီမလေး ဘာဖြစ်လို့လဲ။ ဟင် . . . ညီမလေးပန်းကန်ထဲ ဟင်းတွေများလုချည်လား။ လက်မှာလည်း ဟင်းတွေပေကျံနေလို့ပါလား"

"ငါ့ညီမ ဘာမှမသိဘူးလား။ ထမင်းစားနေတုန်းဖြစ်သွားတာ။ ပြန်စဉ်းစားကြည့်ပါဦး"

"ညီမလေး သိပ်မမှတ်မိဘူးဖြစ်နေတယ်။ မိန်းမတစ်ယောက်လိုလို လူတစ်ယောက် ထမင်းဝိုင်းထဲဝင်လာပြီး ညီမလေးပန်းကန်ကို ဆွဲယူလိုက်သလိုပဲ။ ဘယ်သူမှန်းလည်း မသိဘူး။ တော်တော်ထူးဆန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကဲ···ကဲ···တော်ပြီ။ ဆက်မပြောနဲ့တော့။ လက်ဆေးလိုက်တော့။ နောက်နေ့ကစပြီး ဒီကုက္ကိုပင်အောက်မှာ ထမင်းမစားကြနဲ့တော့။ ဒီကိစ္စ အိမ်နီးနားချင်းတွေကို မေးကြည့်ရဦးမယ်"

နောက်နေ့မှစ၍ အိမ်ရှင်သစ်တို့ ကုက္ကိုပင်ကြီးအောက်တွင် ထမင်းမစားကြတော့ပေ။ သားကြီးဖြစ်သူ ခင်မောင်လတ်က ခြံချင်းကပ်လျက်ရှိသည့် အိမ်သို့သွားပြီး မနေ့ကဖြစ်ခဲ့သည့်ကိစ္စ မေးမြန်းမိသည်။

"ခု ကျွန်တော်တို့ဝယ်လိုက်တဲ့ အိမ်မှာ အရင်က ပလုပ်တောင်ဆိုတဲ့ ထူးဆန်းတဲ့နာမည်နဲ့ မိန်းမတစ်ယောက် နေခဲ့ဖူးလား"

"ဒေါ်ကြည်နဲ့နေတဲ့ မိန်းမပေါ့။ ခု သူသေသွားပြီလေ"

"သူက ဒေါ်ကြည်နဲ့ ဘယ်လိုပတ်သက်တာလဲ။ သူ့အကြောင်း သိသလောက် ပြောပြပါလား"

"ရခိုင်ဘက်ကလို့ သိရတယ်။ ယောကျ်ားလေးဘက်က သဘောမတူလို့ မော်လမြိုင်က ဆွေမျိုးတွေဆီထွက်လာတာလို့ သိရတယ်။ အမျိုးတွေရှာမတွေ့လို့ သထုံတံတားပေါ်မှာ ဖြစ်သလိုနေခဲ့ရတာတဲ့။ ဒေါ်ကြည်က သနားလို့ သူတို့လင်မယားကို ခုအိမ်ကြီးမှ နေခွင့်ပြုခဲ့တာ။ ကလေးတစ်ယောက်မွေးပြီး ငါးနှစ်လောက်မှာ သူ့ယောကျ်ားက ကလေးကိုခေါ်ပြီး ရခိုင်ဘက်ဆိုလားပြန်သွားတာ သူသေတော့လည်း ရောက်မလာဘူး။ ခုချိန်ထိလည်း ပေါ်မလာဘူး"

"အဲဒီ ပလုပ်တောင်ဆိုတဲ့ မိန်းမက ဘယ်လိုဖြစ်ပြီး သေရတာလဲ။ ဘာရောဂါနဲ့လဲ"

"သူ့ယောကျ်ား ရခိုင်ပြန်သွားတော့ ကိုယ်ဝန်နဲ့ကျန်ခဲ့တာ။ မီးတွင်းထဲမှာ မီးမဖွားနိုင်ဘဲ သေသွားတာလို့ သိရတယ်။ ဗိုက်ထဲက ကလေးရော မအေပါ သေခဲ့တာကွယ့်"

"ဒါဆို အစိမ်းသေပေါ့။ အရင်က ခြောက်လှန့်တာတွေ ကြားမိလား"

"ခြောက်တာ၊ လှန့်တာတော့ မကြားမိဘူးကွယ့်။ ဒေါ်ကြည်ကတော့ ပလုပ်တောင်သေပြီးနောက်ပိုင်း အိမ်ဘေးက ကုက္ကိုပင်ကြီးအောက်မှာ မကြာခဏ ထမင်းဟင်းတွေကျွေးကျွေးနေတာတော့ သတိပြုမိတယ်။ ခု ဘာတွေထူးခြားတာတွေ့လို့ လာမေးတာလဲ"

"ဟို···ဟို···ဘာမှမဖြစ်ပါဘူး။ အမြဲတမ်းနေရမယ့်အိမ်ဆိုတော့ အိမ်အကြောင်းသိချင်လို့ လာမေးကြည့်တာပါ။ သွားတော့မယ် ကျေးဇူးပဲ"

အသစ်ပြောင်းရွှေ့လာသော မိသားစုမှာ အိမ်နီးနားချင်းများစကားကြောင့် ပလုပ်တောင်အကြောင်းကို အတန်အသင့် သိခဲ့ကြသည်။ ပလုပ်တောင်မှာ မကျွတ်မလွတ်ဘဲ အိမ်ကြီးအနီးတွင်ရှိနေကြောင်း ရိပ်စားမိခဲ့ကြသည်။ အိမ်ကြီးပြင်ဆင်ပြီး အခြေတကျဖြစ်မှ သံဃာတော်များပင့်ဖိတ်၍ ဆွမ်းကျွေးပရိတ်ရွတ်၊ ဒါနပြု အမျှအတန်းပေးဝေမည်ဟု စိတ်ကူးထားခဲ့ကြသည်။ ဝိညာဉ်တစ္ဆေ သရဲတို့ကို အယုံအကြည်မရှိသော်လည်း ယခုလက်တွေ့ဖြစ်ရပ်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရသည်။

အိမ်ရှင်မိသားစုတွင် ကျောင်းနေစခြောက်နှစ်ကျော်အရွယ် သမီးတစ်ဦးရှိသည်။ ပြောင်းရွှေ့ရောက်ရှိလာပြီး နေသားမကျမီ အချိန်မှာပင် ထိုကလေးမကြာခဏဖျားနာမှုဖြစ်လာသည်။ ပလုပ်တောင်မှာ သူ့သမီးလေးကိုသတိရတိုင်း ထိုကလေးကို ကျီစယ်နေတတ်သည်။ ကလေးက စကားများ အဆက်မပြတ်ပြောလိုပြော ဖြစ်လာသည်။ စကားတတ်သောကလေးမို့ သတိမထားမိခဲ့ပေ။ ပလုပ်တောင် ကျီစယ်ချိန်တွင် ကလေးမှာ ပေါက်တတ်ကရစကားများ ပြောလာသည်။ ငိုလိုက်၊ ရယ်လိုက် ဖြစ်နေသည်။ ထိုသို့ မကြာခဏဖြစ်လာသဖြင့် မိဘ၊ အစ်ကို၊ အစ်မများ မသင်္ကာဖြစ်လာကြတော့သည်။ ပလုပ်တောင် ကို သံသယဖြစ်လာကြသည်။ တတ်ကျွမ်းနားလည်သော ပယောဂဆရာတစ်ဦးနှင့် ပြသတိုင်ပင်ရန် စဉ်းစားလာကြသည်။ ပယောဂဆရာကို လိုက်လံစုံစမ်းရှာဖွေကြသည်။ စစ်ကဲကုန်းရပ်ကွက်နှင့်ကပ်လျက် မရမ်းကုန်းရပ်ကွက်တွင် ပယောဂဆရာတစ်ဦး တွေ့ရှိခဲ့သည်။ ထိုပယောဂဆရာ၏ နေအိမ်မှာ လက်ရှိနေအိမ်နှင့် မဝေးလှပါ။ ဆရာနှင့်တွေ့ပြီး အိမ်မှ အဖြစ်အပျက်များ ပြောပြလိုက်သည်။ ဆရာက ထူးခြားမှုဖြစ်လျှင်ဖြစ်ချင်း လာရောက်ခေါ်ရန် မှာလိုက်သည်။ ရေမန်းတစ်ပုလင်းနှင့် ကလေးအတွက် အဆောင်ဆွဲကြိုးတစ်ကုံး ပေးလိုက်သည်။ ထိုဆရာညွှန်ကြားချက်အတိုင်း ကလေးကို ရေမန်းတိုက်ပြီး အဆောင်ဆွဲကြိုး ဝတ်ပေးလိုက်သည်။ ညနေစောင်းသည်နှင့် ကလေးကို အိမ်ပြင်ထွက်ခွင့် မပြုတော့ပေ။ ကုက္ကိုပင်အောက်သို့လည်း ဖြတ်သွားခွင့်မပြုတော့ပါ။ ပယောဂဆရာ၏ အစီအမံများကြောင့် ပလုပ်တောင်မှာ



www.burmeseclassic.com

www.burmeseclassic.com

ကလေးကို ကျီစယ်ခွင့်မရတော့ပေ။

တစ်နေ့ နွဲ့နွဲ့ အပြင်သွားရာမှ ပြန်လာစဉ် ပလုပ်တောင် ဝင်ပူးကပ်ပါလာသည်။ နွဲ့နွဲ့စကားအမျိုးမျိုးပြောနေသည်။ ဒေါ်ကြည်အကြောင်းလည်းပါသည်။ ကလေးအကြောင်းလည်းပြောသည်။ နွဲ့နွဲ့ကို ပလုပ်တောင်ဝင်ပူးနေကြောင်းသိလျှင်သိချင်း အစ်ကိုဖြစ်သူက ပယောဂဆရာထံသို့ အပြေးသွားအကြောင်းကြားသည်။ ဆရာ့ကို တစ်ပါတည်းခေါ်လာခဲ့သည်။ ပယောဂဆရာကို တွေ့သည်နှင့် ပလုပ်တောင်ဝင်ပူးနေသော နွဲ့နွဲ့သောင်းကျန်းပါတော့သည်။

"နင်ညွှန်ကြားလိုက်လို့ ကလေးအိမ်ပြင်မထွက်တော့ဘူး။ ငါရှိနေတဲ့ ကုက္ကိုပင်အောက်လည်း မလာတော့ဘူး။ ကလေးကိုလည်း ကျီစယ်ခွင့်မရတော့ဘူး"

"မနှောင့်ယှက်ဖို့ ပြောထားတယ်မဟုတ်လား"

"နင်တို့က ငါ့ကို အမဲသားဟင်းလည်း မကျွေးဘူး။ ငါ သိပ်ပြီး သံယောဇဉ်ဖြစ်ခဲ့တဲ့ ဒေါ်ကြည်လည်းမရှိတော့ဘူး။ ငါဒီမှာ မနေချင်တော့ပါဘူး"

"ဒီတော့ ဘာလုပ်ပေးရမလဲ"

ဆရာက ထိုသို့မေးလိုက်စဉ် နွဲ့နွဲ့ ချုံးပွဲချငိုပါတော့သည်။

"ဒီနေရာကို ငါသံယောဇဉ်ဖြစ်ပါတော့မယ်။ ငါ့သမီးလေးနဲ့ ငါ့ယောက်ျား ပြန်လာနိုးနိုးနဲ့ စောင့်နေခဲ့တာ။ သူတို့လည်း ပေါ်မလာတော့ဘူး။ ငါ့ကိုကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ဒေါ်ကြည်လည်း မရှိတော့ဘူးဆိုတော့ ငါလွတ်ရာကျွတ်ရာကို သွားချင်ပါပြီ"

"အဲဒီလို ဆုံးဖြတ်လိုက်တာ အကောင်းဆုံးပေါ့။ ထပ်ပြီး မနှောင့်ယှက်တော့ရင်တော်ပြီ။ ဘယ်လိုဖြစ်ချင်လဲ။ ဘာတွေ လုပ်ပေးရမှာလဲ"

နွဲ့နွဲ့က မျက်ရည်သုတ်ကာ အိမ်သားတစ်ဦးချင်းစီ၏မျက်နှာကို လိုက်ကြည့်သည်။ ပယောဂဆရာ၏ မျက်နှာကိုလည်း စိုက်ကြည့်သည်။ ဝင်ပူးခါစကဲ့သို့ ကြမ်းတမ်းမှုမရှိတော့ပေ။ နွဲ့နွဲ့အကြည့်က သူ့ညီမအငယ်ဆုံးထံရောက်သွားသည်။

"ငါ့သမီးလေးကို သတိရလွန်းလို့ ဒီကလေးကို ကျီစယ်ခဲ့တာပါ။ အန္တရာယ်ဖြစ်အောင် ဘာမှမလုပ်ခဲ့ပါဘူး။ ခုအားလုံးစိတ်ချမ်းသာအောင် လွတ်ရာကျွတ်ရာ သွားပါတော့မယ်။ ဘုန်းကြီးပင့်၊ ဆွမ်းကျွေးဒါနပြုပြီး ရေစက်ချအမျှပေးဝေပါ။ ပေးဝေတဲ့ အမျှကုသိုလ်ရအောင် ငါ့ကိုခေါ်ကြပါ။ ဆွမ်းဟင်းချက်ရင် အမဲသားဟင်းတစ်ခွက် ပါပါစေ။ ဘယ်လိုလဲ၊ လုပ်ပေးကြမှာလား"

နွဲ့နွဲ့က မျက်ရည်စက်လက်ဖြင့် ပယောဂဆရာကို ပြောလိုက်သည်။

"ပြောတဲ့အတိုင်း လုပ်ပေးမယ်။ ယုံတယ်ဆိုရင် ဒီရေသောက်လိုက်ပါ"

နွဲ့နွဲ့က ပယောဂဆရာ ကမ်းပေးသောရေခွက်ကို ယူလိုက်သည်။ အားလုံး စိတ်ဝင်တစားဖြင့် နွဲ့နွဲ့ကို ဝိုင်းကြည့်နေကြသည်။ နွဲ့နွဲ့က ရေခွက်ကိုစိုက်ကြည့်နေသည်။ ရတ်တရက်မသောက်သေးပါ။ နွဲ့နွဲ့က အိမ်ခန်းပတ်ဝန်းကျင်ကို လိုက်ကြည့်ပြန်သည်။ နွဲ့နွဲ့ကြည့်နေသော ဤအိမ်ကြီးတွင် ပလုပ်တောင်နှစ် အတန်ကြာနေခဲ့ဖူးသည်။ သည်အိမ်ကြီးပေါ်တွင်ပင် သမီးကြီးမွေးဖွားခဲ့သည်။ ကျေးဇူးရှင် ဒေါ်ကြည်ကြောင့် သည်အိမ်ကြီးတွင် နေထိုင်ခဲ့ရသည်။ ပလုပ်တောင် သေဆုံးပြီးသည်မှ ယနေ့အထိ မလွတ်မကျွတ်နိုင်သေးဘဲ အိမ်ကြီးအနီးတွင် ရှိနေခဲ့သည်။ အတန်ကြာမှ နွဲ့နွဲ့က ဖန်ခွက်တွင်းမှရေကို သောက်ချလိုက်သည်။ ထိုစဉ် ပယောဂဆရာက

"အောင်ပြီ အောင်ပြီ။ သူဖြစ်ချင်တာတွေ လုပ်ပေးလိုက်ကြတော့။ ပရလောကဆိုတာ မယုံလို့မရဘူး။ နောက်ဘယ်တော့မှ နှောင့်ယှက်တော့မှာမဟုတ်ဘူး"

ဆရာက ပြောပြောဆိုဆို ရေခွက်ထဲမှ လက်ကျန်ရေဖြင့် နွဲ့နွဲ့မျက်နှာကို ပွတ်သပ်ပေးလိုက်သည်။ နွဲ့နွဲ့က သူ့မျက်နှာကို လက်ဖြင့်အုပ်ထားသည်။ ပယောဂဆရာက ပါးစပ်မှ တတွတ်တွတ်ရွတ်ဆိုရင်း နွဲ့နွဲ့မျက်နှာကို ရေဖြင့်တောက်ပေးလိုက်သည်။ သူ့မျက်နှာကို အုပ်ထားသည့်လက်များ နွဲ့နွဲ့ကခွာလိုက်သည်။ ပြီးနောက် သူ့ကို ဝိုင်းအုံကြည့်နေသူများကို တအံ့တဩလိုက်ကြည့်သည်။

"ညီမလေးဘာဖြစ်လို့လဲ။ အစ်ကို ဒီကဘကြီးက ဘယ်သူလဲ"

"ငါ့ညီမလေး ကောင်းသွားပြီ။ မကောင်းဆိုးဝါး မရှိတော့ဘူး။ ထွက်သွားပြီ။ ဆရာ့ကို ကျေးဇူးတင်ပါတယ်။ ပြီးတော့ ဆရာ့ပညာကိုလည်း ယုံပါပြီ။ ဆရာပြောတဲ့အတိုင်း ဆွမ်းကျွေးပြီး ဒါနပြု အမျှဝေပါ့မယ်။ အိမ်ကြီးပြင်ဆင်ပြီးသွားရင် ဆွမ်းကျွေးပရိတ်ရွတ်မယ့်ကိစ္စ အရင်ကတည်းက စီစဉ်ပြီးသားပါ"

www.burmeseclassic.com

"အကောင်အထည် မမြင်ရပေမယ့် ကတိတည်ဖို့တော့ လိုတယ်။ ဆွမ်းဟင်းထဲမှာ အမဲသားဟင်းတော့ ပါပစေနော်။ ကဲ…ကဲ…ကိစ္စလေးတွေ ရှိသေးလို့ သွားလိုက်ဦးမယ်"

စကားဆုံးသည်နှင့် ပယောဂဆရာ အိမ်ပေါ်မှဆင်းသွားသည်။

နောက်နေ့ရက်တွင် ဘုန်းတော်ကြီးငါးပါးပင့်၍ ဆွမ်းကျွေးဒါနပြုသည်။ ပယောဂဆရာကိုလည်း ဖိတ်ကြားခဲ့သည်။ အန္တရာယ်ကင်း ပရိတ်တရားတော်များလည်း ဆရာတော်များ ရွတ်ဖတ်ခဲ့ကြသည်။ အားလုံးပြီးစီး၍ ရေစက်ချအမျှဝေရန် ပြင်ဆင်သည်။

"ဒီနေ့ပြုတဲ့ ဆွမ်းကျွေးဒါနအလှူမှာ အမဲသားဟင်းတစ်မယ် ထူးထူးခြားခြား ပါလာတယ်။ ဘာကြောင့် အမဲသားဟင်း ထည့်ရတာကိုလည်း ဒီအိမ်ရှင်ဒကာလေး ပြောပြထားလို့ ဘုန်းကြီးသိပြီးပါပြီ။ ရေစက်ချအမျှဝေဖို့ ပြင်တော့။ လူစုံပြီလား။ အဓိကကျတဲ့သူကို ခေါ်ရမယ်မဟုတ်လား။ ခေါ်လိုက်ပါဦး"

ဆရာတော့်စကားကြောင့် ရှေ့ဆုံးတွင်ရှိနေသော အစ်ကိုဖြစ်သူက ပယောဂဆရာကို တိုးတိုးလေးပြောလိုက်သည်။

"ဆရာ အဲဒီပလုပ်တောင်ဆိုသူကိုလည်း ခေါ်ဦးလေ။ သူ့ကိုခေါ်ဖို့မှာထားတယ်မဟုတ်လား။ သူက အဓိကပဲ။ သူကျွတ်လွတ်ဖို့ပြုတဲ့ ဒါနပွဲပါ"

ပယောဂဆရာက အိမ်တံခါးဝသို့ လှည့်ကြည့်လိုက်သည်။

"ခေါ်စရာမလိုတော့ဘူး။ သူ ရောက်နေပါပြီ။ တံခါးပေါက်မှာ တွေ့လိုက်သလိုပဲ"

နှစ်ဦးသားပြောသော စကားကို ဆရာတော်ကြားသွားဟန်တူသည်။ တံခါးပေါက်သို့ လှမ်းကြည့်လိုက်သည်။

"ကဲ…ကဲ…လူစုံသွားပြီ။ ရေစက်ချတရားပေးမယ်။ ရေစက်ခွက်ကိုင်ထားကြ"

ဆရာတော်စကား ဆုံးသည်နှင့် နောက်နားတွင် ထိုင်နေခဲ့သော ညီမဖြစ်သူနွဲ့နွဲ့က ရှေ့ဆုံးသို့ တိုးဝင်ရောက်ရှိလာသည်။ သူ့အစ်ကိုကိုင်ထားသော ရေစက်ခွက်ကို လုယူလိုက်သည်။

"ဖယ်…နင်မကိုင်နဲ့။ ငါ တစ်ယောက်တည်းကိုင်မယ်"

နွဲ့နွဲ့က သူ့အစ်ကိုကို နင်ဟုဆိုကာ ရေစက်ခွက်ကိုကိုင်ထားသော သူ့အစ်ကိုလက်ကို ပုတ်ထုတ်လိုက်သည်။ အစ်ကိုဖြစ်သူက စိုးရိမ်အံ့ဩစိတ်ဖြင့် သူ့ညီမမျက်နှာကို လှမ်းကြည့်လိုက်သည်။ မှမမှန်သောအဖြစ်ကို သိလိုက်သည်။ နံဘေးတွင် ထိုင်နေသော ပယောဂဆရာကို လက်တို့အသိပေးလိုက်သည်။ ဆရာက -

"ဆရာသိတယ်။ ပလုပ်တောင်ရောက်လာတာပါ။ သူ့အတွက် နောက်ဆုံးပါပဲ။ အသာကြည့်နေပါ"

ဆရာတော်ကလည်း အခြေအနေကို သိရှိသွားဟန်ဖြင့် လက်ဖြင့်အချက်ပြသည်။ ရေစက်ချတရားပေးပြီး အမျှဝေသည်။ ပလုပ်တောင်အမည်ကို ထည့်ပြောပြီး အမျှဝေသည်။ အားလုံးကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့ဟု ဆိုပြီး သာဓုသုံးကြိမ်ခေါ်သံ စီဝေ၍ထွက်လာသည်။ ပထမအကြိမ် အမျှဝေစမှာပင် ရေစက်ခွက်ကိုင်ထားသော နွဲ့နွဲ့မှာ တဟီးဟီးနှင့် ချုံးပွဲချငိုပါတော့သည်။

နောက်မှလူများ အထိတ်တလန့်ဖြစ်ကာ နွဲ့နွဲ့ကို လှည့်ကြည့်နေကြသည်။ နွဲ့နွဲ့မှာ ရှိုက်ကြီးတငင် ငိုကြွေးနေသည်။ နောက်ဆုံးအကြိမ် အမျှဝေပြီး လက်ကျန်ရေများ အောက်ခံခွက်ထဲသို့ သွန်ချအပြီးတွင် နွဲ့နွဲ့မှာ ထိုင်နေလျက်က သူ့အစ်ကိုပေါင်ပေါ်သို့ လဲကျသွားတော့သည်။ အစ်ကိုဖြစ်သူက သူ့ညီမကို ထူပေးလိုက်သည်။ နွဲ့နွဲ့က မျက်ရည်သုတ်ကာ သူမည်သို့ဖြစ်သွားခဲ့သည်ကို မသိသည့်ဟန်ပန်ဖြင့် ဆရာတော်များကို ဦးချနေတော့သည်။ ဦးချသည်မှာ အကြိမ်ကြိမ်ပင်ဖြစ်သည်။

"ဒီနေ့ ဒီအချိန်ကစပြီး ဒီအိမ်မှာ ဖြစ်ခဲ့တဲ့ မကောင်းဆိုးဝါး အစိမ်းသရဲ နှောင့်ယှက်မှုတွေ ကင်းစင်သွားပါပြီ။ နောက် ဘယ်တော့မှ မဖြစ်တော့ပါဘူး။ ပေးဝေတဲ့ အမျှကုသိုလ်ရလို့ သက်ဆိုင်သူလည်း လွတ်ရာကျွတ်ရာသွားနိုင်ခဲ့ပါပြီ။ ရေစက်ခွက်ထဲကရေတွေ အိမ်ဘေးက ကုက္ကိုပင်ရင်းမှာ သွားသွန်လိုက်ပါ"

ဆရာတော် မိန့်မှာသည့်အတိုင်း နွဲ့နွဲ့က ရေစက်ခွက်ထဲမှရေများ ကုက္ကိုပင်ကြီးခြေရင်းတွင် သွန်ချလိုက်သည်။ ထိုစဉ် လေတိုက်ခြင်းမရှိပါဘဲလျက် အပင်ပေါ်မှသစ်ကိုင်း သိသိသာသာလှုပ်သွားသည်ကို နွဲ့နွဲ့သတိထားလိုက်မိသည်။ ထိုနေ့နောက်ပိုင်း စစ်ကဲကုန်းကုန်းထိပ်ပေါ်ရှိအိမ်ကြီးတွင် မည်သည့် ပူးကပ်ခြင်း၊ ခြောက်လှန့်ခြင်းမျိုးမှ မတွေ့ကြုံရတော့သည်ကို အိမ်ရှင်များသာ အသိဆုံးဖြစ်ပါတော့သည်။

**မောင်မောင်မိုးအောင်**



www.burmeseclassic.com

www.burmeseclassic.com

# လောကချမ်းသာ ထာဝရ အလှူတော်ငွေပဒေသာပင် သားစဉ်မြေးဆက် ဆက်လက်ရှင်သန်နေမည့် အလှူတော်

အသက်အရွယ် အို၊ နာ၊ သေ ဘေးမှ မလွတ်ကင်းနိုင်သော လူသားများဖြစ်၍ ရောက်လေရာရာ အရပ်ရှိဘုရားများတွင် ငွေပဒေသာပင် စိုက်ထူလှူဒါန်းမှုမျိုးသည် ဗုဒ္ဓဘာသာဝင်များအတွက် ဒါန မျိုးစေ့ အပင်စိုက်ပျိုးခြင်းဖြစ်ပါသည်။ ထိုအလှူသည် သားစဉ်မြေးဆက် ဆက်လက် ရှင်သန်နေမည့် အလှူတော်ဖြစ်၍ ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းပင်ဖြစ်ပါသည်။

ထိုကဲ့သို့ ငွေပဒေသာပင် စိုက်ထူခြင်းဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး အစွန့် ရှည်အောင်ဆောင်ရွက်နိုင်ပြီး၊ ငွေပဒေသာပင်မှရရှိသော အသီးအပွင့်တို့သည် စေတီဘုရားများအား ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှုအတွက် ပူပန်မှုများ ကင်းဝေးသကဲ့သို့ လှူဒါန်းသူများအတွက်လည်း တူညီသောအကျိုးတရား ခံစားရရှိနိုင်ပါသည်။ ဘုရားဖူးလာရောက်သူများအတွက်လည်း လှူရိုးလှူစဉ် အလှူဒါနမျိုးများအနက် ထူးကဲသော ဒါနတစ်မျိုးဖြစ်ပြီး နောက်တစ်ကြိမ်ဘုရားဖူးလာရောက်ပါက မိမိတို့လှူဒါန်းမှုကိုအမှတ်ရစေ၍ ကုသိုလ်တရား အကျိုးကျေးဇူးများလည်းရနိုင်သဖြင့် ၎င်းအကျိုးကို ရည်ရွယ်ကာ• • •မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားသော လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၊ ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့မှလည်း ထို ငွေပဒေသာပင်များကို တစ်ပင်လျှင် ကျပ်တစ်သောင်းဖြင့် စိုက်ထူလှူဒါန်းနိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ပါသဖြင့် ဘုရားဖူးလာ သူတော်စင်အပေါင်းလည်း မိမိတို့၏ အလှူဒါနကို သားစဉ်မြေးဆက် ဆက်လက်ရှင်သန်နေမည့် အလှူတော်အဖြစ် ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့ဝင်များဖြစ်သည့်• • •

ဦးညွန့်မောင် + ဒေါ်လှမြိုင်မိသားစု၊ ဦးကြည်လှမိသားစု၊ ဦးစိန်လှိုင် + ဒေါ်အေးမြင့်မိသားစု၊ ဦးသိန်းဝင်း + ဒေါ်အေးအေးမြင့်မိသားစု၊ ဦးမောင်မောင်မြင့်အေး + ဒေါက်တာစောယုနွယ် မိသားစု၊ ဦးခင်မောင်ဆက် မိသားစုတို့မှလည်း တစ်ဦးလျှင် ငွေပဒေသာပင် (၁၀)ပင်အတွက် လှူဒါန်းငွေကျပ် တစ်သိန်းစီဖြင့် စတင်လှူဒါန်းခဲ့ပါသည်။


၎င်းငွေများကို မြန်မာ့စီးပွားရေးဘဏ် အင်းစိန်တွင် စာရင်းအမှတ် (SP 044561)ဖြင့် စာရင်း ဖွင့်လှစ်အပ်နှံထားပြီး၊ ငွေပဒေသာပင်များမှရရှိသော အသီးအပွင့်များဖြင့်သာ ဘုရားကြီးကိုပြုပြင် ထိန်းသိမ်း စောင့်ရှောက်မည်ဖြစ်ပါသည်။

ဂေါပကအဖွဲ့ရုံး ♦ ဖုန်း - ၆၄၄၈၆၀၊ ၆၄၄၈၅၈၊ ၆၄၄၈၅၇

ဂေါပကအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ထောင်ထဲမှာမှ ပျော်မွေ့သူ

ပီတာမြဦး

လူတို့သည် ထောင်ဆိုသောစကားကို ကြားလိုက်သည်နှင့် ပြစ်မှုမျိုးစုံ ကျူးလွန်ခဲ့ကြသော ဒုစရိုက်သမားများစု ဝေးရာ မကောင်းသော မင်္ဂလာမရှိသော အနိဋ္ဌာရုံအရပ်အဖြစ် စက်ဆုပ်ရွံရှာကြလေသည်။ မည်သူမျှ ထောင်ထဲသို့ သွားရန် မဆိုထားဘိ ကျက်သရေမဲ့သော ထောင်အုတ်ရိုး မည်းမည်းမြင့်မြင့် ကြီးနားက ဖြတ်လျှောက်ရလျှင်ပင် ကြက်သီးတဖွားဖွား ထတတ်ကြသည်။

စိတ်တစ်ခု ရုပ်ကိုးဆယ်ရှိရာတွင် အဆန်းကြယ်ဆုံးမှာ လူတို့၏စိတ်ရိုင်းစိတ်မိုက်များ ဖြစ်၏။

ဤမျှ လူတကာထိတ်လန့်တကြားဝေးဝေးက ရှောင်ကွင်းနေကြသော ထောင်ထဲတွင်မှ စားဝတ်နေရေးပြေလည်သည်၊ လုံခြုံစိတ်ချရသည်ဆိုကာ ထောင်ထဲ မကြာခဏ သွားရောက်နေသူများ ရှိသည်ဆိုလျှင် ယုံကြည်ကြပါမည်လား။

အမှန်တကယ် လက်တွေ့တွင်အား ထိုကဲ့သို့ ထူးခြားဆန်းကြယ်သောသူအချို့ ရှိနေပါလေသည်။ အဘယ်ကြောင့် ယင်းသို့ဖြစ်နေရပါလေသနည်း။

ထိုအထဲတွင် အပြင်လောကမှာထက် ထောင်ထဲတွင်နေရမှ ပျော်သည်ဆိုသူ မောင်မော်လည်း တစ်ယောက်အပါအဝင်ဖြစ်၏။ ထို့ကြောင့်လည်း သူ့အား အကျဉ်းသားများက "ထောင်ပျော်မောင်မော်"ဟု ခေါ်ကြသည်။

ယင်းသို့ လူတို့၏ စက်ဆုပ်ဖွယ်ရာ အနိဋ္ဌာရုံအရပ်တွင်မှ ပျော်တတ်သူဖြစ်လာအောင် ဖန်တီးလှုံ့ဆော်ပေးခဲ့သော မောင်မော်၏ဘဝအခြေခံအကြောင်းတရားများသည်ကား။

× × ×

"ဒါ ထောင်ပိုင် ကျွန်ရက်တောင်းတဲ့ ဝရမ်းတွေပါ ဆရာ"

တစ်နေ့ နံနက်ပိုင်းတွင် ထောင်ကျရုံးထောင်မှူးက ထောင်ကျဝရမ်းများနှင့် ထောင်ပိုင်ကျွန်ရက် စာရင်းစာအုပ်ကိုပါ ကျွန်ုပ်ထံ ပူးတွဲတင်ပြလာပါသည်။

အကျဉ်းထောင် တာဝန်ခံအရာရှိ (ထောင်ပိုင်)သည် အကျဉ်းသားတစ်ယောက်အား တစ်နှစ်လျှင် လျှော့ရက်တစ်လအထိ ပေးပိုင်ခွင့်ရှိ၏။ ထိုတစ်လကို နှစ်ကုန်မှ ပေးခြင်းမဟုတ်ဘဲ သုံးလပတ် တစ်ကြိမ်ပြည့်လေတိုင်း လေးကြိမ်ခွဲ၍ အလီလီ (quarterly) ပေးရခြင်းဖြစ်၏။ ယင်းကွာတာလီကို အတိုကောက်အားဖြင့် ပထမကွာ၊ ဒုတိယကွာ စသဖြင့် အကျဉ်းသားတို့က ခေါ်ကြသည်။

ကျွန်ရက်ဆိုသည်မှာ ဥပမာအားဖြင့် ထောင်ပိုင်က ပထမကွာတွင် ခုနစ်ရက်၊ ဒုတိယကွာ ခုနစ်ရက်နှင့် တတိယကွာ ခုနစ်ရက် ပေးခဲ့ပြီးပါက စတုတ္ထကွာတွင်ပေးရန် ကိုးရက်ကျန်ပါမည်။ ထိုကျွန်ရက်ကို ထည့်ပေးလိုက်ပါက လွတ်နီး အကျဉ်းသားများ တစ်ပတ်ဆယ်ရက်အတွင်း လွတ်မြောက်သွားနိုင်ပါမည်။ ယင်းကို ထောင်ပိုင် ကျွန်ရက်တောင်းခြင်းဟု ခေါ်သည်။

"ဟာ…ဒီမောင်မော်ဆိုတဲ့ကောင် ဒီတစ်ခါလွတ်မှာ မြန်လှချည်လားကွယ့်"

ကျွန်ုပ် ကျွန်ရက်ပေးရန် စစ်ဆေးရင်း ဝရမ်းတစ်ခုကိုကြည့်ရင်း ပြောလိုက်မိသည်။

"ဟုတ်ကဲ့ ဆရာ။ ဒီတစ်ခေါက်လည်း စတိုးဆိုင်က ကလေးကစားစရာ အရုပ်ကလေးတစ်ခု ခိုးတာဆိုတော့ သူ့



www.burmeseclassic.com

www.burmeseclassic.com

အကြောင်း ဓာတ်သိနေတဲ့ တရားသူကြီးက လေးလပဲ ချလိုက်လို့ပါ"

"တော်တော် အလုပ်ရှုပ်တဲ့ကောင်ပါလား"

ကျွန်ုပ် ကရုဏာဒေါသောဖြင့် ပြောလိုက်မိသည်။ ကြည့်လေ၊ မောင်မော်ဆိုသူအကျဉ်းသားမှာ ကျွန်ုပ်လက်ထက်တွင်ပင် ထောင်ကျလာတာ သုံးလေးကြိမ်ရှိနေလေပြီ။ တစ်ခုဆန်းသည်မှာ ထောင်သို့ရောက်လာသည့် အရေအတွက်ကသာ များနေတာ။ ပြစ်ဒဏ်က များများစားစားမဟုတ်။ တစ်ကြိမ်ထောင်ကျလာလျှင် အလွန်ဆုံး သုံးလေးငါးလမျှသာ။ ထိုအချက်ကို ကျွန်ုပ်ဘဝင်မကျနိုင်၍ ခုတစ်ခေါက်တော့ အကျဉ်းသားမောင်မော်ကို ခေါ်မေးမိသည်။

"ဟော့…မောင်မော်၊ မင်း ဘာလို့ ထောင်ထဲ ခဏခဏ လာရတာလဲကွ"

"ပျော်လို့ပါ ဆရာ"

"ဟော…မင်းနှယ်ကွာ။ ထောင်ဆိုတာ မတစ်ထောင်သား ဒုစရိုက်ကောင်တွေနဲ့ပြည့်နေတဲ့ အနိဋ္ဌာရုံနေရာမဟုတ်လား။ ဘာများ ပျော်စရာရှိလို့လဲ"

ကျွန်ုပ် အံ့အားတသင့်မေးမိသည်။

"ဟုတ်ကဲ့။ ကျွန်တော့်ဘဝကံကကို အဲလိုဖြစ်နေလို့ပါ ဆရာ"

"ဩော်…ဆိုစမ်းပါဦးကွ မင်းဘဝကံကို"

မောင်မော်က တံတွေးတစ်ချက်မျိုချလိုက်ပြီးမှ -

"ဒီလိုပါ ဆရာ။ ကျွန်တော်ငယ်ငယ်ကတည်းက အဖေဆုံးသွားလို့ ပထွေး အရက်သမားရဲ့ အနှိပ်အစက်အထုအထောင်းခံပြီး လူဖြစ်လာရတာပါ။ ဒါကြောင့် ၁၂ သားမှာ အိမ်ကထွက်ပြေးခဲ့တယ်။ စားစရာမရှိတော့ ခိုးစားတယ်။ အဲဒါကို ရဲကဖမ်းပြီး လူငယ်သင်တန်းကျောင်းပို့တယ်။ သင်တန်းကျောင်းမှာ စည်းကမ်းတင်းကျပ်တော့ မနေချင်ဘူး။ ဒါကြောင့် သင်တန်းကျောင်းက ထွက်ပြေးခဲ့ပြန်တယ်"

"အင်း…"

"နောက်တော့ မြေအောက်ဒုစရိုက်လောကက ဆရာကြီးတစ်ယောက်လက်ထဲ ရောက်သွားတယ်။ သူက ကျွန်တော့်ကို ခါးပိုက်နှိုက်နည်းမျိုးစုံနဲ့ အိမ်ဖောက်ထွင်းနည်းတွေ သင်ပေးတယ်။ ပထမတော့ ကျွန်တော်ကြောက်တယ်။ လက်မရဲသေးဘူး။ ကြာတော့ မှဆိုးစိုင်သင်ဆိုသလို အလုပ်က သင်သွားတယ်။ လက်ကလည်း တဖြည်းဖြည်းယဉ်လာတယ်။ ဒါပေမယ့် ကံကောင်းနေသေးလို့လားမသိဘူး။ တစ်ခါမှ အဖမ်းမခံခဲ့ရဘူး။ အဲ…ကံဆိုးချင်တော့ ဆရာကြီးကတော် ပိုက်ဆံအိတ်ပျောက်တာကို ကျွန်တော်လို့ အစွပ်စွဲခံရပြီး ရဲတိုင်လို့ ထောင်တစ်နှစ် ကျလာခဲ့တယ်။ ကျွန်တော် အဲဒီကတည်းက ထောင်ကို တော်တော်သဘောကျသွားခဲ့တယ်ဆရာ"

"ဟော…ဟုတ်လား။ နေပါဦး ထောင်ထဲမှာ ဘာများ သဘောကျစရာရှိလို့လဲ"

ကျွန်ုပ် အံ့အားတသင့် မေးမိပြန်သည်။

"ကြည့်လေဆရာ။ ထောင်မှာက အိပ်စရာနေရာရှိတယ်။ ချိုးစရာရေကန်ရှိတယ်။ အလေး၊ အပေါ့သွားဖို့ အိမ်သာကလည်း အဆင်သင့်။ ပြီးတော့ မနက်အိပ်ရာက နိုးတာနဲ့ ဆန်ပြုတ်သောက်ရတယ်။ နေ့လယ်စာလည်း သူ့အချိန်ရောက်ရင် အဆင်သင့်စားရတယ်။ နောက်ပြီး နေမကောင်းဖြစ်ရင်လည်း ဆေးမှူးတွေနဲ့ ဆေးရုံပါရှိတယ်လေ။ ဘယ်လောက်ကောင်းလဲ"

ကျွန်ုပ် မောင်မော်ကို နားမလည်နိုင်သေး။

"ဒါဆို မင်း အပြင်မှာတုန်းက ဘယ်လိုစားခဲ့၊ နေခဲ့ရလို့လဲ"

"ဟာ…ဆရာရယ် အပြင်မှာဆို တစ်ချိန်လုံး နယ်ထိန်းတွေလက်က လွတ်အောင်ရှောင်နေရတော့ ထမင်းစားရတာတောင် ကျိုးကန်းတောင်းမှောက်နဲ့ရယ်။ ညအိပ်တော့လည်း ကိုယ့်လိုဒုစရိုက်သမားတွေကများတော့ ကျောတစ်နေရာစာ မနည်းဦးထားနိုင်မှ တစ်ညလုံး ကျပ်ကျပ်တည်းတည်းနဲ့ အိပ်ခွင့်ရတာလေ"

"ဒါနဲ့ မင်း ထောင်ကလွတ်တော့ မင်းဆရာကြီးဆီ ပြန်သွားခဲ့လား"

"ဟာ…ဘယ်သွားပါတော့မလဲ။ ကျွန်တော့်ကို သက်သက်မဲ့ အပြစ်ရှာပြီး ထောင်ထဲထည့်လိုက်တဲ့လူပဲဟာ"

"အင်း…ဒါဖြင့် မင်း ဘယ်ကို သွားလဲ။ မင်းအမေဆီကိုလား"

"အမေက ကျွန်တော် ထောင်ကျနေတုန်း ဆုံးသွားရှာပြီဆရာ။ ဒါကြောင့် ခိုကိုးရာမဲ့နေတဲ့ ကျွန်တော့်ကို ဆရာကြီးနဲ့ပြိုင်ဘက် အုပ်စုတွေကတော့ လိုလိုချင်ချင် ဖိတ်ခေါ်ကြပါရဲ့။ ဒါပေမယ့် ကျွန်တော် ကျီးလန့်စာစားနေရတဲ့



www.burmeseclassic.com

www.burmeseclassic.com

ခုစရိုက်လောကကို စိတ်ကုန်သွားပြီ ဆရာ။ ဒါကြောင့် ကျွန်တော် သဘောကျနေတဲ့ ထောင်ထဲပဲပြန်ဝင်ခဲ့တာပေါ့"

"ဟုတ်လား။ ဘယ်လိုနည်းနဲ့ ပြန်ဝင်လာတာလဲ"

"ထောင်လေး-ငါး-ခြောက်လ လောက်ပဲ ကျနိုင်မယ့် ပစ္စည်းအသေးအမွှားတွေကို ရဲမြင်အောင်ဖြစ်ဖြစ်၊ ပိုင်ရှင်မြင်အောင်ဖြစ်ဖြစ် ခိုးတယ်လေ ဆရာ"

"ဟေ"

ကျွန်ုပ် ရုတ်တရက် သဘောမပေါက်နိုင်သေး။

"မင်းနယ်ကွာ။ ကိုယ်သဘောကျတဲ့ထောင်ထဲမှာ ကြာကြာလေးနေရအောင် ပြစ်မှုခပ်ကြီးကြီးလေးတွေ ကျူးလွန်ခဲ့ရောပေါ့ကွာ"

"ဟာ…အဲလိုတော့ မဖြစ်ဘူး ဆရာ"

"ဘာဖြစ်လို့လဲ"

"အာ…ထောင် တစ်နှစ်၊ နှစ်နှစ် လောက်ကျရင် ရဲဘက်စခန်း အပို့ခံရမှာလေ"

"ဟာ…ထောင်ထက်စာရင် ရဲဘက်စခန်းမှာက ပိုပြီးမလွတ်လပ်ဘူးလား"

"အဲ…ရဲဘက်စခန်းမှာ လွတ်တော့လွတ်လပ်ပါရဲ့။ ဒါပေမယ့် အလုပ်ကို ခိုကပ်လို့မရဘူး။ ကိုတာအပြည့် လုပ်ရတာလေ။ ပြီးတော့ တောထဲတောင်ထဲ ဆူးကြိုးဝင်းထဲ ညအိပ်ရတာ ရင်ထဲတထိတ်ထိတ်နဲ့ရယ်။ ထောင်ထဲမှာက အုတ်ရိုး မြင့်မြင့်ထူထူကြီးတွေထဲ နေရတော့ ပိုပြီး လုံခြုံစိတ်ချရတယ်လေ"

"မင်းပြောသလိုဆိုရင် ရဲဘက်စခန်းမှာပဲ အလုပ်လုပ်ရတယ်။ ထောင်ထဲမှာအလုပ်မရှိသလို ဖြစ်မနေဘူးလား"

"ထောင်မှာက အလုပ်ဘက်တစ်ခုလုံးရှိနေတော့ လုပ်ငန်းက ပိုစုံသေးတယ်။ ရက်ကန်းလုပ်မလား။ လက်သမားလုပ်မလား။ အပ်ချုပ်မလား။ ဖိနပ်ချုပ်မလား။ အလုပ်တွေမှ အများကြီးရယ်။ ထောင်ကလွတ်ရင် တစ်ဝမ်းတစ်ခါးအတွက် မပူရတဲ့ သက်မွေးဝမ်းကျောင်း အလုပ်တွေပေါ့"

"ဒါဆို…မင်းက ဘာအလုပ်လုပ်ခဲ့ရလဲ"

"ကျွန်တော်က အဆောင်မှူးရုံးခန်းက ဘာယာလေ ဆရာ။ မနက်မိုးလင်းရင် အဆောင်သားတွေကို အလုပ်ကြီးဘက် လိုက်ပို့ပေးရတယ်။ နေမကောင်းတဲ့ အကျဉ်းသားရှိရင် ဆေးရုံပို့ပေးရတယ်။ တစ်နေ့တာ ထောင်ဝင်စာလာတွေ့ အကျဉ်းသားစာရင်း လုပ်ပေးရတယ်။ ပြီးတော့ အဆောင်သားတွေစားဖို့ မနက်စာ၊ ညနေစာကို ဖိုဝိုင်းကြီးထဲက သွားထုတ်ပေးရတယ်။ ခုတော့ ဖိုခေါင်းရော၊ မိန်းဂျေးက စည်းကမ်းထိန်းရော၊ ရေကန်ဘာယာကော၊ အခန်းလူကြီးတွေပါ ကျွန်တော်နဲ့ မသိတဲ့လူရယ်လို့ မရှိတော့ဘူးလေ။ အားလုံးနဲ့ ရင်းနှီးပြေလည်နေပြီဆရာ။ ဒါကြောင့် ထောင်ထဲနေရတာ ပျော်တာပေါ့ဗျာ"

မောင်မော်ဆိုသူမှာ အသက်နှစ်ဆယ်ကျော်မျှသာရှိသေးသော လူငယ်တစ်ယောက်ပါပေ။ နောက်ပိုင်း သူထောင်ကျလျှင် ဘာမှုလဲ၊ ဘယ်လောက်ကျလဲ အတူးမေးစရာမလိုတော့အောင် သူ့သဘော၊ သူ့မနောကို အတွင်းသိ၊ အစင်းသိ နေ၍ပင်။

သို့တစေ နောက်ပိုင်း မောင်မော်ထောင်က လွတ်ရက်စေ့၍ လွှတ်ပေးရလေတိုင်း ကျွန်တော့်ရင်ထဲ နာသလိုကျဉ်သလိုနှင့် အမည်ဖော်ပြရန် ခက်ခဲသော ဝေဒနာတစ်ရပ်ကို တနုံ့နုံ့ ခံစားလာမိသည်။ ယင်းသို့ဖြစ်ရသည်မှာ မောင်မော့်လို အရွယ်ကောင်းလူငယ်တစ်ဦး ခဏခဏ ထောင်ကျလာသည်ကို မမြင်လိုတော့၍ ဖြစ်၏။

"ကဲ…ကိုစိုးလှိုင် စဉ်းစားစမ်းဗျာ။ ကျွန်တော်တို့ ဒီမောင်မော်ဆိုတဲ့ကောင် ထောင်ထဲထပ်ဝင်မလာနိုင်အောင် ဘယ်လိုလုပ်ပေးနိုင်မလဲဆိုတာ"

တစ်နေ့တော့ ထောင်မှူးကြီး ဦးစိုးလှိုင်အားခေါ်၍ အကြံဉာဏ်တောင်းမိသည်။

ဦးစိုးလှိုင်က ခဏစဉ်းစားပြီးနောက် -

"မောင်မော်က မကြာခဏ ပြစ်မှုကျူးလွန်တတ်လို့ ရဲအစ်လွဲတာပဲ မဟုတ်လားဆရာ"

"ဟုတ်တယ်လေ။ ဒါပေမယ့် ရဲက သူ့ကို နောက်ထပ် ပြစ်မှုမကျူးလွန်နိုင်အောင် ချုပ်ထားနိုင်တာမှ မဟုတ်ဘဲ။ ရဲစခန်းရောက်တာနဲ့ လက်မှတ်ထိုးပြီး ပြန်လွှတ်ပေးလိုက်တာပဲလေ"

"အင်း…ခက်တာက သူက လွတ်လူဖြစ်နေတော့ ကျွန်တော်တို့ ထောင်လိုင်းထဲထားပြီး စောင့်ကြည့်နေဖို့လည်း မဖြစ်နိုင်ဘူး။ အကောင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com

ကတော့ သူ့ရဲ့မကောင်းမှုတွေကို ခဝါချပြီး နောက်ထပ် ပြစ်မှုကျူးလွန်ချင်စိတ်ပျောက်အောင် ကမ္မဋ္ဌာန်းကျောင်းတစ်ကျောင်းမှာ အပ်ထားလိုက်ရင်ကောဆရာ"

"ခင်ဗျားအကြံက မဆိုးပါဘူး။ သို့ပေမယ့် မောင်မော်လို ထောင်ခဏခဏကျဖူးတဲ့လူကို ဘယ်ကမ္မဋ္ဌာန်းကျောင်းက လက်ခံပါ့မလဲ။ စုံတော့ စုံစမ်းကြည့်ဦးပေါ့ဗျာ"

"ဟုတ်ကဲ့ ဆရာ"

လူတစ်ယောက်အား မြတ်ဗုဒ္ဓ၏ တရားတော်များအရ တရားအားထုတ်ခြင်းဖြင့် သမာဓိရလာက မကောင်းမှုများကို ရှောင်လာနိုင်မှာမဟုတ်ပါလား။

ကျွန်ုပ်အနေနဲ့ လောလောဆယ် တခြားရွေးချယ်စရာမရှိ၍ ထောင်မှူးကြီး၏ အကြံဉာဏ်ကို လက်ခံလိုက်ရခြင်းသာ။ တကယ်ဆိုလျှင် ထောင်ထွက်သူနီးတစ်ယောက်ကို လက်ခံထိန်းကျောင်းပေးနိုင်မည့် ကမ္မဋ္ဌာန်းကျောင်းက တွေ့ရန်လွယ်လှသည်မဟုတ်။

ကျွန်ုပ် တွေးထင်ထားသည့်အတိုင်းပင် မောင်မော် ထောင်မှလွတ်မည့်နေ့ ရောက်သည့်တိုင် ကမ္မဋ္ဌာန်းကျောင်းကို ရှာမတွေ့နိုင်သေး။ သည်တော့ ကျွန်တော်ကပင် မောင်မော်အား ဩဝါဒခြွေရပါတော့၏။

"ဒီမှာ မောင်မော်"

"ဟုတ်ကဲ့ဆရာ"

"မင်းက ထောင်ခဏခဏကျဖူးပြီးသားဆိုတော့ ဘယ်လိုလုပ်ရင် အကောင်း၊ ဘယ်လိုလုပ်ရင် အဆိုးဆိုတာ မင်းကောင်းကောင်းနားလည်ပြီးသားပဲကွ။ ဒါကြောင့် မင်းကို ဟိုလိုလုပ်၊ ဒီလိုလုပ်ဆိုပြီး ဆုံးမစကား ပြောမနေချင်တော့ဘူး။ ဒါပေမယ့် ငါ့စိတ်ရင်းအတိုင်း စကားတစ်ခွန်းတော့ မှာလိုက်မယ်။ ငါ မင်းမျက်နှာကို နောက်တစ်ခါ လုံးဝထပ်မမြင်ချင်တော့ဘူးကွာ"

ကျွန်ုပ်စကားကြောင့် မောင်မော် ပါးစပ်ဟောင်းလောင်း ပွင့်သွားကာ အတန်ကြာအောင် မျက်လုံးဝိုင်းကြီးဖြင့် ကြည့်နေသေးသည်။ ပြီးမှ လွတ်လက်မှတ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ နေရာမှထလျက် ထောင်မှူးဝမှ တစ်လှမ်းချင်း ထွက်သွားလေတော့၏။

မောင်မော် လွတ်သွားပြီးနောက် နေ့မှစ၍ ကျွန်ုပ်တွင် တာဝန်ဖိစီးမှု တိုးလာသည်။ ညနေ အချုပ်ကားပြာကြီးများ ထောင်ဖူးဝ၌ ရပ်လိုက်တိုင်း ဆင်းလာသူများထဲတွင် မောင်မော်တစ်ယောက် ပြန်ပါလာလေမလား စောင့်ကြည့်နေမိခြင်း ဖြစ်၏။

သို့တစေ သည်တစ်ခါ ထူးခြားသည်ကား မောင်မော် တစ်ယောက် တစ်လကြာလည်း ပေါ်မလာ၊ နှစ်လကြာလည်း ရောက်မလာ။ သုံးလနေလည်းပါမလာ။ သည်အတိုင်းဆို မဟုတ်မှလွဲရော ကျွန်ုပ်တို့မပို့ပေးနိုင်ခဲ့သည့် ကမ္မဋ္ဌာန်းကျောင်း တစ်ကျောင်းတွင် တရားအားထုတ်နေတာများလား။ ဒါမှမဟုတ် စိတ်ကောင်းဝင်ပြီး ကောင်းရောင်းကောင်းဝယ် လုပ်နေတာများလား။ ဒီလိုမှမဟုတ်ဘဲ အိမ်ထောင်တွေဘာတွေ ရတ်တရက်ကျသွား၍ပေလား။

ဤသို့ဖြင့် နေ့မိုးဆောင်း ဆယ်နှစ်လရာသီတိုင်သွားသည်အထိ ပေါ်မလာတော့ဘဲ ထူးခြားစွာ ပျောက်ချင်းမလှ ပျောက်ကွယ်သွားခဲ့ပါလေသည်။ ကြာတော့လည်း မေ့ချင်သလို တောင်ဖြစ်လာသည်။

"အင်းစိန် ရဲစခန်းမှူးက ဆရာနဲ့ တွေ့ချင်လို့တဲ့"

တစ်နေ့ နေ့လည်ပိုင်း တံခါးထောင်မှူးက လာသတင်းပို့သည်။

"ဘာကိစ္စတဲ့လဲ"

"အဲဒါတော့ မပြောဘူး။ ထောင်ပိုင်ကြီးနဲ့ တွေ့ချင်လို့ပဲ ပြောတယ်"

အင်းစိန်စခန်းမှူးမှာ မြို့နယ် အစည်းအဝေးများတွင် မကြာခဏတွေ့နေကျမို့ မျက်မှန်းတန်းမိနေသူဖြစ်၏။

"ဒါဆိုလည်း ဝင်ခွင့်ပေးလိုက်ပါ"

"ဟုတ်ကဲ့ ဆရာ"

မကြာမီ ငွေကြယ်နှစ်ပွင့်တပ်ထားကာ ရဲယူနီဖောင်းကို စနစ်တကျဝတ်ဆင်ထားသော စခန်းမှူးရုံးခန်းတွင်းသို့ အလေးပြု၍ ဝင်ရောက်လာသည်။

"ထိုင်ပါ စခန်းမှူး"

ကျွန်ုပ်က စားပွဲရှေ့ရှိ ကုလားထိုင်တစ်လုံးကို ညွှန်ပြလိုက်သည်။

"ကျွန်တော် အင်းစိန်ရဲတပ်ဖွဲ့ စခန်းက စခန်းမှူးမြင့်မောင်ပါ ဆရာ"

"ဟုတ်ကဲ့ ပြောပါ စခန်းမှူး"

"ကျွန်တော်က ထောင်မကြာခဏကျလာတတ်တဲ့ မောင်မော်ရဲ့ ဆရာအရင်းပါ"

"ဟုတ်လား။ စခန်းမှူးက မောင်မော်ရဲ့ ဆရာအရင်းတဲ့လား"

"ဟုတ်ကဲ့။ မောင်မောင်က ကျွန်တော့်ရဲ့ ရပ်ဆွေရပ်မျိုးလို ပြဿနာဖြစ်တိုင်း အကူအညီပေးနေရတာဆို



www.burmeseclassic.com

www.burmeseclassic.com

တော့ တပည့်ရင်းတစ်ယောက်လိုပါပဲ ထောင်ပိုင်ကြီး"

"ဩော်···ဟုတ်ကဲ့။ ဒါနဲ့ မကြာခဏ ထောင်ကျလာတတ်တဲ့ မောင်မော်တစ်ယောက် အခု ပေါ်မလာတာ တစ်နှစ် ကျော်ကျော်နေပြီဗျ။ ကေန္တလူကောင်းသူကောင်းများဖြစ်သွားလို့များလား စခန်းမှူး"

စခန်းမှူးက သက်ပြင်းမောတစ်လုံး မှုတ်ထုတ်လိုက်ကာ -

"ဒါက ဒီလိုပါ ထောင်ပိုင်ကြီး။ မောင်မော် နောက်ဆုံး ထောင်ကလွတ်တဲ့နေ့က ကျွန်တော့်ဆီ ရောက်လာတယ်။ ထောင်ပိုင်ကြီးက သူ့မျက်နှာကို နောက်ထပ်မမြင်ချင်တော့ဘူးလို့ ပြောလိုက်တယ်တဲ့။ အဲဒီစကားကြောင့် သူပျော်တဲ့ ထောင်ထဲ နောက်ထပ်ပြန်မဝင်ရတော့လို့ အရမ်းဝမ်းနည်းမိတယ်တဲ့။ အဲဒါကြောင့် သူမကောင်းတဲ့ကိစ္စတွေကိုရှောင်ပြီး လူကောင်းသူကောင်းလုပ်ချင်ပြီလို့ ပြောပါတယ်။ ကျွန်တော်က မင်းတကယ် သေချာရဲ့လားမေးတော့ သူက သေချာပါတယ်တဲ့ ထောင်ပိုင်ကြီး။ သူတကယ်နောင်တရပြီလို့ ပြောပါတယ်။ အဲဒါကြောင့်မို့ ပဲခူးက ကျွန်တော့်ညီဆီ လှမ်းအကြောင်းကြားပြီး မောင်မော့်ကို အပ်လိုက်တယ်။ ညီတော်မောင်က ပဲခူးမြို့လယ်မှာ လက်ဖက်ရည်ဆိုင်ကြီး ဖွင့်ထားတာလေ ထောင်ပိုင်ကြီး"

"ဩော်···"

"မောင်မော့်ကို အဲဒီမှာ လက်ဖက်ရည်ဖျော်နည်းသင်ပေးရင်း ဝိုင်းလုပ်ဝိုင်းစားဖို့ပေါ့လေ။ ပထမ ခြောက်လလောက်အထိကတော့ တော်တော်လိမ္မာလာတယ်တဲ့။ နေတာထိုင်တာ၊ ပြောတာဆိုတာ တကယ့်လူကောင်းလေးအတိုင်းပဲတဲ့။ ညီတော်မောင်ကလည်း သူ့ကိုယုံကြည်လာပြီး ညဘက်ဆိုင်မှာပဲ စောင့်အိပ်ခိုင်းသတဲ့။ အဲဒီမှာ သူ့ဇာတိပြတော့တာပါပဲ ဆရာ။ တစ်နေ့ညမှာတော့ မောင်မော် လက်ဖက်ရည်ဆိုင်က ပိုက်ဆံတွေခိုးပြီး ထွက်ပြေးသွားတယ်လို့ ဖုန်းဝင်လာတယ်။ ဖုန်းရလို့ သိပ်တောင်မကြာလိုက်သေးဘူး မောင်မော် ကျွန်တော့်ဆီ ပေါက်ချလာပါလေရော။ သူ့ကို ကယ်ပါဦးတဲ့။ ကျွန်တော်က ပဲခူးက ပိုက်ဆံခိုးလာတဲ့ကိစ္စအတွက်လားမေးတော့ သူက အဲဒါကြောင့်မဟုတ်ဘူးတဲ့။ သူ 'ရန်ကုန်ရောက်မှ ဘတ်စ်ကားပေါ်မှာ ခါးပိုက်နှိုက်လိုက်တာ နယ်ထိန်းမြင်သွားလို့ ကျွန်တော့်ဆီ ပြေးလာတာတဲ့လေ။ ပြီးတော့ ပြောသေးတယ်။ သူ အပြင်လောကမှာ မပျော်ဘူး။ ထောင်ထဲမှာပဲ ပျော်တယ်တဲ့။ အဲဒါကြောင့် ထောင်ထဲပြန်ရောက်အောင် ခါးပိုက်ပြန်နှိုက်တာတဲ့ဗျာ"

ကျွန်ုပ် အတော်စိတ်ပျက်သွားမိသည်။

"ကျွန်တော်လည်း မောင်မော့်ကို စခန်းမှူးကြီးလိုပဲ အတော်လေး ပြုပြင်ထိန်းသိမ်းချင်တဲ့ စေတနာတွေ ပေါ်ခဲ့မိတယ်။ ခုတော့ စခန်းမှူးကြီးက ကျားပေါက်ကို နို့တိုက်မွေးမိသလို ဖြစ်ပြီး ကျားကလည်း ကျားဆိုတော့ အချိန်တန်ရင် ဟိန်းပြီး တောထဲပြန်ဝင်သွားသလိုပေါ့။ အခု မောင်မောင်ကလည်း ဘယ်လောက် ပြုပြင်ထိန်းသိမ်းပေးပေမယ့် သူ့ဇာတိဉာဉ်ဆိုး မပျောက်နိုင်ဘဲ ပြန်ခေါင်းထောင် ပြလာတာပေါ့လေ"

"အဲဒါလေ ကျွန်တော် မျက်နှာပူပူနဲ့ပဲ ထောင်ပိုင်ကြီးကို မေတ္တာရပ်ခံပါရစေ။ မကြာမီရက်ပိုင်းအတွင်း ထောင်ထဲပြန်ရောက်လာမယ့် မောင်မော့်ကို ကြည့်ရှုစောင့်ရှောက်ပေးဖို့ အပ်နှံပါရစေဗျာ"

"ကလင်··ဂရင်··ဂရင်"

ထိုအခိုက် ကျွန်ုပ်စားပွဲပေါ်မှ တယ်လီဖုန်းမြည်လာ၍ ကောက်ကိုင်နားထောင်လိုက်ရာ ရုံးချုပ်ရေးဌာနမှ ရုံးအုပ်ကြီးဖြစ်နေလေသည်။ ကျွန်ုပ် သူပြောတာ နားထောင်ပြီး နောက် စခန်းမှူးအား -

"အားတော့ နာပါရဲ့ဗျာ။ ကျွန်တော် ရုံးချုပ်ကို အရေးကြီးကိစ္စနဲ့ သွားစရာရှိလို့ပါ။ ခွင့်ပြုပါဦး"

ကျွန်ုပ် မာစတာဂျစ်ကို ကိုယ်တိုင်မောင်း၍ ရုံးချုပ်သို့ စိတ်လက်ပေါ့ပါးစွာ ထွက်လာခဲ့မိသည်။ ခုတော့ ကျွန်ုပ်၏ ဆန္ဒပြည့်မြောက်ပေတော့မည်။ နောက်ထပ်မမြင်လိုတော့သော မောင်မော်၏ မျက်နှာကို ကျွန်ုပ်အမှန်တကယ်လည်း ကြုံတွေ့မြင်ရတော့မည် မဟုတ်ပါပေ။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ် နယ်အကျဉ်းထောင်တစ်ခုသို့ အမြန်ဆုံး သွားရောက်တာဝန်ထမ်းဆောင်ရန် ယနေ့ပင် အမိန့်ထွက်လာခဲ့ပြီမဟုတ်ပါလား။

● ပီတာမြဦး



www.burmeseclassic.com

www.burmeseclassic.com



# မိဘကျေးဇူးနှင့် သားသမီးတို့၏ တာဝန်

မောင်မောင်(ပိတောက်မြိုင်)

မိဘတို့ဟူသည် သားသမီးတို့၏ မျက်နှာလေးများကို မြင်လိုက်ရရုံဖြင့် ရေကြည်ချမ်းမှု တစ်ပေါက်ကလေးကျရုံမျှဖြင့် မိဘတို့ဝမ်းအေးစတမ်းတဲ့။ နောက်တစ်ခုက မိဘနှစ်ပါးသည် သားသမီးတစ်ကျိတ်ကို ကျွေးမွေးပြုစုနိုင်သည်။ သားသမီးတစ်ကျိပ်သည် မိဘနှစ်ပါးကို ကျွေးမွေးပြုစုနိုင်ဖို့ကျတော့ ခဲယဉ်းတတ်ကြသည်တဲ့။ မိမိ ကြားဖူး၊ ဖတ်ဖူး၊ မှတ်သားခဲ့ဖူးပါသည်။

ဘစ်ခါတုန်းက မြန်မာ့အသံမှ ပညာပေးဇာတ်လမ်းလေးတစ်ပုဒ် နားထောင်ခဲ့ဖူးပါသည်။ ဇာတ်လမ်းအမည်တော့ မမှတ်မိတော့ပါ။ ဇာတ်လမ်းဇာတ်ကွက်ကလည်းကောင်း၊ အသံဖြင့် သရုပ်ဖော်ကြသည့် မြန်မာ့အသံဝန်ထမ်းများကလည်း ကောင်းလွန်းသဖြင့် ဒီနေ့ထိ သတိရနေခဲ့ဖြစ်ပါသည်။ ဇာတ်လမ်းလေးက ဤသို့ဖြစ်သည်။

မီးစာကုန် ဆီခန်းခါနီး အဘိုးကြီးအဘွားကြီးတို့တွင် သားတစ်ယောက် သမီးတစ်ယောက်သာရှိသည်။ အဘိုးကြီးနှင့် အဘွားကြီးတို့သည် "ဤလင်ဤမယား အိုအောင်မင်းအောင် ပေါင်းရပါစေသား"ဆိုသော ဆုတောင်းပြည့်ခဲ့သည်ဟု ဆိုရပေမည်။ အသက်ရှစ်ဆယ်ကျော်ကြသည်အထိ ကျန်းမာရေးကောင်းနေဆဲ ဖြစ်သည်။

သို့သော်လည်း ဇရာဖိဆီး ခရီးမတွင်သောဘဝမှာတော့ မျက်စိကမှုန်၊ ခါးကကိုင်း၊ စိတ်သွားတိုင်း ကိုယ်မပါနိုင်သည့် အခြေအနေသို့ ရောက်နေခဲ့ပြီဖြစ်သည်။ မှတ်ဉာဏ်တွေကလည်းမကောင်း၊ အတွေးအခေါ်တွေကလည်း ပုံ မှန်မဟုတ်တော့။ သတိတွေကလည်း မေ့မေ့လျော့လျော့ဖြစ်နေခဲ့သည်။

ဘဝကံအကျိုးပေးက မကောင်းခဲ့သဖြင့် အိုမင်းအိုမဘဝမှာ စုမိဆောင်းမိသည်များ လုံလုံလောက်လောက်မရှိပေတော့ ဘဝဝမ်းရေးမှာ သားနှင့်သမီးကိုပဲ အားကိုးနေကြရသည်။

✦



www.burmeseclassic.com

www.burmeseclassic.com

အဘိုးကြီးကလည်း အငြိမ်းစားဝန်ထမ်းဆိုပေမယ့် ဝန်ထမ်းဘဝမှာ သာမန်အဆင့်သာရှိသဖြင့် မိသားစုလေး ယောက် စားဝတ်နေရေးအတွက် အတော်ရုန်းကန်ခဲ့ရသည်။ တွဲတွဲပိုးပိုးဖြင့် အကြီးကောင်ကို ဘွဲ့ရသည်အထိ ပညာသင် ပေးနိုင်ခဲ့သည်။ သမီးငယ်လေးကိုတော့ အလယ်တန်းပညာ နှင့်ပင် ကျေနပ်ခဲ့ရသည်။ သားကြီးက အစိုးရဝန်ထမ်းအရာ ရှိဖြစ်သည်။ နယ်စွန်နယ်ဖျား ဝေးလံဒေသ မြို့နယ်တစ်ခု တွင် တာဝန်ကျသဖြင့် မိဘများထံ မကြာခဏပြန်ရန် ခက် ခဲလှသည်။ သမီးငယ်လေးကတော့ အိုးမကွာ အိမ်မကွာ မိအိုဖအိုကြီးများကို ပြုစုစောင့်ရှောက်နေသည်။

အစ်ကိုကြီးကလည်း တော်ပါပေသည်။ ရတဲ့လစာ ဝင်ငွေများကို သူ့အတွက် သင့်တော်ရုံသာချန်ထား၍ မိဘများ ထံ မှန်မှန်ပို့ပေးသည်။ သည့်အတွက်လည်း သူကျေနပ်နေ မိသည်။

ညီမလေးကလည်း သမီးကောင်းရတနာလေးဟု ဆိုရ ပေမည်။ အစ်ကိုကြီးပေးပို့လိုက်သော ငွေများကို စနစ်တကျ သုံးစွဲသည်။ မိဘများ၏ စားရေးသောက်ရေးနှင့် ဆေးဝါးကိစ္စ အတွက် အဓိကထားသည်။ မိဘများအတွက်ဆိုပါမှ သူပင် လျှင် အငတ်ခံခဲ့သည်။ သူ့အတွက် အလှအပ၊ ပကာသန အပျော်အပါး ဘာမှမလို။ ခါးဝတ်လုံလျှင် တော်ပြီဟု အမြဲ ခံယူထားသည်။ အဖေနှင့် အမေကို ဘယ်သောအခါမှ ပစ် မထား။ အဖေနဲ့ အမေကလည်း သမီးလေးကို မျက်ခြည်ပြတ် မခံ။ သမီးလေးရှိနေလျှင် ကျေနပ်နေသည်သာဖြစ်သည်။

✦

တစ်နေ့ အစ်ကိုကြီး ခွင့်တစ်ပတ်ခန့်ရ၍ အိမ်ပြန် ရောက်လာသည်။ အဖေနှင့် အမေက မတွေ့ရတာကြာပြီဖြစ် သော သားကြီးကိုဖက်လျက် ဝမ်းသာပီတိဖြစ်နေကြသည်။ ညီမဖြစ်သူလည်း ဝမ်းသာမဆုံး ဖြစ်ခဲ့ရသည်။

“အစ်ကိုကြီးရောက်နေတုန်း တစ်ခုလောက် တောင်း ဆိုပါရစေ”

“ဘာများလဲ ညီမလေးရယ်။ အစ်ကိုကြီး ဘာမဆို လုပ်ပေးမှာပေါ့”

“တခြားမဟုတ်ပါဘူး . အစ်ကိုကြီးရယ်။ ညီမလေး သူငယ်ချင်းတွေနဲ့ ရုပ်ရှင်သွားကြည့်ချင်လို့ပါ။ သိပ်မကြာ ပါဘူး။ နေ့လယ် ၁၂ နာရီပွဲဆိုတော့ ညနေ ၄ နာရီ လောက်ပြန် ရောက်မှာပါ။ အဖေနဲ့အမေကို ဂရုစိုက်နော် အစ်ကိုကြီး။ ညီမလေး စိတ်ချပါရစေ”

“စိတ်ချပါညီမလေးရယ်။ အစ်ကိုကြီး ဂရုစိုက်ပါ့မယ်။ ညီမလေးသွားမှာသာ စိတ်ချလက်ချသွားပါ”

တကယ်တော့ ညီမလုပ်သူက သွားသာသွားရသည်။ စိတ်ကတော့ မချချင်သလိုရှိသည်။ သူမသွားခင် အဖေနဲ့ အမေကို ရေချိုးပေးသည်။ အဝတ်အစားများလဲပေးသည်။ ထမင်းကျွေးသည်။ သောက်နေကျဆေးများ တိုက်ကျွေးပေးခဲ့ သည်။

✦

သမီးရလေးထွက်သွားပြီး မကြာခင်မှာပင် ပြဿနာ က စတော့သည်။

“လူလေး အဖေတို့ အမေတို့ ထမင်းဆာတယ်ကွာ။ ထမင်းကျွေးပါဦး”

“ညီမလေးမသွားခင် အဖေတို့အမေတို့ကို ကျွေးသွား တယ်လေ”

“ဘယ်မှာကျွေးလို့လဲကွာ။ အရင်တုန်းကလည်း တို့ကို ထမင်းမကျွေးဘဲ ထားတာကွ။ လူလေးရာ…အဖေတို့ ကို ထမင်းကျွေးပါကွာ”

အဘိုးကြီး၊ အဘွားကြီးတို့က ငိုယို၍ ပြောနေကြ သည်။ သားကြီး ပထမဆုံးတွေ့ကြုံရသော ဒုက္ခဖြစ်သည်။

“မငိုကြပါနဲ့တော့ဗျာ။ ကျွန်တော် ထမင်းခူးကျွေးပါ့ မယ်”

ပြောပြောဆိုဆို မီးဖိုချောင်သို့ဝင်၍ ထမင်းဟင်းများ ထည့်လျက် အဖေနှင့် အမေကို တစ်ပန်းကန်စီထည့်လိုက် သည်။ အဘိုးကြီးက ထမင်းပန်းကန်ကို စိုက်ကြည့်လျက် မစားသေးဘဲ ထမင်းနှင့်ဟင်းများကို သူ့လက်ချောင်းကြီးများ ဖြင့် ပယ်ပယ်နယ်နယ် ဆုပ်နယ်နေသည်။

“လူလေး မင်းဟင်းတွေက ဘာတွေလဲကွာ။ သမီး လေးကျွေးတဲ့ဟင်းနဲ့လည်း မတူဘူး။ မစားချင်ဘူးကွာ”

အဘိုးကြီးက ပြောပြောဆိုဆို ထမင်းများကို ဆုပ်ကြဲ



www.burmeseclassic.com

www.burmeseclassic.com

ပစ်လိုက်သည်။ ထမင်းဟင်းတို့သည် ကြမ်းခင်းပေါ်တွင် ပြန့်ကြဲသွားတော့သည်။

သားကြီးဖြစ်သူ ဦးနှောက်ခြောက်သွားသည်။ အဖေနှင့်အမေကို ချော့မော့လျက် နှစ်သိမ့်ခဲ့ရသည်။ ခဏတော့ ငြိမ်သွားကြသည်။ မကြာလိုက်ပါ။ အဘိုးကြီးက တစ်စခန်း ထလာပြန်သည်။

"လူလေး အဖေ အိမ်သာတက်ချင်တယ်ကွာ"

"ဟုတ်ကဲ့ အဖေ။ ကျွန်တော်လာပြီ"

သူ့စကားမဆုံးခင်မှာပဲ အဘိုးကြီးက သူ့ပုဆိုးထဲမှာ ကျင်ကြီးရော ကျင်ငယ်ပါ သွားချလိုက်တော့သည်။ အေးအေးမနေ၊ လက်က ဟိုကိုင်ဒီကိုင်ဖြင့် တစ်ကိုယ်လုံး ပေကျံညစ်ပေကုန်တော့သည်။ သားကြီးဖြစ်သူ အကြီးအကျယ် ဒေါသဖြစ်သွားတော့သည်။

"ဟာ . . . ဒုက္ခပါလား။ ကျွန်တော် လာပါ့မယ်လို့ ပြောပါလျက်နဲ့ဗျာ။ အားလုံးညစ်ပတ်ကုန်ပြီ။ အဖေတို့ တော်တော်ဒုက္ခပေးပါလားဗျာ"

ပြောပြောဆိုဆို ရှိတဲ့ရေလေးနဲ့ ဆေးကြောသန့်စင်ပေးလိုက်ရသည်။ အဝတ်အစားများ လဲပေးလိုက်ရသည်။ အဘိုးကြီးကိစ္စ ရှင်းပေးပြီးရုံပဲ ရှိသေးတယ်။ အဘွားကြီးက တစ်စခန်း ထပြန်သည်။

"သားကြီး အမေအိုက်တယ် ရေချိုးပေးပါ"

"ဟာ . . . အဖေတို့ အမေတို့ကလည်း အမျိုးမျိုးပါလား။ ဒုက္ခပေးလွန်းတယ်ဗျာ။ ညီမလေးမသွားခင် ရေချိုးပေးသွားတယ်လေ"

"မချိုးပေးပါဘူးကွာ။ အဖေလည်းအိုက်တယ်။ မြန်မြန်ရေချိုးပေးကွာ"

"ဟာ . . . ဒုက္ခပါလား။ အိမ်မှာ ရေကုန်နေတယ်ဗျ။ ညီမလေးပြန်လာမှ ချိုးကြဗျာ"

"မရဘူး။ အခုချိုးမယ်။ မင်း ရေသွားခပ်ပေါ့"

"ဟာ . . . ဘယ်ဖြစ်မလဲ အဖေရ။ ဟိုမှာ ခွေးရူးတစ်ကောင် သောင်းကျန်းနေတယ်။ ကျုပ် မသွားရဲဘူးဗျာ။ ခင်ဗျားတို့ တော်တော်ဒုက္ခပေးတယ်။ အေးအေးနေကြစမ်းပါ။ တိတ်ကြ။ တစ်ယောက်မှ စကားမပြောနဲ့"

သားဖြစ်သူက စိတ်ညစ်ညစ်ဖြင့် ပြောမိပြောရာ ပြောချလိုက်သည်။ အဘိုးကြီးက ငိုသံပါကြီးနှင့် အော်ပြောသည်။

"သမီးလေးရေ မြန်မြန်လာပါတော့။ ဒီမှာ နင့်အစ်ကိုကြီးက အဖေတို့ အမေတို့ကို ထမင်းလည်းမကျွေးဘူး၊ ရေလည်းချိုးမပေးဘူး။ ဆူလည်းဆူတယ်၊ ကြိမ်းလည်းကြိမ်းနေတယ်ကွဲ့"

အဘိုးကြီးက သမီးလေးကို တလျက်ငိုသည်။ အဘိုးကြီးငိုတော့ အဘွားကြီးကလည်း လိုက်ငိုသည်။ တစ်အိမ်လုံး ဆူညံသွားတော့သည်။

ထိုအချိန်မှာပဲ ရုပ်ရှင်ကြည့်ရာက ပြန်ရောက်လာသော သမီးလေးက ခြံဝအရောက်မှာပင် အဖေနှင့်အမေ ငိုသံကြားရ၍ အိမ်ပေါ်သို့ ပြေးတက်ခဲ့သည်။

သမီးကိုဖက်၍ ငိုကြသည်။ သူတို့ခံစားချက်များကို ရင်ဖွင့်ကြသည်။ အစ်ကိုကြီးကလည်း နာရီပိုင်းအတွင်း သူကြုံတွေ့ခဲ့ရသည်များ အန်ချသည်။

ညီမဖြစ်သူက မဲ့ပြုံးလေးဖြင့်

"ဒီမှာ အစ်ကိုကြီး၊ အစ်ကိုကြီးအခုခံစားခဲ့ရတာတွေဟာ နာရီပိုင်းအတွင်းသာ ရှိပါသေးတယ်။ ညီမခံစားခဲ့ရတာက အချိန်ပေါင်းများစွာ၊ ရက်ပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ခွင့်လွှတ်အနစ်နာခံ ပြုစုပေးနေခဲ့တာပါ။ အဲဒါ ဘာကြောင့်လဲသိလား။ မိဘကျေးဇူးကို ဆပ်နေခြင်းပါပဲ"

"အေးကွာ၊ အစ်ကိုကြီးက ငါငွေမှန်မှန်ပို့ပေးနေတာပဲလို့တွေးပြီး ကျေနပ်နေတာ"

"အစ်ကိုကြီးမှားပြန်ပြီ။ ဒီအချိန်မှာ မိဘတွေလိုချင်တာ ငွေမဟုတ်ဘူး။ အစ်ကိုကြီးရဲ့ သားသမီးတို့ရဲ့ ကြင်နာပြုစု ချစ်ခင်ယုယခြင်းရယ်ပါ။ ငါငွေရှာပေးနေရင် ပြီးတာပဲ တာဝန်ကျေပြီလို့ ယူဆချက်တွေကို ပြင်လိုက်ပါတော့"

"အေးပါကွာ။ အစ်ကိုကြီးမှားသွားပါတယ်။ အစ်ကိုကြီးကို ခွင့်လွှတ်ပါတော့"

ညီမဖြစ်သူက ဘာစကားမှ ပြန်မပြောတော့ဘဲ နေရာမှ ဆတ်ခနဲထလိုက်သည်။ ရေပုံးနှင့် ထမ်းပိုးကို ကောက်ကိုင်လိုက်သည်။

"ဟဲ့ . . . ဟဲ့ ဒါ ဘယ်သွားမလို့လဲ ညီမလေး"

"မေးနေရသေးသလား အစ်ကိုကြီးရယ်။ ရေသွားထမ်းရမှာပေါ့။ ဟိုမှာ အဖေနဲ့အမေတို့က ရေချိုးချင်တယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com

ပြောနေကြတယ်လေ"

"မသွားနဲ့ ညီမလေး မသွားနဲ့။ ဟိုမှာ ခွေးရူးအန္တရာယ်ရှိတယ်"

"အမယ်လေး အစ်ကိုကြီးရယ်။ ခွေးရူးပဲ ကြောက်နေရသေးသလား။ ဒီမှာအစ်ကိုကြီး ညီမကတော့ အဖေနဲ့အမေအတွက်ဆိုရင် အရာရာကိုရင်ဆိုင်ရဲတယ်။ ခွေးရူးအတွက်လောက်ကတော့ ဟောဒီမှာကြည့် လက်နက်ရှိပါတယ်"

ညီမဖြစ်သူက ရေထမ်း ထမ်းပိုးကိုမြှောက်ပြလျက် ရေဘုံပိုင်ရှိရာသို့ ထွက်သွားလေတော့သည်။

ဇာတ်လမ်းလေးကတော့ ဤမျှသာဖြစ်သည်။ ကွယ်လွန်သွားကြပြီဖြစ်သော အဖေနဲ့အမေကို သတိရလျက် မျက်ရည်ဝဲမိသေးသည်။

✦

ခေါင်းရင်းတစ်အိမ်ကျော်က ကြက်ဖလေးတွန်သံကြားလို့ မိမိ နာရီကြည့်လိုက်မိသည်။ နံနက် ၅ နာရီထိုးနေပြီဖြစ်သည်။ အိပ်ရာမှထလျက် ကိုယ်လက်သန့်စင်ရေးလုပ်သည်။ ပြီးတော့ လမ်းလျှောက်ထွက်လာခဲ့သည်။ မိမိတို့စုရပ်သည် ဒဂုံမြို့သစ်မြောက်ပိုင်း။ (၃၅)ရပ်ကွက်ရှိ မီးသတ်ရေကန်ကြီးပင်ဖြစ်သည်။

မိမိ အငြိမ်းစားယူပြီးသည်မှစ၍ နံနက်တိုင်း တစိုက်မတ်မတ် လမ်းလျှောက်ဖြစ်ခဲ့သည်။ လမ်းလျှောက်ခြင်းအကျိုးကလည်း ငါးပါးရှိသည်ဟု ပညာရှင်တစ်ဦးက ဆိုသည်။ သက်ဘလေးတောင် စပ်ပြထားသေးသည်။

"ခရီးသွားနိုင်၊ ကြံ့ခိုင်အင်အား၊ ကင်းစင်ရောဂါ၊ အစာကြေညက်၊ မပျက်သမာဓိ" ငါးမျိုးရှိ ဆိုပါကလား။

မိမိကတော့ စိတ်၏ကျန်းမာရေး ကိုယ်၏ကျန်းမာရေးများအပြင် အပေါင်းအသင်းမိတ်ဆွေများ တိုးပွားသည်ဟုလည် ဆိုချင်ပါသည်။ ပထမလမ်းလျှောက်စဉ်မှာတော့ တစ်ယောက်တည်း လမ်းလျှောက်ခဲ့ရာမှ တွေ့ကြမြင်ကြရင်းက မိတ်ဆွေများ ဖြစ်သွားကြသည်။ ကိုးယောက်ပင်ရှိသွားပြီဖြစ်သည်။ အငြိမ်းစားဝန်ထမ်းကြီး အမျိုးသားခုနစ်ယောက်နှင့် ထူးထူးခြားခြား အမျိုးသမီးနှစ်ယောက်ဖြစ်သည်။ ခုတော့ဖြင့် မိမိတို့ကိုးယောက်သည် လမ်းလျှောက်အဖွဲ့လေးတစ်ခု ဖြစ်နေပါသည်။ တစ်ဦးနှင့်တစ်ဦးလည်း ခင်မင်တွယ်တာလျက် ရှိကြသည်။

မိမိတို့စုရပ်ဖြစ်သော (၃၅)ရပ်ကွက်ရှိ မီးသတ်ရေကန်ကြီးမှာ ဘောလုံးကွင်း တစ်ကွင်းခွဲခန့် ကျယ်မည်။ (၃၅)ရပ်ကွက်က စေတနာရှင်တစ်ဦးက ငွေကြေးများစွာ အကုန်အကျခံလျက် ကန်ပတ်လမ်း လျှောက်လမ်းများတွင် လျှပ်စစ်မီးတိုင်များနှင့် နားနေရန် ကျောက်ခုံလေးများလည်း ပြုလုပ်ပေးထားသည်။ ယခုဆိုလျှင် မြို့နယ်စည်ပင်သာယာရေးမှ ကန်ပတ်လည် သံဆန်ကာများ ကာရံပေးထားသဖြင့် ကန်ကြီးမှာ ပိုမိုသပ်ရပ် ထည်ဝါသွားပြီဖြစ်သည်။ စေတနာရှင်အားကျေးဇူးတင် မေတ္တာပို့ကြရပါသည်။

ဤမဂ်လာကန်ကြီးတွင် လမ်းလျှောက်သူများ စုံလင်လှသည်။ အမျိုးသား၊ အမျိုးသမီး၊ ပျိုပျို၊ အိုအို အရွယ်စုံသည်။ ငယ်ရွယ်သူများက ခြေလှမ်းသွက်ကြသည်။ သက်ကြီးရွယ်အိုများကတော့ မိမိအတိုင်းအတာနှင့်မိမိ ချင့်ချိန်လမ်းလျှောက်ကြရသည်။

ကန်တစ်ပတ်ဆိုလျှင် မိမိခြေလှမ်းဖြင့် ၆၈၀ လှမ်းရှိသည်။ အချိန်အားဖြင့် ငါးမိနစ်ခန့်ကြာသည်။ ကျန်းမာသန်စွမ်းကြသေးသူများနှင့် ငယ်ရွယ်သူများကတော့ ကိုးပတ်၊ ဆယ်ပတ် လျှောက်ကြသည်။ မိမိကတော့ ကိုယ့်အတိုင်းအတာနှင့်ကိုယ် ငါးပတ်သာလျှောက်နိုင်ခဲ့သည်။

အထူးသဖြင့် ငယ်ရွယ်သူ သမီးပျိုလေးများကတော့ အားကစားဝတ်စုံ ရောင်စုံလေးများဝတ်ဆင်လျက် သွက်သွက်လက်လက် ကြော့ကြော့မော့မော့ လျှောက်သွားကြသည်မှာ ကြည့်လို့ပင် ကောင်းသေးသည်။ မိမိတို့အရွယ်လွန် သက်ကြားအိုကြီးများကို တစ်ပတ်ပြီးတစ်ပတ် ကျော်တက်သွားကြသည်မှာ အားကျစရာလည်း ကောင်းသလို မခံချင်စရာလည်း ကောင်းလှသည်။

နပျိုသစ်လွင် ငယ်စဉ်ကိုမှန်းလျက် ကျန်သေးသမျှအားဆောင်ကြည့်ပေမယ့် ငယ်စဉ်ကလို မစွမ်းဆောင်နိုင်ကြတော့ပါ။ ဩ···ငါ့ဘဝ နာမ်(စိတ်)အလိုကို ခန္ဓာကိုယ်က မလိုက်နိုင်တော့ပါလားရယ်လို့သာ တရားနဲ့ဖြေလိုက်ရပါသည်။

✦



www.burmeseclassic.com

www.burmeseclassic.com

မိမိတို့အသီးသီး ကိုယ့်အတိုင်းအတာနှင့်ကိုယ် အပတ်ရေပြည့်သည့်အခါ ခြေဆန့်လက်ဆန့် ကိုယ်လက်ကြံ့ခိုင်ရေး တစ်နိုင်တစ်ပိုင် ပြုလုပ်ကြသည်။ ပြီးလျှင် ကျောက်ခုံလေးများပေါ်မှာ ထိုင်လျက် အနားယူကြသည်။

လွတ်လွတ်လပ်လပ် ပြောကြသည်၊ ဆိုကြသည်၊ ဆွေးနွေးကြသည်။ အရသာရှိလှသည်။ နိုင်ငံရေးလည်းပါသည်၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး အားကစားပါမကျန် ဝန်ထမ်းဘဝ အတွေ့အကြုံများလည်းပါသည်။ နိုင်ငံရေးဆို၍ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ လုံးဝမပါ။ မြင်တွေ့ ကြားသိနေရခြင်းများ အပေါ်သာ ဆွေးနွေးကြသည်။ ဤသို့ လွတ်လွတ်လပ်လပ် ပြောကြဆိုကြရခြင်းသည် စိတ်ကျန်းမာရေးအတွက်အထောက်အကူ ဖြစ်ရသည်ဟု ဆိုရမှာဖြစ်သည်။

ဒီနေ့မှာတော့ အထက်အစတွင် ဖော်ပြခဲ့သော မိမိ ညက ပြန်လည်စဉ်းစားမိသည့် ရေဒီယိုဇာတ်လမ်းလေး အကြောင်းကို ပြောဖြစ်ခဲ့သည်။ မိဘနှင့်သားသမီးကြား ကြုံတွေ့ရသော ဇာတ်လမ်းလေးဖြစ်၍ ထင်ပါသည်။ အားလုံး ငြိမ်သက်စွာ နားထောင်နေကြသည်။

မိမိစကားအဆုံးမှာတော့ ပထမဦးဆုံး အသံထွက်လာသူက ဆရာဦးမြတ်ထွန်း ဖြစ်သည်။

"ဆရာမောင်က မြန်မာ့အသံမှ ကြားခဲ့ဖူးသော ပညာပေးဇာတ်လမ်းကိုပြောပြတာ စိတ်ဝင်စားစရာကောင်းပါတယ်။ ကျွန်တော်ကတော့ ကိုယ်တွေ့ကြုံခဲ့ရတဲ့ သံဝေဂရစရာ အဖြစ်အပျက်ကလေးတစ်ခုကို ပြောပြချင်ပါတယ်"

"ဟာ…စိတ်ဝင်စားစရာပဲဗျို့။ ကျွန်တော့်အတွက်ကတော့ ကုန်ကြမ်းတစ်ခု ဖြစ်လာမယ်ထင်တယ်"

"ဆရာမောင်တို့ကတော့ စာရေးဆရာ ပီသပါပေတယ်ဗျာ။ ကုန်ကြမ်းရတဲ့နေရာမှာ သူ့ရှေ့က ဘာမှမပြောရဲသလောက်ပါပဲ"

"ဟား…ဟား"

ဆရာလှမြင့်၏ အရွှန်းဖောက်မှုကြောင့် အားလုံး ရယ်မောလိုက်ကြသည်။ မိမိက အရှက်ပြေ ဆိုလိုက်ရသေးသည်။

"အဲသည်လိုကြီးလည်း မဟုတ်ပါဘူးဗျာ။ ကျွန်တော်တို့ စာပေသမားတွေဆိုတာ ပြည်သူများကို အသိဉာဏ်ရစေလိုတယ်၊ ဗဟုသုတရစေလိုတယ်။ အထူးသဖြင့် လူငယ်တွေလမ်းမှားမရောက်စေလိုတဲ့ စေတနာရှိပါတယ်။ ဒါကြောင့် မှတ်သားစရာကောင်းတဲ့ တကယ့်အဖြစ်အပျက်ကလေးများ ကြားရရင် ရေးသားမျှဝေပေးချင်တဲ့ ဆန္ဒကြောင့်ပါ"

မိမိစကားအဆုံးမှာတော့ ဆရာဦးမြတ်ထွန်းက သူကိုယ်တိုင် တွေ့ကြုံခဲ့ရသော ဖြစ်ရပ်ကလေးကို ဤသို့ပြောခဲ့သည်။

✦

"ပြောရရင်တော့ ကျွန်တော်တို့နဲ့ ဆွေမျိုးရင်းချာလိုခင်မင်ကြတဲ့ အဘိုးကြီးတစ်ယောက် ရှိခဲ့တယ်ဗျ။ သူ့နာမည်က ဦးဘအေးလို့ပဲ ဆိုကြပါစို့။ အမည်ရင်းတော့ မဟုတ်ပါဘူး"

"ကိုမောင်မောင် စောစောကပြောခဲ့တဲ့ ဇာတ်လမ်းထဲကလိုမျိုးပဲ။ သူတို့ဇနီးမောင်နှံကလည်း ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းရပါစေဆိုတဲ့ ဆုတောင်းပြည့်ခဲ့သူတွေလို့ ဆိုရမှာပဲ။ အဘိုးကြီးက အသက် ၆၀ ပြည့်တော့ အငြိမ်းစားယူခဲ့တယ်။ အခု အသက် ၇၀ ကျော်ကြာသည်အထိ ဒီလင်ဒီမယား အတူတကွ သက်ရှိထင်ရှား ရှိနေကြတယ်ဗျ"

"အဘိုးကြီးက နိုင်ငံတော်တာဝန်ကို ပြည်နယ်တိုင်းအဆင့်အထိ အဆင့်မြင့်တာဝန် ထမ်းဆောင်ခဲ့တဲ့ အရာရှိကြီးတစ်ဦးပါ။ သားနှစ်ယောက်၊ သမီးနှစ်ယောက် ထွန်းကားခဲ့တယ်။ အဘိုးကြီးက စည်းစနစ်ကောင်းတော့ သားတွေ၊ သမီးတွေ ဘွဲ့တွေအသီးသီးရတဲ့အပြင် နိုင်ငံခြားတိုင်းပြည်များအထိ သွားရောက် ပညာသင်စေခဲ့တယ်။ အားလုံး ရာထူးအဆင့်တွေနဲ့ တာဝန်ထမ်းဆောင်နေကြတယ်။ နှစ်ယောက်ကဆို နိုင်ငံခြားမှာ အဆင့်မြင့်ရာထူးတွေနဲ့ ဝင်ငွေကောင်းနေကြတယ်ဗျ"

"အားကျစရာကောင်းတဲ့ မိသားစုပဲဗျို့"

"သိပ်လည်း ချီးကျူးမနေနဲ့ဦး ဦးစန်းမောင်ရေ။ ကံကြမ္မာရဲ့ အလှည့်အပြောင်းကို ဆက်လက်နားထောင်ကြည့်ဦးဗျ"

ဆရာဦးမြတ်ထွန်း၏ စကားက စိတ်ဝင်စားစရာ



www.burmeseclassic.com

www.burmeseclassic.com

ကောင်းသလို ဖြစ်လာသည်။ မိမိတို့အားလုံး၏ အကြည့်သည် ဆရာဦးမြတ်ထွန်းဆီသို့ ရောက်နေကြသည်။ ဆရာဦးမြတ်ထွန်းက ဆက်ပြောသည်။

"ဘယ်လိုကဘယ်လို ဖြစ်ကြတယ် မသိပါဘူးဗျာ။ ဒီလင်ဒီမယား ချစ်ချစ်ခင်ခင်နဲ့ ဒီအသက်ဒီအရွယ်အထိ နေလာပြီးမှ လင်ခန်းမယားခန်း ပြတ်သွားကြပြီး သီးခြားခွဲနေကြသတဲ့ဗျာ။ ကန်ထရိုက်တိုက်တစ်ခုမှာ တစ်ယောက်တစ်ခန်းစီ နေကြတယ်ဗျာ။ ကိုမောင်မောင်တို့နဲ့တော့ ကွာပါ့ဗျာ"

မဆီမဆိုင် မိမိကို ဆွဲထည့်လိုက်သေးသည်။

"ဆရာဦးမြတ်ထွန်းရယ်...ခင်ဗျားတို့ ကျွန်တော်တို့ တစ်တွေဟာ ငယ်ရာက ကြီးလာကြတာပါ။ ကလေးကလားနဲ့ ကလေးစကားလို့ပဲ ဆိုချင်ဆို ငယ်ငယ်တုန်းကတော့ ချစ်တာပဲသိခဲ့တာ။ အရွယ်လေးတွေရလာတော့ အချစ်ကနေ မေတ္တာကိုပြောင်းသွားတယ်။ အချစ်ဆိုတာက ပူလောင်ခြင်းပါသေးတယ်။ မေတ္တာက တကယ့်အေးမြမှုကို ပေးတာဗျ"

"ပြောရရင်တော့ဗျာ အသက်ကြီးလာလေ တစ်ဦးနဲ့တစ်ဦး ဖေးဖေးမမ ကြင်ကြင်နာနာ ယုယနွေးထွေးမှုတွေ လိုလေပဲဗျ။ ဆရာတို့ပဲ ငယ်ငယ်က ပြောခဲ့ကြတယ်လေ။ 'မောင့်အကြိုက်ကို မယ်ဆောင်၍၊ မယ့်အကြိုက်ကို မောင်လိုက်လျောရမယ်'ဆို"

"အရွယ်လေး ကောင်းတုန်းကတော့ မခွဲနိုင်မခွာရက်သလိုလို၊ ဒီအသက်ဒီအရွယ်ရောက်တော့ ဆရာတို့ဟာက မပြောလိုက်ချင်တော့ပါဘူးဗျာ။ ကျွန်တော်ဆိုရင် ထမင်းအတူတူစားရမှ။ သူလည်း တစ်ယောက်တည်း ဘယ်တော့မှမစားဘူး။ ကျွန်တော်လည်း ဒီအတိုင်းပဲ။ ကျွန်တော် အပြင်သွားနေရင်တောင် ကျွန်တော်ပြန်ရောက်သည်အထိ သူစောင့်နေတယ်။ ကုန်ကုန်ပြောမယ်ဗျာ။ ကျွန်တော်တို့ဇနီးမောင်နှံမှာ စောင်တစ်ထည်ပဲ ထားတယ်"

"တော်ပါတော့ ကိုမောင်မောင်ရယ်။ ဆက်မပြောပါနဲ့တော့။ ခင်ဗျားတို့ ဇနီးမောင်နှံကိုတော့ ကျွန်တော် အကြွင်းမဲ့ ယုံကြည်ပါတယ်"

"တော်ဆိုလည်း တော်ပါပြီဗျာ။ ပြောစရာတွေတော့ အများကြီးကျန်သေးတယ်။ ထားပါတော့လေ၊ စောစောက အဘိုးကြီးဇနီးမောင်နှံအကြောင်းကို မေးချင်သေးတယ်"

"သားတွေ၊ သမီးတွေက ခေတ်ပညာတတ်တွေ။ ထိပ်တန်းရောက်နေသူတွေ။ မြန်မာလူမျိုးတွေဖြစ်ပါလျက် မိဘနှစ်ပါးကို အထီးကျန်ဘဝတွေနဲ့ ဒီအတိုင်းပဲကြည့်နေကြသလား။ မိဘအိမ်မှာ အတူနေဖို့ အခြေအနေမပေးရင်တောင် မိမိတို့အိမ်မှာ ခေါ်မထားနိုင်တော့ဘူးလား"

မိမိအမေးကို ဆရာဦးမြတ်ထွန်း မဖြေခင်မှာဘဲ အဘိဓမ္မာသဘောကို နှောကြေနေတဲ့ ဆရာဦးသောင်းမြင့်က တရားသဘောလေးနဲ့နွယ်လျက် ဝင်ပြောသည်။

"စိတ်လျှော့ ဗိုလ်မောင်ရေ...စိတ်လျှော့လိုက်။ လောကဆိုရိုးစကား ရှိတယ်မဟုတ်လား။ မိဘနှစ်ပါးတို့သည် သားသမီးတစ်ကျိပ်ကို ကျွေးမွေးပြုစုနိုင်ပေမယ့် သားသမီးတစ်ကျိပ်တို့သည်' မိဘနှစ်ပါးကို ပြုစုစောင့်ရှောက်ကြရန် ခဲယဉ်းကြသည်လို့ ဆိုရိုးစကားရှိတယ် မဟုတ်လား။ ဒါဟာလည်း လောကဓမ္မတာကြီးလို ဖြစ်နေပါတယ်"

ဆရာဦးသောင်းမြင့် စကားအဆုံးမှာတော့ စကားအလွန်နည်းသော နိုင်ငံခြားအတွေ့အကြုံရှိသူ ဆရာဦးထွန်းအောင်ငွေက ဆိုပြန်သည်။

"တချို့နိုင်ငံတွေမှာဆိုရင် သားတွေ၊ သမီးတွေ အသက် ၁၈ နှစ်ပြည့်တာနဲ့ ကိုယ့်ဝမ်းကိုယ်ကျောင်း၊ ကိုယ့်ဟာကိုယ်နေပဲ။ သက်ကြီးရွယ်အိုတွေကျပြန်တော့လည်း မပြည့်စုံသူတွေကို နိုင်ငံတော်က ထောက်ပံ့တယ်။ စောင့်ရှောက်ရေးဂေဟာတွေမှာ နေကြရတယ်"

"စောစောက ဆရာတို့ပြောနေတဲ့ အဘိုးကြီးရဲ့သားတွေသမီးတွေဟာ ခေတ်ပညာတတ်တွေ၊ နိုင်ငံခြားပြန်တွေ တချို့ဆို နိုင်ငံခြားမှာတောင် နေကြတယ်ဆိုတော့ နိုင်ငံခြားအတွေးအခေါ်တွေ အယူအဆတွေကို အတုယူမှားများနေရောသလားဗျာ"

"ဆရာဦးထွန်းအောင်ငွေ ပြောတာလည်း သဘာဝကျတယ်။ နိုင်ငံခြားဆိုတာတွေ အထင်ကြီးစရာတွေ အများကြီးရှိသလို အတုယူမှားနိုင်စရာတွေလည်း အများကြီးရှိတယ် ဆိုတာ သတိထားဖို့ လိုတာပေါ့ဗျာ"

"ကိုမောင်မောင်ရေ...စဉ်းစားစရာတွေကတော့ အများကြီးပါပဲ။ တစ်ခုတော့ရှိတယ်ဗျ။ အဘိုးကြီး အဘွားကြီးတို့ နေရေးထိုင်ရေး၊ စားရေးအတွက် စီစဉ်ပေးထားတယ်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ဖော်တွေ အသီးသီးထားပေးတယ်။ ဆေးဝါးကအစ ပူစရာ မလိုပါဘူး။ ကုန်ကျငွေကိုတော့ ဘယ်သူက တာဝန်ယူ၍ ဘယ်လိုခွဲဝေကျခံကြတယ်ဆိုတာတော့ ကျွန်တော်လည်း အသေအချာ မသိပါဘူး"

"ဆရာဦးမြတ်ထွန်းရယ် . . .ငွေကြေးထောက်ပံ့ရုံ ပစ္စည်းတွေ စီစဉ်ပေးထားရုံနဲ့ ပြီးစတမ်းလားဗျာ။ မသေရုံစား နေရတာနဲ့ တူမနေဘူးလား။ ဒါဆို သားတွေသမီးတွေက တာဝန်ကျေတယ်လို့ ယူဆထားရင်တော့ စဉ်းစားစရာပဲဗျာ"

"ဆိုကြပါစို့ဗျာ။ မမာရေး မကျန်းရေးကျတော့ အနီးကပ်ပြုစုမှုက အရေးကြီးပါတယ်။ အထူးသဖြင့် ဒီအဘိုးနဲ့ ဒီအဘွားကြီးတွေဟာ ဇရာဖိစီးလို့ မရဏာလမ်း နီးနေပြီဗျ။ တစိမ်းတရံဆိုတာ သားသမီးနဲ့ ဘယ်တူမလဲဗျာ။ သူတို့က ဝတ္တရားကျေလောက်ပဲ လုပ်ပေးမှာပေါ့။ တာဝန်ဆိုတာ သူတို့ စိတ်ထဲ မထားကြဘူးလေ။ မိဘတွေဆိုတာကလည်း ငွေကြေးပစ္စည်းတွေထက် ကြင်နာယုယမှုကို လိုချင်ကြတာပါ။ မျှော်လင့်ကြတာပါ"

"ကိုမောင်မောင်ပြောတာတွေဟာ အမှန်တရားတွေပေါ့ဗျာ။ ဒါပေမယ့် ခင်ဗျားပြောတဲ့ ကြင်နာယုယမှုတွေကို မခံစားလိုက်ရဘဲ ဦးဘအေးတစ်ယောက် ကုန်ခဲ့တဲ့အပတ်ကပဲ ဆုံးသွားရှာပြီဗျာ"

"ဟာ . . .ဖြစ်ရလေဗျာ"

မိမိတို့အားလုံး တအံ့တသြဖြင့် အာမေဋိတ်သံများ ထွက်သွားမိကြသည်။

"ဘယ်မှာ ဆုံးတာလဲဗျ"

"ပုဂ္ဂလိက ဆေးရုံကြီးတစ်ခုမှာပါ။ ကိုမောင်မောင်ရေ သေခြင်းတရားဆိုတာ တစ်နေ့ လူတိုင်းကြုံရမယ့် သဘောမဟုတ်လား။ ဒီရုပ်ခန္ဓာကြီး ရလာမှတော့ ဖြစ်ပြီးရင် ပျက်ရမယ်လေ။ ဒါဟာ အဆန်းမဟုတ်ပေမယ့် အံ့သြစရာတော့ ကောင်းတယ်ဗျာ"

"ဆိုစမ်းပါဦး ဆရာထွန်းရယ်"

"ဒီလိုလေဗျာ။ ဦးဘအေး အသည်းအသန်ဖြစ်လာတော့ ဆေးရုံပို့လိုက်ရတယ်။ သားတွေ၊ သမီးတွေ ရောက်လာတော့ ဦးဘအေး သတိလစ်နေပြီ။ ဘာဆိုဘာမှ မသိရှာတော့ဘူး။ နောက်ဆုံးတော့ သားရောက်လာတာလည်းမသိ၊ သမီးရောက်တာလည်းမသိတော့ဘဲ ဆုံးသွားခဲ့တယ်"

"ကောင်းရောဗျာ"

"ဦးဘအေးရဲ့ နောက်ဆုံးခရီးကတော့ ဆေးရုံမှာပဲ သူစိမ်းတစ်ရံဆံ အိမ်ဖော်များရဲ့ အစအဆုံး အနီးကပ်ပြုစုရင်းနဲ့ပဲ ဘဝနိဂုံးချုပ်သွားရတယ်ဆိုပါတော့ဗျာ။ အိမ်ဖော်များရဲ့ အကြောင်းကြားချက်အရ ကျွန်တော်လည်း သိရတယ်"

"ဆောင်ရွက်စရာ ရှိသည်များကို စီစဉ်ရတာပေါ့။ ပထမဦးဆုံး သက်ပျောက် သပိတ်သွတ်ပေးရန် ဆွမ်းခံကြွလာသော ကိုယ်တော်လေးပင့် ဆောင်ရွက်ပေးလိုက်ရတယ်"

"ကုသိုလ်ရတာပေါ့ဗျာ။ သာဓု . . .သာဓု"

မိမိက သာဓုအနုမောဒနာ ခေါ်ပေးလိုက်သည်။

"ခင်ဗျားက သာဓုခေါ်နေ။ လုပ်ငန်းတာဝန်တွေက မပြီးသေးဘူးဗျ။ ဦးဘအေးရဲ့ ရုပ်အလောင်းကြီးကို မီးသင်္ဂြိုဟ်ဖို့ကိစ္စက ကျန်သေးတယ်။ တော်သေးတယ်။ ဦးဘအေးရဲ့ သားတစ်ယောက်နဲ့ သမီးတစ်ယောက် ရောက်လာတယ်"

"သူတို့ကပဲ ဦးဆောင်ပြီး သံဃာတော်ငါးပါးပင့်တယ်။ ရေဝေးသုသာန်မှာပဲ သရဏဂုံတင်ကြတယ်။ ဦးဘအေးရဲ့ မိတ်ဆွေတချို့နဲ့ ဆွေမျိုးရင်းချာတချို့ လာကြတယ်။ ဧည့်ပရိသတ်ကတော့ နှစ်ဆယ်ပင် ပြည့်မယ်မထင်ပါဘူးဗျာ"

"ကြုံရတာလေး ပြောရဦးမယ်။ ဦးဘအေးအလောင်း ပြင်ထားတဲ့ အခန်းနဲ့ကပ်လျက် အခန်းတစ်ခုမှာ အဘိုးကြီး တစ်ဦး အသုဘပြင်ထားတယ်ဗျ။ ဧည့်ပရိသတ်ကတော့ ခန်းလုံးပြည့်ပါပဲ။ လွမ်းသူ့ပန်းခွေတွေကလည်း တစ်ပုံတစ်ပင်ပါပဲ။ သားတွေ၊ သမီးတွေက အဖေကိုတပြီးငိုကြ၊ မြေးတွေ၊ မြစ်တွေက အဘိုးကိုတပြီး ငိုကြတယ်။ တစ်ခန်းလုံး ဆူညံနေတော့တယ်"

"သုသာန်က သတ်မှတ်ထားတဲ့ စာရင်းအရ အဲဒီ အဘိုးကြီး ရုပ်အလောင်းကို မီးသင်္ဂြိုဟ်စက်သို့ပို့ဖို့ စီစဉ်ကြတယ်။ အဘိုးကြီးခေတ်ပုံကြီးကို လူငယ်တစ်ယောက်က ရှေ့ကကိုင်တယ်။ အလောင်းစင်ကို သားတွေ၊ သမီးတွေက ညှိုးငယ်တဲ့ မျက်နှာလေးတွေနဲ့ ဝိုင်းတွန်းကြတယ်။ အဘိုးကြီးရဲ့ နောက်ဆုံးခရီးမို့ ကြေကွဲနေကြတယ်၊ ပူဆွေးနေကြတယ်။ အဘိုးကြီးအလောင်း မီးသင်္ဂြိုဟ်စက်ထဲ ရောက်သွားတော့မှပဲ အခုံးသတ်သွားတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"နောက်အလှည့်ကျသူက ဦးဘအေးရုပ်အလောင်းကို မီးသင်္ဂြိုဟ်စက်ထဲ ပို့ဖို့ဖြစ်တယ်။ ငိုမယ့်သူလည်းမရှိ၊ တမ်းတမယ့်သူလည်းမရှိ၊ တိတ်ဆိတ်လျက်ပဲ။ အလောင်းစင်ကိုလည်း ဝိုင်းဝန်းတွန်းပို့ကြမယ့်သူလည်းမရှိ။ သုသာန်ဝန်ထမ်းတွေကသာ တွန်းပို့ပေးလိုက်တယ်"

"ဦးဘအေးရဲ့ ရုပ်အလောင်းကြီးကတော့ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ပဲ မီးသင်္ဂြိုဟ်စက်ထဲသို့ ရောက်သွားခဲ့တယ်။ ကျွန်တော်တို့တစ်တွေ ပြန်ကြဖို့ ကားပေါ်မတက်ခင် ကျွန်တော် နောက်ပြန်ကြည့်မိတယ်ဗျ။ မီးသင်္ဂြိုဟ်စက်ခေါင်းတိုင်ကြီးကနေ ထွက်လာတဲ့ ညိုမည်းနေတဲ့ မီးခိုးလုံးကြီးတွေက အလိပ်လိုက် အလိပ်လိုက် ကောင်းကင်ယံသို့ တက်သွားတာကို တွေ့လိုက်ရတယ်ဗျ"

"ကျွန်တော် တွေးလိုက်မိတယ်ဗျ။ ဘယ်လိုပုဂ္ဂိုလ်ပဲဖြစ်ဖြစ် ကွယ်လွန်သွားတဲ့အခါ ဒီစက်ကြီးထဲ ရောက်သွားရင်တော့ ထွက်လာတဲ့ မီးခိုးလုံးကြီးတွေကတော့ အတူတူသာဖြစ်တယ်။ ကောင်းကင်ယံမှာတော့ တဖြည်းဖြည်း ပျောက်ကွယ်ပျက်စီးသွားတာပါပဲဗျာ။ ဒါကို တရားသဘောနဲ့ ဆင်ခြင်ကြည့်ပါလား။ ဖြစ်ပြီးရင် ပျက်သွားတဲ့သဘောပဲပေါ့"

"ဘယ်လိုပဲဖြစ်ဖြစ် ဦးဘအေးတစ်ယောက် နောက်ဆုံးထွက်သက်မရောက်ခင် သားတွေ၊ သမီးတွေ ရောက်လာတာကို သိသည်ဖြစ်စေ မသိသည်ဖြစ်စေ တမလွန်ဘဝကမြင် နိုင်စွမ်းရှိမယ်ဆိုရင်တော့ တင့်တောင်းတင့်တယ်ဘဝရောက်နေကြတဲ့ သားတွေ၊ သမီးတွေကိုကြည့်ပြီး ဝမ်းသာပီတိဖြစ်နေမှာ သေချာပါတယ်ဗျာ။ မိဘတို့မေတ္တာဆိုတာ အနန္တလို့ ဆိုတယ်မဟုတ်လား"

"မည်သို့ပင်ဆိုစေဗျာ။ ကျွန်တော်ကတော့ ဦးဘအေးတစ်ယောက် ကောင်းရာသုဂတိသို့ ရောက်ပါစေလို့ ဆုတောင်းမိပါတယ်ဗျာ"

✦

ဆရာဦးမြတ်ထွန်းကတော့ သူကိုယ်တွေ့ကြုံခဲ့ရသော ဦးဘအေး၏ဘဝ နောက်ဆုံးခရီးကို တရားသဘောလေးနှင့်ယှဉ်၍ နိဂုံးချုပ်သွားခဲ့သည်။ မိမိရင်ထဲမှာတော့ အတွေးစလေးများ ကျန်နေခဲ့သည်။

မြချုသံ ရုပ်ရှင်ကားထဲမှာ အကယ်ဒမီမင်းသားကြီး မြတ်လေးပြောခဲ့သော စကားကို သတိရမိသေးသည်။ "မိဘများက သားသမီးများအပေါ် ထားခဲ့သည်က မေတ္တာစေတနာနဲ့ ကရုဏာဖြစ်တယ်။ သားသမီးများက မိဘများအပေါ် ပေးဆပ်ရမှာက ကျေးဇူးတရားနဲ့ ကြင်နာနွေးထွေးမှုဖြစ်တယ်။ အဲဒါ မြချုသံပဲ"တဲ့။ သားသမီးဘဝ ရောက်နေကြသည့် လူငယ်လူရွယ်တွေအတွက် မှတ်သားစရာကောင်းလှသည်။

ဦးဘအေးကတော့ မိဘတို့၏ အနန္တမေတ္တာတွေနဲ့ သားသမီးတွေကို ပြုစုပျိုးထောင်ပေးခဲ့ပြီးဖြစ်သည်။ မိဘတာဝန်ကျေခဲ့ပြီဟု ဆိုရပေမည်။

သူ့ဘဝ မီးစာကုန်ဆီခန်း စိတ်သွားတိုင်း ကိုယ်မပါနိုင်တဲ့ ဘဝမှာတော့ အနီးအနားမှာ သားလည်းမရှိ၊ သမီးလည်းမရှိ။ အိမ်ဖော်များနှင့်ပင် ဘဝနိဂုံးချုပ်သွားခဲ့ရသည်။ သားနှင့်သမီးတွေက ငွေကြေးနှင့် ပစ္စည်းများကိုတော့ ထောက်ပံ့ပေးခဲ့သည်ဟု သိရသည်။

မြန်မာလူမျိုးတို့သည် ချစ်ခြင်းမေတ္တာနှင့် ကြင်နာယုယ နွေးထွေးမှုကို တန်ဖိုးထားတတ်ကြသည်။ မိဘများကလည်း ငွေကြေးဥစ္စာထက် ကြင်နာယုယ နွေးထွေးမှုကို လိုလားကြသည်။ မျှော်လင့်ကြသည်။ မိဘတို့သည် သားသမီးတို့၏ မျက်နှာလေးများကို မြင်လိုက်ရရုံဖြင့် "သီတာရေသားရေကြည်ချမ်းမျှ တစ်ပေါက်ကလေးကျရုံဖြင့် မိဘတို့ဝမ်းငြိမ်းစတမ်း"လို့ အဆိုရှိသည်။

ဒီခေတ် ဒီအခါ ဒီကာလမှာတော့ တချို့တချို့သော သားသမီးတို့သည် မိဘများကို ငွေကြေးပစ္စည်းဥစ္စာ ထောက်ပံ့နေရုံဖြင့် ကျေးဇူးဆပ်ရာရောက်သည်။ တာဝန်ကျေပြီလို့ လွဲမှားစွာ ယူဆနေတတ်ကြသည်။

အမှန်မှာတော့ မိဘများ မျှော်လင့်တောင့်တသည်က ကြင်နာယုယမှုနှင့် နွေးထွေးမှုများသာ ဖြစ်ပါသည်ဟု...။

မျှဝေခံစားနိုင်ကြပါစေ...

**မောင်မောင်(ပိတောက်မြိုင်)**



www.burmeseclassic.com

www.burmeseclassic.com

# တစ်ချိန်က သမိုင်းဝင်ခဲ့သော

# မြေပဒေသာကျွန်း

**ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)**

**စာရေးသူ**သည် ရာသီဥတု သာယာလှသော နေ့တစ်နေ့က မြန်မာ**စာပေပြန့်ပွားရေးအသင်း**သို့ အစည်း**အဝေး**တက်ရောက်ရန် ထွက်ခွာလာစဉ် **မြေပဒေသာ**ကျွန်းရှေ့မှ ကျော်ဖြတ်ခဲ့ရာ မြင်တွေ့ခဲ့ရသော မြင်ကွင်းများနှင့် စာရေးသူတို့ငယ်စဉ်က တွေ့မြင်ခဲ့သော မြင်ကွင်းများ အပြောင်းအလဲကြီးပြောင်းလဲနေသည်ကို တွေ့မိပါ၍ ငယ်ငယ်က မြေပဒေသာကျွန်းအကြောင်း သတိရအောက်မေ့လျက် တစ်ချိန်က သမိုင်းဝင်ဖြစ်ခဲ့သော ကျွန်းကလေးအကြောင်း ပြန်လည်ဖော်ထုတ်ရေးသား တင်ပြလိုက်ပါသည်။

မြေပဒေသာကျွန်းကို ထိုခေတ်**အခါက** မြင်းစီးကျွန်းဟူ၍လည်း အမည်**တွင်**ခဲ့ပါသည်။ သူငယ်တန်းဖတ်စာအုပ်တွင်လည်း မြေပဒေသာကျွန်းအကြောင်း သင်ကြားခဲ့ရဖူးပါသည်။

ထိုစဉ်က ယခုကဲ့သို့ တီဗွီများ မပေါ်ပေါက်သေးပါ။ ရေဒီယိုမှ နံနက်ချိန်ခါတေးသံသာ တီးလုံးလေးလာပြီးနောက်

"စိုစို...စိမ်းစိမ်း...မြရည်လိမ်းတဲ့...တို့များမြေပဒေသာ...စိုက်ပါ၊ စားပါ...တို့များ...မြေပဒေသာ"ဟူသော တေးသီချင်းလေးအား နေ့စဉ်နားထောင်ရသည်မှာ ကြည်နူးဖွယ်ကောင်းလှပါသည်။ ယခုအခါတွင် ထိုတေးသီချင်းလေးကား ပျောက်ကွယ်သွားပြီဖြစ်ပါသည်။

မြေပဒေသာကျွန်း၏ တည်နေရာသည် နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်တွင် တည်ရှိပါသည်။ ကျွန်းရှေ့၌ မိုးကုတ်ဝိပဿနာကျောင်း တည်ရှိပြီး ပတ်ဝန်းကျင်၌ ရန်ကုန်မြို့၏ ကျက်သရေဆောင် တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သည့် ရွှေတိဂုံဘုရား ကြားတောရလမ်းဘေးရှိ ကြေးသွန်းဘုရား၊ ပန်းချီပန်းပု အနုပညာသင်ကျောင်း၊ ငါးပြတိုက်၊ စိုက်ပျိုးရေးပြတိုက်၊ ပျားဂေဟာ၊ တိရစ္ဆာန်ဥယျာဉ်၊ ကန်တော်ကြီးဟိုတယ်၊ ပန်းကန်လုံးကျွန်း၊ ဘရိတ်ခန်းမ၊ ဗိုလ်ချုပ်ကြေးရုပ်၊ ဗိုလ်ချုပ်ပန်းခြံ၊ မျက်စိဆေးရုံ၊ ယုဇနညှော်ဂေဟာ၊ နတ်မောက် စက်မှုလက်မှုအထက်တန်းကျောင်း၊ ဂျပန်သံရုံးတို့ဖြင့် ဝိုင်းရံလျက်ရှိပါသည်။

၁၉၆၃ ခုနှစ်မှစ၍ မြေယာကြီးပွားတိုးတက်ရေး ကော်မိုရေးရှင်း(မြေ-ကျေး-ရှင်း)အား စတင်တည်ထောင်ခဲ့ရာမှ မြေပဒေသာကျွန်းသည် လုပ်သားပြည်သူများ အပန်းဖြေအနားယူရန်အတွက် စိုက်ပျိုးရေးကဏ္ဍတစ်ခုအဖြစ် မွေးဖွားသန့်စင်ခဲ့ပါသည်။

မြေပဒေသာကျွန်းတွင် စိုက်ပျိုးရေးလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ရန် ဖွင့်လှစ်ခြင်း ရည်ရွယ်ချက်မှာ လုပ်သားပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများကို စိတ်ပါဝင်စားလာစေရန်၊ လုပ်သားပြည်သူများအတွင်း စိုက်ပျိုးရေးပညာရပ်များ ပြန့်ပွားစေရန် စိုက်ပျိုးရေးသည် မြန်မာနိုင်ငံ၏ အဓိကပင်မ စီးပွားရေးလုပ်ငန်းဖြစ်သည်ကို လုပ်သားပြည်သူများ သိရှိနားလည်စေရန်အတွက်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်းကို ဆောင်ရွက်နေကြသော တောင်သူလယ်သမားကြီးများ၏ ဘဝကို အလုပ်သမားကြီးများနှင့်တကွ လုပ်သားပြည်သူများ နားလည်သဘောပေါက်ကာ အလုပ်သမားနှင့် တောင်သူလယ်သမား ခိုင်မြဲသောမဟာမိတ်တည်ဆောက်ရေးကို အကောင်



www.burmeseclassic.com

အကူပြုရန်

ထို့ပြင် မိမိတို့၏ အိမ်ခြံတွင်း ဟင်းသီးဟင်းခင်းများ၊ သစ်သီးဝလံများ စိုက်ပျိုးစားသောက်ရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားခြင်းဖြစ်ပါသည်။

ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပင်လျှင် "အိမ်နောက်ဖေး ဈေးဆိုင်တည်" ခဲ့ဖူးပါသည်။

ကျွန်းအတွင်း နံ့စားသုံးသီးပင်များ၊ နှစ်တို၊ နှစ်ရှည်ပင်များ၊ ပရဆေးပင်များ၊ ကော်ဖီ၊ ကိုကိုး၊ လက်ဖက်၊ သစ်ခွ စိုက်ခင်းများ၊ ရာသီပန်းခင်း ကလေး ကစားကွင်း၊ ရေပန်းအလှ၊ ကျောက်ခက် စိုက်ခင်းများ ပြသထားလျက်ရှိပါသည်။ တန်ဖိုးနည်းငွေဖြင့် ဆောက်လုပ်ထားသော "အမိတို့မြို့သူအိမ်"ရှိ ခြံဝန်းတွင် စားသုံးသီးပင်များ၊ ရေပေါ်စိုက်ခင်း၊ နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီ စိုက်ပျိုးစေနိုင်ရန် မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်သည့် စနစ်ကို ပြသထားပါသည်။

ကျွန်းအတွင်းရှိ အပင်ကြီးများ ဘယဆေးပင်များကိုလည်း မြန်မာအမည်၊ အင်္ဂလိပ်အမည်၊ မျိုးရင်း၊ အသုံးဝင်ပုံတို့ကို လေဘယ်ကပ်ထား၍ လုပ်သားပြည်သူများ လေ့လာသိရှိနိုင်ရန် ပြသထားပါသည်။

၁၉၆၄ ခုနှစ်မှစ၍ နှစ်စဉ်ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ ပန်းမာလ်ပြပွဲ ပြိုင်ပွဲနှင့် မွေးမြူရေးပြပွဲကို အောက်ပါအတိုင်း ကျင်းပပြုလုပ်ခဲ့ပါ၍ စိုက်ပျိုးရေးပညာရှင်များခြင်းနှင့် စိတ်ပါဝင်စားလှသော လုပ်သားပြည်သူများ ပြပွဲတွင် လာရောက်ယှဉ်ပြိုင်ခြင်း၊ လေ့လာကြည့်ရှုအားပေးခြင်းများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါသည်။

ပြပွဲပြိုင်ပွဲအခမ်းအနားကို အောက်ပါအတိုင်း ပြသထားပါသည်။

ယခုအခါတွင် သစ်သီးဝလံ ပန်းမာန်ပြပွဲများအား မန္တလေး၊ မေမြို့များ၌သာ ကျင်းပပြုလုပ်ကြပါသဖြင့် ရန်ကုန်မြို့နေ လူတန်းစားများ၊ စိုက်ပျိုးရေးဝါသနာရှင်များ အလှမ်းဝေးကွာခဲ့ရပါသည်။

မွန်းကျပ်လှသော အဆောက်အဦးများကြားဝယ် နေထိုင်ကြရသော မြို့နေ လူတန်းစားများ အပန်းဖြေစေရန် ကမ္ဘာ့ပေါင်းစုံရှိပါသော်လည်း သစ်ရိပ်ဝါးရိပ်များဖြင့် အေးချမ်းလှသော မြေပြင်သော ကျွန်း၏သဘာဝအလှတရားကား ခေတ်အဆက်ဆက်၊ မင်းအဆက်ဆက် မည်



www.burmeseclassic.com





## စိုက်ပျိုးရေး အကြောင်းဆိုင်များ ... စားသောက်ဆိုင်များ

**မြေကြီးဇာနှင့် ကိရိယာဆိုင်**

ခေါ်မြေကြီးဇာနှင့် ဥယျာဉ် ခြံသုံး ကိရိယာများကို ရောင်းချပါသည်။

**သစ်ခွဆိုင်**

သစ်ခွပန်း အမျိုးမျိုးတို့ ရောင်းချပါသည်။

**ပျိုးပင်ဆိုင်**

ရိပ်သာပင်၊ စားသုံး သီးပင်များကို ရောင်းချပါသည်။

**ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံဆိုင်**

ဒူးရင်း၊ ဝဖျစ်၊ စတော်ဘယ်ရီ၊ ဖရဲ၊ သခွါး၊ သရက်၊ မရမ်းချို၊ သကြားသီး စသည်များနှင့် ပြောင်းဖူးခရမ်းချဉ် စသည့် ဟင်းသီး ဟင်းရွက် များကို ချိုသာသော နှုန်းထားနှင့် ရောင်းချပါသည်။

**ပြည်သူ့ မင်္ဂလာစားသောက်ဆိုင်**

မုန့်ဟင်းခါး၊ ဘူးသီးကြော်၊ မုန့်လက်ဆောင်း စသည့် မြန်မာမုန့်များ၊ အချိုမုန့်များ၊ ဒန်ပေါက် ပလာတာ၊ ခေါက်ဆွဲကြာဇံ၊ အဖျော်ယမကာ အမျိုးမျိုးများ ရောင်းချပါသည်။



မှုပင် ပြောင်းလဲစေကာမှ လုပ်သားပြည်သူများ အပန်းဖြေစေရန်အတွက် ထာဝရစိမ်းလန်းစိုပြည်နေဦးမည်မဟုတ်ပါတကား။

ဤဆောင်းပါး ဖြစ်မြောက်စေရန် ကူညီပံ့ပိုးပေးသော အန်ကယ်ဦးကြည်သောင်းအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စိတ်နှလုံး အေးချမ်းကြပါစေ . .

**ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)**

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# နေဝင်းကျယ်သော ဘဝများ



ပန်းချီ ကိုကိုကြီး

www.burmeseclassic.com

www.burmeseclassic.com

# နေ့ဝန်းကွယ်သော ဘဝများ

ညွန့်မောင်ဦး

ဗြောင်ပင်သာရွာမှာ လယ်ယာကိုင်းကျွန်းကိုသာ လုပ်ကိုင်ကြသော ရွာ ဖြစ်ပါသည်။ မြခင်မှာ ဗြောင်ပင်သာရွာမှာ နေထိုင်၍ ကြုံရာကျပန်း လုပ်ကိုင်စားသောက်နေရသော မုဆိုးမ သမီးလေးဖြစ်ပါသည်။ မြခင်တို့မိသားစုမှာ တခြားရွာမှ ပြောင်းလာကြသူများဖြစ်ပြီး မြခင်၏အမေ ဒေါ်မဲမက မည်းမည်းပိန်ပိန်နှင့် မျက်လုံးပြူးပြူး အလွန်ရုပ်ဆိုးပြီး မြခင်က ဖြူဖြူချော ချောလေး မြင်သူငေးလောက်အောင် လှပါသည်။

ဗြောင်ပင်သာရွာသားများက မြခင်မှာ ဒေါ်မဲမ၏ သမီးအရင်းမဟုတ်ဘဲ တခြားရွာမှကလေးကို ခိုးလာပြီး သည်ရွာမှာ လာနေသည်၊ ဒေါ်မဲမမှာ စုန်းပညာတတ်သော စုန်းမကြီးဖြစ်သည်ဟု ပြောဆိုနေကြပါသည်။ ရွာသားများ ပြောနေကြသည့်အတိုင်းလည်း ဒေါ်မဲမတို့မျိုးရိုးမှာ စုန်းပညာတတ်သော စုန်းမျိုးဖြစ်ပါသည်။ စုန်းပညာတတ်သူမှာ မိမိတို့သားသမီးများကို စုန်းပညာသင်ပေးခဲ့ခြင်းဖြင့် စုန်းပညာမတိမ်ကော မပျောက်မပျက် ထိန်းသိမ်းခဲ့ကြရာ ဒေါ်မဲမအရွယ်ရောက်သောအခါ သူမ၏မိခင်က ဒေါ်မဲမကို စုန်းပညာသင်ပေးပါသည်။ ဒေါ်မဲမမှာ ရုပ်သာဆိုးပြီး အလွန်စိတ်ထားကောင်းသူဖြစ်၍ သူများကို ဒုက္ခပေးသော ထိုပညာကို မသင်လို၍ မိမိ၏ချစ်သူ ညီပုနှင့် ခိုးရာလိုက်သွားပြီး ရွာတစ်ရွာမှာ သွားရောက်နေထိုင်ပါသည်။ ညီပုမှာ မိဘများမရှိသော်လည်း အလုပ်ကိုကြိုးစားလုပ်၍ မမဲမ အပေါ်မှာလည်း သစ္စာရှိရှိ ပေါင်းသင်းနေထိုင်ပါသည်။ မမဲမအမေမှာ မိမိသမီးကို ညီပုနှင့် လုံးဝသဘောမတူပါ။ ဒေါ်မဲမ၏ မိခင်ကြီးမှာ စုန်းပညာဆယ့်နှစ်ကျိုးအကုန်တတ်၏။ ညီပုကို သေအောင်သတ်ပြီး မိမိ၏သမီးကိုပြန်ခေါ်ရန် ဆုံးဖြတ်ပြီး အချိန်ကို စောင့်နေခဲ့ရာ မမဲမ ကိုယ်ဝန်ခြောက်လအရမှာ ညီပုကို သူ့ပညာနှင့် သတ်လိုက်ပြီး မမဲမကို ပြန်ခေါ်ရာ မမဲက စိတ်နာပြီး ဗြောင်ပင်သာရွာကို ပြေးခဲ့ပါသည်။ သည်လိုနှင့် ဗြောင်ပင်သာရွာမှာ ကြုံရာကျပန်း လုပ်ကိုင်စားသောက်ပြီး မြခင်ကိုမွေးခဲ့ရာ မြခင် ဆယ့်ခြောက်နှစ်သမီး အရွယ်ရောက်မှ ဒေါ်မဲမ အလုပ်မလုပ်နိုင်တော့၍ မြခင်က တစ်လှည့်လုပ်ကျွေးနေပါသည်။

မြခင် အရွယ်ရောက်လာသောအခါ ရွာထဲမှ ကာလသားအချို့က ပိုးပန်းနေကြပြီး တချို့ကာလသားများက စုန်းမကြီးသမီးဟူ၍ မပိုးပန်းကြပါ။ မြခင်ကို စွဲစွဲလမ်းလမ်းရှိနေသူမှာ ဖိုးမောင် ဖြစ်ပါသည်။ ဖိုးမောင်၏ မေတ္တာကိုလည်း မြခင်က အသိအမှတ်ပြုထား၍ နှစ်ဦးသား ချစ်သူများ ဖြစ်နေကြပါသည်။ 'ပြည်ပန်းညို ချိုချင်ပါလျက် ဆားကဖျက်' ဆိုသည့် စကားလို မြခင်နှင့်ဖိုးမောင်တို့ ချစ်သူနှစ်ဦးကြားမှာ ဝင်ဖျက်နေသူက ရွာထဲမှ လယ်ပိုင်ရှင်သား မြငွေဖြစ်ပါသည်။ မြငွေမှာ တစ်နေ့တခြား အလှသွေးကြွယ်လာသော မြခင်ကလေးကို ဖျက်ဆီးချင်၍ မြခင်တို့ ကောက်စိုက်သမအဖွဲ့မှ ခေါင်းဆောင်အမျိုးသမီးကို အောင်သွယ်ခိုင်းပြီး မြခင်ကို မကြာခဏ လက်ဆောင်ကလေး များ ပို့ပေးနေပြီး မြခင်တို့အိမ်ကလေးကိုလည်း ဝင်ထွက်နေပါသည်။ မြခင်က မိမိ၏လယ်ရှင်သားဖြစ်၍ အလိုက်အထိုက် ဆက်ဆံနေသည်ကို ချစ်သူ ဖိုးမောင်က လုံးဝသဘောမကျပါ။ မြခင်ကို မြငွေနှင့် ရှင်းရှင်းနေရန် အမြဲ သတိပေးနေပါသည်။

"ဟိုနေ့ညက မြငွေ ဘယ်အချိန်မှပြန်လဲ။ စကားကောင်းနေလိုက်တာ။ ငါလာတာတောင် လှည့်မကြည့်ဘူး"

"အမေနေမကောင်းလို့ လာကြည့်တာ စကားမပြောဘဲနေလို့ ကောင်းမလား"

"စကားပြောတာကလည်း လွန်လွန်းတယ်။ မိုးချုပ်တာတောင် မပြန်ဘူး။ ညများအိပ်သွားလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ကိုဖိုးမောင် စကားကို ကြည့်ပြောပါ။ ရှင်ဒီလောက် သဝန်တိုနေရင် မင်္ဂလာဆောင်ဖို့ ငွေရှာပါလား"

"ငါလည်း ကြိုးစားပြီး ငွေစုနေပါတယ်။ ဒါပေမယ့် စုလို့ကိုမရဘူး။ သည်အထဲ မြငွေရန်ကလည်း ရှိနေတော့ ကြာကြာဆိုင်းနေလို့ မဖြစ်ဘူး။ နွေစပါးသိမ်းပြီးရင် နင့်ကို တောင်းမှာပါ"

"ကျွန်မလည်း ဒါကိုပဲတွေးပြီး စိတ်ပူနေတယ်။ အမေသာနေကောင်းရင် တစ်ခါတည်း ကိုဖိုးမောင်နဲ့ ထွက်ပြေးမိမှာ သိလား"

"တစ်သက်တစ်ခါ တင့်တင့်တယ်တယ် မင်္ဂလာလေးဆောင်နိုင်အောင် ငါကြိုးစားပြီး ငွေရှာမယ်"

"ကဲ ...ပြန်ဦးမယ်။ ကျွန်မထွက်လာတာကြာပြီ။ အမေကလည်း ကြာကြာထားလို့ မရဘူး"

"အေး ..အေး၊ ပြန်ပြန် နင့်အမေအတွက် ဆေးဖိုးလိုသေးလား"

"မလိုပါဘူး။ ကျွန်မမှာရှိပါတယ်"

မြငွေမှာ မိန်းကလေးများကို ပိုးပန်းရာမှာ ကျွမ်းကျင်သူဖြစ်၍ မြခင်ကိုလည်း နည်းမျိုးစုံနှင့် ချဉ်းကပ်ရာ မြခင်က ပြန်မကြိုက်လာသေးသော်လည်း မြခင်အမေဒေါ်မဲမက သဘောတူသလိုလို ဖြစ်နေပါသည်။ သည်အချိန်မှာ တစ်ဖက်မှ အောင်သွယ်အမျိုးသမီးကလည်း အတင်းဆွယ်နေပါသည်။ ဖိုးမောင်မှာ မြခင်ကို ကတိပေးခဲ့ပြီးနောက် ငွေကို အထူးကြိုးစားရှာနေပါသည်။ မိမရှိ ဖမရှိ၊ ဆွေမျိုးအပေါင်းအသင်းမရှိသော ဖိုးမောင်မှာ တစ်နှစ်လုံးအလုပ်လုပ်မှသာ စပါးကလေး တင်းငါးဆယ်သာရသဖြင့် ငွေစုမရပါ။ နောက်ဆုံး ဖြစ်သည့်နည်းနှင့် ငွေရှာရန် ဖိုးမောင် ဘယ်သူ့မှ မတိုင်ပင်ဘဲ မိမိအရင်က လယ်သွားလုပ်ခဲ့ဖူးသော ရွာကိုထွက်သွားပြီး ထိုရွာမှ လယ်ရှင်တစ်ဦး၏ကျွဲကို ညဘက်မှာ ခိုးသွားပါသည်။ ဖိုးမောင်မှာ ထိုလယ်မှာ ဝင်လုပ်ဖူးသဖြင့် ထိုလယ်ရှင်တဲမှာပင် ညအိပ်ပြီး ခိုးခဲ့ခြင်းဖြစ်ရာ ကျွဲပျောက်သောလယ်ရှင်က ဖိုးမောင်ခိုးသွားမှန်းသိသွားပြီး လိုက်ဖမ်းရာ ဖိုးမောင်ကို ကျွဲနှင့်အတူ မိသွားပါတော့သည်။

"မြခင် အရှေ့ဘုရားပွဲမှာ ရွှေမန်းဇာတ်ဝင်မယ်လို့ ပြောတယ်။ ငါတို့သွားကြည့်ရအောင်"

"ရွှေမန်းဇာတ်ကို ကျွန်မ တစ်ခါမှမကြည့်ဖူးဘူး။ ကြည့်ချင်ပါတယ်။ ဒါပေမယ့် အမေကထည့်မှာမဟုတ်ဘူး"

"တို့ကောက်စိုက်သမအဖွဲ့ တစ်ဖွဲ့လုံးသွားမှာပဲ။ ညည်းအမေ ထည့်မှာပါ။ ငါကူပြောပေးပါ့မယ်"

"အေးပါ။ ငါ ကူပြောပေးမယ့်အပြင် တို့သွားမယ့်လှည်းကိုလည်း ပြောထားပြီးပြီ"

"ဘယ်သူ့လှည်းနဲ့ သွားမှာလဲ။ ကိုမြငွေလှည်းဆိုရင်တော့ မလိုက်ဘူးနော်"

"ကိုမြငွေလှည်း မဟုတ်ဘူး။ နှင်းမြအစ်ကိုလှည်း။ နှင်းမြလည်း လိုက်မှာ"

"ဒါဖြင့် မြန်မြန်စီစဉ်ပါ ကျွန်မလိုက်မယ်"

"တစ်နှစ်မှာတစ်ခါ ကြည့်ရတာ။ ငါဖြစ်အောင် စီစဉ်ပါ့မယ်"

အရှေ့ရွာမှာ ဘုရားပွဲဖြစ်နေသည်မှာ အမှန်ဖြစ်ပါသည်။ မြခင်တို့ ညောင်ပင်သာရွာအပါအဝင် တောရွာများမှာ တစ်နှစ်တစ်ခါ ဘုရားပွဲဖြစ်မှသာပွဲကြည့်ရသဖြင့် ဘုရားပွဲကို ဘယ်လောက်ဝေးဝေး သွားကြည့်ကြပါသည်။ ယခု ဘုရားပွဲကို သွားကြည့်ကြမည့်အစီစဉ်ကို မြငွေနှင့်ကောက်စိုက်သမခေါင်းတို့ နှစ်ယောက်က စီစဉ်ကြသည်ကို မြခင်လုံးဝမသိပါ။ ခုရက်ပိုင်းမှာ ဒေါ်မဲမမျှာ ကျန်းမာရေးမကောင်းသော်လည်း သမီးကို အလိုလိုက်ပြီး ခွင့်ပြုလိုက်ပါသည်။ ယခုည ဘုရားပွဲသွားကြသည်မှာ လှည်းနှစ်စီးဖြစ်သည်။ တစ်စီးက မြခင်တို့စီးသောလှည်းဖြစ်ပြီး ကျန်တစ်စီးက ခပ်ဝေးဝေးမှ လိုက်လာပါသည်။

ပွဲခင်းထဲရောက်ကြ၍ လက်မှတ်များဝယ်ပြီးသောအခါ ပွဲဈေးတန်းလျှောက်ကြပြီး လိုချင်တာတလေးများဝယ်ကြပြီး ရုံထဲဝင်၍ မကြာမီအချိန်မှာပင် အပျိုတော်ထွက်ပါသည်။ မြငွေတို့အဖွဲ့မှာ မိမိတို့နှင့် ဖျာချင်းဆက်ပြီး နေရာယူထား၍ အားလုံးတစ်စုတဝေးတည်း ဖြစ်နေပါသည်။ သည်လိုနှင့် အပျိုတော်ထွက်ပြီး ပြဇာတ်ထွက်နေချိန်မှာ လူတစ်ယောက်လိုက်လာပြီး ဒေါ်မဲမ အသည်းအသန်ရောဂါဖောက်လာပြီး မြခင်ကိုခေါ်ခိုင်း၍ လာခေါ်ကြောင်းပြောရာ မြခင် ပြန်လိုက်မည်ဟုပြောရာ လာခေါ်သူက မိမိတို့ခြေကျင်ပြန်လျှင် ကြာနေမည်။ လှည်းနှင့်ပြန်မှ အမြန်ရောက်မည် မြန်မြန်ရောက်အောင် လှည်းနဲ့ပြန်ပါဟု ပြောသောအခါ ကောက်စိုက်သမခေါင်းဆောင်က သူပါလိုက်မည်ဟုပြောပြီး မြငွေလှည်းကို အကူအညီတောင်းရာ



www.burmeseclassic.com

www.burmeseclassic.com

မြင့်ငွေက လိုက်ပို့ပေးမည်ဟုပြော၍ သုံးယောက်သား လှည်းအမြန်မောင်း၍ ပြန်ခဲ့ကြပါသည်။ လမ်းရောက်သောအခါ မြင့်ငွေက ဒေါ်မဲမ အသည်းအသန်ဖြစ်သည်မှာ မဟုတ်ကြောင်း၊ ယခု မိမိ မြခင်ကို အရှေ့ရွာခေါ်သွားမည်ဖြစ်ကြောင်း၊ မိမိသည်လိုကြံစည်ရသည်မှာ မြခင်ကိုချစ်လွန်း၍ ကြံရခြင်းဖြစ်ကြောင်းများ ရှင်းပြပါသည်။

"အစ်မစိန်မြင့် မိန်းကလေးချင်းကိုယ်ချင်းမစာ လုပ်ရက်တယ်။ ကိုမြငွေ ... ရှင်ကျွန်မကို ထိရဲထိကြည့် ကျွန်မအကြောင်းသိမယ်"

"ငါ တကယ်မေတ္တာရှိလို့ ကြံတာပါ မြခင်ရာ။ နင် ငါ့ကိုငြင်းရအောင်လည်း နင့်ရည်းစားဖိုးမောင်က ထောင်ကျတော့မှာ နင့်ဆီ ပြန်မလာနိုင်တော့ဘူး"

"ကိုဖိုးမောင် ဘာမှမဖြစ်ဘူး။ ရှင်အကြံပက်စက်တိုင်း လိုက်မပြောနဲ့"

"မြင့်ငွေပြောတာ ဟုတ်ပါတယ်။ ဖိုးမောင် အနောက်ဘက်ရွာမှ ကျွဲသွားခိုးတာ မိသွားလို့ အချုပ်ခံနေရတယ်လို့ အဖေတို့ပြောနေတာ ကြားခဲ့ရတယ်"

"တကယ်ကြားတာလား အစ်မစိန်မြင့်"

"တကယ်ကြားခဲ့တာပါ။ သူသွားခိုးတဲ့ကျွဲက အရင်သူအလုပ်သွားလုပ်ခဲ့ဖူးတဲ့ လယ်ရှင်ရဲ့ကျွဲကို ခိုးတာ။ ရွာသားတွေဝိုင်းလိုက်တာ ခေါင်းကွဲသွားသတဲ့"

"ဖြစ်ရလေ ကိုဖိုးမောင်ရယ်။ မြခင်တို့ဘဝတော့ ပျက်ပါပြီ ဟီးဟီးဟီး။ သူ့အခုလို သူခိုးဘဝရောက်ရတာ မြခင်ကြောင့် ရောက်ရတာ"

"အေးဟယ်။ ဖိုးမောင်ဘဝက လည်း ဆိုးလိုက်တာ။ ငါကြားကြားချင်း နင့်ကိုပြောမလို့ဟာ ခု မြင့်ငွေပြောမှ ပြောဖြစ်တော့တယ်"

"နင်ငိုနေတာ ငါမကြည့်ရက်လို့ နင့်ကိုငါ ဘာမှမလုပ်ရက်တော့ပါဘူး မြခင်။ နင် ဖိုးမောင်ကို ကြည့်ချင်ရင် မနက်ဖြန် အဲဒီရွာကို ငါလှည်းနဲ့လိုက်ပို့ပေးပါ့မယ်။ ခုလည်း နင့်အိမ်ကို ငါ ပြန်ပို့ပေးပါ့မယ်"

"ကျွန်မ လိုက်ကြည့်ချင်ပါတယ်။ ကိုယ်တိုင်မြင်ရမှ ယုံမယ်"

"စိတ်ချ ငါလိုက်ပို့ပေးမယ်။ မစိန်စိန်လည်း ကူညီတဲ့အနေနဲ့ လိုက်ခဲ့ပါ"

"ငါလည်း ဖိုးမောင်ကိုသနားတယ်။ လိုက်ခဲ့မယ်"

မြင့်ငွေမှာ မြခင်ကို ပထမ အကြမ်းဖက်ရန် ကြံစည်ခဲ့သော်လည်း မြခင်က မိမိအတွင်းခံအင်္ကျီမှ တွယ်ချိတ်ကြီးကို ဖြုတ်၍ ကိုင်ထားသဖြင့် မြင့်ငွေအနားမကပ်ရဲတော့ဘဲ အချိုသတ်၍ မိမိအကြံကို လက်လျှော့လိုက်ခြင်း ဖြစ်ပါသည်။ သည်လိုနှင့် မြခင်ကို အိမ်ပြန်ပို့ပေးလိုက်ရပြီး နောက်တစ်နေ့နံနက်မှာ ဖိုးမောင် အချုပ်ခံထားရသော ရဲစခန်းသို့ မြခင်ကို သွားပို့ပေးရာ ဖိုးမောင်မှာ မြခင်ကို စကားတစ်လုံးမျှမပြောတော့ဘဲ ခေါင်းငုံ့နေပါသည်။ မြခင်လည်း ငို၍ပြန်ခဲ့ပါသည်။

သည်လိုနှင့် ဖိုးမောင်ထောင်ကျသွားပြီး မကြာမီအချိန်မှာ မြင့်ငွေလည်း မြခင်ကို ရသွားပါသည်။ မြခင်ကိုရပြီး တစ်လကျော်ကျော်လောက်မှာ ဒေါ်မဲမလည်း ဆုံးသွားပါသည်။ မြင့်ငွေအဖို့ မြခင်ကို ချစ်လွန်း၍ ရာသက်ပန်ပေါင်းမည်ဟု ဆုံးဖြတ်ထားသော်လည်း မြင့်ငွေမိဘများက မြခင်နှင့် လုံးဝသဘောမတူသဖြင့် မိမိတို့သားကို အိမ်ပေါ်အတက်မခံပါ။ မြင့်ငွေမှာ ဒေါ်မဲမအိမ်ကလေးမှာပင် နေရပါသည်။ သည်လိုနေကြ၍ မြခင် ကိုယ်ဝန်ခြောက်လအရမှာ မြင့်ငွေ လယ်ထဲမှအပြန် ရိုးကလေးထဲမှာ မြွေနှစ်ကောင်မိတ်လိုက်နေသည်ကိုမြင်၍ သူငယ်ချင်းများနှင့် ချက်စားကြပါသည်။ ထိုညက မြင့်ငွေ မြွေသားနှင့် အရက်များသောက်စားပြီး အိမ်ပြန်ခဲ့ရာ ရိုးကလေးနားအရောက်မှာ မြွေကိုက်ခံရပြီး သေသွားပါသည်။

မြင့်ငွေ မြွေကိုက်၍သေသွားသည်ကို မြင့်ငွေမိဘများက မြခင်မှာ ပညာတတ်၍ မိမိတို့သားကို ပြုစားလိုက်သည်။ ရွာထဲမှာမထားရန် ပြောသောအခါ ရွာသူရွာသားများက ယုံကြည်ကြ၍ မြခင်ကို ခေါ်ခေါ်ပြောပြော မလုပ်ကြတော့။ မြခင်ခမျာ ရှက်လွန်း၍ သည်ရွာမှပြောင်းရန် အထုပ်ကလေးတစ်ထုပ်နှင့် တောင်းကလေးတစ်လုံးရွက်ကာ ထိုရွာမှ ထွက်ခဲ့ပါတော့သည်။

မြခင်၏ဘဝမှာ မှောင်လွန်း၍ နေဝန်းကွယ်သောဘဝ၊ ဘယ်အချိန်ဘယ်ကာလများမှ အလင်းရောင်မြင်ရပါလိမ့်တကား။

ညွန့်မောင်ဦး



www.burmeseclassic.com

www.burmeseclassic.com




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင် ၇/၂၀၀၈၊ တဆထလ(တိုး)-၁၃၁၂

အဆီကျ အကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆဝက(စာနယ်ဇင်း)၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက် တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်က ကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ် မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါး ညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်း ရှိတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ. . : ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေး မဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသော အဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေး မဟုတ်လို့ နေ့စဉ်မှန်မှန် သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်း ဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း - မုံရွာ - ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ် - ၈၂/၃၅၆၊ မေတ္တာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၇၇၊ ၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၃၁ လိုင်းခွဲ(၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ(၃၄၇)

www.burmeseclassic.com

www.burmeseclassic.com

သည့်အိမ်ကြီးကို ဝယ်မည်ဆိုတော့ သည့်အိမ်ကြီး၏ ရာဇဝင်ကို သိထားကြလေသော မိတ်ဆွေ၊ အပေါင်းအသင်းတွေက တားမြစ်ကြချေ၏။

"အချိုးအချောင်ရတာ တစ်ခုလေးကိုကြည့်ပြီး ဝယ်လိုက်မယ်ဆိုရင်ဖြင့် အမှားကြီး မှားကုန်လိမ့်မယ် ကိုငြိမ်း။ ကိုငြိမ်းအရင်လူတွေဆိုရင် ခြံဝင်းကလည်း ကျယ်ကျယ်၊ အိမ်ကြီးကလည်း တောင့်တောင့်တင်းတင်းဆိုတော့ အချိုးအချောင်ဈေးကို သဘောကျပြီး ဝယ်ခဲ့ကြတယ်။ ဘယ်မှာ တစ်လပြည့်အောင် နေနိုင်ကြလို့လဲ။ မိသားစုလိုက် ပြောင်းပြေးကြရတာချည်းပဲ"

"ဟုတ်တယ် ကိုငြိမ်း။ သည့်အိမ်ကြီးရဲ့ ကနဦး မူလပိုင်ရှင်ဟာ ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားခဲ့တယ်ဗျ။ အိမ်ကြီးကိုလည်း အင်မတန် စွဲလမ်းခဲ့တာလေ။ ပိုင်ရှင်ဟာ သည့်အိမ်ကြီးကို ငွေကုန်ကြေးကျခံပြီး သူ့စိတ်တိုင်းကျ ဆောက်ခဲ့တာ။ အိမ်ကြီးဆောက်ပြီးလို့ တက်နေကြတဲ့အခါ ဘယ်ကဘယ်လို ကျိန်စာဆိုးတွေ ဝင်တယ် မသိပါဘူး။ ပထမဦးဆုံး မိသားစုဝင်တစ်ယောက် အပေါ်ထပ်လှေခါးထစ်ကနေ ပြုတ်ကျပြီးသေတယ်။ နောက်တစ်ယောက်ကျပြန်တော့ အိမ်ကြီးရဲ့ခြေရင်းမှာတူးထားတဲ့ ရေကန်ထဲကို ဆင်းသေတယ်။ နောက်ဆုံး အိမ်ကြီးရှင်ကိုယ်တိုင်



www.burmeseclassic.com



ကျယ်ကျယ်လောင်လောင်အော်ဟစ်ရင်း အိမ်အပေါ်ထပ် ပြတင်းပေါက်ကို ဖွင့်ပြီး ဖောက်ထိုးခုန်ချရင်း အဆုံးစီရင်သွားတယ်။

ပြောရရင်တော့ အစိမ်းသေတွေချည်းပဲ၊ ဒါကြောင့် မကျွတ်မလွတ်တာနဲ့ တူပါရဲ့"

"မူလပိုင်ရှင်တွေ ကွယ်လွန်သူကွယ်လွန်၊ ပြောင်းရွှေ့သူ ပြောင်းရွှေ့ပြီး သိပ်မကြာခင်မှာ ဒီအိမ်ကြီးကို ရောက်လာသူတွေကတော့ ပထမဦးဆုံး ကျူလယာတွေရောင်းတဲ့ ကုလားမိသားစု။ သူတို့က တစ်လမပြည့်ခင် ရတဲ့ဈေးနဲ့ရောင်းပြီး ပြေးကုန်ကြတာပဲ။ အဲနောက် ဝယ်လိုက်တဲ့လူတွေက ခရစ်ယာန်မိသားစု။ သူတို့မိသားစုလည်း ထိုနည်းလည်းကောင်းပါပဲ၊ ရတဲ့ဈေးနဲ့ ရောင်းမယ်ဆိုပြီး ပြောင်းသွားကြပါလေရောလား"

"ဟုတ်တယ်လေ။ အဲဒါကြောင့် ကျွန်တော် ဒီအိမ်ကြီးကိုဝယ်ပြီး မိသားစုလိုက်ပြောင်းရွှေ့ကြမယ်လို့ ဆုံးဖြတ်လိုက်တာပေါ့"

သည်အိမ်ကြီးကိုဝယ်မည့် ကိုငြိမ်းမောင်ကား ဆိုခဲ့စေ၊ မြဲစေဆိုသည့် လူစားမျိုးပင် ဖြစ်ချေ၏။ သူဆုံးဖြတ်ချက်ချပြီးပြီဆိုရင် ဘယ်သူတွေဖျက်ကြစေတော့။ ဘယ်တော့မှ အများအယွင်းခံမည့်သူ မဟုတ်။

ပြောရလျှင် သူက စာရေးဆရာတစ်ယောက် ဖြစ်ချေ၏။ သည်အိမ်ကြီး၏ အနေအထား၊ ခြံအကျယ်အဝန်းနှင့် ပတ်ဝန်းကျင်အနေအထားကို အကဲခတ်ပြီး အေးအေးလူလူ စာရေးရန် အကောင်းဆုံးပါဟု ယူဆပြီးနောက်ပိုင်း ခေါင်းမာစွာဖြင့်ပင် ရဲရဲဝံ့ဝံ့ ဝယ်ယူလိုက်ပါတော့၏။

"အတန်တန်တားရက်နဲ့ ကိုငြိမ်းရာ"

"ဟုတ်ပေဗျာ။ ခင်ဗျားမိသားစုတော့ သနားစရာပဲ။ သူတို့ကကော မဖျက်ကြဘူးလား"

"ဟင့်အင်း ... ကျွန်တော်က အိမ်ထောင်ဦးစီးတစ်ယောက်ပဲ၊ ကျွန်တော်က ကောင်းတယ်ဆိုရင် လုပ်တတ်တဲ့လူစားမို့ သူတို့ တစ်ယောက်မှ မကန့်ကွက်ကြဘူး။ ကျွန်တော့်မိသားစု အားလုံးဟာ ကျွန်တော့်စိတ်ဓာတ်မျိုးတွေချည်းပါပဲ"

"အင်း ... တယ်လည်း ခေါင်းမာလှပါကလားဗျာ။ ဒီအိမ်ကြီးဟာ အင်မတန် ကြမ်းတယ်ဗျ။ အရင်လူတွေ ပြောပြတဲ့အတိုင်းဆိုရင် အင်မတန်မှ ကျောချမ်းဖို့ ကောင်းလှတယ်။ အိမ်ပေါ်မှာ လမ်းလျှောက်သံပေးတာတို့၊ ခုံတွေရွှေ့တာတို့၊ တအုံးအုံးထုတာတို့၊ အနံ့အသက်ပေးတာတို့၊ ကိုယ်ထင်ပြတာတို့၊ ကုတင်ပေါ်က ဆွဲချတာတို့၊ အိုး ... ပြောရရင် တော်တော်လေး ကြမ်းတယ်ဆိုပဲ။ အိမ်ခြ

www.burmeseclassic.com

ဝင်းထဲ၊ အိမ်ကြီးထဲမပြောနဲ့ ညနေ နေဝင်ရီတရောဆိုရင်တောင် ခြံရှေ့ကို ဖြတ်လျှောက်ရဲတဲ့လူဆိုတာ ခပ်ပါးပါးရယ်''

''ဟုတ်တယ် ဆရာငြိမ်း။ ဟိုတစ်လောက ရပ်ကွက်အစွန်မှာ တဲထိုးပြီး အိုးတစ်လုံး၊ ဖျာတစ်ချပ်နဲ့နေရတဲ့ ဖဲသမားညွှန့်တင်ကို သိတယ်မဟုတ်လား''

'သိတယ်၊ သိတယ်၊ ရင်းရင်းနှီးနှီးကို သိတယ်။ တစ်လောကတောင် လမ်းမှာတွေ့လို့ ဇက်ကြောတွေ ဆွဲပေးသွားသေးရဲ့။ ငါးရာမျိုး၊ တစ်ထောင်မျိုးတော့ ပေးလိုက်ရတာပဲပေါ့။ နို့ ... နေပါဦး။ ကျွန်တော် ဒီအိမ်ကြီးကို ဝယ်တဲ့ကိစ္စမှာ ဖဲသမားညွှန့်တင်နဲ့ ဘာများ ပတ်သက်လို့လဲ''

''ဆိုစမ်းပါဦးဗျာ''

''ဒီလို ကိုငြိမ်းရဲ့။ ပြီးခဲ့တဲ့ တစ်လကျော်က သည်ငတိ ဟိုးနှစ်လမ်းကျော်က မုဆိုးမကြီးဒေါ်တင်နွဲ့ အသုဘမှာ ဖဲသွားရိုက်တာ ဘယ်ကလောက်ရှုံးလဲဆိုတော့ ဘောင်းဘီတိုကလေး တစ်ထည်သာ ကျန်တော့တဲ့အထိ။ ပေါင်စရာ နှံစရာကလည်း ဘာမှမရှိ။ ချေးငှားရအောင်ကလည်း ငနဲ့အပေါ် ဘယ်သူဘယ်ဝါမှ မယုံကြည်ကြလေတော့ ငွေရပေါက်ကို ကြံတော့ ဖန်တော့တာပဲ။ ခိုးဖို့ ဝှက်ဖို့၊ ဖောက်ထွင်းဖို့ပဲပေါ့။

လူတွေရဲ့ အိမ်တွေကိုလည်း တက်မခိုးရဲတော့ ကိုငြိမ်းဝယ်လိုက်တဲ့ လူမနေအိမ်ကြီးမှာ ဘာပစ္စည်းရရဆိုပြီး တက်ခိုးဖို့ ကြံတော့တာပေါ့။ ဘာပြောကောင်းမလဲဗျာ ... ခင်ဗျားလူ ဖဲသမားညွှန့်တင် ခြံကိုကျော်ပြီး အိမ်ထဲဝင်ရုံရှိသေး ဘာကိုဘယ်လိုတွေ့တယ်မသိဘူး။ ငယ်သံပါအောင် အော်ပြီး သတိလစ်သွားတာ။ တော်သေးတာပေါ့။ သူ့အော်သံကြားလို့ လူတွေစုပြီး သွားကြတော့ ပုံလဲနေတဲ့ငတိ မျက်ဖြူကို ဆိုက်ရော။ အဲဒါ သတိရအောင် မနည်းနှာနှပ်ယူရတယ်။ သတိတော့ရပါရဲ့။ ကြောင်တောင်တောင်ဖြစ်သွားရှာတယ်။ အဲဒါနဲ့ ရပ်ကွက်ထဲက ပယောဂဆရာ တော်သလင်းအောင်ကြီးနဲ့ ကုနေရတယ်။ ဒါတောင် ပုံမှန်စိတ်နေစိတ်ထားဖြစ်မလာသေးဘူး''

''ညညဆိုရင်လည်း တစ်ရပ်ကွက်လုံး မီးတွေအမှောင်ကျနေတာတောင်မှ အဲဒီအိမ်ကြီးဆီက မီးရောင်တွေလင်းနေတာလည်း ကြုံဖူးသူတွေ ကြုံခဲ့ကြရတယ်ဆိုပဲ''

မိတ်ဆွေအပေါင်းအသင်းများ၏ စကားက သာမန်လူတစ်ယောက်ဆိုလျှင် ဖြင့် သည်းထိတ်အားငယ်ကာ စိုးရွံ့စိတ်တွေ ဖြစ်ပေါ်လာမှာ သေချာသည်။ ဈေးဘယ်လောက် အချိုအချောင်ရရ ဝယ်မိတာ မှားလေစွဟု နောင်တတရားတွေရမှာ သေချာသည်။

ဒါပေမဲ့ ကိုငြိမ်းကား မတုန်လှုပ်ရေးချာ မတုန်လှုပ်။

မဖြစ်မနေ ဝယ်ယူမည်ဟု ဆုံးဖြတ်ချက်ချပြီးသည့်အတွက်လည်း ဝယ်ယူစာချုပ်ကို ရှေ့နေရှေ့ရပ်ဖြင့် ချုပ်ဆိုခဲ့ပြီးပြီ မဟုတ်ပါလား။

➤➤➤➤➤

ဒီအိမ်ကြီးဆီသို့ မိသားစုလိုက်မပြောင်းရသေးခင် ကိုငြိမ်းသည် တပည့်တစ်ယောက်ဖြစ်သော ဩဘာနှင့် ခြံကို ပြုပြင်ရန်၊ တစ်အိမ်လုံးကို သန့်ရှင်းရေးလုပ်ရန် ရှေ့တော်ပြေးအနေဖြင့် ရောက်ရှိနေခဲ့သည်။

သည်ညတွင် ကိုငြိမ်းအဖို့ ၎င်းအပိုင်ဖြစ်သွားသော အိမ်ကြီး၌ အိမ်ကြီးရှင်အဖြစ် ကျောခင်းအိပ်စက်ရမည့် ညဖြစ်သည်။

''ဟော့ကောင် ... ဩဘာ၊ မင်းကြောက်တတ်သလား''

''မှန်တဲ့အတိုင်းပြောရရင် ကျွန်တော် တစ်ယောက်တည်းနေရမယ်ဆိုရင်တော့ ကြောက်တယ်ဆရာ။ ခု ဆရာနဲ့အတူရှိနေတယ်ဆိုတော့ မကြောက်တော့ပါဘူး။ ပြီးတော့ ... ဆရာပေးထားတဲ့ အကာအကွယ်အပေါ်လည်း ယုံကြည်တာ ပါလိမ့်မယ်ဆရာ''

''အေး ... အဲသလို ရဲရဲရင့်ရင့် စိတ်ဓာတ်မျိုး မွေးမြူစမ်းပါကွာ။ လောကမှာ ကြောက်ရင်လွဲ၊ ရဲရင်မင်းဖြစ်တဲ့ကွ။ အနာသိရင် ဆေးဆိုတာ ရှိစမြဲပါကွာ''

ကိုငြိမ်းနှင့် ဩဘာတို့ ဆရာတပည့်နှစ်ဦးသားသည် တစ်နေ့ခင်းလုံး အိမ်ကြီးအား ရှင်းလင်းပြီးတဲ့နောက် ညနေ နေဝင်ရီတရော၌ ခြံအတွင်းရှိ ရေတွင်းမှ ရေခပ်ကာ ရေချိုးခဲ့ကြသည်။ ပြီးနောက် အဝတ်အစားများလဲကာ အိမ်ကြီး၏ ပေါ်တီကိုအောက်၌ ပက်လက်ကုလားထိုင်ခင်းလျက် ကျောဆန့်ကြရင်း အိမ်မှ စီစဉ်ပေးလိုက်သော စားဖွယ်ရာများကို စားသောက်ကြလေ၏။ ညစာဖြစ် စားသုံးပြီးသောအခါ လက်ဖက်သုပ်ကို မြုံ့ရင်း ရေနွေးကြမ်းဖြင့် ဖိမ်ကျနေတော့၏။

ထိုအနေအထားမှာပင် ပတ်ဝန်းကျင် အလင်းဓာတ်တို့ ပါးလျသွားချေ၏။ နေဝင်လို့ မိုးချုပ်စပြုပြီပဲ။

''ဟာ ... ဟိုမှာ ... ကြည့် ... ကြည့်လိုက်ပါ ... ဆရာ''

ဩဘာက တစ်နေရာကို လက်ညှိုးထိုး ညွှန်ပြသည်။

''ကျွန်တော့်မှာ လေးခွပါတယ်ဆရာ။ တီးထည့်လိုက်ရမလား ဆရာ''

''နေပါစေ ဩဘာရယ်။ မင်းငေး ခွထက် အလွန်တရာ အစွမ်းထက်တဲ့ လက်နက် တို့များဆီမှာ ရှိနေကြတဲ့ဥစ္စာပဲကွာ။ ကြည့်ကောင်းကောင်းနဲ့ ကြည့်လိုက်ပါဦး။ သရဲတစ္ဆေ ဗီဒီယိုဇာတ်ကားတွေထက် သာမသာကို''

www.burmeseclassic.com

တကယ်တမ်း ကြောက်လန့်တတ်သူဖြစ်ပါက ကိုငြိမ်းတို့အား ကိုယ်ထင်ပြသော တစ္ဆေသရဲကြောင့် သွေးလန့်သွားလိမ့်မည်ထင်သည်။ ကြောက်စိတ်ဖြင့် ကြက်သီးဖြန်းဖြန်း ထလောက်သည်။

"ဟော ... ဟော .. ရေတွင်းထဲကို ခေါင်းစိုက်ဆင်းသွားပြီဆရာ"

"အေးအေး ... တွေ့တယ် ... တွေ့တယ်"

သည့်အတွက် ဆရာတပည့်နှစ်ဦးသား ဓွေ့ခနဲ နေရာမှထကာ ဓာတ်မီးကိုယ်စီဖြင့် အသံကြားရာ လှေကားသို့သွား၍ ဝန်းကျင်အနှံ့ ဓာတ်မီးများ ထိုးကြည့်လိုက်သည်။ ဘာပစ္စည်းမျှမတွေ့၊ ကွဲရာ၊ ရှရာတွေလည်း မရှိ။

"ဖျန်း ... ဖျန်း ... ဖျန်း"

ပြတင်းတံခါးအား အပြင်မှ ရိုက်ပုတ်သံ။

"သွားကြည့်လည်း မထူးပါဘူး ဩဘာရယ်။ သူတို့အလုပ် သူတို့လုပ်ကြတာပဲ ... လုပ်ကြပါစေ။ တို့ကလည်း တို့အလုပ် တို့လုပ်ရမှာပေါ့။ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဆရာ"

"ကဲ ... ကဲ ... နောက်လည်း ဒို့တို့က ဒီအိမ်ကြီးမှာ နေကြရမယ့်သူတွေဆိုတော့ ခုကတည်းက အိမ်ပေါ်ကို တက်လိုက်ကြရအောင်။ အောက်မှာ ပစ္စည်းတွေ သိမ်းလိုက်ကြဦးစို့ရဲ့"

ဆရာတပည့်နှစ်ယောက် ပေါ်တီကိုအောက်ရှိ ကုလားထိုင်၊ စားပွဲတို့ကို အိမ်တွင်းသို့ သွင်းလိုက်သည်။ ပြီးနောက် ဓာတ်မီးကိုယ်စီဖြင့် အိမ်အပေါ်ထပ်သို့ တက်ကာ ဘုရားကျောင်းဆောင်၌ ဖယောင်းတိုင်ဖြင့် မီးပူဇော်လိုက်ကြသည်။ မီးတိုင်တစ်ခု၌ ဖယောင်းတိုင်အချို့ကို ထွန်းလိုက်သဖြင့် လင်းလင်းချင်းချင်း ဖြစ်သွားသည်။

ထိုအချိန်မှာပင် လင်ကောင်မိုးငှက်အချို့ အော်မြည်သံများကို ကြားရလေသည်။

"အဲဒါ ငှက်ဆိုးထိုးတာပဲဆရာ။ လူမမာရှိတဲ့အိမ်ရဲ့ ခေါင်မိုးတည့်တည့်ကို ထိုးလိုက်ကတော့ အဲဒီလူမမာ ကိစ္စချောရောပဲဆရာ။ အင်မတန် ကောင်းကျိုးမပေးတဲ့ ငှက်ဆိုးဆရာရဲ့"

"ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုတာမျိုးလည်း ဖြစ်တတ်ပါတယ် ဩဘာရဲ့။ ကိုင်းပါကွာ ... မင်းပြောတဲ့ ငှက်ဆိုးဆိုတာလည်း သူ့အလုပ် သူလုပ်တာပဲ၊ တို့တတွေကလည်း တို့အလုပ် တို့လုပ်ကြတာပဲပေါ့"

"ဟုတ်ပါတယ် ဆရာရယ်"

သည့်နောက် ဆရာတပည့်နှစ်ယောက် ဘုရားကျောင်းဆောင်ရှေ့၌ ဘေးချင်းကပ်ထိုင်ချကာ ဘုရားရှိခိုးလိုက်ကြ၏။ ပြီးနောက် နတ်ဒေဝတာများကို ပင့်ဖိတ်ပြီး ပရိတ်ကြီး(၁၁)သုတ်အား တစ်သုတ်ပြီးတစ်သုတ် ရွတ်ဖတ် သရဇ္ဈာယ်ပါလေတော့၏။ ဤ၌ ဆရာတပည့်နှစ်ယောက် ကြိုတင်တိုင်ပင်ထားသည့်အတိုင်း ပရိတ်တော်တစ်သုတ်ပြီးလေတိုင်း သဝေမပါ ကိုးဂါထာဟုခေါ်သည့်၊ ထို့ပြင်တစ်ဝ ကိုယ်လုံးမြှုဂါထာတော်ဖြစ်သည့် ...

ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊
ဓမ္မံသရဏံ ဂစ္ဆာမိ၊
သံဃံသရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံသရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံသရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ။

သရဏဂုံသုံးပါးအား ထည့်၍ရွတ်ဖတ် သရဇ္ဈာယ်ကြလေ၏။ ပထမအကြိမ် ပရိတ်ကြီး(၁၁)သုတ်ပြီးလျှင် ထပ်မံ၍ ထိုပရိတ်ကြီး(၁၁)သုတ်ကိုပင် ရွတ်ဖတ် သရဇ္ဈာယ်ပြန်၏။ ထိုအတောအတွင်း မည်သို့သော ခြောက်လှန့်မှုမျှ မကြားရ။ ဆူညံနေသော လင်ကောင်မိုးငှက်များ၏ အသံဗလံတွေပင် တိတ်ဆိတ်ကွယ်ပျောက်သွားတော့၏။

ထိုညက အဘယ်မျှကြာအောင် ပရိတ်တော်ကို သရဏဂုံညှပ်လျက် မွှမ်းထုံလိုက်လေသည်မသိ။ ညဥ့်အတော်နက်မှပင် ဆရာတပည့်နှစ်ယောက်သား အိပ်ရာဝင်ဖြစ်ကြလေသည်။

➤➤➤➤➤

ညဥ့်နက်မှ အိပ်ရာဝင်ခဲ့ရသောကြောင့်ပေလော မသိ။

ကိုငြိမ်းနှင့် ဩဘာတို့ နေရောင်ထိုးမှပင် အိပ်ရာက နိုးတော့၏။ အရင်ဆုံးနိုးသူက ဩဘာဖြစ်၏။ ဩဘာလည်း နံနက်စာအတွက် စီစဥ်ရန် မီးဖိုချောင်သို့ ဝင်ပြီး ရေနွေးအိုးတည်ကာ ရေနွေးဆူသည်နှင့် ကော်ဖီဖျော်လေ၏။ ထိုအချိန်ကျမှပင် ကိုငြိမ်းနိုးတော့၏။

"ဟာ ... နေတောင်တော်တော်မြင့်ပါရောလား ဩဘာရဲ့"

"ဟုတ်တယ် ဆရာ။ ကျွန်တော်တို့ ညကအိပ်ရာဝင်တာ အတော်ကလေး ညဥ့်နက်သွားကြတယ် မဟုတ်လား"

"အေးကွာ ... ခေါင်းအုံးပေါ် ခေါင်းချလိုက်တာနဲ့ တုံးခနဲပဲ။ ဩဒါထက် မင်းအိပ်မက်တွေဘာတွေ မမက်ဘူးလားကွ"

"ဟာ ... မက်တာပေါ့ ဆရာရယ်။ အဲဒီအိပ်မက်ကို ပြောပြချင်နေတာ ဆရာရဲ့။ တစ်သက်နဲ့တစ်ကိုယ် ဒီလောက်ထူးခြားပြီး အံ့ဩစရာကောင်းလောက်အောင် အိပ်မက်မျိုးကို ကျွန်တော်မမက်ခဲ့ဘူး ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

"ပြောစမ်းပါဦးကွာ။ မင်းအိပ်မက်ကို မှတည်ပြီး စာမူတစ်ပုဒ်တလေများ ဖြစ်မလားလို့"

စာရေးဆရာ ပီသလှစွာသော ကိုငြိမ်းက စကားထောက်လိုက်ပြီး ကော်ဖီကို တမျှင်းမျှင်းမော့လိုက်သည်။

"ထူးဆန်းတာမှ တကယ်ပါပဲ ဆရာရယ်။ ညနေက ...

အဲသည်ကောင်ကြီးက ကျွန်တော့်ကို ဖမ်းမလို့လာတာ ဆရာရဲ့။ ဘာရမလဲ ကျွန်တော်လည်း တိုတိုနဲ့လိုရင်း ထိထိရောက်ရောက်ရှိအောင် ကျွန်တော်တို့ ဆရာတပည့် ပရိတ်တော်တစ်ချုပြီးတစ်ခု ထည့်ဆိုတဲ့ သဝေမပါ ကိုးဂါထာ ဗုဒ္ဓ သရဏံဂစ္ဆာမိဆိုတဲ့ သရဏံဂုဏ်တော်ကို အဲသည်ကောင်ကြီးဆီ လက်ညှိုးထိုးလို့ ရွတ်ဖတ်လိုက်တယ်ဆိုရင်ပဲ ကျွန်တော့်လက်ညှိုးက အလင်းတန်းဖြာထွက်လာပြီး အဲသည်အလင်းတန်းဟာ ကောင်ကြီးဆီ တန်းခနဲ ရောက်သွားတယ်ဆရာ။

အဲဒီအချိန်မှာ ကောင်ကြီးကို အခြားနှစ်ကောင်က ထူပေးဖို့ အိမ်ထဲက တစ်ကောင်၊ ရေကန်ဘက်က တစ်ကောင် ပြေးထွက်လာကြတယ်။ ကောင်ကြီးကို ထူပြီးတာနဲ့ အဲသည်နှစ်ကောင်က ကျွန်တော့်ကို ရန်မူဖို့ ဟန်ပြင်လိုက်ကြတယ်။

ဘာရမလဲ ဆရာရယ်။ ကျွန်တော့်မှာ ဘုရားရှင်ရဲ့ အစွမ်းထက် ကိုယ်လုံးခြုံ သရဏဂုံဂါထာတော် ရှိနေပြီပဲ။ ဒါနဲ့ ကျွန်တော်လည်း ကောင်ကြီးကို နှိမ်နင်းခဲ့တဲ့အတိုင်း လက်ညှိုးနှစ်ချောင်းကို တစ်ကောင်တစ်ချောင်းစီထိုးလို့ ရွတ်ဖတ်လိုက်တာ စောစောကလိုပဲ လက်ညှိုးတစ်ချောင်းစီကနေ အလင်းတန်းထွက်လာပြီး တစ်ကောင်စီပေါ် တန်းခနဲကျသွားတယ်။ နှစ်ကောင်စလုံး ဖင်ထိုင်လဲကျပြီး မီးတောက်မီးလျှံတွေ သူတို့ခန္ဓာကိုယ်ပေါ်မှာ တညီးညီးတောက်လောင်ရင်း သုံးကောင်စလုံး ပျောက်ကွယ်သွားကြတယ်။ နောက် ဘာဆိုဘာမှ အရိပ်အယောင်တောင် မမြင်ရတော့ဘူး။ ကိုင်း ... ဘယ်လောက်အံ့ဩဖို့ကောင်းတဲ့ အိပ်မက်လဲဆရာ"

"အေး ... အိပ်မက်ရဲ့ အံ့ဩဖို့ကောင်းတာထက် အတုလံအတုမရှိတဲ့ ဘုရားရှင်ရဲ့ ပရိတ်တော်တွေ၊ ဂါထာတော်တွေ အံ့ဩဖို့ကောင်းတာပေါ့ ဩဘာ။ လောကုတ္တရာအတွက်သာမက လောကီအတွက်ပါ အကျိုးပြုနေတာ အထင်အရှားမဟုတ်လား"

"ဟုတ်ပါတယ် ဆရာရယ်။ ဩော် ဒါထက် ဆရာကကော အိပ်မက် မမက်ဘူးလားဟင်"

"ငါ့အိပ်မက်ကို အသာထားစမ်းပါ ဩဘာရယ်။ ခုကိစ္စမှာ သည့်အိမ်ကြီးနဲ့ ပတ်သက်ပြီး စွဲလမ်းစိတ်တွေ ရှိခဲ့ကြလို့ မကျွတ်မလွတ်ဘဲ ဖြစ်နေကြတဲ့ ပရလောကသားတွေကို မင်း မြင်ခဲ့၊ ကြုံခဲ့ပြီပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"တကယ်တော့ သူတို့ဟာ အင်မတန်မှ သနားစရာကောင်းပါတယ်။ သူတို့အတွက် ရည်စူးပြီး အမျှအတန်း မဝေလို့ကတော့ သရဲ၊ တစ္ဆေ၊ ပြိတ္တာဘုံမှာ ကျင်လည်နေကြရမှာပဲ။ သီလကင်းမဲ့သူတွေကိုလည်း သူတို့ရဲ့အစွမ်းနဲ့ ခြောက်လှန့်ပြီး အနှောက်အယှက် ပေးနေကြမှာပဲ။

သည်တော့ သူတို့တစ်တွေ ကျွတ်တမ်းရကြလေအောင် မနက်ဖြန်ကြရင် သူတို့ကို ရည်စူးပြီး ဆွမ်း၊ သင်္ကန်း၊ လှူဒါန်းဖွယ် အစုစုကို သံဃာတော်ကြီးတွေ ပင့်ဖိတ်ပြီး ရေစက်ချလှူဒါန်းကြမယ်ကွာ။ ပရိတ်တရားတွေ နာကြမယ်။ ပြီးတော့ သူတို့တွေ သာဓုခေါ်ရအောင် အမျှအတန်းဝေကြမယ်၊ အဲဒါ ဒီကနေ့ပဲ မင်းနဲ့ ငါ စီစဉ်လိုက်ကြရအောင်"

"ကောင်းတယ် ဆရာ။ ကောင်းတယ်"

ခုတော့လည်း ကိုငြိမ်းတို့ မိသားစုမှာ အချို့အချောင်ရလိုက်သည်ဟု ဆိုသော ဝင်းခြံကျယ် အိမ်ဂေဟာကြီး၌ မိသားစုအားလုံး စိတ်ကြည်နူးစွာဖြင့် နေထိုင်ခဲ့သည်မှာ တစ်နှစ်တစ်ရာသီပင် လည်ခဲ့ပါပကော။

အိမ်စတက်သည်မှ လက်ရှိကာလတိုင် မည်သို့သော ပြဿနာမျှမရှိ၊ အသံဗလံတွေလည်း မကြားရသည့်အတွက် အားလုံးက အံ့အားတသင့် ဖြစ်ကြသည်။ ဖြစ်မည်ဆိုလျှင်လည်း ဖြစ်ချင်စရာ။ ယခင့်ယခင် လူတွေတုန်းက ဝရုန်းသုန်းကား။ ယခုမူ အေးအေးချမ်းချမ်း ဖြစ်သည့်အတွက် မနေနိုင်၊ မအောင့်နိုင်သူတွေ အမေးရှိလေတိုင်း ကိုငြိမ်းကတော့ အေးအေးသက်သာ ဖြေကြားခဲ့စမြဲ။

"လောကမှာ မြင်အပ် မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေဆိုတာ ရှိပါတယ်။ သူတို့အပေါ် မေတ္တာခေတ်တွေ ဖြန့်ကြက်ရင်၊ မိမိတို့ကိုယ်၌ကလည်း သရဏဂုံကို လုံခြုံရင် ဘယ်အနှောင့်အယှက် အဟန့်အတားမှ မရှိတော့ပါဘူးဗျာ။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်ပါတယ်။ ကိုယ်ပြုတဲ့ ကုသိုလ်ကောင်းမှုကံဟာ တုံ့ပြန်အကျိုးပေးပါတယ်"

ထို့ပြင်တစ်ဝ တပည့်ဖြစ်သူဩဘာအပေါ် မပေးခဲ့ရသည့် အဖြေစကားတစ်ခွန်းကလေး ကျန်ပါသေး၏။ ထိုစကားကား ...

"ဩဘာရယ် မင်းအိပ်မက်မက်သလို ငါလည်းပဲ အိပ်မက်မက်ခဲ့ပါတယ်။ မင်းအိပ်မက်နဲ့ တစ်ထပ်တည်းဆိုရင် အံ့အားသင့်သွားမလား" ဟူ၍ ...။

နန္ဒာမိုးကြယ်



www.burmeseclassic.com

www.burmeseclassic.com

# နိဗ္ဗဒသင်္ကန်း

ကျိုက်တော် မြင့်မြတ်ကျော်(ဘီအေ)

နိဗ္ဗဒ "နိဗ္ဗဒသင်္ကန်း"ဆိုသည်မှာ အပါယ်မကျသည့် သင်္ကန်းကို ခေါ်ပါသည်။ အပါယ်မကျသည့်သင်္ကန်းမှာ ဝါဆို သင်္ကန်းဖြစ်ပါသည်။

ဝါဆိုသင်္ကန်းသည် အပါယ်ကျရောက်မည့်ဘေးကို ကာကွယ်ပေးသောကြောင့် နိဗ္ဗဒသင်္ကန်းဟု ခေါ်ပါသည်။

ဝါဆိုသင်္ကန်းဖြစ်ပေါ်လာပုံမှာ စိတ်ဝင်စားစရာ ကောင်းပါသည်။ ဝါဆိုသင်္ကန်းနှင့်ပတ်သက်၍ ကျေးဇူးတင်စရာကောင်းသည့် အမျိုးသမီးမှာ ဝိသာခါကျောင်းအမကြီး ဖြစ်ပါသည်။ ဝိသာခါ ကျောင်းအမကြီးသည် ခုနစ်နှစ်သမီး အရွယ်တွင် သောတာပန်တည်ပြီး သာသနာတော်ကို အကျိုး ပြုသော အမျိုးကောင်းသမီးဖြစ်ပါသည်။

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်တွင် သီတင်းသုံးနေစဉ် ဝိသာခါကျောင်း အမကြီးသည် မြတ်စွာဘုရားနှင့်တကွ သံဃာတော်များအား ဆွမ်းဆက်ကပ်ရန်အတွက် ချက်ပြုတ်စီမံပြီး သူ့အိမ်မှ အိမ်ဖော်မလေးအား ဘုရားရှင်နှင့် သံဃာတော်များ ဆွမ်း ဆက်ကပ်ရန် အဆင်သင့်ဖြစ်ကြောင်းကို လျှောက်ထားခိုင်း လိုက်ပါသည်။

အိမ်ဖော်မလေးလည်း ဘုရားကျောင်းတော်သို့ အပြေးအလွှားသွားသည်။ ကျောင်းတော်သို့ရောက်သည့် အခါ တိတ်ဆိတ်ငြိမ်သက်ပြီး ရဟန်းတော်များကိုမတွေ့ သဖြင့် တစ်ခန်းဝင်၊ တစ်ခန်းထွက်နှင့် လိုက်ရှာခဲ့သည်။ စေ့ထားသောတံခါးချပ်ကို အသာကလေးဖွင့်ကြည့်လိုက်ရာ ရဟန်းတော်များ သင်္ကန်းမပါ ကိုယ်ဗလာဖြင့် ရေချိုးနေကြ သည်ကို တွေ့သွားသဖြင့် အံ့သြထိတ်လန့်ပြီး ပါးစပ်မှလည်း "ဟင်"ဟု အသံထွက်ပြီး ထိုနေရာမှ ထွက်ပြေးသွားပါ သည်။

အိမ်သို့ အပြေးအလွှားရောက်လာပြီး ထိတ်လန့်နေ သဖြင့် ဝိသာခါကျောင်းအစ်မကြီးက "ဘာဖြစ်လို့လဲ"ဟု မေးရာ "အရှင်မ . . .သမီးတွေ့ခဲ့တာ ရဟန်းတွေမှ ဟုတ်ရဲ့ လားမသိဘူး။ တိတ္ထိတွေလားမသိဘူး။ အခန်းတစ်ခန်းထဲမှာ ရေချိုးနေကြတာ အဝတ်မပါဘူး။ ကိုယ်လုံးတီးနဲ့၊ စကား တွေလည်း ဆူညံအောင် ပြောနေကြတာ သမီးတွေ့လို့ ပြန်ပြေးလာခဲ့တာ"ဟု ပြောပါသည်။

ထိုအခါ ဝိသာခါကျောင်းအမကြီးက စဉ်းစားသည်။ ဇေတဝန်ကျောင်းတော်မှ ရေချိုးနေသောဘုရားရဲ့သားတော် တွေပါ။ ဘာဖြစ်လို့ ဒီလိုရေချိုးရပါလိမ့်ဟုတွေးတော့ အဖြေ က ပေါ်လာသည်။ ထိုအချိန်က ဘုရားရှင်သည် ရဟန်း တော်များကို သင်္ကန်းသုံးထည်သာ ထားခွင့်ပြုသည်။ ၎င်း ကို တိစီဝရဟု ခေါ်သည်။

ဝိသာခါကျောင်းအမကြီး စဉ်းစားမိသည်မှာ ရဟန်း တွေမှာ သင်္ကန်းသုံးထည်သာရှိသည်။ တစ်ထည်က သင်း ပိုင်အောက်ပိုင်းမှာ ဝတ်ရသည်။ ကေသီက အပေါ်ပိုင်း။ အပေါ်ရုံတစ်ထည်သာ ရှိသည်။ အပြင်ထွက်လျှင် ဒီသုံး ထည်ကိုသာ သုံးရသဖြင့် ရေချိုးလျှင် ဝတ်မည့်သင်္ကန်း လည်းမရှိ။ သင်္ကန်းကိုလည်း ပုံသကူကောက်ပြီး အဝတ်စ ကို လျှော်ဖွပ်၊ အပ်ဖြင့်စပ်ဟပ်ချုပ်ကာ ဆေးဆိုးပြီး ဝတ်ရ သဖြင့် သင်္ကန်းက ရှားပါးသည်။

ယခုလို ရဟန်းတော်များ နေ့စဉ်ရေချိုးတာကို တခြားသူတွေမြင်သွားရင် ကဲ့ရဲ့စရာဖြစ်မည်။ ဘုရားရှင်ကို ရဟန်းများအား ရေစိုသင်္ကန်း (သို့မဟုတ်) ရေလဲသင်္ကန်း တစ်နည်းအားဖြင့် ဝါဆိုသင်္ကန်းများကို ဒကာ၊ ဒကာမများ အား ကပ်လှူခွင့်ပေးပါဟု လျှောက်ထားမည်ဟု ကြံစည် ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ကြိမ်ထပ်မံ၍ အိမ်ဖော်မလေးအား ဘုရားရှင်နှင့်တကွ သံဃာတော်အရှင်မြတ်များကို ဆွမ်းပင့်ရန် စေလွှတ်လိုက်သည်။ အိမ်ဖော်မလေးက စိတ်မပါသော်လည်း နောက်တစ်ကြိမ်ထပ်သွားသည်။ ကျောင်းတော်သို့ရောက်သည့်အခါ ရဟန်းတော်များ ရေသုံးသပ်ပြီး သင်္ကန်းများဝတ်ရုံပြီး ကြည်ညိုဖွယ်ရာ ဣန္ဒြေရှိသည်ကို တွေ့မြင်ရသဖြင့် အိမ်ဖော်မလေးသည် ရဟန်းတော်များကို လက်စုံမိုး၍ ရှိခိုးဦးချပြီး "အရှင်မြတ်တို့ဘုရား···ကျောင်းအမကြီး ဝိသာခါအိမ်သို့ ဆွမ်းစားကြွတော်မူပါဘုရား"ဟု လျှောက်ထားပါသည်။

မြတ်စွာဘုရားရှင်နှင့် သံဃာတော်အရှင်သူမြတ်များ ကြွလာသဖြင့် ဝိသာခါ ကျောင်းအမကြီးသည် ဝမ်းသာအားရစွာ ခရီးဦးကြိုဆိုပါသည်။ ဘုရားရှင်နှင့် သံဃာတော်မြတ်များအား နေရာထိုင်ခင်းများပေးသည်။ မြတ်စွာဘုရားရှင်နှင့် သံဃာတော်အရှင်မြတ်များအား ဆွမ်းများ ဆက်ကပ်လှူဒါန်းသည်။ ဆွမ်းများ ဆက်ကပ်လှူဒါန်းပြီးနောက် ကျောင်းအမကြီးသည် မြတ်စွာဘုရားရှင်အား "အရှင်ဘုရား၊ သံဃာတော် အရှင်သူမြတ်တို့အား သင်္ကန်းလှူခွင့်ပြုတော်မူပါဘုရား"ဟု လျှောက်ထားတောင်းပန်သည်။

မြတ်စွာဘုရားရှင်ကလည်း "ဘာကြောင့်လဲ··· ကျောင်းအမကြီး"ဟု မေးမြန်းတော်မူသည်။ ကျောင်းအမကြီးက "တပည့်တော်အိမ်က အိမ်ဖော်မလေးကို ဆွမ်းစားပင့်ခိုင်းလိုက်တာဘုရား။ ဘုရားသားတော်တွေက ရေချိုးစဉ် သင်္ကန်းမကပ်တာကိုတွေ့သဖြင့် လန့်ပြီး ပြန်ပြေးလာပါတယ်ဘုရား။ တခြားဘာသာတွေမြင်ရင်လည်း ကဲ့ရဲ့စရာဖြစ်ပါတယ်ဘုရား။ ရဟန်းတော်များမှာလည်း သင်္ကန်းရှာရတဲ့ ဒုက္ခနှင့် သင်္ကန်းရှားပါးတဲ့ဒုက္ခမှ ကင်းလွတ်ပါတယ်ဘုရား" ဟု လျှောက်ထားသဖြင့် ဘုရားရှင်က သင်္ကန်းလှူခွင့်ပေးတော်မူသည်။

မြတ်စွာဘုရားရှင်သည် ရဟန်းတော်များ သင်္ကန်းရှားပါးခြင်းဒုက္ခမှ ကင်းဝေးပြီး သင်္ကန်းလှူဒါန်းသည့် ဒကာ၊ ဒကာမများမှာလည်း အကျိုးများမည်ကိုမြင်သဖြင့် ဤဝါဆိုသင်္ကန်းကို ဆက်ကပ်လှူဒါန်းခွင့် ပြုလိုက်ပါသည်။ ရဟန်းတော်များမှာလည်း သင်္ကန်းအတွက် ကြောင့်ကြမစိုက်ရဘဲ ဝါဆိုသင်္ကန်းကို ဝတ်ရုံပြီး တရားအားထုတ်ရသဖြင့် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရသဖြင့် ဝါဆိုသင်္ကန်းလှူဒါန်းသူ ဒကာ၊ ဒကာမများမှာလည်း ကုသိုလ်ရ၊ သာသနာတော်ကိုလည်း အကျိုးပြုခဲ့ပေသည်။

ယခုခေတ်တွင်လည်း မဂ်ဖိုလ်နိဗ္ဗာန်သို့ ဆိုက်ရောက်ရန် အားထုတ်သော ရဟန်းတော်များလည်း ရှိပါသည်။ မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်သေးသော်လည်း ယခုခေတ်တွင် စာပေပရိယတ္တိကို သင်ကြားနေသော ရဟန်းတော်များရှိသဖြင့် မြတ်စွာဘုရား၏ သာသနာတော်တွင် စာပေပရိယတ္တိကို သင်ကြားနေသော ရဟန်းတော်များကို ထောက်ပံ့ရသဖြင့် သာသနာတော်ကြီးကို ထွန်းလင်းတောက်ပစေရန် အထောက်အကူဖြစ်ပါသည်။

ရဟန်းတော်များသည် ဝါဆိုသင်္ကန်းကိုဝတ်ရုံပြီး တရားအားထုတ်ရာ မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင် အကျိုးများသဖြင့် သင်္ကန်းလှူရသော ဒကာ၊ ဒကာမများမှာလည်း အပါယ်ဘေးမှ ကင်းဝေးစေပါသည်။

စာပေပရိယတ္တိသင်ကြားသော ရဟန်းတော်များမှာလည်း ဝါဆိုသင်္ကန်းကို ဝတ်ရုံပြီး စာပေပရိယတ္တိ သင်ကြားတတ်မြောက်ပြီး ပိဋကတ်သုံးပုံကို ဆောင်နိုင်သော ပုဂ္ဂိုလ်များဖြစ်သဖြင့် ဝါဆိုသင်္ကန်းလှူသူ ဒကာ၊ ဒကာမများမှာလည်း အပါယ်ကျမည့်ဘေးမှ ကယ်တင်နိုင်ပါသည်။

ထို့ကြောင့် ဝါဆိုသင်္ကန်းနှင့်ပတ်သက်၍ သာသနာတော်ကို အကျိုးများစေသော ဝိသာခါကျောင်းအမကြီးကို ကျေးဇူးတင်ထိုက်ပေသည်။

ကျိုက်တော် မြင့်မြတ်ကျော်(ဘီအေ)



www.burmeseclassic.com

www.burmeseclassic.com

# စိတ်စွမ်းအားဖြင့် ညို့ဓာတ်တည်ဆောက်ခြင်း

အောင်ဘုန်းမြင့်(ကချင်မြေ)

## နိဒါန်း

စိတ်ညို့အိပ်မွေ့ချပညာသည် ခေတ်အသစ် အဆန်း ပညာမဟုတ်ပါ။ ရှေးလွန်ခဲ့သော ဘီစီ ၃၀၀၀ ကတည်းက အိန္ဒိယ၊ တရုတ်၊ ခေါမ၊ ရောမနှင့် အီဂျစ်နိုင်ငံများတွင် အမည် အမျိုးမျိုးဖြင့် တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့ကြသော ထူးခြား သည့် လျှို့ဝှက်ပညာတစ်ရပ် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၌လည်း ခေတ်အဆက်ဆက်က မြင့်မြတ် သော အထက်လမ်းပညာရပ်အဖြစ်နှင့် ရှင်အဇ္ဇဂေါဏ၊ ဗားမဲ့ ဗားတမော့၊ ဆရာတော်ခင်ကြီးဖျော်၊ နတ်စက်ရောင်ဆရာ တော်၊ ဇာဂရုပုဏ္ဏား၊ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ ဘိုးတော် အေး၊ ဘိုးတော်ပြူး၊ ဘိုးတော်ပွင့် အစရှိသော မြန်မာ့ပညာရှင် များ ပေါ်တွန်းအသုံးပြုခဲ့သော ပညာရပ်ဖြစ်သည်။

စိတ်ညို့အိပ်မွေ့ပညာသည် မထင်မရှားဘဝက ၁၈ ရာစုနောက်မှ ဂျာမန်လူမျိုး MESMER မက်စမားဆိုသော ပုဂ္ဂိုလ်ကြီး၏ ကြိုးပမ်းမှုများကြောင့် ကမ္ဘာက ပိုမိုသိရှိလာကြ ပြီး သိပ္ပံပညာရပ်တစ်ခုအဖြစ် စတင်လက်ခံလာကြခြင်းဖြစ် သော်။ ထို့နောက် အမေရိကန်နိုင်ငံသား (ERICKSON) အဲရစ်ဆန်ဆိုသူက ၂၀ ရာစုနှင့် မိတ်ဆက်ပေးလိုက်သဖြင့် အောင်မြင်ကျော်ကြား လူသိများလာခဲ့ခြင်း ဖြစ်သည်။

ဤပညာကို ဇွဲနှင့်ကြိုးစား လေ့လာလိုက်စားယူပြီး လူသားအကျိုးအတွက် စေတနာရှေ့ထား၍ အသုံးချလျှင် များစွာ အကျိုးရှိစေနိုင်သည်။ လွယ်မယောင်နှင့် ခက်ခဲပြီး ခဲမယောင်နှင့် နက်နဲသော ပညာရပ်မျိုးဖြစ်သောကြောင့် စိတ်ရှည်ဇွဲသန် ကြိုးစားယူပါမှ အောင်မြင်နိုင်ပါလိမ့်မည်။

စိတ်ညို့အိပ်မွေ့ချပညာဖြင့် အမျိုးမျိုးသော ရောဂါ ဝေဒနာများကို ကုသပေးနိုင်ပြီး စာရိတ္တကောင်းလာအောင် ပြုပြင်ပေးနိုင်သည်။ ထို့ပြင် ဉာဏ်ပညာ အလင်းစွမ်းအားမြင့် မားလာအောင် မြင့်တင်ပေးနိုင်သည်။ ကိုယ်ရည်ကိုယ်သွေး ကောင်းမွန်တိုးတက်စေပြီး အောင်မြင်ကြီးပွားနိုင်သော လမ်း ကြောင်းပေါ်သို့ လမ်းညွှန်ပေးနိုင်သည်။

စိတ်ညို့အိပ်မွေ့ချပညာ လိုက်စားကြသူများ၌ သံ လိုက်ဓာတ် (သို့) အရာရာကို ဆွဲဆောင်ပေးနိုင်သော ညို့ဓာတ် စွမ်းအားကောင်းရန် လိုအပ်ပါသည်။

## ညို့ဓာတ်တည်ဆောက်ခြင်း

အရာရာတိုင်း၌ သံလိုက်ဓာတ်ကဲ့သို့ ဆွဲယူနိုင်သော ညို့ဓာတ်တစ်မျိုးရှိလေ၏။ ထိုညို့ဓာတ်မျိုးကို အားကောင်း လာအောင် စနစ်တကျ စုဆောင်းထိန်းသိမ်းယူပြီး တစ်ပါးသူ များကို ထိုညို့ဓာတ်သွင်း၍ အမိန့်ပေး ညို့ယူနိုင်၏။ ထို့ပြင် လိုရာအမိန့်ပေး စေခိုင်းနိုင်ပါသည်။ ညို့ဓာတ်စုဆောင်း စိစ် ထုတ်ယူနိုင်သော နည်းလမ်းမှာလည်း အမျိုးမျိုးရှိလေသည်။

## နေရောင်ဇာမှ ညို့ဓာတ်ယူနည်း

သန့်ရှင်းပေါ့ပါးသော အဖြူရောင်အဝတ်ကို ဝတ်ဆင် ၍ လူသူကင်းရှင်းသော နေရာ၌ သက်သောင့်သက်သာ ထိုင်၍



www.burmeseclassic.com

www.burmeseclassic.com

မည်။ နံနက်ထွက်လာခါစ နေဘက်ကို မျက်နှာမူထားပြီး နေရောင်ခြည်မှ ထုတ်လွှင့်ပေးသော ရောင်ခြည်ဓာတ်ကို အပြည့်အဝ ခံယူရမည်။ နေရောင် ခြည်ဓာတ်ကို ခံယူနေစဉ် မိမိစိတ်ထဲက နေရောင်ခြည်မှပါလာသော ညှို့ဓာတ်များကို ခန္ဓာကိုယ်အတွင်းသို့ အပြည့်အဝ အတားအဆီးမရှိ စုပ်ယူနေသည်ဟု စိတ်ထဲက ယုံယုံကြည်ကြည် မှတ်သားနေရမည်။

## ရေထဲက ညှို့ဓာတ်ထုတ်ယူနည်း

စိတ်စွမ်းအားနှင့် ရေထဲက ညှို့ဓာတ်များကို စနစ်တကျစုစည်းလိုက်လျှင် လွန်စွာကြီးမားသော စွမ်းအားသစ်ကို ရရှိနိုင်ပါသည်။ နေ့စဉ် ရေကို သောက်သုံးသည့်အခါ၌ဖြစ်စေ၊ ရေချိုးသန့်စင်သည့် အခါမျိုး၌ဖြစ်စေ "ငါသောက်လိုက်သော ရေထဲမှ (သို့) ငါနှင့်ထိတွေ့သော ရေထဲမှ ပါလာသော ညှို့ဓာတ်များကို ငါ၏ကိုယ်ခန္ဓာက အတားအဆီးမရှိ ပြည့်ပြည့်ဝဝစုပ်ယူနေသည်"ဟု စိတ်ထဲက အလေးအနက်ထား၍ စိတ်စွမ်းအားဖြင့် ဆွဲငင်ယူရမည်။

## လေထဲမှ ညှို့ဓာတ်ထုတ်ယူနည်း

လူသားတို့ နေ့စဉ်ရှူရှိုက်နေသော လေထဲတွင် စိတ်စွမ်းအားကို မြင့်မားစေနိုင်သည့် သဘာဝညှို့ဓာတ်နှင့် ကျန်းမာရေးအတွက် တန်ဖိုးမဖြတ်နိုင်သော သဘာဝဓာတ်များပါဝင်လေ၏။ ထိုသဘာဝဓာတ်များကို စုစည်းယူ၍ အရာရာ၌ အသုံးပြုနိုင်၏။

လေထဲမှ လေဓာတ်ကို ညှို့ယူသည့်အခါ တင်းကျပ်သော အဝတ်အစားဝတ်ဆင်ခြင်းမှ ရှောင်ကြဉ်ရမည်။ နံနက်လေကောင်းလေသန့် ရရှိချိန်မျိုးဖြစ်သင့်သည်။ ခန္ဓာကိုယ်သန့်ရှင်းစင်ကြယ်နေရမည်။ အသံဗလံကင်းရှင်းသော နေရာမျိုးကို ရွေးချယ်ပြုလုပ်ရမည်။ တင်ပျဉ်ခွေထိုင်၍ဖြစ်စေ၊ ခါးထောက်ပြီး ခြေခွဲရပ်၍ဖြစ်စေ၊ နှာခေါင်းပေါက်ဖြင့် လေကို အဝရှူသွင်းပါ။ အဆုတ်ထဲ အတတ်နိုင်ဆုံးထိ အောင့်ထားကာ "ငါသည် လေထုထဲမှ ညှို့ဓာတ်များကို စုပ်ယူနေသည်"ဟု ယုံယုံကြည်ကြည် နှလုံးသွင်းမှတ်ယူရမည်။ ပြီးလျှင် အဆုတ်ထဲမှ လေများကို ပါးစပ်မှတစ်ဆင့် ကုန်စင်အောင် တဖြည်းဖြည်းချင်း ထုတ်ပစ်ရမည်။ ဤသို့ အကြိမ်အတောတစ်ခုအထိ လေ့ကျင့်ပေးခြင်းဖြင့် လေထဲမှ ညှို့ဓာတ်များကို ရရှိနိုင်ပါသည်။

## အစားအစာထဲမှ ညှို့ဓာတ်ထုတ်ယူနည်း

လူတို့စားသုံးနေသော အစားအစာများထဲမှ ဇီဝာမင်စွမ်းအား အာဟာရများကို ရရှိနိုင်သည့်အပြင် စိတ်စွမ်းအား ညှို့ဓာတ်များကိုလည်း ထုတ်ယူနိုင်ပါသည်။

မိမိစားသုံးနေသော အစာအာဟာရများကို တဖြည်းဖြည်းဝါးစားနေရင်း "ငါစားသုံးနေသည့် အစားအစာများ၌ ပါဝင်သော ညှို့ဓာတ်များကို ငါ၏ခန္ဓာကိုယ်က အပြည့်အဝ စုပ်ယူနေသည်"ဟု စိတ်ထဲမှ တွေးထင်နေရမည်။ အစာစားပြီးလျှင် ငါစားပြီးသော အစားအစာများထဲမှ ညှို့ဓာတ်များကိုလည်း ငါ၏ အကြောအမျှင်များက ဆက်လက်စုပ်နေသည်ဟု ယုံကြည်နေရမည်။

ဤသို့ ညှို့ဓာတ်တည်ဆောက်ယူ၍ ညှို့ဓာတ်အားကောင်းလာသည့်အခါ ရုပ်ပိုင်းဆိုင်ရာ ပိုမိုကျန်းမာလာပြီး စိတ်ပိုင်းဆိုင်ရာစွမ်းအားများ ပိုမိုရင့်ကျက် တည်ငြိမ်အားကောင်းလာပါလိမ့်မည်။

ညှို့ဓာတ်တည်ဆောက်ယူသည့် အချိန်နှင့် ညှို့ဓာတ်ရရှိပြီးနောက်ပိုင်း အရက်သေစာ၊ မူးယစ်ဆေးဝါး သောက်စားခြင်း၊ စိတ်စွမ်းအားကို ယုတ်လျော့စေမည့် အပျော်အပါးများကို လုံးဝရှောင်ကြဉ်ရပါမည်။

## စိတ်ဓာတ်ကို မြှင့်တင်ခြင်း

အထက်ပါနည်းဖြင့် ညှို့ဓာတ်စွမ်းအားကို တည်ဆောက်ရရှိပြီးလျှင် စိတ်စွမ်းအားကို အမြဲ ဆက်လက်မြှင့်တင်ပေးနေရမည်။ ငါ၏စိတ်တန်ခိုးသည် ရှိသမျှ လူအားလုံးတို့၏ စိတ်စွမ်းအားထက် အမြင့်မားဆုံးဖြစ်သည်။ ငါသည် ငါ၏စိတ်တန်ခိုးကို ယုံကြည်သည်။ ငါ၏စိတ်စွမ်းအားကို မည်သူတစ်ဦးတစ်ယောက်မျှ မလွှမ်းမိုးနိုင်စေရ။ လူတိုင်း၏ စိတ်ဓာတ်များကို ငါကသာ ပိုင်ဆိုင်နေရမည်ဟူ၍ စိတ



www.burmeseclassic.com

www.burmeseclassic.com

ရှုတ်ဆိုသကဲ့သို့ ရှုတ်ဆိုလေ့ကျင့်ရင်း စိတ်ဓာတ်ကို မြှင့်တင်သေးရမည်။

## အိပ်မွေ့ချခြင်း

ညှို့ဓာတ်စွမ်းအား ကောင်းလာသည့်အခါ လူသတ္တဝါများ၏ စိတ်ကို ထိန်းချုပ်စေနိုင်ရန် မခက်ခဲတော့ပါ။ အောင်နိုင်သူ ဖြစ်လာပါလိမ့်မည်။ အိပ်မွေ့ချပညာကို စတင်တွေ့ရှိသူ ဂျာမန်လူမျိုး ဖရန်မက်စ်မား၏ လက်တွေ့စမ်းသပ်မှု အလိုအရ အိပ်မွေ့ချပညာ၏ အရေးအကြီးဆုံးကဏ္ဍမှာ ညှို့ဓာတ်အားကောင်းသော ဆရာဖြစ်သူက အမိန့်ပေးပြီး လိုရာစေနိုင်သော ပညာရပ်မျိုးဖြစ်ပါသည်။

အိပ်မွေ့ချပညာတွင် အရေးပါသော အချက်သုံးချက်ပါဝင်လေ၏။

(၁) TELEPATHEY တစ်ဦးနှင့်တစ်ဦး စိတ်ဖြင့်ဆက်သွယ်ယူခြင်း အိပ်မွေ့ချခံနေရသူသည် ဆရာက အမိန့်ပေးလိုက်လျှင် အခြားသူ၏စိတ်နှင့် ဆက်သွယ်နိုင်ခြင်း ဖြစ်သည်။

(၂) CLAIRVOYANCE နတ်မျက်စိကဲ့သို့ သိနိုင်မြင်နိုင်ခြင်း ဥပမာ-ဥစ္စာပျောက်၊ လူပျောက်သောအခါ အိပ်မွေ့ချ၍ ပျောက်ဆုံးသွားသောပစ္စည်း မည်သည့်လူ၊ မည်သည့်အရပ်၌ ရောက်ရှိနေသည်ကို မေးမြန်းအဖြေရှာခြင်းမျိုးကို ဆိုလိုခြင်းဖြစ်သည်။ စိတ်စွမ်းအား အနိမ့်အမြင့်ပေါ်မူတည်၍ ပစ္စည်းပြန်ရသည့်အခါရှိသလို၊ မရသည့်အခါမျိုးလည်းရှိတတ်ပါသည်။

(၃) PRECOGNATION အနာဂတ်ဖြစ်လာမည်ကို ကြိုတင်သိမြင်နိုင်ခြင်း အိပ်မွေ့ချ၍ ရှေ့ဘဝ၊ နောက်ဘဝများအကြောင်းကို မေးမြန်းနိုင်ခြင်းမျိုးကို ဆိုလိုသည်။ အိပ်မွေ့ချခံရသူက ပြောပြနေသမျှ မှတ်သားယူပြီး ထိုနေရာများသို့ သွားရောက်လေ့လာသည့်အခါ အနီး ကပ်ဆုံး မှန်နေတတ်သည်ဟူ၍ဖြစ်သည်။

ပြင်သစ်လူမျိုး နန်စီမြို့သား လီဘော့ဆိုသူနှင့် ပါရီမြို့သား ချားကော့ဆိုသူတို့က ကိုယ်စီကျောင်းဖွင့်၍ ဆက်လက်သုတေသနပြုကြရာမှ နောင်အခါ အိပ်မွေ့ချပညာဟူ၍ အမည်တွင်လာခဲ့ခြင်း ဖြစ်သည်။

## အိပ်မက်နှင့် အိပ်မွေ့ချပညာ

လူတွင် မကြုံတတ်သော အခက်အခဲအကျပ်အတည်းများ ပေါ်ပေါက်လာလျှင် စိတ်ကူးဉာဏ်အတွင်းမှ မမျှော်လင့်ဘဲ သူ့အလိုလို အကြံကောင်းပေါ်လာပြီး ဖြေရှင်းအောင်မြင်နိုင်သည်။ ထိုသို့ ဖြေရှင်းအောင်မြင်ရခြင်းသည် လူ့စိတ်ထဲတွင် လျှို့ဝှက်စွာတည်ရှိနေသော အတွင်းစိတ်ကြောင့် ဖြစ်လေသည်။ အလိုလိုပေါ်ပေါက်လာသော အကြံကောင်းများသည် ဘိုးတော်ကြောင့်၊ နတ်ကြောင့် ဖြစ်ပေါ်လာသော သတိပေးချက်မဟုတ်ဘဲ အတွင်းစိတ်ခေါ် မသိစိတ်တန်ခိုးမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟူ၍ စိတ်ပညာရှင်များက တညီတညွတ်တည်း အသိအမှတ်ပြုထားကြလေ၏။

စိတ်စွမ်းအားနှင့် စိတ်ပိုင်းဆိုင်ရာများကို လေ့လာနေကြသော စိတ်ပညာရှင်များသည် စိတ်သဘောကို လေ့လာမှုပြုရာ၌ အိပ်မွေ့ချနည်းပညာရပ်ကိုပါ ထည့်သွင်းလေ့လာကြသဖြင့် အိပ်မွေ့ချနည်းသည် စိတ်ပညာ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဆက်လက်တည်ရှိနေခြင်း ဖြစ်ပါသည်။

အိပ်မွေ့ချခြင်းပညာသည် ရှေးအခါက အရှေ့တိုင်းနိုင်ငံများတွင် ထွန်းကားကျယ်ပြန့်ခဲ့သော်လည်း ယခုအခါ ကမ္ဘာအနှံ့၌ ခေတ်စားလျက်ရှိသည့် လျှို့ဝှက်ပညာရပ်တစ်ခုဖြစ်ပါသည်။ အိပ်မွေ့ချပညာရပ်ကို လိုက်စားစိတ်ဝင်စားသူများ ဆရာနှင့် လာရောက်ဆွေးနွေးနိုင်ပါသည်။

ပန်းလို၊ စမ်းလို၊ လမင်းလို သာယာချမ်းမြေ့ကြပါစေ

**အောင်ဘုန်းမြင့်(ကချင်မြေ)**



www.burmeseclassic.com

www.burmeseclassic.com



# မဟာဗောဓိပင်အကြောင်း

ဟိန်းထက်ဈာန်

နိုင်ငံတော်ဩဝါဒစရိယ မြန်မာစာဩဝါဒစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ထီးချိုင့်မြို့တည်ဆရာတော်ကြီးသည် ယနေ့ ဗုဒ္ဓဝါဒဆိုင်ရာ မေးမြန်းထားသော အထွေထွေ အမေးများကို ထီးချိုင့်ဆရာတော်ကြီးဖြေကြားသည့် များစွာထဲမှ စာဖတ်သူများ ဗဟုသုတဖြစ်စေရန် သိမှတ်စရာအဖြစ် ဗောဓိပင်ပြဿနာ ဖြေကြားလွှာများကို ရေးသားတင်ပြလိုက်ပါသည်။

"ပေါဒီစာက တောင်ကြီးမြို့က သွားဆရာဝန် ဒေါက်တာအောင်ကျော်ထံက အမေးလွှာဖြစ်ပါတယ်ဘုရား"

"ဒေါက်တာအောင်ကျော် ဘာတွေများမေးပါလိမ့် ဆိုစမ်းပါဦး"

"ဒေါက်တာအောင်ကျော်က ဗုဒ္ဓဘုရား သစ္စာလေးပါးသိတော်မူရာ ဗောဓိပင်ဟာ ယခုအထိ ရှိပါသေးသလားတဲ့။ သူကြားဖူးတာက ယခုရှိနေတဲ့ ဗောဓိပင်ဟာ မူလအပင်ရင်း မဟုတ်တော့ဘူး။ မူလအပင်ကြီးသေသွားလို့ သီဟိုဠ်ကျွန်းက ပင်ပွားယူပြီး စိုက်ထားရကြောင်း ကြားဖူးပါသတဲ့။ အဲဒီ သူကြားတဲ့စကား ဟုတ်/မဟုတ်၊ အကယ်၍ဟုတ်ခဲ့လျှင် မူလမဟာဗောဓိက အသက်ငယ်ပြီး အာနန္ဒာဗောဓိ၊ သီဟိုဠ်ဗောဓိတို့က အသက်ကြီးရင့်နေသည်ဟု ယူဆမိကြောင်း တင်ပြလျှောက်ထားတဲ့စာပါ ဘုရား"

"ဗုဒ္ဓဘုရား သစ္စာလေးပါးတရားတော်ကို သိမြင်ရာဌာနဖြစ်တဲ့ မဟာဗောဓိဌာနဟာ ဗုဒ္ဓဘာသာဝင်များအတွက် အလွန်အလေးအမြတ်ပြုအပ်တဲ့ ဌာနကြီးဖြစ်တယ်။ ဘုရားရှင်မှာ ပရိနိဗ္ဗာန်သုံးမျိုးဆိုတာ ရှိသကွယ့်။ ပရိနိဗ္ဗာန်သုံးမျိုးဆိုတာက

(၁) ကိလေသာပရိနိဗ္ဗာန်၊
(၂) ခန္ဓာပရိနိဗ္ဗာန်
(၃) ဓာတုပရိနိဗ္ဗာန်တို့ ဖြစ်ကြသည်။ အဲဒီပရိနိဗ္ဗာန်

www.burmeseclassic.com

သုံးမျိုးအနက် ကိလေသာ ပရိနိဗ္ဗာန်ဆိုတာ ဘဝများစွာ သံသရာက ခန္ဓာအတွင်းကပ်ငြိလိုက်ပါလာခဲ့တဲ့ ကိလေသာ ဘုရားတွေဟာ ဝါသနာနှင့်တကွ ငြိမ်းချုပ်တာကို ခေါ်ဆိုတယ်။ ဘုရားရှင်ဟာ အဲဒီကိလေသာပရိနိဗ္ဗာန်ကို ဟောဒီ ဗောဓိ အောင်မြေမှာ ချုပ်ငြိမ်းတော်မူခြင်းဖြစ်တယ်။

ခန္ဓပရိနိဗ္ဗာန်ကတော့ အများသိကြတဲ့အတိုင်း ကုသိနာရုံ ပြည်မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်တော်မှာ စံလွန်တာဖြစ်တယ်။ နောက်ဆုံး ဓာတုပရိနိဗ္ဗာန်ကလည်း ဟောဒီ မဟာဗောဓိဌာနမှာပင် စံလွန်မှာဖြစ်သတဲ့။ ပရိနိဗ္ဗာန်သုံးချက်ရှိရာမှာ နှစ်ချက်က ဒီဌာနမှာဆိုတော့ ဗုဒ္ဓဘာသာများအတွက် အရေးကြီးတဲ့ဌာန ဖြစ်လာတာပေါ့။ ဒါပဲလားဆိုတော့ မက သေးဘူး။ ဒီဘဒ္ဒကမ္ဘာမှာ "ဿ၊ ဂုံ၊ ပ၊ မ၊ ယျ"ရယ်လို့ ဘုရားငါးဆူပွင့်မယ်။ ပွင့်တိုင်းပွင့်တိုင်းသော ဘုရားရှင်တွေဟာ ဒီဌာနမှာချည်း သစ္စာလေးပါးကိုသိလို့ ဘုရားရှင်တိုင်း မစွန့်တဲ့ အဝိဇဟိတဌာနကြီးလည်း ဖြစ်တယ်။ ပြီးတော့ မာရ်နတ်ရန်ကို အောင်မြင်ရာ မာရဝိဇယဌာနလည်း ဖြစ်တယ်။ နောင်သော အခါ ပညာရှင်များ သံဝေဂယူဖို့ကောင်းတဲ့ သံဝေဇနိယ လေးပါးမှာလည်း တစ်ပါးအပါအဝင်ဖြစ်တယ်။

ဒီမဟာဗောဓိဌာနကြီး ဒီထက်ထူးခြားတာက ဇမ္ဗူဒီပါ ကျွန်းရဲ့ အလယ်ဗဟိုကျတယ်ဆိုတဲ့ စကားရပ်ပဲကွယ့်။ အလယ်ဗဟိုချက်မကို မဏ္ဍိုင်(မန်တိုင်)လို့ ခေါ်ကြတယ် မဟုတ်လား။ မဟာဗောဓိပင်ပေါက်ရာဌာနဟာ ဇမ္ဗူဒိပ်ကျွန်းရဲ့ အလယ်ဗဟိုမို့(ဗောဓိမဏ္ဍိုင်)လို့ ခေါ်ဆိုကြတယ်။ အမေးနှင့် မပတ်သက်သော်လည်း ဗဟုသုတသဘော ဆက်ပြောလိုက်ရဦးမယ်။ ငါတို့ ငယ်ရွယ်စဉ်က သုတဝတီမဂ္ဂဇင်းမှာ ပဟောဠိတေးထပ်တစ်ပုဒ်ရေးပြီး မေးခဲ့ဖူးတယ်ကွယ့်။ ပဟောဠိ တေးထပ်က ဒီလိုတဲ့ကွယ့်။

## ပဟောဠိတေးထပ်

- လောကမှာ လျှမ်းဝေတင့်၊ ပန်းနွေပွင့်ငုံအာ၊ ဖြစ်အဦးပျက်နောက်ရာဝယ်၊ ထွက်ပေါ်လာပေါ်ထွန်း။ တစ်ရုံ၌ သင့်မကွာသည်၊ ပွင့်ပဥ္စတိုး၍ မစွန်း။

- ရုံခါ၌ ပွင့်မမြင်၊ အသင့်ပင်ဉာဏ်ထွန်း။ တစ်ပွင့်လျှင် ဆံဝန်းက၊ မှန်မယွန်းရှစ်ဖြာ၊ ကိုးပုဂ္ဂိုလ်ဆွတ်မခူးသာဘူး။ ထွက်အဖူး။ ပန်းမြတ်မာလာ။

- ခြွေဆွတ်သူ မပန်သာတယ် စံကွာသူ ပန်ထိုက်တဲ့ ဉာဏ်နှိုက်လို့လေး ကဝိပုဂ္ဂိုလ်၊ တွေးသိထုတ်ဆို၊ မေးလိုက်တဲ့ ပုဒ်အလိုကို၊ နုတ်ချိုချို မိန့်ကြားပါ့လေး။

## ပဟောဠိတေးထပ်ရဲ့ အဓိပ္ပာယ်က

"လောကမှာ အလွန်သင်ရှားတဲ့ ဒီပန်းဟာ ကမ္ဘာကြီးဖြစ်ပေါ်ခဲ့လျှင် ရှေးဦးစွာဖြစ်တဲ့နေရာ၊ ကမ္ဘာကြီးပျက်ပြန်တော့လည်း နောက်ဆုံးပျက်တဲ့နေရာမှာ အပင်ပေါက်သတဲ့။ အပင်တစ်ရုံမှာလည်း အပွင့်အလွန်ဆုံး ငါးပွင့်သာပွင့်တယ်။ ငါးပွင့်က လုံးဝမစွန်းဘူးတဲ့။ တစ်ပွင့်တစ်ပွင့်မှာလည်း ဝတ်ဆံက ရှစ်ခုသာပါသတဲ့။ ဒီဝတ်ဆံကိုလည်း ပုဂ္ဂိုလ် ၁၂ ယောက်ရှိရာမှာ ကိုးယောက် မဆွတ်ခူးနိုင်ဘူး။ သုံးယောက်သာ ဆွတ်ခူးနိုင်သတဲ့။ ဆွတ်ခူးသူက ခူးသာခူးရတယ်။ မပန်ထိုက်ဘူးတဲ့။ အတုမရှိတဲ့ပုဂ္ဂိုလ် ပန်ထိုက်သတဲ့။ ဒီပန်းဟာ ဘယ်ပန်းလဲလို့ဆိုတယ်"

"ဒီပန်းဟာ ကြီးကျယ်လှပါလားဘုရား။ တပည့်တော်လည်းမသိဘူး။ ဘယ်ပန်းလဲဘုရား။ အမိန့်ရှိပါဦးဘုရား"

ဒီပန်းက ကမ္ဘာဦး ကြာနိမိတ်ပန်းကိုဝှက်ထားတဲ့ ပဟောဠိပန်း ဖြစ်သကွယ့်။ အဓိပ္ပာယ် အတိုချုပ်ကတော့ ဒီ ကမ္ဘာမြေကြီး ပျက်ပြီးတဲ့နောက် ပြန်ဖြစ်ချင်တော့ ကမ္ဘာပြုမိုးကြီးရွာတယ်။ အောက်က လေခံထားတော့ ရေတွေဟာ အောက်ကို လျှောမကျဘဲ ကမ္ဘာသစ်ဖြစ်မည့်နေရာမှာ ရပ်တည်နေကြတယ်။ ကာလအတော်ကြာလာတော့ ရေအထက်မှာ မြေပေါ်လာတယ်။ မြေမပေါ်ခင် မြေမှာပေါက်တဲ့ကြာရုံက ရေထက်ကိုပေါ်လာတယ်။ နောက်ကျမှ တဖြည်းဖြည်းရေကျပြီး မြေသားပေါ်လာတာကို ကြာရုံဟာ ရှေးဦးပေါ်တဲ့ မြေပေါ်မှာပေါက်သတဲ့။ အဲဒီမြေဟာ ကမ္ဘာကြီးပျက်တော့လည်း နောက်ဆုံးမှ ပျက်သတဲ့။

အဲဒီကြာရုံမှာ ကြာပွင့်လာတယ်။ ကြာက တချို့ကမ္ဘာမှာ တစ်ပွင့်၊ တချို့ကမ္ဘာမှာ နှစ်ပွင့်၊ သုံးပွင့်၊ လေးပွင့်၊ ငါးပွင့်အထိ ပွင့်တယ်။ ငါးပွင့်ထက် ပိုလို့မပွင့်ဘူး။ တချို့သော



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာကျတော့ ကြာရုံသာပေါက်တယ်။ ကြာတစ်ပွင့်မျှမပွင့်ဘူးတဲ့။ အဲဒီကြာပွင့်ကို နိမိတ်ကောက်ပြီး ကြာလုံးဝမပွင့်သော် ဘုရားရှင်လုံးဝမပွင့်တဲ့။

သုညကမ္ဘာလို့ သတ်မှတ်ကြသတဲ့။ တစ်ပွင့်ပွင့်လျှင် တစ်ဆူ၊ နှစ်ပွင့်ပွင့်လျှင် နှစ်ဆူ၊ ငါးပွင့်ပွင့်လျှင် ငါးဆူလို့သတ်မှတ်ကြသတဲ့။ အဲဒီကြာပွင့်ထဲမှာ ကြာဝတ်ဆံလို ပရိက္ခရာ ရှစ်ပါး အပြည့်အစုံပါသတဲ့ကွယ့်။ ပရိက္ခရာရှစ်ပါးပါဝင်တဲ့ ဒီကြာပန်းကို ပုဂ္ဂိုလ်ကိုးယောက် မခူတ်ခူးနိုင်ဘူးတဲ့။ ဒီနေရာမှာ သိစရာက လောကမှာ ပုဂ္ဂိုလ် ၁၂ ယောက်သာရှိတယ်။ ပုဂ္ဂိုလ် ၁၂ ယောက်ဆိုတာက -

(၁) ဒုဂ္ဂတိအဟိတ် = အပါယ်သတ္တဝါတစ်ယောက်၊
(၂) သုဂတိအဟိတ် = လူ၊ နတ် သုဂတိဘုံသား အဟိတ်ပုဂ္ဂိုလ်တစ်ယောက်၊
(၃) ဒွိဟိတ် = အလောဘ၊ အဒေါသ ဟိတ်နှစ်ပါးနှင့် ပဋိသန္ဓေနေသူ၊
(၄) တိဟိတ် = အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်သုံးပါးနှင့် ပဋိသန္ဓေနေသူ၊

ဒီလေးယောက်က ပုထုဇဉ်ပုဂ္ဂိုလ် လေးယောက်တဲ့ကွယ်။ မဂ်ပုဂ္ဂိုလ်လေးယောက်၊ ဖိုလ်ပုဂ္ဂိုလ်လေးယော် အဲဒါက အရိယာပုဂ္ဂိုလ်ရှစ်ယောက်တဲ့ကွယ့်၊ အားလုံးပေါင်းလိုက်လျှင် တစ်လောကလုံးမှာ ပုဂ္ဂိုလ် ၁၂ ယောက်သာရှိတယ်။ ဒီပုဂ္ဂိုလ် ၁၂ ယောက်ထဲက အောက်ပုဂ္ဂိုလ်ကိုးယောက်က ဒီကြာပန်းကို မခူတ်ခူးနိုင်ဘူး။ သုဒ္ဓါဝါသဘုံမှာနေတဲ့ အနာဂါမ်ဖိုလ်ပုဂ္ဂိုလ်တစ်ယောက်၊ အရဟတ္တမဂ်ပုဂ္ဂိုလ်တစ်ယောက်၊ အရဟတ္တဖိုလ်ပုဂ္ဂိုလ်တစ်ယောက် ဒီသုံးယောက်သောပုဂ္ဂိုလ်များကသာ ကမ္ဘာနိမိတ်ကြာပန်းကို ခူတ်ခူးနိုင်တယ်။ ဒါကြောင့် ကိုးပုဂ္ဂိုလ်ခူတ်မခူးသာဘူး၊ ထွတ်အဖူးပန်းမြတ်မာလာလို့ တေးထပ်မှာ ဆိုထားတယ်။

သုဒ္ဓါဝါသဘုံစံ ဗြဟ္မာကြီးများဟာ ကြာပန်းတွင်းက ပရိက္ခရာကို ခူတ်ခူးနိုင်ခွင့်ရှိသော်လည်း သုံးဆောင်ခွင့်မရှိဘူး။ နောင်သောအခါ ဘုရားလောင်းများ တောထွက်တော်မူလာတဲ့အခါကျမှ သိမ်းဆည်းထားရာက ယူပြီး ဆက်ကပ်ရတယ်။ ဒါကြောင့် ခြွေခူတ်သူ မပန်သာတယ်၊ စံကျွာသူပန်ထိုက်တဲ့လို့ ရေးစပ်ထားသကွယ့်။ အတိုချုပ်ကတော့ ဒီတေးထပ်ဟာ ကမ္ဘာနိမိတ်ဖြစ်တဲ့ ကြာပန်းကို ရေးစပ်ထားခြင်းဖြစ်တယ်ကွယ့်"

"ဒီတေးထပ်ရဲ့အဖြေကိုတော့ တည့်တည့်ပြောလို့ ရိပ်မိသွားပါပြီဘုရား။ ဒါပေမယ့် ကမ္ဘာနိမိတ်ကြာပန်းနှင့် မဟာဗောဓိပင် ဘယ်လိုဆက်စပ်တယ်ဆိုတာတော့ နားမရှင်းသေးပါဘူးဘုရား"

## မဟာဗောဓိပင်သည် ကမ္ဘာတည်လျှင် ဦးစွာဖြစ်ပြီး ကမ္ဘာပျက်တော့

"မဟာဗောဓိပင်ဟာ အခြားနေရာမှာ ပေါက်တာမဟုတ်ဘူး။ ကမ္ဘာတည်လျှင် ဦးစွာဖြစ်ပြီး ကမ္ဘာပျက်တော့ နောက်ဆုံးမှပျက်တဲ့ ကမ္ဘာနိမိတ် ကြာရုံပေါက်ရာ မြေထူးမြေမြတ်မှာ ပေါက်တယ်လို့ ကျမ်းများမှာ ပြဆိုထားတယ်ကွယ့်"

"ဒီလိုဆိုတော့ မဟာဗောဓိပင် ပေါက်ရာမြေဟာ အမှန်တကယ် ထူးခြားတဲ့မြေပါလားဘုရား။ ဒါပေမယ့် သံသယတစ်ခုတော့ လျှောက်ထားခွင့်ပြုပါဦးဘုရား"

"လျှောက်ပါလေ လျှောက်ချင်တာလျှောက်ထားပေ့"

"လျှောက်ထားလိုတဲ့ သံသယက ဒီလိုပါဘုရား။ ကမ္ဘာမြေကြီးရဲ့ ဖြစ်ပုံပျက်ပုံကျမ်းဂန်ကို ကြည့်လိုက်လျှင် ယူဇနာအပိုင်းအခြားမရှိ အလွန်ကျယ်ပြန့်တဲ့ ကောင်းကင်ကြီးဟာ ကမ္ဘာကြီးရဲ့အောက်မှတည်တယ်။ အဲဒီကောင်းကင်ရဲ့အထက်မှာ လေတည်တယ်။ လေပြင်ရဲ့အထက်မှာ ရေတည်တယ်။ ရေပြင်ရဲ့အထက်မှာ မြေတည်တယ်လို့ ဆိုထားပါတယ်။ အဲဒီအဆိုကို တပည့်တော်ယုံကြည်ပါတယ်။ တပည့်တော် သံသယရှိတာက ကမ္ဘာပြုမိုးရွာပြီးတဲ့အခါ ဒီစကြဝဠာအတွင်းမှာ ရေတွေပြည့်နေတယ်။ ကမ္ဘာကြီး ဖြစ်ချိန်တန်တော့ ရေက တဖြည်းဖြည်းကျပြီး ကုန်းမြေပေါ်လာတယ်ပေါ့ဘုရား"

"အဲဒီပေါ်လာတဲ့ကုန်းမြေက ဆရာတော်အမိန့်ရှိတဲ့ ဗောဓိပင်ပေါက်ရာမြေ ဖြစ်နေတယ်။ ဒီနေရာမှာ တပည့်တော် ဝင်လာတဲ့ သံသယက ဗောဓိပင်ပေါက်ရာမြေဌာနဟာ ဟို မြောက်ဘက် ဟိမဝန္တာတောင်တန်းကြီးနှင့် ချိန်ထိုးကြည့်လျှင် အင်မတန်နိမ့်ပါတယ်။ ဒါကြောင့် ရေကျပြီး ကုန်းစတင်



www.burmeseclassic.com

www.burmeseclassic.com

ပေါ်လျှင် ဟိမဝန္တာတောင်ကြီးက ဦးစွာပေါ်ရမယ်။ ခုတော့ အင်မတန်နိမ့်တဲ့ ဗောဓိမြေက ဦးစွာပေါ်တယ်ဆိုတာ တပည့်တော်ဖြစ်ပေါ်လာတဲ့ သံသယပါဘုရား"

"ဟုတ်တာပေါ့။ အဲဒါ သံသယဖြစ်လောက်တာပေါ့။ အဖြေကတော့ ဒီလိုတဲ့ကွယ်"

"အမိန့်ရှိတော်မူပါဘုရား"

"ရေပြင်ထက် မြေစတင်ပေါ်စက တောင်တွေ၊ ချောက်တွေ မရှိသေးဘူး။ စည်မျက်နှာပြင်လို တညီတည်းပါပဲ။ အဲဒီတစ်ပြင်တည်းဖြစ်တဲ့ မြေကြီးပေါ်မှာ ဗြဟ္မာတွေစုတေပြီး လူဖြစ်လာကြတယ်။ အဲဒီလူတွေဟာ ဗြဟ္မာပြည်က ဆင်းခဲ့ကြတာမို့ ကိုယ်အရောင်ထွန်းလင်းတောက်ပကြတယ်။ ကောင်းကင်မှာ လိုရာသွားနိုင်ကြတယ်။ နောင်အခါ မြေအဆီဖြစ်တဲ့ ရသပထဝီကိုစားကြလို့ ကိုယ်အရောင်ပျောက်ပြီး ကျင်ကြီးကျင်ငယ်ပေါက်တွေ ဖြစ်လာကြတယ်။ ကိုယ်အရောင်ရှိစဉ်တုန်းက ဩကာသလောကကြီးဟာ ထွန်းလင်းနေသော်လည်း ကိုယ်အရောင်ပျောက်ကွယ်သွားတော့ လောကကြီးဟာ မှောင်ကျလာတယ်။ *

အဲဒီအခါမှာ ဓမ္မတာသဘောအားဖြင့် တပေါင်းလပြည့်နေ့မှာ နေမင်းပေါ်လာတယ်။ နေဝင်သွားပြန်တော့ လမင်းပေါ်လာတယ်။ အဲဒီ နေမင်း/လမင်း ထင်ရှားပေါ်တဲ့နေ့ (တပေါင်းလပြည့်နေ့)မှာပဲ မြင်းမိုရ်၊ သတ္တရဘ္ဘန်၊ ဟိမဝန္တာ၊ တော၊ တောင်၊ မြစ်ကြီး၊ အိုင်ကြီးနှင့် စကြဝဠာတောင်များဟာ ဓမ္မတာအတိုင်း မရှေးမနှောင်း တစ်ပြိုင်နက် ဖြစ်ပေါ်လာတယ်လို့ လောကဒီပနီ၊ လောကုပ္ပတ္တိကျမ်းများမှာ ဆိုတယ်။ ဒါကြောင့် မဟာဗောဓိပင်ပေါက်ရာ မြေဌာနရေပြင်အထက် ဦးစွာပေါ်တယ်ဆိုတဲ့ စကားကို သံသယမရှိသင့်ဘူးပေါ့ကွယ်"

## ဗောဓိပင်ဆိုတာ သစ်ရေ ၇ မျိုးမို့

"မှန်ပါ ဆရာတော်အမိန့်ရှိလို့ သံသယကင်းသွားပါပြီဘုရား"

"ဘုရားသခင် သစ္စာလေးပါး သိမြင်တော်မူရာ မဟာဗောဓိပင်ဟာ ဒီမျှလောက် ထူးကဲတဲ့ မြေမြတ်မှာပေါက်ကြောင်း ရှေးဦးစွာ မှတ်သားသင့်တာပေါ့။ ဗောဓိပင်ဆိုတာလည်း သစ်ရေမျိုးမို့ တစ်ကမ္ဘာပတ်လုံး တည်မည့်သစ်ပင်စာရင်းမှာ မပါဝင်ဘူး။ တစ်ကမ္ဘာလုံးတည်မည်လို့ ကျမ်းဂန်များမှာပြထားတဲ့ သစ်ပင်ကတော့ ခုနစ်ပင်သာရှိသကွယ့်။ အဲဒီသစ်ပင်ကြီး ခုနစ်ပင်ကို ဟောဒီလို သံပေါက်ရေးထားတယ်"

"လက်၊ ခုပ်၊ ထိန်၊ ပြေ၊ ကုက်၊ သစ်၊ ဒေ၊ တွက်ရေ ခုနစ်ရပ်။ ဂဠုန်-သုရာ၊ နောက်တောင်မှာ၊ ရှေ့ဘာ-မြောက်နှင့်ဟပ်"

အဓိပ္ပာယ်ကတော့ ဂဠုန်ပြည်က လက်ပံပင်ကြီး၊ အသုရာပြည်က လက်ခုပ်ပင်ကြီး၊ အနောက်ကျွန်းကထိန်ပင်ကြီး၊ တောင်ကျွန်းကသပြေပင်ကြီး၊ အရှေ့ကျွန်းက ကုက္ကိုပင်ကြီးခုနစ်ပင်ကတော့ တစ်ကမ္ဘာလုံးတည်မယ်။ ကျန်တဲ့သစ်ပင်များကတော့ တစ်ကမ္ဘာလုံးမတည်ဘူး။ ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်ဟာ မြေထွတ်မြေမြတ်မှာ ပေါက်တာတော့ မှန်ပါရဲ့။ ဒါပေမယ့် တစ်ကမ္ဘာပတ်လုံးတော့ မတည်နိုင်ဘူး။ သေချိန်ကျလျှင်တော့ သေမှာပဲပေါ့။

ဒီနေရာကစပြီးတော့ ဒေါက်တာအောင်ကျော်ရဲ့အမေးကို ဖြေကြစို့ရဲ့။ ဒေါက်တာအောင်ကျော်က ဘုရားရှင်လက်ထက် ဘုရားရှင်ရဲ့ ဖွားဘက်တော်ဖြစ်တဲ့ မဟာဗောဓိပင်ဟာ ယခုအထိ ရှိသေးသလားတဲ့။ ဒီအမေးက ပညတ်နှင့်ပရမတ် ရောပြွမ်းနေလို့ အမေးလွယ်သလောက် အဖြေရခက်တယ်။ ဥပမာ ယခုထင်ရှားရှိနေတဲ့လူဟာ ငယ်ရွယ်စဉ် ပုခက်တွင်းက ကလေးဟုတ်သလားလို့ မေးခဲ့လျှင် ပရမတ္ထနည်းနှင့်ဆိုလျှင် အလုံးစုံသော ရုပ်တရား၊ နာမ်တရားတွေဟာ တစ်ခဏမျှ တည်တံ့မှုမရှိဘဲ ယခုဖြစ် ယခုပျက်သွားတာမို့ ယခုထင်ရှားရှိတဲ့လူဟာ ပုခက်တွင်းကလူမဟုတ်ဘူးလို့ ဖြေရမှာပဲ။ သို့သော် ပုခက်တွင်းက သူငယ်ဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရစတဲ့ အကြောင်းကိုမှီပြီး တဖြည်းဖြည်း ရင့်ကျက်တာမို့ ပညတ်နည်းနှင့် ပြောရလျှင်"

## အကြိမ်ကြိမ် အပျက်အဆီးခံခဲ့ရလို့ မူလဗောဓိပင်မဟုတ်တော့ဘူးလို့

"ပုခက်တွင်းက သူငယ်ဟာလည်း ဒီလူပဲဖြစ်တယ်။ ဒီလူဟာလည်း ပုခက်တွင်းကလူပဲဖြစ်တယ်လို့ ဖြေဆိုရလိမ့်



www.burmeseclassic.com

www.burmeseclassic.com

မယ်။ အဲဒီဥပမာအတိုင်း ယခုတည်ရှိတဲ့ မဟာဗောဓိပင်ဟာ မူလမဟာဗောဓိပင်ရဲ့ အမြစ်အခက်က အတက်ပေါက်ဖြစ်ပေါ် လာတာမို့ မူလဗောဓိပင်လို့ပင် ဖြေဆိုရလိမ့်မယ်။ သို့သော် ပရမတ်အနေနှင့် ဖြေရလျှင်တော့ ဒီမဟာဗောဓိပင်ဟာ အကြိမ်ကြိမ် အဖျက်အဆီးခံခဲ့ရလို့ မူလဗောဓိပင်မဟုတ် တော့ဘူးလို့ ဖြေဆိုရမှာပဲကွယ်"

"မှန်ပါ။ အကြိမ်ကြိမ် အဖျက်အဆီးခံရတဲ့အကြောင်း အမိန့်ရှိပါဦးဘုရား"

"အဖျက်အဆီးခံရတာနှင့် ဆက်စပ်ပြီး ဗောဓိပင်ရဲ့ တည်နေပုံကို အိန္ဒိယကြေးမုံကျမ်းကြီးက ထုတ်ပြောပြဦးမယ်။ အိန္ဒိယကြေးမုံကျမ်းဟာ ၁၂၉၆ ခုနှစ် တပေါင်းလမှာ ရိက် တာဆိုတော့ အခု ၁၃၅၈ ခုနှစ်ဆိုတော့ နှစ်ပေါင်း ၆၂ နှစ် ရှိသွားပြီ။ နှစ်ပေါင်း ၆၂ နှစ်ဆိုတော့ အခြေအနေတွေ တစ်မျိုး တစ်ဖုံ ပြောင်းလဲကုန်မှာကတော့ သေချာတယ်ကွယ့်။ လွန်ခဲ့ တဲ့ နှစ်ပေါင်း ၆၀ ကျော်တုန်းက ဗောဓိပင်နှင့် ရွှေပလ္လင်ပေါက် ရာ မြေမျက်နှာဟာ ချောက်ကမ်းပါးကြီးလို စောက်နက်ပြီး လေးဘက်ပတ်လည် ကုန်းမြင့်ကြီးဖြစ်နေသတဲ့။ အနောက် ဘက် မဟာရံတံတိုင်း ၁၂၃ ပေရှိသတဲ့။ အရှေ့ဘက် မဟာရံ တံတိုင်း ၂၂၂ ပေ၊ တောင်ဘက် မဟာရံတံတိုင်း ၁၈၇ ပေ၊ မြောက်ဘက် မဟာရံတံတိုင်း ၁၈၇ ပေရှိသတဲ့။ အဲဒီ မဟာရံတံတိုင်းအတွင်းမှာ မဟာဗောဓိပင်ပလ္လင်တော်၊ အချို့ သော သတ္တဌာနစေတီကြီးငယ်များ ရှိသတဲ့"

"မဟာဗောဓိပင်ကို အေးပတ်လည်ကုန်းကြီးက ဘာ လို့ခံထားတာလဲ။ မဟာရံတံတိုင်းတွေက ဘာလို့ကာရံထား သလဲဆိုတာနှင့် ပတ်သက်လို့ အိန္ဒိယကြေးမုံကျမ်းကြီးမှာ ဘယ်လိုရေးထားသလဲဆိုတော့ ပါဠိလိပုတ်ပြည့်ရှင် သီရိဓမ္မာ သောကမင်းကြီးဟာ ဗုဒ္ဓဘာသာဝင်မဖြစ်မီက စစ်သည်တော် အပေါင်းနှင့် လာရောက်ပြီး မဟာဗောဓိပင်ကို အမြစ်ရင်းက ခုတ်ဖြတ်စေသတဲ့။ ကျန်တဲ့ ဗောဓိပင်အငုတ်ကိုလည်း ပုဏ္ဏား တစ်ယောက်ကို မီးအတိုက်ခိုင်းသတဲ့။ ပုဏ္ဏားကလည်း မင်း ကြီးရဲ့အမိန့်အတိုင်း သစ်ငုတ်ကို မီးတိုက်ဖျက်ဆီးလိုက်တယ်။ နောက်တစ်နေ့ မိုးလင်းတော့ ပုဏ္ဏားမီးတိုက်ထားတဲ့ ဗောဓိ ပင်ငုတ်ရဲ့ အခြေအနေကိုသွားကြည့်လိုက်တော့ အဲဒီဗောဓိပင် နေရာမှာ မူလအပင်ထက် သာလွန်တင့်တယ်တဲ့ ဗောဓိပင် ပျိုပေါက်နေတာကို မြင်တွေ့ရသတဲ့။ ဒီအကြောင်းကို သီရိဓမ္မာ သောကမင်းကြီးထံ လျှောက်ထားတော့ မင်းကြီးဟာ နောင် တပူပန်ခြင်းဖြစ်ပြီး ဗောဓိပင်ကို မပြတ် လာရောက်ပူဇော်သတဲ့ ကွယ်"

"ဒီအခါ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ မိဖုရားကြီးက ... ဝက်တဲ့အကြံအစည်နှင့် မင်းကြီးမရှိခိုက် မဟာဗောဓိပင်ကို အဖြတ်ခိုင်းပြန်သတဲ့။ အသောကမင်းကြီး ဗောဓိပင်ကို သွား ရောက်ဖူးတဲ့အခါ ဗောဓိပင်ခုတ်လှဲထားတာကိုတွေ့ရလို့ ဗော ဓိပင်ငုတ်ကို နွားနို့တို့ဖြင့်သွန်းလောင်း အဓိဋ္ဌာန်တဲ့အခါ အမြစ်ရင်းက ပင်စည်ထွက်လာပြီး ပြန်ပေါက်လာသတဲ့။ ဗောဓိပင်ရဲ့ အံ့ဖွယ်သရဲကိုမြင်လို့ ကြည်ညိုတဲ့အတွက် အလ... လေးမျက်နှာမှာ အုတ်တံတိုင်းများကို ကာရံထားခြင်းဖြစ် သဘဲ့။ အဲဒီနောက် သျှသျှက်မင်းလက်ထက် မဟာဗောဓိပင် ကို ရေဝါတိုင်အောင် တူးစေသတဲ့။ ရေဝါသာထိတယ် ဗောဓိ ပင်အံ့မြစ်ရဲ့ ဆုံးရာဌာနကို မတွေ့ရဘူးတဲ့။ ဒီသတင်းကို အသောကနွယ်ဝင် ပူရဏဝရမာကြားတော့ စိတ်နှလုံးမချမ်း မသာဖြစ်ပြီး ပျက်စီးနေတဲ့ မဟာဗောဓိပင်ရှိရာ လာရောက် ကာ နွားမတစ်ကောင်က ညှစ်လို့ရသမျှ နို့ရည်များဖြင့် ဗောဓိ ပင်ရှိရာကို သွန်းလောင်းတဲ့အခါ တစ်ညဉ့်တည်း ၁၀ ပေခန့် ရှိတဲ့ ဗောဓိပင်ငယ်ပေါက်လာသဖြင့် နောင်အခါ ဘယ်သူမှ မဖျက်ဆီးနိုင်အောင် ၂၄ ပေအမြင့်ရှိတဲ့ တံတိုင်းသစ် လေး ဘက်ပတ်လည် ပြုလုပ်ခဲ့သတဲ့"

"အခုပြောခဲ့တာက ပူယိင်သင်္ဂကျမ်းလာ စကားရပ် တို့ကိုယူပြီး အိန္ဒိယကြေးမုံကျမ်းက ပြဆိုခဲ့တဲ့စကားရပ်ဖြစ် တယ်ကွယ့်"

"တပည့်တော်ကြားဖူးတာက တစ်မျိုးဖြစ်နေတယ် ဘုရား"

"ဘယ်လိုကြားဖူးတာလဲ ဆိုစမ်းပါဦး"

"မဟာဗောဓိပင်ကို သီရိဓမ္မာသောကမင်းကြီးရဲ့ မိဖုရားက အဆိပ်ရှိတဲ့ဖားရိုးနှင့်ထိုးသတ်စေတယ်လို့ ကြားဖူး တယ်ဘုရား"

"သီရိဓမ္မာသောကမင်းကြီးရဲ့ မိဖုရားတိဿရက္ခာ ဖားရိုးနဲ့ ထိုးသတ်စေတဲ့ဗောဓိက မူလမဟာဗောဓိပင် မဟုတ် ပါဘူး။ မဟာဗောဓိပင်က မျိုးစေ့ကိုယူပြီး သီရိဓမ္မာသောက

www.burmeseclassic.com

မင်းကြီးစိုက်ပျိုးတဲ့ ပါဋလိပုတ်ပြည်က ဗောဓိပင်လို့ မဟာဝင်ကျမ်းမှာ ပြထားပါတယ်ကွယ့်"

"ဒီလိုဆို ယခုရှိနေတဲ့ မဟာဗောဓိပင်ဟာ ထိုစဉ်က ပေါက်လာတဲ့ မဟာဗောဓိပင်ပဲပေါ့ဘုရား။ ဒီကြားမှာ ဘယ်လို အနှောင့်အယှက်များ ရှိနေပါသေးသလဲဘုရား"

"အနှောင့်အယှက်ရှိတယ်။ အိန္ဒိယမှာ ဗုဒ္ဓသာသနာတော် ကွယ်သွားပြီးတဲ့နောက် မဟာဗောဓိပင်ဟာ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ မဟန့်ဂီရိဆိုသူရဲ့ လက်ထဲရောက်သွားတယ်။ မဟန့်လက်ထဲမရောက်မီ ၁၈၇၅ ခုနှစ်က ဗောဓိပင်ဟာ အိုမင်းပြီး ယိုယွင်းလာခဲ့သတဲ့။ ခရစ်နှစ် ၁၈၇၆ ခုနှစ် လေမုန်တိုင်းဒဏ်ကြောင့် မဟာဗောဓိပင်ကြီး လဲပြိုသွားသတဲ့။ အဲဒီ လဲပြိုသွားတဲ့နေရာက ယခုရှိတဲ့ မဟာဗောဓိပင်ပေါက်လာပြန်သတဲ့။ ဒီအကြောင်းကို ဒေါက်တာရာဂျင်ဒြာလိုက်မိတြက ဗုဒ္ဓဂယာခေါ်တဲ့ စာအုပ်မှာ ဒီလိုရေးထားတယ်။

အလွန်အိုမင်းလှပြီဖြစ်၍ အချို့ ခန်းခြောက်နေသော ဗောဓိပင်ကြီးသည် မိမိရောက်ခဲ့သော ၁၈၈၇ ခုနှစ်က လေမုန်တိုင်းကြောင့် လဲပါသွားသည်။ ထိုအခါ ဟိန္ဒူတို့က မဟာဗောဓိပင်မှ အကိုင်းကြီးတစ်ကိုင်းကို စေတီတော်၏ မြောက်ဘက် ပေ ၈၀ ခန့်အကွာတွင် ပြန်လည်စိုက်ပျိုးထားသည်ကို တွေ့ရသေး၏။ ဒါက ဒေါက်တာရာဂျင်ဒြာလာလ်မိတြရဲ့ ရေးသားချက်ပါ။

## မဟာဗောဓိပင်ကို ဗုဒ္ဓဘာသာဝင်များက ပိုင်ဆိုင်သင့်တယ်လို့

"မဟာဗောဓိပင် မဟန့်ရဲ့လက်ထဲ ရောက်သွားပုံကိုလည်း အမိန့်ရှိပါဦးဘုရား"

"အဲဒီအကြောင်းကို မာတင်ရေးတဲ့ အရှေ့အိန္ဒိယခေါ်တဲ့ စာအုပ်က ထုတ်နုတ်ပြီး အကျဉ်းချုပ်ပြောပြမယ်။ အိန္ဒိယပြည်ကြီးဟာ မူဆလင်တို့ရဲ့လက်အောက် ကျရောက်ပြီးတဲ့နောက် မောင်ဂိုမင်းများဟာ ဒေလီမြို့ကြီးကို ၁၃ ဆက်တိုင်အောင် အုပ်ချုပ်ခဲ့ကြသတဲ့။ မဟန့်တို့တိုးဘေးများဟာ မဟာဗောဓိပင်ပါဝင်တဲ့ တာရာဒီရွာကို ခရစ် ၁၇၂၇ ခုနှစ်က ဒေလီဘုရင် မိုဟာမက်ရှားထံက အပိုင်စားရသတဲ့။ အဲဒီခေတ်က မဟာဗောဓိစေတီတော်ကြီးရဲ့အောက်ပိုင်းဟာ မြေထဲနစ်မြုပ်နေတယ်။ ပြုပြင်စောင့်ရှောက်မည့်သူ မရှိသေးဘူးတဲ့။ မဟန့်ဟာ သူ့ဘေးသူ့ဘိုးများရဲ့ အမွေအဖြစ်နှင့် မဟာဗောဓိပင်ကို အပိုင်ရထားခြင်းဖြစ်သတဲ့"

"နောက်တော့ သီဟိုဠ်အမျိုးသား ဓမ္မပါလဆိုတဲ့ ဒါယကာက ကမ္ဘာပေါ်မှာ ဘာသာအသီးသီးရှိကြတဲ့ ပုဂ္ဂိုလ်တွေဟာ မိမိတို့ဘာသာအလိုက် အထွတ်အမြတ်ထားကြတဲ့နေရာတွေကို ဘာသာဝင်များကသာ ပိုင်ဆိုင်ကြတယ်။ ဗုဒ္ဓဘာသာဝင်တို့ရဲ့ အထွတ်အမြတ် မဟာဗောဓိပင်ကိုလည်း ဗုဒ္ဓဘာသာဝင်များကသာ ပိုင်ဆိုင်သင့်တယ်လို့ အရေးဆိုခဲ့တဲ့အတွက် တရွေ့ရွေ့ တဖြည်းဖြည်း ဗုဒ္ဓဘာသာဝင်တို့လက်ထဲ ရောက်လာသတဲ့ကွယ်"

"ဒီလိုဆိုတော့ ယခုရှိနေတဲ့ မဟာဗောဓိပင်ဟာ ဘုရားရှင်နှင့် ဖွားဖက်တော် မဟာဗောဓိပင်အစစ်လို့ မဆိုနိုင်သည့်တိုင်အောင် မဟာဗောဓိပင်က အတတ်ပေါက်ရှင်သန်လာတဲ့အတွက် မူလမဟာဗောဓိပင်လို့ပဲ ဆိုသင့်တာပေါ့ဘုရား"

"ဟုတ်တယ်၊ ဆိုသင့်တာပေါ့"

"ဆိုသင့်ခဲ့လျှင် ယခု မဟာဗောဓိပင်ဟာ သီဟိုဠ်မှ တစ်ဆင့် ပင်ပွားယူပြီး စိုက်ထားတာမဟုတ်။ မူလပင်မကြီးသာဖြစ်တဲ့အတွက် အာနန္ဒာဗောဓိပင်၊ သီဟိုဠ်ဗောဓိပင်တို့ထက် သက်တော်အကြီးရင့်ဆုံးဖြစ်ကြောင်း အဖြေပေးသင့်တော့တာပေါ့ဘုရား"

"ဟုတ်တယ် အဲဒီလိုသာ အဖြေပေးလိုက်ပေတော့ သာဓု···သာဓု···သာဓု"

**ဟိန်းထက်ဈာန်**

ကိုးကား

ဓမ္မဗျူဟာစာစဉ် နိုင်ငံတော်ဩဝါဒါစရိယ မြန်မာစာဩဝါဒါစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ထီးချိုင့်မြို့ တည်သော ဆရာတော် ယနေ့ ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ အမှတ်စဉ် (၅)။



www.burmeseclassic.com

www.burmeseclassic.com

# အင်တာနက်၏ ဆိုးကျိုး၊ ကောင်းကျိုးများ

## မင်းဟိန်းထိုက်

ယခုအခါသည် အင်တာနက်ခေတ်ကြီး ဟီးထလျက်ရှိနေသော အချိန်ဖြစ်သည်။ စီးပွားရေး၊ လူမှုရေး၊ သာသနာရေး၊ ဘာသာရေးစသော အရေးပါသည့် အကြောင်းအရာမြောက်မြားစွာတို့ကို အင်တာနက်မှတစ်ဆင့် ဆက်သွယ်၍ရနိုင်လေသည်။

ထို့ကြောင့်လည်း ရဟန်း၊ ရှင်၊ လူ၊ ကုန်သည်၊ ပွဲစား၊ ကျောင်းသူကျောင်းသား စသည့် အင်တာနက် သုံးစွဲကြသူများမှာ ၎င်းတို့လိုလားကြသော လိုင်း၊ ကွန်ယက် စသည့် အသွယ်သွယ်တို့ကို ဖွင့်လျက် အသုံးပြုကာ အဖြာဖြာသော အကျိုးကျေးဇူးများကို ရရှိနေကြလေသည်။

စီးပွားရေးလုပ်ငန်းရှင်များဆိုလျှင်လည်း ၎င်းတို့၏ လုပ်ငန်းနှင့်ပတ်သက်သော ရောင်းကုန်၊ ဝယ်ကုန်များကို အင်တာနက်မှတစ်ဆင့် ကြော်ငြာ၍ ဝယ်ယူရောင်းချ ဖြန့်ဖြူးခြင်းဖြင့် အကျိုးအမြတ်မြောက်မြားစွာ ဖြစ်ထွန်းလျက်ရှိကြလေသည်။

၎င်းတို့ဖွင့်လှစ်ထားကြသော လမ်းကြောင်းအတိုင်း ကြေညာထားခြင်းဖြင့် အကြောသင့်ရာ မိတ်ဆွေများက လိုက်ခြင်း၊ ရှယ်ခြင်း၊ သူတစ်ပါးတို့၏ အကျိုးကို လိုလားကြသော သူတော်ကောင်းစိတ်ရှိသူတို့၏ ပါဝင်ကူညီကာ လိုက်ခြင်း၊ ရှယ်ခြင်းဖြင့်ပင် ကျယ်ပြန့်သော ကွန်ယက်ကြီးတစ်လျှောက်၌ ရက်များမကြာမီ လူသိများပြီး အရောင်းအဝယ်ဖြစ်သွားကြလေသည်။

တချို့မှာ အံ့မခန်းရှိကြောင်းလည်း ကြားဖူးသည်။ ၎င်းမှာ ကမ္ဘာ့ကွန်ယက်၊ ကမ္ဘာ့ဘာသာရပ်ဟု ဆိုရမည့် အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကား စသည်များနှင့် စပ်ဆိုင်သော စာအုပ်ရောင်းခြင်း၊ သီချင်းခွေ/ဖိုင်ရောင်းခြင်း စသည်ဖြင့် ဖြစ်သည်။

ထိုသီချင်းနှင့် စာပေဘာသာရပ် နှစ်မျိုးလုံးမှာပင် အောင်မြင်သူများပြားလွန်း၍ ထိုထိုဆရာ၊ ဆရာမတို့အား တစ်ယောက်စီ၊ တစ်ဦးချင်း ထုတ်ပြရန် မစွမ်းနိုင်ပေ။ ၎င်းတို့ ရေးသားထုတ်ဝေကြသည့် စာအုပ်စာပေ၊ ဆိုတီးပြီးအသံသွင်း၍ အင်တာနက်မှကြော်ငြာကာ ဖြန့်ဝေကြသော သီချင်းစသည်များမှာ ရက်ပိုင်းအတွင်း ဒေါ်လာငွေ သန်းချီရရှိသွားကြောင်းကို ဝမ်းမြောက်ဝမ်းသာ ကြားသိရသည်။

အခြားသော အင်တာနက်ဆိုင်ရာ ဤစာရေးသူတို့ ဉာဏ်မမီနိုင်သည့် အသုံးအနှုန်းသည်ကား ကမ္ဘာနှင့်အဝှမ်း ကျယ်ပြန့်လျက်ရှိနေသောကြောင့် လက်ချိုးရေတွက်၍ မရနိုင် လောက်အောင်ပင် များပြားလျက်ရှိပေသည်။

ကမ္ဘာဦးအခါက လူသားတို့သည် အ၊ အာ၊ အိ၊ အီ၊ အု၊ အူ၊ ဧ၊ ဩ စသော သရမျှဖြင့် ပြောဆိုသုံးနှုန်းကာ တစ်ဦးနှင့်တစ်ဦး လက်ပြ၊ ခြေပြ အမူအရာဖြင့်ပင် ကာလသည် နှစ်အရေအတွက် သန်းပေါင်းများစွာ ကြာညောင်းသော ကာလကို ဖြတ်သန်းပြီး လာခဲ့ကြပေလိမ့်မည်။

ထို့နောက် ၃၃ လုံးအမည်ရသော ဗျည်းများကို အ၊ အီ၊ အု စသော သရနှင့်ကပ်၍ သုံးတတ်လာကြမည်ဖြစ်သဖြင့် စကားဟူ၍ ဖြစ်ပေါ်လာပေလိမ့်မည်။ ထို ဤကာလသည်လည်း နှစ်အရေအတွက်အားဖြင့် သန်းပေါင်းများစွာ ကြာညောင်းခဲ့ပေလိမ့်မည်။

ထို့နောက် စာဟူ၍ပေါ်လာကာ၊ စကားနှင့်စာတို့၏ အကြားတွင်လည်း နှစ်ပေါင်းမည်မျှအထိ ကြာညောင်းခဲ့သည်ကို မသိနိုင်ပေ။ ရှေးနည်းအတူပင် ကြာကောင်းကြာခဲ့ပေလိမ့်မည်။

စာပေပေါ်လာသောအခါ သစ်ရွက်ခြောက်မှာ သံ စေးများဖြင့် ရေးသားခြင်း၊ ဝါးမှာ ကညစ်ဖြင့် ရေးသားခြင်း၊ သစ်သားပျဉ်ပြားမှာ စုံးဆောက်များဖြင့် ရေးသားခြင်း၊ ထိုသို့ အမျိုးမျိုးအဖုံဖုံရေးသားပြီး တစ်ဦးနှင့်တစ်ဦး ဆက်သွယ်



www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ အကြောင်းကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊ စာအုပ်စာပေရေးသားခြင်း စသည်ဖြင့် ရှိလာကြသည်။

ထို့နောက် တရုတ်က စာရွက်ကို တီထွင်လိုက်သောအခါ စာပေသည် သာ၍ပင် ဖွံ့ဖြိုးပြီး တိုးတက်လာလေသည်။ ဘလောက်တုံးကိုလည်း တရုတ်ကပင် တီထွင်လိုက်၍ စာပေလောကကြီး သာ၍ပို၍ တိုးတက်လာခဲ့လေသည်။

ရှေးအခါက ထုတ်ဝေလိုသော စာအုပ်အရေအတွက်ကို တစ်အုပ်ချင်း ရေးသားနေရသည်နှင့်စာလျှင် တစ်မျက်နှာချင်း ရေးထွင်းထားသော ဘလောက်တုံးနှင့် ရိုက်နှိပ်ခြင်းသည် တစ်လုံးချင်း စာအုပ်ရေများစွာကို ရေးသားသည်ထက် များစွာပင် မြန်ဆန်လေသည်။

ထို့နောက် လက်နှိပ်စက်ဟူ၍ ပေါ်လာပြန်သည်။ လက်နှိပ်စက်ကို ရုရှားက မာစတာဂူတင်ဘက်အမည်ရှိသော ပညာရှင်ကြီးတစ်ယောက်က တီထွင်သည်ဟု တွေ့ဖူးသလို ဂျာမဏီက တီထွင်သည်ဟုလည်း တွေ့ဖူးသည်။ မည်သို့ပင်ဆိုစေကာမူ လက်နှိပ်စက်ကို ကာပွန်ခံရိုက်ခြင်းဖြင့် ဘလောက်တုံးထက် များစွာ အကျိုးသက်ရောက်မှု ရှိလေသည်။

ရှေးအခါက ဆိုခဲ့သည့်အတိုင်း တစ်ခုနှင့်တစ်ခု တစ်မျိုးနှင့်တစ်မျိုး တိုးတက်ရန် အချိန်ကာလများစွာ ကြာညောင်းခဲ့သော်လည်း ဉာဏ်ရည်အားကောင်းလာသော ယခုခေတ်ကာလတွင်မူ လက်နှိပ်စက်နှင့် ကွန်ပျူတာတို့အကြားတွင် ဆယ်နှစ်မျှသာ ကြာညောင်းခဲ့သလို ကွန်ပျူတာမှ အင်တာနက်၊ အင်တာနက်မှ အီးမေးလ် စသည်များမှာ တစ်ခုနှင့်တစ်ခု၊ တစ်မျိုးနှင့်တစ်မျိုး တိုးတက်ခြင်းသည် ပို၍မြန်ဆန်လာသောကြောင့် ဆယ်နှစ်ပင် မကြာတော့ပေ။

တစ်မျိုးနှင့်တစ်မျိုး မရိုးရအောင် ဆိုဘိသို့ တိုးတက်ခြင်းသည် တန်းစီ၍လာလေသည်။ တိုးတက်လာသော အင်တာနက်ခေတ်ကြီးကို အကျိုးရှိရှိ အသုံးချတတ်၍ ရှိသည့်အတိုင်း သူ့ဘာသာရပ်အလျောက် အမြတ်များစွာ ရရှိကြသည်ကိုလည်း ဆိုခဲ့ပြီ။

ကွန်ပျူတာနှင့် အင်တာနက်တို့သည် လိုက်၍မဆုံးနိုင်လောက်အောင်ပင် ကျယ်ပြန့်ပြီး နက်ရှိုင်းခြင်းလည်း ရှိလေသည်။ ထို့ကြောင့် ကွန်ပျူတာကို မြန်မာဘာသာဖြင့် စတင်၍ ပြောဆိုကြရာ၌ "လူ့ဦးနှောက်" ဟူ၍ပင် ရှိခဲ့ဖူးကြောင်း ကြားသိရသည်။

သို့သော်လည်း ထိုအမည်မတွင်ခဲ့ဘဲ မူရင်းအတိုင်းပင် ဆက်သုံးလာကြပုံရသည်။ အရာဝတ္ထုပစ္စည်းများကို မြန်မာဘာသာသို့ ပြန်ဆိုသည်ရှိသလို မူရင်းဘာသာအတိုင်း သုံးနှုန်းနေကြသည်လည်း အများအပြားပင် ရှိလေသည်။

ကွန်ပျူတာနှင့် အင်တာနက် အသုံးအနှုန်း အမျိုးအမည် အများအပြားမှာ ကျယ်ပြန့်လွန်းသောကြောင့် တစ်ခုချင်း ဖော်ပြရန်လည်း မစွမ်းသာပေ။

သို့သော်လည်း အင်တာနက်သုံးခြင်းဖြင့် 'အကျိုးအမြတ် မြောက်မြားစွာတို့ ရှိကြသလို တလွဲသုံးစွဲမိ၍ အကျိုးယုတ်သွားကြသည့် အဖြစ်သည်လည်း မြောက်များစွာပင် ရှိကြသည်ကို ကြားသိရသည်။ အကျိုးပေးကြီးသော အရာများ အကျိုးယုတ်လျှင်လည်း အဖတ်ဆည်၍မရနိုင်သည်အထိ ဖြစ်သွားတတ်လေသည်။

မြန်မာနိုင်ငံ လူမှုကွန်ယက်အနေဖြင့် အင်တာနက်ကို စတင်ပြီး သုံးစွဲခွင့်ရရှိရာ၌ အများအားဖြင့် "အင်တာနက်ကဖေး" ဟူ၍ နာမည်ကြီးလာခဲ့သည်။ ထိုတွင်လည်း ဈေးကြီးလွန်း၍ အဆင့်အတန်းနှင့် ဂုဏ်သရေရှိသူများသည်သာ သုံးနိုင်ကြပြီး တော်ရုံလူများ မကပ်နိုင်ကြပေ။

ထိုအချိန်မှာပင် နိုင်ငံကျော်မင်းသမီးလေးတစ်ယောက် အင်တာနက်မှာတွေ့၍ ချစ်ကြိုက်၊ ညားပြီးခါမှ သူပုန်ဗိုလ်ဖြစ်နေသည်ကို သိရသဖြင့် ရှင်းမရသည်အထိ ရှုပ်ရှက်ခတ်သွားသည့် အကြောင်းကို စိတ်မကောင်းစွာဖြင့် ကြားလိုက်ရသည်။

ထို့နောက်ပိုင်း သူငါပုဂ္ဂိုလ်အားလုံးတို့ တယ်လီဖုန်းနှင့်တကွ အင်တာနက်သုံးစွဲနိုင်လာကြရာ ထိုထိုကိစ္စ မြောက်များစွာတို့ကိုပင် ကြားသိလာရသည်။ တချို့ဘဝပျက်ပြီး အသက်ဆုံးရှုံးကြသည်အထိလည်း ရှိလာကြလေသည်။

ဤသည်ကို လေ့လာကြည့်မိသလောက် ဆိုရလျှင် အင်တာနက်ကို တလွဲအများ အသုံးချမိ၍ဖြစ်ကြောင်း သိရှိရသည်။ ယုံကြည်လွယ်ခြင်း၊ ဆုံးဖြတ်ချက် မြန်ဆန်ခြင်း၊ တစောက်ကန်းနိုင်ခြင်း၊ တစ်ဖက်သတ်ဆန်ခြင်း၊ အတ္တဝါဒလွှမ်းမိုးအားကြီးခြင်း၊ ကြီးစိုးနှိပ်စက်ခြင်းတို့ကြောင့်ဟုလည်း ဆို



www.burmeseclassic.com

www.burmeseclassic.com

နိုင်လေသည်။

ဥပမာ အမျိုးသမီးငယ်တစ်ယောက် အင်တာနက်မှာ တွေ့သော ချစ်သူရည်းစား၏ လှည့်ဖျားခြင်းကိုခံရ၍ ဘဝပျက်ရခြင်း၊ အသက်ဆုံးရှုံးရခြင်း စသည်များကို ကြားသိရသောကြောင့် စိတ်မကောင်းဖြစ်ကာ တစ်ဖတ်သက် ဆုံးဖြတ်ပြီး အပြစ်ပြောရန် မသင့်ပေ။ ရနိုင်သလောက် သူတို့၏အကြောင်းကို လက်တစ်ဆုံးနှိုက်၍ သုံးသပ်ရန်လိုပေသည်။

တချို့ မိန်းကလေးဘက်က လိုအပ်၍လည်း ဖြစ်တတ်လေသည်။

တချို့မိန်းကလေးများက ယောက်ျားလေးနှင့် အင်တာနက်မှာ တွေ့ဆုံချစ်ကြိုက်ပြီး ယုံကြည်မှုတည်ဆောက်ခြင်း အလျှဉ်းမရှိဘဲ နိုင်ငံခြားသို့တိုင်အောင်ပင် လိုက်သွားလေသည်။ ထိုအခါ ထင်သလို ဖြစ်မလာခဲ့ဘဲ မထင်မှတ်သည့် အကြောင်းအရာမြောက်မြားစွာတို့နှင့် ကြုံတွေ့ရ၍ မဖြေရှင်းတတ်သည့်အဆုံး ရေစုန်လိုက်ရသည့်အဖြစ်သို့ ဆိုက်ရောက်သွားလေသည်။

တချို့မှာ အင်တာနက်မှာတွေ့ရာမှ ချစ်ကြိုက်ပြီး လူချင်းလည်းတွေ့ဆုံ၍ ယုံကြည်လွယ်ကာ စိတ်ကူးယဉ်အိမ်ထောင်သည်ဘဝသို့တိုင် ရောက်သွားကြရာမှ မဖြေနိုင်သောကိစ္စများ ပေါ်ပေါက်လာ၍ မိန်းကလေးဘက်က အကျပ်ကိုင်ရာမှ မထင်မှတ်သော ဆိုးကျိုးများ ဖြစ်သွားကြသည်ကိုလည်း တွေ့ဖူး၊ ကြားဖူးသည်။

သည်အဖြစ်မျိုးတွင် ယောက်ျားလေးကိုချည်း အပြစ်ပုံချရန် မသင့်ဟု ဆိုချင်သည်။ မိန်းကလေးတိုင်းသည် ဆူးနှင့်ဖက်တို့၏သဘောကို နားလည်ထားခြင်းဖြင့် အချိန်စောစွာ ယုံကြည်မလွယ်မိရန်ကို ပို၍သာ၍ ဂရုစိုက်သင့်သည်။ ကြိုတင်ဂရုစိုက်ထားခြင်းဖြင့် ထိုထိုပြဿနာများ ဖြစ်ပေါ်လာရန် မရှိနိုင်တော့ပေ။

ယခု ထိုသို့မဟုတ်ပါဘဲ အချစ်နယ်ကျွံကာ စိတ်ကူးလွန်ပြီးမှ ထင်ထားသည်နှင့် ဖြစ်ပေါ်လာခြင်းများ တခြားစီဖြစ်သွားပြီးမှသာဆိုလျှင် အဖတ်ဆယ်ရန် ခက်သွားလေသည်။

ထို့ကြောင့် မူလက ချစ်စဖွယ်မျက်နှာလေးသည် ချိုးငှက်များကဲ့သို့ အရောင်ပြောင်း၍ ဘီလူးရုပ်ပေါက်ကာ ခြိမ်းခြောက်အကျပ်ကိုင်မိသောကြောင့် တစ်ဖက်၏ ကြည်နူးပျော်ရွှင်ဖွယ်နှင့် ဆန့်ကျင်သော ဒေါသစိတ်ဖြစ်လာရ... မဖြစ်သင့်သည့်အရာများ ဖြစ်သွားကြရသည်ကို အင်တာန... မှာပင် စိတ်မကောင်းစွာဖြင့် ကြည့်မြင်ဖတ်ရှုလိုက်ရသည်။

ထိုကဲ့သို့ မဖြစ်သင့်သည်များ ဖြစ်သွားကြရသည်... ဆိုခဲ့သည့်အတိုင်း ယှဉ်စပ်၍ သုံးသပ်ကြည့်လျှင် တစ်ဦးအပေါ် တစ်ဦး ယုံကြည်လွယ်ခြင်း၊ ဆုံးဖြတ်ချက်မြန်ဆန်ခြင်း၊ တစောက်ကန်းနိုင်ခြင်း၊ တစ်ဖက်သတ်ဆန်ခြင်း၊ အတ္တ၊ မာန၊ ဒေါသ ကြီးထွားခြင်း စသည်များ ရောထွေးသွားသောကြောင့် ရှင်း၍မရသည်အထိ ဖြစ်သွားကြရသည်ဟု ဆိုရပေတော့မည်။ တစ်ဖက်သတ်ဆိုရန်ကား မအပ်ပေ။ လက်ခုပ်တစ်ဖက်တီး မမြည်သည်မှာ သေချာသည်။

နောက် အဆင်မပြေသော အကြောင်းအရာ မြောက်များစွာတို့မှ အင်တာနက်ကို တလွဲအသုံးချပြီး တစ်ဦးနှင့်တစ်ဦး တစ်ဖက်နှင့်တစ်ဖက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရေးသားတိုက်ခိုက်ဖနကြခြင်းပင် ဖြစ်သည်။

အဆင်မပြေဆုံးမှာ နိုင်ငံ၏ ထိပ်ပိုင်းပုဂ္ဂိုလ်များ နိုင်ငံကျော် ထင်ရှားကျော်ကြား လူသိများသော ပုဂ္ဂိုလ်များ စသူတို့အား အဖုံဖုံအမျိုးမျိုး ရေးသားပုံဖော်ပြီး တိုက်ခိုက်နေကြခြင်းပင် ဖြစ်သည်။

စင်စစ်တွင် ဝေဖန်လိုကဝေဖန်၍ ရနိုင်သော နည်းလမ်းမြောက်များစွာပင် ရှိပေသည်။ ယဉ်ကျေးသောနည်း အကြမ်းမဖက်သောလမ်း၊ အများလက်ခံနိုင်သည့် ဝေဖန်ရေးသားပြောဆိုပုံ မြောက်များစွာပင် ရှိပေသည်။

"နည်းလမ်းကျကျ ထောက်ပြလိုပါက နိုင်ငံတော်သမ္မတကိုပင် ထောက်ပြပြောဆို ဝေဖန်နိုင်ကြောင်း" စသည်ဖြင့် ပညာရှိတို့ ဆိုထားကြသည်။ ဤစကားသည် ပြောဆိုဝေဖန်ရေးသားလိုသူတို့အတွက် အကောင်းဆုံးသာဖြစ်သည်။

သို့သော်လည်း ဝေဖန်ရေးသမား၊ ဝေဖန်ရေးစကား၊ ဝေဖန်ရေးစာဟူသည်မှာ အဝေဖန်ခံရသူ၏ ကောင်းကျိုးကို လိုလားသော စိတ်နှလုံးရှိပါမှ သန့်ရှင်းပေလိမ့်မည်။ သို့ပါမှလည်း အဝေဖန်ခံရသူမှာ အကျိုးဖြစ်ထွန်းသလို ဝေဖန်သူမှာလည်း လူရိုသေ ရှင်လေးစား ဆိုဘိသို့ ဖြစ်လာပေမည်။

ဆိုးကျိုးကို လိုလား၍ အလဲထိုးသောစိတ်ဖြင့်သာ ပြောဆို ဝေဖန်၊ ရေးသားပါမှု မှန်လျက်နှင့်ပင် မှားသကဲ့သို့

www.burmeseclassic.com

ဖြစ်သွားနိုင်လေသည်။ ပြောဆိုဝေဖန်သူကို ပညာရှိ ပညာရှင်ဟု သတ်မှတ်ထားကြသောကြောင့် ထိုအဆင့်မှလည်း လျော့ကျသွားနိုင်လေသည်။

ထိုသို့သဘောရှိသောကြောင့် တော်ရုံပုဂ္ဂိုလ်များ ဝေဖန်ရေးဆရာ လုပ်ရန်မသင့်ပေ။ ဝေဖန်ရေးဆရာသည် အဝေဖန်ခံရသူထက် အသိဉာဏ်ပညာကြွယ်ဝသူ၊ ဝေဖန်ခံရသူတို့ အကျိုးများအောင် ဝေဖန်တတ်သူ၊ အများလက်ခံနိုင်သည်အထိ ပြောဆိုရေးသား ထောက်ပြတတ်သူများသာ ဖြစ်သင့်လေသည်။

ထိုထိုဂုဏ်အဆင့်မရှိသူ၊ မပြည့်စုံ မကြွယ်ဝသူတို့သည်ကား သူတစ်ပါးတို့၏ အားနည်းချက်ကို အကွက်ကျကျမြင်တတ်ရန် ခဲယဉ်းသောကြောင့် ဝေဖန်ရေးဆရာလုပ်လျှင်လည်း မှန်သည်ထက် မှားသည်ကကသာ ပိုများနိုင်သောကြောင့် နှစ်ဦးနှစ်ဖက်တို့၏ အကျိုးကို ဆုတ်ယုတ်စေမည်သာဖြစ်သည်။

နောက်တစ်မျိုး အဆိုးဆုံးမှာ အကောင့်ထုခြင်းပင်ဖြစ်သည်။ အကောင့်ထုခြင်းမှာ ထုသူအဖို့ ဘာမျှမဖြစ်သော်လည်း အထုခံရသူမှာ နစ်နာရသည်။ ထိုအကောင့်ထဲတွင် တန်ဖိုးရှိသော အကြောင်းအရာအများအပြား ပါသွားနိုင်သည်။ ကိုယ်တိုင် အကောင့်မလုပ်တတ်လျှင် ဆိုင်ကိုသွားရသောကြောင့် အကောင့်လုပ်ခ၊ ကယ်ရီဖိုး စသည်ဖြင့် အကုန်အကျများလေသည်။

စင်စစ်တွင် အကောင့်ထုရန် မလိုအပ်ပေ။ တစ်ဖက်က ကိုယ်မလိုလားသော စာ/ပုံ စသည်များကို ပေးပို့နေလျှင်လည်း ထိုသူ၏ အကောင့်ကို ဘလော့လိုက်ရုံမျှဖြင့်ပင် လုံလောက်ပေသည်။ စိတ်အဆင့်မြင့်သူတို့မှာ ဘလော့ခြင်းပင် မပြုဘဲ ၎င်းပို့နေသော စာ/ပုံများကို လျစ်လျူရှုထားလိုက်သည်ဟုဆိုသည်။ ထိုပုဂ္ဂိုလ်မျိုးကို သူတော်ကောင်းသွေးပါသည်ဟု ဆိုရမည်။ အတုယူသင့်လှသည်။

အကောင့်ထုချင်သူများကို လေ့လာကြည့်လျှင်လည်း ထိုသူကိုယ်တိုင် အဆင်မပြေသည်ကို တွေ့နိုင်သည်။ ထိုသူကိုယ်တိုင် တစ်ကြိမ်မက သွားစ၍ တစ်ဖက်က တုံ့ပြန်သည်ကို မခံနိုင်သောကြောင့် အကောင့်ထုရန် အကြောင်းဖြစ်ပေါ်လာရသည်။

ငါများ၍ ခံရသည်။ ထို့ကြောင့် ငါသာလျှင် သည်းခံရမည်ဟူ၍ မသိနိုင်တော့ပေ။ ရသည့်နည်းဖြင့် အနိုင်ယူမည်ဟု မတရားသဖြင့်သာ ကြံစည်လေ၍ အပြစ်မရှိသူမှာ အထိနာရလေသည်။ အင်တာနက်၏ လွတ်လပ်ခြင်းကို တလွဲအသုံးချခြင်းမှာလည်း ထင်ရှားလေသည်။

တစ်ခါက တပည့်တစ်ယောက် ပြောပြသည်ကို မှတ်သားဖူးသည်။ မဲရွေးရန် နီးသောကာလ၌ ဦး(----)ကို ထောက်ခံလျှင် (၁) ဒေါ်(----)ကို ထောက်ခံလျှင် (၂) ဟု ဆန္ဒတောင်းနေသည်ကိုတွေ့၍ ရိုးသားမည်ဟု မထင်သောကြောင့် စောင့်ကြည့်နေရာ ထိုအချိန်က မဲဆန္ဒကို အာရုံစိုက်နေကြချိန်ဖြစ်သဖြင့် ထောက်ခံ/ကန့်ကွက်ကိစ္စများလည်း ထူပြောနေလေရာ နှစ်မိနစ်ခန့်အတွင်းမှာပင် ထောက်ခံ၊ ကန့်ကွက် ဦးရေပေါင်း နှစ်ဆယ်မက တက်လာသည်ဟု ဆိုသည်။

သို့သော်လည်း ဆန္ဒတောင်းခံနေသူသည် ရိုးသားခြင်း မရှိသောကြောင့် သူမလိုလားသူအား ထောက်ခံလျှင် ချက်ချင်း စောင့်ဖျက်နေသည်ကို တွေ့ရ၍ ထိုအကြောင်းကို အများသိအောင် ဝင်ရောလေရာ နောက်နေ့မှာပင် အကောင့်ထုခံလိုက်ရကြောင်းကို ပြောပြသည်။

တပည့်ဖြစ်သူမှာ အခြားပြဿနာမရှိဘဲ သည်တစ်ခုကိုသာ ဝင်ပြောမိ၍ အကောင့်ပျက်သွားသည်ဟု ဆိုသဖြင့် ထိုကိစ္စနှင့် ပတ်သက်ပြီး အထုခံလိုက်ရသည်မှာ ထင်ရှားလေသည်။

တပည့်သူသည် တယ်လီဖုန်း၊ အင်တာနက် စသည်များကိုလည်း အထိုက်အလျောက် နားလည်တတ်ကျွမ်းသောကြောင့် မှားနှိပ်မိ၍ အကောင့်ပျက်စီးရန်လည်း အကြောင်းမရှိပေ။ အမှန်တရားကို လိုလား၍ ဝင်ပြောမိသောကြောင့် အကောင့်ထုခံလိုက်ရသည်ဟုဆိုသည်။

ဤစာရေးသူမှာ တယ်လီဖုန်း၊ အကောင့်၊ ဖိုင်ဘာ စသည်များကို နားလည်တတ်ကျွမ်းခြင်း မရှိပေ။ ထို့ကြောင့် ထိုထိုကိစ္စများနှင့် ပတ်သက်လာလျှင် တပည့်များအား ခေါ်ပြရခြင်း၊ ဆိုင်ကိုသွားရခြင်းများ မကြာခဏပင် ဖြစ်ပေါ်တတ်သည်။

ဤစာရေးသူလည်း မကြာခဏဆိုသလိုပင် အကောင့်

www.burmeseclassic.com

အထုခံရမှုသည်။ ဤစာရေးသူမှာ အများအားဖြင့် စာပေ အရေး ဘာသာရေး သည်နှစ်မျိုးနှင့် ပတ်သက်ပြီးသော အင်တာနက်သုံးလေ့ရှိသည်။ လူမှုရေး စသည်များမှာ ရှိတန် သလောက်သာရှိသည်။

ဤနှစ်မျိုးသည်လည်း အအေးဓာတ်ကို ဆောင်ခြင်း သဘောမျိုးသာဖြစ်သဖြင့် အကောင့်ထုခံရရန် မရှိဟူ၍ပင် ဆိုနိုင်သည်။ သို့သော်လည်း တစ်ဖက်သတ်ဆန်ပြီး အစွန်းလွန် သော ပုဂ္ဂိုလ်များနှင့် ကြုံရသောအခါ ၎င်းတို့အဖို့ ရန်သူ သဖွယ် ရှုမြင်ခြင်းခံရတတ်ပြန်သည်။

အများဖြင့် ဘာသာရေးနှင့်ပတ်သက်ပြီး အထုခံရ သည်ကများသည်။ ဘာသာရေးခေါင်းဆောင်ကြီးတို့အား မမှန် မကန် ညာတာမဲ့ တိုက်ခိုက်နေသည်ကို တွေ့ရသောအခါမျိုး တွင် ရေးသင့်သည်ကို ဝင်၍ရေးပေးရသည်။ တာဝန်မဲ့စွာဖြင့် လည်း မနေသင့်ပေ။

ထိုကဲ့သို့ ရေးသားရာတွင်လည်း မည်သည့်အခါမျှ ဤစာရေးသူသည် စည်းလွန်၊ ဘောင်လွတ် ရေးသားလေ့မရှိ ပေ။ မည်သည့်အကြောင်းနှင့်မျှ ကမ္ဘာ့စာမျက်နှာကြီးဖြစ်သော အင်တာနက်ကိုလည်း မညစ်ပတ်စေလိုပေ။

ယဥ်ကျေးသိမ်မွေ့စွာဖြင့်ပင် ၎င်းတို့အား ဆရာ၊ ဆရာမဟု သုံးနှုန်းကာ အကွက်ကျကျ အချက်ပိုင်ပိုင် လှ တိုင်းနေလည်ပြီး လက်ခံနိုင်လောက်သော စာလုံး၊ စာသား များ၊ ဥပမာ၊ ဥပမေယျများဖြင့်သာ ဝင်ရေးလေ့ရှိသည်။

ဤသည်ကိုပင် ၎င်းတို့ဘက်က အုပ်စုဖွဲ့ပြီး ရန်သူ သဖွယ် ရှုမြင်ကာ ဟိန်းဟောက်ခြင်း၊ ဆဲဆိုတိုင်းထွာခြင်း၊ အကောင့်ကို ခြိမ်းခြောက်ခြင်းများ ပြုလုပ်လာကြသည်။ သို့ သော်လည်း မည်သည့်အခါမျှ ဤစာရေးသူသည် ၎င်းတို့နှင့် သံယောင်လိုက်၍ တုဖက်ပြီး အင်တာနက်စာမျက်နှာကြီး ညစ်ပတ်စွန်းထင်းလာအောင် ပြုလုပ်၊ ပြောဆို၊ ရေးသားလေ့ မရှိပေ။

•

အမှန်ဘက်က ရပ်တည်တတ်သော ပုဂ္ဂိုလ်ဖြစ်သည့် အလျောက် ဖရုသဝါစာဖြင့် တုန့်ပြန်ခြင်းလည်းမရှိခဲ့။ ယုတ်စွ အဆုံး ဘလော့ခြင်းလည်းမရှိ။ မဖြေရှင်းဘဲလည်းမနေ။ အများလက်ခံနိုင်လောက်သည့် စာလုံး၊ စာသား၊ ဥပမာ၊ ဥပမေယျများဖြင့်သာ ရေးသားလေ့ရှိသည်။ ဤသည်ကိုပင် ရန်သူသဖွယ် ရှုမြင်ပြီး အထုခံရပြန်သည်။

၎င်းတို့အတွက် အမှန်တရား၊ အမှန်စကားနှင့် မထိ... တန်ကြလေခြင်း။ ရှိနှင့်ပြီးသော အမှန်တရားကို အမည်... လျက် ဖုံးကွယ်ကာ အဖိုးနှုန်းထိုက်သည့် ကမ္ဘာ့ကွန်ယက်... ဖြစ်သော အင်တာနက်စာမျက်နှာကြီးကို ခုတုံးလုပ်၍ အအေး... ဓာတ်ဆောင်သည့် ဘာသာရေးဦးဆောင် ဆရာတော်ကြီးမျ... ကို တိုက်ခိုက်နေကြသလို အမှန်ဘက်က ရပ်တည်ပြီး ... မရသည်အထိ ဖြေရှင်းပေးသူကိုလည်း ရန်သူကြီးသဖွ... ရှုမြင်လေခြင်းဟု စိတ်မကောင်းဖြစ်ရသည်။

တချို့မှာ အအေးဓာတ်ဆောင်သော ဘာသာရေး... သမားများကိုပင် သီးသန့်တိုက်ခိုက်ရန်အတွက် စုဖွဲ့ထားခြ... လုပ်ကြံစိုင်ကြားပြီး အကောင့်ထုခိုင်းရန် စီမံထားခြင်း စသည်... များကိုလည်း ကြားသိရသည်။ မကြံစည်သင့်၊ မကြံစည်အပ်... မလုပ်ထိုက်၊ မလုပ်အပ်သော အကြောင်းအရာကြီးသာ ဖြ... လေသည်။

ထို့ကြောင့် အကောင့်ထုဆရာတို့ အနေဖြင့်လည်း... ထုပေးရန် အပ်ထားသော အကောင့်ကိုရော အထုခိုင်းသူတို့... အကောင့်များကိုပါ ဝင်ကြည့်ခြင်း၊ စောင့်ကြည့်ခြင်း ပြုသင့်... သည်။ အဘယ်ကြောင့်ထုခိုင်းသည်ကိုလည်း သိအောင်လေ့... လာသင့်သည်။ ၎င်းတို့က လုပ်ကြံပြောဆို တိုင်ကြားထားခြ... သည့်အတိုင်း ဟုတ်/မဟုတ် နားလည်သင့်သည်။ ထိုသို့... မဟုတ်ဘဲ ထုခိုင်းသည့်အတိုင်း မလေ့လာ မစူးစမ်းဘဲ ထုရေ... လိုက်ပါက တစ်ဖက်တွင် အချောင်သက်သက် နစ်နာရလေ... သည်။

အင်တာနက်နှင့် ပတ်သက်၍ အခြားအကြောင်းအရာ... မြောက်များစွာပင် ရှိပေသည်။ ဤ၌ကား ဤမျှသာ အကြံပြု... တင်ပြလိုက်ရပေသည်။

မင်းဟိန်းထိ...



www.burmeseclassic.com

www.burmeseclassic.com


**ဗေဒင်ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ထံမှ နှစ်ပေါင်း(၂၀)နီးပါးက စာတစ်စောင်**

...ဦးအောင်မိုးဇော်(အထက်တန်း နက္ခတ္တဗေဒ၊ လက္ခဏာပညာရှင်)အား
...နှစ်တွင် တွေ့ရှိ၍ ဘဝရေးရေးများကို
...ခဲ့ရာ ကျွန်တော့်အား ၁၉၈၄ ခု ပြက္ခဒိန်အတွင်း
...ပြည် အရှေ့မြောက်ဒေသ တိုင်းပြည်သို့
...တော်သင်ခရီး သွားရောက်ရပြီဟု ဟောကြားခဲ့ပါသည်။
...ခါတွင် ဆရာ၏ ဟောကြားချက်များအတိုင်း
...ပြည်သူ့သမ္မတနိုင်ငံသို့ (၁၅-၈-၁၉၈၄)နေ့တွင်
...တော်သင်အဖြစ် သွားရောက်ခဲ့ရပါသဖြင့်
...နှန်ကန်စွာ ဟောကြားခဲ့သော ဆရာ၏ပညာရပ်များကို
...ကျူး ဂုဏ်ပြုလိုက်ပါသည်။

စိန်ဝင်း
B.E (Mech.)
စက်ပစ္စည်းစက်ရုံ အမှတ်(၁)



၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

(Ex. စာပေဗိမာန်)

အထက်တန်းလက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်

ASTRO-PALMIST EXPERT

သင်တန်းနည်းပြ

အလုပ်ခန်းနေရာ

အမှတ်(၁၄)၊ ဖွဲ့ဘုန်းပွင့်ဘုရားရှေ့တန်း။
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အလုပ်ချိန် - နံနက်(၈း၃၀)မှ ညနေ(၆း၀၀)နာရီထိ



# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒီဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့် ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့ လာရောက်လေ့လာနိုင်ပါသည်။(နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

...တ်ချက်။ ။လိပ်ခေါင်းရောဂါသည် တားဆေးသက်သက်ဖြင့် လုံးဝပပျောက်ကင်းပါ။

...ဦးကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန်(လိပ်ခေါင်းအထူးကုဗိန္ဒာ)

...ဆေးခန်းဌာနခွဲ

...(၅၀)၊ (၅)လွှာ၊ (၁၂)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၂၅၀၃၁၃၄၂၇၊ ၀၉-၈၇၂၄၂...

...မ်းကြား၊ ၈၀-၈၁လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅


www.burmeseclassic.com

www.burmeseclassic.com

# သူကောင်လေး၏ မြောက်မြားလုံးကျလုံး

■ ဝေယံလင်းခေါင်




www.burmeseclassic.com

www.burmeseclassic.com

# သူတော်ငတေ ၏ လောက်စာလုံးတစ်လုံး

■ ဝေယံလင်းခေါင်

နွေတစ်လ၏ တစ်နေ့မနက်တွင် ရွှေတောင်ကြားရွာမှ ဦးဖိုးစောမည်သော ရွာသူကြီးတစ်ယောက်သည် သူတော်ငတေထံ ရောက်လာလေသည်။ ဦးဖိုးစောနှင့် သူတော်ငတေတို့မှာ ငယ်စဉ် ဘုန်းကြီးကျောင်းသားဘဝတုန်းကပင် ရင်းနှီးပြီးသားဖြစ်သဖြင့် ဦးဖိုးစောသည် သူတော်ငတေ၏ ဖိုရုံဝကို တန်းတန်းမတ်မတ်ပင်လာ၏။

သူ့ဖိုရုံထဲကို မပြောမဆို အသံဗလံမပြုဘဲ မည်သူ့ကိုမျှ အဝင်မခံသော သူတော်ငတေက ဦးဖိုးစောကိုမြင်လိုက်သောအခါ စိတ်တိုတိုနှင့် -

"ဟေ့ကောင် ဖိုးစော၊ ဘာလဲကွ စောစောစီးစီး"

ဟု ကြည့်အော်လိုက်၏။

"စောစောစီးစီးဆို ကျုပ်တို့ရွာမှာ ခုဘာလော ရောဂါဆိုးတစ်ခု ဖြစ်နေလို့ပါဗျ။ အဲဒါ"

"ဟင်...မင်းတို့ရွာ ရောဂါဆိုး ဖြစ်နေလျက်နဲ့ ငါတို့ရွာကို လာတယ်"

သူတော်ငတေက မျက်လုံးပြူး မျက်ဆန်ပြူး ပြောလိုက်တော့ ဦးဖိုးစောကလည်း သူ့စကားပြောလောပြီး များသွားလေသလားဆိုသည်ကို သတိရသွားသည်။

သူတို့ဆီ၌ ရောဂါဆိုးဆိုသည်မှာ ကာလဝမ်းရောဂါနှင့် ကျောက်ကြီးပေါက်ရောဂါကို ဆိုလိုသည်။ အချို့ကလည်း မကောင်းသောရောဂါဟု သုံးလေ့ရှိကြ၏။ ထိုခေတ် ထိုအခါက ကာလဝမ်းရောဂါနှင့် ကျောက်ကြီးပေါက်ရောဂါကို သူတို့အရပ်က လူများသည် သေမလောက် ကြောက်ကြလေသည်။

ထို့ကြောင့်လည်း တစ်ရွာရွာတွင် ကျောက်ကြီးပေါက်ရောဂါနှင့် ကာလဝမ်းရောဂါဖြစ်သည့်ရွာကို အနီးပတ်ဝန်းကျင် ရွာများက လောလောဆယ် အားလုံး အဆက်အသွယ် ဖြတ်တောက်ထားကြရ၏။ ကာလဝမ်းရောဂါနှင့် ကျောက်ကြီးပေါက်ရောဂါဖြစ်နေသောရွာမှ မည်သည့်ရွာသူရွာသား တစ်ဦးတစ်ယောက်ကိုမှ တခြားရွာသို့ မသွားရ၊ မလာရ၊ မဝင်ရဟု ဂါမပညတ်ကလည်း ရှိသည်။

ထိုရွာမှ လူတစ်ဦးတစ်ယောက်သည် နောက်တစ်ရွာသို့ သွားမိ၍ ရွာထဲသို့ဝင်မိလျှင် ထိုသူအား ဂါမပညတ်အရ သတ်ပစ်၍လည်း အပြစ်မရှိဟု တိုက်နယ်တစ်ခုလုံးက စည်းကမ်းထုတ်ထားကြသည်။ ရောဂါဆိုး သို့မဟုတ် ရောဂါမကောင်းဆိုသည့် ကာလဝမ်းရောဂါနှင့် ကျောက်ကြီးပေါက်ရောဂါကို သူတို့နယ်က ထိုမျှအထိ ကြောက်ရွံ့ကြသည်။

ကျောက်ကြီးရောဂါ၊ ကာလဝမ်းရောဂါ ဖြစ်နေသောရွာမှ တစ်ယောက်ယောက်သည် တခြားရွာကိုသွားလာရန် မဆိုထားနှင့် မိမိရွာ၌လည်း ကျောက်ကြီးရောဂါဖြစ်သူ၊ ကာလဝမ်းရောဂါဖြစ်သူ အိမ်သူအိမ်သားများကို ချက်ချင်း ရွာပြင်ထုတ်ပြီး မိသားစုအလိုက် သီးခြားနေစေသည်။

ရောဂါရနေသူ မိသားစု၏ စားနပ်ရိက္ခာကိုမူ ရွာသူရွာသားတွေက ထိုမိသားစုကို တောထုတ်ထားသည့်နေရာနှင့် ရွာကြားတွင် တစ်နေရာ သတ်မှတ်ပေးထားသည်။ ထိုနေရာတွင် ကုလားတက်တစ်ခုကိုလည်း ဆွဲထားပေးသည်။ တောထုတ်ထားသော မိသားစုများအတွက် ရွာကလူများ ရိက္ခာလာပို့ပြီးလျှင် ထိုကုလားတက်ကိုခေါက်၍ ရိက္ခာလာယူရန် အချက်ပေးရသည်။ ထိုကု



www.burmeseclassic.com

www.burmeseclassic.com

လားတက်ခေါက်သံကြားက တောထုတ်ခံထားရသော မိသားစုထဲက နေကောင်းကျန်းမာသူများ လာယူရသည်။ ရွာက ရိက္ခာလာပို့သူနှင့် သူတို့က လူချင်းမတွေ့ကြရ။ တွေ့မိမြင်မိကြလျှင် ရောဂါကူးသည်ဟု အယူအဆရှိကြ၏။

ယခု ထိုသို့ ရောဂါဆိုးတစ်ခု ဖြစ်နေလို့ဟူသော ဦးဖိုးစောစကားကြောင့် သူတော်ငတေက -

"ခု ဘယ်နှယောက်တောင် သေကုန်ပလဲ"

ဟုမေး၏။ သူစောစောက အပြောလောပြီး မှားသွားသည်ကို ဦးဖိုးစောကလည်း သတိမရဘဲ သူတော်ငတေသည် သူထုံးစံအတိုင်း သူ့ကို ဘုဘောက်ပြောပြီအထင်နှင့် -

"ခင်ဗျားကတော့ လူတွေ့တာနဲ့ အမင်္ဂလာစကားပြောပြီ။ မဆိုကောင်းဆိုကောင်း ဖွဟဲ့လွဲပါစေ ဖယ်ပါစေ။ ခင်ဗျားပါးစပ်ပုပ်ကြီးနဲ့"

"သြော်···ငါက ပါးစပ်ပုပ်ကြီးနဲ့ ဟုတ်လား။ မင်းပဲ စောစောက မင်းတို့ရွာမှာ ရောဂါဆိုးတစ်ခု ဖြစ်နေလို့ဆို"

"ကျုပ် စကားပြောလောသွားလို့ပါ ဦးသူတော်ရာ။ ဦးသူတော်ထင်သလို ကျုပ်တို့ရွာမှာ ရောဂါဆိုး မဖြစ်ပါဘူးဗျ"

"နင့်အမေကလွှားပဲ။ ဒါဆို ဘာရောဂါလည်း ရှင်းရှင်းပြောစမ်းပါကွာ"

"ဖြစ်တာက ဒီလိုဦးသူတော်ရယ်"

"အေး···ဟိုလိုမဟုတ်ရင်ပြီးရော ပြော"

"ရွာက မိန်းမသူတွေဗျာ။ ညနေမှောင်ရီဖျိုးဖျ နွားရိုင်းသွင်းချိန်ရောက်တာနဲ့ တစ်ယောက်မဟုတ် တစ်ယောက် ဗိုက်အောင့်တယ်ဆိုပြီး လိုမ့်အော်နေကြတာဗျ။ အဲဒါ ဦးသူတော်ဆီ အကျိုးအကြောင်းသိရအောင် မေးပေးစမ်းပါပြောကြလို့ ကျုပ်လာတာ။ အဲဒါ ဦးသူတော်"

"ဟ···ဌါ့မယားတွေမှ မဟုတ်တာ။ မင်းတို့ရွာက မိန်းမတွေ ဗိုက်အောင့်တာနဲ့ ငါနဲ့ မပတ်သက်ရပါလား ဟေ့ကောင်ရ"

"ဟုတ်ပါတယ်။ ဦးသူတော် မိန်းမတွေနဲ့ မပတ်သက်တာ လူတိုင်းသိပါတယ်။ ဘယ်လူနဲ့ ဘယ်လိုပတ်သက်နေတယ်ဆိုတာ ကြည့်ပေးစမ်းပါ။ လုပ်ပေးစမ်းပါလို့ ပြောပါတယ်ဆို"

"ခု အဲသလို ညနေပိုင်း ဗိုက်အောင့်ပါတယ်ဆိုတဲ့ မိန်းမတွေ ဘယ်နှယောက်ရှိပလဲ"

"လေးငါးယောက်ရှိပြီ။ ဒီနေ့ညကျရင် ဘယ်လူများ ဗိုက်အောင့်သံကြားရမလဲလို့ ကျုပ်တို့မှာ ရင်တထိတ်ထိတ်ပဲဗျ။ အဲဒါ မိန်းမတွေကလည်း ညရောက်တိုင်း သွေးလန့်နေကြတာ"

"စောစောက မင်းပြောတော့ ဘယ်အချိန်ရယ်"

"နွားရိုင်းသွင်းချိန် ခေါ်မှာပေါ့။ မှောင်ရီဖျိုးဖျလေ"

"အပျိုတွေလား၊ အအိုတွေလားကွ"

"အပျိုတွေရော၊ အအိုတွေရောပဲဗျ"

"သူတို့က ဘာလုပ်ကြလဲ"

"ဘာလုပ်မှာလဲ၊ တောသူ တောင်သားတွေပဲ။ လယ်ယာကိုင်းကျွန်းပေါ့"

"မင်းအဘ တောသူတောင်သားလယ်ယာကိုင်းကျွန်းလုပ်တာတော့ ငါသိတာပေါ့။ ငါမေးတာက သူတို့တွေ ဟိုရွာဒီရွာသွားပြီး ခေါင်းရွက်ဗျပ်ထိုးဈေးနားတွေဘာတွေ သွားရောင်းတတ်ကြလားလို့ မေးတာကွ"

"ခေါင်းရွက်ဗျပ်ထိုးတွေလည်း ပါမှာပေါ့။ ဦးသူတော်သိတဲ့အတိုင်းပဲလေ။ ဟင်းရွက်ကန်းစွန်းနဲ့ ရာသီပေါ်သီးနှံတွေတော့ ဈေးရှိတဲ့မင်းရွာကို မိန်းမသူတိုင်း သွားရောင်းနေကျပဲလေ"

"မင်းပြောတဲ့ နွားရိုင်းသွင်းချိန်က နေ ဘယ်လောက်ကြာကြာ ဘယ်နှနာရီ၊ ဘယ်အချိန်ထိလည်း တစ်ညလုံးလား"

"တစ်ညလုံးလည်း မအောင့်ဘူး။ တစ်နေ့လုံးလည်းမအောင့်ဘူး။ နွားရိုင်းသွင်းချိန် နာရီဝက် တစ်နာရီလောက်ပဲ။ အဲဒီ နာရီဝက် တစ်နာရီမှာတော့ အမေကယ်ပါ အဖေကယ်ပါ လိမ့်အော်နေကြရတာ။ နောက်တော့ ပျောက်သွားရော"

"ဟေး···ဟေး မင်းတို့ရွာက မိန်းမတွေ ဗိုက်အောင့်တာကလည်း တစ်မျိုးကြီးပါလား"

သူတော်ငတေက သူခေါင်းပေါ်ပြောင်ကြီးကိုပွတ်ကာ ဦးဖိုးစောမျက်နှာကို စေ့စေ့ကြည့်၍ ပြော၏။

"အဲဒါကြောင့် မရိုးဘူးထင်လို့လေဗျာ"

"အေးကွ။ မင်းပြောသလိုဆို မရိုးတာတော့ အမှန်ပဲကွ။ အဲဒါ ဒီလိုလုပ်ကြည့်ကြရအောင်။ ခုစောသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

ခင်းတို့ရွာက ဈေးလှည်းမီဦးမလား"

"ဟာ···ဈေးလှည်းတွေက ဒီအချိန် ဘယ်ရှိတော့မလဲ။ ဝေလီဝေလင်းကတည်းက သွားကြပြီပေါ့။ ဦးသူတော်ဘာနိုင်းချင်လို့လည်း ပြောပါ"

"ဩော်···ဒီလိုပါ။ မြို့ကို ဈေးလှည်းကြုံရင် အမဲသားငါးဆယ်သားလောက် မှာလိုက်ပါလားပြောမလို့ပါ။ ဒီတို့ တောရွာတွေမှာတော့ မရနိုင်ဘူးလေကွာ"

"ဈေးလှည်းမမီပေမယ့် မြို့ကို ခြေကျင်တစ်ယောက်ယောက်ကို လွှတ်လိုက်မယ်ဗျာ။ မြို့မှာ ရွာက ဈေးလှည်းသမားတွေနဲ့ တွေ့မှာပဲ။ အမဲသား ငါးဆယ်သားဝယ်ပြီး ညနေ ဈေးလှည်းကြုံနဲ့ ပြန်လိုက်လာခဲ့ မှာလိုက်ရင် ရပါတယ်"

"အဲဒါဆို မင်းစောစောသွားပြီး စီစဉ်လိုက်တော့ ဟုတ်လား"

"ဟုတ်ကဲ့ပါ"

ပြောရင်းက ဦးဖိုးစောက အမြန်ထသည်။

သူတော်ငတေတို့ ယာတောင်ရွာနှင့် ရွှေတောင်ကြားရွာမှာ ခြေကျင်ဆယ့်ငါးမိနစ်ခရီးသာရှိသည်။

"ဟေ့···ဟေ့ ခဏ···ခဏနေဦးကွ။ ဒါနဲ့ မင်းတို့ရွာမှာ လေးခွလက်ဖြောင့်တဲ့ တစ်ယောက်ယောက်များမရှိဘူးလား"

"ရှိတာပေါ့။ ကလေးတိုင်းလိုလို လက်ဖြောင့်ကြတာပဲ"

"ကလေးနဲ့ မဖြစ်ဘူးကွ။ လူကြီးမှမဟုတ် ကာလသားပေါက် တစ်ယောက်ယောက်ပေါ့"

ဒီငတေ ဘာသဘောနှင့် အမဲသားဝယ်ခိုင်းပြီး လေးခွလက်ဖြောင့်သူ တစ်ယောက်ယောက်ကို မေးနေပါလိမ့်ဟု ဝေခွဲမရစိတ်နှင့် ဦးဖိုးစောက သူတော်ငတေမျက်နှာကို စိုက်ကြည့်ပြီး -

"ရှိပါတယ်။ ငထော်ကြီးဆို သိပ်လက်ဖြောင့်ပေါ့။ စာကလေးလို အကောင်သေးသေးလေးတောင် ခေါင်းဆိုခေါင်း။ ကိုယ်ဆိုကိုယ် ထိအောင်ပစ်နိုင်တယ်လေ။ ဦးသူတော်သိပါတယ်။ တောင်ပိုင်းက ဦးတောလူရဲ့သားလေဗျာ"

"ကဲ···အဲဒါဆို ဒီလိုလုပ်ကွာ။ အဲဒီတောလူရဲ့သားကို လေးခွရယ်၊ လောက်စာသီးသုံးလုံးရယ်နဲ့ ငါ့ဆီလွှတ်လိုက်။ မင်းပြန်တော့။ အမဲသားကတော့ အချိန်မီရမှဖြစ်မယ်နော်"

"ကောင်းပြီ။ အဲဒီမြို့ကဝယ်လာတဲ့ အမဲသား ကျုပ်က နောက် ဘယ်လိုလုပ်ရမလဲ"

"ဟာ···အမဲသားပါဆို ဘာလုပ်ရမှာလည်း။ စပါးလင်နိုင်နိုင် မဆလာနိုင်နိုင်နဲ့ အတုံးကြီးကြီးတုံးပြီး ချက်ထားလိုက်ကွာ"

"ကဲ···ချက်ထားပြီးပါပြီ။ နောက် ဘာလုပ်ရမလဲ"

"ဟ···ဘာလုပ်ရမှာလဲ ငါလာစားမှာပေါ့ဟ"

"သူများတွေ သေရေးရှင်ရေးထဲ မဟုတ်ကဟုတ်က ပြောပြန်ပြီ"

မတ်တတ်ရပ်က ဦးသူတော်ကို တစ်ချက်စောင်းကြည့်ပြီး ဦးဖိုးစောက ပြောလိုက်၏။

"သွားစမ်းပါ။ ငါပြောသလိုသာ မင်းချက်ထားလိုက်စမ်းပါ။ ဟိုကောင်လေး အဲ···တောလူရဲ့သားကိုလည်း မြန်မြန်လွှတ်လိုက်။ သွားတော့ကွာ။ ငါ့အလုပ်ရှိသေးတယ်။ မေ့လို့ မေ့လို့ ဒီကိစ္စ ဘယ်သူမှ မပြောလိုက်နဲ့နော်။ ဟိုကောင်လေးကိုလည်း မင်းဘာမှ မပြောနဲ့။ ငါ့ဆီသာလွှတ်လိုက်။ တော်ကြာ သတင်းပေါက်ကြားသွားလို့ ငတေ ညနေတိုင်း ဖိုးစောအိမ်မှာ အမဲသားနဲ့ စားပွဲလာထိုင်နေတယ်ဆို ငါ့သိက္ခာကျမှာစိုးလို့ကွ။ ကဲ···သွားသွား ငါပြောသလိုသာ လုပ်ထားလိုက်။ ငါစားဖို့ အမဲသားက မြန်မြန်ရဖို့ အရေးကြီးတယ် ဟဲဟဲ"

"ပေါက်ကရ"ဟုပြောပြီး ဦးဖိုးစော သူတော်ငတေ ဖိုရုံထဲက ထွက်လာ၏။

"ပေါက်ကရ မဟုတ်ဘူး။ ငါပြောသလိုသာ လုပ်ထားလိုက်"

သူတော်ငတေက ထပ်မှာလိုက်သေး၏။

"အေးပါ···အေးပါ"

မိမိရွာ ရွှေတောင်ကြားကိုရောက်သည်နှင့် သူတော်ငတေ ခိုင်းလိုက်သလို ခြေမြန်တစ်ယောက်အား မြို့ကို အမဲသားဝယ်ရန် လွှတ်လိုက်ပြီး ဦးတောလူရဲ့သား ထော်ကြီးကိုလည်း လေးခွတစ်လက်၊ လောက်စာသီးသုံးလုံးနှင့် သူတော်ငတေဆီ လွှတ်လိုက်လေသည်။

× × ×

"ဘဘဦးဖိုးစော လွှတ်လိုက်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

"အေး···အေး···မင်းကို ဘဘ မျှော်နေတာ။ တောလူသားဆို"

"ဟုတ်ကဲ့"

တကယ်လည်း ဖိုရုံဝတွင် မတ်တတ်ရပ်နေသော သူတော်ငတေက ပြော၏။

"ငါမှာလိုက်တဲ့လေးခွနဲ့ လောက်စာသီးသုံးလုံးကော ပါရဲ့နော်"

"ဟုတ်ကဲ့ ပါပါတယ် ဘဘ"

"ကဲ···လာ။ မင်းအဖေတောလူ ဘာလုပ်နေလဲ"

"စပါးကြိတ်ဆုံ ပြင်နေပါတယ် ဘဘ"

"သူတော်ငတေခေါ်ရာသို့ လိုက်လာရင်း ထော်ကြီးက ပြော၏။

သူတော်ငတေသည် ထော်ကြီးအား ကျောင်းခေါင်းရင်းဘက်ရှိ ဥယျာဉ်နားခေါ်လာ၏။ ပြီး ဥယျာဉ်ထဲတွင် စိုက်ထားသော သံပရာပင်နှင့် သုံးလေးလံအကွာသို့ ရောက်သောအခါ "ဒီမှာရပ်" ဟု ပြောလိုက်၏။ သူတော်ငတေပြောသလို ထော်ကြီးက ရပ်လိုက်၏။

"ဟို အရှေ့ဘက်ထိုးနေတဲ့ အဲဒီကိုင်းဖျားမှာ သံပရာသီး ဘယ်နှလုံးရှိလဲ ကြည့်စမ်း"

ထော်ကြီးက လှမ်းကြည့်၍ -

"သုံးလုံးမြင်ပါတယ်"

"အေး··မင်း မျက်စိကောင်းသားပဲ။ အဲဒါကြောင့် မင်းလက်ဖြောင့်တာ။ ဘဘတော့ မှုန်တိမှုန်ဝါးပဲကွ။ အလယ်က သံပရာသီးကို မင်း ထိအောင်ပစ်စမ်း။ ဘဘကြည့်မယ်။ ထိအောင်ကို ပစ်နော်"

"ဟုတ်ကဲ့ပါ"

ပြောပြီး ထော်ကြီးက လေးခွချိန်ကာ အလယ်လုံးကို ပစ်ချလိုက်သည်။

"အေး···ငါ့လူက တကယ့်အာဂကောင်ပဲကွ။ တော်တော် ငရဲအဲ့ကြီးဦးမယ့်အကောင်။ အဲဒီသံပရာသီးကို သွားကောက်လိုက်စမ်း"

သူတော်ငတေခိုင်းသလို ထော်ကြီးက သွားကောက်လာ၏။

"ပေး ငါ့ကို။ နှစ်လုံးကျန်သေးတယ်နော်"

"ဟုတ်ကဲ့"

"ကျန်တဲ့နှစ်လုံးက ကိုင်းရင်းက အလုံးကို ပစ်စမ်းကွာ"

ထော်ကြီးက ပစ်ချလိုက်ပြန်၏။

သူတော်ငတေက ထော်ကြီးမျက်နှာကို စူးစူးစိုက်စိုက်ကြည့်နေသဖြင့် ထော်ကြီးမှာ မနေတတ်မထိုင်တတ်ဖြစ်ကာ စောစောက ကောက်ပေးသလို သံပရာသီးကို သွားကောက်ပေးမယ်အလုပ်တွင် သူတော်ငတေက "နေဦး" ဆိုသဖြင့် ရပ်နေလိုက်ရပြန်၏။

"ကဲ··ကျန်တဲ့တစ်လုံးပါ ပစ်ချလိုက်တော့"

ထော်ကြီးက ပစ်ချလိုက်ပြန်၏။

"ကဲ···သွားကောက်တော့။ မင်းနစ်ခေါက်သွားနေရမှာစိုးလို့"

သူတော်ငတေက သွားကောက်ဆိုတော့လည်း ထော်ကြီးမှာ သံပရာသီးနှစ်လုံးကို သွားကောက်လိုက်ရပြန်၏။ "ပေး"ဆိုတော့လည်း သူတော်ငတေလက်ထဲ ပေးလိုက်ရပြန်၏။ "လာ"ဟု ဆိုပြန်တော့လည်း သူတော်ငတေနောက် လိုက်လာရပြန်၏။

ဖိုရုံထဲရောက်တော့ သူတော်ငတေက သူ့ကိုထိုင်ခိုင်းသည်။ မအေးအောင်အုပ်ထားသော ဖုန်ကြိမ်ခြင်းထဲက မြေကရားနှင့်ကြံ့သကာကို ချကျွေး၏။

"မင်း ကြောက်တတ်သလား"

"ဘာကိုလဲ ဘဘ"

"ငါ့ကို အေး···မဟုတ်ပါဘူး။ ခွေးတို့ ကြောင်တို့ကိုလေ"

"မကြောက်ပါဘူး ဘဘ"

"ကျားတွေ၊ ဆင်တွေ ဆိုရင်ကော ကွာ"

"ကျားတွေ၊ ဆင်တွေတော့ ကြောက်တာပေါ့ ဘဘ"

"အေး···ငါလည်းကြောက်တယ် ဟ···ဟဲ···ဟဲ"

သူတော်ငတေရယ်တော့ ထော်ကြီးလည်း ရယ်မိသည်။

"ခွေးကိုတော့ မကြောက်ပါဘူးနော်"

"ဒီလေးခွနဲ့ လောက်စာသီးပါရင် ကျွန်တော် ဘယ်ခွေးမှ မကြောက်ဘူး ဘဘ"

"အေး···ကောင်းပြီ။ ခွေးပစ်ဖို့ မင်းကို ဘဘ လောက်စာသီးတစ်လုံး ပေးလိုက်မယ်"

ဟု ပြောပြီး လောက်စာသီးတစ်လုံးကို ခါးကြားထဲက ထုတ်ပြီးပေး၏။

"လူလေးတို့ရွာမှာ မိုးချုပ်စဆိုမိန်းမသူတွေ ဗိုက်အေင့်လို့ လိုမ့်အော်နေတတ်ကြတယ်ဆို"

"ဟုတ်တယ် ဘဘ။ မနေ့က တောင် ဈေးသည်မတစ်ယောက် အော်



www.burmeseclassic.com

> ခွေးမ အမဲသားပုံနှင့်
> သူတို့နှင့်လည်း နီးလာသောအခါ
> နှစ်ယောက်စလုံးမှာ
> ကြက်သီးဖြန်းဖြန်းထသွားကြသည်။
> သူတို့ပုံပေးထားသော
> အမဲသားချက်ကို အငမ်းမရ
> လာစားနေသော ခွေးမမှာ
> အမွေးအမှင်ဆို၍
> တစ်မျှင်တစ်မွေးမှမပါဘဲ
> တစ်ကိုယ်လုံး ရဲရဲတွတ်နီနေ၏။

နေသေးတယ်"

"အေး・・・အေး・・・အဲဒါတွေ ပျောက်သွားအောင် ဘဘလုပ်ပေးလိုက်မယ်။ ဘဘပြောတာ သေသေချာချာ နားထောင်နော်။ ဖိုးစောကလွဲလို့ ဒီကိစ္စ ဘယ်သူ့မှမပြောရဘူးနော်။ အဲဒီကတိ တော့ မင်းတည်ရမယ်။ ကတိပျက်ရင် အဲဒီမနေ့ကအော်နေတဲ့ မိန်းမဥစ္စာ မင်း ဆီရောက်လာလိမ့်မယ်"

"ဗျာ"

"မိန်းမတွေ ဗိုက်အောင့်တဲ့ရောဂါ ပြောတာကွ"

ထိုအခါမှ ထော်ကြီးက -

"ဟုတ်ကဲ့・・・ဟုတ်ကဲ့"ပြောပြီး သက်မချလိုက်၏။

သူတော်ငတေသည် သူ၏ အစီ အမံကို ထော်ကြီးအား နှစ်ခါသုံးခါ ထပ် ပြောပြီး -

"ကဲ・・・နေလည်းညိုသွားပြီ။ မင်း ပြန်တော့။ ဘဘပြောသို တစ်ချက်ဆို တစ်ချက်ပဲနော်။ နှစ်ချက်သုံးချက်ပစ်ရင် တော့ ဘဘ စောစောကပြောသလို မင်းဆီရောက်ပြီသာမှတ်"

"ဟုလည်း ပြောလိုက် မှာလိုက် သေး၏။

× × ×

ထော်ကြီးသည် သူတော်ငတေ ပေးလိုက်သော အင်္ကျီအိတ်ထဲက လောက်စာသီးကို ခဏခဏစမ်းကြည့် ရင်း ယာတောင်ရွာမှ မိမိရွာကိုရောက် လာ၏။ အချိန်မှ နေဝင်တော့မည်ဖြစ် သဖြင့် ဦးဖိုးစောအိမ်ကိုသာ တန်းတန်း မတ်မတ်လာသည်။ ရွာလယ်ပိုင်း အရောက်မှာပင် ဒေါ်အိမ်ချမ်းဖတ်စ် ယောက် ဗိုက်အောင့်၍ လိမ့်အော်နေ သံကို ကြားရသည်။ သို့သော် သူတော် ငတေ မှာလိုက်သလို မိုးမချုပ်မီ ဦးဖိုး စောအိမ်ကိုရောက်ရန် အရေးကြီးနေ သဖြင့် ဦးဖိုးစောအိမ်ကိုသာ ထော်ကြီး မပြေးရုံတစ်မည်လျှောက်လာသည်။

ဦးဖိုးစော၏ ခြံဝရောက်သည်နှင့် အမဲသားချက်နေသော ဦးဖိုးစောအိမ်မှ စပါးလင်နံ့ မဆလာနံ့ကိုရလေသည်။ အိမ်ရှေ့တွင်ထိုင်နေသော ဦးဖိုးစော မိန်းမ ဒေါ်စိန်နုကို မြင်သဖြင့် -

"ကြီးကြီး ဘကြီးစောကော"

ဟု အလျင်စလို မေးလိုက်၏။ ဒေါ်စိန်နုက မီးဖိုဆောင်ဘက်မေးထိုးပြ၏။

ထော်ကြီးသည် အိမ်ပေါ်မှလှမ်း တက်လာပြီး "ဘကြီးစော"ဟု အသံ တစ်ချက်ပြုလိုက်၏။ ပြီး မီးဖိုဆောင်ထဲ တန်းဝင်လာသည်။ ထော်ကြီးက ထိုင် ပင်မထိုင်။

"ဘကြီးစော အမဲသားကျက် ပလား"

ဟု နားနားကပ်၍ တီးတိုးမေး လိုက်၏။

"အေး ကျက်ပြီ။ ချမယ်ဆို ရပြီ ကွ။ မင်းကို ငတေ ဘာမှာလိုက်လဲ"

ထော်ကြီးက သူတော်ငတေမှာ လိုက်သည်ကို ဦးဖိုးစော နားနားကပ်ပြီး နှစ်ကိုယ်ကြားပြောလိုက်၏။

"ဟေ・・・ဒါဆို တို့သွားလို့ရပြီကွ။ မင်း ငှက်ပျောဖက်သွားခူးလိုက်။ ဘကြီး ဟင်းအိုးချလိုက်တော့မယ်"

"ဟုတ်ကဲ့"

ပြောပြောဆိုဆိုနှင့်ပင် ထော်ကြီး သည် အိမ်ပေါ်ကဆင်းပြီး နောက်ဖေးက ငှက်ပျောပင်တစ်ပင်၏ ထိပ်ညွန့်တစ် ရွက်ကို ဖြတ်လိုက်သည်။ ထိုအချိန်မှာ ပင် ဦးဖိုးစောလည်း အမဲသားအိုးကို ကြိမ်ဆိုင်းဖြင့် လက်တစ်ဖက်ထဲထည့် ဆွဲ၍ လက်တစ်ဖက်က လိုရမည်ရသ သော ငှက်ကြီးတောင်ဓားကိုကိုင်ကာ အိမ်ပေါ်မီးဖိုဆောင် နောက်ဘက်က ဆင်းလာ၏။

ဦးဖိုးစောနှင့် ထော်ကြီးတို့သည် ရွာသူ၊ ရွာသား၊ ကလေးသူငယ်များ မြင် မှာစိုးသဖြင့် သူ့အိမ်နောက် ငှက်ပျော တောမှပင် ရွာပြင်ထွက်လာကြသည်။ ရွှေတောင်ကြားရွာမှ မင်းရွာဘက်သွား သော လမ်းဘေးတစ်နေရာအရောက် တွင် အချိန်ကလည်း နွားရိုင်းသွင်းချိန် ရောက်ပြီဖြစ်သဖြင့် ချုံစပ်နားတစ်ခု တွင် ထော်ကြီးက ငှက်ပျောဖက်ကို ခင်း လိုက်၏။ ဦးဖိုးစောက အမဲသားအိုးကို ငှက်ပျောဖက်ပေါ်သွန်ချလိုက်၏။ ပြီး

www.burmeseclassic.com

သူတို့ နှစ်ယောက်သည် သူတော်ငတေမှာ လိုက်သည့်အတိုင်း နှစ်လံသုံးလံခန့်အကွာ ချုံပုတ်တစ်ခုထဲ ဝင်ပုန်းလိုက်ကြ၏။

မကြာပါချေ။ မှုန်ရီရီတဝါးဝါးထဲတွင် ခွေးတစ်ကောင်သည် မြေပေါ်ကို ခေါင်းငုံ့အနံ့ခံကာ · စိုက်စိုက်စိုက်စိုက်နှင့် လျှောက်လာနေ၏။ သူတော်ငတေက ခွေးမတစ်ကောင် လာစားလိမ့်မည်ဟု မှာလိုက်သော်လည်း စောစောကမှ ခွေးမဟုတ်တဲ့ တခြားသရဲတစ်ကောင်ကောင် ရောက်လာလေမလားဟု ဦးဖိုးစောမှာ ငှက်ကြီးတောင်ဓားကို မြဲမြဲဆုပ်ကိုင်ထားသလို ထော်ကြီးအနေမှာလည်း သူတော်ငတေပေးလိုက်သော လောက်စာသီးတစ်လုံးကို လေးခွထဲထည့်ကာ အမဲသားပုံရှိရာသို့ ချိန်ရွယ်ထားရသော်လည်း သူတော်ငတေက ကျားတို့ဆင်တို့ကော မကြောက်ဘူးလားဟူသော အမေးကို သတိရကာ ကျားထွက်လာလျှင်တော့ဟူသော အတွေးနှင့် ရင်ခုန်ရင်ထိတ်နေမိ၏။ သို့သော် ယခုအခါ ခွေးမဟုတ်ရှိ အကောင်တစ်ကောင်သာ လာနေသည်ကိုမြင်မှ အကြောက်ပြေသွားလေသည်။

သို့သော် ထိုခွေးမ အမဲသားပုံနှင့် သူတို့နှင့်လည်း နီးလာသောအခါ နှစ်ယောက်စလုံးမှာ ကြက်သီးဖြန်းဖြန်းထသွားကြသည်။ သူတို့ပုံပေးထားသော အမဲသားချက်ကို အငမ်းမရ လာစားနေသော ခွေးမမှာ အမွေးအမှင်ဆို၍ တစ်မျှင်တစ်မွေးမှမပါဘဲ တစ်ကိုယ်လုံး ရဲရဲတွတ်နီနေ၏။ ထို့ကြောင့်လည်း ထော်ကြီးမှာ သူတော်ငတေ သေသေချာချာ အထပ်ထပ် မှာလိုက်သည်ကိုပင် သတိမရဘဲ ရုတ်တရက် ခွေးနီမကြီးကိုသာ လေးခွချိန်ရင်း မျက်တောင်မခတ် စိုက်ကြည့်ပြီး မင်တက်မိနေ၏။

"ဟော့ကောင် ပစ်တော့လေကွာ။ ပစ်တော့···ပစ်တော့"

ဦးဖိုးစောက သူ့အနားကပ်၍ လက်ကုတ်တီးတိုးပြော အချက်ပြလေတော့မှ ထော်ကြီးလည်း သူတော်ငတေမှာလိုက်သလို ခွေးနီမကြီး၏ ဒူးခေါင်းကို သေသေချာချာချိန်ကာ ပစ်ထည့်လိုက်၏။

သူတော်ငတေ၏ လောက်စာလုံး ထိသွားသော ခွေးနီမသည် တကိန်ကိန်အော်ကာ မင်းရွာဘက် ကမူးရှူးထိုး ပြေးသွားလေသည်။ ထိုအခါ ဦးဖိုးစောနှင့် ထော်ကြီးတို့လည်း ရွာထဲပြန်ဝင်လာကြ၏။ သူတို့ ရွာလယ်ပိုင်းအရောက်တွင် ထော်ကြီး အလာတုန်းက ဗိုက်အောင့်၍လိမ့်အော်နေသော ဒေါ်အိမ်ချမ်း၏အသံကို လုံးဝမကြားရတော့။

သို့သော် မင်းရွာမှ မိန်းမကြီးတစ်ယောက်မှာမူ ထိုနေ့ထိုအချိန်ကစပြီး ဒူးခေါင်းကိုက်သောဝေဒနာကြောင့် လူးလိမ့်အော်ဟစ်နေရလေသည်။ နွားရိုင်းသွင်းချိန်ရောက်တိုင်း ထိုမိန်းမကြီး ဒူးခေါင်းကိုက်၍ အော်နေရသည်မှာ သုံးလေးရက်ကြာမှ ပျောက်သွား၏။ ထို့အတူ ရွှေတောင်ကြားရွာမှ မိန်းမသူတစ်ဦးတစ်ယောက်မှလည်း ထိုနေ့ကစ၍ ဗိုက်အောင့်သောဝေဒနာကို တစ်ဦးတစ်ယောက်မှ မခံစားကြရတော့ပေ။

ဝေယံလင်းခေါင်

အနန္တသိဒ္ဓိစွမ်းအားပြဒါးရှင်
အဆောင်ဓာတ်လုံး
ဘော် + ဘင် + ပြဒါးသွတ်

ဤလေးပါးတို့သည် မူလဓာတ်ပေါ...
ပစ္စည်းများဖြစ်သဖြင့် ထင်ပေါ်ကျော်ကြ...
လာဘ်လာဘ ပေါ်ကြွယ်လှပြီး လူတိုင်းလို...
သော ဝီယ-လာဘ-ခန-ပညာ စသည်...
အတွက် သေချာစီမံ၍ ကောင်းသောအ...
ကောင်းသောနက္ခတ်နှင့်ကြံကြိုက်ချိန်၊ သ...
ကျင့်စဉ်စွမ်းအားဖြင့် ရောယှက်ပေါင်း...
သိဒ္ဓိပြီးအောင် အဆောင်ပြဒါးရှင်ဓာတ်လုံး...
ပါရမီဓာတ်ခံရှိသူများထံ သတင်းကောင်း...
လိုက်ပါသည်။

အဆိုပါ ပြဒါးရှင်ဓာတ်လုံးကို ဆော...
ထားခြင်းအားဖြင့်···

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မ...

၁။ ကျရောက်မည့်၊ ကျရောက်လတ္တံ့...
ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။

၂။ ဝီယ + ခန လာဘ ပညာရေး စသ...
တို့ကို ရရှိနိုင်ခြင်း။

၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သို...
စသော နှောင့်ယှက်မှုကို ကာကွယ်နို...
ခြင်း။

၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလ...
လေလမ်း သွားရာတွင် ဆောင်ထား...
ဖြင့် ဘေးရန်အသွယ်သွယ်ကင်းပြီး ...
ရာခရီးကို ရောက်နိုင်ခြင်း။

၅။ တမေးပွဲဖြေဆို လူတွေ့စစ်ဆေး စသော...
ကိစ္စများအောင်နိုင်ခြင်း စသော ကော...
ကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံသော...
အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အင...
ရှိပါက···

နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီ...

ရောင်ပြန်မဂ္ဂဇင်းတိုက်
အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၁၀၂၂၃၁

www.burmeseclassic.com

# ဆရာကြီး အရယ်ာ ဆရာဒေအာင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ယီနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

ဆိုင်အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၃၀) နာရီ မှ နေ့လည် (၁၂း၃၀) နာရီ။
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း

လိုင်စင်အမှတ် - ၁/၂၀၁၅ တသထလ(၂၇၄၆)

# ဒေအာင်ဝိဇ္ဇာမိုရ်ဆေးတိုက်

- ကျားအားနည်း၊ သေ/ညှိုး၊ တစ်ခဏပြီးသွားခြင်း၊ အားမထိန်းနိုင်၊ ပန်းလန်းပြီး ရုတ်တရက် ညှိုးနွမ်းခြင်း၊ အကြောများ ရှုန်းကန်မှုနည်း၊ ရာနှုန်းပြည့် မစွမ်းဆောင်နိုင်ခြင်းများအတွက် အောင်ဝိဇ္ဇာမိုရ်မှ ကုသရင်း ထုတ်လုပ်ထားသည့် အကြောအားဖြည့် စားဆေး၊ လိမ်းဆေး၊ ဆေးမျိုးစုံ (TMR 011176), (1114), (TMR 011177), (1114)
- လိပ်ခေါင်းတွင်း/ပြင်၊ စအိုဝဖုသီးထွက်၊ ဝမ်းသွားအားမရ သွေးပါ၊ စအိုဝယောင်ရမ်းနာကျင်ခြင်း၊ လိပ်ခေါင်းအဖု တဖြည်းဖြည်းကြီးလာခြင်း၊ အရိအခွဲကျခြင်းတို့ကို အထူးကုသ ဆေးများဖြင့် အမြစ်ပြတ် ကုသပေးနေပါပြီ။ (1208 y 7427942)
- ခရသင်း၊ သမင်ဖြူ၊ နှင်းခူစို/ခြောက်၊ ကာလသားရောဂါများ ကုသပေးနေပါပြီ။ အထူးကုဆေးများလည်း ရရှိနိုင်ပါသည်။ (0813 y 10568)သွေးသန့်ဆေး၊ သွေးညှိဆေး၊ မီးယပ်၊ ထိမ်ငုပ်၊ ယားယံ/ဖုပိမ့်ထခြင်း၊ အပူငြိမ်းဆေး၊ အဆီကျဝမ်းပျော့ သွေးသန့်ဆေးများလည်း ရရှိသည်။

ဆေးခန်း - အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း။ KBZ ဘဏ်ဘေး။ (၀၁-၃၈၇၀၉၇)၊ (၀၉-၃၁၉၂၁၁၃၅)
...ရှင်းဖြန့်ချိရေး - အမှတ်(၈၆)၊ (၉၄)လမ်း။ မင်္ဂလာတောင်ညွန့်၊ (၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၈၃၉)
...မြန့်ချိရေး - ကိုဝင်းမြင့်+မဘောဘီ(ကမ်းနားလမ်း)၊ (၁၅)လမ်းထောင့်၊ ကိုလှစိုး(သိမ်ကြီးဈေး)၊ လှထုမေတ္တာ(သိမ်ကြီးဈေး)၊ သီဟ(သန်လျင်မြို့မဈေးအနီး)၊ အောင်ရတနာ(၂၈×၈၃)လမ်းထိပ်၊ ကောင်းသန့်(၂၆၄/၂၈)၊ (၈၂×၈၃ လမ်းထိပ်)၊ မတ္တူး-မရှူး(၂၀×၂၂) မြန်မာ့ဂုဏ်ရည်(၂၆)၊ (၈၈×၈၉)၊ ပန္နလ(ဈေးချို)၊ အာရောဂျံ(သိမ်ကြီးဈေး)၊ အာရောဂျံ န(၄)၊ နေပြည်တော်မြို့မဈေး၊ ပွဲကတော်မင်္ဂလာရပ်(ပျဉ်းမနား)၊ ကိုတူးတူး(မကွေးတိုင်းဆေးရုံကြီးနောက်ဘက်)တို့တွင် ရရှိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဖိုးခွားသိပါစေ…

■ နှင်းနှင်း

ကျိုက်ထီးရိုးဘုရားသို့ ကားလမ်းမဖောက်မီနှစ်အတွင်းက ရွာခံအချို့သည် အထမ်းသမားဘဝအဖြစ် သက်ရှင်ရပ်တည်နေခဲ့ဖူးသည်။ ယခုကားလမ်းများပေါက်ပြီး ခရီးလမ်းဖြောင့်လာသောအခါ ရေကြည်ရာမြက်နုရာများသို့ ပြောင်းရွှေ့လုပ်သားအဖြစ်နဲ့ လူသားများ နေရာသစ်သို့ ထွက်ခွာခဲ့ကြသူများသည်။ တစ်နေ့တောင်ခြေဆိုင်တန်းများတွင် …

"တစ်ဆိတ် ဒီဓာတ်ပုံထဲကလူကို ဒီရွာအနီးအနားမှာတွေ့မိသလား"

"ဓာတ်ပုံက ဟောင်းနေပြီ။ လူတွေလည်း ပြောင်းကုန်ပြီ မသိပါဘူး"

"အရင်လူဟောင်းတွေ ဘယ်မှာရှာရင် တွေ့နိုင်မလဲ"

"ကွဲကုန်ပြီ။ တောရောက်တောင်ရောက်မို့ မသေချာတော့ဘူး"

"သူက ဒီမှာ အထမ်းသမားဘဝနဲ့နေခဲ့ဖူးတော့ ပြန်လာခဲ့သော်၊ သူ့ရှားဖူးဖြစ်ဖြစ် တွေ့ခဲ့သော်၊ သူ့ကိုရှာနေတယ်။ ဒီမှာ ဆက်သွယ်ရမယ့်လိပ်စာပေးခဲ့မယ်။ ကူညီပေးပါ။ သူ့ကိုဖိုးခွားလို့ ခေါ်ကြတယ်"

"ဖိုးခွားဆိုတာ ကရင်များလား။ အညောတောင်ဘက် သွားရှာပါ"

"ရောက်ခဲ့ပြီးပြီ။ မတွေ့ရသေးဘူး။ ရှာပါဦးမယ်"

"ခင်ဗျား ဘာလုပ်တဲ့လူလဲဗျ။ သူ့ကို ဘာလို့ရှာတာလဲဗျ"

"ကျွန်တော့်ကို သစ်ခွပန်းတွေ ဝိုင်းကူရှာပေးဖူးလို့ ကျေးဇူးဆပ်မလို့"

"ကောင်းတဲ့ကိစ္စပဲ၊ ကူရှာပေးရမှာပေါ့"

"အားကိုးပါရစေခင်ဗျာ"

ထိုလူ သုံးလေးယောက်သည် တစ်လမ်းလုံး မေးမြန်းစုံစမ်းသည်။

ညနေ ကျိုက်ထိုဟိုတယ်တွင်

"ဗိုလ်ထွဋ် … ခင်ဗျားရှာတဲ့ ကောင်လေးကိစ္စ ရှင်းပြမယ်ဆို"

"ရှင်းပြပါ့မယ်။ ကျွန်တော် ဆယ်တန်းဖြေတုန်းက အရမ်းစာလုပ်ခဲ့ပြီး နည်းနည်းပိန်သွားလို့ ဖြေပြီးပြီးချင်းပဲ မမတို့က ဖေဖေရှိတဲ့ ဒီနေရာကို ဆက်သွယ်ရေးကားနဲ့ ထည့်လိုက်တယ်။ လိုအပ်တဲ့ပစ္စည်း ထည့်ပေးလိုက်တယ်။ ဖေဖေက ဒီကိုကိစ္စတွေနဲ့ ရောက်နေတာ နှစ်လရှိပြီ။ ကျိုက်ထီးရိုးဘုရားပွဲက မိုးမရောက်မီ လအကြာကြီးကျင်းပတဲ့ ဘုရားပွဲမို့ လူစည်ကားနေတယ်။ ကျွန်တော့်ကားက တာဝန်ရှိသူများစီးတဲ့ကားမို့ အားလုံးအဆင်ပြေတယ်။ ဖေဖေနဲ့တွေ့ပြီး နှစ်ရက်လောက် အနားယူပြီးတော့ ပျင်းလို့ မမတို့မှာလိုက်တဲ့ သစ်ခွပန်း သွားရှာမယ်ဆိုတော့ ဖေဖေက စခန်းမှာရှိနေတဲ့ ဖိုးခွားကို ထည့်ပေးလိုက်တယ်။ သက်တူရွယ်တူပေမယ့် ဒီတောတစ်ခွင်ကို သူက ကျွမ်းကျင်တယ်။ ကျွန်တော်က ကင်မရာလည်း ယူခဲ့တယ်။ ရေဘူးတို့၊ ဘာတို့က ဖိုးခွားသယ်တယ်။ သူ့ခေါင်းပေါ်က ခြင်းကျားကြီးထဲမှာ စုံလို့ပဲ။ ဖေဖေက သူ့ကို မှာစရာရှိတာမှာတယ်။ ငွေတွေလည်း ပေးတာတွေ့တယ်။ အစောကြီးပဲ တောထဲထွက်ခဲ့ကြတယ်။ စခန်းမှာရှိနေစဉ်က ဖေဖေက သူ့ကိုအရမ်းအားထားတာတွေ့တော့ ကျွန်တော်က သူ့ကို သတိထားနေမိတယ်။ တောသားပုံပေမယ့် သူက ဘာပဲလုပ်လုပ် စည်းစနစ်ရှိတယ်။ သူ့ရဲ့ပေါက်ဓားမြှောင်လေးက သူ့အားတိုင်းသွေးနေလို့ ဘာဖြတ်ဖြတ်ပြတ်တယ်။ သဘာဝပစ္စည်းတွေကို သူလုပ်ချင်ရင် ဓားလေးနဲ့ထွင်းထုပြီး ဘာမဆို လုပ်နေတတ်တယ်။ ဆိုင်တွေမှာ အမှတ်တရပစ္စည်းအဖြစ် သူသွင်းတယ်။ ပိုက်ဆံရပုံပဲ။ သစ်မြစ်၊ သစ်ကိုင်းလေးတွေကို နဂိုရှိတဲ့ပုံသဏ္ဌာန်မှာ သူ့ပညာ ထပ်ထည့်တဲ့အခါ အရုပ်လေးတွေ ဖြစ်ဖြစ်သွားတာပေါ့။ မေးရင်လည်း စကားကို ရည်မွန်



www.burmeseclassic.com

www.burmeseclassic.com

ပြီး ပြောဆိုပါတယ်။ အားရင်တော့ အရုပ်ထုနေတတ်တယ်။ ကျွန်တော်တို့ နေ့တစ်ဝက်မျှ ခရီးပေါက်တော့ သစ်ခွတွေ အများကြီးရပြီပေါ့။ သူတောင်းလေး ပြည့်နေပြီ။ သူက ပြန်ကြစို့လို့ မပြောတော့ မောပေမယ့် ရှက်လို့ပြန်ဖို့ မပြောခဲ့ဘူး။ တစ်နေရာရောက်တော့ အခက်သစ်တွေ တက်လို့ကောင်းမယ့် သစ်ပင်ကြီးမှာ ပြန်မှာ့သစ်ခွ ဆန်းဆန်းလေး တစ်မျိုးတွေ့တယ်။ သူ့ကို ကျွန်တော် လုပ်နိုင်တယ်ဆိုပြီး ဂုဏ်လုပ်ချင်လို့ ဒီတစ်ခါ ကျွန်တော် တက်ခူးမယ်ပြောတော့ တားပါတယ်။ သူပဲ တက်ပါ့မယ်တဲ့။ မာနထိခိုက်လှပြီလို့ ကျွန်တော်ကတွေးပြီး ရအောင်တက်တယ်။ သစ်ခွကိုနုတ်ပြီး ဆင်းခါနီးမှ အာရုံက ပန်းပွင့်ဆီ ရောက်ပြီးတော့ ဖိနပ်လည်း မချွတ်တဲ့အတွက် ချော်ပြီး ကျတယ်။ မြေပြင်ပေါ်မကျဘဲ ဝါးရုံထဲ ကျပြီး ဝါးရုံနောက်က ချိုင့်တွင်းထဲထိ ရောက်သွားခဲ့တယ်။ ခြေဆစ်ထိသွားလို့ ချက်ချင်းမထောက်နိုင်ဘူး။ သူက ကျွန်တော့်ဆီကို မျောက်ခုန်သလို ခုန်လိုက်၊ တွယ်လိုက်နဲ့ ချက်ချင်းရောက်လာတယ်။ အပေါ်ကိုမော်ကြည့်နေစဉ်ဆိုတော့ သူခုန်ပေါက် တွယ်ကပ်ဆင်းလာတာက အစအဆုံးတွေ့ရမှ အံ့သြမိတယ်။ ပြန်တက်တော့ သူ့ပုဆိုးကို အထမ်းလုပ်ပြီး ကျွန်တော့်ကို ပိုးပြီး တက်တာ ရောက်လာခဲ့တယ်။ သူ့ကျောပေါ်ရောက်နေတုန်း သူ့ပခုံးမှာ ထိုးထားတဲ့ စာလုံးကို ကျွန်တော် ဖတ်ကြည့်တယ်။ မဖတ်တတ်ဘူး ဖြစ်နေတယ်။ သူ ခြေကိုဆေးလိမ်းပေးနေတုန်း မေးကြည့်ခဲ့တယ်။ အဲဒါ တရုတ်အက္ခရာတဲ့။ သူသင်ခဲ့တဲ့ ပညာရဲ့ အခန်းကဏ္ဍကို ထွင်းထုရေးထားတာတဲ့။ အဲဒီတော့ မင်းကတရုတ်လူမျိုးလားဆိုတော့ ကျောက်တွင်းသူဌေးသားတဲ့။ အဲဒီခေတ်အချိန်တုန်းက ကျောက်မျက်ရတနာဆို နိုင်ငံခြားကို ကိုယ်တိုင်သွားရောင်းလျှင် ငွေပိုရတဲ့အတွက် သူ့အဖေက တရုတ်ပြည်ထိ သွားတယ်။ တစ်ခေါက်တော့ ပုန်ကန်ပြီး ပူဆာမှ သူ့ကို ခေါ်သွားခဲ့တယ်တဲ့။ ဆယ်နှစ်သား ပြည့်ကြီးရောက်တော့ သူမပြန်ချင်တော့ဘူး။ သူ့အဖေရဲ့ မိတ်ဆွေက တရုတ်ရိုးရာ သိုင်းသင်တန်း ဖွင့်ချနေတာလည်း သူ့အရမ်းသဘောကျတယ်တဲ့။ ဒါနဲ့ သူ့အဖေကို ပူဆာပြီး သူတရုတ်ပြည်မှာ သုံးနှစ်ကြာခဲ့တယ်။ သူ့အဖေက သူ့အမေနဲ့တူတူ လာပြန်ခေါ်တာတဲ့။ သူ့အမေကို အားနာပြီး ပြန်လိုက်ခဲ့တယ်တဲ့။ သူ့ကို တွားတွားကျိုင်းကျိုင်းနဲ့ သူ့အမေက တွေ့တော့ ကြာရင်မမှတ်မိဘဲနေမယ်။ ပြန်မှတော်မယ်ဆိုလို့တဲ့။ သူ့အဖေနဲ့ အမေ သယ်ခဲ့တဲ့ပစ္စည်းတွေ ဈေးရလို့ တရုတ်ပြည်မှအပြန် ငွေကတော်တော် ရခဲ့တယ်တဲ့။ သူ့အဖေနဲ့ သူ့အမေရဲ့ ဝမ်းကွဲအစ်ကိုတွေ ငွေကိုစွန့်ဖြစ်ကြတယ်တဲ့။ အမေက သူ့လူတွေ လက်ချက်ဆိုပြီး ဥစ္စာမက်ပြီး ထရန်ဖြစ်လုတဲ့လူနဲ့ပူးသတ်တော့ ဟိုက ပစ်တဲ့ ကျည်ဆန်မှန်ပြီး သေတယ်။ အမေကို ကာကွယ်ဖို့ ဆွဲဖို့ထတဲ့ အဖေလည်း ထိတော့ သူထွက်ပြေးခဲ့တယ်တဲ့။ တစ်ယောက်ကကူညီတော့ သူပုန်းဖို့ရသွားတယ်တဲ့။ အဲဒီခေတ်မှာ ငွေများငွေနိုင်၊ အမှုဆိုင်လျှင် တိတ်တဆိတ် သတ်ပစ်တာလည်း ရှိတော့ သူဘာမှ မလုပ်ဖြစ်တော့ဘူး။ သူ့ကိုကူညီတဲ့သူက အမျိုးအချင်းချင်းသွေးရင်းတွေက ငွေကြောင့် ဒီလိုဖြစ်ရတာ ပြောပြလို့ သူရှောင်ခဲ့တာတဲ့။ သူ့ရုပ်က တရုတ်ပြည်မှာ သုံးနှစ်ကြာပြီး သိုင်းကစားခဲ့လို့ ရုပ်ပြောင်းလဲနေတယ်။ ငယ်ငယ်တုန်းက တွေ့တဲ့လူ ဘယ်သူမှ မမှတ်မိနိုင်ဘူး။ သူလည်း စိတ်ပျက်ပြီး သူ့ကိုကူညီဖူးတဲ့လူ လိပ်စာပေးလို့ ဒီ ကျိုက်ထီးရိုးနားကရွာ ရောက်လာတယ်တဲ့။ သူဒီရောက်တော့ ကရင်ကြီးလင်မယားက သူ့သားအစား ရောက်လာတော့ ဖိုးခွား၊ ဖိုးခွားနဲ့ခေါ်တော့ သူလည်း နာမည်မေးရင် ဖိုးခွားပဲ ဖြေတယ်တဲ့။ ဒီရွာရောက်တော့ ရိုးသားလှပြီး အထမ်းထမ်းပြီး ရှာစားနေတဲ့ရွာသားတွေကို သူကြိုက်သွားတယ်တဲ့။ တရုတ်ပြည်မှာ သိုင်းသင်စဉ်က ဆရာတော်ဆုံးမတဲ့ လောဘကိုအဆုံးထိ လျှော့လိုက်ရင် ဒေါသလည်းအလိုလို ဖြေလျော့ကျလာမယ်ဆိုတာ သူသဘော ပေါက်သွားတယ်တဲ့။ သူဒီကို မထွက်လာမီ သူ့ကိုကူညီတဲ့သူက ရသင့်ရထိုက်တဲ့ ပစ္စည်းဆိုပြီး သူ့ကို ခိုးဝှက်ထည့်ပေးလိုက်တာ သူဒီမှာ အိမ်ဆောက်၊ ခြံဝယ်ခဲ့တယ်တဲ့။ သူ ဒီဥစ္စာယူလာတော့ သူ့ကိုကူညီခိုးပေးလိုက်တဲ့သူက အုပ်စုထဲမှာ မရှိဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com

နောက်လိုက်အဖြစ် ဆက်နေရမယ်တဲ့။ မရိပ်မိ၊ မသိအောင် နေမှ လိုက်သတ်မယ့်အဖြစ်အပျက် မရှိမှာတဲ့။ သိုင်းလေ့ကျင့်ချင်ရင် ဒီသစ်ပင်တွေ၊ တောတောင်တွေထဲ သူဆက်လေ့ကျင့်ခဲ့တယ်တဲ့။ သူကျင့်တဲ့မျောက်သိုင်းက တကယ့်မျောက်ခုန်နေသလိုပဲ။ အမူးသမားသိုင်းနဲ့ ယခု မျောက်သိုင်းပြီးပြီ။ သူက သူတောင်းစားသိုင်း သင်ချင်သေးတာ။ ပညာမစုံမီ အမေနဲ့ပါလာပြီး ဘဝတွေက ငွေတွေကြောင့် ပျက်စီးခဲ့ကြပြီတဲ့။ သူ့ကို ဓာတ်ပုံရိုက်ခွင့်တောင်းပြီး အမှတ်တရ ရိုက်ယူခဲ့တာပေါ့။ ကျွန်တော် ရန်ကုန်ပြန်ရောက်ပြီး သူ့ကို အဝတ်အစားတွေ ပို့ပေးသေးတယ်''

စကားဝိုင်းမှာ မှာထားသော စားစရာများ ရောက်လာသဖြင့် စကားရပ်သွားသည်။ ကျိုက်ထီးရိုးတောင်တား မြို့ဆိုင်း၍ လှချင်တိုင်းလှနေလေသည်။ ထမင်းစားကြပြီး အစာကြေရန် ဘုရားဘက် ထွက်သွားသော မိုလ်ကြီးထွန်းမြတ်ကြောင့် ဇာတ်လမ်းမှာ တစ်ပိုင်းတစ်စ ဖြစ်လို့နေသည်။

မိုလ်ထွန်းမြတ်ရှာနေတဲ့ ဖိုးခွားသည် ယခုလောက်ဆို လေ့ကျင့်ထားသဖြင့် သိုင်းကျွမ်းပြီး ခန္ဓာကိုယ် အဆီအနှစ် လှပနေပေလိမ့်မည်။ အိမ်ထောင်သည်း ကျနေနိုင်သည်။ သူသည် အရှက်ဆရာတော် ဆုံးမထားသောစကားကို အဆုံးထိလျှော့ချနိုင်သွားပြီး ဘာမှမမက်မောတဲ့ တောတွင်းအလုပ်သမားဘဝနဲ့ ဆက်နေသေး သလား။ ခေတ်တွေပြောင်းသဖြင့် ကားလမ်းပေါက်ပြီး ကျိုက်ထီးရိုးဘုရားအထိ ခဏနဲ့ လူတွေရောက်ရောက်သွားတာဖြင့် အထမ်းသမားဘဝမှ ဘာဆက်လုပ်စားသောက်နေပါလိမ့်။ သစ်ခွမှုဆိုးအဖြစ်များ ရှိနေမလားမသိ၊ သူ့ကို လူတစ်ယောက်ရှာနေတာ ဖိုးခွားအမြန်သိကြားနေပါစေ၊ ဖိုးခွားသိပြီး ဆက်သွယ်လာပါစေ။

★★★

''မိုလ်ထွန်း . . . ညနေက ဇာတ်လမ်းလေး ဆက်ပါဦး''

''မင်းက ဘာလို့ စိတ်ဝင်စားတာတုံး''

''မိုလ်ကြီး မိန်းမ မရှာခဲ့ဘဲ လူတစ်ယောက် ရှာနေလို့ပါ''

''အေးကွ . . . ငါက အဲဒီတုန်းက သူ့လိပ်စာ အသေအချာ မေးခဲ့ရမှာကို။ ခြေလည်းနာ၊ အသက်ကလည်း ၁၆ နှစ်ဆိုတော့ မရင့်ကျက်တော့ စုံလင်အောင် မမေးဖြစ်ခဲ့ဘူး။ ကျောင်းတွေအဖွင့်၊ ဒဏ်ရာလည်းကျက်တော့ သူငယ်ချင်းသစ်တွေနဲ့ ဆေးကျောင်းတက်ဖြစ်ခဲ့ပြီး ဖိုးခွားကို မေ့သွားခဲ့ပြီပေါ့''

''နောက် . . . ဘယ်လို သတိရလာခဲ့ပြီး လာရှာရသလဲ''

''မင်းသိတဲ့အတိုင်း ငါ့အဖေက သာသနာရေးဝန်ကြီးဖြစ်လာ၊ ငါက ဆရာဝန်ပေါက်စ ဖြစ်လာချိန် တိုင်းပြည်အခွင့်သာတုန်း အကြီးအကဲတွေ စီမံညွှန်ကြားလို့ တရုတ်ပြည်က မြင်း

ယော်ယော်ကတည်းက
စစ်ထဲဝင်ပါရစေ၊
တိုင်းပြည်
ကာကွယ်တဲ့
ယောက်ျားကောင်း၊
ယောက်ျားမြတ်ရဲ့
ခန္ဓာပဲဖြစ်ခွင့်ပေးပါ
ဆိုတာ ခွင့်မပြုဘူး။
ယောက်ျားကောင်း
တစ်ဦး
ရထားတဲ့ခန္ဓာနဲ့
ကုသိုလ်ရှာချင်ရင်
ဆရာဝန်လုပ်ပါ။
သေနတ်နဲ့
မတိုက်နဲ့၊
ရောဂါပိုးအားလုံးကို
ဆေးထိုးအပ်နဲ့
တိုက် . . .



www.burmeseclassic.com

www.burmeseclassic.com

စွယ်တော်ကို တို့ပြည်အရောက် ပင့်ဖို့ ဖြစ်လာတယ်။ အဲဒီ စီစဉ်တဲ့အဖွဲ့ရဲ့ ကျန်းမာရေးအဖွဲ့ရဲ့ ဆေးတာဝန်မှူး တွေထဲမှာ ငါလည်းပါဝင်သွားပြီး တရုတ်ပြည်ရောက်သွားတယ်ကွ။ စျေးမှာ ပစ္စည်းဝယ်သလို၊ အဆင်ပြေရင် ငွေချေပြီး သယ်လာလို့ရတဲ့ ရတနာ မဟုတ်ဘူး။ နှစ်နိုင်ငံဘာသာရေးကိစ္စ၊ သံတမန်ကိစ္စ၊ နားခိုက်မှာ သူတို့က မျက်စိအောက်မှာ ရှိနေချင်တာတဲ့။ ကိစ္စတွေအများကြီး ဆွေးနွေးဖို့၊ ဝန်ကြီးတွေ၊ အရေးကြီးတဲ့သူတွေ သွားရောက်ပြီး အကြာကြီး ညှိနှိုင်းနေ တာ။ လမ်း ကြောင်းဆွဲတာပေါ့။ ငါက

"လေယဉ်စီးပြီး နေ့ညလိုက်ပါ စောင့်ရှောက်သူတွေကို ကျန်းမာရေး စစ်ပေးပါရစေ။ ခွင့်ပြုပါဘုရား"

"စိတ်ချ အားလုံးကျန်းမာရေး လေ့ကျင့်နေကြလေရဲ့။ ဒကာ သွားပြီး ကြည့်ချင်ကြည့်၊ ရော့ ... လမ်းညွှန် လျှောက်သွားလေ့လာပါ"

ဘုန်းကြီးကခွင့်ပြုတော့ ကျန်း မာရေးလေ့ကျင့်ခန်းမကြီးကို ဝင် ရောက်ခွင့်ရခဲ့တယ်။ တခြား ဒကာ အငယ်တွေ၊ ကြံ့ခိုင်မှုရှိစေဖို့အတွက် သိုင်းလေ့ကျင့်နေတာနဲ့ သွားတိုး တယ်။ ဒါမျိုးဆိုတာ သိပ်ကြည့်လို့ရခဲ တော့ ထိုင်ကြည့်နေမိတာပေါ့။ သဘော ကောင်းတဲ့ သံဃာတစ်ပါးက ငါနဲ့ အင်္ဂလိပ်လို စကားလည်းပေါက်ရောက် တော့ လာမေးတယ်။ ဘာညာပေါ့ ကွာ၊ သူက မျောက်သိုင်းနဲ့ သူတောင်း စားသိုင်းလေ့ကျင့်နေတယ်တဲ့။ အရက်

သမားသိုင်းရဲ့အစစ်အမှန် ပျောက်နေ လို့ မသင်ရသေးဘူးတဲ့။ ငါကလည်း မတူဘူးလား မေးမိတယ်။ မတူဘူး။ သူ့အဆင့်နဲ့သူတဲ့။ ဒီတစ်ခါပဲ သိုင်း များကို အနီးကပ် တွေ့မြင်ဖူးတာ လားတဲ့။ ငါကလည်း မဟုတ်ဘူး။ ဆက်တက်ပေးမယ့်သူ မရှိလို့ ဆရာ မတွေ့တာနဲ့ မျောက်သိုင်းနဲ့ အရက် သမားသိုင်းကို ရောထွေးပြီး နေ့စဉ် တောင်တက်တောင်ဆင်းမှာ လေ့ ကျင့်အောင်မြင်ခဲ့တဲ့ လူတစ်ယောက် ထဲမှာ အနီးကပ်တစ်ခါတွေ့ဖူးတယ် ပြောမိတယ်။ ငါတောင်မသိလိုက်ဘဲနဲ့ သူတို့ ဘယ်လိုအချက်ပြလိုက်တယ် မသိဘူး။ ဆရာတော်ကြီးတချို့ရောက် ရှိလာခဲ့ပြီး မေးတော့တာပဲ။ ငါကျောင်း ထဲမှာ ဘယ်လိုသွားလာတာ သိနေဖို့ CCTV ရိုက်ယူနေပုံရတယ်။ မေး လိုက်တာ စုံလို့ပဲကွာ။ ပန်းချီဆွဲပြပြီး ရုပ်သဏ္ဌာန်လည်းမေးတော့ ဖိုးခွားရဲ့ ငယ်ရုပ် ပေါ်လာတာပါ။ သူတို့က တွေ့ချင်လာရော၊ ဒီကောင် တရုတ် ပြည်မှာနေတုန်းက သိပ်ရောနှောကူညီ ပေးတတ်ပုံရတယ်။ အားလုံးခင်တွယ် ပုံရတယ်။ သူ့ပခုံးမှာ တရုတ်စာလုံး တွေ ရှိဖူးတယ်လို့ပြောပြတော့ သူတို့ က ပိုသေချာ တွေ့ချင်လာတယ်။ သူ့ ဓာတ်ပုံကို ပို့ပြလိုက်တဲ့အခါ အစစ် အမှန် DNA စစ်သလို ဖြစ်သွားတယ်။ မူရင်းသိုင်းတစ်မျိုး၊ မူလဇာတိမှန်၊ နေ ရာမှန် ပြန်ရောက်ဖို့ ကူညီပါ။ နောက် ပြီး သိုင်းနှစ်မျိုးကို တောထဲမှာ ပေါင်း စပ်တဲ့အခါ မြို့ထဲက လေ့ကျင့်ကွင်းနဲ့

ဘာကွဟာသွားသလဲ၊ သိပ်သိချင်ကြ တယ်ကွ။ ငါ့ကို ရှာဖွေဖို့အကုန်အကျ ကို ပေးပါ့မယ်။ လူရှာပေးပါ ပြောကြ လို့ကွာ။ စွယ်တော်ကိစ္စကြီးက နှစ် နိုင်ငံချစ်ကြည်ရေးတို့၊ ဘာသာရေးတို့ အဆင်ပြေဖို့ အရေးကြီးသလို၊ တရုတ် ပြည်မှ တရုတ်သိုင်းတစ်မျိုးဟာ မူလ အရင်းအမြစ်တွယ်ရာ ပြန်ရမှာကို လည်း ကူညီချင်လို့၊ ငါရှာပေးနေတာ ပေါ့။ ဖိုးခွားသာ တရုတ်ပြည်မှာ ပညာ ဆက်တက်ခွင့်ရရင် ငါလည်းပညာကု သိုလ် ဆက်ပေးလို့ ဒါနတစ်မျိုးရနိုင် တာပေါ့။ ကြည့်လေ ... ငယ်ငယ်က တည်းက စစ်ထဲဝင်ပါရစေ၊ တိုင်းပြည် ကာကွယ်တဲ့ ယောက်ျားကောင်း ယောက်ျားမြတ်ရဲ့ ခန္ဓာပဲဖြစ်ခွင့်ပေးပါ ဆိုတာ ခွင့်မပြုဘူး။ ယောက်ျားကောင်း တစ်ဦး ရထားတဲ့ခန္ဓာနဲ့ ကုသိုလ်ရှာ ချင်ရင် ဆရာဝန်လုပ်ပါ။ သေနတ်နဲ့ မတိုက်နဲ့၊ ရောဂါပိုးအားလုံးကို ဆေး ထိုးအပ်နဲ့တိုက်လို့ ကြပ်မတ်ဖိသိပ်ထား ခဲ့ပြီး အမေဆုံးသွားပြီးတော့ အဖေ လုပ်ချင်ရာ အားလုံးလုပ်တဲ့။ ငါလည်း ဒါနဲ့ ဆရာဝန်ပေါက်စက ဗိုလ်ကြီးဖြစ် လာခဲ့တယ်။ စစ်ထဲဝင်ချင်လှတဲ့ဆန္ဒ က ဆရာဝန်ဖြစ်ပြီးမှ အောင်မြင်ခဲ့ တာ။ ပညာကုသိုလ်နည်းသွားလို့ပေါ့ ကွာ။ မေမေရှိစဉ်တည်းက ဆေး ကျောင်းမတက်ဘဲ စစ်တက္ကသိုလ် တက်ခဲ့ရင် ငါအခုလောက်ဆို သူရဲ တွေ၊ ဘာတွေနဲ့ အရှမ်းခရီးရောက်နေ လောက်ပြီပေါ့။ ငါလို ယောက်ျားမြတ် တို့ရဲ့ခန္ဓာ ပိုင်ဆိုင်ထားတဲ့ ဖိုးခွားလည်း



www.burmeseclassic.com

www.burmeseclassic.com

တတ်ချင်တဲ့ပညာ တတ်သွားစေချင်တယ်ကွာ''

ပျောက်သောသူ တစ်နေ့ရှာတွေ့လျှင် ဖိုးခွားကို မြင်တွေ့ဆုံခွင့်ရပေမည်။

***

မြန်မာ့ကျောက်လုပ်ငန်းရှင် တစ်စု ကျောက်စိမ်းများ တရုတ်ပြည်တွင် ချရောင်းပြီး မြန်မာပြည်တွင် ရောင်းမည့် TV နဲ့ တရုတ်စက်များ ဝယ်ယူရန် ငွေထုပ်ပိုက်ကာ ချိန်းဆိုထားသော စက်ရုံနဲ့ဂိုထောင်သွားရန် ကားပေါ်တက်ကြသည်။ အခွန်ရှောင်သော အရောင်းအဝယ်သမားများ ဖြစ်သဖြင့် လူပြတ်သောလမ်းမှ ကားကိုဝင်ခဲ့သည်။ တစ်နေရာရောက်သောအခါ ကားမောင်းသူ လူသန်က နားလိုက်ပြီး

''ကဲ ...ဆွေပေါင်းမျိုးပေါင်းတို့ ကျွန်တော့်မိဘတွေကို သတ်ခဲ့ပြီး ကျောက်တွင်းတွေမှာ လုပ်ကိုင်စားသောက်နေခဲ့တာ ကြာပြီနော်။ ကျွန်တော်က ယခုလက်ရှိဘဝမှ ဟိုးအရင်တောနက်ကြီးအထိ ပုံစံပြောင်းတော့မှာမို့ မိဘများရဲ့ သွေးကလဲ့စားအား အကြွင်းမထားချင်လို့ အစစရှုစမ်းပြီး ယခုလုပ်ဆောင်ခဲ့တာပဲ။ အသက်မသေချင်လျှင် တောလမ်းအတိုင်းပြေးကြတော့''

ဖိုးခွား၏ ပေါက်ဓားမြှောင်က သောသည် ငွေထုပ်များနှင့်အတူ လမ်းဆီပြတ်မှာစိုးပြီး ထည့်ခဲ့သည့် သေတ်စတစ်ပုံးရှိ ကားဓာတ်ဆီပုံးသို့ ရောက်သွားခဲ့သည်။ ချက်ချင်း ဂက်စ်မီးခြစ်လည်း ရောက်သွားပြီး ထတောက်၏။

ကားပေါ်မှ မီးစကျသဖြင့် လူများ ခုန်ဆင်းပြေးကြသည်။ လွန်ခဲ့သည့် ဆယ်နှစ်က ဓားပြတိုက်သိမ်းခဲ့သော မတရားစီးပွားမှ အရင်းတည်ခဲ့သည့် တရုတ်စက်ပစ္စည်း ဝယ်မည့်ငွေများသည် မီးထတောက်နေပြီ။

ရန်ပြုကာကွယ်ရန် ကားပေါ်မှ လူများ ကြည့်လိုက်ရာ ပေါက်ဓားမြှောင် အချောင်းများစွာကို လက်မှာကိုင်ပြီး ညာဘက်လက်မှ ပေါက်ရန် အဆင်သင့်ပြုပြီးနေသော ဖိုးခွားအားဘာမှမလုပ်ရဲဘဲ တောထဲသို့ ပြေးဝင်ရသည်။ ကြိုတင်စီစဉ်ထားသဖြင့် ကား၏ထိုင်ခုံများအောက်မှ မီးလောင်ပေါက်ကွဲလွယ်သော ဓာတ်ပြုပစ္စည်း တရုတ်စက်ဆီတို့သည် ကားကိုချက်ချင်း ဝါးမျိုကြသည်။ မီးခိုးမည်းများ တက်ကာ ပေါက်ကွဲတော့သည်။ အားလုံးလောင်မြိုက်နေသည်ကို ကြည့်ပြီးမှ ဖိုးခွားက –

''အဖေနဲ့အမေ ကျေနပ်ပါစေ။ ကလဲ့စားချေဆိုခြင်း ဒီမှာပဲ ကိစ္စပြတ်မယ်။ နောင်ဘယ်တော့မှ ဘာကြောင့်ဖြစ်ဖြစ် မပတ်သက်နိုင်တော့တဲ့ ငွေတစ်ခုတည်းကိုကြည့်သော ဆွေမျိုးကိုလည်း မသိတော့ပါဘူး။ ဒီနေရာ၊ ဒီဘဝနဲ့လည်း မရှိနေတော့ပါဘူး။ မိဘများအတွက် သွေးကြွေးဆပ်ပြီးခဲ့ပြီမို့ ကုသိုလ်အမျှရစေဖို့ လောဘတွေဖက်တဲ့ လူတန်းစားမှ ရှောင်ထွက်သွားပါတော့မယ်။ မိုးကုတ်ကျောက်တွင်းသူဌေးဘဝ၊ တောင်တက်အထမ်းသမားဘဝ၊ အရုပ်ထု၊ သစ်ခွခွာတဲ့ဘဝ အားလုံး အားလုံးကို သတိမရဘဲ မေ့ပျောက်ထားခဲ့ပါ့မယ်။ သာဓု အသက်မပြတ်ခေါ်နေနိုင်အောင် အဖေတို့၊ အမေတို့ ရောက်ရာဘဝမှသာ နားစွင့်နေကြပါ။ ကောင်းမှုကို အဆက်မပြတ် လုပ်ဆောင်နေပါ့မယ်။ ဘဝဟောင်းများ သွားခွင့်ပြုပါ''

ချောင်းနားထောင်နေသော လူများလည်း ကားဆီမှတရွေ့ရွေ့ ထွက်ခွာသွားသော သူတို့၏လောဘကြောင့် ဘဝများ အမျိုးမျိုးရောက်နေရသော တစ်ဦးတည်း ကျန်နေသော မိသားစုတွင်းတစ်ခုမှ ဆွေမျိုးကို လှမ်းမခေါ်ရဲဘဲ ငေးကြည့်နေမိခဲ့သည်။ ဘယ်မှစ၍ မှားသည်မသိ မှားခဲ့မိသည်။ ကိစ္စတစ်ရပ်ကြောင့် ယနေ့အဖြစ်အပျက်ဖြစ်ခဲ့သည်ကို တွေးမိသည်။ စိတ်မကောင်းလည်း ဖြစ်ခဲ့ရပြီ။ မီးတောက်များ အရှိန်လျော့လာသလို သူတို့၏ စိတ်မောဟလည်း ကြည်လင်စပြုလာခဲ့သည်။ ကျေနပ်အောင် ဖိုးခွားကို ဘယ်လိုပြောရမလဲ မသိသဖြင့် ငေးကြည့်ရစ်ကြသည်။ ဤအဖြစ်အပျက်ကို လှည့်၍မျှ မကြည့်သော်လည်း ဖိုးခွားသိစေချင်သည်။

နှင်းနှင်း



www.burmeseclassic.com

www.burmeseclassic.com

# ပေါက်ပင်ဘာကြောင့် ကိုင်းရတယ်

သုသုတ

ဒီရပ်ကွက်ထဲမှာ နေလာတာ အခုဆိုရင် ဆယ့်ငါးနှစ်ထဲကိုရောက်လာပြီ။ တိုးချဲ့ရပ်ကွက်ဆိုတော့ လူတန်းစားစုံတယ်။ အလုပ်မျိုးစုံလုပ်ကြတယ်။ လက်လုပ်လက်စား ဆင်းရဲသားတွေ အများဆုံးနေထိုင်ကြတယ်။

ပန်းရန်လုပ်တဲ့သူ၊ လက်သမားလုပ်တဲ့သူ၊ မြေကြီးတူးတဲ့သူ၊ ဈေးရောင်းတဲ့သူ၊ စက်ရုံဆင်းဆဲ့သူ၊ ဆိုက်ကားနင်းတဲ့သူ စသည်ဖြင့် အလုပ်မျိုးစုံ လုပ်ကြပါတယ်။ ရပ်ကွက်က ရန်ကုန်ပြည်လမ်းမကြီးနဲ့ တစ်မိုင်လောက်ဝေးတော့ ဆိုက်ကားနင်းတဲ့သူတွေများပါတယ်။

စာရေးသူ ရပ်ကွက်ထဲရောက်လာပြီး မကြာမီမှာ စာရေးသူတို့ အိမ်မျက်စောင်းထိုး "အောင်ချမ်းသာလမ်းမကြီး" ဘေးသို့ မိသားစုတစ်စု ပြောင်းရွှေ့လာပါတယ်။ မိသားစုဆိုပေမယ့် နှစ်ယောက်တည်း။ ယောက်ျားက အသက်ကြီးပြီး မိန်းမက အသက်ငယ်ငယ်ပါ။ ရပ်ကွက်ရဲ့ ထူးခြားချက်က ခြံလွတ်များစွာရှိနေခြင်းပါပဲ။ ခြံပိုင်ရှင်တွေက တခြားမှာနေကြတယ်။ ဈေးကောင်းရရင် ပြန်ရောင်းဖို့ ဝယ်ထားကြတာ။ နေစရာမရှိတဲ့ခြံမဲ့အိမ်မဲ့တွေက ပိုင်ရှင်တွေကိုခွင့်တောင်းပြီး ခြံလွတ်တွေမှာ တဲအိမ်တွေဆောက်ပြီးနေကြတယ်။

ယခုပြောင်းလာတဲ့ မိသားစုကလည်း သူများခြံလွတ်ထဲမှာ တဲထိုးပြီးနေကြတာပါ။ တစ်နေ့မှာတော့ ထိုသူများနေသောအိမ်ရှေ့သို့ မိန်းမတစ်ယောက် ရောက်လာပါတယ်။ ထိုမိန်းမက ထိုသူနှစ်ဦးကို ပက်ပက်စက်စက် ဆဲပါတော့တယ်။ မကြားဝံ့မနာသာတဲ့ စကားတွေနဲ့ ဆဲဆိုကြိမ်းမောင်းပါတယ်။ ထိုမိန်းမရဲ့ ပြောဆိုစကားတွေကို ပုံဖော်ကြည့်တဲ့အခါ ထိုမိန်းမက မယားကြီးဖြစ်ပြီး ထိုသူက အိမ်တွင်အတူနေသော မယားကြီး၏တူမကို ခိုးလာခြင်းဖြစ်ပါတယ်။ ထိုမိန်းမပြောဆိုခဲ့သော စကားတွေထဲက မှတ်မှတ်ရရရှိနေတာကတော့ "နေတဲ့အိမ်ကလည်း သူများချေးယိုအိမ်သာလောက်ပဲရှိတယ်" ဆိုတဲ့ စကားပါပဲ။

ထိုပုဂ္ဂိုလ်ရဲ့အမည်က "ကိုမြင့်ထွန်း" လို့ခေါ်ပြီး ဆိုက်ကားနင်းပါတယ်။ သူနင်းတဲ့ဆိုက်ကားကို မကြာခဏစီးဖြစ်တဲ့အတွက် စာရေးသူတို့မိသားစုနှင့် ရင်းနှီးလာပါတယ်။ ထိုပုဂ္ဂိုလ်စကားပြောရင် ယဉ်ကျေးသိမ်မွေ့ပါတယ်။ ထူးခြားချက်တစ်ခုကတော့ ထိုပုဂ္ဂိုလ်က အရက်လုံးဝ မသောက်ပါဘူး။

လွန်ခဲ့သော ငါးနှစ်လောက်က စာရေးသူတို့ နောက်ဘက်လမ်းထဲမှာ ကိုမြင့်ထွန်း ၄၀×၆၀ ခြံတစ်ကွက်ဝယ်ပါတယ်။ အဲဒီတုန်းက ငါးသိန်းလောက်ပဲရှိပါတယ်။ အခုဆိုရင် ကိုမြင့်ထွန်းခြံက သိန်းတစ်ရာ့ငါးဆယ်လောက် ခေါ်လို့ရနေပါပြီ။

ငွေမည်းခဝါချလိုသူတွေက ရန်ကုန်က ဆင်းလာပြီး ခြံလွတ်တွေကို မတန်တဆဈေးပေးပြီး ဝယ်ကြတဲ့အတွက် ခြံဈေးတွေမြောက်ကုန်ပါတယ်။ ဒါပေမယ့် သူတို့က ခြံကို ဈေးကြီးပေးဝယ်ပေမယ့် အမုန်တကယ်လာနေတာ မဟုတ်ပါဘူး။ ခြံဈေးငွေ မြောက်သွားတဲ့အတွက် ရပ်ကွက်ထဲက ခြံမဲ့အိမ်မဲ့တွေဟာ ခြံပိုင်အိမ်ပိုင်ဖြစ်ဖို့အတွက် ပိုပြီးအလှမ်းဝေးသွားပါတယ်။ သူတစ်ပါးခြံထဲမှာ တဲထိုးနေရတဲ့ဘဝက လွတ်မြောက်ဖို့ ခဲယဉ်းသွားပါတော့တယ်။

အခုဆိုရင် ကိုမြင့်ထွန်းက သူခြံဝယ်တုန်းက ပါလာတဲ့အိမ်ကို ပြင်ပြီးဆောက်ပါတယ်။ နိုင်ငံခြားကလာတဲ့ ကျောက်ပြားတွေကိုကာပြီး ဆေးသုတ်လိုက်တဲ့အခါ သွပ်မိုးတစ်ထပ်တိုက်ကလေးလို လှပတင့်တယ်သွားပါတယ်။ မော်တော်ဆိုင်ကယ်၊ ကယ်ရီတွေ ခေတ်စားလာတဲ့အတွက် ကိုမြင့်ထွန်းက ဆိုက်ကားမနင်းတော့ဘဲ ကိုယ်ပိုင်မော်တော်ဆိုင်ကယ်ဝယ်ပြီး ကယ်ရီဆွဲနေပါတယ်။ ဆိုက်ကားခက တစ်ယောက်ငါးရာကျပ်ဖြစ်နေတဲ့အချိန်မှာ ဆိုင်ကယ် ကယ်ရီက သုံးရာကျပ်ပဲတောင်းတော့ ဆိုင်ကယ်ကယ်ရီစီးတဲ့သူ များပါတယ်။

"ကိုဖိုးထောင်" လို့ခေါ်တဲ့ ဆိုက်ကားသမားတစ်ယောက်အကြောင်းကိုလည်း ပြောပြလိုပါသေးတယ်။ သူက စာရေးသူတို့ရှေ့ဘက် တစ်လမ်းကျော်မှာ နေပါတယ်။ သူကလည်း သူတစ်ပါးခြံလွတ်ထဲမှာ ခွင့်တောင်းပြီး နေရသူပါ။ အပြောအဆို ယဉ်ကျေးသိမ်မွေ့တဲ့အတွက် လူချစ်လူခင်ပေါပါတယ်။ ဒါပေမယ့် သူက အရက်သောက်တယ်။

ညနေတိုင်း မူးပြီးပြန်လာတတ်တယ်။ တစ်ခါတစ်ရံ လူမှန်းမသိအောင်မူးပြီး ပြန်လာတတ်ပါတယ်။ ဒါပေမယ့် ရမ်းကားခြင်းတော့ မရှိပါဘူး။ ညဘက် အရက်သောက်တဲ့အတွက် မနက်စောစောမထနိုင်ဘူး။ ဒါကြောင့် သူဆိုက်ကား



www.burmeseclassic.com

www.burmeseclassic.com

ထွက်တဲ့အချိန်ဟာ နေအတော်မြင့်နေပါပြီ။ အရက်ကို စွဲစွဲမြဲမြဲ သောက်နေတဲ့အတွက် ကျန်းမာရေးချို့တဲ့ပြီး ဆိုက်ကားနင်းတဲ့ အခါမှာ အားစိုက်ခွန်စိုက် မနင်းနိုင်ပါဘူး။ အမြန်လိုတဲ့အခါ သူ့ဆိုက်ကားကိုစီးမိရင် ဆိုက်ကားပေါ်ကဆင်းပြီး လမ်းလျှောက် ချင်စိတ်ပေါ်ပေါက်လာအောင်ကို နေးတာပါ။

ကိုမြင့်ထွန်းက ကိုယ်ပိုင်မော်တော်ဆိုင်ကယ်နှင့် ကယ် ရီဆွဲနေတဲ့အချိန်မှာ ကိုဖိုးထောင်ကတော့ သူများဆိုက်ကား ကို ငှားပြီးနင်းနေရတုန်းပါပဲ။ ကိုမြင့်ထွန်း ခြံပိုင်အိမ်ပိုင် ဖြစ် သွားပေမယ့် ကိုဖိုးထောင်ကတော့ သူများခြံထဲမှာ တဲထိုးနေ ရတုန်းပါပဲ။ အိမ်တကာလှည့်ပြီး ဝက်စာတောင်းနေရတုန်းပါပဲ။

တစ်ဆယ့်ငါးနှစ်ဆိုတဲ့ အချိန်ကာလတစ်ခုအတွင်းမှာ နဂိုက အခြေအနေချင်းတူသည့် ဘဝနှစ်ခု၏ ပြောင်းလဲကွာ ခြားသွားပုံကို စာရေးသူ စိတ်ဝင်စားမိပါတယ်။ ကိုဖိုးထောင်ရဲ့ ဘဝက နဂိုအတိုင်းရှိနေပြီး ကိုမြင့်ထွန်းရဲ့ဘဝက ဘာကြောင့် တိုးတက်သွားရတာလဲ။ အဖြေထုတ်ကြည့်မိပါတယ်။ အရင်း စစ်တော့ အမြစ်မြေကဆိုသလို အဖြေကို ရှာလို့တွေ့ပါတယ်။ ကိုဖိုးထောင်ရဲ့ဘဝ တိုးတက်မှုမရှိခြင်းရဲ့ အဓိကအကြောင်းရင်း ကတော့ အရက်သေစာ သောက်စားမှုပါပဲ။ အရက်သောက် သည်ဟု ဆိုရာတွင်လည်း မသောက်ရမနေနိုင်အောင် စွဲစွဲမြဲ မြဲ သောက်ခြင်းပါပဲ။

ရပ်ကွက်ထဲတွင်ရှိသော ဆင်းရဲသည့်မိသားစုများကို စာရေးသူ လေ့လာကြည့်မိပါတယ်။ ထိုမိသားစုများတွင် အရက် သောက်သူတစ်ဦး ရှိနေတတ်ပါတယ်။ အိမ်ထောင်ဦးစီးလုပ်သူ အရက်သောက်ပြီဆိုပါက ထိုမိသားစုသည် အလွန်ဆင်းရဲဒုက္ခ ရောက်ကြရပါတယ်။ စာရေးသူ၏ ဆွေမျိုးများတွင်လည်း အရက် မသောက်သူက ချောင်လည်ပြီး အရက်သောက်သူက ဆင်းရဲ ကျပ်တည်းသည်ကို တွေ့ရပါတယ်။

ရပ်ကွက်ထဲတွင်ရှိသည့် လူငယ်၊ လူရွယ်၊ လူလတ်၊ လူကြီးပိုင်းတွေလည်း အရက်ရဲ့ကျေးကျွန်ဖြစ်သွားပြီး ကျန်းမာ ရေးချို့ယွင်း၍ လူ့ဘဝက စောစီးစွာ ထွက်ခွာသွားသည်များလည်း ရှိနေပါတယ်။ လွန်ခဲ့သော သုံးနှစ်လောက်က ရပ်ကွက်ထဲမှ ပြူးတစ်ယောက် ယခုလို မိုးတွင်းအချိန်တွင် အရက်မူးပြီး ထားလမ်းဘေးရေအိုင်မှာ ကန့်လန့်ရှက်သွားခူးရင်း ရေနစ်သေ သွားပါတယ်။ အဲဒီရေအိုင်က လူတစ်ယောက် ရေနစ်သေ လောက်တဲ့ အနက်မရှိပါဘူး။ မူးပြီးလဲသွားလို့သာ ရေမွန်းပြီးသေ သွားရတာပါ။ အသက်က ၃၀ ကျော်အရွယ်ပဲ ရှိပါသေးတယ်။ ဇနီးကတော့ ကလေးငယ်နှစ်ယောက်နဲ့ ဒုက္ခရောက်ပြီး ကျန် ခဲ့ပါတယ်။

ယနေ့ လူငယ်တွေရဲ့ နားခိုအပန်းဖြေရာ နေရာဟာ အရက်ဆိုင်များဖြစ်နေသည်ကို စိတ်မကောင်းဖွယ် တွေ့မြင်နေ ရပါတယ်။ အရက်ဆိုင်တွေကလည်း ပေါ်သလားမမေးနဲ့။ မိုးဦး ကျစတွင် ထွက်ပေါ်လာသည့် မြက်ကြားမှိုတွေလိုပါပဲ။ နေ့စဉ် ထုတ်သတင်းစာထဲက ကာတွန်းတစ်ပုဒ်ကို သတိရမိပါတယ်။ နိုင်ငံတော်သမ္မတကြီးက နွားနို့သောက်ဆိုလို့ နွားနို့ဆိုင်လိုက်ရှာ တာ နွားနို့ဆိုင်မတွေ့ဘဲ အရက်ဆိုင်တွေပဲတွေ့လို့ အရက် သောက်ပြီး ပြန်လာတယ်ဆိုတဲ့ ကာတွန်းပါပဲ။

ကျန်းမာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ နှစ်စဉ် ကမ္ဘာ့လူဦးရေ သန်းနှစ်ထောင်ကျော်သည် အရက်ကို စွဲစွဲမြဲမြဲ သောက်သုံးနေကြပြီး သန်းရှစ်ဆယ်ခန့်သည် အရက်ကြောင့် ဖြစ်သော နောက်ဆက်တွဲကျန်းမာရေးပြဿနာများ ခံစားနေ ရကြောင်း သိရှိရပါတယ်။ အရက်သောက်ခြင်းကြောင့် အသည်း ရောင်ခြင်း၊ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်း၊ သွေးအန်ခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ ဦးနှောက်နှင့် အာရုံကြောရောဂါဖြစ်ခြင်း၊ ပန်းသေပန်းညှိုးဖြစ်ခြင်း၊ သားသမီးမရနိုင်ခြင်းနှင့် စိတ်ရောဂါဖြစ်ပေါ်လာနိုင်ကြောင်း ကျန်း မာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။

(WHO)မှ စာရင်းများအရ ကမ္ဘာပေါ်တွင် အရက် သောက်သုံးမှု အများဆုံးနိုင်ငံသည် အိန္ဒိယဖြစ်ပြီး မြန်မာနိုင်ငံ က ဒုတိယနေရာတွင် ရပ်တည်နေပါတယ်။ ထို့အပြင် မြန်မာ နိုင်ငံ အမျိုးသားဦးရေစုစုပေါင်း၏ ၄၅ ရာခိုင်နှုန်းသည် အရက် သောက်သုံးသူများ ဖြစ်သည်ဟု သိရပါတယ်။

နိုင်ငံအတွင်း၌ လူငယ်များ အရက်သောက်သုံးမှုများ ပြားနေခြင်းသည် နိုင်ငံ၏အနာဂတ်အတွက် ရင်လေးဖွယ်ဖြစ် နေပါတယ်။ လူငယ်များအား အရက်၏ကျေးကျွန်ဘဝမှ ကယ် တင်ရေးသည် အရေးတကြီးဆောင်ရွက်ရမည့် လုပ်ငန်းရပ်တစ် ခုဖြစ်နေပါပြီ။ ထို့အတူ ဆင်းရဲမွဲတေမှု ၂၆ ရာခိုင်မှုန်းမှ ၁၆ ရာခိုင်နှုန်းသို့ ကျဆင်းစေရန် ဆောင်ရွက်ရာတွင် ပထမဦးဆုံး လုပ်ရမည့်လုပ်ငန်းမှာ ဆင်းရဲမွဲတေမှုနှင့် တိုက်ရိုက်အချိုးကျ နေသော အရက်သောက်သုံးမှုကို လျှော့ကျစေရန် ဆောင်ရွက် ခြင်းပင်ဖြစ်ပါတယ်။ သို့ပါ၍ အရက်ထုတ်လုပ်ခြင်း၊ တင်သွင်း ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် ပတ်သက်သည့် တည်ဆဲဥပဒေ များကို ပြန်လည်သုံးသပ်ရန်လိုအပ်ပြီး အရက်သောက်ခြင်းနှင့် ပတ်သက်ပြီး ပညာပေးခြင်း၊ စည်းရုံးခြင်း၊ ကန့်သတ်ခြင်း၊ ဟန့် တားခြင်းများ ဆောင်ရွက်ရန်လိုအပ်နေပြီဖြစ်ပါကြောင်း မီး မောင်းထိုး တင်ပြလိုက်ရပါတယ်။

သုသဝ



www.burmeseclassic.com

www.burmeseclassic.com



## သေမင်းနှင့်စစ်မခင်းမိ

# ကျင့်သင့်ပြီ

**ဝင်းမြင့်အောင်(မြိတ်)**

လူ့လောကဝယ် လူတိုင်းကြုံရမည်မှာ မရဏာသေခြင်းပင် ဖြစ်သည်။ ရုပ်နာမ်ပျက်စီးသော်လည်း လူ့ဘဝသံယောဇဉ်ငြိတွယ်လျက် တစ္ဆေ၊ သရဲ၊ ပြိတ္တာဖြစ်လာမှု အနီးအနားတွင် ရှိနေမည်လား၊ အဝေးမှာ ရှိနေမည်လားကို မသိနိုင်ပါ။ သေပြီးမှ သရဏဂုံတင်သည်မှာ အလောင်းကို တင်သည် မဟုတ်ပါ။ ကျန်ရစ်သူများထံ သံဝေဂဖွားလျက် ရတနာသုံးပါး၌ သဒ္ဓါယုံကြည်လျက် ပူဇော်ခြင်းသာဖြစ်ပါသည်။ မသေခင်ပြုခဲ့သော ကုသိုလ်သာ နောင်ဘဝသို့ ယူသွားနိုင်၏။ ကျန်ရစ်သူများ ပတ္တိဒါနပေးဝေမှုစဉ် သေပြီးသူများက ကြုံမှသာ ပတ္တာနုမောဒနာခေါ်နိုင်ကြပါသည်။ ခုနစ်ရက်တံခါးဖွင့်ထားမှ ဝင်လို၊ ထွက်လို့ရမှာပဲဟု ထင်ကြ၏။ တောရွာတွင် ကလေးများက လောက်လေးခွဖြင့် ပစ်က သေတဲ့ အဘိုး ပြိတ္တာမျိုးဖြစ်နေသော် မတော်တဆထိမှန်ရမည်ဟု လည်း ထင်ကြ၏။

မြတ်စွာဘုရားက လူသားများရှောင်ကြဉ်နိုင်ရန် ဝါရိဂ္ဂသီလငါးပါး မပေါက်ကြားစေရန် ဟောကြားတော်မူခဲ့၏။ ကျူးလွန်မိက ဘဝခြားမှာ အပါယ်ငရဲကျရမှာပဲ၊ ပါဏာတိပါတ စသော ဒုစရိုက်ငါးပါးသည် သံသရာတစ်လျှော မကောင်းကျိုးဒုက္ခဆိုးပေးသဖြင့် ဘေးဘယများဟု ခေါ်ကြသည်။ ပြစ်မှုသားတို့၏ "အတွင်းရန်"ခေါ်နိုင်၏။ ကိုးကွယ်ရာ မရှိသော ဒုသီလသည် ဒုဂ္ဂတိလေးသွယ် အပါယ်လေး ရောက်ရကြောင်းတည်း။ ငါးပါးသီလတွင် တစ်ပါးအဖြစ် အ ထိန်းသူရှိခြား သူတစ်ပါးသားမယားအား ကာမေသုမိစ္ဆ မကျူးလွန်ရာ ရှောင်ရှားကာ မြတ်သော အမြဲပွားစရိမ္မသ



www.burmeseclassic.com

www.burmeseclassic.com

ပုဒ် မေထုန်အမှုမလုပ် စောင့်ထိန်းအားထုတ်မှုကို အမျိုးသမီးများအတွက် "ကောမာရီ"ဗြဟ္မစရိယမှုမည်၏။ ရှစ်ပါးသီလ၊ ကိုးပါးသီလ ဥပုသ်စောင့်က မနောစိတ်လှုပြီး စိတ်တည်ငြိမ်လျက် ရေလိုကြည်၏။

ကဿပမြတ်စွာဘုရား သာသနာတော်တွင် ကာသိတိုင်း ဗာရာဏသီပြည်၌ ကိကီမင်းကြီးတွင် သမီးတော်ခုနစ်ဖော်ရှိခဲ့၏။ ယင်းတို့မှာ -

(က) ခေမာထေရီ အမည်ဖြင့် ဂေါတမမြတ်စွာဘုရား၏ လက်ယာရံထေရီအဂ္ဂ သာဝကဖြစ်လာမည့် "မသာမဏီ"၊

(ခ) ဥပ္ပလဝဏ်အမည်ဖြင့် တန်ခိုးအရာတေဒဂ်ရမည့် "မသမဏဂုတ္တာ"၊

(ဂ) ပဋာစာရီဖြစ်လာမည့် "မဘိက္ခုနီ"၊

(ဃ) ကုဏ္ဍလကေသာဖြစ်လာမည့် "မဘိက္ခုဒါသိကာ"၊

(င) ကိသာဂေါတမီဖြစ်လာမည့် "မဓမ္မာ"

(စ) ဓမ္မဒိန္နာဖြစ်လာမည့် "မသုဓမ္မာ"နှင့်

(ဆ) ဝိသာခါဖြစ်လာမည့် "မသံဃဒါယကာတို့ ဖြစ်၏။

ညီအစ်မ ခုနစ်ဖော်တို့သည် အပျိုစင်အကျင့်ကို နှစ်ပေါင်း နှစ်သောင်းကြာကြာ သက်ရှိတစ်ဆုံး ဗြဟ္မစရိယသိက္ခာပုဒ်စောင့်သုံးလျက် "ကောမာရီဗြဟ္မစရိယ"မြတ်လုအကျင့်ကို ကဿပသာသနာတော်တွင် ကျင့်ကြံခဲ့ကြ၏။ ဂေါတမမြတ်စွာဘုရားလက်ထက်တွင် ကိသာဂေါတမီသည် ယခင်ဘဝက ကုသိုလ်အကျိုးပေး မခံစားရသေးချိန်ဖြစ်၍ ဆင်းရဲစွာ ဈေးရောင်းရန် ခြင်းတောင်းခေါင်းပေါ်ရွက်လျက် မြို့အနှံ့သွားလာရသဖြင့် ရုပ်ရာမိည်းမည်း၊ အသားအရေကမွဲမွဲ၊ ခန္ဓာကိုယ်ပိန်ခြောက်ခြောက်ဖြစ်နေ၏။ ထိုအချိန် ကုဋေလေးဆယ်ကြွယ်ဝသော သူဌေးသည် ကံကုသိုလ်ကုန်တုန်း သားသမီးအရွယ်ရောက်ချိန် ရွှေငွေရတနာမှ မီးသွေးပြောင်းသွားသဖြင့် သုကျုံးမရ တသဝမ်းနည်းစွာ ငိုကြွေးရ၏။ ပညာရှိ သူငယ်ချင်းတစ်ဦးက "မင်းရဲ့ဘုန်းကံကုန်၍ ဖြစ်ရတာပဲ။ ဘုန်းကံရှိသူတစ်ဦးဦးက ဤမီးသွေးကို တွေ့ရှိက ရတနာအဖြစ် ပြောင်းလဲလာပါလိမ့်မယ်။ မိန်းမဖြစ်က ချွေးမတော်လိုက်ပါ။ ယောက်ျားဖြစ်က သမက်တော်လိုက်ပါ"ဟု ပြောလျက် သူဌေးဟောင်းကြီးအား အိမ်ရှေ့တွင် မီးသွေးရောင်းစေ၏။ ဈေးလှည့်လည်ရောင်းသူ ကိသာဂေါတမီ အိမ်ရှေ့ရောက်သော် မီးသွေးမတွေ့ဘဲ သူဌေးကြီးရဲ့ အဖိုးတန်အံ့ဖွယ်ရာ ရတနာများကို တွေ့ရှိသော် သူဌေးကြီးရဲ့ အဖိုးတန်အံ့ဩဖွယ် ရတနာအသွယ်သွယ်ကို ဘာဖြစ်လို့ရောင်းနေရတာလဲဟု မေးလျှင် သူဌေးကြီးက သားဖြစ်သူနှင့် ပေးစားလိုက်လေ၏။ ကိသာဂေါတမီသည် သူဌေးယောက္ခမနှင့် ချစ်လင် ပြုစုလုပ်ကျွေးကာ ကျွန်ပမာ မပျော်ရဘဲ ဝမ်းဗိုက်ပြည့်ဝစွာ စားသောက်နေရသော်လည်း ကလေးကိုယ်ဝန်လွယ်သည်မှစ၍ အားလုံးမှ မျက်နှာသာပေး ရွှေလင်ပန်းနှင့် အခြွင်းခဲ့ဆေးကာ ဘဝရေးမှာ ပျော်ရွှင်လျက်နေရရှာ၏။

ပျော်ရွှင်မှုမှာ ခဏတာကြာ၏။ ကလေးမှာ မွေးဖွားပြီး မကြာ ကံကုန်လျက် သေခြင်းသို့ရောက်ခဲ့၏။ သေတတ်သောသားမှာ ရုပ်နာမ်ခန္ဓာဖြစ်ကြောင်း၊ သေတတ်သော အမေက မွေးတာ သေမှာ သဘာဝပဲဟု ဓမ္မကို အသိမရှိသေး၍ ဖြင့် သေခြင်းတရားကို နားမလည်၍ ရယ်လိုက်၊ ငိုလိုက်ဖြင့် အရူးပမာ ယုယစွာပိုက်ထွေး လက်ကမချ အသုဘမချဘဲ ကလေးကို အနီးထုပ်ကာ ပြေးလွှားလျက် တွေ့တဲ့သူတိုင်းကို သားအား ဆေးကုသပေးရန် တစာစာပြော၏။ စိတ်ကောင်းမရှိသူတွေတွေ့က နှင်ထုတ်ခံရ၏။ စိတ်ကောင်းရှိသူက သနား၍ အားပေးနားချသော်လည်း မရပါ။ ရှုထောင့်အစုံစုံ လှူဘုံဓမ္မတာ လျှာအရိုးမရှိ ဝေဖန်ကြ၏။ နောက်ဆုံးတစ်ဦးက အကြံပေးမှ မြတ်စွာဘုရားထံသို့ သားသေကိုပိုက်ထွေးလျက် ဆေးကုသပေးရန် ရောက်လာခြားသော်လည်း မြတ်စွာဘုရားက တရားပြရန် အချိန်မတန်သေးကြောင်း ဉာဏ်တော်ဖြင့် သိမြင်ရသော် တဏှာအားကြီး သံယောဇဉ်မီးမငြိမ်းက အလကားမို့ "ချစ်သမီး မသေဖူးသောအိမ်မှ မုန်ညင်းစေ့ယူခဲ့ပါ"ဟု မိန့်ကြား၏။ ကိသာဂေါတမီသည် သားသေကိုပိုက်ပြီး တစ်အိမ်တက်ဆင်း မုန်ညင်းစေ့တောင်းလျှင် ရပါသော်လည်း သေခဲ့ဖူးတဲ့အိမ်ဖြစ်နေ၍ အိမ်ရှေ့မှာပင် လွှင့်ပစ်ခဲ့ရ၏။ တစ်မြို့လုံးမှာရှာ လည်းမရ၊ ဆန္ဒမပြည့်ဝသော် အိမ်တိုင်းမှာ လူသေဖူးကြောင်း အသိရလျက် သားသေကိုစွန့်ပစ်ကာ ဗုဒ္ဓထံပါး အကျိုးအကြောင်းလျှောက်သော် အကျိုးရှိသောတရားမှန်မြင်

www.burmeseclassic.com

ပြား အချိန်ကျ နားထောင်လိုကြောင်း သိတော်မူ၏။ မြတ်စွာဗုဒ္ဓက -

"တစ်ရွာလုံး ညမှောင်မည်းမည်း အိပ်စက်နေချိန် နာဂစ်လေခင်း အဟုန်ပြင်းထန် မုန်တိုင်းတိုက်ခတ် လှိုင်းလုံးကြွလျက် ရက်ရက်စက်စက် ပင်လယ်မြစ်တွင်း ဝဲဩဃဂ ယက်ရေသည် ရွာတစ်ရွာလုံးကို နေရာမလပ် တရစပ် ရိုက်ခတ်ပုတ်သတ်လျက် ရွာသူရွာသားတို့ကို ပင်လယ်ထဲသို့ ဆွဲချကာ မရဏသေခြင်းသို့ ရောက်စေသကဲ့သို့ လောကီအာရုံကာမဂုဏ်ပျော်ရွှင်လျက် အချိန်ကုန်စေလွယ်သော တွယ်တာတတ်သည့် သံယောဇဉ်တရားတို့သည် စွဲကပ်သူကို ရေစုန်အပါယ်ဘုံသို့ ဆွဲယူလေ၏"ဟု ဟောတော်မူလျက် လူဝတ်ကြောင်ဘဝနှင့်ပင် ကိသဂေါတမီသည် သောတာပန်တည်လေ၏။ တောနယ်တွင် မျောက်ကိုဖမ်းရခက်လျှင် မျောက်ကပ်စေးနဲကိုသုံးသော် ဖမ်းမိနိုင်သလို ကာမဂုဏ်အာရုံစွဲ သံယောဇဉ်မြဲက ဒုက္ခလှလှ ရောက်ကြရမည်ကို ဗုဒ္ဓက ဆက်လက်ဟောတော်မူခဲ့ပါသည်။

ငါးပါးအာရုံဟူသည် မြင်ပြီးရင်းမြင်ချင်၊ ကြားပြီးရင်းကြားချင်၊ လူအိုပင်အိုပြား ငယ်စဉ်က နှစ်သက်ခဲ့သောမင်းသမီးပါသည့် ရုပ်ရှင်ဟောင်း ပြန်ကြည့်ရပါက အိုပင်အိုကြီး သေခါနီးလည်း ကြိုက်ပြီး စိတ်မနိုင်ငေးမှိုင်ရသေး၏။ သံယောဇဉ်တွင် မြေးအနှစ်၊ ငါ့သား၊ ငါ့သမီး၊ ငါ့ဟာချည်း သက္ကာယမှာ ဒိဋ္ဌိပါ၍ အတ္တနှင့်သမုဒယနစ်သွယ် ယှက်ကြကြောင်းကို ကိသဂေါတမီကြုံခဲ့ပြီဖြစ်သည်။ အဘိဓမ္မာတွင် သံယောဇဉ် ၁၀ မျိုးရှိ၏။ ယင်းတို့မှာ -

(က) ကာမရာဂ သံယောဇဉ် (ဝိပရိဏာမဒုက္ခကို သုခံထင်)

(ခ) ဘဝရာဂ သံယောဇဉ် (နောက်ချီး"ပိုးမ"လေးလို ရောက်ရာဘဝပျော်ကြ၊ လူတွေနံ့စော်လှ မစင်ကြားမှ လောက်သားပမာ ရှုစိရှုစိနှင့် အသက်တိုကြ၊ လူသားဘဝ ရက်စရာ တစ်ယူဇနာကွာဝေးလည်း နံ့စော်အနံ့ရ၊ နတ်တွေ ညည်းညူတတ်ကြ)

(ဂ) ပဋိဃသံယောဇဉ် (ဒေါသထွက်က လောဘဖယ်က မြင်ရမျက်နှာမလှ)

(ဃ) မာနသံယောဇဉ် (ငါမှငါ-ငါသာငါ အားထားသူတစ်ပါး အရေးမထား)

(င) ဒိဋ္ဌိ (အမှားကိုအမှန်ထင်၊ အမြင်မမှန် အစွဲသန် မိစ္ဆာမုန်က ပိုကြိုက်ကြ၊ ရေစုန်ဘဝ ကူးရလွယ် အမှားမြင်လည်း မပြင်ဘဲ)

(စ) သီလဗ္ဗတပရာမာသ (အဝတ်မပါ မရှက်ပါဘဲ နေကြဝတ်ကြဆဲ ယိုသူမရှက် မြင်သူအရှက်ရ ယခုတိုင် မြင်နေကြ)

(ဆ) ဝိစိကိစ္ဆာ (အမှားအမှန် မခွဲခြားနိုင် သံသယဝင် တရားမလုပ်နိုင် ဆုံးဖြတ်ချက်မချ တွေဝေငေးငိုင်ကြ)

(ဇ) ဣဿာ (ပြိုင်ဆိုင်လောကလူ့ဘဝတွင် ရှေ့စိမ်းမြင်အောင်ဆွဲ၍ ကြွားဝါလျှင် မြင်သူက မနာလို အပိုတွေပြော)

(ဈ) မစ္ဆရိယ (မလှူရှင်မကမ်းချင် သေက ပြိတ္တာဖြစ်ရ၊ ပြိတ္တာတို့ဘောင်ဥစ္စာ ဆောင်ချင်လည်း မရဘဲ ဥစ္စာစွဲ၍ ခွဲကြရ၊ ပြိတ္တာဘဝရောက်)နှင့်

(ည) အဝိဇ္ဇာ (မျက်ကန်းပမာ သိဉာဏ်မရှိ မြင်းကိုမျက်မှန်စိမ်းတပ်ပြီး မြက်ခြောက်ကျွေးလျှင် စားကြသလို အယူအဆ အလွဲအမှားကိုအမှန်ထင်၊ အမှန်ကို အမှားထင် သစ္စာလေးပါး မသိမြင် သံသရာမြဲမှာပင်)တို့ ဖြစ်၏။

ထိုသံယောဇဉ်များ ကင်းစင်နိုင်သမျှ ကင်းစင်စေရန် အားထုတ်ကြပါမှ ဒုက္ခတွေ ငြိမ်းကြရမည်ဖြစ်၏။ ယခု ဘဝ ကျင့်ကြံကြမှ သမုဒယကြောင့်ဖြစ်သော ဒုက္ခမှကင်းလွတ်၍ ဒုက္ခမရ ချမ်းသာရ၏။ ဉာဏ်နှင့်သတိယှဉ် ကျင့်ကြသင့်၏။ သံယောဇဉ်များ လျော့ပါးပျောက်ကွယ်စေလျက် သုတ္တန်ပါ သာကေများကိုထောက်ရှုပြီး မတွေမဝေ မယုံမှားဘဲ သံသရာခရီးကို ဖြတ်တောက်နိုင်သော သေခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်လိုပါက သေခြင်းနှင့် စစ်မခင်းမီ ကျင့်ကြံကြစေသော ကြောင်း တိုက်တွန်းအပ်ပါသတည်း။

ဝင်းမြင့်အောင်(မြိုင်)



www.burmeseclassic.com

www.burmeseclassic.com


ဝိဇ္ဇာဓရ ဆေးပညာဖြင့် အောက်ပါရောဂါများကို ကုသပေးသည်

ဆရာဦးခင်မောင်လှ (တဆ-၀၂၂၉၀)

# ရွှေပြည်မင်း တိုင်းရင်းဆေးကုဌာန

* အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။
* နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်ရောဂါ။
* လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုဝတွင် အဖုအကျိတ်၊ စအိုနာအမျိုးမျိုး။
* အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ် တည်ခြင်း၊ ရက်ရှည်မီးယပ်အဖြူဆင်းခြင်း၊ ရင်သားအဖုအကျိတ် မခွဲမစိတ်မနာမကျင်စေဘဲနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ ဓါတ်လုံးများဖြင့် သီးသန့် သက်သာပျောက်ကင်းစေရမည်။
* ခန္ဓာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊ အကျိတ်၊ အဖု၊ ကင်ဆာ(ခေါ်)မြစ်ပွားနာရောဂါ အမျိုးမျိုးကို လက်ခံ၍ ကုသပေးသည်။

ဆေးခန်းဖွင့်ချိန်-

ရွှေပြည်မင်းဆေးတိုက်နှင့်ဆေးကုဌာန

☎ ၀၉ ၄၃၁၉၁၁၉ နေ့လယ်(၁၂)နာရီ မှ ည(၇း၀၀)နာရီထိ

အမှတ်-၂၇၊အပိုင်း(၃)၊၁၄ ရပ်ကွက်၊သံသုမာလမ်းမကြီးမြင်သာ၊တောင်ဥက္ကလာ၊ရန်ကုန်မြို့။ ☎ -၅၇၇၆၄၉၊ ☎ ၀၉ ၈၅၀၃၁၆၆ တနင်္လာနေ့တိုင်း ပိတ်သည်။



# မြင့်စေတနာဆေးတိုက်

(အရေပြားရောဂါမှန်သမျှဒိဋ္ဌပျောက်ကင်းစေရမည်။)

# ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း (သမင်ဖြူ)၊ဖြူ နီ နက်ကွက်များ ◆အနာကြီးရောဂါ ◆ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့်အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, ECZEMA, RING WORM, DERMATITIS, Etc.


ဆရာ **ဦးခင်မောင်မြင့်** (မြင့်စေတနာဆေးတိုက်) ၊ အမှတ် (၃)၊ ပိတောက်ရိပ်မြိမ်၊ အဓိတုန်-အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့ ။ ဖုန်း-၀၁-၆၆၆၄၇၈၀၉-၇၉၈၈၆၉၁၄၉

**ဌာနခွဲ** - အမှတ် (၂)၊ ၆၂-လမ်း၊ ၂၀ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့ ၊ ဖုန်း - ၀၂-၂၄၆၀၉၊ ဖုန်း - ၀၉၂၀၀၂၈၄၃


www.burmeseclassic.com

www.burmeseclassic.com

မနုဿကျော်ဝင်း
(အမျိုးသားစာပေဆုရ)




www.burmeseclassic.com

www.burmeseclassic.com

# အဘကို လျှော့မတွက်နဲ့

မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

အချိန်ကတော့ ၁၉၄၉ ခုနှစ် ပတ်ဝန်းကျင်ကာလ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးခါစ တိုင်းပြည်ကနေနမှန်တိုင်းကထန်ထန် ဆိုတဲ့အချိန်မျိုး။

"အိမ်း…မောင်ဆွေဝင်းက လူယယ်ပီပီ တယ်ပြီး စိတ်ကူးယဉ်တာကိုး ကွဲ့၊ မင်းပြောတဲ့နည်းလမ်းက ရုပ်ရှင်တွေ၊ ပြဇာတ်တွေထဲမှာဆိုရင်တော့ ဖြစ်နိုင်မှာပေါ့ကွယ်၊ ဒါပေမယ့် ငါတို့ အခုရင်ဆိုင်နေရတဲ့ အခြေအနေက မင်းသိတဲ့အတိုင်းပဲ၊ ဓားပြနှစ်ဖွဲ့စလုံးက လူအင်အားတောင့်တင်းတယ်။ သူတို့မှာ တုတ်၊ ဓား၊ သေနတ် လက်နက်တွေစုံတယ်။ ငါတို့ တစ်ရွာလုံးစုလိုက်မှ နှစ်လုံးပြူးသေနတ်တစ်လက်နဲ့ တူမီးနှစ်လက် စုစုပေါင်း သုံးလက်ပဲရှိတာ။ ဘယ်လိုလုပ်ပြီး သည်ကောင်တွေကို အပြုတ်ချေနိုင်မှာလဲ၊ ဒီတော့ အေးအေးဆေးဆေးပဲ နေပါကွာ။ နားရွက်ခေတ်ချင်စမ်းပါနဲ့။ တော်ကြာ မင်းရဲ့ မိုက်ရူးရဲဆန်ဆန် လုပ်ရပ်တွေကြောင့် တစ်ရွာလုံး ပြာပုံဖြစ်ကုန်ဦးမယ်"

ကျွန်တော်ဟာ ဦးတင်ညွန့်ကို ဆော်တော်လေးစိတ် ပျက်သွားမိတယ်။ အထင်အမြင်လည်းသေးမိတယ်…။ ဘယ်လို နွံရဲ့မျက်နှာကိုသာ ထောက်ထားစရာမလိုခဲ့ဘူးဆိုရင် ကေန်မှုချ ပိုးစိုးပက်စက် ပြန်ပြောလိုက်မိမှာ သေချာတယ်။ ဦးတင်ညွန့်ဟာ နွံ့ရဲ့ဖခင်၊ တစ်နည်းပြောရရင်တော့ ကျွန်တော့်ရဲ့ ယောက္ခမလောင်း။ ဒီလိုအခြေအနေမျိုးမှာ မလွှဲမသွေ သည်းခံရတော့မှာပေါ့ဗျာ။ ဒါကြောင့် အံကိုသာ ခပ်တင်းတင်း ကြိတ်ရင်း ခေါင်းငုံ့ခံနေလိုက်ရတယ်။ ကျွန်တော်ဟာ ဦးတင်ညွန့်နဲ့ စကားဆက်ပြောလိုစိတ်မရှိတော့တာကြောင့် ကိုယ့်ရဲ့ပန်းပဲဖိုဆီကိုပဲ ပြန်လာခဲ့တော့တယ်။

"သူ့ကိုသွားပြီး တိုင်ပင်မိတော့မှ ငါ့မှာ ပိုးစိုးပက်စက် အပြောခံလိုက်ရတယ်။ အလကား လူ့ဒိုလူ့ကြောက် မှုဆိုးအဆွေးအဟောင်းကြီး"

ပန်းပဲဖိုကို ပြန်ရောက်တဲ့အခါ ကိုယ့်ဟာကိုယ် တစ်ယောက်တည်း မကျေမချမ်း ရေရွတ်လိုက်မိတယ်။

ကျွန်တော်တို့နေထိုင်တဲ့ မြို့သာယာရွာကလေးဟာ နာမည်နဲ့လိုက်အောင် တစ်ချိန်တုန်းက အေးအေးချမ်းချမ်း သာသာယာယာရှိခဲ့တယ်။ ကျွန်တော်ကလွဲရင် ဒီရွာသားအများစုဟာ တောင်သူလယ်သမားတွေဖြစ်ကြတယ်။ ကျွန်တော်ကသာ ဖခင်ရဲ့ လက်ငုတ်လက်ရင်း ပန်းပဲဖိုလုပ်ငန်းနဲ့ ဆက်ပြီး အသက်မွေးဝမ်းကျောင်း ပြုခဲ့တာပါ။

လွန်ခဲ့တဲ့ တစ်နှစ်လောက်ကစပြီး မြို့သာယာရွာဟာ ဓနအေးချမ်း သောယာဖြစ်ခဲ့ရတာပေါ့။ စံတုတ်ဦးစီးတဲ့ ငီးကွက်စားပြဲအဖွဲ့နဲ့ ထွန်းရွှေဦးစီးတဲ့ ဖွန်ရဲ့စားပြဲအဖွဲ့ဟာ ကျွန်တော်တို့ရွာနားက တောနက်ထဲကို ခြောင်းရွှေ့ပြီး စခန်းချလာကြတာကြောင့် တစ်ရွာလုံး အတိဒုက္ခ ကျရောက်ခဲ့ရတာ ဖြစ်ပါတယ်။ လစဉ် ဆန်အပြင် သူတို့ရဲ့ ဟင်းလျာအတွက် ကြက်၊ ဝက်ကအစ ကျွဲနွားတိရစ္ဆာန်တွေအထိ ရိက္ခာဆက်ကြရတယ်။ တောသူတောင်သား ဆင်းရဲသားတွေဆိုပြီး ညှာတာတောက်လေးတာ မဟုတ်ဘူး။ ဆက်ကြေးငွေဆိုတာကိုလည်း သတ်သတ်တောင်းခဲ့သေးတယ်။ မပေးနိုင်တဲ့သူတွေ အရိုက်အနှက် အနှိပ်အစက်ခံကြရတယ်။ ကျွန်တော့်ဖြစ်ရပ်ကတော့ ရိုးရိုးတောင် ရင်နာစရာ ကောင်းပါသေးတယ်။ သူတို့နှစ်ဖွဲ့စလုံးအတွက် ကြေးဘာဆိုသလို ဓားတွေလှံတွေကို ကျွန်တော့် ပန်းပဲဖိုမှာ အလကားလုပ်ပေးရတယ်။ ဒါတောင်မှ မျက်နှာသာရတာ မဟုတ်ဘူး။ ဖွန်ရဲ့ စားပြဲအဖွဲ့ခေါင်းဆောင် တလျာရှုံးထွန်းရွှေက -

"မင်းဟာ ငါတို့အဖွဲ့အတွက် ဓားတွေ၊ လှံတွေ လုပ်ပေးနေတဲ့ ကျေးရွာ



www.burmeseclassic.com

www.burmeseclassic.com

ကလေးမို့ပေါ့ကွာ။ နို့မို့ရင်တော့ မင်းရဲ့ ကောင်မလေးနဲ့ကို ငါက အရက်နဲ့ပြည်း ပစ်လိုက်တာ ကြာပြီ” လို့ ရိုတိုတိ ဇော်ကားမော်ကားစကားမျိုးတွေ ပြောသေးတယ်။ ကျွန်တော်က သူ့ကို နာနာကြည်းကြည်း ပြန်ကြည့်လိုက်မိတော့

“ဟိတ် . . .ထွန်းရွှေကို ဒီလို မကြည့်နဲ့ နွားကလေးရေ။ ပါးစပ်ထဲက သွားသုံးဆယ့်နှစ်ချောင်းစလုံး အပြင်ကို ထွက်သွားမယ်”

သူက ကြောက်စရာ အသံပြကြီးနဲ့ ဟိန်းဟောက်တဲ့အပြင် ကျွန်တော် အလကားထုပေးခဲ့ရတဲ့ တံ့ရည်ရဲ့ ဓားပြားနဲ့ ကျွန်တော့်ရဲ့ကျောပြင်ကို ရိုက်သွားခဲ့သေးတယ်။ ကဲ . . .ဘယ်လောက် ခံပြင်းနာကျည်းစရာကောင်းသလဲဗျာ။

မြိုင်သာယာရွာဟာ မြို့နဲ့ သိပ်ပြီး အလှမ်းကွာဝေးတယ်။ သွားရေးလာမှုက လည်း ခက်ခဲတယ်။ သီးခြားကမ္ဘာလေး လိုဖြစ်နေတဲ့ မြိုင်သာယာရွာမှာ သူတို့က ထင်သလို မင်းမူနေကြတယ်။ ဟိုဟို ဒီဒီသွားပြီး ဓားပြတိုက်ကြတယ်။ မြိုင်သာယာရွာနားက တောနက်ထဲမှာလာပြီး ခိုကြတယ်။ ဝေစုခွဲကြတယ်။ စံတုတ်ရဲ့ ဇီးကွက်ဓားပြဂိုဏ်းဟာ ရွာရဲ့ အရှေ့ဘက် တောနက်ထဲမှာ စခန်းဖွင့်ထားတယ်။ ထွန်းရွှေရဲ့ စွန်ရဲအဖွဲ့ကတော့ ရွာအနောက်ဘက် ဘန့်ပွေးတောထဲမှာ အခိုင်အမာ တပ်စွဲထားတယ်။ သူတို့ နှစ်ဖွဲ့ဟာ တစ်ဖွဲ့ကိုတစ်ဖွဲ့တော့ ခပ်ရှုံ့ရှုံ့ ရှိကြပုံရတယ်။ သူ့စည်းကိုယ့်စည်း စောင့်ကြတယ်။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ဘယ်နေရာ ဘယ်လုပ်ငန်းမှာမှ ထိပ်တိုက်မဆုံမိအောင် ရှောင်ကြဉ်လေ့ရှိကြတယ်။

ဇီးကွက်အဖွဲ့ခေါင်းဆောင် စံတုတ်ဟာ ကျောက်ပေါက်မာသဲ့သဲ့နဲ့ အတော့်ကို အရုပ်ဆိုးတဲ့လူတစ်ယောက်ပါ။ စိတ်တိုပြီး ဒေါသကြီးတယ်။ ကမူးရှူးထိုး တဇောက်ကန်းလုပ်တတ်တယ်။ တောဝက်လိုတိရစ္ဆာန်မျိုး ဆိုပါတော့။ အဲ . . စွန်ရဲအဖွဲ့ခေါင်းဆောင် ထွန်းရွှေကတော့ ဒဏ္ဍာရီလာ ပြဇ္ဇာလို ခန္ဓာကိုယ်ပိုင်ရှင်မျိုးပါ။ မိန်းမသိပ်လိုက်စားတယ်။ သွေးအေးအေးနဲ့ ရက်စက်တတ်သူတစ်ယောက် ဖြစ်ပါတယ်။ ဒီဓားပြဗိုလ်နှစ်ယောက်ဟာ သူ့အစွမ်းနဲ့သူ နာမည်ကြီးနေကြသူတွေ ဖြစ်တယ်။ စံတုတ်ဟာ သိုင်း ဗန်တိုဗန်ရှည် ကျွမ်းကျင်ပြီး ဓားပေါက် လက်ဖြောင့်တယ်လို့ဆိုတယ်။ ထွန်းရွှေကတော့ သေနတ်ပစ် လက်ဖြောင့်ပြီး ကိုယ်တိုင်လည်း သေနတ်ပြီးသလိုလို နာမည်ကြီးနေသူပါ။

“ဒီလိုလူစွမ်းကောင်းတွေ ခေါင်းဆောင်နေတဲ့ ဓားပြအဖွဲ့ကြီးနှစ်ဖွဲ့ကို ရွာသားတွေစုပေါင်းပြီး ရရာလက်နက်နဲ့ အပြုတ်တိုက်ဖို့ဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ အစ်ကိုရယ်။ အဘပြောတာ မလွန်ပါဘူး။ အစ်ကို့အကြံက ရုပ်ရှင်ပြဇာတ်ထဲကလို သိပ်ပြီး စိတ်ကူးယဉ်ဆန်လွန်းလှပါတယ်”

“တော်စမ်းပါနွဲ့ရယ်။ ဖအေရောသမီးပါ တစ်သံတည်းထွက်တယ်။ ဇာတ်တိုက်ထားသလားလို့တောင် အောက်မေ့ရတယ်”

နွဲ့ရဲ့အဖေ ဦးတင်ညွန့်နဲ့ တိုင်ပင်လို့ အဆင်မပြေခဲ့တဲ့ကိစ္စကို ပြန်ပြောပြတော့ နွဲ့ကလည်း သူ့အဖေရဲ့ လေသံအတိုင်းပဲ တုံ့ပြန်တယ်။ ကျွန်တော် ပိုပြီး ဒေါသထွက်ရတာပေါ့ဗျာ။

“နွဲ့ရဲ့အဘက သိပ်ပြီး သတ္တိကြောင်လွန်းတယ်။ ဟိုး ငယ်ငယ်တုန်းကတော့ အသိဉာဏ်ကင်းမဲ့တဲ့ တောတိရစ္ဆာန်တွေကို သေနတ်၊ ဒူးလေး၊ ကျော့ကွင်း၊ တောင်ချောက်တွေနဲ့ ထင်သလို အနိုင်ကျင့်နိုင်ခဲ့ပေမယ့် အခုလို လူလူချင်းတိုက်ခိုက်ရမယ့်ကိစ္စမှာတော့ သတ္တိကြောင်နေပြီမဟုတ်လား။ အလကား မုဆိုးအခွေးအဟောင်းအဘိုးကြီး”

“အစ်ကိုရယ် . . .အဘကိုတော့ ဒီလိုမစော်ကားပါနဲ့ကွယ်။ တကယ်တော့ တစ်ရွာလုံးဒုက္ခရောက်မယ့်ဘေးကို မမြင်ရက်လို့ အဘက အစ်ကို့ရဲ့ အကြံအစည်ကို တားမြစ်ခဲ့တာပါကွယ်”

“တော်ပါတော့နွဲ့ရယ်။ ဓားပြတွေ အနိုင်ကျင့်တာကို ခံနေရင်း ခံနေရင်းနဲ့ တော်ကြာ နွဲ့ပါ ထွန်းရွှေရဲ့မယား ဖြစ်သွားရလိမ့်မယ် . . .တောက်”

“ဒီလို ဘဝဆိုးမျိုးကိုတော့ နွဲ့ အရောက်မခံဘူး။ တကယ်လို့ အတင်းအဓမ္မ အကြမ်းဖက်လာခဲ့ရင်တော့ နွဲ့ဟာ အရှက်နဲ့အသက် လဲပစ်လိုက်မယ်”

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် ရတာဝ်မအေးနိုင်ခဲ့ရတာကတော့ အမှန်ပါ။ ဓားထု၊ ဓားသွေးရင်းနဲ့ပဲ ကျိတ်မနိုင်ခဲမရ ဖြစ်နေခဲ့ရပါတယ်။

× × ×

ဒီကနေ့ကိုတော့ ကျွန်တော် တင်သက်တာမေ့နိုင်တော့မှာ မဟုတ်ပါဘူး။ နံနက် ဝေလီဝေလင်း အချိန်လောက်ကတည်းက ရွာရဲ့အနောက်ဘက် တော



www.burmeseclassic.com

www.burmeseclassic.com

နက်ထဲမှာ သေနတ်သံတွေ အဆက်မပြတ် ပေါ်ထွက်နေတယ်။ မနက် ၈ နာရီလောက်အထိ ပြတ်တောင်းပြတ်တောင်း ကြားနေရသေးတယ်။ ဒါပေမယ့် မနက် ၉ နာရီ အချိန်လောက်မှာတော့ -

"ပေ့ာကောင်···ဆွေဝင်း၊ ပေ့ာကောင် ဆွေဝင်း"

ဆိုတဲ့ အော်သံနဲ့အတူ အောင်ကျော်တစ်ယောက် ကျွန်တော့်ရဲ့ ပန်းပဲဖိုထဲကို အပြေးအလွှား ရောက်ရှိလာပါတယ်။

"ဟာ ···ပေ့ာကောင်အောင်ကျော် အမောတကောနဲ့ မင်းဘယ်လိုဖြစ်လာတာလဲ"

"ဟွီး···ဆွေဝင်းရေ ငါတို့ရွာတော့ အခုမှ တကယ့်ကို အေးချမ်းသာယာတော့မှာ။ ဇီးကွက်နဲ့စွန်ရဲ့ မနက်ကအနောက်ဘက်တောထဲမှာ အပြင်းအထန် ဆော်ကြတာ နှစ်ယောက်စလုံး အထိနာခဲ့တယ်။ သူတို့ ခြေကုန်လက်ပန်းကျတဲ့ မနက် ၈ နာရီအချိန်လောက်မှာ မြို့သစ်ရဲစခန်းက ရဲတပ်ဖွဲ့ဝင်တွေ အနောက်ဘက်တောကို ဝင်ပြီးစီးလိုက်တာ နှစ်ဖွဲ့စလုံးကို လက်နက်အပြည့်အစုံ တိုက်ရာပါပစ္စည်းတွေနဲ့ မိသွားပြီ။ ခါတိုင်း ရဲတွေလာရင် ပိပိရိရိနဲ့ နှစ်ဖက်စလုံး ရှောင်သွားခဲ့ကြတာ။ ဒီတစ်ခါမှပဲ ဒီကောင်တွေ အငိုက်မိသွားတော့တယ်"

"အေး···မင်းဆီက သတင်းကောင်းတွေကြားရတာ ဟန်ကျသကွာ။ ငါလည်း အခုမှပဲ စိတ်ချမ်းသာသွားရတော့တယ်"

ကျွန်တော်ဟာ အဲဒီနေ့တုန်းက ဝမ်းသာလွန်းလို့ ကွေးနေအောင် ကခဲ့မိတယ်။ မင်္ဂလာသတင်းကောင်း သယ်ဆောင်လာတဲ့ အောင်ကျော်ကိုလည်း ထမင်းကြော်၊ လက်ဖက်ရည်နဲ့ အားပါးတရ ညှော်ခဲ့ပါတယ်။

အခြေအနေတွေ လုံးဝအေးချမ်းသွားပြီဖြစ်လို့ နောက်တစ်ပတ်အကြာမှာ ကျွန်တော်ဟာ လူကြီးစုံရာနဲ့ ချစ်သူနွဲ့ကို တောင်းရမ်းပြီး မင်္ဂလာဆောင်လိုက်တယ်။ နွဲ့ရဲ့အဖေ ဦးတင်ညွှန့်ကတော့ ကျွန်တော်တို့ရဲ့ မင်္ဂလာဦးနေ့မှာပဲ သူ့ရဲ့အိမ်ကို ကျွန်တော်တို့ဇနီးမောင်နှံဆီမှာ အပြီးအပိုင်အပ်ပြီး တောထွက်ရဟန်းပြုသွားခဲ့ပါတယ်။ မင်္ဂလာဦးညရဲ့ အိပ်ခန်းဆောင်မှာ နွဲ့ဟာ ကျွန်တော့်ကို ရွှန်းရွှန်းစားစားကြီးကြည့်ပြီး ပြုံးနေပါတယ်။ ကျွန်တော်ဟာ အခုထက်တိုင် အောင် သူ့အဖေဦးတင်ညွှန့်ကို အခဲမကျေသေးတာကြောင့် -

"နွဲ့ရဲ့အဖ ဦးသတ္တိကြောင် မုဆိုးအအိုအပေါင်းကြီးတော့ လူ့ဘောင်ကို ရှောင်ခွာသွားရှာပြီနော်။ နွဲ့မလွမ်းဘူးလားဟင်"

လို့ ရိတိတိပြောလိုက်မိပါတယ်။ အဲဒီလိုပြောတာကို နွဲ့က ဆတ်ခနဲဖြစ်သွားပြီး -

"အစ်ကို ဘယ်လိုပြောလိုက်တာလဲဟင်။ ဇီးကွက်နဲ့ စွန်ရဲ့ ဓားပြဗိုလ် နှစ်ဖွဲ့စလုံး မျိုးပြုတ်သွားခဲ့ရတာဟာ အဘရဲ့မုဆိုးပရိယာယ်နဲ့ အစီအစဉ်ကြောင့်ဆိုတာ အစ်ကိုမသိသေးဘူး မဟုတ်လား"

"ဘာ···ဘာ နွဲ့ ဘာပြောတယ်"

"အဘဟာ ငယ်ငယ်ကတည်းက တတိယအရွယ်အထိ မုဆိုးဘဝနဲ့ အကြာကြီး ကျင်လည်ခဲ့ရလေတော့ ဒီပွဲမှာလည်း မုဆိုးပရိယာယ်ကိုသုံးပြီး သူတို့နှစ်ဖွဲ့စလုံးကို ချေမှုန်းနိုင်ခဲ့တာပါပဲ။ ကျားသတ္တဝါဟာ အင်မတန်မှ ရက်စက်ကြမ်းကြုတ်တဲ့ တောဘုရင်ဖြစ်တယ်၊ တောဝက်ဆိုတဲ့ တိရစ္ဆာန်ကတော့ ရှုးရှူးရဲရဲနဲ့ အင်မတန် ဒေါသကြီးတယ်။ တောဝက်နဲ့ကျား တောထဲမှာ ရန်စောင်နေတာကို မုဆိုးကတွေ့တဲ့အခါ တောဝက်ကို သေနတ်နဲ့ အရင်ပစ်လိုက်တယ်။ ဒိုင်းဆိုတဲ့ သေနတ်သံနဲ့အတူ ကျည်ဆန် သူ့ကိုလာထိလိုက်တာနဲ့ တောဝက်ဟာ ရှေ့တည့်တည့်က ရန်သူကျားကို ဝုန်းခနဲ ကမ္ဘားရှူးထိုးနဲ့ အသေပြေးပက်တော့တာပဲ။ အဲဒီတော့ ကျားကလည်း အားကုန် ပြန်ပြီးခုခံတိုက်ခိုက်တယ်။ နောက်ဆုံးတော့ တောဝက်ရောကျားပါ နှစ်ကောင်စလုံး သေဆုံးကြရတယ်။ အကြံပိုင်တဲ့မုဆိုးဟာ ကျည်ဆန်တစ်တောင့်နဲ့ သားကောင်ကြီးနှစ်ကောင်ကို တစ်ပြိုင်တည်းရတယ်လေ"

"ဇီးကွက်ဓားပြခေါင်းဆောင် စံတုတ်ဟာ တောဝက်လိုပဲ ရှုးရှူးရဲရဲနဲ့ ဒေါသကြီးတတ်တယ်။ ကမ္ဘားရှူးထိုး လုပ်တတ်တယ်။ အဲဒီအားနည်းချက်ကို အဘက ထိထိမိမိအသုံးချလိုက်တာပါပဲ။ စံတုတ်ရဲ့ လက်ရုံးဓားပြ ဝင်းမောင်ဟာ နွဲ့တို့ရွာထဲက ထားမေဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေးနဲ့ မေတ္တာရှိနေခဲ့ကြတာ ကြာပြီ။ ဆဲ…ဟိုညက ဝင်းမောင်ဟာ ထားခဲ့ချိန်ကပြန်လာတော့ ရွာထိပ်နားမှာ ဓားချိပ်ခံရတယ်။ ခေါင်းတုံးလေး ထွက်တာလည်း အရိုက်ခံလိုက်ရတယ်။ သူ့ကိုဝိုင်းရိုက်တဲ့လူတွေကတော့ အဘရှိုးရှိသတယ်နဲ့ အစီအစဉ်အတိုင်း ရွှန်ရဲ့ဓားပြအဖွဲ့သားတွေလို ဟန်ဆောင်ဝတ်စားထားတဲ့ နွံ့ကိုရွာသား အေးမောင်၊ မင်းနိုင်နဲ့ ကြည်စိန်တို့ပါပဲ။ သူတို့တစ်တွေက စာတုတ်ရေ…နောက်တစ်ခါတော့ မင်းရဲ့အလှည့်ပဲ။ ငါတို့ရဲ့ ငင်ကြိုင်တိုက်မှုန်သမျှကို မကြာခင် အပြတ်ရှင်းပစ်တော့မယ်။ မုံ/ထွန်းရွှေ ရွှန်ရဲ့အဖွဲ့ ဆိုပြီး ရေးထားတဲ့စာတစ်စောင်ကို ဝင်းမောင်ရဲ့လည်ပင်းမှာ ဆွဲပေးလိုက်ကြသေးတယ်"

"သတိလစ်ပြီး လဲကျနေတဲ့ ဝင်းမောင်ကို ဝေအားမောင်တို့အဖွဲ့က ရွာအနောက်ဘက်တောစပ်နားမှာ သွားပစ်ချသွားလိုက်ကြတယ်။ ဒဏ်ရာတွေနဲ့ သတိလစ်ပြီးလဲကျနေတဲ့ ဝင်းမောင်ကို ဝီလွက်ရိုက်သားတွေတွေ့တော့ သူတို့ရဲ့စခန်းကို သယ်ယူသွားပြီး အဖွဲ့ခေါင်းဆောင် စာတုတ်ကို ပြတယ်။ ရွှန်ရဲ့အဖွဲ့ရဲ့လက်ချက်ဆိုပြီးတိုင်တယ်။ ဝင်းမောင်ရဲ့လည်ပင်းက စာကိုလည်း ပြလိုက်ကြတယ်"

"တောဝက်လို ဒေါသကြီးတတ်တဲ့ စာတုတ်ဟာ ဘာမှ စဉ်းစားမနေတော့ဘဲ လက်နက်အပြည့်အစုံနဲ့ သူ့အဖွဲ့သားတွေကိုခေါ်သွားပြီး ထွန်းရွှေတို့ ရွှန်ရဲ့အဖွဲ့ကို သွားပစ်ခတ်တိုက်ခိုက်တယ်။ ဟိုဘက်ကလည်း ပြန်ပြီး ပစ်ခတ်တိုက်ခိုက်တော့ နှစ်ယောက်စလုံး အသေနရကြတာပေါ့။ အဘရဲ့အစီအစဉ်အတိုင်း မြို့သစ်ရဲ့စခန်းကို ကြိုတင်သတင်းပို့ထားတော့ ရဲတွေ ရောက်လာခဲ့တဲ့အချိန်မှာ ယာလည်းညက်၊ ကြက်လည်းပန်းဆိုတဲ့ အခြေအနေမျိုးကို ရောက်နေပြီး သူတို့နှစ်ဖွဲ့စလုံး ဘယ်လိုမှ မခုခံနိုင်တော့ပဲ လက်နက်ချအဖမ်းခံလိုက်ကြရတယ်လေ"

"အဘဟာ အသက်အရွယ်ကြီးရင့် အိုမင်းလာပေမယ့် အမဲလိုက်တဲ့အတတ်ပညာကတော့ နုပျိုရှင်သန်နေဆဲဖြစ်တာကြောင့် အခုလို ပရိယာယ်ကြွယ်ကြွယ်နဲ့ ဓားပြဂိုဏ်းတွေကို ချေမှုန်းလိုက်နိုင်ခဲ့တာပါပဲ။ အဘရဲ့ကျေးဇူးကြောင့် နွံ့တို့ရဲ့ရွာလည်း အေးချမ်းသာယာသွားခဲ့ရပြီလေ"

ကျွန်တော်ဟာ အခုမှပဲ အမြင်မှန်ရသွားတော့တယ်။ နောင်တလည်း ရသွားခဲ့တယ်။ လူငယ်ပီပီ ဆန္ဒစောပြီး မိုက်ရူးရဲဆန်တဲ့ အကြံညာဏ်ကို ကြံစည်စိတ်ကူးခဲ့မိတယ်။ အဘဦးတင်ညွန့်က အဲဒီအကြံကို လက်မခံခဲ့တဲ့အတွက် ကျွန်တော်ဟာ သူ့ကို စိတ်ကွက်ခဲ့တယ်။ ပြစ်တင်ပြောဆိုမိခဲ့တယ်။ အခုတော့ နားလည်သဘောပေါက်ခဲ့ရပြီမို့ ကြည်ညိုလေးစားတဲ့စိတ်နဲ့ အဘဦးတင်ညွန့်(ယခုရဟန်းတော် ဦးတေဇနိယ)ကို စိတ်မှန်းနဲ့ ရှိခိုးကန်တော့လိုက်မိပါတယ်။

**မနုသကျော်ဝင်း(အမျိုးသားစာပေဆုရ)**


## ပဋ္ဌာန်းရွှေကျမ်းရတနာဒီပ
# ရွှေအလင်းတိုင်

ပဋ္ဌာန်းဆက် အားကောင်း၍ လူ့ဘုံလောကတွင် ကျင်လည်နေထိုင်လျက်ရှိကြသော ပါရမီရှင်များအတွက် အားထားစရာ ပဋ္ဌာန်းရွှေကျမ်း ရတနာဒီပ ရွှေအလင်းတိုင် ပေါ်ထွက်လာပါပြီ။

ဤသို့ ပေါ်ထွက်ရအောင်လည်း ပဋ္ဌာန်းရွှေကျမ်းကျင့်စဉ်ကို အဓိဋ္ဌာန်တင် သမထစွမ်းအင်ဖြင့် စီမံ၍ထားသဖြင့် ပါရမီရှင်များ လိုအပ်သော ကိစ္စအဝဝကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

အထူးသဖြင့် လျှို့ဝှက်စီမံထားသော ဂမ္ဘီရပစ္စည်းတစ်မျိုးနှင့် တွဲဖက်၍ စီမံထားပါသည်။ အသေးစိတ်သိလိုသူများ လူကိုယ်တိုင်ကြွရောက်၍ မှာယူနိုင်ပါသည်။

---- ဆက်သွယ်ရန် ----

**ရောင်ပြန်မဂ္ဂဇင်းတိုက်**

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၁၀၂၂၃၃၀




www.burmeseclassic.com

www.burmeseclassic.com

# ဘဝအမောစင်မယ့် လှတောတစ်ခွင် ဟာသများ

ဦးကောင်းထူး



### မံမီကောင်နဲ့ နှင်လားငါလား

လှတောရွာနှင့် မနီးမဝေး၌ စက်ဘီးတစ်စီးကို ကားဘာ ဝင်တိုက်၏။ ထိုသတင်းသည် ခဏအတွင်း ရွာထဲသို့ ရောက်ရှိလာလေ၏။

တစ်ယောက်က လမ်းဆိုးသဖြင့်ဟု ဆို၏။ တစ်ယောက်ကမူ စက်ဘီးသမားက ကားကို ပမာမခန့်လုပ်သည်ဟူ၍ အပြစ်တင်၏။

တတိယတစ်ယောက်က အငြင်းပွားမှုကို ရှင်းချက်ထုတ်ပြန်၏။

"ငါက မျက်မြင်ပါကွာ။ စက်ဘီးက ရှောင်ပေးရက်သားနဲ့ ကားက ဝင်တိုက်တာ။ ကားသမား မူးနေတာကိုး တွဲ့။ မူးလိုက်သမှ ကြေးစည်နားရွက်ကို တင်းပုတ်နဲ့ နှတ်ထားသလို သွက်သွက်ခါ ချာချာလည်နေတာ လူရ"

"ဒါထက် စက်ဘီးသမား ရသွားတဲ့ဒဏ်ရာ တော်တော်များသလား"

"ဒဏ်ရာက များသလား မမေးနဲ့။ ဆေးရုံပေါ်မှာ တစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံး ပတ်တီးနဲ့ ကျပ်စည်းထားလိုက်ရတာများ ပိရမစ်သင်္ချိုင်းထဲက မံမီကောင်နဲ့ နှင်လားငါလားပဲ"

□□□

### အုတ်တံတိုင်းကြီးအလား

လှတောသားတစ်စု အရိပ်ကောင်းသည့် လက်ပံပင်ကြီးအောက်ရှိ အကြော်ဆိုင်သို့ ဝင်နားနေကြ၏။

အကြော်စုံမှာပြီး ထိုင်စောင့်ရင်းက ထန်းရည်ပုလင်းများ တန်းစီထားသည်ကို တွေ့ရသည့်အခါ . . .

"ခရီးဝေးပြန်လာရ၊ မောမောနဲ့ ထန်းရည်သောက်ရင် ကောင်းမလားစိတ်ကူးပေါ့။ ပုလင်းအဝက ထွက်နေတဲ့ အမြှုပ်တွေ သတိရတာနဲ့ သောက်ချင်စိတ်ကုန်"

ထိုစဉ် အကြော်များ ရောက်လာရာ သူ့ထက်ငါ နှိုက်စားရင်း ရေနွေးသောက်ကြလေ၏။

အကြွမ်းပန်းကန်က နှစ်ခွက်တည်း ရှိလေရာ ထပ်တောင်းရပြန်၏။

"ငါရေနွေးသောက်တဲ့ဟာ ဘာပြုလို့များ နှုတ်ခမ်းကို သံချွန်လာထိုးပါလိမ့်လို့ စဉ်းစားနေတာ။ လက်စသတ်တော့ ဒီပန်းကန် . . ."

"ဟလိုလေး . . . အကြွမ်းပန်းကန်ရယ်။ နှုတ်ခမ်းသားတွေ ပဲ့နေလိုက်ပုံများတော့ ပုလင်းကွဲတွေ စီထားတဲ့ အုတ်တံတိုင်းကြီးလားမှတ်ရ"

□□□



www.burmeseclassic.com

www.burmeseclassic.com

## မတတ်နိုင်တာမှ

လူဆိုသည်မှာ အမျိုးမျိုး အဖုံဖုံဖြစ်၏။

ဘာမဟုတ်တာလေးနှင့် ငယ်သံပါအောင် ညည်းကြသူတွေမှာလည်း တစ်ပုံတစ်ပင်။

မကျမ်းမမာဖြစ်နေစဉ် ညည်းတွားလိုက်ရမှ သက်သာသည်ဟု ထင်တတ်ကြကုန်၏။

ညည်းသူတွေနှင့် ပတ်သက်၍ လုတောသားက မှတ်လောက်သားလောက် ဝေဖန်ခဲ့ပုံလေးမှာ ဂန္တဝင်စာတင်လောက် ပါပေ၏။

"ဟလိုလေး ... လူရဲ့။ ညည်းရှာလိုက်လေ။ ခိုကျောပိုးထားသလား မှတ်ရ။ ဒီလိုလူမျိုး ညည်းသံပျောက်အောင် တန်ခိုးအရာမှာ ဧတဒဂ်ရထားတဲ့ ရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးတောင်မှ တတ်နိုင်မှာ မဟုတ်ဘူးဟ"

□□□

## [illegible]င်ရဲ့ မည်းလိုက်သမှ

လုတောသားတစ်သိုက် လက်ဖက်ရည်ဆိုင် ထိုင်နေစဉ် ရွှေဘိုဘက်မှ ဘတ်စ်ကားတစ်စီး ဆိုင်ရှေ့ရောက်လာပေ၏။

ကားတိုင်ကီကို စပါယ်ယာက ရေဖြည့်နေစဉ် ကားနောက်ရှိလူများ အညောင်းပြေ ဆင်းလာကြ၏။

ဤတွင် လူတစ်ယောက်သည် တောင်ငေးမြောက်ငေး လေ့လာရေးလုပ်နေ၏။ ထိုအဖြစ်ကို မြင်တွေ့ရသည့် လုတောသားသည် တအံ့တဩနှင့် ...

"ဟလိုလေး ... ဒီလူအသားနှယ် မည်းရှာလိုက်လေ။ သူ့အမေ ကျီးကန်းမ လကွယ်ည သန်းခေါင်ယံမှာ မဟူရာကျောက်ရိုင်းပေါ်မှာ မီးသွေးခဲစားပြီး မွေးလား မှတ်ရ"ဟု ပြောလိုက်လေသတည်း။

□□□

## ခြေလေးချောင်းနဲ့ ကြက်

လုတောသားတစ်ယောက် နာမည်ကြီး နွားခြံတစ်ခြံသို့ ရောက်ရှိလာလေ၏။

သူသည် နွားသင်ပုန်းကြီးကျေ၍ ငွေလည်းတတ်နိုင်သည့်အတွက် နွားကောင်းကို လိုက်ရှာနေ၏။

နွားငယ်ငယ်က သွားစုံလျှင် မကောင်း။ ပုကျစ်ကျစ်လေးနဲ့ အကောင်မထွား။

အကောင်ထွားပြီး သွားအကျိုးနောက်ကျမှ နွားလားမြောက်သလို ခိုင်းကောင်းတာလည်း သိပြီးသားဖြစ်၏။

သို့ဖြင့် တစ်နယ်တစ်ကျေးကို အပင်ပန်းခံ ရောက်လာရာက နွားပေါက်ကလေးတစ်ကောင်ကို တွေ့သဖြင့် ပါးစပ်ဖြဲကြည့်ပြီး ...

"ဟလိုလေးကွယ် ... နွားကြည့်တော့ ကြက်တိန်ညင်လောက်ပဲရှိရဲ့။ ပါးစပ်ထဲမှာတော့ ၁၀၈ လုံးပုတီးငုံထားသလားမှတ်ရ။ လက်စသတ်တော့ ခြေလေးချောင်း ကြက်ကြီးပါလား ဟရို့"

□□□

## အပူရှပ်မှာ စိုးပါတယ်

စပါးပင်များ အညှောင့်ထွက်၍ မိုးမျှော်နေဆဲကာလတွင် မိုးက ရွာလိုက်ပါပြီ။

နောက်တစ်နေ့ လုတောသား လယ်သမားတို့ လယ်တောတွင် ဆုံမိကြရာမှ တစ်ယောက်က ဝမ်းသာအားရဖြင့် ...

"မိုးတော့ရွာပြီဗျို့။ ကောင်းလိုက်တာ။ ကလေးတွေအတွက် ဟန်ကျသွားတာပဲ"

အဆိုပါ စကားကို လက်မခံလိုသည့် လယ်သမားတစ်ယောက်၏ ကန့်ကွက်သံက ...

"ဟလိုလေး ... မိုးတဲ့ဗျာ။ မုဆိုးမ မျက်ရည်ပေါက်လောက်တောင် မရှိဘူး။ စပါးပင်ကလေးတွေ အပူရှပ်မှာတောင် စိုးရ"ဟူသတည်း။

□□□



www.burmeseclassic.com

www.burmeseclassic.com

## မတော်လိုက်ရတဲ့သူ

လူတောသား ကလေးငယ်တစ်ယောက် မိဘများနှင့်အတူ မန္တလေးသို့ ပါလာ၏။ ထိုအခါ ကလေးပီပီ မြင်မြင်ကရာ ဟိုမေးသည်မေးနှင့် အမေးတွေ ထုလွန်းတေ ထုလာသလောက် မိဘများက စိတ်ရှည်လက်ရှည် ဖြေကြားပေးလေ၏။

စိတ်မရှည်သူက အဖော်ပါလာသည့် ကလေးငယ်၏ ဦးလေးဖြစ်၏။

"ဟလိုလေးဟဲ့ . . . ကလေးရယ်၊ မေးလိုက်တာလေ၊ တကောင်းပြည်က မောင်ပေါက်ကျိုင်းသေပြီး ဝင်စားသလား မှတ်ရ"

ထိုသို့ ဦးလေးဖြစ်သူက ကြားဝင်ဟန့်လိုက်သည့် အချိန်မှာပင် ကလေးက သူ့ဘက်မြားဦးလှည့်ပြီး . . .

"မောင်ပေါက်ကျိုင်းဆိုတာ . . . ဘယ်သူလဲဟင် ဦးလေး"

"ဩော် . . . အေး . . . မောင်ပေါက်ကျိုင်းဆိုတာ တခြားလူမဟုတ်ဘူး၊ အရင်ဘဝက မင်းမတော် လိုက်ရတဲ့ ယောက်ဖ"

□□□

## တောဖြစ်နေတဲ့လူ

လူတောသူများ ရှုပိုးထိုးသကဲ့သို့ပင်၊ အလယ်ပိုင်းရှိ ဆိုးမတစ်ယောက် အိမ်၌ ပျောက်စေဆရာတစ်ယောက် ရောက်နေ၏။

သတင်းကြားသည်နှင့် ဝါသနာရှင် အမျိုးသမီးများ [illegible] ခြေချင်းလိမ်သွားခဲ့တော့၏။

ထိုအခါ မျက်စိနောက်လာသဖြင့် လူတောသား [illegible]နှင့်မှ လူလူကြီးတွေ့ပြီဟု ဆိုရမည်။

"ဟိုအိမ်မှာ ရွာသူတွေ ရှုပ်ယှက်ခတ်နေတာ တိုး[illegible] ထိရောင်းနေတာလား၊ သစ်ခေါင်းပေါက်တွေ မီး[illegible]ခံရ တာလား မသိဘူး"

ဤတွင် အကြောင်းသိ တစ်ယောက်က . . .

"စကြာမင်းကလေးတဲ့ကွ၊ ဘိုးဘိုးအောင်နဲ့ လိုက်သွားပြီး ရှန်ဂရီလာ၊ ဟိမဝန္တာ၊ ဝန္နမာခနတောင်အနှံ့ တရားအားထုတ်ပြီး ပြန်လာတာဆိုပဲ"

"နို . . . တရားသမားကို မိန်းမတွေ ဘာလို့များ နှောင့်ယှက်နေတာလဲ"

"ဒီလိုလည်း ဟုတ်မယ်မထင်ပေါင်ဗျာ၊ သူက အဓိဋ္ဌာန်အောင်လို့ ဓာတ်ရိုက်ဓာတ်ဆင် လုပ်ပေးနိုင်သတဲ့၊ စီးပွားတက်အောင်၊ ထီပေါက်အောင်၊ စာမေးပွဲအောင်အောင်၊ အိမ်ထောင်ကျအောင် ဘက်စုံလို့တရပြီး တကယ်စွမ်းဆိုပဲ"

ထိုအခါ နောက်ဆုံးတစ်ယောက်က ပိတ်ပြောပစ်လိုက်လေ၏။

"ဟလိုလေး . . . စကြာမင်းကလေးရယ်၊ ရန်သူ အင်္ဂလိပ်နဲ့ ဖက်ဆစ်တွေရှိတုန်းကတော့ မောင်းမထုတ်၊ ဝင်မကယ်၊ ခုမှလာပြီး တန်ခိုးပြလို့ တစ်လွဲဆံပင်ကောင်း နေလိုက်တာ တစ်ခေါင်းလုံးပြောင်ရှင်းပြီး ဟိုး . . . ခြေသလုံးမွေးကျမှ တောဖြစ်နေတဲ့ လူကျနေပါရော့"

□□□

## မုန့်လက်ကောက်တောင် မရှိဘူး

လူတောရွာတွင် ဘုံကထိန်ပွဲကျင်းပရန် စီမံနေသော အခါကဖြစ်၏။ ခေါင်းဆောင်များက လူငယ်တစ်ဦးကို အနီးရွာသို့ ဘုန်းကြီးပင့်ခိုင်းလေရာ . . .

"မင့်မှာ စက်ဘီးရှိတယ်မဟုတ်လား"ဟု မေးလေ၏။

ဤတွင် အမေးခံရသော လူငယ်က . . .

"ဟလိုလေးဗျာ . . . ကျုပ်မှာ စက်ဘီးနဲ့ တူတာဆိုလို့ မုန့်လက်ကောက်တောင် တုတ်ထောက်ပြီး မစီးနိုင်တဲ့ ဘဝပါဗျာ"ဟု အဖြေပေးလေသတည်း။

□□□

## ဘွဲ့တောင်မှ ပေးထားရတယ်

မိခင်ဖြစ်သူက ခပ်ထုံထုံ ခပ်နုံနုံ ခပ်အအ သမီးကို ဆူပွက်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"အားနာရင် အားပါတတ်တယ်လို့ ဘယ်နှစ်ခါ ပြောပြီးပလဲ။ အတန်တန် ပြောနေရင်းကြားက တယ် . . . ငါ ပြောလိုက်ရ အဆီတစ်ထပ်၊ အသားတစ်ထပ် နေရော့မယ်"

"အမေရယ် . . . အိမ်နီးချင်းဖြစ်နေတော့ မငှားလို့လည်း မကောင်း၊ ဒါလောက်လေးနဲ့ မလိမ်တန်ကောင်းဘူး ထင်လို့ပါ"

ဤတွင် မိခင်က မဲ့မဲ့ရွဲ့ရွဲ့ ခုနစ်သံချီ ဟစ်လေတော့၏။

"ဟာလိုလေး . . . လိမ်စရာမရှိ ကိုယ့်ဒူးကိုယ် ရေဆွတ်ပြီး လိမ်တဲ့မိန်းမဟဲ့။ လူတကာ အရပ်တကာ လှည့်ပြီး လိမ်နေလို့ ကလိမ်ချိုနတ်သမီးလို့တောင် ဘွဲ့ပေးထားရတဲ့ ဟာမျိုး"

❐❐❐

## ဘယ်ဟာမှ မလွတ်ပါဘဲလား

လှတောသား အုပ်စုတွင် နားလေးသူတစ်ယောက် ပါနေ၏။ အပေါင်းအသင်းတွေလည်း သူမြင်အောင် ပါးစပ်မလှုပ်ရဲ၊ သူလာလျှင် ငြိမ်ကုပ်နေရ၏။

ခုလည်း စကားကောင်းနေဆဲ နားလေးသည့်လူ လာနေသည်ကို လှမ်းမြင်ရာက လက်ကုတ်ပြီး သတိပေးလိုက်ပုံက . . .

"ဟေ့ . . . ဟိုမှာ မောင်ရင်နားထိုင်း လာနေပြီ။ တိုးတိုးပြောကြ။ ပါးစပ်လှုပ်တာမြင်တာနဲ့ သူ့အတင်း ချနေတယ် ထင်ဦးမယ်၊ ပါးစပ်အကျယ်ကြီးဟာပြီး သမ်းရင်လည်း မင်းတို့ဆိုတာ ဘာသီချင်းလဲ၊ စာသားပေးပါလို့ အတင်းတောင်းနေမှာ"

❐❐❐

## သေရချည်ရဲ့

သရက်သီးပေါ်ချိန်ကာလ၌ လှတောသားတစ်ယောက် ဈေးထဲသို့ ရောက်သွား၏။ သရက်သီးဆိုင်ရှေ့ ရောက်လေသော် တစ်ဈေးလုံး သရက်သီးမိုးရွာထားသကဲ့သို့ ပြည့်နေ၏။ သရက်သီးသည်များမှာလည်း များရည်ဆမ်း မျက်နှာများနှင့် ဖော်ဖော်ရွေရွေ ကြို[illegible] နေကြသည်။

"ဟောဒါ မချစ်စု၊ ဟိုဟာက ရင်ကွဲ၊ ဒီဘတ်[illegible] စိန်တစ်လုံး . . . မြည်းကြည့်ကြပါဦးလား"

ဟုဆိုကာ သရက်သီးတစ်လုံးကို ဓားနှင့်ခွဲပြီး အမြည်းပေးလေ၏။

လှတောသားလည်း အမြည်းစားကြည့်ခဲ့ရာက . .

"ဟာလိုလေးကွယ် . . . ချဉ်လိုက်တဲ့ အသီးရယ် ပါးပိတ်ရိုက်သလား မှတ်ရ။ တစ်ခြမ်းစားတာတောင် ထိချက်မသက်သာ၊ တစ်လုံးသာ ကုန်အောင်စားရရင် ရင်ကွဲသေရချည်ရဲ့။ ဒါမှ တကယ့်ရင်ကွဲ"

❐❐❐



## စပ်ပြီးကျသလား မှတ်ရတယ်


လှတောရွာရှိ ရိုင်ပတ်ကာ ရုပ်ရှင်ရုံကြီးတွင် [illegible] တစ်ခါက သန်းနွဲ့၊ အေးကိုတို့ ပါဝင်သော စံရှားဒိန်း[illegible] ရုပ်ရှင်ကား လာပြပါလေ၏။ သန်းနွဲ့က ပိန်ပိန်၊ အေး[illegible] က ချည့်နဲ့နဲ့။

ဤတွင် လှတောသား တစ်ယောက် ငေါ့ပြော[illegible] ပုံက . . .

"ဟာလိုလေး . . . ဦးဒိန်းဒေါင်ရဲ့ ကာယဗလ [illegible] မားလိုက်လေ။ ပန်းပဲမောင်တင့်တယ်နဲ့ အာနိုးတို့ [illegible] ကျထားသလား မှတ်ရဟော့"

● ဦး[illegible]

www.burmeseclassic.com



# မြစ်သုံးသွယ်ပွဲတော်

**မောင်ကောင်းမြင့်**

ဖို့(တ်)ဝိန်းမြို့သားတွေအားလုံး မျှော်နေကြတဲ့ Three Rivers Festival (မြစ်သုံးသွယ်ပွဲတော်)က မကြာခင်ကာတော့မှာ။ ပြည်နယ်တစ်ခုလုံးမှာ ထင်ရှားတဲ့ ပျော်ပွဲကြီးမို့ အနယ်နယ်က လာကြတယ်။ ဆရာကြုံမှာပါဟု ကျွန်တော် ရောက်စကပင် မြစ်သုံးသွယ်ဆုံရာ မြစ်ဆုံသို့ လိုက်ပို့ရင်း ကိုမျိုးက ဆိုခဲ့၏။

ဤမြစ်သုံးသွယ်ပွဲတော်ကို ဂူလိုင်လလယ် ၁၁-၁၈ ၌ ကိုယ်တွေ့ဆင်နွှဲ ပျော်ရွှင်ခဲ့ရလေပြီ။ မြစ်သုံးသွယ်ဆိုသည်မှာ စိန့်မေရီမြစ်နှင့် စိန့်ဂျိုးဇက်မြစ်တို့ ပေါင်းဆုံပြီး ပို၍ကြီးသော မော်မီးမြစ်အဖြစ် စီးဆင်းသောနေရာပင်ဖြစ်သည်။ ဖို့(တ်)ဝိန်းမြို့လယ် အချက်အချာတွင်ရှိလေသည်။ (စံတော်ချိန်သတင်းစာ ဖို့(တ်)ဝိန်းဟု ခေါ်ပါသည်တွင် ဖတ်ရှုနိုင်ပါသည်။)

ထိုနေ့ ၁၁-၇-၂၀၁၅ နံနက်က မြို့သူမြို့သားများ ပါဝင်သော ဖွင့်ပွဲ၌ မြို့လယ်တွင် အသင်းအဖွဲ့နှင့် ကျောင်းများက ပါဝင်ချီတက်ကြသည်။ ပွဲတော်ကျင်းပရာနေရာမှာ



www.burmeseclassic.com

www.burmeseclassic.com

Head Waters Park ကို ဗဟိုပြုလျက် မြစ်သုံးစင်းဆုံရာ ကျွန်းထိပ်ဖြစ်သည်။ မြို့လယ် Main st, Barr st နှင့် ဖို့(တ်) ဝိန်းအနုပညာပြတိုက်နှင့် Freimann Square တစ်လျှောက် ဖြစ်လေသည်။ ပွဲတော်တွင် အနုပညာပြပွဲ၊ ကပွဲ၊ ပျော်ပွဲ၊ ရွှင်ပွဲ၊ ပြိုင်ပွဲ၊ ဈေးပွဲတော်နှင့် အားကစားပွဲများ ပါဝင်သဖြင့် လူကြီး လူငယ် အားလုံးပါဝင်နိုင်ကြသည်။ မြစ်တစ်လျှောက် လှေစီးမလား၊ ဖောင်စီးမလား၊ မြို့တစ်ပတ် ရဟတ်ယာဉ်စီး ဦးမလား၊ မြို့ပတ် Trolley စီးမလား။ စုံလှပေသည်။ မှတ်တမ်းများအရ ဤပွဲတော်သည် မြို့တည်နှစ် ၂၀၀ ပြည့် ၁၉၉၄ နှင့် ကြံ့ကြိုက်တုန်းက ပြည်နယ်တစ်ဝှမ်းနှင့် အခြားပြည်နယ်များအပါအဝင် လူသန်းချီဆင်နွှဲခဲ့သည်ဟု ဆိုလေသည်။ ပွဲတော်စတင်ခဲ့သည့် ၁၉၆၉ ခုနှစ်က တစ်သိန်းမျှသာ ပါဝင်ခဲ့သည်။ (၂၀၁၉ တွင် မြစ်သုံးသွယ် ရွှေရတုပွဲအတွက် အားခဲထားကြသည်ဟု ဆိုလေသည်။)

သည်မြစ်က ပျော်ပွဲရွှင်ပွဲနဲ့ မြို့အတွက် အထိမ်းအမှတ်ဖြစ်သလို တစ်ခါတစ်ရံ ရေလျှံပြီဆိုရင်တော့ မြစ်ကမ်းဘေးနားကအိမ်တွေ ရေဝင်တတ်တယ်။ ဒါကြောင့် သည်အနီးတစ်ဝိုက်က အိမ်တွေက အာမခံထဲမှာ မီးအာမခံသာမက ရေအာမခံလည်း ထားကြရတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်လောက်က ရေတော်တော်ကြီးခဲ့တယ်ဟု ကျွန်တော့်အား လိုက်ပို့ရင်း ကလင်တန်လမ်းတစ်လျှောက် ကျွန်းတစ်ပတ်လျှောက်ပြီး ပြသသူကိုဘကျော်က ဆို၏။ ကလင်တန်လမ်းပေါ် စိန့်မေရီမြစ်ကူးတံတားမှာ ဒေါက်တာမာတင်လူသာကင်း (ဂျူနီယာ)အထိမ်းအမှတ် အမည်ပေးထားလေသည်။ လွန်ခဲ့သော နှစ်နှစ်ကျော်ကမှ ဖွင့်လှစ်ခဲ့၏။

ဒေါက်တာမာတင် လူသာကင်းမှာ လူမည်းအခွင့်အရေးတိုက်ပွဲဝင် ခေါင်းဆောင်ဖြစ်ပြီး သူ၏ I have a dream အမည်ရှိ မိန့်ခွန်းမှာ ကမ္ဘာကျော်လေသည်။ (ဒေါက်တာမာတင်လူသာကင်းအကြောင်းကို မြေးကလေးဖတ်ဖို့ ၁၆၊ စံတော်ချိန် နေ့စဉ် ၂၈-၁-၂၀၁၄ တွင် ဖတ်ရှုနိုင်သည်။) အမေရိကန်ပြည်ထောင်စုတွင် လူဖြူ လူမည်းတို့၏ အခွင့်အရေးနှင့် လူနေမှုတိုက်ပွဲမှာ ယနေ့အထိ ရှိနေဆဲပင်။ ထိုတံတားအလယ် ထိုင်ခုံများတွင် ထိုင်ရင်း မြစ်ရေစီးနေသည်ကိုကြည့်ကာ သမိုင်းရေစီးကြောင်းနှ မျှော်ပါမိလေသည်။

ALL the men are greated equal ဟူသော ကင်းဆို သောစကားမှာ တံတားလက်ရန်း သံမဏိပြားပေါ်၌ ရေးထိ ထားသော်လည်း လက်တွေ့ဖြစ်ပြီလားဟု မေးရပေ၏၊ သူ အိပ်မက်ကား နီးထရင်း၊ အိပ်ပျော်ရင်း နီးတစ်ဝက်အိပ်မက် ပေလော၊ လူ့အခွင့်အရေးအလေးထားသော နိုင်ငံမှ ဟာကွက် လော။

ကျွန်တော်တို့သည် ဝိန်းခံတပ်ဟောင်း (Wayne Ol Fort) ကို ပတ်ကာကြည့်ရင်း ဖြတ်ကျော်ခဲ့၏။ မြစ်သုံးသွယ် ဆုံရာ ကျွန်းထိပ်ရှမျှော်တံတားက ...သးပေါ်တွင် ရပ်ကာ စကာ ပြောကြ၏။

ကိုလှကြိုင်(တက္ကသိုလ်တိုက်တွင် အလုပ်လုပ်နေသူ)က ကျွန်တော်တို့က အင်္ဂလိပ်လက်အောက် အယူအဆနဲ့ တသ လာရတော့ River ဆိုတာ မြစ်ကြီးတွေကိုခေါ်တာ။ သည်မြ တွေက ပုဇွန်တောင်ချောင်းလောက်တောင် မကျယ်တော ကျွန်တော့်မိတ်ဆွေတွေကို "တို့ဆီမှာ River ဆိုတာ မ တို့မြစ်ရဲ့ သုံးလေးဆမကရှိတယ်လို့ ပြောပြရတယ်။ ဒါပေမ ဆရာရေ ···Lake အသုံးကျပြန်တော့ သည်မှာက တကယ် ကို ကြီးမှကြီးပဲ။ Michigan Lake ဆိုရင် ကမ္ဘာကျော် မဟုတ်လား" (မီချီကန်ရေကန်ကြီးမှာ အလျား ၁၈ မို အကျယ် ၃၀၇ မိုင်ရှိ၍ မြို့သုံးလေးမြို့ ဧရိယာအတွင်း ရှိ သည်)ဟုဆိုသည်။ ဘာသာစကားအသုံးအနှုန်း ကွာခြားမှု

မြစ်သုံးသွယ်ဆုံရာမှ တံတားပေါ်ရောက်လာသော အခါ မြို့လယ်မှ အဆောက်အအုံများကို မြင်နေရသည် တံတားမှဆင်းလာကြသောအခါ ကလေးကစားကွင်းမှ ပျော် ရွှင်ပွဲရဟတ်မျိုးစုံမှ အသံပေါင်းစုံသည် လေထဲတွင် ပျံ့လွှ နေသည်။ အဖြူ၊ အမည်း၊ အညို၊ အဝါ ရောင်စုံလူသားမျ အနီ၊ အပြာ၊ အစိမ်း၊ အဝါ၊ ခရမ်း ရောင်စုံအရောင်အသွေ များ၊ လမ်းလျှောက်တတ်စမှ အဘိုးအဘွားအထိ အသက် အရွယ်စုံ လူသားများသည် ကွင်းအပြည့် လှုပ်ရှားသွားလာ နေကြသည်။ ရုံးပိတ်ရက်လည်းဖြစ်နေသည်မို့ ကြိတ်ကြိတ် တိုးစည်ကားနေသည်။

ခန်းမကြီးထဲမှ ကပွဲ၊ ဂီတဖျော်ဖြေသံသည် ပျံ့လွှင့်နေ အခြားတစ်ဖက်ဈေးဆိုင်များမှ အနံ့ပေါင်းစုံကား လေထဲ ရသမျိုးစုံကို ဖော်ပြနေ၏။ မက္ကဆီကို၊ စပိန်၊ ဂျာမနီ၊ ဂျပ



www.burmeseclassic.com

www.burmeseclassic.com

အစားအသောက်များ၏ အကင်၊ အကြော်နံ့တို့သည် ရောထွေးနေသည်။ ပက်ပစီ၊ ကိုကာကိုလာ၊ မွန်းစတားနှင့် အအေးချိုစုံ၊ ရေခဲမုန့်မျိုးစုံတို့၏ မွှေးရနံ့စုံက မွှန်နေအောင် ပေါင်းဆုံကာ လေထဲတွင် ပျော်ဝင်နေသည်။

စားသောက်ကန်းအနီးမှ အားကစားကွင်းထဲတွင် BMX Team စက်ဘီးစီးအဖွဲ့၏ စတန့်စွမ်းရည်ပြပွဲတွင် အားပေးသံများ ဆူညံနေလေသည်။ စက်ဘီးစီးအဖွဲ့ဝင်သုံးဦးတို့သည် တစ်ဖက်စင်မြင့်မှ လျှောစီးလာ၍ အလယ် တောင်ထိပ်ပေါ်သို့ ထိုးတက်ရင်း လေထဲတွင် ဝဲပျံကာ ဆပ်ကပ်သမားအသွင် ကျွမ်းကျင်မှုအမျိုးမျိုးပြပြီး အချိန်ကိုက် ပြန်ကျလာသည်။ တောင်အနိမ့်ဘက်မှ အမြင့်သို့ပျံတက်ကာ အခြားစင်မြင့်ထိပ်၌ (စင်မှာ ခြောက်ပေ × ၁၀ ပေမျှသာရှိ၍ အပွဲကြီးတစ်လုံးစာမျှသာကျယ်ရာ) တိကျသော အရှိန်သတ်ယိမ်းနွဲ့မှုများမှာ အံ့ဩဖွယ်ဖြစ်သည်။ အထူးသဖြင့် ပေ ၁၅၀ ခန့်သာ ပြေးလမ်းရှိသော နိမ့်မြင့်လေးခုအကြား စီးလမ်းကြောင်းမှာ အလွန်စွန့်စားရသော အလွန်ကျွမ်းကျင်ရသော ပညာပင်ဖြစ်သည်။

ကျွန်တော်တို့သည် အခြားသော ပရိသတ်တို့နှင့်အတူ အားပေး လက်ခုပ်တီးခဲ့ကြပါသည်။ လူငယ်ကလေးများ၏ စွမ်းရည်ဖြစ်သဖြင့် အောင်မြင်ကြစေရန်လည်း မြန်မာပီပီ ဆုတောင်းခဲ့ပါသည်။

မိန်း (Main St) နှင့် ဘား (Barr St) လမ်းကြားရှိ အနုပညာပြတိုက်ရှေ့လမ်းတစ်လျှောက်တွင် လမ်းပန်းချီ (Sterrt Art) ရေးဆွဲနေသော အနုပညာရှင်၊ ဝါသနာရှင်များသည် သူတို့၏ စိတ်ကြိုက်လက်ရာများကို တစ်ဦးချင်းနှင့် အစုလိုက် ဖန်တီးရေးဆွဲနေကြသည်။

လမ်းမကြီး (အလယ်ခုံမြင့်၏) တစ်ဖက်တစ်ချက်တွင် လမ်းပေါ်၌ မြေဖြူရောင်စုံများ ရေဆေးများကို အသုံးပြုကာ အားပေပတ်လည်ခန့်မှ (၈ × ၁၅ ပေ)ခန့်အထိရှိသော ပန်းချီကားများဖြစ်သည်။ ပုံတူများ (မိမိတို့နှစ်သက်ရာ အနုပညာရှင်နှင့် ပုဂ္ဂိုလ်များ)၊ အနုအလှရသခံစားမှုများ၊ မော်ဒန်ပန်းချီ၊ စိတ္တပဗေဒပန်းချီ၊ သက်ငြိမ်၊ ရှုခင်း၊ တိရစ္ဆာန်မျိုးစုံနှင့် မြို့ပြအဆောက်အအုံများကို ခံစားရေးဆွဲထားကြသည်။ တစ်လမ်းလုံး အနုပညာပန်းခင်းကြီးလို ရောင်စုံဖူးပွင့်နေသည်။

လက်ရာမြောက်လှသည်။ နံနက်စောစောကတည်းက ရေးဆွဲခဲ့ကြရာ ရုပ်လုံးပေါ်နေ၍ ကြည့်ရှုသူတို့က ဓာတ်ပုံမှတ်တမ်း တဖျပ်ဖျပ် ရိုက်ကူးနေကြသည်။

ပန်းချီဆွဲနေသော Sara အမည်ရှိ အမျိုးသမီးမောင်နှံနှင့် စကားပြောခဲ့သည်။ သူတို့က နှစ်စဉ်ရေးဆွဲပါသတဲ့။ တိရစ္ဆာန်ပုံတွေဆွဲရတာ ပျော်ပါသတဲ့ဟု ဆို၏။ လမ်းအလယ်တွင် တကယ့်ကော်ဇောကြီး ...ချပ်ကို တွေ့ရသလို ဒီဇိုင်းရောင်စုံနှင့် ပန်းပွင့်စုံကော်ဇော်ကြီးမှာ အသက်ဝင်လှ၏။ ငှက်ကလေးတွေက ရေကူးနေ၏။ ကျားကြီးက မာန်ဖီနေ၏။ ဇာတ်လမ်းလိုဆွဲထားသော ကာတွန်းရုပ်စုံ ကလေးများအကြိုက် ဖြစ်နေလေသည်။ Zoo ဟူသော ပန်းချီကားက တိရစ္ဆာန်ရုံထဲမှာ ရောက်နေရသလိုလို။

ဆေးကျောင်းသူကလေးနှစ်ဦးဟု သိရသော Barren တို့ (အသံထွက်တူ၍ စာလုံးပေါင်းကွဲသည့်သူငယ်ချင်းနှစ်ဦး)၏ လက်ရာမှာ အနုပညာခံစားမှု ပေါ်လွင်လှ၏။ ကျွန်တော်က သူတို့၏ ပန်းကမ္ဘာထဲမှ လိပ်ပြာကလေးတစ်ကောင်ပုံကို (ခွင့်တောင်း၍) ရေးဆွဲပြလိုက်သည်။ အနုပညာမြတ်နိုးသူချင်းတွေ့၍ ဝမ်းသာသွားကြသည်။ ဘေးနားက အသက်ကြီးကြီး Daw Saily ကလည်း သူ့လက်ရာကို ဖိတ်ခေါ်ပြသည်။ အသက်ကြီးသော်လည်း သူ၏အနုပညာက သစ်လွင်တောက်ပနေလေသည်။ လှပနေလေသည်။

ပန်းချီရေးနေသော သူငယ်ချင်းကို ဘေးမှထွက်ကာ ဂီတာတီးရင်း သီ ချင်းဆိုနေသော အမျိုးသမီး၏အသံမှာ တိုးညင်းစွာ ပျံ့လွင့်နေသည်။ ပန်းချီအနုပညာနှင့် ဂီတအနုပညာတို့ ပေါင်းစပ်စီးမျောနေလေသည်။ ရောင်စုံလွှမ်းနေသော နိမ့်မြင့်ဂီတသံသည် စီးဆင်းနေ၏။

ညနေ ၄ နာရီလောက်ကစ၍ ည ၈ နာရီလောက်အထိ လျှောက်ခဲ့ပြီး၍ အတော်ပင်ပန်းလာပြီ။ နေရောင်ကား လင်းလက်ဆဲ။ ဖို့(တ်)ဝိန်းတွင် ည ၉ နာရီခွဲကျော်လောက်မှ နေဝင်သောရာသီဖြစ်၍ လင်းနေဆဲ။ ပျော်ပွဲရွှင်ပွဲမှ အသံများကား ထွက်ပေါ်နေဆဲ။ အနုပညာပန်းခင်းကား ဝင်းနေဆဲ။

မောင်ကောင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com



# တာဝန်ကျေသော ငယ်ပေါင်းမိတ်ဆွေ

ခင်မောင်အေး(မန္တလေး)

ရာဇဂြိုဟ်ပြည်ထီးနန်းကို မဂဓ မင်းကြီး ထီးနန်းစိုးစံ အုပ်ချုပ်မင်းလုပ် လျက်ရှိလေသည်။ ထိုအချိန်တွင် ဘုရားအလောင်းသည် ထိုမင်းကြီး၏ သားတော် အိမ်ရှေ့စံဖြစ်ပြီး ဗြဟ္မဒတ္တ ကုမာရဟု အမည်တွင်သည်။ မင်းကြီး ၏ ပုရောဟိတ်တွင်လည်း သားတစ် ပါးရှိပြီး ဒရီမုခ အမည်တွင်သည်။ ဒရီမုခသည် မင်းကြီး၏သားတော်နှင့် ဖွားဘက်တော်ဖြစ်လေသည်။ ထို့ကြောင့် လည်း ကလေးနှစ်ယောက်စလုံး နန်းတော်အတွင်း ကြီးပြင်းလာခဲ့ကြကာ နန်းတော်ဆောင်တစ်ခုလုံး သူတို့တစ်တွေ၏ ကစားကွင်းဖြစ်ခဲ့ရပါသည်။ အချိန်တန် အရွယ်ရောက်လာကြသည့် အခါ တက္ကသိုလ်ပြည်မှ ဒိသာပါမောက္ခ ဆရာကြီး ထံသို့သွား၍ ပညာသ[...] ကြားကြရလေသည်။

ပညာသင်ကာလ ပြီးဆုံးသည် အခါ သူတို့နှစ်ဦးတိုင်ပင်လျက် သမ[...] အတတ်ပညာ ရရှိရန်အတွက်သည် ကောင်း၊ ဒေသန္တရဗဟုသုတနှင့် န[...] မြေလေ့လာရေးအတွက်လည်းကောင်း ဒေသအနှံ့ လှည့်လည်လာခဲ့ကြသည်

www.burmeseclassic.com

အခါ နောက်ဆုံးတွင် ဗာရာဏသီပြည်သို့ ရောက်ရှိလာခဲ့ကြလေသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုအချိန်တွင် ဗာရာဏသီမြို့သားတစ်ဦးသည် ပုဏ္ဏားများကို ဆွမ်းကျွေးလျက် မင်္ဂလာကိစ္စဆောင်ရွက်ရန် ပြင်ဆင်နေခိုက်ဖြစ်ရာ ဒရိမုခတို့အား မြင်တွေ့သွားသဖြင့် "ပုဏ္ဏားတွေ ရောက်လာကြပြီ"ဟု ဝမ်းပန်းတသာ အော်လိုက်ကြ၏။

"ကြွကြွပါခင်ဗျာ။ အိမ်ထဲကိုကြွကြွပါ"ဟု ဖိတ်မန္တကပြုလျက် ဦးဆောင်ခေါ်ယူသွားကြလေသည်။ အိမ်တွင်းသို့ရောက်သည့်အခါ အိမ်ရှင်သည် ဗြဟ္မဒတ္တကုမာရအတွက် အဖြူရောင်ထိုင်ခင်းကိုလည်းကောင်း၊ ဒရိမုခအတွက် အနီရောင်ထိုင်ခင်းကိုလည်းကောင်း ခင်းကျင်းပေးလေသည်။ ထိုနိမိတ်ကို တွေ့မြင်ရသည့်အခါ ဒရိမုခသည် "ငါ့မိတ်ဆွေသည် မင်းဖြစ်လတ္တံ့။ ငါမူကား စစ်သူကြီးဖြစ်လတ္တံ့"ဟု သိလိုက်၏။ ယင်းနောက် နှစ်ဦးသား အိမ်ရှင်မှ တည်ခင်းကျွေးမွေးသည့် စားသောက်ဖွယ်ရာများကို စားသောက်ကြပြီး ပြန်လာခဲ့ကြ၏။ သူတို့သည် ဗာရာဏသီမင်းကြီး၏ ဥယျာဉ်တော်အတွင်း ခေတ္တဝင်ရောက် နားနေလိုက်ကြ၏။ ဥယျာဉ်အတွင်း မင်္ဂလာကျောက်ဖျာထက်တွင် မင်းသားက အိပ်စက်၍ ဒရိမုခက မင်းသား၏ခြေဖျားနင်းဖက်ကို နှိပ်နယ်ပေးနေလေသည်။

ထိုနေ့သည်ကား ဗာရာဏသီမင်းကြီး နတ်ထီးစံတော်မူပြီး ခုနစ်ရက်ပြည့်မြောက်သောနေ့ဖြစ်၏။ မင်းကြီးတွင် ထီးနန်းကိုဆက်ခံမည့် သားတော်မရှိသောကြောင့် ဗာရာဏသီမင်းကြီး၏ မင်းဆရာ ပုရောဟိတ်သည် မင်းလောင်းရှာဖွေရန်အတွက် ဖုဿရထားကို စေလွှတ်လိုက်သည့်အခါ ရထားသည် မင်းကြီး၏ မင်္ဂလာဥယျာဉ်တံခါးဝတွင် ဆိုက်ကပ်လေသည်။ ဖုဿရထားနောက်မှာ တစ်ပါတည်း ပါလာခဲ့သော တူရိယာတီးမှုတ်ကြသူများကလည်း ရထားဆိုက်သည်နှင့် တူရိယာများကို တီးမှုတ်ကြ၏။ ယင်းသို့ တူရိယာသံများကို ကြားလိုက်ရသည်နှင့် အခြေအနေကို နားလည်ရိပ်စားမိသော ဒရိမုခသည် "ငါသည် စစ်သူကြီးလည်း မလုပ်လိုပါ။ ဝတ်ကြောင်ဘဝဖြင့်လည်း မနေချင်တော့။ ရဟန်းပြုလျက် တောထွက်ပါတော့မည်"ဟု ဆုံးဖြတ်ပြီးနောက် ကျောက်ဖျာပေါ်မှ တိတ်တိတ်ဆိတ်ဆိတ် ထွက်ခွာလာခဲ့ပြီး ဥယျာဉ်တော်အတွင်း လုံခြုံရာတစ်နေရာသို့ သွားရောက်ပုန်းအောင်းနေလိုက်လေသည်။

ဗာရာဏသီမင်းကြီး၏ ဆရာပုရောဟိတ်ဦးဆောင်သည့် မှူးမတ်မင်းချင်းများသည် ကျောက်ဖျာထက်တွင် အိပ်စက်လျက်ရှိသော မင်းသားအား တွေ့မြင်ကြရပြီး ထိုပုဂ္ဂိုလ်သည် မင်းလောင်း ကေန်အမှန်ပင်တည်းဟု သဘောကြိုက်ညီကြပြီး ဗြဟ္မဒတ္တကုမာရအား ထိုနေရာတွင်ပင် အဘိသိက်သွန်းလောင်းလျက် ဗာရာဏသီပြည့်ရှင်မင်းအဖြစ် တင်မြှောက်ကာ မြင်းခြောက်ကောင်ကသည့် မင်းရထားဖြင့် တင်ဆောင်လျက် နန်းတွင်းသို့ခေါ်ဆောင်သွားကြလေသည်။ မင်းသားသည် ထိုအချိန် ထိုအခါမှ ဗာရာဏသီပုရောဟိတ်ခေါင်းဆောင်သည့် မှူးမတ်များ၊ မင်းပရိသတ်များ အရှုပ်ရှုပ် အထွေးထွေးဖြစ်နေသဖြင့် ဒရိမုခ တစ်ယောက်ပျောက်နေသည်ကို အမှုမဲ့ အမှတ်မဲ့ဖြစ်ကာ သတိမထားမိလိုက်ချေ။

ဗာရာဏသီမင်း ဥယျာဉ်တော်အတွင်း ခုနင်က ဆူဆူညံညံ ပွက်ပွက်ရိုက်နေသည့်အသံဗလံတွေ ယခုတော့ ငြိမ်သက်သွားခဲ့ပြီ။ လူစလူနလည်း မမြင်ရတော့။ ထိုအခါမှပင် ဒရိမုခက ပုန်းအောင်းနေရာမှ ထွက်လာလေသည်။ အမှတ်မထင် သူ့အပေါ် မိုးလျက်ရှိသည့် သစ်ပင်ထက်မှ ရော်ရွက်ဝါတစ်ရွက် လေဝေ့သဖြင့် ပြုတ်ကြွေကျလာလေသည်။ ထို့နောက် ဒရိမုခ၏ ရှေ့ခြေရင်းသို့ ကျရောက်သွားသည်။ ရော်ရွက်ဝါ၏ ဖြစ်ရပ်ဖြစ်စဉ်ကို ဆင်ခြင်သုံးသပ် နှလုံးသွင်းမိသော ဒရိမုခသည် လက္ခဏာရေးသုံးပါးဖြစ်သည့် အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော တရားသဘောကို တစ်ခဏအတွင်း ပါရမီရှိခဲ့ပြီး ပုဂ္ဂိုလ်ဖြစ်သည့်အားလျော်စွာ နားလည်သဘောပေါက်သွား၏။ ထို့နောက် ခဏအတွင်း ပစ္စေကဗောဓိဉာဏ်ကို ရရှိလျက် "ပစ္စေကဗုဒ္ဓါ"အဖြစ်သို့ ရောက်ရှိသွားလေသည်။ ယင်းအခါမှာ သူ၏ လူ့အသွင်ကွယ်ပျောက်လျက် တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းများလည်း

www.burmeseclassic.com

ပေါ်ပေါက်ရောက်ရှိလာလေသည်။ ဒရီမှခသည် သပိတ်သင်္ကန်းများကို ဆောင်ယူကာ ဝါတော်ခြောက်ဆယ်ရရှိပြီးသည့် မထေရ်တစ်ပါး၏ ဣန္ဒြေမျိုးဖြင့် ဟိမဝန္တာရှိ နန္ဒမူလိုဏ်ဂူသို့ ကောင်းကင်ခရီးဖြင့် ဈာန်ယာဉ်စီးကာ ကြွချီသွားလေတော့သည်။

ထိုအချိန်တွင် ဗာရာဏသီနန်းတော်အတွင်း မင်းအဖြစ်သို့ရောက်ရှိကာ မိဖုရားများခြံရံလျက် မင်းစည်းစိမ်ကို ခံစားနေရသော ဗြဟ္မဒတ္တကုမာရမင်းသားသည် ရုတ်တရက်မှ ဒရီမှခဖွားဘက်တော် သူငယ်ချင်းအား အမှတ်မရနိုင်သေးပေ။ မင်းစည်းစိမ်ဖြင့် ယစ်မူးနေဆဲဖြစ်လေသည်။ နန်းသက်နှစ်ပေါင်း လေးဆယ်ပြည့်တော့မှပင် ငယ်ပေါင်းကြီးဖော် သူငယ်ချင်းအား သတိရမိသွားသည်။ သူ၏မိတ်ဆွေ ဒရီမှခကို ရှာဖွေပေးနိုင်သူ မည်သူမကိုမဆို ကြီးစွာသော စည်းစိမ်ဥစ္စာများပေးအပ်ချီးမြှင့်မည်ဟု မောင်းကြေးနန်းခတ်ကာ ကြေညာစေခဲ့သည်တွင် ဆယ်နှစ်သာ ကုန်ဆုံးသွားပြီး သတင်းအစအန တစ်ခုမျှ မရခဲ့ပေ။

ထိုအချိန်တွင် ဟိမဝန္တာ နန္ဒမူလိုဏ်ဂူတွင် သီတင်းသုံးလျက်ရှိသည့် ဒရီမှခရဟန္တာသည် မိမိ၏မိတ်ဆွေ မည်သို့ ရှိနေသည်ဟု သိရှိလိုသဖြင့် ဆင်ခြင်ကြည့်ရာ တိုက်ဆိုင်စွာပင် မိမိကို အောက်မေ့သတိရ တမ်းတလျက် ရှိနေသည့်အကြောင်း သိမြင်လိုက်ရ၏။ သို့ဖြစ်သဖြင့် မိမိ၏မိတ်ဆွေအား တရားချီးမြှင့်ရန်အတွက် ကောင်းကင်ခရီးဖြင့် ကြွလာခဲ့လေသည်။ ထို့နောက် မင်းဥယျာဉ်အတွင်းသို့ ရောက်ရှိရပ်နားလျက် ကျောက်ဖျာထက်တွင် သီတင်းသုံးကာ လက္ခဏာရေးသုံးပါးကို ဆင်ခြင်နေလိုက်သည်။ ဥယျာဉ်မှူးက ဒရီမှခပစ္စေကဗုဒ္ဓါအား တွေ့မြင်ရသည့်အခါ မင်းကြီးအား သွားရောက်လျှောက်တင်လေသည်။ မင်းကြီးလည်း ထိုသတင်းကိုကြားသိရသည်နှင့် ရုတ်တရက်ချက်ချင်း ကမန်းကတန်း လိုက်ပါလာခဲ့၏။ ဒရီမှခ ပစ္စေကဗုဒ္ဓါအား ဖူးမြော်ရင်း ပဋိသန္ထာရ စကားများ ပြောဆိုနေကြသည်။

ဒရီမှခပစ္စေကဗုဒ္ဓါသည် မင်းကြီးအား "ကာမဂုဏ်သည် မြက်၊ မော်၊ ကြာ စသည်တို့နှင့် အလားသဏ္ဍာန်တူညီပါသည်။ ကာမဂုဏ်ဟူသည်ကား စင်စစ်အားဖြင့် အမြစ်သုံးပါးတို့ဖြင့် ထောက်ကန်ထားသော ဘေးကြီးတစ်ခုသာဖြစ်သည်"ဟု ကာမဂုဏ်၏ အပြစ်များကို ဟောပြပြောကြားလျက် တရားဟောကြားလေသည်။ သို့ပင်ဖြစ်စေကာမူ မင်းကြီးကား ရုတ်တရက်နားမဝင်ချေ။ မင်းကြီးက ဒရီမှခပစ္စေ ကဗုဒ္ဓအား -

"တပည့်တော်သည် ကာမဂုဏ်အာရုံတို့ကို ယခု မစွန့်ပယ်နိုင်သေးပါ။ ယခု နေမြဲအတိုင်းသာ နေလိုပါသေးသည်။ ယင်းသို့နေရင်းက ကုသိုလ်ကောင်းမှုများကို တိုးတက်လုပ်ဆောင်သွားပါတော့မည်"ဟု လျှောက်တင်လေသည်။ ပစ္စေကဗုဒ္ဓါသည် ပဋိသန္ဓေနေရခြင်း၏ ဒုက္ခဆင်းရဲ၊ ဖွားမြင်ချိန်တွင် ခံစားရသည့် ဒုက္ခဆင်းရဲတို့၏ အကြောင်းတရားတို့ကို ဆက်လက်ဟောကြားပြသလေသည်။ ထို့နောက်တွင်ကား -

"မြတ်သောမင်းကြီး၊ သင်သည် ရဟန်းပြုသည်ဖြစ်စေ မပြုသည်ဖြစ်စေ မိတ်ဆွေကောင်းတို့၏ ဝတ္တရားကျေအောင် ငါသည် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ခဲ့ပြီးပြီ။ သင်မှကား မမေ့မလျော့ နေရစ်ခဲ့ပေတော့" ဟုဆိုလျက် ဟိမဝန္တာသို့ ကောင်းကင်ခရီးဖြင့် ပြန်လည်ကြွသွားလေတော့သည်။

ထိုအခါတွင်မှ ဗာရာဏသီမင်းကြီးလည်း သတိသံဝေဂရရှိပြီး နောင်တတရားရလျက် ဗာရာဏသီထီးနန်းကို သားတော်ကြီးအား လွှဲအပ်ကာ ရသေ့ပြုလျက် ဟိမဝန္တာသို့ လိုက်ပါဝင်ရောက်သွားလေတော့သတည်း။

**ခင်မောင်အေး(မန္တလေး)**

ကျမ်းကိုး

နိပါတ်တော်လာ ဇာတ်တော်ငါးရာငါးဆယ် ဒရီမှခဇာတ်။





www.burmeseclassic.com

www.burmeseclassic.com



# မွဲ့ခရုပျောက်ဂါထာ

■ စလင်းဒီပံ

အိမ်တိုင်းအိမ်တိုင်းတွင် ကလေးရှိသည်။ တချို့အနည်း၊ တချို့အများ၊ တချို့သားသမီးမထွန်းကား၍ သူတစ်ပါးသားသမီး၊ ကိုယ့်တူ၊ ကိုယ့်မြေးကို မွေးစားကြသည်လည်းရှိသည်။ အိမ်တိုင်းညီသည် ကလေးရှိမှ စိုပြည်ပါသည်။ ကလေးရှိမှ သာယာပါသည်။ ထို့ကြောင့် ကလေးသည် အိမ်၏ဆည်းလည်းဟု ခံစားသည်ကိုလည်း တွေ့ရလေသည်။

နန်းတော်ရှေ့ဆရာတင် ရေးသည့် အာယားမသီချင်းမှာလည်း

"တွေးကြည့်လျှင် အဘိဓာန်၌ ရေးသင့်ပါရဲ့ × × ×

ကလေးမရှိရင် တိရစ္ဆာန်တောင် မွေးရပါသတဲ့ × × ×

ကလေးများ မြင်ရရင်တော့ အမုန်ချီချင်တယ်ရှင့်..."

ဟု တွေ့ရသလို တချို့ ကလေးမရှိ၍ ခွေးမွေးကြသူများလည်း ရှိကြသည်။ မည်သို့ပင်ဖြစ်စေ လူသားတိုင်း ကလေးနှင့် မကင်းပါ။ ကလေး၏ အနှံ့တာကိုလည်း ခံကြသည်မှာ လွှဲရှောင်၍ မရပါ။ အထူးသဖြင့် ကလေးတွေ ကျန်းမာရေးမကောင်းလျှင် ခံစားရသော ဝေဒနာကိုလည်း မပြောတတ်၊ ဘယ်နေရာမှာ အနာရှိမှန်းမသိ။ ဘာစားချင်၊ ဘာလိုချင်မှန်းလည်းမသိတတ်၊ မသိ



www.burmeseclassic.com

www.burmeseclassic.com

နိုင်သောကြောင့် လူကြီးမိဘများ စိတ်သောက ဖြစ်ကြရရှာလေသည်။ အထူးသဖြင့် မှဲ့ခရုပေါက်ခဲ့သော် ထိုကလေးသည် နို့လည်းမစို့နိုင်၊ အခြားအစားအစာလည်း မစားနိုင်တော့။ သူ့လိုဘမပြည့်တိုင်း ငိုရှာသည်။

မှဲ့ခရုဖြစ်လျှင် ဆေးထိုးဆေးစားပေမယ့်လည်း ပျောက်ခဲသည်။ သည်ဝေဒနာကြောင့် ကလေးမှာ ငိုလည်းငိုရ၊ အစားလည်းမစားရမို့ ပိန်ချုံးသွားတတ်လေသည်။ ထိုအချိန်မှာ သဘောကောင်းသည့် ကလေးများပင်လျှင် ဝေဒနာခံစားရခြင်း၊ အစာရေစာမဝခြင်း(စားမရခြင်း)တို့ကြောင့် စိတ်တိုတတ်လာသည်။ မကြာခဏ ငိုတတ်လာသည်။ ဒါဆိုလျှင် သည်ရောဂါပျောက် ကင်းသွားအောင် ဘယ်လိုနည်းနဲ့ ကုသမလဲ။ ဘယ်လိုဆရာနှင့် ကုသရမလဲဆိုတာ လူကြီးမိဘများက ဆုံးဖြတ်ရတော့မည်။ ကုသသည့်နေရာတွင် နည်းလမ်းမှန်ဖို့၊ သန့်ရှင်းဖို့၊ ရောဂါပိုးမွှားကင်းစင်ဖို့ ကလေးသူငယ်တွေအဖို့ အခံရယက်သာပြီး ညင်သာဖို့ အထူးလိုအပ်ပါသည်။ တချို့ရောဂါများ တိရစ္ဆာန်၏ချေးကို ရေစိမ်တိုက်သည်ကို တွေ့ရသည်။ ထိုချေးတွင် အညစ်အကြေးရောဂါပိုးမွှားများပါရှိ၍ ကုသသည့်ရောဂါထက် ဆိုးဝါးသော အခြားရောဂါဆိုးများ ဖြစ်နိုင်ကြောင်း သတိထားသင့်သည်။ ဂရုစိုက်သင့်သည်။ ထို့ကြောင့် သန့်ရှင်းဖို့ အရေးကြီးကြောင်း ရေးခြင်းဖြစ်သည်။ နည်းလမ်းမှန်ဖို့ဆိုသည်မှာ ဆေးကုသပုံကုသနည်း သဘာဝကျရမည်။ ယုတ္တိရှိရမည်။ စာအုပ်ကြီးထဲပါသည့်အတိုင်းမဟုတ်ဘဲ ကာလဒေသပုဂ္ဂလကို သိရမည်ဟုဆိုပါသည်။ ဥပမာ ကလေးတစ်ယောက်၏ ရောဂါအတွက် အနန်းစိမ်းရေတိုက်ရမည်ဆိုလျှင် ကလေးဖြစ်နေသည့်အတွက် လူကြီးများလို အနန်းသီးရင့်ရင့်အရည်ကို တိုက်ကျွေးလျှင် ခံနိုင်ရည်မရှိဘဲ ဘေးထွက်ဆိုးကျိုးများကြုံ တွေ့ရလိမ့်မည်။ သို့ဖြစ်၍ အနန်းသီးနုနု၏ အနန်းစိမ်းရည်တိုက်သင့်သည်။ ထို့ကြောင့် နည်းလမ်းမှန်ဖို့လိုကြောင်းကို သတိပေးရေးသားရခြင်းဖြစ်သည်။ ယခုစာရေးသူပေးမည့် မှဲ့ခရုပျောက်နည်းမှာ ထိုသို့ ဆေးစားဆေးပေးမဟုတ်၍ လက်နှင့်လည်း ထိစရာမလိုဘဲ လွန်စွာ လွယ်ကူလှပါသည်။ သို့သော် လွယ်ကူလွန်းလျှင်လည်း အထင်အမြင်သေးပြီး ရောဂါမပျောက်ကင်းတတ်ပါ။ သို့ဖြစ်၍ ဆရာလုပ်သူက ယုံကြည်အောင် တန်ဖိုးရှိပြီး တန်ဖိုးသိအောင် ပြောပြဖို့လိုပါသည်။ ဆရာကိုယ်တိုင်ကလည်း လိုချင်မှုလောဘကို ရှေ့တန်းမတင်ဘဲ မေတ္တာစေတနာထားဖို့ ထိုက်သင့်သလောက် သီလ၊ သမာဓိ၊ ပညာရှိဖို့ လိုအပ်ပါသည်။ ဒါကို သတိထားရမည်။ ပရိတ်မေတ္တာဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းဖို့ဆိုတာတော့ အထူးပြောစရာမလိုဘဲ သိထားရမည်။ ကုသခံယူသူရော၊ ကုသသူရော အထက်ပါ အကြောင်းနှစ်ချက်နှင့် ပြည့်စုံလျှင် ခံစားနေရသော ရောဂါဝေဒနာ ဧကန်မုချ သက်သာပျောက်ကင်းမည်ဖြစ်၍ အောက်ပါဂါထာကို ယုံယုံကြည်ကြည် ပီပီသသ ရှေးဦးစွာ အာဂုံကျက်မှတ် လိုက်ပါ။

## မှဲ့ခရုပျောက်ဂါထာ

ဦး၊ မှဲ့ခရု မှဲ့ခရာ
ခွေးလဥ ခွေးလညာ
ကြွစရာကြွ ကြွေဆရာကြွေ
ပျောက်ဆရာပျောက်...။

ထိုဂါထာဖြင့် ကလေးပါးစပ်နားကပ်၍ ခုနစ်ခေါက်မန်းလိုက်ပါ။ နှစ်ရက်အတွင်း သက်သာပြီး နောက်သုံးရက်အတွင်း လုံးဝ မှဲ့ခရုရောဂါ ပျောက်ကင်းပါလိမ့်မည်။ စာရေးသူ၏ဆရာ ရွှေမြင့်တင်ဆရာတော်ကတော့ ကလေးရှိရာအိမ်ဖက်ကို မျက်နှာလှည့်၍ နာရီအချိန်းအချက်နှင့် ကျောင်းမှ မန်းရုံနှင့် သက်သာပျောက်ကင်းသည်ကို များစွာတွေ့ရသည်။ စာရေးသူလည်း ဆရာတော်ကြီးပေးသော ဤဂါထာဖြင့် ကလေးများစွာကို ရောဂါပျောက်ကင်းစေခဲ့ပါသည်။ အဲ..လောဘကင်းဖို့၊ မေတ္တာစေတနာထားဖို့တော့ အရေးကြီးပါသည်။ ဒါကိုတော့ မမေ့ပါနှင့်။


မေတ္တာဖြင့်...

**စလင်းဒီပံ**



www.burmeseclassic.com

www.burmeseclassic.com



# လိုရာဖက်သုံး

# သရက်တစ်ပင်လုံး

မောင်တင်သိန်းဇော်ဇေ

အရွက်၊ အသီး၊ အကိုင်းအခက်၊ အရည်နှင့် တစ်င်လုံး စသဖြင့် သရက်ပင်သည် အထူးတလည်ပင် အသုံးဝင်၏ ဂုဏ်သတ္တိထူးကြီးများ ရှိ၏။ ဂမ္ဘီရစွမ်းပကားထူးများ န်းအောင်း၏။ မြန်မာတို့က အုန်းရွက်၊ တရုတ်တို့က ာ်မုံသီး၊ ဟိန္ဒူတို့က သရက်ကို ဂန္ဓဝင်အဖြစ် သတ်မှတ် ထွတ်အမြတ်ထားရှိ၍ မင်္ဂလာပွဲထုတ်တတ်ကြ၏။ သရက် နှင့် "အသားမှာ ဝက်၊ အသီးမှာ သရက်" ဟုပင် ကောင်းမြတ်ဆုံး စားသောက်ဖွယ်ရာ အာဟာရသီးနှံတစ် အဖြစ် ပါဝင်ထင်ရှားရကား ရှေးမြန်မာဘုရင်မင်းများနှင့် ဉ်သုံး သီးနှံသစ်ပင် ဆေးဖက်တော်ဝင် တစ်ရပ်အဖြစ် ည်း ဂုဏ်သိန်ထူးနှင့် ရပ်တည်ခဲ့၏။ အထင်ကရ သာသနာ့ ာနှယ်ဝင် နေရာမြတ်တော်များ၊ နန်းတွင်းဥယျာဉ်တော် များ၊ စီမံကိန်းဝင် စိုက်ပျိုးခင်းကြီးများ၌လည်း စိုက်ပျိုးခဲ့ ကြရ၏။

တစ်မယ်ချင်းအလိုက် သရက်ပင်၏ အသုံးဝင် ဂုဏ် မြောက်ပုံများကို တင်ပြသော် သရက်ရွက်ကို မင်္ဂလာပွဲတို့ ၌ ချိတ်ဆွဲရတတ်၏။ သားသမီးမျက်နှာမြင်က မင်္ဂလာရတနာ တို့အဖြစ် ချိတ်ဆွဲရတတ်၏။ မင်္ဂလာရှိစေမှုနှင့် အေးချမ်း ကြည်သာစေမှုကို ရရှိတတ်၏ဟု အဆိုရှိ၏။ မြောက်ဘက် ဆီက တစ်ရွက်နှင့် တောင်ဘက်ဆီက တစ်ရွက် ပေါင်းနှစ် ရွက်ကို ဖင်ပြန်၊ ခေါင်းပြန် ထပ်၍ ဆောင်သက လာဘ်ဝင် အေးချမ်း စီးပွားတက်တတ်၏။ မဟာပိန္နဲနတ်မင်းကို ပူဇော် က မင်္ဂလာ၊ စီးပွားဥစ္စာ၊ လာဘ်လာဘ၊ ယာဉ်ကားများ ရရှိ တတ်သည်ဟု အယုံအယူအစွဲများ ရှိကြ၏။



www.burmeseclassic.com


www.burmeseclassic.com

သရက်သီးကို ပင်တိုင်အမြဲ စားသုံးမှီဝဲ ဓာတ်စာ သက်စောင့်သီးနှံအဖြစ် ဆေးဖက်နွယ်ဝင်အဖြစ် စားသုံးက အသက်ရှည်တတ်၏။ ရုပ်ရည်သွေးသား၊ အကြောအခြင်၊ အသားအရေ၊ ခန္ဓာအဆက်အပေါက်၊ အသံများ နုပျိုတတ်၏။ အားအင်ခွန်အားဗလ ပြည့်စုံတတ်၏။ အိမ်ထောင်သားမွေး ခွန်အားပြည့်စုံတတ်၏။ ကုန်ခန်းယုတ်လျော့သော သက်စောင့်ခန္ဓာ ဓွမ်းပကားများ ပြန်လည်ပြည့်ဖြိုး ရရှိစေတတ်၏ ဟု အယုံ၊ အယူအစွဲများ ရှိကြ၏။ သရက်ရည်ကို သောက်သုံးမှီဝဲကလည်း ဆေးဖက်ဝင်ပါသည်။

သရက်၏ အကိုင်းအခက်၊ ပင်စည်ရိုးတံ၊ ကိုင်းသားများကို သန့်လျက်၊ ရှင်သီဝလိရုပ်တုတော်မြတ်၊ သူရဿတီမယ်တော်ရုပ်များ ထုလုပ်၍ ဆောင်သကိုးကွယ် ပူဇော်ကြက ဘုန်းကံသြဇာတန်ခိုးများ မြင့်မားတတ်၏။ အောင်မြင်အေးချမ်းရတတ်၏။ ဥစ္စာစီပွား လာဘ်လာဘများ တိုးပွားတတ်၏။ အသိပညာအာရုံများ တိုးပွားတတ်၏ဟုလည်း အယုံအယူစွဲများ ရှိတတ်၏။

သရက်ပင်တစ်ပင်နှင့်အများကို စိုက်ထားက အမှောင့်ပယောဂများကို ကာကွယ်ပေးစေတတ်၏။ ခိုလှုံနားနေ ရှုရှိုက်မှီဝဲသူကို ခွန်အားစုံပေးစေတတ်၏။ လေထုညစ်ညမ်းမှုများကို ကာကွယ်ပေး၊ သန့်စင်စေတတ်၏။ မင်္ဂလာရှိ၊ အေးချမ်း ကြည်သာစေတတ်၏ဟု ရှေးသူဟောင်းသူမြတ်တို့က မိန့်ဆိုခဲ့ကြပါသည်။

သရက်နှင့် ပတ်သက်၍ သတိချပ်၊ ရှောင်ကြဉ်ဖွယ်ရာများအနေနှင့် သရက်ပင်မှ အရွက်ကို ညကာလတို့၌ မခြွေမဆွတ်ရ။ လာဘ်ပိတ်တတ်၏။ အမြုတေ၊ သိဒ္ဓိဝင် သရက်မျိုးနွယ်ဝင် သရက်ပင်ကို အကြောင်းမဲ့ ဒေါသစိတ်နှင့် ခုတ်ထွင်ဖျက်ဆီးသော် ဘေးဥပဒ်ကြီးပင် သင့်တတ်၏





ဟု အဆိုများ ရှိပါသည်။

လောကီရေးလာများအရလည်း အုန်းသီးစိတ်နှ သရက်သီးမှည့်၊ အုန်းညွန့်နှင့် သရက်ရွက်တို့ကို ဆွမ်းတော ပန်းတော်များအဖြစ် အတိဂါရာ၊ သဏ္ဍစ္စသဒ္ဒါစိတ်အာရုံ နှင့် ယှဉ်တွဲ၍ ကပ်လှူပူဇော် ဆုတောင်းပါ။ "ဦးသာ"တည ဟူသော မိတ်ဖက်ဓာတ်ကြီး ဝင်မြောက်ရကာ အထူးသဖြ ပုဂ္ဂိုလ်ရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ အိမ်ထောင်ရေ မေတ္တာရေး၊ ခရီးသွားလာရေး၊ မင်္ဂလာမှု ကိစ္စရေးရာ အဖြ ဖြာတို့ကို ပြည့်ဝအောင်မြင် ကောင်းမွန်စေတတ်ပါသည်။

စာပေလာ ရှေးသူဟောင်းတို့နှင့် ဆရာသခင်မြတ် ၏ ဩဝါဒမွန်လာများ၊ ကိုယ်တွေ့များအရ ဂမ္ဘီရစွမ်းပကားမျာ ကိန်းအောင်း၍ တစ်ပင်လုံးပင် အကျိုးရှိသော သရက် အကြောင်းကို အကျိုးမျှော်၍ တင်ပြအပ်ပါသည်။

***မှတ်ချက်*** ။ ။ သရက်နှင့်ဆိုင်ရာများကို အထူ သဖြင့် တနင်္လာ၊ ကြာသပတေး သားသမီးများတို့အနေ ကပ်လှူစားသုံး ဆောင်သဓာတ်ဆင်သင့်ကြပါသည်။ သ လျက်ပုံထု၍ အဆောင်အဖြစ် ဆောင်သသင့်ကြပါသည်

**မော်တင်သိန်းဇော်**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဘဝအသချေ (၅)

## မင်းသိင်္ခ

(ယ ခင် လ မှ အ ဆက်)

**ကျွန်ုပ်နှင့် မဟုတ်တမ်းတရမ်းမိုက်ကယ်**

ကျွန်ုပ်သည် အထက်က ဆိုခဲ့သည့်အတိုင်း ဂန္ဓာရီလမ်းကို လိုက်စားခဲ့၏။ သို့ရာတွင် ဖြစ်ဖြစ်မြောက်မြောက် နားလည်ခဲ့ခြင်း မရှိခဲ့ပါ။ တစ်နေ့တွင် ကျွန်ုပ်သည် မိဘများအိမ်သို့ရောက်ခဲ့၏။ ထိုအိမ်သို့ ရောက်လျှင်ရောက်ချင်း ကျွန်ုပ်၏ ဖခင်က အိမ်ရှင်သည် နို့တစ်ပေး၍ နှင်နေပြီဖြစ်ကြောင်း ပြောလေ၏။

ကျွန်ုပ်က··

"ဒီအိမ်အမျိုးအစားဟာ ငှားစားတဲ့ အမျိုးအစားထဲမှာ ပါတယ်။ ရှေးအင်္ဂလိပ်ခေတ်ကတည်းက ငှားစားလာတဲ့ တန်းလျားပဲ။ လခမှန်မှန်ပေးရင် နှင်လို့မရဘူး"

ဟု အားပေးစကားပြောသော်လည်း ကျွန်ုပ်၏ ဖခင်က···

"နောက်ဆုံးတော့ တရားရုံးမှာ ငါတို့က ငွေတစ်ပြားမှ မရှိဘူး။ အိမ်ရှင်က ငွေရှိတယ်။ အဲဒါ ဘယ့်နှယ်လုပ်မလဲ"

ဟု ကျွန်ုပ်အား ပြောလေ၏။

ကျွန်ုပ်သည် ဖခင်၏ ဒုက္ခကို ကိုယ်ချင်းစာနာမိ၏။ အမှုရှုံး၍ ဤအိမ်မှ ဆင်းပေးရလျှင် သွားစရာဟူ၍ နေရာမရှိတော့။ ဖခင်သည် ဤအကြောင်းအရာကို တွေး၍ပူပန်နေ၏။ ထို့ကြောင့် ကျွန်ုပ်က အားပေးစကားပြောကာ ထွက်ခဲ့လေတော့၏။ ကျွန်ုပ်သည် ထိုအကြောင်းအရာများကို မေ့ပစ်ချင်၏။ သို့ရာတွင် မေ့၍မရပါ။ အဘယ့်ကြောင့် မေ့၍မရသနည်းဟု ဆိုသော် ထိုအကြောင်းအရာများသည် ကျွန်ုပ်၏ဘဝ၌ အဖြစ်ဆိုးများ ဖြစ်နေသောကြောင့်ပင်တည်း။ ကျွန်ုပ်သည် မည်သည့်အလုပ်ကိုမျှ လုပ်၍မရသည့်အဆုံး၌ နယ်တကာလှည့်၍ ကြုံရာနေရာတွင် ဗေဒင်လက္ခဏာ ဟောမည်ဟု ဆုံးဖြတ်လိုက်၏။

ထိုသို့ ဗေဒင်လက္ခဏာဟော၍ ရသောငွေဖြင့် မိဘများ ရင်ဆိုင်ရမည့် အိမ်ရှင်အိမ်ငှား အမှုအတွက် ရှေ့နေငှားမည်ဟုလည်း ဆုံးဖြတ်ခဲ့၏။ ထို့ကြောင့် ကျွန်ုပ်သည် နောက်တစ်နေ့၌ပင် စတင်ခရီးထွက်ကာ ကြုံရာနေရာတွင် ကြုံသလို ဗေဒင်ဟော၍ စားသောက်ခဲ့ရ၏။ ရသမျှ ငွေကလေးကို ချွေတာစားသောက်ခဲ့ရ၏။ အထူးသဖြင့် တောင်ကြီးမြို့ ဈေးအနီးတွင် သုံးနှစ်ခန့် ဗေဒင်လက္ခဏာဟောပြောခဲ့ရ၏။ ထိုသို့ဟောပြောခဲ့ရာ ညအချိန်များ၌ အားလပ်ခဲ့ရ၏။ ချမ်းအေးသော ဒေသလည်းဖြစ်၊ အနွေးထည်လည်း ပြည့်ပြည့်စုံစုံ မရှိသောကြောင့် ဘုန်းကြီးကျောင်းတွင်ရှိသော ထင်းတုံးကြီးကို မီးရှို့၍ အိပ်မပျော်ဘဲ မိုးလင်းခဲ့ရသော ညများသည် များခဲ့ပြီဖြစ်၏။

ထိုညများသည် ကျွန်ုပ်၏ အိပ်မပျော်သော အစပိုင်းဖြစ်၏။ အစပိုင်း၌ အိပ်မပျော်သောညများတွင် စာအုပ်ဆိုင်မှ စာအုပ်များ ငှားလာပြီး စာအုပ်များဖတ်၏။ နောင်တွင် စာမဖတ်ချင်တော့ဘဲ စာရေးချင်စိတ်များ ပေါ်လာပြန်၏။ ထို့ကြောင့် စက္ကူကြမ်းများဝယ်ကာ အိပ်မပျော်သောအချိန်များအားလုံးကို စာရေးပစ်လိုက်၏။ ထိုအိပ်မပျော်သော ညများ၏ အသီး



www.burmeseclassic.com

www.burmeseclassic.com

အပွင့်များပင် ဖြစ်၏။ ကျွန်ုပ်အဖို့ ထိုအေးစက်မှောင်မိုက်သော ညများသည် ဆင်းရဲကြီးလှ၏။ ထိုညများသည် နာကြည်းဒွေးမြေဖွယ်ရာများ၊ ဆာလောင်မွတ်သိပ်မှုများ၊ အထီးကျန်နိုင်မှုများဖြင့် ပြွမ်းတီးလျက် ရှိတော့၏။

တစ်ညတွင် ကျွန်ုပ်သည် အသည်းအသန် နေမကောင်းဖြစ်၏။ အဖျားလွန်စွာတက်နေ၏။ ကျွန်ုပ်အနီး၌ ကျွန်ုပ်အား ကူညီမည့်သူ မရှိ။ ကျွန်ုပ်ရောက်ရှိနေသော နေရာနှင့် အနီးဆုံး ဆရာဝန်နေသော နေရာသည် သုံးမိုင်ခန့်ရှိ၏။ ကျွန်ုပ်သည် ထိုညကို ကောင်းစွာသတိရနေ၏။ အဖျားတက်သော ဝေဒနာသည် ကျွန်ုပ်အား စက္ကန့်မလပ် နှိပ်စက်လျက်ရှိ၏။ ကျွန်ုပ်သည် ငုံးမင်းအဖြစ်ကို သွား၍ သတိရမိ၏။ တောမီးကား လောင်လာပြီ။ ငါ့အားလည်း စွန့်ပစ်သွားကြပြီ၊ အထက်သို့ ပျံတက်ရန်လည်း ငါ၏အတောင်သည် မသန်စွမ်း စသော အဖြစ်အပျက်များကို ဝိုးတဝါး သတိရမိ၏။ မခံမရပ်နိုင် ဖြစ်သောကြောင့် (သို့မဟုတ်) ကူညီဖေးမမည့်သူ မရှိသောကြောင့် အားငယ်စိတ်များ ဝင်လာ၏။ ထိုအားငယ်စိတ်ကြောင့် မျက်ရည်များ စို့လာ၏။ ကျွန်ုပ်သည် ဝေဒနာခံစားနေရခြင်းထက် အမှန်ဆုံးဖြစ်မည်ဟု ထင်မှတ်မိသဖြင့် မိမိအသက်ကို မိမိလုပ်ကြံရန် စဉ်းစားလိုက်မိ၏။ ထရံ၌မူ ကိုရင်လေးတစ်ပါး၏ ဓားမြှောင်တစ်ခု ထိုးထားသည်ကို သတိရမိ၏။ သို့ရာတွင် ထိုဓားမြှောင်နှင့် ထိုးသေရန်အတွက် ဓားမြှောင်ရှိရာပင် ကျွန်ုပ် မသွားနိုင်။ စိတ်ပညာဆရာတစ်ဦးက လူသည် မိမိကိုယ်ကို သတ်သေချင် သေမည်။ ထိုသို့သတ်သေရန်အတွက် နည်းလမ်းပေါင်းများစွာရှိမည်။ သို့ရာတွင် မည်သူ တစ်စုံတစ်ယောက်မျှ အသက်အောင့်၍ မိမိကိုယ်ကို သေအောင် မလုပ်နိုင်ပေဟု ဆိုထားသည့် စာကို ဖတ်ဖူး၏။

ကျွန်ုပ်သည် စိတ်ရှုပ်ပေါက်လာ၏။ ထို့ကြောင့် ထိုစိတ်ပညာဆရာ ပြောထားသည့်စကား ဟုတ် မဟုတ်။ ဟုတ်၍ သေလျှင်လည်း အကြောင်းမဟုတ်။ မဟုတ်၍ မသေလျှင်လည်း အကြောင်းမဟုတ်ဟူ၍ အသက်ကို ရှူသွင်းပြီး အောင့်ထားလိုက်၏။ မည်မျှကြာအောင် အောင့်ထားမိသည်မသိ၊ ကျွန်ုပ်၏ အသားများသည် မခံမရပ်နိုင်၍ တဆတ်ဆတ် တုန်လာ၏။ ကျွန်ုပ်၏ မျက်လုံးများသည် ပြူးထွက်လာ၏။ ကျွန်ုပ်၏ မျက်စိများသည် မှုန်မိုက်ပျာဝေ၍သွား၏။ ကျွန်ုပ်တစ်ကိုယ်လုံးရှိ အကြောများသည် ပြတ်ထွက်သွားမတတ် ခံစားရ၏။ နောက်ဆုံးတွင် ကျွန်ုပ်သည် ထိုဝေဒနာကို မခံစားနိုင်တော့ဘဲ အောင့်ထားသော အသက်ကို ရှူးခနဲ မှုတ်ထုတ်လိုက်၏။ ထိုသို့ မှုတ်ထုတ်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း ခံစားနေရသော ဝေဒနာသည် ရုတ်ခြည်းပျောက်ကင်းသွား၏။ သို့ရာတွင် ကျွန်ုပ်သည် မောဟိုက်နေ၏။ ကျွန်ုပ်၏ တစ်ကိုယ်လုံး ချွေးများ ရွှဲရွှဲစိုနေ၏။ စောစောနှိပ်စက်ခဲ့သော အဖျားရောဂါသည် ကျွန်ုပ်၏ မိုက်မဲမှုကို ဆလံပေး၍ ထွက်ပြေးသွားပြီဖြစ်၏။ ကျွန်ုပ်သည် ကောင်းစွာ ထနိုင်ပြီဖြစ်၏။ ထို့နောက် ထရံအနီးသို့သွားကာ ရှမ်းဓားမြှောင်ကို ဆွဲထုတ်လိုက်၏။

"ကဲကောင်းလို့သာပေါ့၊ စောစောကသာ ဒီနေရာကို လာနိုင်ခဲ့ရင် ဒီဓားမြှောင်နဲ့ ကိစ္စတုံးမိရင် တုံးမိမှာ။ သေစေလောက်တဲ့ လက်နက်တွေ ဘာတွေဟာ ကိုယ့်အနားမှာ မရှိရင် အကောင်းဆုံးပဲ"

ဟု တစ်ကိုယ်တည်း ရေရွတ်ရင်း ပြတင်းပေါက်ကိုဖွင့်၍ ထိုဓားမြှောင်ကို လွှင့်ပစ်လိုက်လေ၏။ ထို့နောက် ကျွန်ုပ်သည် ရေနွေးအိုးကို ယူကာ ရေလည့်၏။ ထို့နောက် ထင်းတုံးကြီး၌ ထိုအိုးကို ကပ်ပေးထားလိုက်ရာ အချိန်အနည်းငယ်အတွင်း၌ပင် ရေနွေးအိုးသည် ကျိုက်ကျိုက်ဆူလေတော့၏။ ကျွန်ုပ်သည် နေ့ခင်းက ဝယ်လာသော ကော်ဖီမှုန့် ငါးမူးဖိုး အထုပ်ကလေးကို စက္ကူပင်မဖြည်ဘဲ အထုပ်လိုက် ပစ်ထည့်လိုက်လေ၏။ ထို့နောက် ကျွန်ုပ်၌ရှိသော မုန့်လုပ်ထန်းလျက်ကြီး တစ်ခဲကို ပစ်ထည့်လိုက်လေ၏။

ထို့နောက် ကျွန်ုပ်သည် မတ်ခွက်ကြီးအတွင်းသို့ ထိုကော်ဖီကိုသည်



www.burmeseclassic.com

www.burmeseclassic.com

ကာ ပူပူနွေးနွေး သောက်ချလိုက်လေ၏။ ကျွန်ုပ်သည် အချမ်းပြေသွား၏။ အဆာလည်းပြေသွား၏။ ကျွန်ုပ်၏ တစ်သက်တာတွင် သောက်ဖူးသော ကော်ဖီများအနက် ထိုကော်ဖီသည် အကောင်းဆုံး ဖြစ်သည်ဟု ကျွန်ုပ် မှတ်မိနေ၏။ ကျွန်ုပ်သည် ကော်ဖီ သောက်ပြီးနောက် ဆေးပေါ့လိပ်ကိုဖွာရင်း 'သေခြင်းတရားနှင့် ပတ်သက်သော အကြောင်းအရာ'များကို ဉာဏ်မှီသလောက် စဉ်းစားမိလေ၏။ ထိုသို့ စဉ်းစားရာတွင် 'သေပြီးရင် ဘာဖြစ်မလဲ'ဟူသော အကြောင်းအရာသည် ပါ၏။ ထိုသို့ စဉ်းစားရင်း ကျွန်ုပ်၏ စိတ်ကူးသည် တိကျမှု မရှိတော့ပေ။ ကိုယ်ဖြစ်ချင်သော ကိုယ်သိချင်သော အကြောင်းအရာများဆီသို့ ဦးလှည့်၍ သွားပြန်၏။ ထိုအချိန်မှစ၍ မိုးလင်း ကြက်တွန်ချိန်အထိ စဉ်းစားခဲ့သော အကြောင်းအရာများသည် စိတ်ကူးယဉ် ဝတ္ထုသဖွယ် ဖြစ်နေ၏။ ထိုဝတ္ထုတွင် ဇာတ်ကောင်လိုက်ပါ၏။ ထိုဇာတ်လိုက်မှာ မိုက်ကယ်ဟူ၍ ဖြစ်၏။ မဟုတ်တမ်းတရမ်း အလွန်လုပ်၏။ ထို့ကြောင့် ကျွန်ုပ်၏ စိတ်ကူးထဲတွင် ထိုဇာတ်လိုက်အား မဟုတ်တမ်းတရမ်း မိုက်ကယ်ဟု အမည်ပေးထား၏။ ၎င်းမိုက်ကယ်သည် ငရဲပြည်သို့ အရှင်လတ်လတ် ရောက်သွားသည် ကျွန်ုပ်ဝတ္ထု၌ ပါ၏။ ၎င်းငရဲပြည် ကို အဝီစိဟု ကျွန်ုပ်၏ စိတ်ကူးက ဆုံးဖြတ်ထား၏။ ထိုသူသည် အဝီစိက ပြန်လာပြီးနောက် ကျွန်ုပ်၏အိမ်သို့ ရောက်၏။ ကျွန်ုပ်နှင့် မိတ်ဆက်၏။ အဝီစိမှ မှတ်တမ်းစာအုပ်ကြီးကို ကျွန်ုပ် အား ပေး၏။ ကျွန်ုပ်သည် ထိုစာအုပ် ကိုကြည့်ရာ အနက်ရောင်အဖုံးပေါ်တွင် ရွှေရောင်စာလုံးဖြင့် အောက်ပါ အတိုင်း ရေးထားသည်ကို တွေ့ရလေတော့၏။

> **အဝီစိပြန်တစ်ဦး**
> **၏**
> **မှတ်တမ်း**

❒

## အဝီစိပြန်တစ်ဦး၏ မှတ်တမ်း

ကျွန်ုပ်သည် မဟုတ်တမ်းတရမ်း မိုက်ကယ်ခေါ် အဝီစိပြန် မိုက်ကယ် ၏အကြောင်းကို စိတ်ကူး၍ ဝတ္ထုရှည်ကြီးတစ်ပုဒ် ရေးဖူး၏။ သို့သော် မည်သည့်စာအုပ်တိုက်ကိုမျှ ပေးပို့ခဲ့ခြင်း၊ ရိုက်နှိပ်ထုတ်ဝေခဲ့ခြင်း မပြုခဲ့ပေ။ ထို ဝတ္ထုရှည်ကြီးကို ကျွန်ုပ်သည် မည် သည့်အချိန်တွင်မှ ထုတ်ဖြစ်မည် မသိပါ။ သိမ်းဆည်းထားလိုက်၏။ ငရဲ သားများ၏ပုံကို ကျွန်ုပ်၏စိတ်တွင် ထင်မြင်ကြည့်ရာ အချို့ငရဲသားများ သည် ဗိုက်ပူပူ ခေါင်းကြီးကြီး အချို့ သောငရဲသားများ၏ပုံမှာ ကျွန်ုပ်နှင့်ပင် တူသကဲ့သို့ပင်ရှိ၏။

ကျွန်ုပ်သည် ဤသို့ပင် အချိန်ရ တိုင်း ဝတ္ထုများ ရေးသားခဲ့၏။ ထို့ နောက် ကျွန်ုပ်သည် ဘုန်းကြီးကျောင်း၌ ကပ်လျက် နေထိုင်ရသော ဘဝကို အဆုံးသတ်လိုသဖြင့် တောင်ကြီးမြို့ထဲ တွင် နေထိုင်သော ပရဆေးဆိုင်ပိုင်ရှင် ဒေါ်နှောင်းဆိုသော လွန်စွာသဘော ကောင်းသည့် မိန်းမကြီးတစ်ဦး၏ အိမ်အဖီတွင် ငှားရမ်းနေထိုင်ခဲ့၏။

တစ်ညသ၌ ကျွန်ုပ်သည် ချမ်း အေးလွန်းလှသဖြင့် မီးဖိုကာ ရေနွေး တစ်အိုးတည်၍သောက်ရင်း စာအုပ် တစ်အုပ်ကို ဖတ်နေလေ၏။ ထိုအချိန် ၌ ကျွန်ုပ်၏အခန်းဝတွင် တစ်စုံ တစ်ယောက် လာ၍ရပ်ပြီးလျှင်...

"မေအိုင်ကမ်းအင်၊ ဝင်ခွင့်ပြုပါ ခင်ဗျာ"

ဟု အင်္ဂလိပ်ဘာသာဖြင့် ဝင်ခွင့် တောင်းလိုက်သောကြောင့် ကျွန်ုပ် သည် ဖတ်နေသော စာအုပ်ပေါ်မှ မျက်လုံးကိုကျော်၍ ၎င်းကို ကြည့် လိုက်လေ၏။ ထိုသူသည် ကင်းပတ် ဖိနပ်အစုတ်ကို စီးထား၏။ ဘောင်းဘီ ရှည်ပွပွကြီးကိုလည်း ဆင်မြန်းထား ၏။ လည်ပင်း၌မူ ဘိုးထိုင့်ခေါ် လိပ် ပြာတောင် လည်စည်းကလေးကို ချိတ်ထား၏။ ထိုလည်စည်းကလေး မှာလည်း ရှေးဟောင်းပြတိုက်သို့ပို့ရန် သင့်တော်နေပြီဖြစ်၏။ လက်ထဲတွင် ကောက်စိုက်သမများ သုံးလေ့ရှိသော သံသေတ္တာငယ်တစ်ခုကို ဆွဲထား၏။ ထိုသေတ္တာမှာ အနက်ရောင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုသေတ္တာနက်ပေါ်တွင် ဆေးအဖြူဖြင့် M.B.B.S ဟု ရေးထားသည်ကို တွေ့ရ၏။ ကျွန်ုပ်က··

"ဝင်ခဲ့ပါဗျာ"

ဟု ပြောရာ ထိုသူသည် ဝင်ခဲ့ပြီး ကျွန်ုပ်၏ရှေ့ရှိ ခွေးခြေပုကလေးပေါ်တွင် ထိုင်လိုက်၏။ ထိုအခါ၌ ကျွန်ုပ်က ၎င်းအား···

"ခင်ဗျားက ဆရာဝန်လား"

ဟု မေးလိုက်လေ၏။ ထိုသူက

"မဟုတ်ပါဘူး ခင်ဗျာ၊ မြေအလွှာယ်ဆရာပါ"

ဟု ပြန်၍ပြောလေ၏။ ထိုအခါ ကျွန်ုပ်က···

"မသိပါဘူးဗျာ၊ ခင်ဗျားရဲ့ သေတ္တာမှာ M.B.B.S လို့ ရေးထားလို့ ဆရာဝန်လားလို့ပါဗျာ"

ဟု ပြောလိုက်လျှင် ထိုသူက··

"M.B.B.S ဆိုတာ ကျွန်တော့် နာမည်ရဲ့ အတိုကောက်ပါ။ ကျွန်တော့် နာမည်က မောင်ဘာဘာစိန်လေ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်မှာ ရယ်ရမလို ဖြစ်သွား၏။

သို့သော် ၎င်းမောင်ဘာဘာစိန်ခေါ် M.B.B.S အား အားနာ၍ မရယ်ဖြစ်ခဲ့ပါ။

"ကဲ ဆိုစမ်းပါဦး မောင်ဘာဘာစိန်၊ ညကြီးအချိန်မတော် ကျုပ်ဆီလာတဲ့ကိစ္စကို ပြောစမ်းပါဦး"

ဟု ကျွန်ုပ်က မေးလိုက်လျှင် ၎င်းက···

"တခြား မဟုတ်ပါဘူးခင်ဗျာ၊ သမီးလေး ပျောက်သွားလို့ပါ"

ဟု ပြောလေ၏။

"နေစမ်းပါဦး၊ ခင်ဗျားသမီးက ဘယ်အရွယ်လဲ"

ဟု ကျွန်ုပ်ကထပ်၍ မေးလေ၏။ ထိုအခါ မောင်ဘာဘာစိန်က··

"အပျိုဖော်ဝင်စပါ ဆရာရယ်"

ဟု ပြန်၍ဖြေလေ၏။

"နာမည်က ဘယ်လိုခေါ်သတဲ့တုန်း"

ဟု ကျွန်ုပ်က မေးလိုက်ပြန်၏။

ထိုအခါ မောင်ဘာဘာစိန်က··

"မေရီသပွေါ်လို့ခေါ်ပါတယ်"

ဟု ပြန်၍ပြောပြီးလျှင် ၎င်း၏ ကုတ်အင်္ကျီအတွင်းမှ ပြား၍နေသော စီးကရက်ဘူးကိုထုတ်ကာ ပိန်လိန်၍နေသော စီးကရက်ကို ထုတ်ပြီး မီးညှိ၍ ဖွာနေလေတော့၏။

"သြော် ဟုတ်ပြီ ဟုတ်ပြီ ရှေ့က မေရီဆိုတဲ့ နာမည်တပ်ထားတော့ သမီးလေးကို ကွန်ဗင့်ကျောင်းထားတယ်ထင်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင်-

"မထားပါဘူး ဆရာရယ်၊ ကျွန်တော့်မိန်းမနာမည်က မေရီတဲ့ သူက ဆုံးသွားပါပြီ၊ အဲဒီတော့ ကျွန်တော်က မှဆိုးဖိုပါ"

ဟု မောင်ဘာဘာစိန်က ပြန်၍ ပြောလေ၏။

"ဘယ်လိုကနေ ဘယ်လိုဖြစ်တာလဲ။ အကျဉ်းချုံးပြီး ပြောစမ်းပါ မောင်ဘာဘာစိန်ရယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ၎င်းမောင်ဘာဘာစိန်က···

"ဒီလိုဆရာရဲ့ သမီးကလေးက အပျိုဖြစ်လာပြီဆိုတော့၊ ကျွန်တော့်အိမ် နားမှာ ကောင်ကလေးတွေက အပေါ် စားလေးတွေ၊ ဘယ်နည်းနဲ့မှ ကျွန်တော့် သမီးနဲ့ သဘောမတူနိုင်ဘူး။ အဲဒီတော့ ကျွန်တော်က သမီးကို နှစ်ခါ သုံးခါ တော့ ဆုံးမပါတယ်။ ဒါပေမဲ့ သမီး ကလည်း အရွယ်ကလေး ရောက်လာ တော့ စိတ်ကစားတာပေါ့ ဆရာရယ်။ အခု ကျွန်တော်ဆရာ့ဆီကို လာတာ က သမီးလေးဟာ တောထဲဝင်သွား လား၊ မသမာသူတွေ တွေ့လို့ ရိုက် သတ်လိုက်ပြီလား"

ဟု မောင်ဘာဘာစိန်က ပြော လေ၏။

"မဟုတ်တာဘဲ ကိုယ့်လူ အပျိုကလေးတစ်ယောက်က တော ကို ဘယ့်နှယ်ကြောင့် ဝင်သွားရမှာ ပြီးတော့လည်းပဲ မသမာသူတွေ ရင် ခင်ဗျားသမီးကို စော်ကား ကား လုပ်မှာပဲ စိတ်ပူရမှာပါ။ မဟု သေးပါဘူး၊ ခင်ဗျား စဉ်းစားပုံ နေရာမကျလိုက်တာဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်လျှ ၎င်းမောင်ဘာဘာစိန်က···

"သြော် မသမာသူတွေ ကျွန်တော့်သမီးလေးကို စော်ကား မရလဲဆိုတော့ ကျွန်တော့်သမီး မေရီသပွေါ်ဟာ လူမဟုတ်ဘူးခင် မြွေခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com

ဟုပြောလိုက်လျှင် ကျွန်ုပ်သည် ချကြောင်ကြောင် ဖြစ်၍သွား၏။

"ခင်ဗျားဟာ ဘယ့်နှယ်လဲဗျ၊ ခင်ဗျားသမီးက မြွေဟုတ်လား။ မြွေတို့များဗျာ ခင်ဗျားက သမီးလေး ဘာ သေးနဲ့ ကျုပ်မျက်စိကို လည်သွားရော ဗျာ"

ဟု ကျွန်ုပ်သည် ပြောလိုက်ရာ မောင်ဘာဘာစိန်က…

"ဆရာ့ကို ကျွန်တော် အစ ကတည်းက ပြောသားပဲဗျ။ ကျွန်တော် က မြွေအလမ္ပာယ်ဆရာလေ။ မေရီ သပွေါကို ကျွန်တော် စမွေးတုန်းက သေးသေးလေးလေ။ သူ့ကို ကျွန်တော် မွေးလာတာ အခုတော့ဗျာ။ ပါးပျဉ်း ကြီးများ ထောင်လိုက်ရင် လှလိုက် တာ မပြောနဲ့တော့။ သူ့အစွယ်ကြီးတွေ က ကောက်ချိတ်ချိတ်ကြီးတွေနဲ့ ချစ်ဖို့ ကောင်းလိုက်တာ။ ကျွန်တော်က သမီးလေးလို ချစ်နေတာ။ အဲဒါ ကြောင့် သမီးလို့ ခေါ်တာ"

ဟု ပြောလေ၏။

"ဒါနဲ့ နေစမ်းပါဦး၊ ခင်ဗျား သမီး မြွေမကို ကောင်လေးတွေက လာပြီး ရစ်တယ်ဆိုဗျ"

ဟု ကျွန်ုပ်က မေးလိုက်ရာ မောင်ဘာဘာစိန်က…

"မှန်ပါတယ် ဆရာရယ်၊ လာ ရစ်တဲ့ကောင်တွေက လူဘယ်ဟုတ် ပါ၊ မြွေလူပျိုပေါက်ကလေးတွေ ပါ၊ ဒါပေမဲ့ အဆင့်တန်းချင်းတော့ မတူဘူးဗျ။ ကျွန်တော့်သမီးက အဖေ က မြွေဟောက်၊ အမေက မြွေ ဟောက်က မွေးထားတာဗျ။ ဟိုကောင် လေးတွေက ရေမြွေနဲ့ကျလိုကျ၊ မြွေ ပဆစ်တုပ်နဲ့ ကျလိုကျ မွေးထားတာ၊ ကျွန်တော့်သမီးနဲ့ ဘယ်လာသဘော တူနိုင်ပါ့မလဲဗျာ။ ဒါပေမဲ့ သမီးကို လည်း ထိန်းလို့မရဘူးဗျ၊ အချစ်ကို ဦးစားပေးတဲ့အရွယ် မဟုတ်လားဗျာ။ ကျွန်တော်ကတော့ သမီးကို အတန် တန် ဆုံးမတယ်။ အချစ်ကို အသိ ဉာဏ်နဲ့ မစဉ်းစားနဲ့လို့ပေါ့ဗျာ။ အဲဒီ တော့ သမီးက ကျွန်တော့်မျက်စိ အောက်မှာတော့ နားထောင်တာပေါ့ ဗျာ။ ကျွန်တော့်မျက်ကွယ်မှာတော့ ဘယ်သိမှာလဲ။ သမီးတစ်ကောင် နွား တစ်ထောင် ဆိုတဲ့စကား ရှိတယ်မို့ လားဗျာ။ အခုကာလကလေးတွေ မလွယ်ဘူးဗျ။ သူ့ကို လာရစ်တဲ့ ကောင်လေးတွေဆိုတာက မိမစစ်၊ ဖ မစစ်တွေဗျ၊ ဂါရဝတရား မရှိဘူး။ တကယ့်အဆင့်အတန်းရှိတဲ့ အဆိပ် ပြင်းတဲ့ မြွေကြီးမြွေကောင်းတွေဟာ ကျွန်တော်တို့လို မြွေအလမ္ပာယ်ဆရာ တွေနဲ့တွေ့ရင် ရက်(စ်)ပက်ပေးတယ်။ သွားခွင့်ပြုပါဦးလို့ ခေါင်းကလေး အသာလျှိုပြီး ထွက်သွားတာပဲ။ အဲဒီ ဘာမဟုတ် ညာမဟုတ် ရေမြွေနဲ့စပ် ကျတဲ့ အကောင်လေးတွေ၊ မြွေပဆစ် တုပ်နဲ့စပ်ကျတဲ့ အကောင်လေးတွေ၊ ငန်းစောင်းမကျ၊ လင်းမြွေမကျအကောင် နဲ့စပ်ပြီးမွေးတဲ့ ခေတ်ကာလကောင် လေးတွေက ကျွန်တော်တို့လို ဝါရင့် မြွေအလမ္ပာယ်ဆရာ တွေ့တာနဲ့ မျှ ခနဲ၊ ရှဲခနဲ ပါးပျဉ်းထောင်ပြတော့တာ ပဲ။ ခေတ်မဟုတ်လားဗျာ၊ ရှိသေရမှန်း ကိုင်းရှိုင်းရမှန်း မသိဘူးဗျို့"

ဟု ညည်းညူလေ၏။

ကျွန်ုပ်သည် ထိုညက မြွေ အလမ္ပာယ်ဆရာ မောင်ဘာဘာစိန် ခေါ် M.B.B.S နှင့် မိုးလင်းခဲ့ရလေ၏။ ထိုအကြောင်းအရာကို ကျွန်ုပ်သည် ဝတ္ထုတိုအဖြစ် ရေးသားခဲ့လေ၏။

*(မှတ်ချက် - အထက်ပါ အကြောင်းအရာကို ကျွန်ုပ်နှင့် မောင်ဘာဘာစိန် ဟူသောအမည်ဖြင့် ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။)*

*(စာရေးသူ)*

□

## ကျွန်ုပ်နှင့် စိတ်မနှံ့သူများ

တစ်နေ့သ၌ ကျွန်ုပ်သည် ဗေဒင် ဆိုင်သို့သွားရန် ပြင်ဆင်ပြီးခါမှ မိုးနှင်း များ သည်းထန်စွာကျလာသဖြင့် မသွား ဖြစ်တော့ဘဲ ကျွန်ုပ် ငှားရမ်းနေထိုင် သော အခန်းကလေးအတွင်း၌ တစ်နေ့ လုံး အခန်းအောင်း နေထိုင်ရလေတော့ ၏။ ကျွန်ုပ်သည် ထမင်းအိုးတည်မည် ဟု စဉ်းစားပြီး ဆန်တစ်လုံးချက်ကို အိုးထဲသို့ ခြင်၍ထည့်လိုက်စဉ်၌ ယင်း အိမ်ရှင်၏သမီး မိန်းမချောကလေးက…

"ဦး ထမင်းချက်မလို့လား၊ မချက်ပါနဲ့၊ ဦးတစ်ယောက်စာတော့ သမီးတို့ ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောသဖြင့် ကျွန်ုပ်လည်း ဝင်ဝန်းစွာလည်းမရှိ၊ ဆန့်ကျင်လည်း သတ်သာသဖြင့် ထိုမိန်းကလေးအား လိုက်လျှောလိုက်ရလေတော့၏။ သို့ရာတွင် ကျွန်ုပ်သည် ချမ်းအေးလွန်းလှသဖြင့် ရေနွေးကြမ်းတည်၍ သောက်မည်ဟု ဆုံးဖြတ်ကာ မီးမွှေး၍ ရေနွေးအိုး တည်ရလေ၏။ ထို့နောက် ရေနွေးဆူလျှင် လက်ဖက်ခြောက်ခတ်၍ ရေနွေးကြမ်းသောက်လေ၏။

ကျွန်ုပ်အခန်း၏ အပြင်၌မူ မိုးနှင်းများကျနေသဖြင့် မှိန်းပိတ်အောင် မှောင်နေလေတော့၏။ ကျွန်ုပ်သည် ရေနွေးကြမ်းကို တစ်ခွက်ပြီး တစ်ခွက် သောက်၏။ ထို့နောက် မီးဖွင့်၍ လွန့်မှာဖွင့်ရှိုးကြွေးဖွယ်ရာကောင်းသော စာအုပ်တစ်အုပ်ကို ဖတ်ရှုနေလေ၏။ စာရေးဆရာသည် မခွဲ့သင့်သော အကြောင်းအရာကို ခွတ်အတင်းခွဲ၍ ရေးထား၏။ သို့ရာတွင် သူခွဲ့ထားသော အကြောင်းအရာကို သူက မပေါ်ပြထားပေ။ ဝတ္ထုအတွင်းမှ အဓိက ဇာတ်လိုက်သည် အရက်ကို ရူးလမတတ် ရည်းကဲ့သို့ သောက်နေ၏။ ထို့ပြင် ထိုဇာတ်လိုက်၏ နေအိမ်မှာလည်း လွန်စွာခမ်းနားအောင် ရေးပြထားသဖြင့် ခေတ်သစ်နန်းတော်ကြီး ဖြစ်နေ၏။ ကျွန်ုပ်သည် ထိုစာအုပ်ကို မဖတ်ချင်တော့ဘဲ ပိတ်ပစ်လိုက်မည်ဟု စိတ်၌ အကြိမ်ကြိမ် ဖြစ်ပေါ်သော်လည်း…

"အို…ဘာပဲဖြစ်ဖြစ် ဒီလောက် ဖျင်းစရာကောင်းတဲ့ စာအုပ်ကို ပြီးအောင်ဖတ်မယ်"

ဟု ဆုံးဖြတ်ကာ ဆက်၍ဖတ်နေလေတော့၏။ ထိုအချိန်၌ မိုးနှင်းများကြားတွင် ကျွန်ုပ်ထံသို့ ရှေးရှု၍ လျှောက်လာသော သဏ္ဌာန်တစ်ခုကို တွေ့ရလေ၏။ ထို့နောက် ထိုသဏ္ဌာန်သည် တဖြည်းဖြည်း နီးကပ်လာပြီး လျှင် ကျွန်ုပ်၏အခန်း၌ လာ၍ရပ်လေ၏။

ထိုအခါ ထိုသဏ္ဌာန်ကို ကျွန်ုပ် သဲသဲကွဲကွဲ မြင်ရလေ၏။ ထိုသဏ္ဌာန်သည် သွယ်လျလျ မိန်းမတစ်ဦးဖြစ်၏။ တစ်ကိုယ်လုံး နှင်းများ စိုရွှဲနေ၏။ သူသည် ခိုက်ခိုက်တုန်အောင် ချမ်းနေ၏။ ကျွန်ုပ်က သူ့အား…

"အထဲမှာ ဝင်ပြီးထိုင်ပါခင်ဗျာ၊ သိပ်ပြီးချမ်းနေပြီထင်တယ်။ မီးဖိုနားမှာ ကပ်ပြီးထိုင်ပါ။ ပြီးတော့ ခင်ဗျား တစ်ကိုယ်လုံးလည်း နှင်းတွေ ရွှဲနေတာပဲ။ ခေါင်းလည်း သုတ်လိုက်ပါဦး။ ပြီးတော့ မျက်နှာသုတ်ပဝါလေး ခြုံထားပါလား"

ဟု ဆိုကာ ကျွန်ုပ်၏ မျက်နှာသုတ်ပဝါအား ထိုမိန်းမကို လှမ်း၍ ပေးလိုက်လေ၏။ ထိုမိန်းမသည် ကျွန်ုပ်ပေးသော မျက်နှာသုတ်ပဝါနှင့် မျက်နှာကိုလည်း သုတ်၏။ ဦးခေါင်းကိုလည်း သုတ်၏။ ထို့နောက် ထိုမျက်နှာသုတ်ပဝါကို ခြုံလိုက်ကာ မီးဖိုအနီးတွင် ကျုံ့ကျုံ့ကလေး ထိုင်လိုက်လေ၏။ ထို့နောက် ထိုမိန်းမက ကျွန်ုပ်၏ ရေနွေးကြမ်းကို ကျွန်ုပ်အား ခွင့်မပြုပင် မတောင်းတော့ဘဲ ငှဲ၍သောက်လိုက်လေ၏။ ထိုသို့ သောက်ပြီးနောက်…

"အမယ်လေး၊ လက်ဖက်ခြောက် ခတ်ထားတာလည်း များလှချည်လား၊ ခါးလိုက်တာကလည်း လွန်ပါရော"

ဟု ဆိုလေ၏။

ကျွန်ုပ်သည် ဖတ်လက်စစာအုပ်ကို ပိတ်လိုက်ပြီးနောက်…

"ကဲ ဆိုစမ်းပါဦး၊ ဘာကိစ္စတုံး"

ဟု မေးလိုက်ရာ ထိုမိန်းမက…

"ပြောပါ့မယ် ဆရာရယ်၊ ဆရာကိုတော့ အသေးစိတ်ပြောပြရမှာပေါ့"

ဟု ပြန်၍ပြောလေ၏။

"အသေးစိတ်ပြောဖို့ မလိုပါဘူးဗျာ၊ အကြမ်းဖျင်း ခပ်တိုတိုပဲ ပြောပါ။ ကျွန်တော် ကူညီနိုင်တာဆိုရင်လည်း ကူညီပါ့မယ်။ မကူညီနိုင်တာဆိုရင်လည်း မကူညီနိုင်ဘူးလို့ ပြောပါ့မယ်။ ကဲ တိုတိုနဲ့ လိုရင်းသာ ပြောပေတော့"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ထိုမိန်းမက ရေနွေးကြမ်း တစ်ခွက်ကို ထပ်၍ငှဲ၏။

"ကောဇာသက္ကရာဇ် ၁၁၈၀-ခု (ခရစ်နှစ် ၁၈၁၈) ဘကြီးတော်ဘုရား နန်းတက်တဲ့ နှစ်ပေါ့ရှင်၊ အဲဒီအခါမှာ သတိုးသီရိသုဓမ္မ မဟာဇေယျလစစ်သူကြီးတောင် သာမန်စစ်သားလေးဘဝပဲ ရှိဦးမယ်ရှင်"

ဟု ထိုမိန်းမက ပြောလျှင် ကျွန်ုပ်က…



www.burmeseclassic.com

"ဒီထက်နီးတဲ့နေရာက စပါဗျာ၊ ဘကြီးတော်ဘုရားက ပေးပါတယ်၊ ကျွန်တော်လည်း မသိဘူး။ တိုတိုနဲ့ လိုရင်းပြောပါဆိုမှ ခင်ဗျားက ဘကြီးတော်ဘုရားက စနေပြီ"

မာန်မဲသော လေသံနှင့် ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ ထိုမိန်းမက...

'ဒီလိုဆိုလည်း ဒီထက်နီးနီးက စပါ့မယ်ရှင်။ သာသနာ့ဒါယကာ ဘဝရှင် မင်းတုန်းမင်းတရားကြီး နန်းစံသက် ရှစ်နှစ်မြောက်တော်မူတဲ့အခါမှာ..."

ဟု ဆိုပြန်လေ၏။ ယင်းအခါ ကျွန်ုပ်က...

"ခင်ဗျားနှယ်ဗျာ၊ နီးနီးနားနား ယူပ်စမ်းပါ။ မင်းတုန်းမင်းတရားကြီးတွေ ဘာတွေလုပ်မနေပါနဲ့။ ကျုပ်သည်း မသိဘူး၊ ခင်ဗျား ကျုပ်ဆီလာတာ ဘာကိစ္စလဲ၊ အဲဒါကိုပဲ ပြောဗျာ"

ဟု အော်ဟစ်၍ ပြောလိုက်ပြန်၏။

ထိုအခါ ထိုမိန်းမက...

"မဟုတ်ပါဘူး ဆရာရယ်၊ စိတ်မဆိုးပါနဲ့၊ တိုတိုနဲ့ လိုရင်းပဲ ပြောပါတော့မယ်။ သီပေါမင်း ပါတော်မူတဲ့ ၁၂၄၇-ခုနှစ်၊ ဦးကောင်း လိမ်ညတ် နန်းဆက်ပြုတ်လို့ ဆိုထားတဲ့ အတိုင်း သီပေါမင်းတရားလေးကို နန်းမယ်ထိးဖြုကနေ ဖမ်းဆီးခေါ်ဆောင်သွားကြတဲ့ အချိန်ပေါ့ရှင်။ အဲဒီအချိန်မှာ တိုင်းသားပြည်သူတွေဟာ ကြိမ်မီးအုံးသလို ပူဆွေးနေကြရတယ်"

ဟု ပြောလိုက်ပြန်ရာ ကျွန်ုပ်သည် သည်းမခံနိုင်တော့ဘဲ...

"တော်ပြီဗျာ၊ မပြောပါနဲ့တော့၊ ခင်ဗျားဟာကလည်း အစက ဘကြီးတော်ဘုရား၊ ဘကြီးတော်ဘုရားကနေ သီပေါမင်း ဖြစ်လာပြန်ပြီ။ အဲဒီတော့ အကောင်းဆုံးက ခင်ဗျား၊ ပြန်ပါတော့ဗျာ"

ဟု ကျွန်ုပ်က နှင်လိုက်လျှင် ထိုမိန်းမက...

"ဆရာက ကျွန်မကို နှင်တဲ့ သဘောပေါ့နော်"

ဟု မေးရာ...

'နှင်တဲ့သဘော မဟုတ်ဘူး၊ နှင်တာ၊ နှင်တာ"

ဟု ကျွန်ုပ်က ခပ်မာမာ ပြန်ပြောလိုက်သည့်အခါ ထိုမိန်းမသည် တဟားဟား ရယ်လေတော့၏။

ထို့နောက် ထိုမိန်းမက...

"မောင်မင်း အောင်ထွန်း သင်ဟာ ယခုအထိ ဒေါသကြီးတုန်းပဲကိုး၊ ကျွန်ုပ် ဘယ်သူလဲ သင်သိသလား"

ဟု မေးလေ၏။

ကျွန်ုပ်သည် ထိုမိန်းမအား မျက်လုံးအကြောင်သားနှင့် ငေးကြည့်နေမိ၏။ ထိုအခါကျမှပင် ထိုမိန်းမသည် စိတ်မနှံ့သူဖြစ်ကြောင်း ကောင်းစွာရိပ်မိ၏။

ထို့ကြောင့် ကျွန်ုပ်က...

"ကဲကဲ ခင်ဗျားသွားပါတော့၊ ဒီမှာက ကျုပ်က ယောကျ်ားတစ်ယောက်တည်းနေတာ၊ ခင်ဗျားရှိနေလို့ မသင့်တော်ဘူး"

ဟု ကျွန်ုပ်က တောင်းပန်လိုက်ရာ ထိုမိန်းမက...

"ရှင်က ကျွန်မကို ဖြစ်မှားချင်လို့လား၊ စိတ်နဲ့တောင် ဖြစ်မှားမယ် မကြံနဲ့၊ ကာလနာတိုက်သွားမယ်"

ဟု ပြောလေ၏။

ကျွန်ုပ်ကလည်း...

"ခင်ဗျားကို စိတ်နဲ့လည်း မဖြစ်မှားဘူး၊ ရုပ်နဲ့လည်း မဖြစ်မှားဘူး၊ အကောင်းဆုံးက ခင်ဗျား အမြန်ဆုံး ပြန်သွားပါ"

ဟု ပြောလိုက်ရ၏။

ထိုအခါကျမှပင် ထိုမိန်းမသည် ကျွန်ုပ်၏အခန်းပေါက်ဝ ခြေရှုတည့်တည့်တွင် မြေကြီးကို ဖနောင့်နှင့် သုံးကြိမ်ပေါက်၍ "နှင်ငါ့အကြောင်း သိစေမယ်" ဟုဆိုကာ ထွက်သွားလေတော့၏။ ကျွန်ုပ်သည် ထိုညက တော်တော်နှင့် အိပ်မပျော်ပါ။ စာလည်း မဖတ်ဖြစ်တော့ပါ။ ကျွန်ုပ်သည် စိတ်မနှံ့သောသူများ၏အကြောင်းကို စဉ်းစားနေမိလေ၏။ ထိုသို့ စဉ်းစားရာတွင် ဝဋ်ကြွေးကြောင့်ဖြစ်သည့် သူများမှအပ ကျန်သူများမှာ စိတ်ဓာတ်မခိုင်သူများသာ ဤရောဂါခံစားကြရလေ၏။ စိတ်ဓာတ်မခိုင်သူများမှာလည်း ထိုကဲ့သို့မခိုင်ရန်အတွက် အကြောင်းတရား နှစ်ဆယ့်ငါးပါး ရှိသည်ဟု ပညာရှိတို့ဆိုသည်ဟုဆို၏။

ထိုနှစ်ဆယ့်ငါးပါးမှာ- အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ချုပ်ချယ်လို

www.burmeseclassic.com

ခြင်း၊ သူ့ကျေးဇူးကို ဖျက်ခြင်း၊ ပြုစုစောင်းမြှောင်းခြင်း၊ ဝန့်တိုခြင်း၊ လှည့်ပတ်ခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်း၊ မိုက်မဲခြင်း၊ သူတစ်ပါး အကျင့်သီလကိုဖျက်ခြင်း၊ စိတ်ကြီးဝင်ခြင်း၊ အလွန်အမင်း စိတ်ကြီးဝင်ခြင်း၊ မာန်ယစ်ခြင်း၊ မေ့လျော့ခြင်း၊ တွေဝေခြင်း၊ ငိုက်မျဉ်းခြင်း၊ မကောင်းသော မိတ်ဆွေနှင့် ပေါင်းမိခြင်း၊ အဆင်း၌ တပ်မက်လွန်းခြင်း၊ အသံ၌ တပ်မက်လွန်းခြင်း၊ အနံ့၌ တပ်မက်လွန်းခြင်း၊ အရသာ၌ တပ်မက်လွန်းခြင်း၊ အတွေ့၌ တပ်မက်လွန်းခြင်း၊ မွတ်သိပ်ခြင်း၊ တရား၌ မမွေ့လျော်ခြင်း ဟူ၍ဖြစ်၏။

ကျွန်ုပ်သည် ထိုအကြောင်းအရာများကို စဉ်းစားရင်း ကျွန်ုပ်နှင့်သိသော အရူးများအကြောင်းကို စဉ်းစားမိလေတော့၏။ ကျွန်ုပ်သည် အရူးရှစ်ယောက်နှင့် သိ၏။

ထိုရှစ်ယောက်သော အရူးတို့နှင့်လည်း ရင်းနှီးခဲ့ဖူး၏။

၎င်းတို့မှာ ကျောက်မြောင်းရပ်၊ သီတာလမ်းထိပ်တွင် အစဉ်သဖြင့် ရေနွေးကြမ်း သောက်နေလေ့ရှိသော အရူး လုံထော်။

ကျောက်မြောင်းဈေးအနီး ဆေးပေးခန်းရှေ့တွင် အေးအေးဆေးဆေး ထိုင်၍ လမ်းသွားလမ်းလာများကို ကြည့်ရှုနေလေ့ရှိသော အရူး ဘိုကေ။

ကြီးမားသော ထီးကြီးဆောင်း၍ လွန်စွာ ကြီးမားသော ကြေးဖလားကြီးကိုကိုင်ကာ တစ်လှမ်းချင်း အေးအေးဆေးဆေး လျှောက်၍သွားနေသော ထောင်ထောင်မောင်းမောင်း အရူးကြီး အုန်းဖေ။ သူ့အား ကလေးများက ဆယ်ပြားလောက်ဟုခေါ်၏။ အဘယ့်ကြောင့်ဆိုသော် သူသည် လမ်းလျှောက်ရင်း ဆယ်ပြားလောက်ထည့်မလားဟု အထက်စီးနှင့် ပြောတတ်သောကြောင့်ဖြစ်၏။

ကျွန်ုပ် လက်ဖက်ရည်သောက်နေလျှင် လက်ဖက်ရည်တိုက်ပါဦးဟူ၍လည်းကောင်း၊ မုန့်ဟင်းခါး စားနေလျှင် မုန့်ဟင်းခါး ကျွေးပါဦးဟူ၍လည်းကောင်း လာပြောတတ်၍ ပိုက်ဆံတစ်မတ်၊ သို့မဟုတ် တစ်ကျပ်ပေးလိုက်လျှင် သွားဦးမယ်နော်ဟုပြော၍ ထွက်သွားတတ်သော ခင်သန်းနု ဆိုသည့် အရူး။

မိမိပစ္စည်းများ ပျောက်သွားမည်စိုး၍ အထုပ်ပေါင်းများစွာ ထမ်းပိုး၍ သွားနေသော ဒေါ်လာများဆိုသူ ကုလားအရူး။

မိမိကိုယ်ကို ဘိုကြီးမမဟု ထင်နေသော ကျွန်ုပ်တို့ ကျောက်မြောင်းရပ်ကွက်မှ အရူးမတစ်ယောက်။ သူသည် မရူးမီက ကျွန်ုပ်နှင့် သိကျွမ်း၏။ ရူးသွားသောအခါ ကျွန်ုပ်အား လုံးဝမမှတ်မိပါ။

ထို အရူးခြောက်ယောက်မှာ ကျွန်ုပ်နှင့် ရပ်ဆွေရပ်မျိုးများ ဖြစ်ကြ၏။ သူတို့အကြောင်းကိုလည်း ကျွန်ုပ်ကောင်းစွာသိ၏။ ဘိုကြီးမမ အရူးရူးနေသော အရူးမှလွဲ၍ ကျန်အရူးများသည် ကျွန်ုပ်အား နာမည်နှင့်တကျ
သိ၏။ မှတ်လည်း မှတ်မိ၏။ လုံထော်
ဆိုလျှင် ကျွန်ုပ်ဖြတ်သွားသည်နှ
နာမည်ခေါ်၍ ဆေးလိပ်တောင်း၏
အရူးဘိုကေဆိုလျှင် ကျွန်ုပ် သူ့ရှေ့က
ဖြတ်သွားသည်နှင့် မင်းဦးလေး ‌ေ
ကောင်းလားဟု လှမ်း၍မေးတတ်၏

တစ်ချိန်က ကျွန်ုပ်တို့နေထိုင်ရာ
ကျောက်မြောင်းရပ်ကွက်တွင် အရူး
တော်တော်များများ ရှိခဲ့၏။ ထိုအရူး
တို့၏ အကြောင်းကို ဝတ္ထုပေါင်းများ
စွာ ရေးဖွယ်ရှိ၏။ အရူးလုံထော်ဆိုလျှင်
စိတ်မဖောက်မီ ငြိမ်ငြိမ်လေး နေသော်
လည်း စိတ်ဖောက်လာလျှင် နန်းရေး
ဝန်ဦးပုကို ရိုက်ချင်တယ်ဟု အော်ဟစ်
တတ်၏။ အမှန်မှာ နန်းရေးဝန်ဦး
သည် လွန်စွာလေးစားဖွယ်ကောင်
သော ပုဂ္ဂိုလ်ကြီးဖြစ်၏။ သူလည်
မတွေ့ဖူးဘဲလျက် စိတ်ဖောက်လာ
လျှင် အော်ဟစ်တတ်ခြင်းမှာ လွန်
ထူးဆန်းဖွယ်ဖြစ်၏။

(ရှေ့လ ဆက်ရန်

သဗ္ဗေသတ္တာ ကမ္မဿက

မင်းသိ



www.burmeseclassic.com

www.burmeseclassic.com


# ဂုဏ်ထူးပဒေသာ

## သင်ရိုးကုန်လေ့ကျင့်ခန်း နှင့် အဖြေစုံ

**အမှတ်ပေးစည်းမျဉ်းအတိုင်း အမှတ်(၁၀၀)ဖိုး အပြည့်ပါသည်။**

(၂၀၁၄-၂၀၁၅ ခရိုင်မေးခွန်းဟောင်းများ လေ့လာဖို့ပါသည်)

**စာကျက်မှတ်ရ လွယ်ကူအောင် လေ့ကျင့်ရလွယ်ကူအောင် စီစဉ်ထားပါသည်။**

**စတုတ္ထတန်း GRADE - 5**

♦မြန်မာစာ ♦စာရိတ္တနှင့် ပြည်သူ့နီတိ ♦ဘဝတွက်တာကျွမ်းကျင်စရာ ♦သင်္ချာ ♦အခြေခံသိပ္ပံ ♦သမိုင်း ♦ပထဝီဝင် ♦**English Exam Special Guide Book**

ရွှေပဒေသာစာပေ - အမှတ်-၂၂၁၊ ပထမထပ်၊ ၃၁-လမ်း(အထက်)၊ စင်ထရယ်ဟိုတယ်ဘေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၂၆၃၄၄၁၀၀၈၆၊ ၀၉-၇၉၅၉၈၅၇၇၇၉၊ ၀၁-၃၈၄၉၂၇

# ဂုဏ်ထူးပဒေသာ

**အဋ္ဌမတန်း GRADE - 9**

## သင်ရိုးကုန်လေ့ကျင့်ခန်း နှင့် အဖြေစုံ

(နမူနာမေးခွန်း၊ အမှတ်ပေးစည်းမျဉ်းနှင့် လေ့လာရန် မေးခွန်းဟော င်းပါသည်)

♦မြန်မာစာ ♦အထွေထွေသိပ္ပံ ♦ပထဝီဝင် ♦သမိုင်း

♦**MATHS 1 Exam Special Guide Book**

♦**MATHS 2 Exam Special Guide Book**

♦**English Exam Special Guide Book**

ရွှေပဒေသာစာပေ - အမှတ်-၂၂၁၊ ပထမထပ်၊ ၃၁-လမ်း(အထက်)၊ စင်ထရယ်ဟိုတယ်ဘေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၂၆၃၄၄၁၀၀၈၆၊ ၀၉-၇၉၅၉၈၅၇၇၇၉၊ ၀၁-၃၈၄၉၂၇



www.burmeseclassic.com

www.burmeseclassic.com

# မောင်ကြီးတော်ရွှေ [၇]

# တာတောကြီး

(ယခင်လမှအဆက်)




www.burmeseclassic.com

www.burmeseclassic.com

# တောကြီးတစ္ဆေ (၇)

**တာတေကြီး**

(ယ ခင် လ မှ အ ဆက်)

**…န်မီး ရာကျူးနဲ့ အကျည်းအကြပ်ဘုရား**

အထက်က ဆိုခဲ့သည့်အတိုင်း ကျွန်ုပ်မှာ အိမ်ပျက်ကြီးအား မီးရှို့ပြီး ညတွင်းချင်း ရှောင်တိမ်းထွက်ပြေးသွားခဲ့၏။ သျှရ်ဂိုဏ်းက ကျွန်ုပ်တို့အား ခြေရာခံမိခြင်းမှာ အထူးအဆန်းမဟုတ်။ ၎င်းတို့၏ ဂါထာ…များနှင့် အောက်လမ်းပညာတို့ကြောင့် ဖြစ်လေ၏။ ကျွန်ုပ်မှာ ညအမှောင်ထုအောက်က ထွက်ပြေးသွားရာ မကြာမီ ကားလမ်းမပေါ်သို့ရောက်ခဲ့၏။ ယခုလိုအချိန်၌ ည…တ်မှောင်းနှင်သော အဝေးပြေး…များသာရှိပြီး ရံဖန်ရံခါ ကုန်တင်…များ ဖြစ်တတ်လေ၏။ တိုက်…ပင် ကုန်တင်ကားတစ်စီး လာသောအခါ ကျွန်ုပ် လှမ်းတားမိလိုက်၏။ ကားဒရိုင်ဘာက ကျွန်ုပ်ကို ကြည့်ပြီး. . .

"ကျေးဇူးတင်ပါတယ်ဆိုတဲ့ ညီလေး တက်ကွာ၊ ငါက ရန်ကုန် ကုန်တွေသွားပို့မှာ မင်းအတွက် လမ်းကြုံပါတယ်"

ဟု ဆိုလျှင် ကျွန်ုပ်မှာ မကြာခင်က ဆုံတွေ့ခဲ့ရသော ကားဆရာစံကြီးနှင့် နောက်တစ်ဖန် ဆုံစည်းရခြင်းမှာ ပဋ္ဌာန်းဆက်ဟူသော စကားပြောခဲ့သည့် ရသေ့လေးကိုသာ သတိရနေမိလေ၏။

"ငါ အရက်မသောက်တော့ဘူးကွ၊ လူ့ဘဝမှာ အကောင်းနဲ့ အဆိုးက ဘာလဲသိအောင် လိုက်ပြီးလက်တွေ့လုပ်ကြည့်ရင်း အရက်စွဲသွားတယ်။ နောက်တော့ အရက်ဟာ မကောင်းမှန်း သိတော့ ဖြတ်လိုက်တယ်။ ဒါပါပဲ။ ခု ငါ မိန်းမရနေပြီ။ အဲဒီမိန်းမဟာ မကောင်းမှန်းသိရင် ဖြတ်ဦးမှာပဲ။ ဟား . . ဟား"

ဟု ဆိုကာ အော်ရယ်နေပြန်လေ၏။

ကျွန်ုပ်မှာ ကားဆရာစံကြီး၏ ဒဿနကို တွေးပြီး ပြုံးမိလိုက်၏။ ကျွန်ုပ်အိတ်ထဲ၌ ကျန်ရှိနေသေးသော ငွေထဲမှ ငွေ(၅၀၀၀)အား စံကြီးဆိုသူကို ပေးလိုက်ရာ ၎င်းက-

"အိုး. . ဟိုး. . ဒါတော့ မလုပ်ပါနဲ့ကွာ၊ ငါ့ကားနဲ့ မင်း လမ်းကြုံလိုက်စီးတာ ဒီလောက်မတန်ပါဘူး၊ ငါက စေတနာသက်သက်ပါ"

ဟု ဆိုသောခါ ကျွန်ုပ်က. . .



www.burmeseclassic.com

www.burmeseclassic.com

"ယူပါ. . ကိုစံကြီးရာ၊ ဒီပိုက်ဆံက ကိုစံကြီးမိသားစုအတွက် အသုံးဝင်မှာပါ။ ကျုပ်နဲ့ ကိုစံကြီး နောက်တစ်ခါ ပြန်ဆုံပြီး ကားကြုံစီးဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ ကျုပ်ဘက်က ကိုစံကြီးအတွက် အမှတ်တရပါ"

ဟု ဆိုကာ ကျွန်ုပ်မှ ကိုစံကြီး၏ အင်္ကျီအိတ်ထဲသို့ အတင်းထည့်ပေးလေ၏။ ကိုစံကြီးမှာ ကျွန်ုပ်ဘက်လှည့်ကာ ကျေနပ်ပီတိဖြစ်သော အပြုံးဖြင့်ကြည့်ကာ ခေါင်းတဆတ်ဆတ် ညိတ်နေလေ၏။

ကျွန်ုပ်တို့နှစ်ဦးမှာ ရန်ကုန်သို့ မိုးမလင်းခင် ဝေလီဝေလင်း ရောက်လာခဲ့ကြပြီး ကိုစံကြီးမှာ ၎င်း၏ ကုန်ကားကြီးနှင့်ပင် ကျွန်ုပ်အား ရွှေတိဂုံဘုရား တောင်ဘက်မုခ်အထိ ကျွန်ုပ်ပြောသလို ပို့ဆောင်ပေးလေ၏။

ကျွန်ုပ်မှာ ရွှေတိဂုံဘုရား တောင်ဘက်မုခ် ခြေရင်းနားရှိ 'ဦးဝကြီး ထမင်းကြော်'ဆိုင်ဝယ် နံနက်စာကို စားသောက်လေ၏။ ဦးဝကြီး ဆိုသူမှာ နာမည်နှင့် မလိုက်အောင် ဆန့်ကျင်ဘက်ဖြစ်ပြီး ပိန်ပိန်သေးသေးလူတစ်ဦးဖြစ်၏။ ၎င်းထမင်းကြော်ဆိုင်မှာ ထိုစဉ်က နာမည်ကြီး ထမင်းကြော်ဆိုင်ဖြစ်ပြီး ၎င်း၏ ကြက်ဥမီးဖုတ်နှင့် ထမင်းကြော်မှာ နာမည်ကြီးလှ၏။ ကြက်ဥအစိမ်း၏ အလယ်အား နီရဲနေသော မီးသွေးခဲထဲသို့ မထည့်မီ ကြေးနန်းချည်ကာ နာရီဝက်နီးပါးကြာမှ မီးဖိုမှ ထွက်ကာ ရေဆေး၊ အခွံခွာပြီး ပဲဆီစစ်စစ်နှင့် ထက်ခြမ်းခြမ်းပေးကာ ထမင်းကြော် အသင့်စားသုံးနိုင်လေ၏။ စားသုံးသောသူများက ဦးဝကြီးအား

"ဦးဝကြီး ကြက်ဥမီးဖုတ် စွမ်းမစွမ်းတော့ မသိဘူး။ မိန်းမယူထားတာ စုစုပေါင်း သုံးယောက်တောင်ဆိုတော့ ဦးဝကြီး စွမ်းပါပေတယ်"

ဟု ဆိုကြလေ၏။ ကျွန်ုပ်မှာ ထမင်းကြော်နှင့် ကြက်ဥမီးဖုတ် နှစ်လုံးကို စားပြီးသောအခါ အရသာရှိသောအစာကို ခံတွင်းတွေ့ကာ စားရသလို အလွန်မြိန်လှပေ၏။

ကျွန်ုပ်မှာ စားသောက်ပြီး ဦးဝကြီး၏ ဆိုင်ဘေး၌ ဖွင့်လှစ်ထားသော လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်ကျကျ တစ်ခွက်ကို မှာသောက်လေ၏။ လက်ဖက်ရည်ရောင်းသော အညာသားလင်မယားနှစ်ဦးမှာ လက်ဖက်ရည်တစ်ခွက်ကို ရွှေရောင်းသလို ရောင်းပြီး ခပ်တင်းတင်း ဆက်ဆံကြ၏။ သို့သော် ၎င်းလက်ဖက်ရည် သောက်ဖူးသူတိုင်းအတွက် လက်ဖက်ရည်ထဲ၌ နတ်သုဒ္ဓါ ထည့်ထားသလို မသောက်ရ မနေနိုင် ဖြစ်ကြရ၏။

ကျွန်ုပ်မှာ လက်ဖက်ရည် တစ်ခွက်ကို နာရီဝက်ကြာအောင် စောင့်ရပြီး သောက်ပြီးသောအခါ ရွှေတိဂုံဘုရားပေါ်သို့ တက်လာခဲ့လေ၏။

(မှတ်ချက် - ထိုအညာသားလင်မယားနှစ်ယောက် ရောင်းသည့် လက်ဖက်ရည်မျိုးအား ယခု ရန်ကုန်မြို့၊ ၃၅-လမ်း(အထက်)၊ အောင်ပြည့်စုံ ဗီဒီယိုရုံးခန်းရှေ့ ပလက်ဖောင်း၌ ရောင်းချနေသည်ကို ရှားပါးစွာ တွေ့ရှိရပါ၏။

(စာရေးသူ)

ကျွန်ုပ်မှာ ဘုရားပေါ်သို့ ရောက်သောအခါ ရှေးဦးစွာ နေ လ ဘုရားကို ဝတ်ပြုလေ၏။ ထို့နောက် စိတ်တည်ငြိမ်မှု ရစေရန် တရားထိုင်ပြီး နေလေ၏။ ဦးကျော်စွာ ကျွန်ုပ်အား သင်ပြဖူးခဲ့သော ရုပ်၊ နာမ် နှစ်ပါး ခွဲခြားကာ ဝင်သက်၊ ထွက်သက် ရှုရလေ၏။ အချိန်အားဖြင့် တစ်နာရီနီးပါးခန့် ဘုရားဝတ်ပြုပြီးသောအခါ ကျွန်ုပ်၏ ဘုရားရှိခိုးခြင်းအလုပ် ပြီးဆုံးခဲ့လေ၏။ ကျွန်ုပ်မှာ ရွှေတိဂုံဘုရားကြီးအား မော့ကြည့်ရင်း လမ်းလျှောက်နေစဉ်မှာပင်. . .

"ဆရာကြီး. . အတော်ပင်ပန်းသွားပြီ ထင်ပါရဲ့"

ဟူသော အသံကြား၍ လှည့်ကြည့်လိုက်ရာ ကျွန်ုပ် အတွေ့ချင်ဆုံးနှစ်ဦးဖြစ်သည်။ ယန်စီနှင့် ပုလိပ်ရာဂျူးကို တွေ့ရလေ၏။

"ခင်ဗျားတို့နှစ်ယောက်ကို ကျုပ်တွေ့ရတာ အရမ်းဝမ်းသာတယ်ဗျာ။ ဒါပေမဲ့ ကျုပ်ကို ဆရာကြီးတော့ မခေါ်စေချင်ဘူး"

ဟု ဆိုသောအခါ ယန်စီက

"ဒါတော့ မဖြစ်နိုင်လို့ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ကြီးရာ၊ ဦးကျော်စွာက သူမရှိရင် သူ့နေရာ ဆက်ခံမယ့်သူဟာ ဆရာကြီးပဲ ဖြစ်ရမယ်"

ဟု ပြောသောအခါ ကျွန်ုပ်က-

"ကဲ . . ကဲ . . ခေါ်ချင်သလို၊ ကြိုက်သလိုသာ ခေါ်ပါတော့"

ဟု ဆိုလိုက်လေ၏။

ကျွန်ုပ်တို့သုံးဦးမှာ ရွှေတိဂုံဘုရားပေါ်၌ လမ်းလျှောက်၍ စကားပြောလာကြပြီး တောင်ဘက်မုခ်ရှိ စေတီတစ်ဆူနား ရောက်သောအခါ ရာဂျူးနှင့် ယန်စီက ရပ်လိုက်ကြ၏။ ရာဂျူးက. . .

"ရွှေတိဂုံဘုရားမှာ ထူးခြားတဲ့ ဘုရားတစ်ဆူ ရှိတယ်ဆိုတာ ဆရာကြီးပြောမှ ကျုပ်သိရတယ်၊ အဲဒါကတော့ ဒီဘုရားပဲ ဆရာကြီး"

ဟု ဆိုလျှင် ကျွန်ုပ်မှာ ဦးကျော်စွာ ပြောခဲ့သော ဘုရားဆို၍ စိတ်ဝင်စားမိ၏။ ယန်စီက. . .

"ရှေးမင်းတွေ၊ ဝိဇ္ဇာဇော်ဂျီတွေအစ အကျဉ်းအကြပ်ထဲရောက်နေ အဓိဋ္ဌာန် လာလာပြုတာမို့ တချို့က အကျဉ်းအကြပ်ဘုရားလို့လည်း ခေါ်ပါတယ်"

ဟု ဆိုကာ ရှင်းပြလေ၏။

ကျွန်ုပ်မှာ ထိုဘုရားအားဖူးရန် ...ထိုင်ငယ်များကြားမှ ခန္ဓာ ကိုယ်ကို ...ဝင်ကာ ဖူးပြီး အဓိဋ္ဌာန်ဝင်လေ၏။ ရာဂျူးနှင့် ယန်စီကလည်း ကျွန်ုပ်...တူ လိုက်လာ၍ အဓိဋ္ဌာန်ပြုကြလေ၏။

(မှတ်ချက် - ရွှေတိဂုံဘုရား တောင်ဘက်မုခ်ရှိ အကျဉ်းအကြပ်ဘုရားမှာ ယနေ့တိုင် အထင်အရှားရှိ၍ ဘုရားဖူးသူတိုင်း သိမည်ထင်ပါသည်။)

(စာရေးသူ)

ကျွန်ုပ်တို့သုံးဦးမှာ ဘုရားဖူးပြီး ဘုရားပေါ်မှ ဆင်းလာခဲ့ကြ၏။ ကျွန်ုပ်က. . .

"ရာဂျူးနဲ့ ယန်စီ၊ ကျုပ်စိတ်ထဲမှာ ဘုရားကို အဓိဋ္ဌာန် ပြုနေတဲ့ အချိန်မှာ တိုက်တာ အဆောက်အအုံကြီးတွေ၊ ကားတွေနဲ့ ရှုပ်ထွေးနေတဲ့ အလယ်က ဘုရားတစ်ဆူကို အာရုံထဲမှာ မြင်နေရသလိုပဲ"

ဆိုသောအခါ ယန်စီက. . .

"ဒါက ဖြစ်တတ်ပါတယ် ဆရာကြီး၊ ဂျွန်ဂေါဒါဆိုတဲ့ ၁၅ နှစ်အရွယ် ချာတိတ်လေးက National Geographic လို မဂ္ဂဇင်းမျိုး ဖတ်ပြီး သူလုပ်ချင်တဲ့ ရည်မှန်းချက်ပန်းတိုင် (၁၂၇)ခုတိတိကို တက်လှမ်းခဲ့ရာမှာ အသက် ၇၀ အရွယ်မှာ (၁၀၀)တိတိ အောင်မြင်ခဲ့တယ်လေ။ ကမ္ဘာတစ်လွှားမှာ သူဖြစ်ချင်တာ၊ သူသွားချင်တာ၊ သူမြင်ချင်တာတွေ မြင်ခဲ့တာပဲ"

ဟု ဆိုလေ၏။

ကျွန်ုပ်မှာ အဓိဋ္ဌာန်ဝင် အာရုံပြုနေရင်း မျက်စိထဲ၌ မြင်ရသော မြင်ကွင်းကို မေ့ရမည် မဟုတ်တော့။

(မှတ်ချက် - မြရွှေ၏ မျက်လုံးထဲ၌ မြင်ရသော မြင်ကွင်းမှာ ဆူးလေဘုရား၏ မြင်ကွင်းဖြစ်၍ စာဖတ်ပရိသတ်များ သိရှိစေရန် ဖော်ပြလိုက်ပါ၏။)

(စာရေးသူ)

◆

## တစ်ကျွန်းခံ မြရွှေ

ကျွန်ုပ်မှာ ရန်ကင်းရှိ ဘုန်းကြီးကျောင်းတစ်ကျောင်း၌ တည်းခိုရန် ယန်စီနှင့် ရာဂျူးက ထားခဲ့၏။ တစ်ပတ်တိတိ နေပြီးသောအခါ ရာဂျူးက. . .

"ဆရာကြီး . . သျှရိဂိုဏ်းက ဆရာကြီးကို အပြတ်ရှင်းချင်နေတာမို့ ကျုပ် အကြံတစ်ခုတော့ ရထားတယ်"

ဟု ဆိုကာ နားနားသို့ ကပ်ပြောလေ၏။ ပြီးမှ ကျွန်ုပ်က လက်ခံလိုက်ပြီး ခေါင်းညိတ်လိုက်မိ၏။ ကျွန်ုပ်က. . .

"ကို ရာဂျူးရယ် . . ခင်ဗျား ကောင်းသလိုသာ စီစဉ်ပါတော့"

ဟု ဆိုလိုက်လေ၏။

ရာဂျူး ထွက်သွားပြီး မကြာမီမှာပင် ကျွန်ုပ်မှာ ဘုန်းကြီးကျောင်းမှထွက်၍ ပုလိပ်မင်းကြီးရုံး ရှိရာသို့ ကားငှား၍ သွားလေ၏။ ရုံးရှေ့ ရောက်သောအခါ ကုလားပုလိပ် နှစ်ဦးက အင်္ဂလိပ်လို ဝင်လို့ မရဘူး ဟု အော်ပြောလေ၏။ ကျွန်ုပ်က လည်း ထိုပုလိပ်နှစ်ဦးအား. . .

"ငါ ဝင်လို့ရအောင် ဝင်ခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုကာ ၎င်းတို့နှစ်ဦး ဖက်ပိုးကို ရိုက်လိုက်ရာ ငြိမ်ကျသွားလေ၏။ ထိုအဖြစ်အပျက်ကို အစအဆုံးကြည့်နေသော ပုလိပ်မင်းကြီးက. .

"တော်တော်သတ္တိကောင်းတဲ့သူပဲ၊ မြွေရှိတဲ့ နေရာမှာ လာအပေါက်ခံရဲတယ်"

ဟု ဆိုကာ ကျွန်ုပ်အား သေနတ်ဖြင့် လှမ်းချိန်လေ၏။

ပုလိပ်မင်းကြီးဘက်မှ လှုပ်ရှားသောအခါ ပုလိပ်များ ရုတ်ရုတ်သဲသဲဖြစ်သွားပြီး ကျွန်ုပ်အား ဝိုင်း၍ ချိန်ကြလေ၏။ ကျွန်ုပ်က. . .

"ဟား. . ဟား . . တော်တော်သတ္တိနည်းတဲ့ ပုလိပ်တွေပဲ။ ကိုယ့်ဆီလာအဖမ်းခံတဲ့ တရားခံကို လူရော၊ လက်နက်ရော မတရားကြီး ဝိုင်းချိန်နေကြတာ ခင်ဗျားတို့လူမျိုး မရှက်ကြဘူးလား"

ဟု အင်္ဂလိပ်စကားဖြင့် ပြန်ဆိုလိုက်လျှင် ပုလိပ်မင်းကြီး မျက်နှာမှာ မည်းတက်သွားလေ၏။ ပြီးမှ ကျွန်ုပ်က. . .

"ငါ့နာမည် မြရွှေ သေဒဏ်ကျခံထားရတဲ့သူ၊ ပြီးတော့ ထောင်ဖောက်ပြေးတဲ့သူ။ ပုဒ်မကတော့ မင်းတို့ပါးစပ်ထဲမှာ နောက်ထပ် တပ်ချင်ရာတပ်၊ ငါ ဂရုမစိုက်ဘူး"

ဟု ဆိုသောအခါ ပုလိပ်မင်းကြီး သောမတ်စ်၏ မျက်နှာမှာ မည်းသထက် မည်းသွားပြီး မျက်လုံးများပိုမိုပြူးသွားလေ၏။

ပုလိပ်များက ကျွန်ုပ်အား ဖမ်းဆီးပြီး ရိုက်နှက်မည်အပြု ကျွန်ုပ်က ပုလိပ်မင်းကြီးထံ အော်ပြောလေ၏။

"ကျုပ်က ငယ်ငယ်လေးကတည်း က အသားနာရင် ခံတတ်တဲ့ကောင် မဟုတ်ဘူး။ ကျုပ်ကို ဖမ်းပြီးသွားပြီပဲ။ ဥပဒေအရ လုပ်ချင်တာလုပ်။ ကျုပ်အသားကို နာအောင် နှိပ်စက်ရင်တော့ ကျုပ် ဒီကလွတ်မြောက်သွားရင် အရင်ဦးဆုံး အသတ်ခံရမယ့်သူဟာ ပုလိပ်မင်းကြီးပဲ"

ဟု ဆိုသောအခါ ၎င်း၏ပုလိပ်များကို ဆဲဆိုကြိမ်းမောင်းနေလေ၏။ ပြီးမှ. . .

"မြရွှေကို အသားနာအောင် ဘယ်သူမှ မလုပ်ရဘူး"

ဟု အမိန့်ထုတ်လေ၏။

ကျွန်ုပ်မှာ ရာဇဝတ် သတင်းပေးထားသည့်အတိုင်း အင်္ဂလန်ပြည် ရှင်ဘုရင်မကြီးမွေးနေ့၌ အကျဉ်းသားများအပြင်၊ သေမိန့်ကျခံရသူများလည်း အပြစ်လျော့ပေါ့ကာ နေရမည် ဖြစ်သောကြောင့် နောက်ဆုံး၌ သေဒဏ်အစား ကျွန်းကျခံရန် အမိန့်ရရှိခဲ့လေ၏။

ကျွန်ုပ်တို့အား ကျွန်းသို့ မပို့ဆောင်မီ ထောင်ဝင်စာ လာတွေ့သော ယန်စီက. . .

"ဆရာကြီးရေ. . ဆရာကြီးသင်္ဘောမှာ လိုက်မယ့် စားဖိုမှူး ရန်အောင်က အစစအရာရာ လွတ်အောင်ကူညီပါလိမ့်မယ်။ ပြီးရင် ဆရာကြီးနဲ့ အနီးကပ် လူတစ်ယောက်လည်း ပါလာပါလိမ့်မယ်"

ဟု ဆိုကာ ထွက်သွားလေ၏။ ရာဇဝတ်က ကျွန်ုပ်အား သင်္ဘောမထွက်ခွာမီ အဝေးကပဲ လက်ပြနှုတ်ဆက်လေ၏။

ကျွန်ုပ်တို့သင်္ဘောမှာ ည ၉ နာရီကျော်မှ ရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာလေ၏။ သင်္ဘောပေါ်ဝယ် ကျွန်ုပ်တို့ကိုထားသော အကျဉ်းသားအခန်းများမှာ သင်္ဘော၏ ဝမ်းဗိုက်တတိယတန်းစား နေရာတွင်ရှိပြီး ကျွန်းကျခံရသူများအား လက်ထိတ်၊ သံခြေကျင်းများ ခတ်ထားလေ၏။

"ခုနေချိန်များ ဆိတ်စွပ်ပူပူလေးနဲ့ နံပြားစားရရင် ဇိမ်ပဲဗျာ"

ဟု ဆိုသော အသံကြောင့် ကျွန်ုပ်ကြည့်မိရာ. . .

"ကိုခါး. . ခင်ဗျားက ဘာ့လို့တစ်ကျွန်းကျရတာလဲ၊ ဒီနေရာမှာ တွေ့ရတာ ဝမ်းသာတယ်ဗျာ"

ဟု ဆိုကာ ကိုခါးကို ကျွန်ုပ်ပွေ့ဖက်လိုက်၏။ ကိုခါးက. . .

"ဆရာကြီးရယ်၊ ကံဆိုတာ ပဋ္ဌာန်းဆက်ပါမှ တွေ့တာမလား။ ဆရာကြီးနဲ့ ကျုပ်လည်း ပဋ္ဌာန်းဆက် ပါကြတာပေါ့"

ဟု ဆိုလေ၏။

ကျွန်ုပ်မှာ ကိုခါးပါ ပါလာ၍ ဝမ်းသာသွားမိ၏။ ယန်စီပြောသော သူမှာ ကိုခါးပင် ဖြစ်မည်ထင်၏။ ကိုခါးက. . .

"စိန်တိုက်တစ်တိုက် ဝင်ခိုးတာဟိုရောက်တော့ စိန်တွေလည်း မ[illegible] တော့ဘူး။ စိန်ဘာဘူ ကုလား[illegible] သေ



www.burmeseclassic.com

www.burmeseclassic.com

နေတော့ ကျုပ်မှာ ယုန်ထောင်ကြောင်မီ မဟုတ်ဘဲ စိန်ထောင်ကိုခါးမိဆိုတာ ဖြစ်ခဲ့ရတာပေါ့"

ဟု ဆိုလိုက်လေ၏။ ၎င်းကပင်

"ဆရာကြီး. . ဒီမှာနေရတာ အသက်ရှူ သိပ်မဝလှဘူး၊ အထက်တန်းမှာ ဖိမ်နဲ့လိုက်ရင် ကောင်းမယ်ထင်တယ်"

ဟု ဆိုကာ ၎င်းဆံပင်နှင့် ကပ်၍ ဖွက်ထားသော စတီးသံချောင်းလေးကို ထုတ်လိုက်လေ၏။ ၎င်းကပင်. . .

"ဒါဟာ ကျုပ်ရဲ့ မာစတာကီးပဲ ဆရာကြီး၊ ပြီးတော့ ကျုပ်ဒအသက်ဆိုလည်း မမှားဘူး"

ဟု ဆိုကာ လက်၊ ခြေတို့တွင် ခတ်ထားသော သော့ခလောက်များတို့ ဖြုတ်လိုက်လေ၏။ ပြီးလျှင် ကျွန်ုပ်အား သော့များ ဖြုတ်ပေးလေ၏။ ည လူခြေတိတ်နေသလို သင်္ဘောခုတ်မောင်းသံသာ ကြားနေရသောကြောင့် အစောင့်ကျ ပုလိပ်နှစ်ဦးအား ကျွန်ုပ်မှာ ဇက်ကြောရိုက်ပြီး ဝတ်ဆင်ထားသော ကိုယ်ပေါ်မှ ကျွန်ုပ်၏ အဝတ်အစားနှင့် ကိုခါးအဝတ်အစားများ ဝတ်ဆင်စေပြီး ခြေ လက်တို့ကို သံခြေကျင်း ပြန်ခတ်ပေးခဲ့၏။ ကိုခါးက. . .

"ဒီကောင်တွေ ကျွန်းရောက်ခင် တရားခံ ထွက်ပြေးလို့ဆို ကျွန်းပိုင်ကြီးက ပင်လယ်ထဲ ကန်ချကြမှာ သေချာတယ် ဆရာကြီး"

ဟု ဆိုလိုက်လေ၏။

ကျွန်ုပ်နှင့် ကိုခါးမှာ သင်္ဘောပေါ်သို့ တက်လာပြီး အထက်တန်းမျက်နှာဖြူတို့၏ အခန်းသို့ ရောက်သောအခါ ကိုခါးက တံခါးကိုဖွင့်ပြီး ဝင်လိုက်၏။ တစ်အောင့်ကြာသောအခါ ၎င်းက ထွက်လာပြီး. . .

"ဆရာကြီးရေ. . ဒီညတော့ ကောင်းစွာအိပ်စက်လို့ရပြီ"

ဟု ဆိုလေ၏။ ကျွန်ုပ်က. . .

"အခန်းထဲမှာ လူရှိတယ်မလား ကိုခါးရ"

ဟု ဆိုသောအခါ ကိုခါးက. .

"ဒီအတွက် မပူနဲ့ ဆရာကြီး၊ သူတို့တွေ တဏှာဘီလူး ပူးနေချိန်မှာ အသာလေးဖမ်းပြီး ချုပ်ထားလိုက်တာ"

ဟု ဆိုလိုက်လေ၏။

ကိုခါးပြောသလို မျက်နှာဖြူအထီးကောင်နှင့် အမကောင်မှာ ဝတ်လစ်စလစ်ဖြင့် ရေချိုးခန်းထဲ၌ ကြိုးတုပ်ထားခြင်း ခံခဲ့ရလေ၏။ ကိုခါးမှာ အသားညှပ်ပေါင်မုန့်ကို ဝိုင်နှင့်သောက်ရန် ကျွန်ုပ်အား စီစဉ်ပေးလေ၏။ ပြီးမှ. . .

"ဆရာကြီးရေ. . မနက်ဖြန်ဆို ကျုပ်တို့တွေ လွတ်ဖို့ နည်းလမ်း ရှာကြရမယ်"

ဟူ၍ ဆိုလိုက်လေသတည်း။

◆

## ကံကြုံလို့ ပြန်ဆုံပြီ

ကျွန်ုပ်မှာ နံနက်မိုးလင်းလျှင် သင်္ဘောစားသောက်ခန်းသို့ သွားကာ စားဖိုမှူး ရန်အောင်ကို ရှာရ၏။ ကျွန်ုပ်က ရန်အောင် ဖြူသလား၊ မည်းသလားဆိုတာ မသိသလို၊ ရန်အောင်က ကျွန်ုပ်ကို သိ၊ မသိဆိုတာ စဉ်းစားရမည်ဖြစ်၏။ ထိုစဉ်မှာပင်-

"ကိုမြရွှေ. . ကျွန်တော့်ကို ရှာနေတာ ထင်ပါရဲ့"

ဟု ဆိုလျှင် ကျွန်ုပ်မှာ အသံလာရာသို့ ကြည့်လိုက်ရာ စားဖိုမှူးဝတ်စုံနှင့် ဆံပင်ခပ်တိုတို၊ အသက် ၄၀ နီးပါး လူတစ်ဦးကို တွေ့ရလေ၏။

"နေပါဦး၊ ခင်ဗျားက ကျုပ်နာမည် ဘယ်လိုလုပ် သိတာလဲ"

ဟု ဆိုသောအခါ ရန်အောင်က. . .

"ဒါကတော့ ရှင်းပါတယ် ဆရာကြီးရာ၊ ဒီသင်္ဘောပေါ်မှာ ကျုပ်လာတွေ့ရမယ့်သူနဲ့ ကျုပ်ကိုလာတွေ့ရမယ့်သူဟာ တစ်ယောက်တည်းပဲရှိတယ်။ အဲဒီသူဟာ ဆရာကြီးကလွဲလို့ ဘယ်သူဖြစ်နိုင်မှာလဲ"

ဟု ဆိုလျှင် ကျွန်ုပ်က. . .

"တော်ပါပေတယ် ကိုရန်အောင်ရာ၊ ယန်စီက သေချာမှာထားတာ၊ မလွဲနိုင်ပါဘူး။ ပြီးတော့ ကိုရန်အောင်ဟာ တော်ရုံတန်ရုံ လူတစ်ယောက် မဟုတ်ဘူးဆိုတာ ကျုပ်က တွက်ပြီးသားပါ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုလိုက်လေ၏။

ကျွန်ုပ်နှင့် ကိုခါးမှာ ကိုရန်အောင်၏ စားဖိုမှူးအခန်းဝယ် နေရာပြောင်း၍ ခိုအောင်းကြရလေ၏။ ကျွန်ုပ်တို့နှစ်ဦး ထွက်ပြေးလွတ်မြောက်သွားခြင်းကို သိ၍ သင်္ဘောပေါ်ဝယ် လုံခြုံရေး တင်းကြပ်စွာချထားသလို၊ ပိုက်စိပ်တိုက် ရှာဖွေနေလေ၏။ နောက်ဆုံး အနံ့ခံခွေးများသုံး၍ပင် ရှာဖွေကြလေ၏။ ကိုခါးက. . .

"စားဖိုမှူးကြီးရေ. . အနံ့ခံခွေးသုံးရင်တော့ ကျုပ်နဲ့ ဆရာကြီး မိနိုင်မယ် ထင်ပါရဲ့ဗျာ"

ဟု ပြောလျှင် ကိုရန်အောင်က ရယ်မောလိုက်ပြီး. . .

"လူတစ်ယောက်ရဲ့ အနံ့ကိုသတ်တဲ့ နည်းရှိတယ်၊ ဘာဆိုဘာမှ အနံ့မခံနိုင်အောင် ပျောက်တယ်"

ဟုဆိုကာ ကျွန်ုပ်တို့နှစ်ဦးစလုံးအား ထောပတ်နှင့် ပင်စိမ်းရွက် ရောနယ်ထားသော အဆီများကို သုတ်လိမ်းပေးလေ၏။ ပြီးလျှင်. . .

"ကဲ. . ကြိုက်တဲ့ အနံ့ခံခွေးလာ မသိစေရဘူး"

ဟု ဆိုလေ၏။ ကိုရန်အောင်ပြောသလို အနံ့ခံခွေးများ ရှာဖွေမရသည့်အဆုံးဝယ် ကျွန်ုပ်တို့နှစ်ဦးအား သင်္ဘောပေါ်မှ လွတ်မြောက်သွားကြသည်ဟု ထင်မှတ်လိုက်ကြလေ၏။

ကျွန်ုပ်တို့နှစ်ဦးအား ကျွန်းတစ်ကျွန်းသို့ ရောက်သောအခါ စားဖိုမှူး ရန်အောင်က ပစ္စည်းဝယ်ရန် ရိက္ခာသေတ္တာအလွတ်များနှင့် ထည့်ကာ ထုပ်လာပြီး အပြင်သို့ ရောက်သောအခါ ရန်အောင်က. .

"ဆရာကြီးရေ. . ဒီကနေ လွတ်အောင်ပြေးနိုင်တဲ့နေရာ ဖြစ်သလို ရန်ကုန်ကိုလည်း ပြန်နိုင်တဲ့ သင်္ဘောတွေ ရှိတယ်။ နှစ်ပတ်တစ်ကြိမ်တော့ ဒီမှာ ကုန်တင်ကုန်ချ လုပ်ကြတာလေ"

ဟု ဆိုလေ၏။ ကျွန်ုပ်မှာ ရန်အောင်အား. . .

"ကျေးဇူးတင်ပါတယ် ကိုရန်အောင်ရာ၊ ကျုပ်နဲ့ ခင်ဗျား ပဋ္ဌာန်းဆက်ပါပြီး ကံဆုံရင် ပြန်ကြုံကြတာပေါ့"

ဟု ဆိုကာ နှုတ်ဆက်ခဲ့လေ၏။ သင်္ဘောကြီး ထွက်ခွာသွားပြီး ကျွန်းကြီး ပတ်ပတ်လည်သို့ ကျွန်ုပ်တို့နှစ်ဦး လျှောက်ကြည့်နေမိ၏။ ကိုခါးက. . .

"ဒီကလူမျိုးတွေ ကြည့်ရတာ အိန္ဒိယအနွယ်ဝင်တွေ ဖြစ်မယ်"

ကျွန်း၏ အဓိက စီးပွားရေးလုပ်ငန်းမှာ ဆီအုန်းနှင့် ပုလဲရှာဖွေ ရောင်းချခြင်း ဖြစ်လေ၏။ ၎င်းတို့၏ ဘာသာစကားမှာ ဟိန္ဒူစကားကို အဓိက သုံးကြ၏။ ကျွန်ုပ်မှာ ဦးကျော်စွာနှင့် ဆုံတွေ့စဉ်က သင်ကြားတတ်မြောက်ခဲ့ဖူးသော ဟိန္ဒူစကားဖြင့် ကျွန်းသားတစ်ဦးအား မေးမြန်းမည်ပြုစဉ်. . .

"မောင်မြွေ. . ငါ့သား၊ အဖေနဲ့ မင်း ကံမကုန်လို့ ပြန်ဆုံကြရပြီ"

ဟူသော အသံရှင်မှာ ကျွန်ုပ်
ဖခင်ကြီး ဦးမြစိန်မှလွဲ၍ မည်သူ
မဖြစ်နိုင်ချေ။ ဖခင်ကြီးမှာ ကျွန်ုပ်
ပွေ့ဖက်ကာ မျက်ရည်များ ဝေ့ဝို
ကျလာပြီး. . .

"မောင်မြွေ. . သားအ
အဖေ တာဝန်မကျေဘူးကွာ"

ဟု ဆိုလျှင် ကျွန်ုပ်က. . .

"တာဝန်ကျေပါတယ် အ
ရာ၊ အဖေ့ကြောင့် သားဟာ ဦးကေ
စွာနဲ့ တွေ့ပြီး လောကကြီးအပေါ်
လမ်းလျှောက်တတ်တဲ့သူ ဖြစ်ခဲ့ရ
တယ်"

ဟု ဆိုသောအခါ ကျွန်ုပ်
ဖခင်ကြီးမှ ကျွန်ုပ်တို့ နှစ်ဦးအ
အရိပ်အာဝါသကောင်းသော ဘ
ဂလိုကြီးတစ်ခုသို့ ခေါ်ဆောင်သွ
ကာ ဧည့်ခံကျွေးမွေးလေ၏။ ကျွ
ဖခင်ကြီးမှာ ထိုကျွန်း၌ပင် အိ
ထောင်ကျပြီး သားသမီးသုံး
တောင် ထွန်းကားနေပေ၏။

ကျွန်ုပ် ဖခင်ကြီးမှာ တစ်သ
တစ်ကျွန်းကျပြီး နောက်ဆုံး ကျွ
မင်းကြီး၏ သမီးဖြစ်သူနှင့် ညား
အိမ်ထောင်ကျခဲ့ပြီး ကျွန်းမင်းကြ
စီးပွားရေးလုပ်ကိုင်ခွင့်အဖြစ် ထိုကျွ
ပေါ်ဝယ် လုပ်ကိုင်ခွင့် ပြုထား
၏။ ဦးမြစိန်က. . .

"မောင်မြွေ မင်းတို့နှစ်ယော
ဒီကျွန်းကနေ ညတွင်းချင်းပဲ ထွ
ပြေးကြတော့။ ငါ လှေကြီးတစ်
စီစဉ်ပေးထားမယ်"

ဟု ဆိုသောအခါ ကျွန်ုပ်က. . .

www.burmeseclassic.com

"ဘာဖြစ်လို့လဲ အဖေ"

ဟု မေးလျှင် ဖခင်ဖြစ်သူက. .

"သားနဲ့ အဖေ စကားပြောနေတုန်းက ကွက်တိကွက်ကြား ဆံပင်နဲ့ လူတစ်ဦးကို သားတွေ့မိမှာပေါ့။ အဲဒီလူက ကျွန်းမင်းကြီး လူယုံတစ်ယောက်ပဲ။ အဖေတို့ မိသားစုကို စောင့်ကြည့်ဖို့ တာဝန်ပေးထားတာလေ။ သေချာတာကတော့ ခုနကျွန်းကို ပို့မယ့် အကျဉ်းသားတွေထဲက လွတ်သွားတာ သိနေတယ်။ ပြီးတော့ ဒီကျွန်းမှာ အပ်ကျတာကအစ သိနေတယ်ဆိုတော့ မောင်မြရွှေ. . မကြာခင် မင်းတို့ အနေးနဲ့အမြန် အန္တရာယ်ရောက်လာတော့မယ်"

ဟု ဆိုကာ ပြောလေ၏။

ကျွန်ုပ်၏ ဖခင်ကြီး ဦးမြစိန်မှာ ကျွန်ုပ်အား ကျွန်း၏ အနေအထား မြေပုံကို နားလည်အောင် ရှင်းပြပြီး ထွက်ခွာရမည့်နေရာကို ပြသလေ၏။ ကျွန်ုပ်မှာ ကျွန်း၏အနေအထားကို ရှင်းလင်းပြတ်သားစွာ သိပြီးနောက် ဖခင်ကြီးအား ကန်တော့တာ နှုတ်ဆက်ပြီး ထွက်ခဲ့လေ၏။ ကိုခါးက. . .

"ဆရာကြီးရေ. . ခုချိန်က လေအရမ်းကြမ်းတယ်၊ ညနေပိုင်းဆို လေနည်းနည်းလျော့သွားလိမ့်မယ်။ အချိန်ကောင်းတုန်း ကျုပ်တို့ သွားကြရအောင်"

ဟု ဆိုကာ ကျွန်ုပ်၏ ဖခင်ကြီး စီစဉ်ပေးထားသည့် ရွက်လှေကြီးရှိရာသို့ သွားကြလေ၏။

ရွက်လှေကြီးမှာ ဖခင်ကြီး အပိုင်ဆိုသော်လည်း ပြုပြင်ရန် ကမ်း၌ ထိုးထားသည်မှာ ကြာမြင့်နေပြီဖြစ်၍ လှိုင်းကြမ်းသော ပင်လယ်ကြီးထဲ ဖြတ်သန်းရန် အလွန်ခက်ခဲပေမည်။ ကျွန်ုပ်က. . .

"ကိုခါးရေ. . လူဆိုတာ သေတာနဲ့ ရှင်တာ နှစ်ခုပဲ ရှိမှာပဲ။ ကျုပ်ကတော့ ရှင်နေလျက်နဲ့ သေခြင်းတရားကို အနိုင်ယူချင်သေးတယ်။ ကျုပ်တို့ ဘယ်တော့မှ မရှုံးစေရဘူး"

ဟူသော စကားဖြင့် အားတက်စေရန် ကိုခါးကို ပြောမိလေ၏။ ရွက်လှေကြီးမှာ ဖျင်စများပင် အဖာတစ်ရာထပ်အောင် ချုပ်ထား၏။ ကိုခါးက. . .

"ဒီလိုနေရာမှာ ဒီရွက်လှေမျိုးရှိတာပဲ နတ်သိကြားတွေကို ကျေးဇူးတင်ရလို ဖြစ်နေပြီ"

ဟု ဆိုလေ၏။

ကျွန်ုပ်တို့နှစ်ဦး ရွက်လှေထွက်ခွာနေစဉ်မှာပင် လူအော်သံများနှင့်အတူ လက်နက်များ ကိုင်စွဲပြီး ကျွန်ုပ်တို့၏ ရွက်လှေရှိရာသို့ ပြေးလာကြ၏။ အချို့က လက်နက်များဖြင့် ပစ်ခတ်ပေါက်ထုတ်ကြလေ၏။

"ကိုခါးရေ. . လက်မတင်လေးဆိုတာ ဒါပဲဗျ၊ ကျုပ်အဖေအတွက် စိတ်မကောင်းပါဘူး"

ဟု ဆိုသောအခါ ကိုခါးက ကမ်းခြေဝယ် တုတ်၊ ဓားများ ကိုင်ဆောင်ပြီး အော်ဟစ်နေသော လူများကို ငေးကြည့်နေမိလေ၏။

ကျွန်ုပ်တို့ ရွက်လှေကြီးမှာ ပင်လယ်ပြင်ဝယ် မုန်တိုင်းအကြီးအကျယ်မိခဲ့သလို နောက်ဆုံး၌ ငါးဖမ်းစက်လှေတစ်စီးဖြင့် ကျွန်းတစ်ကျွန်းသို့ ထပ်မံရောက်ရှိခဲ့လေ၏။ ထိုကျွန်းမှ တစ်နာရီနီးပါးသွားလျှင် သီလဝါမီးပြတိုက်သို့ ရောက်သည်ဆို၍ ကျွန်ုပ်တို့နှစ်ဦးမှာ ရန်ကုန်နှင့် နီးပြီဆိုတာ သိလိုက်ရ၏။ ကျွန်ုပ်က-

"ကိုခါးရေ. . . ရန်ကုန်တော့ ကျုပ် ဆက်မလိုက်တော့ဘူး၊ ကိုခါးသွားနှင့်ပါ။ ဒီကျွန်းကနေ ကျုပ်နောက်လိုက်လာတဲ့ သျှရ်ဂိုဏ်းကို ကျုပ်ရင်ဆိုင်မှ ဖြစ်တော့မယ်"

ဟု ပြောသောအခါ ကိုခါးက-

"ဆရာကြီးကို ကျုပ် ယုံပါတယ်၊ ကံဆုံရင် ပြန်ကြုံကြတာပေါ့"

ဟု ဆိုကာ ရန်ကုန်သို့သွားမည့် ငါးဖမ်းစက်လှေဖြင့် လိုက်ပါသွားခဲ့လေ၏။

ကျွန်ုပ်ရောက်ရှိနေသော ကျွန်း၏ အနောက်ဘက် သုသာန်နှင့် ကပ်လျက်ဝယ် စေတီလေးတစ်ဆူ ရှိလေ၏။ ကျွန်ုပ်မှာ ထိုစေတီလေး၌ပင် သျှရ်ဂိုဏ်းကို ရင်ဆိုင်ရန် ပိုင်းဖြတ်မိလေ၏။

သျှရ်ဂိုဏ်းသားများအား ကျွန်ုပ်ရင်ဆိုင်ရမည့်နေ့အား တွက်ကြည့်ရာ မနက်ဆိုလျှင် ၉ ရက်နေ့ဖြစ်၏။ ၎င်းတို့မှာ ၉ ရက်နေ့ ကြုံလျှင် ယဇ်ပူဇော်တတ်သလို ၎င်းတို့၏ ရန်သူကို ဘယ်နေရာရောက်ရောက် လိုက်လာနိုင်သော ဝိဇ္ဇာဥ်များ ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်မှာ စေတီငယ်လေးသို့ ရောက်သောအခါ ရသေ့လေး ဦးသီလ၏ အာရုံကို စိတ်ထဲ စွဲထင်အောင် ပေါ်ပြီး ဖော်ပြီး စိတ်လွှင့်၊ စိတ်ပြောဖြင့် မေးရမည်ဖြစ်ရာ ရသေ့လေး၏ ကြေးစည်သံကိုပင် နားထဲ ကြားယောင်နေလေတော့သတည်း။

◆

## တစ္ဆေကျွန်းမှ ထွက်ပြေးခြင်း

ကျွန်ုပ်အာရုံထဲဝယ် ပေါ်လာသော ရသေ့လေးက. . .

"ဒကာ. . ပြေးတဲ့လူရှိသလို၊ ပုန်းတဲ့လူ ရှိတယ်။ ဒီလိုပဲ သံသရာကြီးမှာ ဘယ်လောက်ပြေးပြေး၊ ပုန်းပုန်း ဆုံကြမှာပဲ။ ဒကာကြီးဘက်က ကြွေးရှိရင် ကြွေးဆပ်ရမယ်။ ဝဋ်ရှိရင် ကျေရစေမယ်"

ဟု ဆိုလျှင် ကျွန်ုပ်က. . .

"ဒီသျှရိဂိုဏ်းဟာ ကျွန်ုပ် အပေါ်မှာ ကြွေးရှိပါသလား ရသေ့လေး"

ဟု မေးလျှင် ရသေ့လေးက. .

"သူတို့ဟာ သူတို့ ယဇ်ပူဇော်တဲ့ နတ်ဘုရားရဲ့ ဝိညာဉ်ဟာ တစ္ဆေတစ်ကောင်နဲ့အတူ ဒကာ့ခန္ဓာကိုယ်မှာ ပုန်းအောင်းနေတယ်ဆိုတဲ့ အယူရှိတယ်လေ။ ဒကာရင်ဆိုင်တွေ့တဲ့အခါ မသတ်ပါနဲ့။ ဒကာ့မှာရှိတဲ့ လုံခြုံမှုဟာ သူတို့ထက် အားကြီးပါတယ်။ မေတ္တာနဲ့ လွှတ်မြောက်သွားသူဟာ ကိုယ့်အပေါ်မှာ လွှတ်မြောက်စေတဲ့ တုံ့ပြန်စေတနာ ထားတတ်ပါတယ်"

ဟု ပြောပြီး ကြေးစည်လေးထုကာ ပျောက်ကွယ်သွားလေ၏။ ကျွန်ုပ်ရောက်ရှိနေသော နေရာမှာ သုသာန်ပျက်ကြီးဖြစ်သလို ပတ်ဝန်းကျင်ကလည်း တိတ်ဆိတ်နေလေ၏။ ကျွန်ုပ်မျက်စိရှေ့တည့်တည့် နေရာဝယ် ပန်းကိုးပွင့်ကို တွေ့ရလေ၏။ ကျွန်ုပ်မှာ ပြုံးလိုက်ပြီး. . .

"သျှရိဂိုဏ်းက ရောက်လာကြပြီကိုး"

သျှရိဂိုဏ်းမှ လူ ၉ ယောက်မှာ ကျွန်ုပ်ရှေ့တည့်တည့်သို့ရောက်လာကြလေ၏။ ၎င်းတို့၏ပုံစံမှာ ၉ ဦးစလုံးပင် အဖြူရောင်ဝတ်ရုံများ ခြုံထားပြီး အေးဆေးတည်ငြိမ်လှ၏။ နန္ဒဆိုသော ကျွန်ုပ်နှင့် ဆုံခဲ့ဖူးသူက-

"သင့်ကို ကျုပ်တို့ မသတ်ချင်ပါဘူး၊ ဒါပေမဲ့ သင်ဟာ ယဇ်ပူဇော်သူသာ ဖြစ်ရပါစေမယ်"

ဟုဆိုကာ ကျွန်ုပ်အား ဝိုင်းဝန်းတိုက်ခိုက်ကြလေ၏။ ကျွန်ုပ်ခန္ဓာကိုယ်၌ ထိုးထားသော ယက္ခရာဇာအရုပ်မှာ ကျွန်ုပ်အား တိုက်ခိုက်ချိန်၌ တစ်ကိုယ်လုံး နတ်ပူးသကဲ့သို့ ကျွန်ုပ်ခန္ဓာကိုယ်လည်း တုန်ခါနေ၏။ သျှရိဂိုဏ်းမှာ အောက်လမ်းပညာကို တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်သော်လည်း ကျွန်ုပ်အား နှိမ်နင်းနိုင်ခြင်း မရှိပေ။

ကျွန်ုပ်မှာ စိတ်ကို တည်ငြိမ်စွာထားပြီး မျက်လုံးစုံမှိတ်ထားကာ ရသေ့လေး ပြောသလို ခန္ဓာကိုယ်ကြီးကို ပြန်ကြည့်ကာ တရားမှတ်နေမိ၏။

အချိန်မည်မျှ ကြာသွားသည်ကို မသိ။ မိုးလင်းသောအခါ ကျွန်ုပ်မျက်စိကို ဖွင့်လိုက်သောအခါ ဘာဆိုဘာမှ မရှိတော့။ ကျွန်ုပ်၏ ရှေ့တည့်တည့် သစ်ပင်ပေါ်ဝယ် စာတမ်းတစ်ခုကို ရေးသွားသည်ကို တွေ့ရ လေ၏။

တောကြီးတစ္ဆေ . . .

မင်းဟာ ဗက်ကီတန်မြို့တော်က ပုပ်ရဟန်းမင်းကြီးနဲ့ တွေ့မှာ သေချာပါတယ်။

မင်းဟာ တောင်အမေရိကက တီတီကာအိုင်မှာ ရေဆင်းကူးရဦးမှာပါ။

မင်းဟာ နာဗာဟိုနဲ့ ဟိုပီ အင်ဒီယန်းအကြောင်း တွေးပြီး နေရမှာပါ။

မင်းဟာ ဘာလီကျွန်းက မီးသင်္ဂြိုဟ်ပွဲမှာ ကြည့်ခွင့်ရဦးမှာ သေချာပါတယ်။

မင်းဟာ ချီအော့(ပ်)ပိရမစ်ကြီး တက်ကြည့်နိုင်ဦးမှာပါ။

မင်းဟာ လူထူးလူဆန်းတစ်ယောက်ပါ။

အနာဂတ်မှာ . . .

မင်းဖြစ်ချင်တာ မင်း ဖြစ်မှာပါ။

သျှရိဂိုဏ်း

www.burmeseclassic.com

ဟု ဆိုသောစာကို ရေးထားလေ၏။

ကျွန်ုပ်မှာ စာကိုဖတ်ပြီး ပြုံးလိုက်မိလေ၏။ ပို၍ထူးဆန်းအံ့ဩသည်က ကျွန်ုပ်နှင့် သျှရ်ဂိုဏ်းသားများ ယှဉ်ပြိုင်စဉ်က ကျင့်ခဲ့သော ထိုင်သည့်နေရာဝယ် ရွှေ ငွေ ကျောက်သံပတ္တမြား လက်ဝတ်ရတနာများ မြန်ကျဲနေပြီး နဂါးကနုတ်ပန်း ရွှေဘောင်တစ်ခုအား တွေ့လိုက်ရ၏။ ၎င်းအောက်ခြေ၌ ဟိန္ဒူဘာသာဖြင့် ရေးထားသော စာသားမှာ. . .

**"လိုရာဖြစ်စေ ကိုမြရွှေ"**

ဟူ၍ ဖြစ်လေတော့သတည်း

(မှတ်ချက် - ဖော်ပြပါ ရုပ်တုဘောင်မျိုးအား ပေါ်ပြူလာဂျာနယ် အယ်ဒီတာချုပ် ဆရာဦးဟိန်းလတ် ...ခန်း၌ မြင်တွေ့နိုင်ပါသည်။)

(စာရေးသူ)

◆

## ...ာကြီးတစ္ဆေ မောင်မြရွှေ

ကျိုက္ကဆံဘုရား၌ ၂၀၀၈ ခုနှစ် ... နံနက်အရုဏ်တက်ချိန်ဝယ် ဘုရား ... ရောင်တော်လွှတ်သည်ဆိုသော ...တင်းကို အတော်များများ ကြား...ဘူးပါလိမ့်မည်။

ထိုကျိုက္ကဆံဘုရား၏ အဘ ...ောင်မင်းခေါင်ဘုရားဝယ် တည် ...အေးချမ်းသော ရသေ့ကြီးတစ်ပါး ... ဥပစိရုပ်ကောင်းကောင်း လူကြီး ...ဦးကို ရံဖန်ရံခါ တွေ့ရပါလိမ့်...ည်။

ဥပစိရုပ်ကောင်းကောင်းနှင့် လူကြီးက ရသေ့ကြီးအား တရားထိုင်ပြီးလျှင် သစ်သီးဆွမ်းများ ကပ်သလို ရသေ့ကြီးကလည်း တရားပေးပါ၏။

ရသေ့ကြီးနှင့် ထိုလူကြီး ပြောသောစကားကို ဖော်ပြရပါမူ. . .

"ဒကာ. . အတိုင်းအတာ ဆိုသည်မှာ သတ်မှတ်ချက်ပင် ဖြစ်ပါသည်။ မည်သည့်အရာမှ မမြဲပါ"

ဟု ဆိုလေ၏။ ရသေ့ကြီးနှင့် ထိုလူကြီး တစ်နာရီနီးပါးခန့် နေ့စဉ်လိုလို ကျိုက္ကဆံဘုရား၌ စကားပြောပြီး ထွက်သွားကြသည်မှာ ဘယ်ကိုသွားမှန်း မသိသလို ဘာလုပ်မှန်းလည်း မသိပေ။

ရသေ့ကြီးနှင့် ထိုလူကြီး တစ်လနီးပါးခန့် ကျိုက္ကဆံဘုရား၌ တွေ့ဆုံပြီး၌ နံနက်အရုဏ်တက်ချိန်ဝယ် ဘုရားပေါ်၌ နေ့စဉ်လိုလို ဘုရားပန်းများကို ရေလဲခြင်း၊ သန့်ရှင်းစင်ကြယ်အောင် ဆေးကြောတိုက်ချွတ်ပေးသော မိန်းမကြီးတစ်ဦးကိုလည်း တွေ့ရပါလိမ့်မည်။ ၎င်းက ဘုရားထောင့်တစ်ထောင့်စီ ရေလဲ၊ သန့်ရှင်းစင်ကြယ်ပြီးတိုင်း. . .

"တောကြီးတစ္ဆေ မောင်မြရွှေ ကျန်းမာပါစေ၊ ချမ်းသာပါစေ"

ဟူ၍ ဆုတောင်းပြီးနေလေ၏။ ၎င်းပြုလုပ်သည်မှာ နေ့စဉ်ဖြစ်ပြီး ပါးစပ်မှလည်း. . .

"တောကြီးတစ္ဆေ မောင်မြရွှေ ဝိဇ္ဇာတွေနဲ့ ပျော်ပါစေ"

ဟူ၍ ထူးထူးခြားခြား ဆုတောင်းနေလေတော့သတည်း။

◆

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် နံနက်အရုဏ်တက်ချိန်ဝယ် ရွှေတိဂုံဘုရား တောင်ဘက်မုခ်ရှိ အကျဉ်းအကြပ်ဘုရား၌ ရသေ့ကြီးနှစ်ဦးကို တွေ့ရမည်ဖြစ်ပြီး တစ်ဦးက ဘုရားရှိခိုးတိုင်း ကြေးစည်လေး ထုနှက်နေသလို ကျန်တစ်ဦးကလည်း ထိုကြေးစည်သံလေးကို ပီတိဖြစ်ကာ နားထောင်နေသည်ကို တွေ့ရလေမည်ဖြစ်၏။ ကြေးစည်ထုရိုက်နေသော ရသေ့ကြီးက. . .

"ကံတရားဆိုတာ ပဋ္ဌာန်းဆက်ပါပဲ၊ ခုဆိုရင် လူ့ဘဝက မြရွှေ ပြုခဲ့တဲ့ ကုသိုလ်တွေကို အမျှဝေမယ့်သူ ရှိနေမှာပါ"

ဟု ရသေ့ကြီးက ပြောလိုက်လေ၏။ နားထောင်နေသော ရသေ့ကြီးကမူ ပီတိပြုံးနှင့်ပြုံး၍ 'ကျောင်းဆရာမလေး ထားထားခင်' နာမည်နှင့် မြန်မာပြည် အရပ်ရပ်ရှိ ဒုက္ခရောက်သူများအား လှူဒါန်းနိုင်ရန် စည်းစိမ်ဥစ္စာအားလုံးအား 'မောင်မြရွှေ' ဆိုသောသူက ရသေ့ မဝတ်မီ လွှဲပြောင်းလှူဒါန်းပေးခဲ့သည်ကိုမူ ကျွန်ုပ်၏ စာဖတ်ပရိသတ်အား ရှင်းပြရန် လိုမည်မထင်တော့ပါ။

တာတေကြီး



www.burmeseclassic.com

www.burmeseclassic.com

# သတ္တဝါတွင် အနာရောက်ပုံသဘာဝ

ချောယဉ်သာမြင့် (B.A, B.Ed.)

သတ္တဝါတွင် အနာရောက်ပုံသဘာဝကို ဗုဒ္ဓနည်းကျ ဩဠာရိကသုခုမ ဆေးပညာစာတ်ကျမ်းမှ ဖော်ပြပါမည်။ ၎င်းဩဠာရိကသုခုမဆေးပညာဓာတ်ကျမ်းသည် ဗုဒ္ဓ၏အဘိဓမ္မာနှင့် သုတ္တန်ကျမ်းများကို နှိုင်းညှိထောက်စ ပေါင်းစပ်ပြုစုထားသည့် ကျမ်းဖြစ်၏။ ကျမ်းပြုဆရာကြီး ဦးအောင်ဒင်သည် ဗုဒ္ဓ၏ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများစွာနှင့် အခြားသော ဂန္ထန္တရကျမ်းများစွာကို ကိုးကားမှီငြမ်း၍ အပတ်တကုတ် ကြိုးပမ်းပြုစုထားသော ဗုဒ္ဓနည်းကျ ဆေးပညာဓာတ်ကျမ်းများ ဖြစ်ပါသည်။

ကျောင်းအုပ်ဆရာကြီးတစ်ဦး ဖြစ်ခဲ့သော ဆရာကြီးသည် ၁၉၄၂ လောက်မှစ၍ ဆေးပညာဘက်တွင် စိတ်ဝင်စားကာ ဆေးကျမ်းပေါင်းမျိုးစုံကို ရှာဖွေလေ့လာလိုက်စားခဲ့ရာ တိုင်းရင်းဆေးပညာရပ်များ၏ ဝါဒမတူ၊ အယူအဆ ရေးရာခြားနားလျက် ဆေးစုံ၊ နည်းစုံ၊ ဆရာစုံ၊ ဆေးဝါးပေါင်းစုံ အစုံစုံ ဖြစ်၏။ "ယေဘုယျနည်း"များ ဖြစ်နေသည်ကို စဉ်းစား ဆင်ခြင်မိသောအခါ ဘဝင်မကျနိုင်ခဲ့။

မိမိလိုချင်သည်မှာ "ယေဘုယျနည်း" မဟုတ်။ "စကောမမှော မှချနည်း"ကိုသာတည်း။ ဤသို့ မှချနည်းကို အကာယ်စင်စစ် မသိပါဘဲလျက် လူနာကို စမ်းသပ်မကုဝံ့ချေ။

သို့ရှိနေစဉ် နရသုခိဆရာကြီး၏ ဆုံးမစာတွင် "ဆေးစာများမြောင် ကျမ်းစောင်စောင်ကို တတ်ခေါင်တွင်ကျယ်၊ လုံးပေါင်းသိမှု၊ သိအောင်ပြုလျက်၊ ကုမကုသိုလ် မငြင်ငြိုသည်၊ မင်္ဂိုလ်ရွှေလမ်း၊ ဖြောင့်၏တည်း"ဟူသော ဆုံးမစကားများကို သတိမူမိ၍ အလေးအနက်ဖြစ်လာသည်။

စင်စစ် လုံးပေါင်းသိခြင်း၏ ပညာဉာဏ်သည်သာလျှင် အဓိပတိထိုက်သည်ကို သိလာ၏။ ကျမ်းဖတ်၊ ကျမ်းမှတ်၊ ကျမ်းစု၊ ကျမ်းတု၊ ကျမ်းပြုအဖြစ်မျိုးကို နှစ်သက်နိုင်စွမ်းမရှိ။ ဤမျှ လေ့လာနေပါလျက် မိမိကိုယ်တိုင် တကယ်ခံစားနေရသည့်အချက်ကား မိမိစိတ်တွင်ပင် မရှင်းမလင်း "ဝိစိကိစ္ဆာ"ရှိနေသည်ကို သိရှိသတိထားမိ၏။ ၁၉၄၂ မှစ၍ ၁၉၄၇ ခုနှစ်အတွင်း ခုနစ်နှစ်မျှ အပတ်တကုတ် ကြိုးစားနေပါလျက် မိမိ၏ ဝိစိကိစ္ဆာကြီးနှင့် ဘဝင်မကျနိုင်မှုကြောင့် ဆင်ခြင်မိပြန်သည်ကား -

လူနာပုဂ္ဂိုလ်တို့သည် ရောဂါပျောက်လိုမှုနှင့် မသိမှု အဝိဇ္ဇာကြောင့် အကုအသ ခံယူရှာကြသည်မှာမဆန်း။ ဆရာဖြစ်သူတို့ ကုသရဲပုံမှာ ဆန်း၏။ မင်္ဂိုလ်ရွှေလမ်း ဖြောင့်တန်ဖို့ မဆိုထားဘိ။ ကုမကုသိုလ်မငြင်ငြိုသည့် ပုဂ္ဂိုလ်မျိုးပင် ဖြစ်တန်ရာ၏လောဟု ဆင်ခြင်မိသည်။ ဤသို့ ဆင်ခြင်မိစဉ်အတွင်း နရသုခိကျမ်းကဲ့သို့ပင် ဒွါဒသိမ်ကျမ်း စကားတို့ကလည်း လေးနက်သိမ်မွေ့လှ၏။ "ဆုံးဖြတ်တွေးတော၊ ဓာတ်သဘောကို၊ မနှောကျေကျေ၊ ရှိပြီးမှလျှင်၊ မုချဘယ်ဓာတ်ဘားကိုသတ်အံ့၊ လုပ်ရပ်မစမ်း။ သူနာခန်းကို၊ မချမ်းနိုင်ဦး ဝိဉာဏ်ဆုံးလိမ့်"ဟုလည်းကောင်း။ "ဓာတ်ကိုမကျွမ်း၊ ဉာဏ်မထွန်းလင်း၊ ဖြစ်လေခြင်းကြောင့်၊ ကွေကွင်းတိမ်းပါး၊ ဝေဲများသည်၊ ပြဒါးဆေးဒန်း၊ ကိုးပါးလမ်းတွင်၊ အရင်စမ်းဟု၊ ကျွလှမ်းဉာဏ်စေ၊ ဖမ်းမရကာ၊ များလှရောဂါ၊ ထိုအနာကို၊ မ[illegible] ပါနဲ့"ဟူ၍လည်းကောင်း။ ရခဲလှစွာသော လူ့ဘဝ၊ လူ့အသက်တစ်ချောင်း "ကံကုန်မသေ၊ ဉာဏ်ကုန်သေရမည့်"အရေး[illegible] အလေးအနက်ထား ဟန့်တားခဲ့ကြသည်။

ဝိဉာဏ်အသက် ဆေးကုချက်၌ ပေါ့ဆခြင်းငှာမထိုက်[illegible] အရေးကြီးလှသည်ကို ကောင်းစွာ သတိပြုမိခြင်းသည် ဆရာကြီးဦးအောင်ဒင်အား အင်္ဂလိပ်သမားဘဝသို့ လုံးလုံးလျား[illegible] ရောက်သွားစေရ၏။

ဓာတ်တို့၏ သဘောသဘာဝကို သိနိုင်ရန် ဆေးကျမ်း[illegible] အစောင်စောင်၊ အစုံစုံ ဖတ်ရှုရုံမျှမက အင်္ဂလိပ်ပညာ[illegible] လေ့လာလိုက်စား၊ အပတ်တကုတ်ကြိုးစားနေစဉ် [illegible]



www.burmeseclassic.com

www.burmeseclassic.com

ဇာတိ မိခင်ကြီး၏ ကထိန်အလှူသွားမိရာမှ အကြောင်းအား လျော်စွာ မဟာစည်သတိပဋ္ဌာန် ကမ္မဋ္ဌာန်းဆရာကြီးဘဝသို့ ရောက်သွားခဲ့ရ၏။ အင်္ဂလိပ်လုပ်ငန်းနှင့် ဆေးပညာလုပ်ငန်းတွင် သုံးနှစ်ကျော်မျှ ရပ်နားထားခဲ့ရ၏။

ကမ္မဋ္ဌာန်းဆရာဘဝ၌ နဝင်္ဂသီလကို ကောင်းစွာ ဆောက်တည်၊ မွန်းလွဲလျှင် လက်ဖက်ရည်ကြမ်းကိုမျှ သုံးဆောင်ခြင်းမရှိဘဲ ဆောက်တည်လာသော သီလစင်ကြယ်မှု သမာဓိ ပွားများအားထုတ်လာသော ဝိပဿနာဘာဝနာပညာတို့သည် မှန်ကန်သော အယူ၊ အမြင်၊ သမ္မာဒိဋ္ဌိ မှန်ကန်သော အတွေးအကြံ သမ္မာသင်္ကပ္ပတို့ကို ဖြစ်စေသောကြောင့် သို့လောယုံမှား "ဝိစိကိစ္ဆာတရား"တို့ လွတ်ကင်းလာ၏။ သို့ကြောင့် ၁၉၅၂ ရောက်သောအခါ အင်္ဂလိပ်ပညာ ပြန်လည်လုပ်ဆောင်လာရာ၌ လုံးပေါင်းသိမှု သိအောင်ပြုနိုင်လာပြီး ဆုံးဖြတ်တွေးတော ဓာတ်သဘောကို မနှောကျေကျေ သိမြင်လာ၏။ ဓာတ်တွင်ကျွမ်း၍ ဉာဏ်ထွန်းလင်းခဲ့ပြီ။

သမာဓိနှင့်တကွသော ယထာဘူတဉာဏ်သည် အံ့ဖွယ်သူ့ရဲ ရှိပေစွတကား။

သာကေပြုရသော် တစ်ခါတွင် ဆရာကြီးဦးအောင်ခင်သည် ဓာတ်လုံး၏ဓာတ်သားကို မီးပြင်းတိုက်အပူပေးကာ ဓာတ်ကစားနေခဲ့၏။ ဓာတ်သားသည် သွပ်လုံအတွင်းတွင် အရည်လဲ့လျက် ပကတိ ကြည်လင်ငြိမ်သက်စွာ တည်ရှိနေ၏။ ထိုစဉ် ကြိုက်မီးမှုနှတ်၍ ဆယ်ထုတ်လိုက်၏။ ဓာတ်သားသည် အတော်အတန်လှုပ်ရှားလျက် တည်ငြိမ်မှုပျက်ကာ ဆောင်းကြွ၍လာသည်ကို မြင်တွေ့ရ၏။ သို့မြင်တွေ့ရမှု အခြေအနေကြောင့် -

"ပထမံ ကလလံဟောတိ ကလလံဟောတိ အဗ္ဗုဒံ" ဟူသော ဒေသနာတော်မြတ်လာ ပဋိသန္ဓေဓာတ်ဖြစ်စဉ်ကို သည်းကောင်း။ မီးဓာတ်ပျက်သော် ဝါယောမည်မှတ် အားကြီးသတ်၏၊ နရသုခိကျမ်းစကား။ မီးကြီးလေ့လာ ဒွါဒသိမ်ကျမ်းစကားရပ်တို့ကိုလည်းကောင်း။

ကမ္ဘာတည်စ တေဇောက၊
သတ္တဝါအစ တေဇောက၊
ဓာတ်ရင်းတေဇောသည် သဘောလည်း၊
လောကဓာတုပျက်မှုတည်မှု၊
သည်နှစ်ခုကိုပြုသည်တေဇောဟူသော တေဇောဓာတ်၏သဘော သွားလာကို ကောင်းစွာရိပ်စား နားလည်မိတော့သည်။

ထို့ပြင် စကြဝဠာမြင်းမိုရ်၊ ယုဂန္ဓိုရ်ဘဝဂ်၊ နရက်အဝီစိ အစရှိသော လောကဓာတ်အပေါင်းတို့သည် ပျက်တစ်ကြိမ်ဖန်၊ ဖြစ်ပြန်တုံတုံ၊ ဆုံလည်ပတ်ပတ်၊ ကြယ်နက္ခတ်တို့ မပြတ်ဖြစ်လျက် သည်သံနှစ်ကြောင့် ဖြစ်ခြင်းတစ်ပါး ပျက်တစ်ပါးနှင့် ဤနှစ်ပါးကို မမှားစေရ၊ သုံးပါးလေးထွေ၊ ရေသော်မဆုံး၊ တအုံးအုံး တပွက်ပွက်ဟု တြိနေတြကျမ်း အရှင်ဣန္ဒာစရိယဆရာတော် မိန့်ခဲ့သည်ကိုလည်းကောင်း။

"စက်ဒွါဒသိမ်၊ ရာသီအိမ်ဝယ်၊
သတ္တိတြင်း။ နဝင်းကိုးဆစ်၊ ၁၀၈ ဟု
ကသစ်ဂေဟ၊ ရက်ပေါင်းရ၏။
တမာသကို၊ သူကြားတြင်း။ နဝင်းကိုးလီ၊
ပုဏ္ဏမီဝယ်၊ တိထီငါးပါး။
ဥတုကားတြီ၊ ဝီထိသွားရပ်၊
သမသတ်အယဉ်၊ နှစ်ပါးပင်တည်း။
ထို့ပြင်စတု၊ ရတုခြောက်ပါး၊
စက်ရထားနှင့်၊ အသွားဖီလာ၊
သုံးပြာဂတိ၊ မရှိသဖြင့်၊
ခင်ဘိမာသ၊ ဆယ့်နှစ်လကို
တစ်နှစ်ဆို၏။
ထိုထိုနေလ၊ နက္ခတ်စသား၊
ကမ္ဘာ့ကျက်သရေ ရေမြေမီးလျှံ၊
ဝါယောထန်၍၊ အမှန်ဘူစကား၊
ရပ်ဓာတ်ရ၏။
အစ အာဒိအကြောင်းတည်း။

ဟူသော "မာတိကာဒွန်တွဲ အကောက်ကျမ်း"လာ စကားတို့နှင့်တကွ၊ လုံးပေါင်း၍ သိလိုက်ရာတွင်

"မီးကြီးလေလာ"

"မီးနှင့်ကားလေ၊ ရေနှင့်မြေ၊ မိတ်ဆွေတော်ကြ သဘာဝ"

"မီးနှင့်ကားရေ လေနှင့်မြေ မိတ်ဆွေမစပ်၊ ပဋိယတ်"
"မိတ်ဓာတ် ရန်ဓာတ်၊ ဝေဖန်အပ်သည်"တို့ကို



www.burmeseclassic.com

www.burmeseclassic.com

ဖေဖန်လာနိုင်၏။

**"တေဇောလွှန်၍ ဝါယောလွှန်"**

"တေဇောယုတ်က ဝါယောယုတ်ရမည်"ဟူသော အချက်တို့အပေါ်၌ ပိုင်းခြားနိုင်ခဲ့ပြီ။

ပြဒါးဆေးဒန်း၊ ကိုးပါးလမ်းတွင် လေ့လာစမ်းသပ်ခဲ့သဖြင့် ဓာတ်နှင့်မကွာလုမ်း၊ ဓာတ်တို့၏သဘောကို ဖမ်းမိစမ်းမိပြီး ဉာဏ်ထွန်းလင်းခဲ့ပြီ။

ဒွါဒသီမ်ဆရာကြီး၏ ကျမ်းမိန့်စကား ကွေကွင်းတိမ်ပါး၊ ငရဲများသည့်ဘေးမှ ဝေးကွာခဲ့ပြီ။

သို့ဖြင့် ယုတ်လွှန်နှစ်ပါး၊ မခုံးနိုင်သော ဓာတ်တံတားကြီးပုံစံကို ဖော်ထုတ်နိုင်ခဲ့သည်။

သို့ဖြစ်သောကြောင့် ၁၉၄၂ လောက်မှစ၍ ကြိုးပမ်းဆောင်ရွက်ခဲ့သော အဂ္ဂိရတ်ပညာဓာတ်သဘောများနှင့် ဗုဒ္ဓဒေသနာတော်ကျမ်းစာပေ အစောင်စောင်ကို ဖတ်မှတ်ကျူးကျက်လာသော တစ်ဆယ့်နှစ်နှစ်ကျော်ကာလမျှ ကြိုးပမ်းမှု၏ရလဒ်သည် ၁၉၅၄ ခုနှစ်တွင် ယေယုယျနည်းများမှ လွတ်မြောက်သော "မုချနည်း"၊ "ကောဓမ္မော"တရားတော်နှင့်သစ္စာရှိုက် ဓာတ်တိုင်ဆေးကွက်ကို ဖော်ထုတ်နိုင်ခဲ့သည်။

သို့ကြောင့် ကိုယ်တိုင်တွေ့ရှိသော မှန်ကန်မှုကို ကိုယ်တိုင်ယုံကြည်စိတ်ချလာသောအခါ ဝိစိကိစ္ဆာ ကင်းကွာတော့သည်။ တစ်ဆင့်ကြားသိ၊ မိရိုးဖလာ၊ ကောလာဟလ၊ ကျမ်းစာမျှနှင့်၊ ကြံဆနည်းမှီ၊ ဆီလျော်သုံးသပ်၊ ယူချင်းထပ်၍ယုံအပ်သူပဲ၊ ဆရာစွဲမပါ၊ ယထာဘူတဉာဏ် အရင်းခံ၍ ကျမ်းများပြုစုခဲ့၏။

ဆရာကြီး၏ ဗုဒ္ဓနည်းကျ ဩဇာရိကသုခုမ ဓာတ်ကျမ်းလက်ာပိုဒ်ရေသုံးတွင် ရိုးရာမလိုက်၊ အမှန်ကြိုက်၍ စိတ်ဦးဆုံးဖြတ်၊ တည့်မတ်မတ်ဖြင့်၊ တတ်စေသိစေ၊ ကြံရှာဖွေလော့၊ စိတ်နေကြီးမား၊ တန်ခိုးထွားအောင်၊ တို့များဆိုသ... တိုက်တိုက်တွန်းသည်၊ ရပ်ခန်းနိဗ္ဗူ၊ အကျိုးသော်ဟု... လည်းကောင်း လက်ာပိုဒ်ရေ ၃၀ တွင် မွှေ့မွှေ့သိမ်သိမ်၊ ... ချမ်းငြိမ်အောင်၊ ကုန်ိပ်ဖို့ရေး၊ ဉာဏ်ဆွေး၍ လေးခုဩဇာ... ဘယ်အနာနှင့်၊ သုံးဖြာသုံးခု၊ ဘယ်အမှုဟု၊ ကရုကထ၊ စွဲကာ... ကြလော့။

ဉာဏ်ဝသန့်ရှင်း၊ သိထင်လင်းမှ၊ ဖြစ်ရင်းသမုဋ္ဌာန်...
ကုထုံးမန်တိုင်း၊ ကေန်ကုစေ၊ မှာလိုက်ပေသည်၊
သေသော်ငရဲမလားတည်း၊ ဟူ၍လည်းကောင်း။

ဉာဏ်ကုန်သေ ဆေးပညာမဟုတ်၊ ကံကုန်သေ ဆေးပညာအစစ်၊ စစ်မှန်သောကြောင့် သေသွားသည့်တိုင်၊ ဘုရားရှင်ဟောတော်မူသော ဘူတရုပ်ဓာတ်ကြီးများ၊ ဓာတ်ဖြောင့်မှ... သောကြောင့်၊ လူနာသည် ဝေဒနာပြင်းထန်စွာ မခံရသဖြင့် ဒေါသနှင့်မသေ ငရဲမလားနိုင်။ ကုသသည့်ဆရာလည်း အပြစ်လွတ်၍ ငရဲမလား မကျဟု အတိအလင်း ထုတ်ဖော်၍ ရဲရဲရင့်ရင့် ရေးသားခဲ့၏။

ဆရာကြီးဦးအောင်ဒင် အဂ္ဂိရတ်ပညာမှာ ဤသို့တွေ့ရှိချက်သည် "အာကာရပရိဝိတက္က"တည်းဟူသော အခြင်းအရာကို ကြံစည်လျက်ဆုံးဖြတ်သော အယူအဆမျိုးဖြစ်၍ အမှန်တရားတို့ကို အခြေခံဆက်သွယ်၍ တစ်ဆင့်တက် အသစ်တီထွင်ခြင်းပင်တည်း။

အာပေါလွှန် ပထဝီယုတ်- ဩဇာရိကအနာ၊
အာဟာရလွှန် သည်းခြေယုတ် သုခုမနာ၊
တေဇောလွှန် အာပေါယုတ် သုခုမအနာ၊
အာကာသလွှန် အာဟာရယုတ် ဩဇာရိကအနာ၊
ဝါယောလွှန် တေဇောယုတ် ဩဇာရိကနာ၊
ပထဝီလွှန် အာကာသယုတ် သုခုမနာ၊

ဩဇာရိက သုခုမဆေးပညာ၏ သတ္တပါတွင် အနာရောက်ပုံ သဘာဝသမုဋ္ဌာန်ခုနစ်ပါး မူလအဆင့် သဘာဝဖြစ်ပုံဇယား

ဤဇယားချုပ်၏ သဘောမှာ

| | ဩ | သု | ဩ | ဩ | သု | ဩ | သု | | |
|---|---|---|---|---|---|---|---|---|---|
| အဇ္ဈတ္တ-အခံ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ | ၁ | ယုတ်-ဓာတ် |
| ဗဟိဒ္ဓ-အတိုက် | ၂ | ၃ | ၄ | ၅ | ၆ | ၀ | ၁ | ၂ | လွှန်-ဓာတ် |



www.burmeseclassic.com

www.burmeseclassic.com

သည်းခြေလွန် ဝါယောယုတ် ဩဠုရိကနှာ

ဟူသော ဓာတ်သဘောမှန် အနာရောက်ပုံကို တွေ့ရှိလေသည်။ ဓာတ်တို့၏ သင်္ကေတထားပုံကို နောက်အခန်းများတွင် ဖော်ပြပါအံ့။

(၁) ပထဝီ၊ (၂) အာပေါ၊ (၃) တေဇော၊ (၄) ဝါယော၊ (၅) သည်းခြေ၊ (၆) အာဟာရ၊ (၇) အာကာသဟူသိပါ။

**စင်စစ်မူကား** အနုဗ္ဗကမ္မဋ္ဌာန်းတရားလုပ်ငန်း သမာဓိသည် ခဏတိုင်းခဏတိုင်း ကာလမလစ်မဟင်းပျက်ခြင်းတို့ကို တည်ငြိမ်စွာဖြင့် အမှန်တရားကို ဖော်ပြလျက်ရှိပေ၏ဟု သိမြင်လာ၏။ ဤသို့ ယထာဘူတဉာဏ် အမြင်မှန် အခြေခံသာမိသောအခါတွင် ဉာဏ်သွားနောက်တွင် အကုန်မြင်တော့သည်။

မမွှသင်္ချိုဟိပိဋ္ဌိတော်လာ လေးသော၊ ပေါ့သော၊ ကြမ်းသော၊ ပြေပြစ်၊ တလစ်နူးညံ့၊ ကြမ်းခံ့ခက်မာ ဤခြောက်ဖြာတို့သည် လေးပါးသော ဓာတ်တို့၏ ဖြစ်ရှိရင်း လက္ခဏာပေါင်းစု၍ လာသည့်သဘောကို တစ်ဆင့်တက်ကာ မြင်သော့၏။

အဋ္ဌဗဟိ၊ ကြောင်းကျိုးညှိလျက်၊ ဖဿပစ္စယာ၊ ဆေးနာဟူသော ဗုဒ္ဓနည်းကျ ရောဂါလက္ခဏာအစကို ဖွင့်ပြနိုင်တော့၏။ ဤသို့ မုချနည်း ဂေါစမ္မောနည်းနှင့် သံစွာကိုက်လာသောအခါမှသာ ၁၉၅၀ ခုနှစ်မှ ၁၉၅၄ ခုနှစ်အထိ အတင်း ကြိုက်အစာသက်သက်ဖြင့် ကုခဲ့၏။ မိမိကိုယ်တိုင်သက်တွေ့ ကုသ၍ ပျောက်ကင်းလာသောအခါမှ ကောင်းမြတ်မှန်ကန်လှသော ဤဆေးပညာကို လူထုအတွင်းသို့ ပို့ဆောင်လို၏။ လွယ်လွယ်ကူကူ သက်သက်သာသာနှင့် ဓာတ်ဆေးပညာကို လူသားတိုင်း တတ်မြောက်စေလို၏။

ဤမေတ္တာ၊ စေတနာ၊ ကရုဏာစိတ် အရင်းခံပြင်းပြသောကြောင့် ဆေးကျမ်းများပြုစုတော့သည်။

ပြဒါးဆေးဒန်း၊ ကိုးပါးလမ်း ဆိုသည်မှာ ကျွန်ုပ်တို့၏ မြန်မာ၊ နေစကြဝဠာ လောကဓာတ်သည် ရဝိ ပီတာမှာတာဖြစ်ပေရာ အဖနှင့်တူသော တနင်္ဂနွေ ဥဿုတေသာ အမိနှင့်တူသော တနင်္လာ သီတတေဇောတို့ တည်ရှိပုံသာ ပညာစက္ခုဖြင့် မျှော်ထောက်ကြည့်ရှုရာကြံရာတွင် ကမ္ဘာဦးနှင့်တကွ ဥတုဇရုပ်များဖြစ်ကြသည့် **နာ၊ ဂျုတ်၊ သံ၊ ဘင်၊** ကြေးနီ၊ ပြဒါး၊ ဘော်၊ သွပ်၊ ရွှေတည်းဟူသော **ဓာတ်မများကို** အဂ္ဂိရတ်ပညာဖြင့် စမ်းသပ်လေ့လာရမည်ဟု ဒွါဒသိမ်ကျမ်းဆရာကြီး၏ စကားကို အရေးထား လိုက်နာခဲ့ခြင်းဖြစ်လေသည်။

အဂ္ဂိရတ်ပညာသည် ပစ္စည်းမှန်၊ နည်းမှန်၊ မီးမှန် (မီးပေး မီးပူ)ဖို့သာ အရေးကြီး၏။ မလျော့သော ဇွဲ၊ လုံ့လ၊ သီလ၊ သမာဓိ ဆောက်တည်၍ သတိကြီးကြီး ဉာဏ်ပညာကြီးကြီးနှင့် လူထူးလူချွန် လူရည်မွန်တို့ **လုပ်ဆောင်ချက်**အတိုင်း မလျော့သော ဇွဲလုံ့လ **စိတ်ဓာတ်နှင့် အာဂ**ယောက်ျားပီပီ လုပ်ဆောင်သွားကြသော **အဂ္ဂိရတ်ဆရာတော်**ကြီးများသည် လောကီ၊ လောကုတ္တရာ **နှစ်ဖြာလုံးသာမက** နိဗ္ဗာန်၏ဓာတ်သဘောကို နားလည်**သဘောပေါက်ကြသူ**များဖြစ်၍ လေးစားကြည်ညိုဖွယ်ပင် **ဖြစ်လေသည်။**

ထို့အတူပင် ဆရာကြီးဦးအောင်ဒင် အပတ်တကုတ်တစ်ဆယ့်နှစ်နှစ်ကျော်မျှ လေ့လာကြိုးပမ်းအားထုတ်ခဲ့ရသော ဩဇာရိက သုခုမဆေးပညာ၏ သီအိုရီ(မှန်ကန်မှု)သည် ယုံကြည်ကိုးစား အားထားလိုက်နာဖွယ်ဖြစ်ကြောင်း စာရှုသူတို့ သိနားလည်စေလို၍ ဆရာကြီး ပင်ပန်းခက်ခဲစွာ ရှာဖွေတွေ့ရှိမှုကို ဖော်ပြနေရခြင်းဖြစ်ပါသည်။ မိသားစုအရေး ဆွေရေးမျိုးရေးကို စွန့်ပစ်၊ လောကခံကို ကြံ့ကြံ့ခံ၍ လောကကို သည်းညည်းခံကာ ဤဓာတ်ဆေးပညာသည် လူသားအကျိုးကို ကောင်းစွာသယ်ပိုးခဲ့သည်။

လူတို့ကျိုးဟု၊ ဆိုခွင့်ရာ၌၊ မနာယူပြား **သူ့ဝန်ထား**၍ စီးပွားနှစ်တန်၊ ကျိုးမြင်သန်သော်၊ **ဆိုရန်သာချည်း** ငါ့ဝန်တည်းဟု သိမ်းဆည်းယူဆလျက် **ထင်မှတ်ကြိုးပမ်း** ငါတို့ကျမ်းသည် လွှမ်းစေလူ့နယ်တစ်ကြောတည်းဟူသော ဆရာကြီးဦးအောင် ဒင်၏ **စေတနာအာသီသ** ဆုတောင်းကို လေးမြတ်ကြည်ညို မိပါသဖြင့် **ဆရာကြီး၏** စေတနာမေတ္တာ ကရုဏာဆန္ဒမွန်ကို ကူညီဖြည့်ဆည်းပေးလျက် ငွေစကြေးစမကုန်၊ အစာလည်းဆေး ဆေးလည်းအစာအဖြစ် ဓာတ်ကြိုက်စာကို စားသုံးမှီဝဲတတ်သောသူများ ဖြစ်ကြစေရန် စိတ်ရည်သန်၍ ဖော်ပြခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## သတ္တဝါတွင် အနာရောက်ကြသဘာဝ

သဗ္ဗေသတ္တာ၊ သတ္တဝါဟု၊ ခေါ်ဆိုသမုပ်ပြုရသော ခန္ဓာ အစုကား စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနတည်းဟူသော အာယတနခြောက်ပါး၊ ခြောက်လောကပင် ဖြစ်လေသည်။ ထိုအာယတန ခြောက်ပါးတို့အတွင်း အာယတန (အဇ္ဈတ္တခြောက်ပါး) သက်ရှိဟု ခေါ်ဆိုလေသည်။ ထိုသက်ရှိတို့သည် အစာကို မှီဝဲကြရသဖြင့် စက္ခု၏အစာသည် ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသာ၊ ဖောဋ္ဌဗ္ဗာ၊ ဓမ္မာယတန၊ ခြောက်လာကသည် အပဓာတ် (ဗဟိဒ္ဓဓာတ်ခြောက်ပါး)ဖြစ်၍ အဇ္ဈတ္တ ဗဒိဒ္ဓ မှီဝဲ ဖိုမတွဲကာ ပွင့်ထွက်လာသည့် ဝိညာဏဓာတ် ခြောက်ပါးတို့ ပွားစည်းလာကြလေသည်။ အတွင်းအာယတန အကြည်ခြောက်ပါး၊ အပြင်အာယတန အာရုံခြောက်ပါးတို့ ထိတွေ့ခတ်မှုကြောင့် ဝိညာဏဓာတ်ခြောက်ပါးတို့ ဖြစ်ပေါ်လာသည်။ အကြည် × အာရုံ = ဝိညာဏတို့ သုံးစုံပေါင်း၍ ထိသမျှကို (တစ်ဖဿ = ထိတွေ့မှုတစ်ခု)ဟု ခေါ်ရသည်။ ဤသို့ဖြင့် ပဝတ္တိတွင် ဖဿခြောက်စုံရသည်။

ဖဿတစ်စုံဖြစ်လျှင် ၎င်းမှ ဖဿသုံးချက်ဆင့်၍ခတ်၏။

ဥပမာ...

စက္ခု၊ ရူပ၊ စက္ခုဝိညာဏ် တစ်ချက်။

မန၊ ဓမ္မ၊ မနောဝိညာဏ် တစ်ချက်။

မနောဝိညာဏ်သည် ဟဒယဝတ္ထု တစ်ချက်

ရုပ်ကို မှီတွယ်၍ ဤသို့ သုံးချက်ဆင့်ခတ်မှုဖြစ်သည်။

ဖဿတစ်ချက်လျှင် အပဟိတ်ကုသိုလ် အကုသိုလ် ဝိပါတ် ၁၅၊ မဟာဝိပါတ် ၈၊ မဟဂ္ဂုတ်ဝိပါတ် ၉၊ ဤလောကီဝိပါတ်စိတ် ၃၂ ပါးနှင့် ယှဉ်သော ဝေဒနာ ၃၂ ပါးရသောကြောင့် ဖဿသုံးချက် ဝေဒနာ ၉၆ ပါး ရလေသည်။

ဝေဒနာကြောင့် တဏှာ၊ ဥပါဒါန်နှင့်တကွ အကုသိုလ်ကမ္မဘဝ၊ ကုသိုလ်ကမ္မဘဝ ဖြစ်ခွင့်ဖြစ်ထိုက်သင့်သော ဇာတိတစ်ခုခု ရခဲ့သည်။ ဇာတိရသော် ဇရာငြိသည်။ ဇရာဖိသော် ဗျာဓိဟူသော နာနာရောဂ ရောက်သဖြင့် ဆေးကုသသော ဆေးဆရာလက်သို့ ရောက်ရ၏။

ဤသို့ အနာရောဂါရကြောင်း နိဒါန်းသမုဋ္ဌာန်ကို မြတ်စွာဘုရားရှင် တိကိစ္စက ဗုဒ္ဓက ဤသို့ဝေဖန်ဟောပြတော်
ခဲ့သည်။

ဇိဝှံစ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံ၊ တိဏ္
သင်္ဂတိဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ
တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေ
ဘဝပစ္စယာဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ၊ သောက
ဒေဝဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တီဟူ၍ ဖြစ်၏။

လျှာနှင့်ရသာရုံကိုစွဲ၍ လျှာသိဝိညာဏ်ဖြစ်သည်။ ဤ
သုံးခု ပေါင်းစည်းထိတွေ့မှုကို ဖဿဟုဆိုသည်။ ဖဿကြော
၉၆ ဖြာ ဝေဒနာဖြစ်သည်။ ဝေဒနာကြောင့် တဏှာ၊ ဥပါ
ဘဝ၊ ဘဝကြောင့် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဘေးဆိုးန
ကြီးလေးပါးရသည်။ (ဗျာဓိကား ဝိဝိဇဒုက္ခ နာနာရောဂါ
တည်း)ဟု ဟောကြားခဲ့၏။

အနာရောဂါ ချုပ်ငြိမ်းကြောင်းကုထုံးကား ဇိဝှာ
ရောဂါအတွက် ကုထုံးဆေးချက်ကို ပမာယူ၍ ကုသရမည်
မိမိ ကိုယ်ကို ပွဲကိုင်ရပေမည်တည်း။ စားသော်၊ သောက်သေ
ခဲသော်၊ လျက်သော်၊ သတိသမ္ပဇဉ်နှင့်ပြုပါ။ လျောင်း၊ ထို
ရပ်၊ သွား၊ မြင်ကြား၊ စား၊ နံ၊ ထိတွေ့၊ တွေးတောဖြင့်
ဆောင်ရွက်ပါ"ဟူ၍ မဟာသတိပဋ္ဌာန်၌ ညွှန်ပြဟောကြား
သည်နှင့်အညီ ဩဇာရိက သုခုမ ဓာတ်ဆေးပညာသ
ကလျာဏအသိနှင့် မဟာသတိကို ပေးပါအံ့။

ချောယဉ်သာမြင့် (B.A, B.Ed

၀၉-၄၂၀၀၆ ၂၀


ကျမ်းကိုး

ဗုဒ္ဓနည်းကျ ဩဇာရိကသုခုမဓာတ်ကျမ်း၊ ဆရာကြီးဦးအေ
ဒင်၊ အဘိဓမ္မာပြုပွတ္တိကျမ်း။



www.burmeseclassic.com

www.burmeseclassic.com



# ဆေး

## အောင်ကျော်ညို(ဆင်ချဆိပ်)

"ဆေး"ဟူသည် လူ၏ခန္ဓာအိမ်အတွင်း ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရားလေးပါး မညီညွတ်မှုကြောင့် ဖြစ်တည်လာသော ရောဂါဝေဒနာ၊ ထို့ပြင် ပြင်ပမှဝင်ရောက်လာသော ပိုးမွှားများကြောင့် ဖြစ်တည်လာသော ရောဂါဝေဒနာများကို ကုစားရာတွင် သုံးစွဲရသည့်အရာ။

လူတို့တွင် ရောဂါဝေဒနာနှင့်ပတ်သက်၍ ဖွဲ့တည်ထားသော ခန္ဓာငါးပါး တစ်နည်း ရုပ်နှင့်နာမ်ဟူ၍ ဖွဲ့တည်နစ်မျိုးနစ်စားရှိပါသည်။ ရုပ်ဝေဒနာနှင့် စိတ်ဝေဒနာဟူ၍ပင်ဖြစ်ပါသည်။ ရုပ်ဝေဒနာကို ကုစားရာတွင် စားဆေး၊ သောက်ဆေး၊ လိမ်းဆေးအပြင် ခွဲစိတ်ကုသ အစားထိုးပြုပြင်ပေးရသည်များ ရှိပါသည်။ စိတ်ဝေဒနာနှင့် ပတ်သက်လျှင်ကား ဖော်ပြပါဆေးဝါးများနှင့် မလုံလောက် မပျောက်နိုင်ပါ။ ဘာသာတရား



www.burmeseclassic.com

www.burmeseclassic.com

အခုံးအမများအတိုင်း လိုက်နာကျင့်ကြံခြင်း တစ်နည်းအားဖြင့် စိတ်ကြောင့်ဖြစ်သော ဝေဒနာကို စိတ်ဖြင့်ပင် ပြန်လည်ကုစားကြရပါသည်။ ဘုရားဟောသည့် ကံနာ၊ ဝဋ်နာများမှအပ ပစ္စက္ခတွင် အကြောင်းမညီညွတ် ဖောက်ပြန်တတ်သည့် ညှော်သည့်ရောဂါဝေဒနာများဆိုလျှင် ကျွမ်းကျင်လိမ္မာဆရာများ၏ ကုသမှုကို ခံယူခြင်းဖြင့် ပျောက်ကင်းစေနိုင်ပါသည်။

မိမိတို့ မှီတင်းနေရာ ထိုကမ္ဘာတွင် သက်ရှိများအားလုံးအတွက် အနာနှင့်ဆေး ဒွန်တွဲရှိနှင့်ပြီးဖြစ်ပါသည်။ အရှိတရားနယ်ပယ်၏ ကျယ်ဝန်းနက်နဲမှုကြောင့် အသိတရားနယ်ပယ် မဖြန့်ကျက်နိုင်သေးခြင်းသာ ဖြစ်ပါသည်။ ထို့ပြင် သဘာဝလောက၏လက်ဆောင် ဓာတ်ကြီးလေးပါးမည်လည်း သုံးစွဲတတ်လျှင် ဆေးစွမ်းကောင်းများပင်ဖြစ်ပါသည်။ လူတို့၏ သက်စောင့်ဓာတ်ကြီးများလည်း ဖြစ်ပါသည်။ ထိုဓာတ်ကြီးလေးပါးအပြင် အာကာသဓာတ်ကလည်း ဤသက်စောင့်ဓာတ်ကြီးလေးပါးကို သူ့နေရာနှင့်သူ ကွဲပြားတည်ရှိစေဖို့ ပိုင်းခြားပေးထားရာ မိမိတို့အတွက် မရှိမဖြစ်သော ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောနှင့် အာကာသဟူ၍ ဓာတ်ကြီးငါးပါးပင် ဖြစ်ပါသည်။ ဤဓာတ်ကြီးငါးပါးသည် မိမိတို့၏ပြင်ပမှာရှိနေသည့် မိမိတို့ ခန္ဓာအိမ်အတွင်းမှာလည်း သဟဇာတကျစွာ အချိုးညီမျှဖွဲ့တည်ကာ အသက်ဇီဝကို ထောက်ပံ့ပေးလျက် ရှိနေသည်။

ဤသက်စောင့်ဓာတ်များ တစ်ပါးပါးချို့ယွင်းလာပြီဆိုသည်နှင့် ခန္ဓာအိမ်မှာ ဝေဒနာဖြစ်လာရပြီ။ တိုင်းရင်းဆေးပညာအလိုအရ အပူနာနှင့် အအေးနာဟူ၍ရှိရာ ရောဂါဇာစ်မြစ်ကို သိပြီဆိုသည်နှင့် အနာသိ ဆေးရှိစမြဲပင် ဖြစ်ပါသည်။ ကျွမ်းကျင်လိမ္မာသည့် ပညာရပ်နှင့် "တန်ဆေးလွန်ဘေး" သတိထားလျက် ကုစားပျောက်ကင်း သမားတော်များ၏ စွမ်းရည်များပင် ဖြစ်ပါသည်။

"တန်ဆေးလွန်ဘေး" ဆိုစကားအတိုင်းပင် တချို့သော ဆေးဘက်ဝင်အပင်များသည် ရောဂါဝေဒနာ ကုစားရာတွင် မရှိမဖြစ် လိုအပ်သည်မှန်၏။ လွန်ကဲစွာသုံးစွဲပါက ဘေးထွက်ဆိုးကျိုးနှင့် ကိုယ်ကျိုးနည်းသွားကြရသူများ ဒုနှင့်ဒေးပါ။ ဥပမာ - သဘာဝက လက်ဆောင်ရထားသည့် ဆေးခြောက်ပင်။ အပြင်းအထန်ဖျားနေခြင်း၊ အသက်အန္တရာယ်နီးသော ဝေဒနာရှင်များ။ ကင်ဆာ၊ HIV နှင့် ဝက်ရူးပြန်ရောဂါ ခံစားနေရသူများအတွက် မရှိမဖြစ်သောဆေး။ လွန်ကဲစွာသုံးစွဲသူများကြောင့် မူးယစ်ဆေးအဖြစ် နာမည်ဆိုးနှင့် ကျော်ကြားကာ လူ့အသိုင်းအဝိုင်း၏ အပယ်ခံဖြစ်သွားရသည်။ ယခုအခါ မက်ဘီးဒိုးနီးယားအပါအဝင် တချို့နိုင်ငံများတွင် ဆေးဝါးအဖြစ် တရားဝင်သုံးစွဲဖို့ ခွင့်ပြုလာတော့မည် သိရသည်။

နောက်တစ်မျိုးမှာ မြန်မာ၊ ထိုင်း၊ လာအိုနိုင်ငံ နယ်နိမိတ်ထိစပ်ရာ ကမ္ဘာက ရွှေတြိဂံဟု သတ်မှတ်ထားသည့် ဘိန်းစိုက်ပျိုးရာနေရာ။ မြန်မာတို့၏ ယာဇ်မျိုးငါးပါးတွင် ရှေ့ဆုံးက နေရာဦးထားသည့် ဘိန်း။ ခွဲစိတ်ကုသခံ လူနာများအတွက် မနာမကျင်ရလေအောင် မော်ဖိန်းကိုဖော်စပ်သည့် ဘိန်း။ အသုံးကြမ်းသူများအတွက် မူးယစ်ဆေးဝါးစာရင်းဝင်ဖြစ်သွားရသည်။ သုံးတတ်ကဆေး၊ မသုံးတတ်ကဘေး။ တစ်နည်း "တန်ဆေးလွန်ဘေး"ဟူသည့် မိမိတို့၏ လုပ်ရပ်များကြောင့် ဖြစ်နေရခြင်း။

ထို့အပြင် ဓာတ်ကြီးလေးပါး ဖောက်ပြန်ခြင်းကြောင့် ရလာသော ရောဂါဝေဒနာများသည်လည်း ကာယကံရှင် လူသားများ၏ ပယောဂပါမြဲပါ။ နောက်ဆုံးမှာ ကိုယ်ပြုသည့်ကံ တန်ပြန်သက်ရောက် နိယာမအတိုင်း ကိုယ်က ခံကြရ၏။

မည်သို့ဆိုစေ သတ္တဝါတစ်ခု ကံတစ်ခုမို့ "အတ္တာဟိ အတ္တနောနာထော"မိမိကိုယ်၌သာ ခိုကိုးရာရာကာ ကြုံလာသမျှ လောကဓံကို "ယောနိသောမနသိကာရ"ဖြင့် သန့်စင်လျက် ကျင့်ကြံနေထိုင်သွားနိုင်ပါမှ ရခဲပေစွ လူ့ဘဝနှင့် ထိုက်တန်ရာဟု ဆိုရပါမည်။

"အစာလည်းဆေး ဆေးလည်းအစာ"သုံးစွဲတတ်သူများအတွက် အားလုံးသည် ဆေးများပင် ဖြစ်ပါသည်။

**အောင်ကျော်ညို (ဆင်ချဆိပ်)**

၀၉-၇၀၅၀၉၂၁၃၉



www.burmeseclassic.com

www.burmeseclassic.com

# ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး ကပ်လှူပူဇော်ရန်

## ကမြူပွင့်

ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ပါရမီတော်အနန္တ၊ စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော အရှင်ဝိပဿီ၊ အရှင်သိခီ၊ အရှင်ဝေဿဘူ၊ အရှင်ကကုသံ၊ အရှင်ကောဏာဂုံ၊ အရှင်ကဿပ၊ အရှင်ဂေါတမ၊ ပွင့်တော်မူပြီးသော ငါးဆူကုန်သော အရှင်မြတ်အပေါင်းနှင့် ပွင့်တော်မူမည့် အရိမေတ္တေယျ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၊ မဟာမြတ်မုနိ၊ ရှင်ကျော်မုနိ၊ ရွှေဘုံသာမုနိ၊ ဇလွန်ပြည်တော်ပြန် မာန်အောင်မြင်မုနိကိုယ်တော်မြတ်ကြီးတို့အား ရည်စူးလျက် ဘိုးတော်သိကြားမင်း၊ လောကပါလနတ်မင်းကြီးလေးပါး၊ သာသနာတော်စောင့်နတ်မင်းကြီး၊ ဝသုန္ဓြေမြေစောင့်နတ်မင်းကြီး၊ နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့နှင့် ဆူးလေဘိုးဘိုးကြီး၊ သန်လျင်ဘိုးဘိုးကြီး၊ ဗိုလ်တထောင်ဘိုးဘိုးကြီး၊ မှော်ဘီဘိုးဘိုးကြီး၊ ရွှေတိဂုံဘိုးဘိုးကြီး၊ ရန်ကုန်ဘိုးဘိုးကြီး၊ သဃ်န်းကျွန်းဘိုးဘိုးကြီး၊ ဂမုန္နဘိုးဘိုးကြီး၊ မင်္ဂလာဒုံဘိုးဘိုးကြီး၊ မိုးကောင်းဘိုးဘိုးကြီး၊ ကျိုက္ကဆံဘိုးဘိုးကြီး၊ မန္တလေးဘိုးဘိုးကြီး၊ အောင်ပင်လယ်ဘိုးဘိုးကြီး၊ ဖိုးရွှေပုလင်းမြေထဲမင်း(အောင်လံ)၊ ခြေတော်ရာတောင်စောင့် ဘိုးဘိုးကြီး(အောင်လံ)၊ ကျိုက်ခေါက်ဘိုးဘိုးကြီး၊ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်းနှင့် ထွက်ရပ်ပေါက်ဘိုးလ်ကြီး ၆၄ ပါး၊ ဗားမဲ့ဆရာတော်၊ ဘိုးတော်ဖြူ၊ ဘိုးတော်ဓမ္မ၊ ဘိုးတော်ပွင့်၊ ဗောဓိပင် ဆရာဆိုင်၊ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ အဘဘိုးမင်းခေါင်၊ အဘဘိုးဘိုးအောင်၊ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာအပေါင်းတို့နှင့် ဘဝ ဘဝ ကမ္ဘာကမ္ဘာမှ တော်စပ်ခဲ့သမျှသော မိဘဆွေမျိုး ကျေးဇူးရှင်အပေါင်းနှင့် ခင်ပွန်းကြီးဆယ်ပါး၊ ဆရာတော်ဦးခန္တီ၊ ရဟန္တာဦးသီလဆရာတော်၊ မိုင်းဖုန်းဆရာတော်၊ ရွှေနတ်ကယ်တောင်ဆရာတော် ဦးဝိမလဗုဒ္ဓိ၊ တိုင်တစ်ရာကျောင်းဆရာတော် ဦးတေဇိန္ဒ၊ အောင်ပင်လယ် စောမွန်လှ သစ္စာမိဋ္ဌာန်အောင်ဆုတောင်းပြည့် မြတာဘက် နဂါးကိုးကောင်ဆရာတော် ဘဒ္ဒန္တရာဇိန္ဒ၊ ခြေတော်ရာကျောင်းဆရာတော် ဦးသံဝရ (အောင်လံ)၊ နေပြည်တော် နဂါးကိုးကောင်ဆရာတော် ဦးနန္ဒမာလ၊ သံဃဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော ပြည်တွင်း၊ ပြည်ပမှာ သီတင်းသုံးနေတော်မူသော သံဃာတော်အရှင်သူမြတ်များနှင့်တကွ ကျွန်ုပ်၏ ကိုယ်စောင့်နတ်၊ တစ်ကျိပ်နှစ်ပါး အိမ်တွင်းမောင်နမ၊ အဘမြင်းဖြူရှင်၊ အဘကိုးမြို့ရှင်၊ ပြေလယ်ပြင်မောင်နမ၊ ရှမ်းစော်ဘွားကြီးမောင်နမ၊ ရွှေနဘေ၊ ခြံစောင့်နတ်၊ အိမ်စောင့်နတ်၊ ကွင်းစောင့်နတ်၊ ရွာစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ တိုင်းပြည်စောင့်နတ်၊ ကမ္ဘာစောင့်နတ်၊ သမုဒ္ဒရာစောင့်နတ်၊ ပင်လယ်စောင့်နတ်၊ မြစ်စောင့်နတ်၊ မြို့တော်ရှင်အပေါင်း၊ ရွာတော်ရှင်အပေါင်း၊ ကိုးမြို့ရှင်၊ မိဆိုင်ဖဆိုင်နတ်၊ ဘိုးဆိုင်ဘွားဆိုင်နတ်၊ ဝဿဟာလနတ်၊ မဏိမေခလာနတ်သမီး၊ အလောင်းတော်ကြီးမာတင်၊ ရေစောင့်နတ်၊ မြေစောင့်နတ်၊ ကောင်းကင်စောင့်နတ်၊ ရွှေတိဂုံလောကပါလမယ်တော်ကြီး၊ ရွှေတိဂုံသိုက်နန်းစောင့်များ၊ မိုးကောင်းယက္ခညီနောင်၊ ကျိုက္ကဆံယက္ခညီနောင်၊ အစ်မတော်မြနန်းနွယ်၊ အစ်မတော်မြစိမ်းနွယ်၊ အစ်မတော်



www.burmeseclassic.com

www.burmeseclassic.com

မြစိမ်းညို၊ အစ်မတော် နဂါးသိုက်စောင့်မင်းသမီး၊ ဘောဂ ဝတီနဂါးပြည်မှ ခွေတော်အပေါင်း မျိုးတော်ရှစ်သောင်း၊ အမေသူရသာ တီမယ်တော်၊ အမေနံ့ကရိုင်းမယ်တော်၊ အမေ ပုလဲယဉ်၊ အမေရေယဉ်၊ အနောက်မယ်တော်ကြီးလေးပါး၊ မဟာပိန္နဲနတ်မင်း၊ ပခန်းကျော်စွာ၊ တောင်ပြုံးမင်းညီနောင်၊ မရွှေဥ၊ မနဲ့လေး၊ အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်း၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗ၊ ရက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုး၊ မြေဖုတ်ဘီလူး၊ နတ်တို့သနင်း သိကြားမင်း၊ ရေမြေသနင်း ပြည့်ရှင်မင်း၊ ငရဲ သနင်း ယမမင်း၊ လူတို့သနင်း အစိုးရမင်းနှင့် တကွ ရေနေမြေနေ၊ ကောင်းကင်နေသတ္တဝါများအားလုံး၊ ကြားနိုင်မကြားနိုင် ပုဂ္ဂိုလ်များအားလုံး၊ မြင်အပ် မမြင်အပ် ပုဂ္ဂိုလ်များအားလုံး၊ ကျွန်ုပ်၏ မွေးသမိခင်၊ ကျွေးသဖခင်နှင့် ဆရာသခင် ကျေးဇူးရှင်အားလုံး၊ သုံးဆယ့်တစ်ဘုံ ကျင်လည် ကြကုန်သော လူနတ်ဗြဟ္မာ သတ္တဝါများအားလုံးအတွက် ကိုယ်စားပြုကာ ကျွန်ုပ် (-----)နေ့သားသမီးမှ ပွင့်တော်မူပြီး ကုန်သော ခုနစ်ဆူကုန်သော ဘုရားရှင်များ၊ ပွင့်တော်မူမည့် အရှင်အရိမေတ္တယျဘုရားနှင့် မဟာမြတ်မုနိ၊ ရှင်ကျော်မုနိ၊ ရွှေဘုံသာမုနိ၊ ဇလွန်ပြည်တော်ပြန်၊ မာန်အောင်မြင်မုနိတော် မြတ်အား သောက်တော် ရေချမ်း၊ ဆွမ်း၊ ပန်း၊ အလင်းတိုင်၊ အမွှေးတိုင်များကို ကပ်လှူပူဇော် လှူဒါန်းပါ၏၊ လှူသူမှာ လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တပါဘုရား၊ လှူဖွယ်ဝတ္ထုမှာလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တပါဘုရား လက္ခဏာရေးသုံးပါးတို့ကို ဝိပဿနာမြင်ရှုကာ လှူဒါန်းပူဇော်သမှု ပြုအပ်ပါကုန်၏၊ အလှူခံတော်မူကြပါဘုရား၊ လိုအပ်သလို ဘုဉ်းပေးတော် မူကြပါဘုရား။

ဤကဲ့သို့ လှူဒါန်းရသော ကုသိုလ်ကံစေတနာတို့ ကြောင့် ရရှိသော ကုသိုလ်၏ အဖို့ဘာဂမှန်သမျှကို ပုဂ္ဂိုလ် အပေါင်းတို့သည် ကျွန်ုပ်နှင့် ထပ်တူထပ်မျှ ရရှိရသည်ဖြစ်၍ ရောက်လာရာဘုံနန်းမှ အထက်သို့ တစ်ဆင့်ထက်တစ်ဆင့် တက်လှမ်းကာ အဆုံးစွန်သော နိဗ္ဗာန်အောင်ပွဲ ပါဝင်ဆင်နွှဲ ကြပါစေကုန်သတည်း။

ဤသို့ပြုရ မြတ်ပုညကြောင့်၊ ချမ်းမြအေးကြည် ဘေး မဲ့မည်သည့်၊ ရွှေပြည်တုတ်ချောက်၊ လမ်းမကောက်ဘဲ ရောက်ရပါလို၊ ထိုထိုဘဝ ကျင်လည်ရလည်း ဒုက္ခဘေးဒဏ် ရန်မန် အပေါင်း၊ မကောင်းဟူသမျှ မတွေ့ရဘဲ သမ္ပတ္တိစ္စာ၊ မင်္ဂလာကို ရှုယ်ကာတတိုင်း ရစေသား။

ဤသို့ပြုရ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ် တောင်ဦး၊ မကာကျူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့် ဖခင် တို့အား၊ ရပြားပါစေ၊ အမျှဝေ၏။

မသွေနိစ္စ ဤကာယကို၊ စောင့်ထပေတတ်၊ ကိုယ် စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေရ၏၊ မိတ္တာဆွေညာ၊ ဆရာ သမား၊ ဘိုးဘွားကာစ၊ ယမရာဇာ၊ ဒေဝါယက္ခ၊ ဣန္ဒဗြဟ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ မပြတ်ပုည၊ ကုသလကို၊ ရကြ ပါစေ၊ အမျှဝေ၏။

သဗ္ဗေသတ္တာ၊ သတ္တဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တဝါသ၊ ဘုံကိုးဝနှင့်၊ ဝိညာဏဋ္ဌိတိ၊ တည် ရှိခုနစ်ပါး များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေ နေယျအား၊ အမျှကုသိုလ်၊ ပေးဝေလို၏၊ ထိုကုသလ၊ ဤပု ညကို၊ အမျှရကြသည် ဖြစ်စေသော်၊ ဝသုန္ဓရေ ဤမြေပ်သုံ သီလာထုလည်း သက်သေအမှုတည်စေသော်။

အမျှ···အမျှ···အမျှ···

ယူတော်မူကြပါကုန်လော့။

(သာဓု - သာဓု - သာဓု)[၃]

ယနေ့ယခု၊ ပြုပြုသမျှ၊ မြတ်ဘာဂကို၊ မိဘဆရာ၊ မျိုးသဟာနှင့် ကိုယ်မှာစောင့်ကြပ်၊ ကိုယ်စောင့်နတ်က အရင်း စ၍ ရှိသမျှလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျ တို့၊ ရကြပါစေ ပေးငှဝေသည်၊ များထွေသာဓုခေါ်စေသော။

ဇာဖြူပွင့်





www.burmeseclassic.com

www.burmeseclassic.com



# မုဒိတာ

အသျှင်စာရိတ္တ

"မုဒိတာ"ကို အမျိုးမျိုး ဖွင့်ဆိုထားပါသည်။ ၎င်းက အဘိဓမ္မာ-နည်း-စေတသိက် ၅၂ မျိုးတွင် ပါဝင်နေ၏။ သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘောဟု ပြထားသည်။ ကရုဏာနှင့်တွဲပြီး အပ္ပမညာ နှစ်မျိုးဟု ဆိုထားပါ၏။ သောဘဏစေတသိက် ၂၅ မျိုး အုပ်စုဝင်ဖြစ်သည်။

ကိုယ့်ထက်သာလျှင်၊ မိဒိတာဝင်
မဝင်ဣဿ၊ ယိုင်တတ်သည်။
ယိုင်မည့်အစား မုဒိတာပွား၊
စိတ်ထားပြုပြင်ပြောင်းသင့်သည်။

မိမိထက်သာနေသူကို မြင်တွေ့ရလျှင် ဣဿဖြစ်တတ်သည်။ သူတစ်ပါး၏ ဂုဏ်သိရ်စည်းစိမ်ချမ်းသာကို ငြူစူခြင်း စောင်းမြောင်းခြင်းသဘော ဖြစ်တတ်သည်။ ၎င်းအကုသိုလ်စေတသိက်မဖြစ်အောင် မုဒိတာပွားသင့်ပါသည်။

သုခိတ သတ္တဝါဟူသည် ပူပင်သောကမရှိ၊ ပကတိစိတ်ကြည်လင် ပျော်ရွှင်စွာ စည်းစိမ်ချမ်းသာကို ခံစားနိုင်သူပင်ဖြစ်၏။ အချို့မှာ စီးပွားဥစ္စာ ပြည့်စုံနေသော်လည်း အကြောင်းအမျိုးမျိုးဖြင့် ပူပင်သောကရောက်၊ စိတ်ဆင်းရဲနေတတ်ရာ ထိုသူမျိုးကို သုခိတသတ္တဝါဟု မခေါ်ဆိုနိုင်ပါ။

အချို့မှာ စည်းစိမ်ဥစ္စာမရှိသော်လည်း ပူပင်သောကမရှိပဲ ပကတိအခြေအနေအတိုင်း အေးဆေးချမ်းသာ ပျော်ရွှင်စွာ နေနိုင်ကြရာ ထိုသူမျိုးကိုလည်း စည်းစိမ်ဥစ္စာမရှိသည့်အတွက် ဒုက္ခိတသတ္တဝါဟု မခေါ်ဆိုနိုင်ပါ။

မုဒိတာပွားလိုသူသည် မိမိစိတ်အထင် မျက်စိအမြင်၌

www.burmeseclassic.com

ဤသူသည် "သုခိတ-သတ္တဝါ"ဖြစ်သည်ဟု ယူဆရသူများကို အာရုံပြု၍ ဝမ်းမြောက်ခြင်း "မုဒိတာ"ကို ပွားရမည်။

## မုဒိတာ စိတ်ဖြစ်စေနည်း

သုခိတ-သတ္တဝါကို တွေ့မြင်ရသည့်အခါ "သူတို့က ကြီးပွားသွားတာ ဝမ်းမြောက်စရာကြီးပါ"ဟု အပြောလွယ်သလောက်၊ တကယ်တမ်း ဝမ်းမြောက်ဝမ်းသာဖြစ်ဖို့ရန်ကား မလွယ်ကူလှပေ။

လူတို့၏စိတ်က သူတစ်ပါး ကြီးပွားချမ်းသာသည်ကို (မိမိထက်သာသွားသည်ကို) ဝမ်းမမြောက်နိုင်ကြဘဲ မနာလိုစိတ်(ဣဿ)ဖြစ်တတ်ကြ၏။ မိမိနှင့် မနီးစပ်၊ မပတ်သက်သူများ ကြီးပွားတိုးတက်သွားလျှင်လည်း မသိသာသော်လည်း မိမိနှင့်ပြိုင်ဘက်ဖြစ်သူ တန်းတူရည်တူများ ကြီးပွားတိုးတက်သွားလျှင်မူကား ဝမ်းမြောက်နိုင်ဘို့မဆိုထားဘဲ ထိုသူကို ပျက်စီးစေလိုစိတ်ဝင်လာပြီး ထိုသူပျက်စီးကြောင်း "အကောက်ဉာဏ်"ကိုပင် သုံး၍လုပ်တတ်ကြပါသည်။ ထိုသူ ပျက်စီးဆုတ်ယုတ်သွားလျှင် ဝမ်းသာတတ်ကြ၏။ ဤကား လောက၌ "မုဒိတာ"စိတ်ခေါင်းပါးသူ၊ မနာလိုစိတ်(ဣဿ) အားကြီးသူတို့၏ လုပ်ဆောင်ကြံစည်တတ်မှုများတည်း။

"မုဒိတာစိတ်ထားရှိသူ"တို့ကား ထိုသို့မဟုတ်။ "သူ ကြိုးစားလို့ ကြီးပွားတာ၊ ပညာတတ်တာ၊ သူတော်လို့ရာထူးတက်တာ၊ သူရိုးသားလို့ လူကြီးများကချစ်ခင်တာ"စသည်ဖြင့် ကြီးပွားသူ၏လုပ်ဆောင်မှုစွမ်းရည်ကို သိမြင်ပြီး မိမိကြီးပွားလျှင် ဝမ်းသာနိုင်သကဲ့သို့ပင် သူများကြီးပွားချမ်းသာသည်ကို တွေ့မြင်ရလျှင် ထပ်တူထပ်မျှ ဝမ်းမြောက်ဝမ်းသာ ဖြစ်နိုင်ကြသည်။

"မိမိကြီးပွားချမ်းသာလိုလျှင် သူလိုပင်ကြိုးစားရမည်"ဟု မိမိ၏ ပျော့ကွက်၊ အားနည်းချက်ကို အားဖြည့်တတ်ကြသည်။ ကြီးပွားချမ်းသာသူကိုမြင်လျှင် "သြော် . . . သူတို့ကုသိုလ်ကံများ ကောင်းလိုက်တာ။ ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်၊ လုပ်တိုင်းဖြစ်၊ ဝမ်းသာစရာကြီးပါ။ ကြီးပွားချမ်းသာပါစေ၊ ရရှိပြီး ကြီးပွားချမ်းသာမှုများ မဆုတ်မယုတ်ကြပါစေနှင့်။ (ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု) စသည်ဖြင့် ကြီးပွားချမ်းသာသူတို့၏ ကုသိုလ်ကံကောင်းပုံ၊ ကြိုးစားပုံ၊ တော်ပုံတို့ကို တွေးတောဆင်ခြင်က ဝမ်းမြောက်မှု ဝမ်းသာမှု "မုဒိတာ"စိတ်ကို မွေးထားရမည်။

မွေးထားသည်ဆိုလျှင် မွေးမြူထားသည်ဟု သိရမည်။ မုဒိတာစိတ် မဖြစ်ဖြစ်လာအောင် မွေးမြူပါ။

"မုဒိတာ"စိတ်ဖြင့် ကြီးပွားချမ်းသာသူကို တွေ့မြင်ရလျှင် "ကြီးပွားချမ်းသာ နိုင်ပါစေ"၊ ပြုံးနေသူကိုတွေ့မြင်လျှင် "အမြဲပြုံးရွှင်နိုင်ပါစေ"၊ ပျော်ရွှင်နိုင်သူကိုတွေ့လျှင် "အမြဲပျော်ရွှင်နိုင်ပါစေ"စသည်ဖြင့် မနာလိုစိတ် ဣဿများမဖြစ်စေဘဲ ထိုသူတို့နှင့် ထပ်တူပြု၍ ဝမ်းမြောက်နိုင်ရမည်။

## မုဒိတာ၏ အနီးရန်သူ

မိမိ၏ပြိုင်ဘက်များ ကြီးပွားချမ်းသာသူကို တွေ့မြင်ရလျှင် (အယောနိသော မနသိကာရ-မသင့်လျော်သည့်နှလုံးသွင်းမှုဖြင့်) "ဒီကောင်ကြီး မတရားလုပ် လာဘ်ပေးလာဘ်ယူပြီး ကြီးပွားနေတာ။ သူများရမည့်ရာထူးကို လူကြီးနှင့်ကပ်ပြီး လုယူထားတာ။ သူတစ်ပါးဆီက ငွေတွေ၊ ပစ္စည်းတွေကို လိမ်ယူ၊ မတရားလုယူလို့ ချမ်းသာနေတာ။ ဒီကောင်ကြီး တစ်နေ့ပျက်စီးဦးမှာ၊ မယုံရင်ကြည့်" ဤသို့ မကောင်းသတင်း အတင်းစကားပြောဆိုကာ အကုသိုလ်သောမနဿ (ဝမ်းမြောက်)နေတတ်သည်။ ဤစိတ်မျိုးသည် "မုဒိတာ"၏ အနီးရန်သူဖြစ်ပါသည်။

## မုဒိတာ၏ အဝေးရန်သူ

သူတစ်ပါး၏ ကြီးပွားချမ်းသာနေခြင်းကို မနာလိုစိတ် (ဣဿ)ဖြစ်နေခြင်းက ကိုယ့်ထမင်းကိုယ်စားပြီး နေရင်း ထိုင်ရင်း အကုသိုလ်ကို အလကားထိုင်ယူနေခြင်းပင်။ အယုတ် ညံ့ဆုံး အောက်တန်းအကျဆုံး စိတ်ဓာတ်မျိုးဖြစ်၏။

သူတစ်ပါး ကြီးပွားချမ်းသာနေခြင်းကိုကြည့်ပြီး မအိပ် နိုင်၊ မစားနိုင်၊ မပျော်မွေ့နိုင် ဖြစ်နေတတ်သည်။ သူ့ အကြောင်း အတင်းအဖျင်း မကောင်းကြောင်း ပြောဆို



www.burmeseclassic.com

www.burmeseclassic.com

ရန်လိုစိတ်ပွားပြီး ရန်လိုမှုပြုတတ်သည်။ မနာလို(ဣဿာ) စိတ် ပြင်းပြလွန်ကဲလျှင် အလွန်ကြောက်စရာပင်။ "ဒေဝဒတ်" အလောင်း ရွှဲကုန်သည်က ဘုရားအလောင်းအား ကမ္ဘာရန် အဖြစ် ရန်ငြိုးဖွဲ့ပြီး အလကားမရလိုက်သည့် ရွှေခွက်အတွက် နှင့် နလုံးသွေးပူလောင်၍ သွေးပွက်ပွက်ဆူအန်ထွက်ကာ သေသွားခဲ့ရဖူးပြီ။

ဣဿာ(မနာလို)စိတ်အား ကြီးသူများ ဆိုးကျိုးအမျိုးမျိုး ခံရတတ်သည်။ ငြိမ်းချမ်းချင်ကြသော ကမ္ဘာသူ၊ ကမ္ဘာသားများကို ဖျက်ဆီးနေသော စိတ်ဓာတ်ပင်။ ၎င်းမှာ သိကြားမင်းကိုယ်တိုင် စဉ်းစားမရသော အချက်ဖြစ်ပါသည်။ ဤကဲ့သို့ အကုသိုလ်တရားမျိုးဖြစ်သော မနာလိုမှု"ဣဿာ"(ဝမ်းမြောက်နိုင်မှု "အရတိ")သည် မုဒိတာ၏ "အဝေးရန်သူ"အင်ဖြစ်တော့သည်။

## မုဒိတာပွားများမွေးမြူခြင်း

(၁) မိမိ၏ ပြိုင်ဘက်ရန်သူ ကြီးပွားချမ်းသာနေသည်ကို မြင်တွေ့ကာ မနာလိုမှု "ဣဿာ"(မပျော်နိုင်-ဝမ်းမမြောက်နိုင်မှု "အရတိ")ဟူသော မုဒိတာ၏ အဝေးရန်သူကိုလည်းကောင်း။

(၂) ၎င်းကြီးပွားချမ်းသာနေသော ပြိုင်ဘက်ရန်သူ ဒုက္ခရောက် ပျက်စီးသွားသည့်အခါ "ဝမ်းသာမှု"အကုသိုလ် "သောမနဿ"ဟူသော မုဒိတာ၏ အနီးရန်သူကိုလည်းကောင်း ရှောင်ကြဉ်ရမည်။

တရားသဘောအရ အချိန်ကျလျှင် သေကြ၊ နာကြ၊ အိုကြရမည်ဟု ဆင်ခြင်ခြင်း။ ကြီးပွားချမ်းသာလွန်း၍ စိတ်ဖိစီးမှုများခြင်း။ အနားမရခြင်း စသည့် ပြိုင်ဘက်ရန်သူအပေါ် "ကရုဏာ"စိတ်ထားရှိ ပွားများခြင်းအားဖြင့် ၎င်းအကုသိုလ်တရားဆိုး နှစ်မျိုးကို ဦးစွာပယ်ဖျောက်ပစ်ရမည်။

ပါရမီကုသိုလ်ဖြစ်အောင် မုဒိတာပွားများလိုသူသည် ဦးစွာပထမ မိမိအတွက် "ငါသည် ရရှိပြီးသောစည်းစိမ်ချမ်းသာမှ မဆုတ်မယုတ် တည်တံ့နိုင်မြဲပါစေ (ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆာမိ)ဟု စိတ်ထဲတွင် အထပ်ထပ်စဉ်းစားပေးပါ။ မိမိကြီးပွားချမ်းသာသည့်အခါ ဝမ်းမြောက်ဝမ်းသာဖြစ်သကဲ့သို့ ကိုယ်ချင်းစာစိတ်များ ဖြစ်ပေါ်စေလျက် မိမိတွေ့မြင်ဖူးသည့် "သုခိတ-သတ္တဝါ"များကို အာရုံပြု၍ သူတို့ရရှိပြီးသော စည်းစိမ် ချမ်းသာတို့မှ မဆုတ်မယုတ် တည်တံ့နိုင်မြဲပါစေ"

ယထာ လဒ္ဓ သမ္ပတ္တိတော မာ ဝိဂစ္ဆန္တု - ဟူ၍ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း၊ စိတ်ပါလက်ပါ ရွတ်ဆို၍ "မုဒိတာ"ကို ပွားများရမည်။

ဈာန်၊ သမာဓိ အဆင့်ဆင့်သို့ ရောက်ရှိအောင် "မုဒိတာ"ကို ပွားများလိုသူသည် ကွယ်လွန်ပြီးသူများအပေါ် လုံးဝမပွားပဲ "ချစ်သူ၊ မချစ်သူ၊ မမုန်းသူ၊ ရန်သူ" ဤသုံးဦးကိုလည်း ဦးစွာစ၍မပွားဘဲ ကြီးပွားချမ်းသာနေသည့် (သာမည) "သုခိတ-သတ္တဝါ"ကို အာရုံပြု၍ ဦးစွာစပြီး မိမိကြီးပွားချမ်းသာသည့်အခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်သကဲ့သို့ ကိုယ်ချင်းစာလျက် "မုဒိတာ"ပွားများရမည်။ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရမည်။ "သူရရှိထားသည့်စည်းစိမ် ချမ်းသာမှ မဆုတ်မယုတ် အမြဲတည်တံ့နိုင်မြဲပါစေ"ဟု စိတ်ပါလက်ပါ ရွတ်ဆိုပွားများရမည်။

ထိုသို့ ပွားများ၍ စိတ်တည်ကြည်လာမည်။ အာရုံစူးစိုက်နိုင်လာမည်။ "သမာဓိ"ရရှိလာလျှင် "ချစ်သူ"စသည့် သုခိတ သတ္တဝါအားလုံးအပေါ် ဖြန့်၍ "မုဒိတာ"ပွားရမည်။ ဤသို့ သတ္တဝါတွေအားလုံးအပေါ် ဖြန့်၍ "မုဒိတာ"ကို ပွားများခြင်းအားဖြင့် သမာဓိရင့်ကျက်လာမည်။ "မုဒိတာ"ဈာန်အဆင့်ဆင့် ရရှိလာလိမ့်မည်။ ထို့နောက် "မုဒိတာ"ဈာန်သမာဓိကို အခြေခံ၍ သင်္ခါရတရားတွေကို ဝိပဿနာ ရှုပွားအားထုတ်နိုင်လျှင် ကိလေသာအာသဝေါ ကုန်ခန်း၍ ရဟန္တာအဖြစ်သို့ပင် ရောက်ရှိနိုင်ပါသည်။

ရဟန္တာမဖြစ်နိုင်၊ သမာဓိဈာန်မရနိုင်လျှင်လည်း မုဒိတာပွား၍ အကျိုးမယုတ်နိုင်ပါ။ မုဒိတာကြောင့် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးကို တည်ဆောက်နိုင်ပါမည်။

မုဒိတာဖြင့် ကမ္ဘာကြီး ငြိမ်းချမ်းစေဖို့။

အသျှင်စာရိတ္တ



www.burmeseclassic.com

www.burmeseclassic.com

# ရွှေစကား

တက္ကသိုလ်သခ်

မြန်မာတို့သည် "ရွှေ"ကို ရတနာတစ်ပါးအဖြစ် သတ်မှတ်ထား၏။ "ရွှေ"သည် အရောင်အဆင်းအားဖြင့် နှစ်သက်ဖွယ်ကောင်းသကဲ့သို့ အဖိုးလည်းတန်သည်။ ကျောက်မျက်ရတနာများကို လူအများ မိမိတို့ မွေးနေ့နံအလိုက် ရွေးချယ်ဝတ်ဆင်ကြသော်လည်း "ရွှေ"ကိုမူ လူအများ နှစ်သက်မြတ်နိုးစွာ ဝတ်ဆင်ကြသည်ကို တွေ့ရ၏။

ထို့အတူပင် လူတို့နေ့စဉ်ပြောဆိုနေကြသော စကားတွင်လည်း အဖိုးတန်သောစကား၊ အများနာယူလက်ခံသောစကားများရှိသကဲ့သို့ လူများ မလိုလား အမုန်းပွားစေနိုင်သောစကားများလည်းရှိ၏။ ထို့ကြောင့် လူအများ နှစ်လိုဖွယ်သောစကားကို သကာပျားလိုချိုသည်ဟု တင်စားကြသလို လူအများနှစ်လိုခြင်းမရှိသော စကားကိုမူ တမာလိုခါးသောစကားဟု တင်စားကြသည်ကိုလည်း တွေ့ရ၏။

သို့ဖြစ်၍ လူအများ တန်ဖိုးထားမှတ်သားနာယူဖွယ်ကောင်းသော စကားကို ရွှေဖြင့်တင်စားလျက် "ရွှေစကား" ဟူ၍ ခိုစမှတ်ပြုကြ၏။

"ရွှေ"နှင့်ပတ်သက်၍ အကျယ်စိတ္တာချဲ၍ ဆိုရပါလျှင် "ရွှေ"ဟူသော ရတနာသည် ကံအား၊ ဉာဏ်အား၊ ထုံထအား အလွန်နည်းပါးကြသည့် ခပ်ညံ့ညံ့လူသားများ အပါယ်လေး ဘုံဟုခေါ်သည့် အမှောင်ကမ္ဘာတွင် နေထိုင်ကြသော အဟိတ်တိရစ္ဆာန်များနှင့် ခပ်ဝေးဝေးတွင်ရှိနေသည့် ရတနာဖြစ်သကဲ့သို့ နိဗ္ဗာန်ဆိုသည်မှာလည်း ခပ်ညံ့ညံ့ပုဂ္ဂိုလ်တို့နှင့် အဝေးဆုံးမှာရှိနေသော လွတ်မြောက်ခြင်းအရသာတစ်ပါးဖြစ်ပါ၏။ မန်လည်ဆရာတော်ဘုရားကြီးက "လူမိုက်၊ တိရစ္ဆာန် နိဗ္ဗာန်စကား အလွန်ခါး၏" ဟု ဆိုမိန့်ပါ၏။

ခပ်ညံ့ညံ့ပုဂ္ဂိုလ်များ နားခါးတတ်သည့် စကားအချို့ဒေသနာတော်တွင် ရှိ၏။ ယင်းစကားမှာ -

- သဒ္ဓါတရားမရှိသည့် ပုဂ္ဂိုလ်အတွက် သဒ္ဓါတရားသည် အလွန်ခါး၏။
- သီလမရှိသည့် ပုဂ္ဂိုလ်အတွက် သီလသည် အလွန်ခါး၏။
- အကြားအမြင်နည်းသည့် ပုဂ္ဂိုလ်အတွက် ဗဟုသုတစကားသည် အလွန်ခါး၏။
- နှမြောသည့်ပုဂ္ဂိုလ်အတွက် အလှူစကားသည် အလွန်ခါး၏။
- ပညာမဲ့သည့်ပုဂ္ဂိုလ်အတွက် ပညာစကားသည် အလွန်ခါး၏။

ပညာရှိသူတော်ကောင်းများ မြတ်မြတ်နိုးနိုး၊ ခုံခုံမင်မင်၊ တမ်းတမ်းတတ မှန်းဆနေသော နိဗ္ဗာန်စကားသည် "ရွှေစကား"ပင် ဖြစ်ပါ၏။

နိဗ္ဗာန်စကားနှင့် ပတ်သက်၍ "ပေလေးပင်၊ ရှင်လေးပါး"အပါအဝင်ဖြစ်သည့် "ရှင်မဟာသီလဝံသ"၏ စကားသည် နိဗ္ဗာန်စကားဟု ဆိုနိုင်ပါ၏။

ဆရာတော်က "ဝိဝဋ္ဋနိဿိတ ကုသိုလ်သည် အားကောင်းလှ၍ ဘဝတိုင်း ဘဝတိုင်း သုဂတိဘုံဘဝတို့၌ တောက်လျှောက်အကျိုးပေးနိုင်သည်။ အဆုံးဘဝ၌ မဂ်ဖိုလ်နိဗ္ဗာန်သို့လည်း ပို့ဆောင်နိုင်သည်"

ဟု မိန့်ဆိုခဲ့ပါ၏။ ဆရာတော်၏ ဆိုလိုချက်မှာ ဤသို့ဖြစ်၏။ "ကြာဒံမေပုညံ နိဗ္ဗာနဿ ပစ္စယောဟောတု၊ နိဗ္ဗာန်၏ အထောက်အပံ့ဖြစ်ပါစေဟု ဆန္ဒပြုဆုတောင်းပြီး ကောင်းမှုပြုပါ။ ထိုကဲ့သို့ ဆန္ဒပြု တောင်းဆိုကြမည်ဆိုလျှင် သုဂတိဘုံဘဝအကျိုးများကိုလည်း ခံစားရမည် နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုနိုင်မည်"

ဆရာတော်၏ အဆိုအမိန့်စကားကို "ရွှေစကား"ဟု ဆိုနိုင်ပါ၏။

စာဆိုအရှင် ဆရာတော် "ရှင်မဟာရဋ္ဌသာရ"က ရှင်မဟာသီလဝံသစကားကို သဘောကျနှစ်ခြိုက်မှု မရှိဟု ဆိုသည်။ ရှင်မဟာရဋ္ဌသာရက "ဝိဝဋ္ဋနိဿိတ ကုသိုလ်ကသာ သုဂတိဘုံဘဝတို့၌ အကျိုးပေးသည် ဝိဝဋ္ဋနိဿိတ ကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com

ကား ပဋိသန္ဓေအကျိုးကို မပေး။ မင်္ဂိုလ်ကိုသာပေးသည်"ဟု ငြင်းပယ်ကန့်ကွက်ခဲ့၏။

ရှင်မဟာရဋ္ဌသာရ၏ စကားသည် လောကီစည်းစိမ်ကို လိုချင်လျှင် လောကစည်းစိမ်ကို ဆုတောင်း။ နိဗ္ဗာန်ကို လိုချင်လျှင် နိဗ္ဗာန်ကိုဆုတောင်း။ နိဗ္ဗာန်ကို ဆုတောင်းပါမှ လောကအကျိုး မခံစားရဟု ဆိုလိုခြင်းဖြစ်သည်။

တစ်နေ့တွင် ရှင်မဟာရဋ္ဌသာရသည် ထေရအဋ္ဌကထာတွင် "ဝိဝဋ္ဋနိဿိတ ဗဟုံ ပုညကမ္မံ အကာသိ"အစရှိသည့် စာတစ်ပိုဒ်ကို သွားတွေ့သည်။ ထိုအခါမှ ဆရာတော်သည် ယင်းရေးသားသီကုံးသည့် "ကိုးခန်းပျို့"နိဂုံး၌ -

"ငါနှံသာ နိုင်းစရာဟု၊ ပညာမှန်ယို၊ အရွယ်ပျိုက မဆိုစလောက်၊ ဟန်ဆောင်မြောက်၍၊ နှုတ်ငေါက်လွန်မိ ဒေါသငြိလည်း။ နောက်ပြီးတစ်ခါ၊ ရှိသေစွာလျှင်၊ ဤစာကိုးခန်း ပုလဲပန်းဖြင့်၊ စိတ်ကြမ်းဟန်လျှော့၊ ငါကန်တော့၏"

ဟူ၍ ဝန်ချခဲ့တော့လေသည်။

## ရွှေစကားများ

"ရွှေ"ဆိုသည်မှာ ရတနာတစ်ပါးဖြစ်ပါ၏။ လူများကို ကျေနပ်မှုပေးခြင်း၊ ကျေနပ်အောင်လုပ်ခြင်းကို ရတနာဟု ဆိုသည်။ နိဗ္ဗာန်ကို ဆုတောင်းပြီး ကုသိုလ်ပြုပါဆိုသည့် ရှင်မဟာသီလဝံသ၏ စကားသည် ရတနာအလား တန်ဖိုးထားရသဖြင့် (သို့မဟုတ်) နောင်းလူများကို ကျေနပ်မှုပေးနိုင်သဖြင့် "ရွှေစကား"ပင် ဖြစ်ပါ၏။

နိဗ္ဗာန်ကို ဆုတောင်းပြီး ပြုလုပ်သည့် ကုသိုလ်သည် လောကအကျိုးကိုလည်းပေးနိုင်၏။ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုနိုင်၏ဆိုသော အဋ္ဌကထာဆရာကြီး၏ စကားသည်လည်း "ရွှေစကား"ဟု ဆိုနိုင်၏။ စကားတစ်ခွန်းကြောင့် ရှင်မဟာရဋ္ဌသာရ၏ အတွေးအမြင်ကိုလည်း ပြောင်းလဲသွားစေသည်။ ဤသည်ကိုလည်း ရှင်မဟာရဋ္ဌသာရကလည်း ကျေနပ်သည်။

"ဤစာကိုးခန်း ပုလဲပန်းဖြင့် စိတ်ကြမ်းမာန်လျှော့ ငါကန်တော့၏"ဟူသော ရှင်မဟာရဋ္ဌသာရ၏ ကန်တော့ပန်းသည်လည်း "ရွှေစကား"ပင် ဖြစ်လေသည်။

မင်းကွန်းဆရာတော်ဘုရားကြီးက "**တပည့်တို့ရေ၊ ဆရာတော်ရဲ့ပေါင်မှာ လုံချောင်းများစွာ စူးနေတယ်။ သို့**သော် ပန်းတိုင်မရောက်သေးသို့ မှတ်သားထားသော တပည့်တို့လည်း ပန်းတိုင်မရောက်မီ အပြစ်တို့ကိုရှောင် ဘေးဖယ်ထားကြပါ"ဟု မိန့်တော်မူခဲ့၏။ ထင်ရှားသည့်စကားလည်း "ရွှေစကား"ဟု ဆိုနိုင်ပေသည်။

ထို့အတူ မန်လည်ဆရာတော်ဘုရားကြီးကလည်း "ဉာဏာသမ္ပဇဉ်၊ ကင်းမယှဉ်ဘဲ၊ ကတည်းက ... မသိတတ်သူ၊ လူမသမာ၊ ထိုများစွာတို့ ခုန်သောင်းများ ပေါ်ယိမ်းယိုင်၊ မြဲမခိုင်ဘူး။ ဓမ္မကရိုဏ်စစ်ရေး ... သရေမတိုး။ ဘုန်းရောင်ညှိုးလျက်၊ တန်ခိုးနည်း ... ယုတ်တတ်စွာ၏"ဟု ဆုံးမခဲ့သော စကားသည်လည်း "ရွှေစကား" အစစ်ဖြစ်လေသည်

တောင်ပြင်နဂါး ဆရာတော်ဘုရားက "**နွားချင်းနဲ့ ယာထွန်မှ ယာညက်တယ်ကွ**"ဟု ဩဝါဒစကားမြွက်ကြား၍ ဉာဏ်အထိုင်းခုံးတပည့်ကို ရွေးချယ်စာဆိုခိုင်းပြီး သက်တော်ရှည်တော်နှင့်မမျှအောင် အပင်ပန်းခံ သင်ကြားပို့ချပေးသည့် တောင်ပြန်နဂါး ဆရာတော်ဘုရား၏ စကားသည်လည်း "ရွှေစကား"ဟု မှတ်ယူသင့်ပါ၏။

အဋ္ဌကထာကျမ်းကို အောင်မြင်သည်အထိ သင်ကြားပို့ချပေးခဲ့ပြီး တပည့်များကို ဆုံးမရာတွင် "**တပည့်ရေ - - ငါးပိနဲ့လောက်၊ စိန်နဲ့ကျောက်၊ ဆံတောက်နဲ့ပန်း၊ ရတနာနဲ့ အာပတ်၊ မကောင်းတတ်**"ဆိုသကဲ့သို့ ပါဠိစာပေနှင့် သဒ္ဒါကျမ်း ဆိုသည်မှာ ကင်းကွာ၍မရကောင်း။ မင်းအနေနှင့် စာသင်သားများကိုလည်း သဒ္ဒါလမ်းကို ပို့ချပါ။ ငါ့ဆီမှာလည်း ပါဠိ၊ ပါရဂူ တန်း သင်ယူပါ"ဟု ကြင်ကြင်နာနာ ဩဝါဒပေးခဲ့သည့် ဆရာတော်ကြီး၏ စကားသည်လည်း "ရွှေစကား"ဟု ဆိုထိုက်ပေ၏။

အချုပ်ဆိုရလျှင် အမှန်ကို မြော်မြင်၍ အမျိုးအကျိုး ကောင်းရာကောင်းကြောင်း နည်းပေးလမ်းပြ ဆုံးမကြသည့် ဆရာတော်ကြီးများ၏ ဩဝါဒကထာ မှန်သမျှသည် စာရေးသူ အနေဖြင့် "ရွှေစကား"များပင် ဖြစ်သည်ဟု နှလုံးပိုက် မှတ်ယူမိပါ၏။

■ **တက္ကသိုလ်သင်**

**စာကိုး ။** ။ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အရှင်သုစိတ္တ၏ ရွှေရတုပုံရိပ်များကို မှီငြမ်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# သစ်တောအရာရှိ တစ်ဦး၏
# သည်းထိတ်ရင်ဖို


■ လှမိုး(ပညာရေး)

အမှတ်ထင်ထင်ဟု ဆိုရပေတော့မည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီး နှစ်နှစ်ခန့်အကြာ ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော သွေးသောက်မဂ္ဂဇင်းကြီးတွင် ကွယ်လွန်သူ စာရေးဆရာကြီးရွှေဥဒေါင်းရေးသားသော "ထီးကိုး"ဝတ္ထုကို ဖတ်ရှုခဲ့ရသည်။ ထိုစဉ်က ကျွန်တော်သည် အကြိုတက္ကသိုလ်ဝင် အတန်း(ယခု န၀မတန်း)တွင် တက်ရောက်စာပေသင်ကြားနေပြီဖြစ်၏။ ထိုအတန်းတွင် အင်္ဂလိပ်ဘာသာ ပြဋ္ဌာန်းစာအုပ်မှာ ကမ္ဘာကျော်စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်း(ရှားလော့ဟုမ်းဝတ္ထုများကို ရေးသားခဲ့သူ)ရေးသားသော ဗိုလ်မှူးချုပ် ဂျရက်ဖြစ်ပါသည်။ (ထိုဝတ္ထုမှ ဝတ္ထုတိုအချို့ကို ကွယ်လွန်သူ စာရေးဆရာကြီး ရွှေဥဒေါင်းကပင် "ဂျမဒါ"ကိုကိုကြီးအမည်ဖြင့် မြန်မာဘာသာ မှီငြမ်းရေးသားခဲ့ပါသည်။)

ထိုဝတ္ထုအများမှာ စွန့်စားခန်းဝတ္ထုများဖြစ်ပါသည်။ အသက်ငယ်ရွယ်သူ ကျွန်တော်တို့အဖို့ ထိုစွန့်စားခန်းဝတ္ထုများကို ဖန်တစ်ရာတေအောင် ဖတ်ရှုရသောအခါ လူငယ်ပီပီ ကာသသဖြစ်ခဲ့ရ၏။ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော ဆရာကြီးရွှေဥဒေါင်း၏ "ထီးကိုး" ဝတ္ထုကိုဖတ်ရသောအခါ ထိုဝတ္ထုမှဇာတ်ကောင်များဝတ္ထုပါ၊ ဖြစ်ရပ်များကို ယနေ့ထိ တိတိကျကျမှတ်မိနေမိ၏။ ထိုဝတ္ထု၏အဓိကဇာတ်ဆောင်မှာ ဗြိတိသျှအစိုးရလက်ထက် မိုးကုတ်သစ်တော ဒီဗီဇံနယ်အတွင်း သစ်တောဌာနအကောက်

ဝန်ထောက်တစ်ယောက်ဖြစ်သော ကိုဘချော်ဆိုသူဖြစ်၏။ ကိုဘချော်သည် ငှက်ဖျားရောဂါဝေဒ နာစွဲကပ်သဖြင့် ရန်ကုန် ဆေးရုံကြီးသို့ လာရောက်၍ အတွင်းလူနာအဖြစ် ကုသခံယူနေစဉ် ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ယူစဉ် ပူးခဲ့စဉ်က သူငယ်ချင်းဖြစ်ခဲ့ဖူးသော ကသာနယ်တက်၌ ထမ်းခဲ့သော ကိုစိန်သော်ဆိုသူသည် ကိုဘချော်ကဲ့သို့ ငှက်ဖျားရောဂါကုသရန်အတွက် ရန်ကုန်ဆေးရုံကြီးသို့ ရောက် လာခဲ့၏။

သူငယ်ချင်းနှစ်ယောက် တွေ့ကြရာမှ ကိုစိန်သော် ပြောပြသည့် "ထီးကိုး"ဟု ဒေသခံပြည်သူများ၊ သစ်တောဌာန မှ အမှုထမ်းများက ကင်ပွန်းတပ်ခံထားရသော ဆင်ဆိုးကြီး ပစ်ခဲ့စဉ်က ကြုံတွေ့ခဲ့ရသည့် ရင်သိမ့်တုန်ဇာတ်လမ်းဖြစ် အမှန်အားဖြင့် ဆရာကြီးရွှေဥဒေါင်းသည် ကိုလိုနီခေတ်





www.burmeseclassic.com

www.burmeseclassic.com

ဗြိတိသျှအမျိုးသား သစ်တောမင်းကြီး၏ တောလိုက်စာရေးအဖြစ် အမှုထမ်းခဲ့ဖူး၏။ ထို့ပြင် ဆရာကြီးရွှေဥဒေါင်းသည် သူနှင့် ကျောင်းနေဖက်သူငယ်ချင်း ကိုဝင့်မော်ဆိုသူနှင့် ကသာခရိုင် သစ်တောအတွင်း တောပစ်ထွက်ခဲ့ဖူးသည်။ ကိုဝင့်မော်မှာလည်း သစ်တောဌာနမှ အရာရှိတစ်ဦးဖြစ်ပါသည်။ အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော "ထီးကိုး"ဝတ္ထုကြီးတွင် ဖော်ပြခဲ့သော သည်းထိတ်ရင်ဖို ထူးခြားဖြစ်စဉ်များသည် ဆရာကြီးရွှေဥဒေါင်း၏ ကိုယ်တွေ့ဖြစ်ရပ်များကို သူ့စိတ်ကူးဖြင့်ရောယှက်၍ ဝတ္ထုအဖြစ် ဖန်တီးလိုက်သောအခါ ကျွန်တော်တို့ကျောင်းသားလူငယ်များ တသသစွဲလမ်းခဲ့ရသော သည်းထိတ်ရင်ဖိုဝတ္ထုကြီးဖြစ်လာခဲ့၏။

ကျွန်တော်သည် အထက်ဖော်ပြပါ ဆရာကြီးရွှေဥဒေါင်း၏ "ထီးကိုး"ဝတ္ထုကြီးကို ဖတ်ရှုရာမှ တောပစ်မုဆိုးများ ဇာတ်ဆောင်အဖြစ် ပါဝင်သော ဝတ္ထုများ၊ တကယ့်ဖြစ်ရပ်မှန် မုဆိုးတို့ရေးသည့် တောတွင်းမှတ်တမ်းစာအုပ်များ၊ ဗြိတိသျှ မြန်မာနိုင်ငံ ကိုလိုနီခေတ်က သစ်တောဌာနနှင့် သစ်ထုတ်ရေးကုမ္ပဏီများတွင် တာဝန်ယူခဲ့ရသော သစ်တောအရာရှိများ၊ ဆင်ဝန်ထောက်များရေးသားသည့် စာအုပ်စာတမ်းများကို လက်လှမ်းမီသလောက် ရှာဖွေစုဆောင်း ဖတ်ရှုခဲ့မိသည်။ ယခု ရေးသားဖော်ပြမည့် ဖြစ်ရပ်မှန် သည်းထိတ်ရင်ဖို ထူးခြားဖြစ်စဉ်မှာ မြန်မာနိုင်ငံသမိုင်းနှင့် ဆက်နွှယ်နေခဲ့သော ဗြိတိသျှအမျိုးသားပိုင် ဘုံဘေဘားမား သစ်ထုတ်လုပ်ရေးကုမ္ပဏီတွင် ဆင်တာဝန်ခံအဖြစ် ဆယ်စုနှစ် သုံးစုခန့် အမှုထမ်းခဲ့ရသော မြန်မာတိုင်းရင်းသားအများက "ဆင်သခင်ဝီလီယန်"ဟု ကင်ပွန်းတပ်ခဲ့ရသော ဂျေအိတ်(ချ်) ဝီလီယန်၏ ကိုယ်တွေ့ဖြစ်ပါသည်။

"ဆင်သခင်ဝီလီယန်"ဟု နာမည်ကျော်ကြား လူသိများခဲ့သော ဂျေအိတ်(ချ်)ဝီလီယန်မှာ အင်္ဂလန်နိုင်ငံ ကွန်ဝေါပြည်နယ်တွင် ခရစ်နှစ် ၁၈၉၇ ခုနှစ်တွင် ဖွားမြင်ခဲ့ပြီး ငယ်စဉ်က ကွင်းကောလိပ်နှင့် ကဘုန်းသတ္တုတူးဖော်ရေးအင်ဂျင်နီယာ ကျောင်းများတွင် ပညာဆည်းပူးခဲ့၏။ ၁၉၁၄ ခုနှစ်၊ ဩဂုတ်လတွင် စတင်ဖြစ်ပွားခဲ့သော ပထမကမ္ဘာစစ်ကြီးအတွင်း ဗြိတိသျှဘုရင် ကုလားအုတ်တပ်ဖွဲ့နှင့် လားတပ်ဖွဲ့များတွင် တာဝန်ခံပို့ဆောင်ရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရ၏။ ငယ်စဉ်ကပင် တိရစ္ဆာန်များအပေါ် သံယောဇဉ်ကြီးမားခဲ့သော ဝီလီယန်သည် တိရစ္ဆာန်များနှင့်အတူ အမှုထမ်းဆောင်ခဲ့ရသောအခါ တိရစ္ဆာန်များအပေါ် နက်နက်နဲနဲ နားလည်မှုရှိသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာခဲ့၏။

ပထမကမ္ဘာစစ်ကြီးပြီး၍ တပ်မှ အနားယူခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ၁၉၂၀ ခုနှစ်တွင် ရောက်ရှိလာခဲ့ပြီး ဘုံဘေဘားမား သစ်ထုတ်လုပ်ရေးကုမ္ပဏီတွင် ဆင်များအုပ်ချုပ်ရေးအရာရှိအဖြစ် နှစ်ပေါင်း ၂၄ နှစ်ကျော် တာဝန်ယူခဲ့ရသည်။ မြန်မာနိုင်ငံ သစ်ထုတ်ရေးစခန်းများတွင် ဆင်များ၊ ဆင်ထိန်းများ၊ မြန်မာတိုင်းရင်းသားအမှုထမ်းများနှင့် လက်ပွန်းတတီးနေခဲ့ရသောကြောင့် သူ့မိတ်ဆွေများက သူ့အား မြန်မာအလိုတော်ရိ ကိုဆင်ကြီးဘီလီဟု ခေါ်ကြသည်။

သူကား နယ်နယ်ရရ ဆင်အုပ်ချုပ်ရေးအရာရှိမဟုတ်ပါ။ ထို့အတူ အခြားဗြိတိသျှအမျိုးသား ကုမ္ပဏီအရာရှိများနှင့်မတူ တစ်မူထူးခြားသည်ဟု ဆိုရမည်ဖြစ်၏။ သူ ဘုံဘေဘားမား သစ်ထုတ်လုပ်ရေးကုမ္ပဏီတွင် တာဝန်ယူခဲ့ရသည့် ၂၄ နှစ်တာအတွင်း ဆင်များနှင့် ပတ်သက်သည့် အကြောင်းအရာမှန်သမျှ တိတိပပ ထဲထဲဝင်ဝင် သိသူဟု အများက ယူဆကြ၍ အထက်ဖော်ပြပါ "ကိုဆင်ကြီးဘီလ်" Elephant Bill ဟု ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်၏။

ထိုနာမည်ဖြင့် လိုက်ဖက်စွာ ဆင်အုပ်ဆင်ထိန်းများနှင့် ဆက်ဆံရေး၊ ဆင်ဆရာများနှင့်ဆက်ဆံရေး၊ ဆင်အများစီမံခန့်ခွဲရေး၊ ဆင်များ၏ ကျန်းမာရေး၊ ဆင်များအား အဖက်ဖက်မှ ပြုစုပျိုးထောင်ရေး၊ ဆင်အုပ်၊ ဆင်ထိန်း စသော ဆင်အမှုထမ်းများ၏ တိုးတက်ရေး စသည်တို့ကို တစိုက်မတ်မတ် ကောင်းကျိုးပြုခဲ့သူဖြစ်၏။

စစ်ကြိုခေတ်က သူ ဆင်အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ယူခဲ့ရသော ဘုံဘေဘားမား ထရိတ်ကော်ပိုရေးရှင်း လီမိတက် အရပ်အခေါ် ဘုံဘေဘားမား သစ်ထုတ်လုပ်ရေးကုမ္ပဏီများ ထိုစဉ်က ကြီးငါးကြီးဟု နာမည်ကျော်ကြား လူသိများခဲ့သော သစ်ကုမ္ပဏီကြီးငါးခုဖြစ်သော ဘုံဘေဘားမား သစ်ထုတ်လုပ်ရေးကုမ္ပဏီ၊ စတီးဘရားသား သစ်ကုမ္ပဏီ၊ ဖူးကာ သစ်ကုမ္ပဏီ၊ မက္ကရိကာသစ်ကုမ္ပဏီနှင့် တီဒီဖင်လေကုမ္ပဏီများအနက် ဘုံဘေဘားမား သစ်ကုမ္ပဏီမှာ အစဉ်အလာကြီး



www.burmeseclassic.com


www.burmeseclassic.com

များ၏ အခြားသစ်ကုမ္ပဏီများက မော့ကြည့်ရသော ကုမ္ပဏီကြီးဖြစ်၏။ ထိုစဉ်က မှတ်တမ်းအရ ယင်းကုမ္ပဏီပိုင် ဆင် ၂၀၀၀ ကျော်ရှိသည်ဟု သိရ၏။ ထိုဆင်များနှင့် ဆင်များကို တာဝန်ယူကြရသော ဆင်ဆရာများ၊ ဆင်အုပ်များ၊ ဆင်ထိန်းများ၊ အခြားဆင်ဝန်ထမ်းများကို တာဝန်ယူရသော ကိုဆင်ကြီးဘီလ်အား လူအများက လေးစားကြသည်မှာ ဘာဆန်းသလဲဟု ဆိုရမည်ဖြစ်၏။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာခဲ့ပြီး မြန်မာနိုင်ငံအား ဖက်ဆစ်ဂျပန်တို့ သိမ်းပိုက်ခဲ့သောအခါ ဘုံဘေဘားမား သစ်ကုမ္ပဏီ ဆင်အုပ်ချုပ်ရေးမှူး ဂျေးအိတ်(ချ်)ဝီလီယန်ခေါ် ကိုဆင်ကြီးဘီလ်မှာ ဗြိတိသျှဘုရင်တပ်မတော်၏ ဆင်အကြံပေးပုဂ္ဂိုလ် ဖြစ်လာခဲ့ရာ ထိုကာလက လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သော ဗြိတိသျှ အမှတ် ၁၄ အိန္ဒိယတပ်မတော် ဗိုလ်ချုပ်ကြီး ဆာဝီလီယန်စလင်းနှင့် ခြင်းဒစ်ပြောက်ကျားတပ်များ၏ တာဝန်ခံဗိုလ်မှူးချုပ် ဝင်းဂိတ်တို့ကိုယ်တိုင် ချီးမွမ်းခံရသူဖြစ်၏။ ဗြိတိသျှတို့ မြန်မာနိုင်ငံ ပြန်လည်သိမ်းပိုက်ရေး စစ်ဆင်ရေးတွင် ကိုဆင်ကြီးဘီလ်သည် ဒုတိယဗိုလ်မှူးကြီး(နောင်အခါ ဗိုလ်မှူးကြီး)တာဝန်ယူ၍ သူ့ဆင်များနှင့် အစွမ်းကုန် အကူအညီပေးခဲ့ရ၏။

ဒုတိယကမ္ဘာစစ်ကြီး ပြီးခုံးသောအခါ ဗိုလ်မှူးကြီးဝီလယန်သည် မြန်မာနိုင်ငံမှ ၁၉၄၇ ခုနှစ်တွင် သူ့ဇာတိဖြစ်သော အင်္ဂလန်နိုင်ငံ ကွန်ဝေါ(လ်)ပြည်နယ်သို့ ပြန်သွား၍ မြန်မာနိုင်ငံတွင် ဘုံဘေဘားမားသစ်ကုမ္ပဏီ၌ ဆင်တာဝန်ခံအဖြစ် အမှုထမ်းစဉ်က ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများကို စာအုပ်များရေးသားခြင်းနှင့် စာပေဟောပြောပွဲများတွင် တက်ရောက်ဟောပြောခြင်းဖြင့် အချိန်ကုန်ခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် ကွယ်လွန်ခဲ့ရသည်။ သူရေးသားထုတ်ဝေခဲ့သော Banoola [The Story of an Elephant] ဗနူလာဟူသော ဘုံဘေဘားမား သစ်ကုမ္ပဏီ၏ အံ့ဖွယ်သူရဲဖြစ်ခဲ့ရသော ဆင်တစ်ကောင်နှင့် ဆင်ဦးစီးဖိုးတုတ်တို့၏ လွမ်းမောဖွယ် ဘဝအကြောင်းရေးထားသော စာအုပ်မှာ ၁၉၅၉ ခုနှစ်က ရန်ကုန်တက္ကသိုလ် အပိုင်း(ခ) ဥပစာတန်းတွင် အင်္ဂလိပ်စာဘာသာရပ်အတွက် လေ့လာရန် [Essay Text] အဖြစ် ပြဋ္ဌာန်းခဲ့သည်။

သူ၏ အောင်မြင်ပေါက်ရောက်သော စာအုပ်မှာ သူ့ဆင်များနှင့် သူ့ဘဝအတွေ့အကြုံအကြောင်း ရေးသားခဲ့သော ဦးဆင်ကြီးဘီလ် "Elephant Bill" စာအုပ်ဖြစ်သည်။ ယနေ့ထိ အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပြီး ထိုစာအုပ်အား ကျွန်တော်နှင့်ခင်မင်သူ စာရေးဆရာ မြန်မာ့သစ်လုပ်ငန်းမှ အငြိမ်းစားအရာရှိ ဆရာထိတ်တင်သကာက လုံးစေ့ပတ်စေ့ တိုက်ရိုက်မြန်မာဘာသာ ပြန်ဆိုရေးသားထုတ်ဝေပြီး ဖြစ်ပါသည်။ ယခုရေးသားဖော်ပြမည့် သစ်တောအရာရှိတစ်ဦး၏ သည်းထိတ်ရင်ဖိုဆောင်းပါးမှာ အထက်ဖော်ပြပါ ဦးဆင်ကြီးဘီလ်စာအုပ်မှ ထုတ်နုတ်၍ ဆီလျော်အောင် မြန်မာဘာသာပြန်ဆိုထားခြင်း ဖြစ်ပါသည်။ ထိုသည်းထိတ်ရင်ဖိုဖွယ် ထူးခြားဖြစ်စဉ်ကား အောက်ပါအတိုင်း ဖြစ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ဘုံဘေဘားအား သစ်ထုတ်လုပ်ရေးကုမ္ပဏီတွင် ဆင်တာဝန်ခံတစ်ဦးအဖြစ် အမှုထမ်းခဲ့စဉ်က ကြုံတွေ့ခဲ့ရသော ဆင်များအနက် သင်အမှတ်တရအဖြစ်ရဆုံး ဆင့်တစ်ကောင်အကြောင်း ရေးပါဟုဆိုလျှင် "ဖိုးဘန်း" ဟု ဆင်အမှုထမ်းများအားလုံးက အမည်ပေးထားသော စွယ်စုံဆင်ကြီးတစ်ကောင်အကြောင်း ရေးသားဖော်ပြရမည်ဖြစ်ပါသည်။ ဖိုးဘန်းသည် ကျွန်တော့်အတွက် ဒဏ္ဍာရီတစ်ပုဒ်ဖြစ်ခဲ့ရသည်။ သူသည် ချစ်ခင်ဖွယ်ရာ တွယ်တာစရာကောင်းသော ဆင်ကြီးတစ်ကောင် ဖြစ်ပါသည်။

သူ့ခေါင်းအောက်နှင့် သူ့အစွယ်များအောက် ကျွန်တော် ဖြတ်သွားခြင်းကို ထာဝစဉ်ခွင့်ပြုခဲ့သော စွယ်စုံဆင်ကြီးတစ်ကောင် ဖြစ်ပါသည်။ ဤနေရာတွင် အလျဉ်းသင့်သဖြင့် ဆင်များ အမည်ပေးခြင်းနှင့် ပတ်သက်၍ အနည်းငယ် ရေးသားဖော်ပြလိုပါသည်။ သစ်တောဌာနနှင့် သစ်ထုတ်လုပ်ရေးကုမ္ပဏီများတွင် ဆင်များအား အမည်ပေးခြင်းသည် မှတ်တမ်းအတွက်သာဖြစ်ပါသည်။ ဆင်ဦးစီးများကိုယ်တိုင် မိမိတို့တာဝန်ယူထားသောဆင်ကို အမည်တပ်ခေါ်လေ့ မရှိသော်လည်း ဆင်သမားအချင်းချင်း ပြောကြသောအခါတွင်မူ ဆင်တစ်ကောင်နှင့်တစ်ကောင် ကွဲပြားခြားနားစေရန် အမည်တပ်၍ ပြောကြလေ့ရှိ၏။ ဆင်များကို အမည်ပေးကြသည့်အခါ သူတို့၏ ချစ်ခင်နှစ်လိုဖွယ်ကောင်းသော ဟန်အမူအရာနှင့် အခြားဆင်များနှင့်မတူ ထူးခြားသော အချက်အလက်တို့ကို အခြေခံ၍ အမည်ပေးကြသည်။ သာဓကအားဖြင့် ကြော့ကြော့မော့မော့ဟန် အမူအရာရှိသော ဆင်မကို "မယ်ကြော့"ဟုလည်းကောင်း၊ ကိုယ်ခန္ဓာအချိုးအဆစ် ပြေပြစ်သော ဆင်မကို "မလှ"ဟူ၍လည်းကောင်း၊ ထူးထူးခြားခြား အခြားဆင်များထက် သတ္တိကောင်းသောဆင်ကို "ဗန္ဓုလ"ဟုလည်းကောင်း ပေးထားလေ့ရှိ၏။ ဆင်ကောင်ရေများသော်လည်း အမည်မထပ်ပေ။

ကျွန်တော်ကိုယ်တိုင် တာဝန်ယူထားရသော ဆင်ကောင်ရေ ၂၀၀ ကျော်ရှိသည်။ ဆင်အုပ်မှ ဆင်သုံးကောင်၏ အမည်ကို ပေးခဲ့ဖူး၏။ ထိုဆင်သုံးကောင်အနက် အတော်အသင့်ဆိုးသော ဆင်နှစ်ကောင်အား ဟစ်တလာနှင့် မူဆိုလီနီဟု အမည်ပေးထားခဲ့ပြီး ဆင်မတစ်ကောင်၏ အမည်ကိုမူ ကျွန်တော့်ဇနီးအမည်ကိုယူကာ "ခူဆန်မ"ဟု ပေးထားခဲ့၏။ ယခုရေးမည့် "ဖိုးဘန်း"ဟူသောဆင်အား အဘယ်ကြောင့် ထိုအမည်ပေးသည်ကို ကျွန်တော်မသိပါ။

အမှန်အားဖြင့် ရက်စက်ကြမ်းကြုတ်သောလူများ ရှားသကဲ့သို့ ဆိုးသွမ်းကြမ်းကြုတ်သောဆင် လက်ဆစ်ချိုး၍ ရေတွက်ရပါသည်။ သို့သော် တစ်ခါတစ်ရံ သိမ်မွေ့သောဆင်များပင် တောစိတ်ရိုင်းဝင်ဖောက်လာပါက ကြမ်းကြုတ်လေ့ရှိ၏။ "ဖိုးဘန်း"မှာမူ ဆင်တို့သဘာဝအတိုင်း မုံယိုရာမှ စိတ်ရိုင်းဝင်ကာ ဆင်ဆိုးဘဝရောက်သွားရခြင်း ဖြစ်သည်။

"ဖိုးဘန်း"သည် သူ့ဦးစီးနှင့် အခြားတစ်ယောက်ကို နင်းသတ်ခဲ့သည်နှင့် တဖြည်းဖြည်း တောစိတ်ဝင်လာပြီး တောအတွင်း ဝင်သွားတော့၏။ ကျွန်တော် တာဝန်ယူထားရသော ဆင်အုပ်မှ "ဆင်မ"နှစ်ကောင်အားလည်း အစွယ်ဖြင့် ထိုးသတ်ခဲ့သည်သာမက သူမြင်တွေ့သမျှ သူ့အနီးအနားအကြောင်းအမျိုးမျိုးနှင့် ရောက်ရှိသွားသူများအား ရန်မူတိုက်ခိုက်လာတော့၏။ သူ့သတင်းမှာ တောမီးပမာ ပြန့်နှံ့လာရာ တောတွင်း ဆင်ကောက်သွားသော ဆင်ဦးစီးများအတွက် ဘေးအန္တရာယ်တစ်ခု ဖြစ်လာသည်။ သစ်ထုတ်ရေးစခန်းနှင့် နီးသော ကျေးရွာများသို့ ဝင်ရောက်၍ တောင်ယာစိုက်ခင်းများ၊ ယာတောတဲများ၊ လယ်စောင့်တဲများ၊ ငှက်ပျောတောများ၊ စပါးကျီများကိုပါ "ဖိုးဘန်း"သည် ဖျက်ဆီးခဲ့တော့၏။ သို့ဖြစ်၍ ကျေးရွာသူ ကျေးရွာသားများအား ထူးထူးခြားခြား အန္တရာယ်ပေးနိုင်သော အခြေအနေ ရောက်လာခဲ့ရကား ကျွန်တော်သည် မည်သူမဆို "ဖိုးဘန်း"အား ဖမ်းဆီးပေးနိုင်သူအား ဆုငွေ ကျပ် ၃၀၀ (သုံးရာ)ပေးမည်ဟု ကြေညာချက်ထုတ်ခဲ့ရသည်။ ထိုစဉ်က ငွေတန်ဖိုး အတော်မြင့်မားလျက်ရှိ၍ ကျပ်ငွေသုံးရာမှာ အတော်အသင့်များသည်ဟု ဆိုနိုင်ပါသည်။

ထိုသို့ ကြေညာလိုက်ပြီးနောက် ရက်သတ္တပတ် နှစ်ပတ်ခန့်စောင့်ဆိုင်းနေခဲ့သည်။ သို့သော် "ဖိုးဘန်း"အား အရှင်ဖမ်းဆီးနိုင်သူ ပေါ်မလာခဲ့သဖြင့် ကျွန်တော်သည် "ဖိုးဘန်း" အား အသေသတ်ရန် ဆုံးဖြတ်ချက် ချလိုက်ရသည်။ ဆင်ကောက်သူများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ သတင်းပေး

www.burmeseclassic.com

ချက်အရ ဖိုးဘန်းသည် ကျွန်တော်တို့ဆင်စခန်းအနီးရှိ ဆယ်ရွာမှ အဇော်အသင့်ကွာဝေးသော ချိုင့်ဝှမ်းရှိ ဝါးရုံတောများအတွင်း ခိုအောင်းနေသည်ဟု သေသေချာချာ သိထားရ၏။

သို့ဖြစ်၍ ကျွန်တော်နှင့် ကျွန်တော့်သေနတ်ထမ်းတပည့်ဖြစ်သူ မောင်ကျားစိန်တို့သည် ဝန်စည်စလယ်တင်သည့် ဆင်နှစ်ကောင်နှင့်အတူ "ဆယ်ရွာ"ဘက်သို့ "ဖိုးဘန်း"အား ပစ်ခတ်ဖမ်းဆီးရန် ရည်ရွယ်ချက်နှင့် ခရီးထွက်ခဲ့သည်။ ကျွန်တော်သည် "ဖိုးဘန်း"အား အရှင်ဖမ်းနိုင်ရန် စိတ်အားထက်သန်ခဲ့သဖြင့် ကျွန်တော့်နှစ်လုံးပြူးသေနတ်မှ ကျည်တောင့်များကို ယမ်းတစ်ဝက် နုတ်ထားခဲ့သည်။ ထိုကျည်ဆန်နှင့် သူ့ခြေထောက်ကိုပစ်ပြီး သူလဲကျသွားသည်နှင့် အရှင်ဖမ်းနိုင်မည်ဟုလည်း ယူဆထားသည်။ ကျွန်တော်သည် ကိုက် ၁၀၀ အကွာအဝေးကို မလွဲတမ်း ပစ်နိုင်သူဖြစ်ရကား "ဖိုးဘန်း"ကို ဖမ်းဆီးနိုင်ရေးမှာ မလွဲဟု မှတ်ယူထား၏။

ဆုငွေ ၃၀၀ ကျပ် စိုစိုပိုပိုရမည့်ဇော ကပ်နေသော ကျွန်တော့်တပည့် သေနတ်ထမ်းတပည့် ကျားစိန်ကမူ "ဖိုးဘန်း"အား ကျွန်တော်မပစ်မီ သူရှေ့က အလျင်သွား၍ အရှင်ဖမ်းပါရစေဟု ငွတ်တောင်းပန်သဖြင့် ခွင့်ပြုလိုက်ရတော့သည်။ ကျွန်တော်သည် သေနတ်ထမ်းကျားစိန်၏ အရည်အချင်းကို သိပြီးဖြစ်ရကား သူယခုကဲ့သို့ ရဲရဲဝံ့ဝံ့ ကျွန်တော့်ရှေ့ကသွားကာ "ဖိုးဘန်း"ကို အရှင်ဖမ်းခွင့်ပေးမိခြင်းဖြစ်ပါသည်။ သို့သော် အထင်နှင့်အမြင် လွဲခဲ့ရတော့သည်။ နောက်တစ်နေ့ည ၃ နာရီလောက်တွင် ကျွန်တော် ဆယ်ရွာသို့ရောက်လာသည်နှင့် ရွာသားတစ်ယောက် ရွာအတွင်းမှ ပြေးထွက်လာပြီး "ဖိုးဘန်း"ကြီးအား အရှင်ဖမ်းရန် ကြိုးပမ်းသော သေနတ်သမား ကျားစိန်တစ်ယောက် ဖိုးဘန်းလက်ချက်နှင့် အသက်ဆုံးရှာသည့် သတင်းဆိုးအား ပို့တော့၏။

ကျွန်တော်နှင့်ဖိုးဘန်း တွေ့ရပေတော့မည်။ ထိုနေ့ညတွင် ကျွန်တော်တစ်ယောက်တည်း လယ်ကွင်းထဲမှာပင် ညအိပ်ရန် စီစဉ်ခဲ့သည်။ ကျွန်တော် သံယောဇဉ်ရှိသူ သေနတ်ထမ်းကျားစိန်အတွက် လက်စားချေရန် ဆုံးဖြတ်ထားပြီးဖြစ်၏။ ကျွန်တော်သည် မေးကနဲအိပ်ပျော်သွားစဉ် ခပ်လှမ်းလှမ်းမှ သံခြေချင်းတချွင်ချွင်မြည်သံကို ကြားလာရ၏။ ဤခြေချင်းသံ ကြားရခြင်းသည် ကျွန်တော် ကံကောင်းသည်ဟု ဆိုရမည်ဖြစ်၏။ ဖိုးဘန်း၏ ရှေ့ခြေထောက်မှ သံကြိုးတစ်ချောင်းမှ ပြတ်၍ ကျန်ခဲ့သဖြင့် ဤသို့ တချွင်ချွင်မည်နေခြင်းဖြစ်၏။

ထိန်ထိန်သာနေသော လရောင်အောက် ရှေ့ကိုက် ၂၀၀ ခန့်အကွာတွင် စွယ်စုံဆင်ကြီး ဖိုးဘန်းကို မြင်လိုက်ရတော့သည်။ သူကြည့်ရသည်မှာ အနံ့တစ်စုံတစ်ရာရသဖြင့် နှာမောင်းကြီးကိုမြှောက်၍ ကျွန်တော်ရှိရာသို့ တိုးလာနေသည်ကို မြင်ရတော့၏။ သို့သော် ဖိုးဘန်းသည် မည်သို့စိတ်ကူးသည်မသိ သံကြိုးသံပေးကာ ထွက်သွားပြန်၏။

အရဏ်တက်တွင်မူ ရွာသား ၂၀ ခန့်အား ဖိုးဘန်းနောက် ခြေရာခံလိုက်၍ ကျွန်တော့်ဘက်သို့တိုးလာရန် တောခြောက်ပေးဖို့ စီစဉ်ကြရတော့သည်။ တောချောက်သူများလက်တွင်ပါသွားသော ပြောင်ချောသေနတ်များဖြင့် ပစ်ခတ်မှုကို ဖိုးဘန်းသည် အန်တုရန် ပြင်ဆင်နေရာမှ ရုတ်တရက်စိတ်ပြောင်းကာ ကျွန်တော့်ရှေ့တည့်တည့်သို့ ဦးတည်လာနေတော့၏။ ကျွန်တော်သည် ဒူးထောက်၍ အသင့်ကိုင်ထားသောသေနတ်ဖြင့် ဖိုးဘန်း၏ခြေထောက်ကို ပစ်လိုက်ရာ သူ့ခြေထောက်မြှောက်လိုက်သဖြင့် ကျည်ဆန်လွဲသွားတော့၏။

ဖိုးဘန်းသည် တုံ့ခနဲရပ်၍ ကျွန်တော့်ဘက် ပြေး ခဲ့တော့၏။ ကျွန်တော့်လက်ရှိ နှစ်လုံးပြူးသေနတ်အား ကျည်သစ်လဲချိန်မရတော့။ ယမ်းအားပြည့်ထည့်ထားသော ကျည်တောင့်တစ်တောင့်သာ ကျန်တော့ရာ ကျွန်တော့်ရှေ့ ၂ ကိုက်အကွာတွင် ရောက်လာသော ဖိုးဘန်း၏ရင်ဘတ်ပစ်ခတ်လိုက်သည်နှင့် ဖိုးဘန်း ဦးခေါင်းစိုက်ကျပြီး ပုံကျ ကာ ဇာတ်သိမ်းခဲ့တော့၏။

လှမိုး(ပညာရေး)


ကျမ်းကိုး

Elephant Bill By J.H. William



www.burmeseclassic.com

www.burmeseclassic.com



# ပြည်တွင်းပြည်ပ စိတ်ညာဉ်လောက ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

**လွန်ဘဝနှင့် အယူအဆများ**

မြန်မာလူမျိုးအများစုသည်၊ နောင်တမလွန်ဘဝရှိ င်း ယုံကြည်ကြသည်။ လက်ရှိဘဝ ဆင်းရဲချမ်းသာမှု သည် ရှေးဘဝအဆက်ဆက်ကပြုခဲ့သော ကောင်းကျိုး ျိုးမှုသာ ဖြစ်သည်ဟု ယူဆသကဲ့သို့ ယခုဘဝ၏ င်မှု၊ ဆိုးမှုများကိုလည်း နောင်လာမည့်ဘဝတွင် ည်ဟု ယူဆကြသည်။ ဤအယူအဆနှင့် ကွဲပြားခြား နားမှု မရှိလှသော အခြားလူမျိုးစုတို့၏ အယူအဆအချို့ကို တင်ပြပါမည်။

အင်ဒိုနီးရှားကျွန်းစုရှိ ဘာလီကျွန်းသားတို့သည် လူ တစ်ဦးသေဆုံးသည့်အခါ အခမ်းအနားတစ်ခုသဖွယ် ရောင်စုံ စက္ကူများ၊ ရုပ်ပုံကားချပ်များနှင့် တန်ဆာဆင်မွမ်းမံပြင်ဆင် ထားလေ့ရှိသည်။ သဘောမှာ နောက်ဘဝသို့ မရောက်ဘဲ စပ်ကြား၌ လူပြည်ထက်ကောင်းမွန်သည့်နေရာတွင် နေထိုင်



www.burmeseclassic.com

www.burmeseclassic.com

နိုင်ရန်အလို့ငှာ ပြင်ဆင်ပေးလိုက်ခြင်းဖြစ်သဖြင့် ၄ လူတစ်ယောက်သေဆုံးခြင်းသည် ဝမ်းနည်းစရာမဟုတ်ဘဲ ဝမ်းသာစရာပင်ဖြစ်သည်ဟူ၏။

ဗီဂျီကျွန်းသားများကမူ ယခုဘဝတွင် ကောင်းမွန်စွာမနေထိုင်နိုင်ဘဲ ခုစရိုက်မှုများကိုသာ ကျူးလွန်နေပါက နောင်ဘဝတွင် လူအဖြစ်သို့ ပြန်လည်မရရှိတော့ဘဲ တိရစ္ဆာန်ဘဝသို့ ရောက်ရှိသွားတတ်သည်ဟု ယုံကြည်ကြသည်။

အာဖရိကတိုက် ဇင်ဘာဘွေနိုင်ငံမှ လူမျိုးစုတစ်စု၏ အယူဝါဒအရ သူတို့သည် တိရစ္ဆာန်များဘဝမှလာကြသည်ဟု မှတ်ယူကြလေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ အမဲလိုက်စွမ်းရည်၊ သားကောင်ထောင်ဖမ်းတတ်သည့် ပညာရပ်တို့သည် ယခင်တိရစ္ဆာန်ဘဝကတည်းက အလေ့အကျင့်ရှိပြီးသားအပေါ် မူတည်ခြင်းကြောင့်ဖြစ်သည်ဟူ၏။ အများအားဖြင့် ခြင်္သေ့၊ ကျား၊ ကျားသစ်၊ ဆင်၊ မြွေခွေး အစရှိသည့် တိရစ္ဆာန်တို့၏ အသိဉာဏ်စွမ်းရည်မျိုးကို ပိုင်ဆိုင်ကြလေ့ရှိသည်ဟု ယုံကြည်ကြလေသည်။

တောင်ပစိဖိတ်သမုဒ္ဒရာရှိ ကယ်လာဒွန်နီးယားကျွန်းမှ လူမျိုးစု၏အယူအဆမှာ ပို၍ပင် နစ်လိုဖွယ်ကောင်းသေးသည်။ အကယ်၍ တစ်ပါးသူထံမှ ငွေချေးထားပြီး ပြန်လည်မဆပ်နိုင်ဘဲ သေဆုံးသွားပါက တမလွန်ဘဝတွင် လူ့ဘဝသို့ ပြန်လည်ရောက်ရှိလာခြင်းမရှိတော့ဟု ပြောဆိုကြလေသည်။

ထို့ကြောင့် မကျန်းမမာဖြစ်နေလျှင်သော်လည်းကောင်း၊ အသက်ကြီးလာ၍သော်လည်းကောင်း အသက်သေးနှင့်နီးနေကြောင်း ထင်မြင်ယူဆလာသည်နှင့် မိမိအပေါ်တင်ရှိနေသော အကြွေးများကို အကျေဆပ်ကြသည်ဟူ၏။

ရှေးအီဂျစ်လူမျိုးများ၏ ယူဆပုံမှာ တစ်ဘာသာပင်။ သူတို့သည် သေလွန်ပြီးသည့်နောက် နှစ်ပေါင်း ၃၀၀၀ အတွင်း၌ တိရစ္ဆာန်ဘဝ၊ ငါးဘဝ၊ ငှက်ဘဝ စသည်တို့တွင် အဖန်တလဲလဲ ဝင်စားပြီးမှ လူ့ဘဝကို ပြန်လည်ရရှိသည်ဟု ယုံကြည်ကြသည်။

အာဖရိကလူမျိုးစုအချို့ကမူ လူတစ်ယောက်သေဆုံးသော် သူ၏မိသားစုအတွင်းမှာပင် ပြန်လည်ဝင်စားသည်ဟု အယူရှိသဖြင့် ကလေးတစ်ယောက် မွေးဖွားသည်ဆိုသည်နှင့် ဆွေမျိုးထဲမှ သွားလေသူ မည်သူမည်ဝါနှင့်တူသည်ဟူသည့် အချက်ကို အလုပ်တစ်ခုအနေနှင့် ဝေဖန်ပြောဆိုကြလေသည်။ ထို့ပြင် ကပ္ပလီလူမျိုးစုတစ်စုအဖို့ သားယောက်ျားကလေးမွေးဖွားသည်နှင့် "ဘာဘာတွန်းဒ်"ဟု ခေါ်လေ့ရှိကြ၏။ အဓိပ္ပာယ်မှာ "ဖေဖေပြန်လာပြီ"ဟူသည့် သဘောဖြစ်သည်။ ဆွေမျိုးအုပ်စုထဲမှ ယောက်ျားပြန်လာသည်ဟူသည့် ယုံကြည်ချက်ကြောင့် ယခုကဲ့သို့ ခေါ်ခြင်းဖြစ်လေသည်။

ဘော်နီယိုကျွန်းမှ ဒါရပ်လူမျိုးများ၏ ယူဆချက်အရတို့သည် ယောက်ျားတစ်လုညှ်၊ မိန်းမတစ်လုညှ် လူ့ဘဝတွင် ပြန်လည်ဝင်စားကြသည်ဟု ယူဆလေသည်။

ဩစတြေးလျမှ အဘော်ရင်ဂျီးနီးလူရိုင်းများသည် သူတို့သေလျှင် သေသည်၏အခြား၌ လူဖြူလူမျိုးအဖြစ်နှင့် ပြန်ဝင်စားသည်ဟု စွဲစွဲမြဲမြဲ ယုံကြည်ကြ၏။ ထို့ကြောင့် အသတ်ခံရမည့်ဆဲဆဲမှာပင် လူရိုင်းတစ်ဦးသည် ပျော်ရွှင်စွာနှင့်ပင် "ငါ လူဖြူဘဝကို ကူးပြောင်းရတော့မည်ပေါ့။ သိပ်ပျော်စရာကောင်းတယ်"ဟူ၍ ကြဲကြဲဖန်ဖန် မြည်တမ်းပြီး သေပွဲဝင်လေသည်။

အမေရိကန် လူနီရိုင်းများ၏ အယူမှာ လူ့ဘဝသို့ ရောက်ရန် ဘဝပေါင်းအဆင့်ဆင့်မှ ကူးပြောင်းလာရသည်ဟု ယူဆကြ၏။ ပထမတွင် ကျောက်ခဲကဲ့သို့ သက်မဲ့ဘဝနောက် အပင်များ၊ ထိုမှ ငါး၊ ငှက် စသည့် ဘဝများသို့ ကူးပြောင်းပြီး တစ်ဖန် တောင်ခြသေ့်၊ ဝက်ဝံတို့ကဲ့သို့ ရဲရင့်သော သတ္တဝါများဘဝသို့ အဆင့်များစွာ ကူးပြောင်းသွားသည်။ ပြီးမှ လူ့ဘဝသို့ ပြန်လည်ရရှိသည်ဟု ယုံကြည်ကြသည်။

ထို့ကြောင့် လူမျိုးစုတစ်ခုအနေဖြင့်သော်လည်းကောင်း၊ ဘာသာတစ်ခုကို သက်ဝင်ယုံကြည်သူအဖြစ်နှင့်သော်လည်းကောင်း၊ နောင်တမလွန်ဘဝရှိသည်ဟူသည့် ယူဆချက်သည် အများစု၏ ယုံကြည်ချက်တစ်ခုအဖြစ် ရပ်တည်လျက်ရှိလေသည်။

လှတိုး(စိတ်ပညာ)



www.burmeseclassic.com

www.burmeseclassic.com


## သာသနာ့လင်္ကာရ သုံးထပ်သိမ်ကျောင်းတော်ကြီးအား လှူဒါန်းနိုင်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၂)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ ရွှေလင်ပန်းချောင်းအနီးရှိ လောကာလင်္ကာရကျောင်းတိုက်ကြီးအတွင်း၌ ဆောက်လုပ်လျက်ရှိသော "သာသနာ့လင်္ကာရ သုံးထပ်သိမ်ကျောင်းတော်ကြီး" အတွက် အလှူငွေများ လှူဒါန်းလိုပါလျှင် -

ဆရာတော် အရှင်ဉာဏဝရ(သာပေါင်း)၊ မွှာစရိယ၊ နယ်လှည့်သာသနာပြု မွှကထိက

(ဖုန်း-၀၉-၄၉၃၀၇၉၅၊ ၀၉-၃၁၃၀၃၇၅၆၊ ၀၉-၇၉၀၅၆၉၉၄၇)

ဦးတင်ဦး (ဖုန်း-၀၉-၃၂၂၀၆၆၉၄၊ ၀၉-၃၁၉၃၂၇၉၆)

ဦးထွန်းလှိုင် (ဖုန်း-၀၉-၄၂၀၂၈၃၂၇၊ ၀၉-၂၅၀၁၄၇၃၅၉) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ဘုရားခန်း တစ်ခန်းလျှင် ၁၀ ပေ၊ ပေ ၂၀ | သိန်း(၃၀) | ကျောက်ကား (၁)စီး | ၁၂၀၀၀၀ ကျပ် |
| ကျောင်းခန်း တစ်ခန်းလျှင် ၁၀ ပေ၊ ပေ ၂၀ | သိန်း(၃၀) | သဲကား (၁)စီး | ၂၅၀၀၀ ကျပ် |
| ကုဋီ ရေချိုးခန်း (၁)စုံလျှင် | (၁၅)သိန်း | အုတ် (၁၀၀) | ၁၅၀၀၀ ကျပ် |
| အပေါ်ထပ်လှေကား | (၁၅)သိန်း | ဘိလပ်မြေ (၁၀)အိတ် | ၆၅၀၀၀ ကျပ် |



## ဂမ္ဘီရ ဆရာလှမျိုး(B.Sc) ၏

- လူတိုင်းအတွက် ကိန်းဂဏန်းဗေဒင်နှင့် အဆောင်ယတြာများ။
- ခုနစ်နေ့ ခုနစ်နံ ကံပွင့် လာဘ်ပွင့် အဓိဋ္ဌာန်နှင့် ကံကောင်းအောင်မြင်ယတြာများ။
- ကံပွင့် လာဘ်ပွင့် ဂါထာမန္တန်များ။

ထွက်ပြီ

ဖြန့်ချိရေး - စာပေနန်းတော်

ဖုန်း - ၀၉-၂၆၀၂၄၅၂၂၄၊ ၀၉-၇၃၁၄၀၉၃၄၊ ၀၉-၇၃၁၄၀၉၃၆


www.burmeseclassic.com

www.burmeseclassic.com

မာယာဂ္ဂဒွိဗီနှင့်
ကျောက်စိမ်းရုပ် အရုပ်ပြကော်ယုံ [၂]

# မောင်ယဉ်မွန်

( မောင်နေခြည် )

■ ယခင်လမှအဆက်




www.burmeseclassic.com

www.burmeseclassic.com

# မာယာဒေဝီ နှင့် ကျောက်စိမ်းရုပ် အရုပ်တော်ပုံ (၂)

မောင်ယဉ်မွန်(မောဝ်နေ့ခြည်)

(ယ ခင်/လ မှ အ ဆက်)

လှေသမားကြီး ပဲ့မှာထိုင်၍ နန္ဒိသေနရှေ့မှ လှော်ရသည်။ ပထမ အခေါက်တွင် လူကြီးများ လိုက်ပါ သွားကြသည်။ ကလေးများက လှေစီးရတော့မည်မို့ ပျော်ရွှင်နေကြ သည်။

ဒုတိယ-တတိယ အခေါက် တွင် ကလေးများ လိုက်ပါသွားကြ သည်။ ဓဇရာဇာ နောက်ဆုံး အခေါက် လိုက်ပါလျှင် ရပါလျက် မလိုက်နိုင်ခဲ့ပေ။ မာယာဒေဝီနှင့် သုဇိလ၊ သုန္ဒရတို့အား မျှော်နေရ သည်။

"ဓဇရာဇာ. . လှေပေါ်တက်လေ သွားကြမယ်"

ဟု နန္ဒိသေနက ခေါ်သည်။

"သွားလို့မဖြစ်သေးဘူး နန္ဒိ သေန၊ ဟိုသုံးယောက်ကို စောင့်ရဦး မယ်။ ဘယ်လိုအခက်ခဲရှိရှိ သူတို့ လိုက်လာကြမှာ သေချာတယ်။ ဒီတော့ လှေဆရာကြီး ခင်ဗျားကို ရတနာတွေ ထပ်ပေးပါ့မယ်၊ ကျုပ်လူ တွေကို ဟူးကောင်း တောင်ထိပ် အရောက် ခေါ်သွားပေးပါ၊ တောင် ထိပ်မှာ စိမ့်ရေတွင်းရှိတယ်၊ အဲဒီစိမ့် ရေတွင်းကနေ ကျုပ်တို့ လာသည် အထိ စောင့်ပေးပါ"

လှေသမားကြီးသည် အတန် ကြာ စဉ်းစားပြီးမှ ရတနာတွေ နောက်ထပ်ရဦးမည်ဟု ဆိုသဖြင့် လိုက်ပို့ရန် သဘောတူသည်။ နန္ဒိ သေနသည် လှေသမားကြီးအား တစ်ဖက်ကမ်းပို့ရင်း သူ့လူများအား ထိုလှေသမားကြီးနှင့် လိုက်သွားကြ ရန် မှာကြားပြီးမှ ဓဇရာဇာ ရှိရာ အနောက်ဘက်ကမ်းသို့ ပြန်၍ လှေ ကို လှော်ခတ်ခဲ့ပြန်သည်။

ဓဇရာဇာ မြစ်ကမ်းထိပ် ကုန်း မြင့်တက်ကာ မာယာဒေဝီတို့ အလာ ကို စောင့်မျှော်နေခိုက် အနောက် ခင်တန်းဘက်မှ ပြေးလွှားလာသော မြင်းနှစ်ကောင်ကို မြင်ရသည်။ ထို မြင်းနှစ်ကောင်သည် သုဇိလတို့ စီးလာသော မြင်းများဖြစ်မည်ဟု တွက်ဆနေခိုက် သူတို့နောက်မှ လိုက်ပါလာကြသော မြင်းတပ်ကြီး ကိုပါ မြင်လိုက်ရသဖြင့် ဓဇရာဇာ ရင်ထိတ်သွားသည်။

"နန္ဒိသေန လှေကို အသင့်ပြင် ထား သူတို့နောက်မှာ ရန်သူတွေ ပါလာတယ်"

နန္ဒိသေနသည် လှေကို အသင့် ထွက်နိုင်ရန် ပြင်ဆင်နေခိုက် သုဇိလ တို့ ရေဆိပ်သို့ ရောက်လာကြသည်။

"သုဇိလ. . . မြန်မြန်ဆင်း. . . မာယာ. . ခုန်ချလိုက် နောက်မှာ ရန်သူတွေ ပါတယ်"

သုန္ဒရက အလျင်စလို သတိ ပေးရင်း မြင်းပေါ်မှ ခုန်ဆင်း၍ လှေ ပေါ်သို့ ပြေးတက်လိုက်သည်။ သုဇိလ သည် မြင်းပေါ်မှ ခုန်ဆင်းပြီး လဲကျ သွားသော မာယာဒေဝီအား လက်တွဲ ခေါ်ယူ၍ လှေပေါ်သို့ ပြေးတက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"နန္ဒိသေန အမြန်လှော်တော့"

ဓဇရာဇာ၏ အသံဆုံးသည်နှင့် နန္ဒိသေနသည် လှေတက်ဖြင့် ကမ်းစပ်ကိုထိုး၍ အားစိုက်လှော်ခတ်သည်။ သုန္ဒရလည်း လှေဦးသို့ ပြေးထိုင်၍ လှော်တက်ကိုင်ကာ လှော်ခတ်သည်။

ဆိပ်ကမ်းသို့ ရောက်လာကြသော ရန်သူများသည် မြင်းပေါ်မှ ခုန်ဆင်း၍ လှေရှိရာသို့ ချိန်ရွယ်လျက် မြားများစေလွှတ်နေကြသည်။ သို့သော် အလှမ်းကွာသဖြင့် မြားတို့က သူတို့၏ နောက်မှာသာ ကျန်ရစ်သည်။

သုဇိလသည် ရန်သူများလက်မှ လွတ်လာ၍ အပျော်ကြီးပျော်ကာ ရန်သူတော်များအား လက်ရမ်းပြလျက် နှုတ်ဆက်လို့ပင်နေသည်။ မာယာဒေဝီမှာ မြင်းပေါ်က ဆင်းစဉ်က အနည်းငယ် ထိခိုက်သွားသဖြင့် သူမ၏ ခြေတံကောက်ကွေးအား တံတွေးဖြင့် နှိပ်နေသည်။

"လှေအဆင်း မြင်းအတက်တဲ့ ဖြည်းဖြည်းဆင်းကြပါ"

အရှေ့ကမ်းရောက်သည်နှင့် ဓဇရာဇာက သတိပေးလိုက်သည်။

"ဓဇရာဇာ ခင်ဗျားရဲ့ စကားပုံ ဒီနေ့တော့ မှားပြီဗျ"

ဟု သုဇိလက ပြန်ပြောသည်။

"ဘာကြောင့် ငါ့စကားပုံ မှားတယ်လို့ ပြောရတာလဲ သုဇိလ"

"ခင်ဗျားစကားပုံက လှေအဆင်း မြင်းအတက်ဆို၊ ဟိုမှာ မာယာဒေဝီကျတော့ မြင်းအဆင်း လှေအတက် ဖြစ်သွားလို့ အခက်ကြုံနေရပြီလေ"

အားလုံး သောကတွေ မေ့ပျောက်ကာ ဝါး. . . ဟု ရယ်ချလိုက်ကြသည်။ မပြုံးရယ်နိုင်သူကတော့ မာယာဒေဝီ တစ်ဦးသာ ရှိပေ၏။ မာယာဒေဝီသည် လှေနံနှစ်ဖက်ကို အားပြု၍ ထသော်လည်း ခြေမျက်သွားသဖြင့် ကောင်းကောင်းမထနိုင်။ ထိုအခါ ဓဇရာဇာသည် မာယာဒေဝီ အနီးသွား၍ ဖေးကူပေးလိုက်သည်။ ထိုစဉ် မာယာဒေဝီသည် ကော့မျက်တောင်လေးများ လှုပ်ယမ်းလျက် ဝမ်းမြောက်စွာ ကျေးဇူးတင်ကြောင်း ဖော်ပြနေသည်။

"အားလုံး ပြီးရင်သွားကြမယ်၊ နန္ဒိသေန လှေကို ရေထဲမြှုပ်လိုက်၊ ဒါမှ သူတို့ လုံးဝလိုက်မလာနိုင်မှာ"

ဟု ဓဇရာဇာက စေခိုင်းသည်။

"ကျွန်မ လမ်းကောင်းကောင်း လျှောက်လို့မရဘူး"

ဟု မာယာဒေဝီက ပြောသည်။

"တို့ တွဲကူမှာပေါ့ မာယာရယ်၊ မင်းလေး ကျေနပ်တယ်မဟုတ်လား"

ဟု နှစ်ကိုယ်ကြား ပြောလိုက်ရာ မာယာဒေဝီ နှစ်သက်ဖွယ် အပြုံးပန်းပန်ဆင်လျက် ခေါင်းညိတ်လက်ခံလိုက်သည်။

လမ်းမှာ လူသွားလမ်းမျှသာ ဖြစ်သည်။ တောတောင်ထူလှသဖြင့် နေပြောက်ပင် မထိုးပေ။ လမ်းဘေး ဝဲယာတွင် ကိုင်းညွတ်ကျနေသော ဝါးကိုင်းများကြောင့် တစ်ခါတစ်ခါ ခါးကိုင်း၍ လျှောက်ရသည်။

ရင်ခတ်ပန်းရနံ့၊ အင်ကြင်းပန်းရနံ့၊ တောင်ဇလပ်ပန်းရနံ့တို့ကြောင့် မောရပန်းရမှန်း မသိအောင် စိတ်ရွှင်လန်းကြရသည်။

လွင်ပြင်ထီးထီးနေရာဟူ၍ မရှိ။ အင်၊ ကညင်၊ သစ်ရာ၊ ပျဉ်းကတိုး စသော သစ်ပင်ကြီးများက တစ်တောလုံး တစ်တောင်လုံးအား ထီးကဲ့သို့ အုပ်မိုး၍ထားသည်။

"ဖြည်းဖြည်းလျှောက်ပါ ရာဇာရယ်၊ ကျွန်မ ခြေအရမ်းနာနေတယ်"

ဓဇရာဇာသည် မာယာဒေဝီအားကြည့်၍ သနားမိသည်။ ငယ်ရွယ်နုပျိုစဉ်မှစ၍ ရွှေနန်းပြင်သို့ မထွက်ခဲ့ဖူးသူလေးဟုလည်း တွေးလျက် အကြင်နာပွားနေမိသည်။

"မာယာ. . . တို့တွေ ဒီမှာ ခဏနားကြမယ်နော်၊ ဒီသစ်တုံးပေါ် ထိုင်လိုက်ပါ"

ဓဇရာဇာသည် မာယာဒေဝီလေးအား ယုယစွာ လက်တွဲလျက် သစ်တုံးကြီးပေါ်တွင် ထိုင်၍နားရန် နေရာပေးလိုက်သည်။ မာယာဒေဝီသည် ဖေးကူပေးသော ဓဇရာဇာ၏ လက်ကို အသာအယာ ကိုင်တွယ်၍

"ရာဇာ. . အဖေ၊ အမေတို့ဟာ လောကအလယ်မှာ စိတ်ချလက်ချ ထားရစ်ခဲ့ပြီး သူတို့ကတော့ သ



www.burmeseclassic.com

www.burmeseclassic.com

ဘုံကို တက်သွားကြပြီ။ အဖေ၊ အမေတို့ မရှိတော့တာနဲ့ဘဲ မိဘချင်း ထားခဲ့ကြတဲ့ ကတိတွေလည်း လေမှာ ပျံ့လွင့်ပျောက်ပျက်သွားပြီလား ရာဇာရယ် "

မှန်ပါသည်။ ဇေရာဇာ၏ မိဘများနှင့် မာယာဒေဝီ၏ မိဘများ သက်ရှိထင်ရှား ရှိခဲ့စဉ်ကပင် သူတို့နှစ်ဦး အချိန်တန် အရွယ်ရောက်လျှင် လက်ထပ်ပေးကြမည်ဟု ကတိစကား ရှိခဲ့ဖူးသည်။ သို့သော် ယခုချိန်ခါတွင် နှစ်ဖက်မိဘများလည်း ဆုံးပါးသွားပြီဖြစ်၍ ကတိစကားများမှာလည်း လေမှာ ပျံ့လွင့် ပျောက်ကွယ်ကြရပေတော့မည်။

"မဟုတ်သေးဘူး မာယာ၊ သွားလေသူ မိဘများက တို့ကို ဗြဟ္မာပြည်ကနေ စောင့်ကြည့်နေကြမှာပါ။ ဒီတော့ သွားလေသူ မိဘများကို လေးစားသမှုပြုပြီး မင်းကို တို့ လက်ထပ်ပါရစေ"

ဟု ဇေရာဇာ ပြောလိုက်သည်။

မာယာဒေဝီက ဇေရာအား ငိုက်၍ အတန်ကြာထိကြည့်ပြီး သူမ၏ ကော့မျက်တောင်များ တစ်ခတ် ပုတ်ခတ် လုပ်လိုက်သလို သူမ၏ နှုတ်ခမ်းများကလည်း အနည်းငယ်တွန့်၍ မျက်နှာကို တစ်ဖက်လှည့်လိုက်လေ၏ ။

"မာယာ တို့ပြောတာ ပြန်ဖြေဦးလေ"

"ရှင် ဘာပြောလိုက်လို့လဲ"

"မင်းကို တို့ လက်ထပ်ပါရစေလို့"

"ရှင့်ရဲ့အပြောက ရှင့်ဆန္ဒ မပါဘူး၊ သွားလေသူ မိဘများ တမလွန်မှာ စိတ်ချမ်းသာပါစေတော့ဆိုတဲ့ အနေနဲ့ ရှင် မာယာကို လက်ထပ်ခွင့်တောင်းတာပါ၊ ဒါကို မာယာ လက်မခံနိုင်ပါဘူး ရာဇာ"

ဇေရာဇာသည် မာယာဒေဝီထံမှ ထင်မှတ်မထားသော စကားကြားလိုက်ရသဖြင့် စိတ်ဆိုးဝမ်းနည်း ပျာပျာသလဲဖြစ်ကာ မာယာဒေဝီ၏ လက်ကိုကိုင်၍. . .

"မဟုတ်ဘူး မာယာ၊ တို့ စကားပြော လောသွားလို့ပါ၊ အမှန်အတိုင်း ပြောရရင် တို့ တစ်လမ်းလုံး စိတ်ပူခဲ့ရတာပါ။ မင်းက မြောက်ဉယျာဉ်တော် ရောက်ပြီးမှ ပျောက်ချင်းမလှ ပျောက်သွားတော့ တို့မှာ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိဘူး။ ဒါနဲ့ သုန္ဒရကို လွှတ်ပြီး မင်းကို ရှာခိုင်းခဲ့ရတာပေါ့။ မင်း အဲဒီညက တို့ကို ပစ်ခွာပြီး ဘယ်တွေ သွားနေတာလည်း မာယာရယ်"

"ရာဇာ. . . ရှင်ဟာ ဒီအဖွဲ့ရဲ့ ခေါင်းဆောင်ပါ၊ မဟာနာမ မင်းကြီးကိုယ်တိုင် ရှင့်ကို စကြာတံဆိပ်တော် အပ်နှင်းပေးခဲ့တာပါ။ ဒါပေမဲ့ ရှင့်ရဲ့ ဆုံးဖြတ်ချက်တွေက တစ်ခါ တစ်ခါ ဖြစ်ချင်ဇောနဲ့ လွဲမှားနေတယ်။ အဲဒီညက ရှင် သုဇိလကို ထားခဲ့ပြီ ကပိလသတင်း အရယူခိုင်းတယ်။ သုဇိလဟာ ခုမှ အသက်(၁၄)နှစ် အရွယ် ကလေးသူငယ်ပါ။ အမှန်တော့ နန္ဒိသေနတို့၊ သုန္ဒရတို့၊ လွှတ်သင့်တယ်၊ သူတို့က အရွယ်ရောက်နေကြပြီလေ"

မာယာဒေဝီ ပြောသည်မှာ အားလုံးမှန်ပါသည်။ သုဇိလ မင်းသားငယ်သည် ယခုမှ သက်တော် (၁၄)နှစ်အရွယ် ရှိပေသေးသည်။ နန္ဒိသေနနှင့် သုန္ဒရမင်းသားတို့မှာ သက်တော်(၁၆)နှစ်အရွယ် ရှိပြီဖြစ်သည်။ မာယာဒေဝီ၏ အသက်ကလည်း ယခုမှ (၁၅)နှစ်မျှသာ ရှိသေး၏။ ဇေရာဇာမင်းသားမှာ သက်တော်(၁၈)နှစ် ရှိ၍ သူတို့တွေက ဇေရာဇာအား ခေါင်းဆောင်အဖြစ် တာဝန်ပေးခြင်းလည်း ဖြစ်နိုင်သည်။

"ဒါနဲ့ သုဇိလကို စိတ်မချလို့ မာယာလိုက်သွားတာပါ။ ရှင့်ကို ခွင့်တောင်းရင်လည်း ခွင့်ပြုမှာမဟုတ်လို့ ခွင့်မတောင်းခဲ့တဲ့အတွက် တောင်းပန်ပါတယ်"

မာယာဒေဝီ၏ စကားဆုံးသည်နှင့် ဇေရာဇာသည် ခေါင်းညိတ်လျက်. . .

"ခွင့်လွှတ်ပြီးသားပါ မာယာရယ် ထားပါတော့။ ဒါနဲ့ အဲဒီညက မာယာ ရွှေနန်းတော်အထိ ရောက်ခဲ့သလား၊ မင်း တွေ့ကြုံခဲ့သမျှ ပြောပြပါလား"

မာယာဒေဝီ မျက်တောင်လေး မေးစင်းလျက် ထိုနေ့က အဖြစ်



www.burmeseclassic.com

www.burmeseclassic.com

အပျက်များမှ သူသိသမျှ ပြောပြရှာသည်။

"မာယာ ရောက်သွားတော့ ဝိဋ္ဋူဍဘမင်း ထိုင်နေရာက ထရပ်ပြီး သာကီဝင်တွေအားလုံး သက်စေလို့ အမိန့်ပေးလိုက်တယ်။ ဒီတော့မှ ငြိမ်သက်နေကြတဲ့ နှစ်ဖက်စစ်သည်တွေ လှုပ်လှုပ်ရှားရှား ဖြစ်လာကြပြီး ပစ်ကြခတ်ကြ၊ ခုတ်ကြ၊ သတ်ကြတော့တာပေါ့။ မာယာလည်း ရှေ့မတိုးသာလို့ အကွယ်မှ ရပ်နေရတယ်။ မကြာပါဘူး။ ရွှေနန်းတော်ကြီး မီးလောင်တော့ သုဇိလစစ်ပွဲအတွင်းက နေ ပြေးထွက်လာတယ်။ သုဇိလ မာယာနား ရောက်တာနဲ့ မာယာ သူ့လက်ကိုဆွဲပြီး ခြေဦးတည့်ရာ ပြေးခဲ့တယ်"

"ဒါနဲ့ ရန်သူနှစ်ဦး လိုက်လာတယ် ဆိုပါတော့"

"မဟုတ်သေးဘူး၊ မာယာတို့ ရွှေနန်းတော်က ထွက်လာကြတော့ ဘာရန်သူမှ လမ်းမှာမတွေ့သေးဘူး။ အချိန်အတော်ကြာ သွားမိမှ လမ်းမှာ မြင်းသည်တော်နှစ်ဦးနဲ့ မထင်မှတ်ဘဲ သွားတွေ့တာ၊ မာယာကတော့ သေပြီလို့ကို တွက်ထားတာ၊ ကံကောင်းချင်တော့ သုန္ဒရ ရောက်လာတာနဲ့ သုံးယောက်ပေါင်းပြီး အနိုင်ယူလိုက်နိုင်ကြတယ်"

"ဒါတွေ ထားလိုက်ပါတော့၊ စောစောက ပြောခဲ့တဲ့စကား ဆက်ကြရအောင်"

"ဘာစကားလဲ"

"တို့ကို လက်ထပ်ခွင့်ပေးပါ ဆိုတဲ့ စကားလေ"

"မာယာ ခေါင်းညိတ်ရင် ရှင် ချက်ချင်းလက်ထပ်မှာလား"

ဓဇရာဇာ တွေဝေသွားရပြန်သည်။ ထိုမေးခွန်းကို မာယာဒေဝီ မေးသင့်ပါ၏။ မေးလည်း မေးထိုက်သည်။ ယခုအချိန်တွင် လက်ထပ်ရန် မဆိုထားနှင့်၊ သူတို့ကိုယ်တိုင်ပင် အိုးပစ်အိမ်ပစ် ထွက်ခွာ၍ လာခဲ့ကြရာ ဘယ်ကမ်းဘယ်သောင် ဆိုက်မည် မသိနိုင်ပေ။

"သွားကြစို့ မာယာ ရှေ့ကလူတွေ တို့ကို မျှော်နေတော့မယ်"

"မာယာမေးတာ ဖြေဦးလေ"

"လာပါ မာယာရယ်. , လမ်းသွားရင်း ပြောကြတာပေါ့"

ဟု ဆိုကာ မာယာဒေဝီအား အလွယ်တကူ ထနိုင်ရန် ဖေးကူမ၍ ပေးလိုက်သည်။ မာယာဒေဝီမှာလည်း မသွားမဖြစ်သော ခရီးမို့ ပင်ပန်းနွမ်းနယ်သည့်ကြားမှ တစ်လှမ်းချင်း လှမ်းရပေတော့သည်။

□

ထိုည စမ်းရေအိုင်အနီးတွင် အိပ်ကြသည်။ ရှေ့ဆက်သွားပါက ရေအတွက် အခက်အခဲ တွေ့နိုင်သည်။ ထို့ပြင် ယခုထက် တောနက်ပါက သားရဲတိရစ္ဆာန်များလည်း တွေ့နိုင်သည်။ ဓဇရာဇာသည် မာယာဒေဝီ ညအိပ်စက်ရန်အတွက် သစ်ခက်တဲလေး ထိုးနေခိုက် လှေသမားကြီး သူတို့အနီးသို့ ရောက်လာသည်။

"မင်းသား ကျုပ် ပြန်တော့မယ်၊ ပေးမယ်ဆိုတဲ့ ရတနာတွေ ပေးပါတော့"

ဟု တောင်းဆိုလာသည်။

"ခြောက် ပြန်တော့မှာလား၊ တစ်ခုတော့ သတိပေးပါရစေ၊ ရန်သူတွေ ခင်ဗျားတို့ ဆိပ်ကမ်းမှာ စောင့်နေကြတယ်။ ကျုပ်တို့ကို ဒီဘက်ကမ်း ပို့ပေးတာ ခင်ဗျားလှေဆိုတာ သူတို့သိရင် ခင်ဗျားကို သူတို့ ဘာလုပ်မယ် ထင်သလဲ"

ဟု ဓဇရာဇာက ပြောလိုက်သည်နှင့် လှေသမားကြီး မျက်စိမျက်နှာပျက်လျက် ကြောက်ဒူးများ တုန်လာသည်။

"မင်းသား ကျုပ်ရွာပြန်သွားရင် သူတို့ ကျုပ်ကို သတ်မှာပေါ့"

"ဒီတော့ ခင်ဗျား ဘာဆက်လုပ်မှာလဲ၊ ကြိုက်သလို ဆုံးဖြတ်ပါ"

"မင်းသား ခွင့်ပြုမယ်ဆိုရင် ကျုပ် မင်းသားတို့နဲ့အတူ လိုက်ခဲ့ပါရစေ။ ခိုင်းစရာ၊ စေစရာရှိရင် ကျုပ်ကို ခိုင်းစေပါ မင်းသားရယ်"

ဓဇရာဇာသည် လှေသမားကြီးအား ကြည့်၍ သဘောကျနေသည်။ ဤလမ်းခရီးတွင် ထိုလှေသမားကြီးလို လူမျိုးလည်း လိုအပ်သည်



www.burmeseclassic.com

www.burmeseclassic.com

ထိုလှေသမားတွင် လှေထိုးခြင်းအပြင် အခြားအရည်အချင်းများ ရှိနိုင်သည်။ ဇေရာဇာ သိလို၍ မေးကြည့်လိုက်မှ လှေသမားကြီးက ပြောပြသည်။

"ကျုပ် လှေမထိုးခင်က မုဆိုးလည်း လုပ်ခဲ့တယ်၊ ပျားလည်း ဖွတ်ဖူးတယ်၊ ငါးလည်း ရှာခဲ့ဖူးတယ်၊ လယ်လည်း လုပ်ခဲ့ဖူးတယ်"

ဟု ပြောပြသည်။

"ကျုပ် အရွယ်ရောက်တော့ အိမ်ထောင်ကျဖူးတယ်ဗျာ။ ကျုပ်မိန်းမက သားဦးလေး မွေးဖွားရင်း ကလေးရော လူကြီးပါ သေဆုံးသွားရှာတယ်။ ရွာကလူတွေက ကျုပ်ကို နောက်အိမ်ထောင်ပြုဖို့ တိုက်တွန်းကြတယ်။ ကျုပ်က လက်မခံဘူး။ ဘာကြောင့်ဆိုတော့ ကျုပ်တစ်သက်မှာ အိမ်ထောင်တစ်ဆက်သာပြုမယ်လို့ ငယ်ငယ်လေးကတည်းက ဆုံးဖြတ်ချက်ချထားတာ။ နောက်ပြီး စဉ်းစားကြည့်တော့ ကျုပ် နောက်အိမ်ထောင်ပြုခြင်းဟာ သွားလေသူကို သစ္စာမဲ့ရာကျတယ်။ ဒီလိုနဲ့ ကျုပ်ဟာ မုဆိုးဖိုဘဝနဲ့ ရိုးမြေကျနေမယ်လို့ ပြန်ပြောလိုက်မှ ကျုပ်သဘောထားကို ရွာကလူတွေ သိသွားကြတယ်"

လှေသမားကြီးသည် ထိုညအတွက် လုံခြုံရေးကို တာဝန်ယူကာ ထင်းမီးပုံကြီး ထည့်ပေးသည်။ ဆင်ရိုင်းများ မလာရန် အဆစ်ပိတ်ဝါးများလည်း မီးဖိုအတွင်းသို့ မကြာမကြာ ထည့်ပေးသည်။ ဒုန်းဒုန်းဒိုင်းဒိုင်း အသံများကြောင့် ထင့် ထိုညက အန္တရာယ်ကင်းရှင်းစွာ အိပ်စက်ကြရသည်။

မအိပ်နိုင်သူက မာယာဒေဝီ။ မာယာဒေဝီသည် ခရီးပန်းခြင်း၊ ခြေခေါက်လဲ၍ ခြေမျက်ရင်းထကာ ညတွင်အဖျားတက်သည်။ ဇေရာဇာက မာယာဒေဝီ အနီးတွင် ထိုင်၍ တစ်ညလုံး ပြုစုပေးသည်။ ညဥ့်ဦးပိုင်းတွင် မာယာဒေဝီ၏ ကိုယ်မှာ ကျစ်ကျစ်တောက်ပူနေသည်။

"ချမ်းတယ် ချမ်းတယ်"

ဟု ညည်းညူနေသဖြင့် ဇေရာဇာက ရှိသမျှ အဝတ်တွေနှင့် ခြုံပေးရ၏။ နောက်အချိန်တွေ ကြာလာတော့ ဇေရာဇာကိုယ်တိုင် အိပ်ငိုက်လာသဖြင့် မာယာဒေဝီ၏အနီးမှာပင် အိပ်ပျော်ခဲ့သည်။

"ရာဇာ ထပါဦး ဒီမှာ တစ်ကိုယ်လုံး ချွေးတွေထွက်နေတယ်၊ သုတ်ပေးပါဦး "

ဟု မာယာဒေဝီ နှိုးသဖြင့် ဇေရာဇာ အိပ်နေရာမှ ထရသည်။

"မာယာ ဘာဖြစ်လို့လဲ၊ တစ်ညလုံး ကိုယ်တွေပူနေလို့ နင့်အနားမှာ ပြုစုရင်း ငါ အိပ်ပျော်သွားတယ်"

"ဟုတ်ရဲ့လား ရာဇာရယ်၊ ငါ့နဖူး စမ်းကြည့်ပါဦး"

ဇေရာဇာသည် သူ၏ညာလက်ဖြင့် မာယာဒေဝီ၏ နဖူးကို စမ်းကြည့်သည်။ လုံးဝမပူတော့ပေ။ ချွေးစီးချွေးပေါက်များလည်း ကျနေသည်ကို တွေ့ရသောကြောင့် ခါးစည်းပဝါဖြင့် သုတ်ပေးလိုက်သည်။

"မာယာ . . နင် အဖျားကျသွားပြီ၊ ဘယ်လိုလဲ နေလို့အဆင်ပြေရဲ့လား"

"အဆင်ပြေပါတယ်၊ ဒါပေမဲ့ ချွေးတွေက တစ်ကိုယ်လုံး ရွှဲနေတယ်။ နောက်ကျောကို ငါ့လက်နဲ့ မမီဘူး၊ သုတ်ပေးပါလား ရာဇာရယ်"

လှေသမားကြီး၏ ထင်းမီးဖိုမှ အလင်းရောင်သည်လည်း နံနက်ပိုင်းရောက်၍ အလင်းရောင်မပြနိုင်။ ဇေရာဇာသည် မာယာဒေဝီ၏ကျောမှ ချွေးများကို ပဝါဖြင့် သုတ်ပေးသည်။ ဇေရာဇာ ချွေးသုတ်ပေးနေစဉ် လှေသမားကြီး ထည့်ထားသော ဝါးဆစ်တစ်ခု ပေါက်ကွဲသဖြင့် 'ဝုန်း' ဟု အသံကြီး မြည်ဟည်းသွားခိုက် မာယာဒေဝီ ထိတ်လန့်ပြီး 'အမေ့'ဟု ဆိုကာ ဇေရာဇာ၏ ရင်ခွင်တွင်းသို့ တိုးဝင်လိုက်တော့သည်။

□

ဇေရာဇာ မျက်နှာသစ်နေခိုက် လှေသမားကြီးက ငှက်ပျောခိုင်ကြီး ထမ်း၍ ပြန်လာသည်။ ငှက်ပျောခိုင်ကြီးမှာ ပင်မှည့်ဖြစ်သောကြောင့် မွှေးကြိုင်နေသည်။ အရောင်အဆင်း



www.burmeseclassic.com

www.burmeseclassic.com

မှာလည်း ရွှေအဆင်းကဲ့သို့ ဝင်းအိနေသည်။

"မင်းသား. . ငှက်ပျောသီးတွေ မျှဝေပေးလိုက်ရမလား"

"ကောင်းတယ်. . ကလေးတွေလည်း ဆာရှာကြမှာ၊ ရွှေနန်းတွင်းမှာဆိုရင် နံနက်လင်းတာနဲ့ နွားနို့မလိုင် အမြဲစားလာကြရတာ"

နန္ဒိသေန ငှက်ပျောသီးများ ဝေနေစဉ် ပဥ္စဒေဝီမင်းသမီးလေးကလည်း မာယာဒေဝီအနီး ချဉ်းကပ်၍

"မမ. . ညက အရမ်းဖျားနေတယ် ထင်ပါရဲ့၊ တစ်ချက်တစ်ချက် ညည်းသံ ထွက်ထွက်လာတယ် "

ဟု ပြောလိုက်သည်နှင့် ဥတ္တရာဒေဝီကလည်း. . .

"ဟုတ်တယ် မမမာယာ ဥတ္တရာလည်း ကြားရတယ်၊ ခု ဘယ်လိုနေသေးလဲ "

"ကောင်းသွားပါပြီကွယ်၊ မင်းတို့ကော ခရီးမပန်းကြဘူးလား"

"ပင်ပန်းတော့ ပင်ပန်းတာပေါ့ မမရယ်၊ ဒါပေမဲ့ ကိုယ့်တိုင်းပြည်က နေလို့မှ မရတော့တာ၊ ဓဇရာဇာ ကိုယ်တော်လေး ခေါ်ရာ လိုက်ကြရတော့မှာပေါ့"

ဟု ဥတ္တရာဒေဝီက ငိုသံပါလေးနှင့် ပြောရှာသည်။

"မမမာယာ ညက ဖျားထားတာဆိုတော့ ဆာလောင်နေမှာ၊ ငှက်ပျောသီး စားလိုက်ပါ"

ဟု ပဥ္စဒေဝီ မင်းသမီးလေးက သူမအတွက် ရရှိထားသော ငှက်ပျောသီးအား မာယာဒေဝီ၏ လက်သို့ ထည့်၍ပေးသည်။ မာယာဒေဝီက လက်မခံပေ။ ယခုအချိန်တွင် လူတိုင်း ဆာလောင်နေကြပြီဟု မာယာဒေဝီ တွေးမိ၍ ဖြစ်သည်။

"ကိုင်း. . ငှက်ပျောသီး ဝေပြီးရင် ခရီးဆက်မယ်"

ဟု ဓဇရာဇာမင်းသား နှိုးဆော်လိုက်သည်နှင့် အားလုံးထိုင်နေရာမှ ထ၍ ရှေ့ခရီးဆက်ရန် အသင့်ပြင်လိုက်ကြသည်။

"မာယာ. . သွားကြမယ်လေ၊ ထပါတော့"

ဟု ဓဇရာဇာက ဆိုမှ. . .

"မာယာ့ကို ရာဇာ ထူမပေးတော့ဘူးလား"

ဟု မာယာဒေဝီက မူနွဲ့နွဲ့ ဆိုလိုက်မှ. . .

"ဟုတ်ပါရဲ့၊ မင်း ခြေနာနေတာ မေ့သွားလို့ပါ မာယာရယ်၊ ကိုင်းထပါတော့ နှမတော်ရယ်၊ မောင်တော် တွဲကူထူပေးပါ့မယ်"

ဟု ဆိုလိုက်သည်။

မာယာ အလိုက်သင့် ထိုင်ရာမှ ထလိုက်သည်။ မာယာဒေဝီ၏ မျက်နှာလေးသည် မှုန်နံ့သာ မခြယ်သသော်လည်း လှမြဲလှလျက်ပင်။ ဆီမလိမ်းသော ဆံစလေးများက မျက်နှာပေါ် မသေမသပ် ဝဲပျံ့ကျနေသည်ကပင် ကပိုကရိုပို၍ အလှကို အယဉ်ဆင့်နေသည်။ ရွှေနန်းတွင်းမှာ နေရစဉ်က ရွှေရောင်တောက်နေသော မာယာ၏ အသားရောင်မှာလည်း နေလောင်ဒဏ်သင့်၍ နီမြန်းနေသည်။ ပါးမို့မို့နှစ်ဖက်မှာ ပါးနီမဆိုးသော်လည်း လှမြဲလှလျက်ပင်။

"မာ့ယာ. . တို့လက်ကို မြဲမြဲကိုင်နော်၊ လမ်းက အတက်အဆင်းများတယ်၊ မတော်လို့ ချော်လဲမှဖြင့် ရာဇာ စိတ်မအေးနိုင်ဘူး မာယာရယ်"

"ကဲပါ. . သည်းပြမနေနဲ့ ကိုယ်တိုင် မလဲအောင်သာ သတိထား၊ နှစ်ယောက်လုံး ချောက်ထဲပြုတ်ကျမှ ဟုတ်ပေ့ဖြစ်နေမယ်"

မာယာဒေဝီ ပြောသည်မှာ မှန်ပေသည်။ သူတို့သွားရသောလမ်းမှာ လူတစ်ကိုယ် သွားသာရုံ လမ်းကျဉ်းလေးဖြစ်သည်။ လမ်းဘေးဝဲယာမှာလည်း ချောက်ကမ်းပါးကြီးများ ဖြစ်၍ ပြုတ်ကျလျှင် မတွေးရဲစရာပင်ဖြစ်သည်။ နေအတော်စောင်းမှ ရေတံခွန်ကြီးသို့ ရောက်ခဲ့ကြသည်။ ထိုရေတံခွန်မှာ အခြားရေတံခွန်များလို တောင်ထိပ်မှ တောင်အောက်သို့ စီးဆင်းနေသော ရေတံခွန်မျိုး မဟုတ်ပေ။ တောင်ခေါင်းကြီးတစ်ခုတွင်း ရေနှင့် လေများ ရောနှောလျက် ပန်း ထွက်နေသော ရေတံခွန်ကြီးဖြစ်သည်။

ဓဇရာဇာသည် မဟာနာ မင်းကြီး ပေးလိုက်သော မြေပုံလိပ် ကြီးအား ဖြန့်၍ကြည့်သောအခါ ထို ရေတံခွန်မှာ ဥရုနဒီမြစ်၏အ

www.burmeseclassic.com

သိရသည်။ ရေတံခွန်အနီးတစ်ဝိုက်မှ သစ်ပင်များမှာ သစ်ရွက်ပင် မပေါက်နိုင်ပေ။ သစ်ပင်ကြီးငယ်တို့မှာ အရွက်ပေါက်လိုက်၊ ရေနှင့်လေတို့၏ ရိုက်ခတ်တိုက်ခိုက်မှုဖြင့် အရွက်များမှာ စုတ်ပြတ်ထွက်သွားကြသည်။

ထိုရေတံခွန်မှာ ဥရုမြစ်အစဟု ဆိုသော်လည်း လိုဏ်ဂူဝတွင်သာ ရေအိုင်ကြီးရှိသည်။ ရေအိုင်မှ ပိုလျှံသော ရေတို့မှာ ကျောက်တုံး ကျောက်ခဲများကြား ဝင်ရောက်ပျောက်ကွယ်ခဲ့ကြသဖြင့် မြစ်ချောင်းဟူ၍ မည်မည်ရရ မတွေ့ရပေ။ ထိုရေတံခွန် ရေအိုင်ကြီးတွင် ရေချိုးကြသည်။ ထိုနေရာသည် ခေတ္တရပ်နားရန်သာ အဆင်ပြေသည်။ ညအိပ်ရန် မဖြစ်နိုင်ပေ။ ရေတံခွန်မှ ရေမှုန်များမှာ နေရာအနှံ့ လွှင့်ပျံ့နေသဖြင့် မိုးတောထဲမှာ နေရသလို ဖြစ်သည်။

"ရာဇာ. . . မာယာလည်း ရေချိုးမယ်နော်"

အားလုံးရေချိုးဆက်သွားကြမှ မာယာဒေဝီက ရေချိုးရန် ဇေရာဇာအား ခွင့်တောင်းသည်။

"မာယာရယ် ဒီမှာ ရေချိုးရင် ရေလဲအဝတ်စိုတွေ သယ်သွားနေရမှာပေါ့"

"ဒါက မခက်ပါဘူး ရာဇာရယ်၊ ကိုင်း. . . ဟိုဘက် လှည့်နေနော်"

ဇေရာဇာ ဘုမသိဘမသိ မာယာဒေဝီ ခိုင်းသည့်အတိုင်းပင် တစ်ဖက်သို့ မျက်နှာလှည့်၍ နေလိုက်ရသည်။

"ကိုင်း. . ရပြီ ပြန်လှည့်တော့"

ဟု ဆိုလိုက်သည်နှင့် တစ်ပြိုင်တည်း 'ဝုန်း' ဟူသောအသံ ကြားလိုက်သည်။ ဇေရာဇာ ရေအိုင်ကြီးအတွင်းသို့ ကြည့်လိုက်စဉ်မှာတော့-

□

ဇေရာဇာနှင့် မာယာဒေဝီတို့ ရေချိုးပြီး၍ ခရီးဆက်ခဲ့ကြရာ လှေသမားကြီးက သစ်နှင့်ဝါးများ စုစည်းလျက် ဖောင်ငယ်တစ်ခု ပြုလုပ်ရင်း သူတို့နှစ်ဦးကို စောင့်ကြို၍နေသည်။

"ကြွပါ သခင်လေးနှင့် သခင်မ၊ ကျုပ်ဖောင်က ခင်ဗျားတို့နှစ်ဦးကိုတော့ ကောင်းကောင်းနိုင်ပါတယ်"

ဇေရာဇာသည် လှေသမားကြီး ပြုလုပ်ထားသောဖောင်ကို ကြည့်လျက် ကျေနပ်စွာပြုံးသည်။ ဤဖောင်ပေါ် တက်ရလျှင် ခရီးမတွင်သည့်တိုင် ခြေနာနေသော မာယာဒေဝီအတွက် အဆင်ပြေလှသည်။

"ကျေးဇူးတင်ပါတယ် လှေသမားကြီးရယ်"

"ကျေးဇူးတင်စရာ မလိုပါဘူး သခင်လေးရယ်၊ ကျုပ်က သခင်မလေး ခြေထောက်နာပြီး လမ်းကောင်းကောင်းလျှောက်မရလို့ ဖောင်လုပ်ပေးတာပါ။ တက်တော်မူပါ သခင်မလေးနှင့် သခင်လေးတို့ရယ် ကျုပ်က ထိုးဝါးကိုင်ပြီး ဖောင်ကို ရှေ့ကနေ ထိန်းပေးပါ့မယ်"

ဇေရာဇာနှင့် မာယာဒေဝီတို့ နှစ်ဦး ဖောင်ပေါ်ရောက်သည်နှင့် လှေသမားကြီးက ကမ်းစပ်သစ်ပင်တွင် ချည်နှောင်ထားသော ဖောင်ကြိုးဖြည်၍ သူကိုယ်တိုင် ထိုးဝါးကိုင်ကာ ဖောင်ဦးတွင် နေရာယူလိုက်သည်။ ရေစီးသန်၍ ဖောင်မှာ မြင်းရိုင်းတစ်ကောင်အလား လွှားကနဲ လွှားကနဲ ပြေးသည်။

မာယာဒေဝီသည် နိမ့်တုံမြင့်တုံ ဖြစ်နေသော ဖောင်ပေါ်မှာ လိုက်ပါရသဖြင့် ကျ၍ မကျန်ရစ်စေရန် သူမ၏ သေးသွယ်သော လက်ချောင်းကလေးများဖြင့် ကျစ်လျစ်တုတ်ခိုင်သော ဇေရာဇာ၏ လက်မောင်းကြီးအား မလွှတ်တမ်း ဆုပ်ကိုင်ထားရလေသည်။ ဇေရာဇာသည် ဖောင်ပေါ်မှနေ၍ ချောင်းပေါ်သို့ အုပ်မိုးကျနေသော ဝါးကိုင်းများ မာယာဒေဝီ၏ မျက်နှာမရိုက်မိစေရန် ဘယ်ယိမ်းညာနွဲ့ဖြင့် တိမ်းရှောင်ပေးနေရသည်။ တစ်ခါတစ်ခါ ဝါးကိုင်းများက လွန်စွာနိမ့်သဖြင့် မာယာဒေဝီ၏ ဦးခေါင်းလေးအား ဆွဲယူလျက် သူ၏ ရင်ခွင်တွင်းသို့ ဆွဲသွင်းလိုက်ရသည်လည်း ရှိ၏။

တစ်စတစ်စ ချောင်းရေပြင် ကျယ်လာသည်နှင့် ရေစီးမှာလည်း မကြမ်းတမ်းတော့ပေ။ ဖောင်မှာလည်း ရေပြင်ကျယ်တွင် တအိအိနှင့်


www.burmeseclassic.com

www.burmeseclassic.com

သာ ညင်သာစွာမျောပါလျက်။ ချောင်းဘေးတွင် ရေဆင်းသောက်ကြသော သမင်ဖိုနှင့် သမင်မတို့စုံတွဲကိုကြည့်လျက် မာယာဒေဝီ ကြည်နူးမိသည်။ သားသမင်များမှာ အနှောင်အဖွဲ့ကင်း၍ ပျော်ရွှင်နေကြသည်ဟု တွေးရင်း မာယာဒေဝီမှာ ဇေရာဇာမင်းသား၏ပေါင်ပေါ် ဦးခေါင်းတင်ကာ အိပ်စက်အနားယူလျက် လိုက်ပါလာခဲ့သည်။

ဇေရာဇာမင်းသားသည် မာယာဒေဝီ၏ နဖူးပေါ် ဝဲကျနေသော ဆံစလေးများအား ပွတ်သပ်လျက် သွားလေသူ မိဘများအား တမ်းတမိသည်။

ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် နေထိုင်ခဲ့ရသော ဘဝမှ ထီးကျိုးစည်ပေါက် တိုင်းနိုင်ငံပါ ပျောက်ကွယ်ခဲ့ရသော ဘဝသို့ ရောက်ခဲ့ရသည်။ သူတို့တစ်တွေ ရှေ့ဆက် ဘာတွေဖြစ်၍ ဘာဆက်လုပ်ကြရမည်ပင် စဉ်းစားလို့ မရနိုင်လောက်အောင် ဖြစ်ကြရတော့၏။ တိုင်းနိုင်ငံ ပျောက်ဆုံးခြင်းသည် ဘဝပျောက်ဆုံးခြင်းပင် ဖြစ်သည်။ ဘဝမပျောက်ဆုံးအောင် တိုင်းနိုင်ငံထူထောင်နိုင်အောင် ကြံဆောင်ကြရပေတော့မည်။

**"ဇေရာဇာမင်းသားနဲ့ မာယာဒေဝီမင်းသမီး၊ ကျန်းမာပါစေ"**

ကမ်းစပ်တစ်နေရာတွင် နန္ဒီသေနတို့အုပ်စု အနားယူနေရာမှ ဇေရာဇာတို့ လိုက်ပါလာသောဖောင်ကို မြင်ရသဖြင့် ထိုင်နေရာမှ အားလုံး မတ်တတ်ရပ်လျက် ကောင်းချီးဩဘာပေးလိုက်ကြသည်။

"နန္ဒီသေန၊ ငါတို့ တောင်နီနီကြီးက စောင့်နေမယ်"

ဟု ဇေရာဇာက မှာသည်။

"သွားနှင့် သွားနှင့်. . ကျုပ်တို့ ချောင်းဘေးအတိုင်း လိုက်ခဲ့ပါ့မယ်"

ဟု သုန္ဒရက ဟစ်အော်ပြောလိုက်သည်။ ဇေရာဇာကတော့ လက်ပြလျက် အားလုံးကို နှုတ်ဆက်သွားသည်။ ခရီးအတော်ပေါက်လာမှ တောင်နီနီကြီးကို မြင်ရသည်။

"ဟိုမှာ တောင်နီနီကြီး မြင်နေရပြီ"

ဟု မာယာဒေဝီက ပြောလိုက်ခြင်းဖြစ်သည်။

"အဲဒါ ကျောက်သွေးတောင်လို့ ခေါ်တယ် မာယာ၊ အဲဒီတောင်ပေါ်မှာ မျောက်အုပ်ကြီးတွေ ရှိတယ်။ မျောက်တွေက လူကို အန္တရာယ်မပေးကြပါဘူး။ ဒါပေမဲ့ သူတို့က လူတွေကိုကြည့်ပြီး အတုယူတတ်ကြတယ်"

"ဘယ်လိုအတုယူကြတာလဲ"

ဟု မာယာဒေဝီ ပြန်၍မေးသည်။

"ဥပမာ မင်းခေါင်းမှာ ခေါင်းစည်းပဝါ စည်းထားတယ်ဆိုရင် သူတို့က မှတ်ထားတယ်။ မင်းက ခေါင်းစည်းပဝါ တစ်နေရာမှာ တင်ထားလိုက်တာနဲ့ သူတို့ခေါင်းမှာ ပေါင်းလိုက်စည်းလိုက် လုပ်ကြတော့တာပေါ့။ မင်း လိုက်လုရင် တစ်ကောင်နဲ့ တစ်ကောင် လက်ဆင့်ကမ်းပေးပြီး သစ်ပင်တွေ တစ်ပင်ပြီး တစ်ပင် ခုန်ခုန်ကူးသွားကြတာပေါ့"

"ဒီတော့ မာယာတို့ အဲဒီတောင်မှာ စခန်းချလို့ မရဘူးပေါ့"

"ရပါတယ်၊ သူတို့က တောင်ပေါ်မှာ နေကြတာပါ။ မောင်ကြီးတို့က တောင်အောက် ဂူထဲမှာ နေကြမှာ။ ဒီတော့ သူတို့ မနှောင့်ယှက်နိုင်ပါဘူး"

ဥတုနဒီမြစ်ရေသည် ကျောက်သွေးတောင်အရောက်တွင် အနောက်သို့ စီးဆင်းသွားသည်ကို တွေ့ရသည်။ ကျောက်သွေးတောင်၏ အရှေ့ဘက်တွင် တောင်မှ မြောက်သို့ စီးဆင်းလာသော ချောင်းငယ်ကလေးတစ်ခုရှိသည်။ ထိုချောင်းသည် အဘိရာဇာမင်းကြီး၏ မြေပုံအရ ဝေခါချောင်းဟု သိရ၏။

လှေသမားကြီးသည် ထိုးဝါးကူလျက် ဖောင်ကို ကမ်းစပ်တွင် ညင်သာစွာ ကပ်လိုက်သည်။ ကမ်းစပ် သဲသောင်ခုံများပေါ်တွင် သီးကင်းများ ဝေဆာနေသော ကြောင်ပန်းပင်များ အစီအရီ တွေ့ကြရသည်။

ဇေရာဇာသည် မြေပုံကြီးကို သောင်ပြင်မှာချ၍ ကျောက်သွေးတောင်ကြီး၏ ဂူပေါက်ကို ရှာသည်။ ဂူပေါက် တည်နေရာကို တွေ့သဖြင့်



www.burmeseclassic.com

www.burmeseclassic.com

သုံးဦးသား ဂူပေါက်ရှိရာသို့ ထွက်ခဲ့ကြသည်။

"လှေသမားကြီး ဒီချုံနွယ်တွေရှင်းမှ ဂူပေါက်တွေ့မယ်ဗျ၊ ဒီတော့ မာယာ မင်း ဝေးဝေးမှာ နေပေးပါ။ ငါနဲ့ လှေသမားကြီးက ဒီချုံနွယ်တွေ ရှင်းလိုက်မယ်"

မာယာဒေဝီသည် အဝတ်ထုပ်ဆွဲယူ၍ အတန်အသင့်ဝေးသော နေရာမှာ သွား၍နေသည်။ ချုံနွယ်များ ရှင်းပြီးသည်နှင့် ကျောက်တုံးကြီးတစ်တုံးက ဂူပေါက်တွင် ပိတ်ဆို့နေသဖြင့် သူတို့နှစ်ဦး လက်လျှော့လိုက်ရသည်။

"ထားပါတော့ဗျာ နောက်လူတွေလာမှ ဆက်လုပ်ကြတာပေါ့"

ဟု ဓဇရာဇာက ပြောသည်။ လှေသမားကြီးသည် သူ၏ ဆောင်ဓားကြီးကို ကိုင်ဆောင်လျက် ကျောက်သွေးတောင်၏ တောင်ဘက်ပိုင်းသို့ တက်သွားသည်။

ဓဇရာဇာသည် ထင်းခြောက်များရှာ၍ မီးပုံကြီး ပြုလုပ်သည်။ သူ၏ ရည်ရွယ်ချက်မှာ နောက်လူများ သူတို့ စခန်းချရာ အရပ်သို့ မြင်တွေ့နိုင်ရန် ပြုလုပ်ခြင်းဖြစ်ပေသည်။

မကြာပါ။ လှေသမားကြီးက ငှက်ပျောခိုင်ကြီးနှစ်ခိုင် ဝါးလုံးလျှို၍ ထမ်းကာပြန်လာသည်။ ငှက်ပျောသီးများမှာ အစေ့များသော တောငှက်ပျောသီး မဟုတ်ပေ။ အလုံးထွား၍ အသားချိုကာ အရသာရှိလှသော ငှက်ပျောရွှေဝါများဖြစ်သည်။

ကျောက်သွေးတောင်ကြီးသည် လူညူမနီး တောကြီးမျက်မည်းတွင် ထီးထီးမားမားကြီး တည်ရှိနေသော်လည်း မကြာမကြာ သူတော်စင်ရသေ့ကြီးများ လာရောက်၍ တရားကျင့်ကြံကြသည်။ ထိုရွှေဝါ ငှက်ပျောပင်များမှာ သူတော်စင်ရသေ့ကြီးများ စိုက်ပျိုးခဲ့ဟန်တူပေသည်။ မာယာဒေဝီနှင့် ဓဇရာဇာတို့ ငှက်ပျောသီးများ စားပြီး၍ နားနေခိုက် လှေသမားကြီးက ဝါးကျည်တောက်ကြီးဖြင့် ကျောက်သွေးများ ယူဆောင်၍လာပြီး. . .

"မင်းသားလေးနှင့် မင်းသမီးလေး ဒီကျောက်သွေးကို သောက်လိုက်ကြပါ။ ကုန်ဆုံးသွားတဲ့ အားအင်တွေ ပြန်လည်ပြည့်ဝပြီး လန်းလန်းဆန်းဆန်း ဖြစ်လာပါလိမ့်မယ်"

ဓဇရာဇာက ကျောက်သွေးအနည်းငယ် သောက်ကြည့်သည်။ သွေးနံ့ကဲ့သို့ ညှီစို့စို့အနံ့ရှိသည်။ ဆက်၍သောက်သည်။ ရင်တစ်ခုလုံး အေးဆင်းသွားသည်။ မာယာဒေဝီအား သောက်သုံးရန် တိုက်တွန်းသဖြင့် မာယာဒေဝီလည်း သောက်သည်။ နွမ်းနယ်မှုတို့သည်လည်း တစ်ခဏအတွင်း ယူပစ်လိုက်သည့်နှယ် ပျောက်ကွယ်၍သွားတော့သည်။

"ရာဇာ. . . ကျုပ်တို့ ဘယ်က ကူးရမှာလဲ"

ဟု နန္ဒိသေန၏ အသံကြားမှ ဓဇရာဇာ ထိုင်ရာမှ ထ၍ကြည့်သည်။ နန္ဒိသေနတို့အဖွဲ့သားများသည် ဝေခါချောင်း၏ အရှေ့ဘက်ကမ်းမှာ ရောက်ရှိနေပြီဖြစ်သည်။

ဝေခါချောင်းသည် ချောင်းကျယ်ကြီး မဟုတ်ပေ။ ရေမှာ စမ်းရေကြည်ဖြစ်၍ အေးမြလှသည်။ လှေသမားကြီးက နန္ဒိသေနတို့ ကူးနိုင်ရန် ဝါးတံတားထိုး၍ပေးသည်။ ဝါးတံတားမှာ အခိုင်အမာ မဟုတ်၍ လူကူးလျှင် အိပက်အိပက် ဖြစ်၍နေသည်။ လှေသမားကြီးက 'ခဏ' ဟု ဆိုကာ ဝါးတစ်လုံး ပြေးဆွဲခဲ့သည်။ ထိုဝါးလုံးကို နန္ဒိသေနထံ အဖျားပိုင်းမှ ထိုးပေးပြီး တစ်ဖက်မှ လှေသမားကြီးက ကိုင်ကာ လက်ရန်းအဖြစ် ပြုလုပ်လိုက်သည်။

"တစ်ယောက်ချင်း ကူးခဲ့ကြပါ"

ဟု လှေသမားကြီးက ပြောသည်။ ကူးလာသူများကို မာယာဒေဝီနှင့် ဓဇရာဇာတို့က လက်ကမ်း၍ ကြိုဆိုကြသည်။ အားလုံး မီးပုံကြီးဘေးတွင် ဝိုင်းဖွဲ့ထိုင်လိုက်ကြသည်။

"ကျုပ်တို့ ဒီသဲသောင်ပြင်မှာ အိပ်ကြရမှာလား"

ဟု သုဇိလက မေးသည်။

ရွှေ့လဆက်ရန်

မောင်ယဉ်မွန်(မော်နေခြည်)



www.burmeseclassic.com

www.burmeseclassic.com

# သင့်လက်မှာ ဒါမျိုးပါလား?

ဒေါက်တာစောယုနွယ်
Ph.D(Tantra)(Kol-India)Astrologer

ယခင်လမှအဆက်

ကျွန်မ၏ ပေဒင်သင်တန်းတွင် လက္ခဏာပညာရပ်ကို သင်ကြားပေးခဲ့ရာ အချိန်အနည်းငယ်အတွင်း သင်ကြားရသဖြင့် ပတ်ဝန်းကျင်တွင်ရှိနေသော လက္ခဏာများကို ကျယ်ပြန့်စွာ မသင်ပေးရသဖြင့် ကျွန်မ မှတ်သားထားသော လက္ခဏာများကို ရောင်ပြန်မဂ္ဂဇင်းမှ တစ်ဆင့် ဖော်ပြလိုက်ပါတယ်။

* သင့်ရဲ့ ဘယ်ညာလက်ဝါးများကို ဖြန့်ကြည့် လိုက်စမ်းပါ။
* တြိဂံ အမှတ် သင်္ကေတလေး တစ်ခုကို တစ်နေရာရာမှာ တွေ့ မြင်မိပါသလား။
* တြိဂံအမှတ် သင်္ကေတဆိုတာ ထောင့်သုံးထောင့်၊ အနားသုံးဘက်ပါရှိပြီး သုံးမြောင်ပုံတစ်ခုခု ဖြစ်ပေါ်ပါရှိနေတာကို ပြောတာ ပါ။

## လက်ပေါ်ကတြိဂံလေးတွေ



ဘယ်နေရာမှာ ပါရှိတာလဲ။
ဘယ်ညာလက်ဝါးနှစ်ဖက် စလုံးမှာ ပါတာလား။
တစ်ဖက်တည်းမှာ ပါတာလား။
တြိဂံအမှတ်အသား သုံးထောင့်ပုံကလေးပါရှိတဲ့နေရာကို မူတည်ပြီး ကောင်းကျိုး ဆိုးပြစ်တွေ ဖြစ်စေတတ်ပါတယ်။

ဒါကြောင့် သင့်ရဲ့လက်ဝါးများကို ဖြန့်ကြည့်လိုက်စမ်းပါ။ တြိဂံအမှတ် သင်္ကေတလေး တစ်ခု၊ သုံးထောင့်ပုံလေးတစ်ခု ဘယ်နေရာမှာ ပါရှိပါသလဲ။


▲ ▲ ▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဆောင်ကောင်းဖြစ်မယ့် လက္ခဏာ



လက်ညှိုးအရင်းက နေရာကို ကြာသပတေး ဂြိုဟ်ခုံလို့ခေါ်ပါတယ်။ လက်ညှိုးအရင်း ကြာသပတေး ဂြိုဟ်ခုံမှာ တြိဂံပုံကလေးတစ်ခု၊ သုံးထောင့်ပုံ အမှတ်သင်္ကေတလေး တစ်ခုပါပြီဆိုရင် သင်ဟာ သာမန် လူတွေထက်ပိုပြီး ထူးခြားတဲ့သူ တစ်ဦးဖြစ်နေပါပြီလို့ ဆိုရပါမယ်။

သင့်ရဲ့ လက်ညှိုးအရင်း ကြာသပတေးဂြိုဟ်ခုံဟာ ပြည့်ဖြိုးမြင့်မောက် နေဖို့လိုပါတယ်။ တြိဂံပုံကလေး သုံးထောင့်ပုံကလေးဟာလည်း ထင်ထင်ရှားရှားပေါ်ပေါ်လွင်လွင်နဲ့ အပြစ်ကင်းစင်နေဖို့လိုပါတယ်။

တခြားဂြိုဟ်ခုံတွေ ရဲ့ ဖျက်ဆီးမှု၊ လမ်းကြောင်းတွေရဲ့ ဖျက်ဆီးမှုကင်းဖို့လည်း လိုပါတယ်။ ကံလမ်းကြောင်း၊ အောင်မြင်ရေးလမ်းကြောင်းတွေပါရှိပြီး ကောင်းမွန်နေမယ်ဆိုရင် သင်ဟာ သင့်ဘဝ တစ်လျှောက်လုံးမှာ သင့်ရဲ့ဒေသဝန်းကျင်မှာ သင့်ရဲ့ မြို့ရွာဒေသ၊ တိုင်းနိုင်ငံမှာ နေရာ တကာမှာ ဦးစီးခေါင်းဆောင် လုပ်ရမယ့်သူတစ်ဦး ဖြစ်တတ်ပါတယ်။

ကြာသပတေးဂြိုဟ်ခုံမှာ တြိဂံ အမှတ်သင်္ကေတပါတဲ့သူဟာ တခြားသူတွေရဲ့ ချစ်ခင်ယုံကြည် လေးစားမှု၊ အထင်ကြီးမှုတွေကို ရတတ်ပါတယ်။

အပြောအဟောကောင်းသူတွေ၊ ပြည်သူလူထုကိုလူအများစုကို ခွဲဆောင် စည်းရုံးသိမ်းသွင်းနိုင်သူတွေ ဖြစ်တတ် ပါတယ်။ သူတို့ပြောသမျှ လုပ်သမျှကို အများစုက သြဘာလက်ခုပ်ပေး တတ်ကြပါတယ်။

သူ့ရဲ့ ပတ်ဝန်းကျင် အသိုင်း အဝန်းမှာပဲဖြစ်ဖြစ်၊ ရပ်ထဲရွာထဲမှာပဲ ဖြစ်ဖြစ်၊ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာ လုံး အတိုင်းအတာနဲ့ပဲဖြစ်ဖြစ် ယုတ်စွ အဆုံး သာရေး နာရေးကိစ္စမှာပဲ ဖြစ်ဖြစ် နောက်လိုက် မဟုတ်ဘဲ ရှေ့ကနေ ဦးစီးခေါင်းဆောင် လုပ်ကိုင် ရမယ့်သူတွေ ဖြစ်တတ်ပါတယ်။

ခေါင်းဆောင်ဖြစ်မယ့် အမှတ် သင်္ကေတ တစ်ခုပဲဖြစ်ပါတယ်။

ခေါင်းဆောင် အချင်းချင်းဖြစ် သော်လည်း သူ့ရဲ့စကား၊ သူ့ရဲ့ ဦးဆောင်လမ်းညွှန်မှုကို တခြား ခေါင်း ဆောင်တွေက လိုက်နာကြရပါတယ်။ တချို့ နေရာတွေမှာ ခေါင်းဆောင် အမည်ခံသူတွေဟာ တကယ်တမ်းမှာ တြိဂံအမှတ်သင်္ကေတပါသူရဲ့ ကြိုး ကိုင်မှုကို ခံနေရသူတွေသာ ဖြစ်တတ် ပါတယ်။ ဘယ်နေရာမှာ ဘယ်အဆင် မှာပဲ ဖြစ်ဖြစ် အကြီးအကဲဖြစ်တတ်ပါ တယ်။ ခေါင်းဆောင်ဖြစ်တတ်ပါ တယ်။ ဗျာနဆိုင်ရာတွေမှာပဲဖြစ်ဖြစ်။ အဖွဲ့ အစည်းတွေ ပါတီတွေမှာပဲ ဖြစ်ဖြစ် သူတို့ဟာ အများရဲ့ ယုံကြည် လေးစားမှုကိုရရှိပြီး ဦးစီးခေါင်း ဆောင်ရသူတွေ ဖြစ်တတ်ပါတယ်။ သြဇာအာဏာ အရှိန်အဝါရှိသူတွေ ဖြစ်တတ်ပါတယ်။

မန်နေဂျာတွေ၊ ညွှန်ကြားရေးမှူး တွေ၊ ကုမ္ပဏီ ဥက္ကဋ္ဌတွေ စတဲ့ လုပ်ငန်းအသီးသီးမှာ ဦးစီး စီမံ ခန့်ခွဲရသူတွေ ဖြစ်တတ်ပါတယ်။

စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်း တွေမှာလည်း ထင်ရှားကျော်ကြား အောင်မြင်တဲ့ တိုက်ပွဲတိုင်းမှာ ရှပ်ရှပ်ချွံချွံ ဦးဆောင်တိုက်ခိုက်ရဲတဲ့ တာဝန်ယူရဲတဲ့ စစ်သားတွေ၊ စစ်ဗိုလ် တွေ၊ စစ်သူကြီးတွေ၊ ဗိုလ်ချုပ်ကြီး တွေ ဖြစ်တတ်ကြပါတယ်။

ဘာပဲလုပ်လုပ်၊ ဘာပဲဖြစ်ဖြစ် ခေါင်းမရှောင် တတ်သူတွေ၊ တာဝန် ယူတတ်ကြသူတွေဖြစ်တတ် ပါတယ်။

စဉ်းစားတွေးခေါ်မှု ပညာဉာဏ် ထက် မြက်မှု၊ စည်းရုံးရေး ကောင်း မှုတွေကြောင့် ထင်ရှားကျော်ကြား အောင်မြင်သူများ ဖြစ်တတ်ကြပါ တယ်။ သာမန်လူတွေထက်ပိုပြီး စီမံ



www.burmeseclassic.com

www.burmeseclassic.com

ရေး၊ လူမှုရေးတွေမှာ အဆင့်အတန်း မြင့်မြင့် တင့်တင့်တယ်တယ် နေရတတ်ပါတယ်။

ဘာသာရေး၊ နိုင်ငံရေး၊ အတွေးအခေါ် အယူအဆ ဓမ္မရေးရာတွေမှာလည်း ထင်ရှားတဲ့ ထူးချွန်တဲ့၊ ထူးချွန်ထက်မြက်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်တတ်ကြပါတယ်။ စာပေ၊ အနုပညာ၊ ဂီတ၊ ပန်းချီ၊ ရုပ်ရှင်၊ သဘင်စတဲ့ လုပ်ငန်းတွေမှာလည်း တီထွင်ဖန်ဆင်းသူတွေ၊ ရှေ့တန်းက ပါဝင်သူတွေ ဖြစ်တတ်ကြပါတယ်။


ခြုံပြီးပြောရရင်တော့ ကြာသပတေးဂြိုဟ်ခုံမှာ တြိဂံအမှတ်သင်္ကေတပါတဲ့သူတွေဟာ နေရာတကာမှာ အကြီးအကဲ ဖြစ်တတ်ပါတယ်။ ခေါင်းဆောင်ဖြစ်တတ်ပါတယ်။ ပြောသမျှ လုပ်သမျှ ခေါင်းမရှောင်ဘဲ တာဝန်ယူရဲတတ်ကြပါတယ်။

အောက်ဆုံး အဆင့် ဆယ်အိမ်ခေါင်းတော့ဖြစ် တတ်ကြပါတယ်။ ဘဝမှာဘာပဲ လုပ်လုပ် အောင်မြင်မှုတွေရတတ်ကြပါတယ်။

ဒါ့ကြောင့် ကြာသပတေးဂြိုဟ်ခုံမှာ တြိဂံအမှတ်သင်္ကေတပါတဲ့သူတွေဟာ သာမန်လူတွေထက်ပိုပြီး ထူးခြားတဲ့၊ ထက်မြက်တဲ့၊ အောင်မြင်တဲ့အတွက် အလွန်ကောင်းတဲ့ အမှတ်သင်္ကေတလေးလို့ပဲ ပြောရမှာဖြစ်ပါတယ်။

▲ ▲ ▲ ▲ ▲

**ဂမ္ဘီရပညာရှင်၏ လက္ခဏာ**



လက်ခလယ်အရင်းကနေရာကို စနေဂြိုဟ်ခုံ လို့ခေါ်ပါတယ်။ လက်ခလယ်အရင်း စနေဂြိုဟ်ခုံမှာ တြိဂံအမှတ်သင်္ကေတပါတဲ့ သူတွေဟာ လူထူးလူဆန်းတွေ ဖြစ်တတ်ကြပါတယ်။

လက်ခလယ်အရင်း စနေဂြိုဟ်ခုံမှာ တြိဂံအမှတ် သုံးထောင့်ပုံအမှတ်သင်္ကေတလေးပါရှိတဲ့ ပုဂ္ဂိုလ်တွေဟာ လောကီပညာကို အလွန်ဝါသနာပါပြီး လိုက်စားတတ်ကြပါတယ်။ အောင်မြင်မှုတွေ ရတတ်ကြပါတယ်။

လက်ခလယ်အရင်း စနေဂြိုဟ်ခုံမှာ တြိဂံ အမှတ်သင်္ကေတပါတဲ့ သူတွေဟာ အထက်လမ်း ဆရာ၊ အောက်လမ်းဆရာ၊ မျက်လှည့်ဆရာ၊ မှော်ဆရာတွေ ဖြစ်တတ်ကြပါတယ်။

လက်ခလယ်အရင်း စနေဂြိုဟ်ခုံမှာ တြိဂံ အမှတ်သင်္ကေတပါတဲ့ သူတွေဟာ တရားဘာဝနာ ကျင့်ကြံပွားများ အားထုတ်ကြသူတွေ ဖြစ်တတ်ကြပါတယ်။ သူတော်စင်သူတော်မြတ်တွေ၊ ရသေ့ ရဟန်းတွေ၊ ပုဂ္ဂိုလ်ထူးတွေ ဖြစ်တတ်ကြပါတယ်။ အတုအယောင် ဘိုးတော်၊ မယ်တော်တွေ မဟုတ်ဘဲ တကယ်စစ်မှန်တဲ့ ထူးခြားတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်တတ်ကြပါတယ်။

လက်ခလယ်အရင်း စနေဂြိုဟ်ခုံမှာ တြိဂံ အမှတ်သင်္ကေတ ပါတဲ့သူတွေဟာ လောကီပညာရှင်များဖြစ်တတ်ကြလို့ ရွှေဖြစ် ငွေဖြစ်ဆိုတဲ့ အဂ္ဂိရတ် ပညာရှင်တွေ၊ ပြဒါးဖမ်း သံဖမ်း အင်းအိုင်၊ ဂါထာ အစွမ်းနဲ့ ဝိဇ္ဇာလမ်းလိုက်ကြတဲ့သူတွေ၊ ရူပဗေဒ ပညာရှင်၊ ဓာတုဗေဒပညာရှင်တွေ၊ လက်နက် ခဲယမ်းမီးကျောက် အမျိုးမျိုး စမ်းသပ်တီထွင်တဲ့သူတွေ၊ နောက်ဆုံး အနုမြူဗုံးလုပ်သူတွေ၊ လကမ္ဘာနှင့် အင်္ဂါဂြိုဟ်သာမက စကြဝဠာတစ်ခုလုံးကိုနည်းအမျိုးမျိုးနဲ့ လေ့လာစူးစမ်းတဲ့ပညာရှင်တွေ ဖြစ်တတ်ကြပါတယ်။

လက်ခလယ်အရင်း စနေဂြိုဟ်ခုံမှာ တြိဂံ အမှတ်သင်္ကေတပါတဲ့ သူတွေဟာ ဘာသာတရားနဲ့ ပတ်သက်ပြီး အလေးအနက်ယုံကြည် လိုက်စားသူတွေ ဖြစ်တတ်ကြပါတယ်။

အတွေးအခေါ် အယူအဆ၊ ဓမ္မရေးရာတွေမှာထူးချွန်ထက်မြက် ထင်ရှားတဲ့ပုဂ္ဂိုလ်တွေ ဖြစ်တတ်ကြ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ သူတော်စင်၊ ရသေ့ ရဟန်း၊ ဘိုးတော် မယ်တော် စတဲ့ ထွက်ရပ်လမ်း အထက်လမ်းကို လျှောက်လှမ်းတက်ကြပါတယ်။

တစ်ဖက်မှာလည်း မော်ပညာရှင်၊ အောက်လမ်းဆရာ၊ မျက်လှည့်ဆရာတွေအဖြစ်နဲ့ ဆောင်ရွက်တတ်ကြပါတယ်။

စုန်း၊ တစ္ဆေသရဲ၊ ဘီလူးသဘက်၊ ပြိတ္တာစတဲ့ ပရလောကကိုလည်း ယုံကြည်လိုက်စားတတ်ကြပါတယ်။

ထင်ရှားကျော်ကြား အောင်မြင်တဲ့ မော်ဆရာ၊ မျက်လှည့် ဆရာတွေဖြစ်တတ်ကြပါတယ်။

လက်ခလယ်အရင်း စနေဂြိုဟ်ခုံမှာ တြိဂံအမှတ် သင်္ကေတပါတဲ့ သူတွေဟာ လက္ခဏာ ဆရာတွေ၊ ဗေဒင်ဆရာတွေ၊ အနာဂါက်ဟောပညာရှင်တွေ၊ အကြားအမြင် ရတဲ့ ပုဂ္ဂိုလ်တွေဖြစ်တတ်ကြပါတယ်။

ရှေးဘဝ နောက်ဘဝတွေကို သိမြင်ကြတဲ့ ပုဂ္ဂိုလ်တွေဖြစ် တတ်ကြပါတယ်။

လက်ခလယ်အရင်း၊ စနေဂြိုဟ်ခုံမှာ အမှတ်သင်္ကေတပါတဲ့ သူတွေဟာ တစ်ခါတစ်ရံမှာ အလွန်တရာ ရက်စက် ကြမ်းကြုတ်တဲ့ ယုတ်မာရိုင်းစိုင်းတဲ့ စိတ်ဓာတ် ရှိသူများအဖြစ်နဲ့လည်း တွေ့ရှိရတတ်ပါတယ်။

အသိမ်မွေ့ဆုံး၊ အနူးညံ့ဆုံးသော ဘာသာ တရားလိုက်စားမှုနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ရက်စက်ယုတ်မာကြမ်းတမ်း ခက်ထန်တဲ့ အောက်လမ်းပညာ မော် ပညာတွေသုံးပြီး အဆိုးဆုံးသော အလုပ်များကို လုပ်ဆောင်တတ်ကြပါတယ်။

ကြင်နာသနားမှု လွန်ကဲတတ်သလို ရက်စက်ရာမှာလည်း ကမ်းကုန်တတ်ကြပါတယ်။


ခြုံပြီးပြောရရင် လက်ခလယ်အရင်း စနေဂြိုဟ်ခုံမှာ တြိဂံအမှတ်သင်္ကေတပါတဲ့သူတွေဟာ လောကီရေးရာ၊ လောကုတ္တရာရေးရာ နှစ်ဖြာစလုံးမှာ ဝါသနာပါပြီး ထူးခြားတဲ့ အောင်မြင်မှုများကို ရတတ်ပါတယ်။

တရားတွေ့သူများ၊ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များ၊ သိပ္ပံပညာရှင်၊ ဝိဇ္ဇာပညာရှင်များ အဖြစ်နဲ့ ထင်ပေါ်ကျော်ကြားတတ်ပါတယ်၊ မော်ဆရာ၊ မျက်လှည့်ဆရာ၊ ကျွမ်းဘား ဆပ်ကပ်စတဲ့ ပညာရှင်များအဖြစ်နဲ့လည်း အောင်မြင်မှုတွေ ရတတ်ကြပါတယ်။

တခြားဂြိုဟ်ခုံတွေ လမ်းကြောင်းတွေရဲ့ ကောင်းမွန်တဲ့ ပံ့ပိုးမှုတွေရှိရင် ရှိသလောက် အကျိုးပေးမှာဖြစ်ပါတယ်။

▲ ▲ ▲ ▲ ▲

**အောင်မြင်ချမ်းသာသူ၏ လက္ခဏာ**



လက်သူကြွယ် အရင်း[illegible] ကို တနင်္ဂနွေ ဂြိုဟ်ခုံလို့ [illegible]

တနင်္ဂနွေဂြိုဟ်ခုံဆိုတဲ့ [illegible] ကြွယ်အရင်းမှာ တြိ[illegible] သင်္ကေတလေးတစ်ခု [illegible] သင်ဟာ ကံကောင်း [illegible] ထူးထူးခြားခြား ပိုင်[illegible] အတွက် ဖိုးကံကောင်[illegible] ကောင်းတစ်ဦး လည်း[illegible]

လက်သူကြွယ်[illegible] ဂြိုဟ်ခုံဟာ [illegible] လိုပါတယ်။ တြိ[illegible] ကလေးဟာလည်း [illegible] ပြီး အပြစ်ကင်းစင် [illegible]

တခြား[illegible] တွေ၊ အထူး[illegible] အောင်မြင်ရေး[illegible] အားကောင်းတဲ့ [illegible] တွေလည်း ရှိဖို့လို ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

လက်သူကြွယ် အရင်းမှာ တြိဂံ အမှတ် သင်္ကေတလေးပါပြီး တခြား ဂြိုဟ်ခုံတွေ လမ်းကြောင်းတွေရဲ့ ပံ့ပိုးမှု ရှိမယ်ဆိုရင် သင်ဟာ အလွန် အောင်မြင်တဲ့ စီးပွားရေး လုပ်ငန်းရှင် တစ်ဦး ဖြစ်တတ်ပါတယ်။

လက်သူကြွယ် အရင်း တနင်္ဂနွေ ဂြိုဟ်ခုံမှာ တြိဂံအမှတ်သင်္ကေတ လေးပါတဲ့ သူတွေဟာ မိဘရိုးရာ လုပ်ငန်းတွေမှာ ထူးထူးခြားခြား အောင်မြင်မှုများ ရအောင် လုပ် ဆောင်တတ်ကြပါတယ်။

မိဘ လက်ငုတ်အလုပ်တွေနဲ့ စီးပွားဖြစ်တတ်၊ ချမ်းသာကြွယ်ဝ တတ်ပါတယ်။

လက်သူကြွယ်အရင်း တနင်္ဂနွေ ဂြိုဟ်ခုံမှာ တြိဂံအမှတ်သင်္ကေတပါတဲ့ သူတွေဟာ အစိုးရအဖွဲ့အစည်း၊ အစိုးရလုပ်ငန်းတွေနဲ့လည်း အကျိုးပေး အောင်မြင်တတ်ပါတယ်။

အစိုးရနဲ့ ဖက်စပ်လုပ်ငန်းတွေ အကျိုးပေး အောင်မြင်တတ်ပါတယ်။

လက်သူကြွယ်အရင်း တနင်္ဂနွေ ဂြိုဟ်ခုံမှာ တြိဂံအမှတ်သင်္ကေတပါတဲ့ သူတွေဟာ ဘာလုပ်ငန်းပဲလုပ်လုပ် သူများ တကာထက်ပိုပြီး စီးပွား ဖြစ်ထွန်း အကျိုးပေးတတ်ပါတယ်။

လက်သူကြွယ်အရင်း တနင်္ဂနွေ ဂြိုဟ်ခုံမှာ တြိဂံအမှတ် သင်္ကေတ ပါတဲ့ သူတွေဟာ သတ္တုတူးဖော် ရောင်းဝယ်ရေး၊ အထူးသဖြင့် ကြေးနီ တူးဖော် ရောင်းဝယ်ရေးလုပ်ငန်း တွေမှာ အကျိုးပေးတတ်၊ စီးပွားဖြစ် တတ်ပါတယ်။

လက်သူကြွယ်အရင်း တနင်္ဂနွေ ဂြိုဟ်ခုံမှာ တြိဂံအမှတ် သင်္ကေတ ပါတဲ့သူတွေဟာ မကြာခဏ ထီ ပေါက်ခြင်း၊ ငွေအစုလိုက်အပုံလိုက် ရခြင်းများကို ကြုံတွေ့ရတတ်ပါ တယ်။ ကော်ပေါက်၊ ပွဲပေါက်တွေ ကြုံရတတ်ပါတယ်။

လက်သူကြွယ်အရင်း တနင်္ဂနွေ ဂြိုဟ်ခုံမှာ တြိဂံအမှတ်သင်္ကေတလေး ပါတဲ့သူတွေဟာ လုံ့လဝီရိယရှိမှုနဲ့ ပျင်းရိမှု ဒွန်တွဲနေတတ်တာကြောင့် ဉာဏ်ကိုလွှာပြီး သုံးတတ်ဖို့လိုပါ တယ်။

အခြေအနေ အချိန်အခါနဲ့ ရတဲ့ အခွင့်အရေးကို လက်မလွှတ်စေဘဲ လုံ့လ ဝီရိယစိုက်ထုတ်ပြီး လုပ် ဆောင်တတ်ဖို့လိုပါတယ်။

လက်သူကြွယ်အရင်း တနင်္ဂနွေ ဂြိုဟ်ခုံမှာ တြိဂံအမှတ်သင်္ကေတ လေးပါတဲ့သူတွေဟာ ဆင်းရဲသည် ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ မြေပိုင် အိမ်ပိုင်နဲ့ တင့်တောင့်တင့်တယ် နေထိုင်ရ တတ်ပါတယ်။

ခြုံပြီးပြောရရင်တော့ လက်သူ ကြွယ်အရင်း တနင်္ဂနွေ ဂြိုဟ်ခုံမှာ တြိဂံအမှတ်သင်္ကေတပါတဲ့ သူတွေ ဟာ ဘာလုပ်ငန်းပဲလုပ်လုပ် စီးပွား ဖြစ်ထွန်း အောင်မြင်ကြီး ပွားတတ်ပါ တယ်။ လူနေမှုအဆင့် မြင့်တတ်ပါ တယ်။ တခြားသူတွေထက် အစစ အရာရာမှာ ကံကောင်းသူ တစ်ဦး လည်း ဖြစ်တတ်ပါတယ်။

ဆက်ပါဦးမည်...

*ချမ်းသာကိုယ်စိတ်မြဲပါစေ...*

**ဒေါက်တာစောယုနွယ်**

Ph.D(Tantra)(Kol-India)Astrologer




www.burmeseclassic.com

www.burmeseclassic.com

# ကိုးတောင်ပြည့် ချမ်းသာအောင် မြတ်စွာဘုရားကြီး

## ဘက်စုံမွမ်းမံ ပူဇော်မှု

## အလှူငွေများ လှူဒါန်းနိုင်




ဒိုက်ဦးမြို့ ခေမာသီဝံကျောင်းတော်ကြီးတွင် သီတင်းသုံးတော်မူမည့် "ကိုးတောင်ပြည့် ချမ်းသာအောင် မြတ်စွာဘုရားကြီး" ဘက်စုံမွမ်းမံ ပူဇော်နိုင်ရန်အတွက် အလှူငွေများ ထည့်ဝင် လှူဒါန်းလိုလျှင် • • •

(ဖုန်း-၀၉-၂၅၆၀၀၀၂၈၀၊ ၀၉-၂၅၉၉၅၆၆၅၆၊ ၀၉-၂၅၃၅၄၅၈၇၇၊ ၀၉-၇၃၂၁၁၃၇၂) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မှုန်းတည့်ချိန်မှာ အရိပ်ရှာသူ

ကျော်မြသန်း

(ယခင်လမှအဆက်)

(ခြောက်)

နောက်တစ်နေ့ နံနက်တွင် ကျွန်တော် ရန်ကုန်ရှိ ဦးဘသာထံ တယ်လီဖုန်းဆက်၍ အကြောင်းကြားရသည်။ သူမျှော်လင့်သကဲ့သို့ ဆွေဆွေက စကားကမ်းလှမ်းလာသည့် အကြောင်းယင်းကိစ္စမှာ အလားအလာရှိသဖြင့် ကျွန်တော့်ဘက်မှ လူကြီးတစ်ယောက်အနေဖြင့် ဦးဘသာကိုယ်တိုင် မားမားမတ်မတ်ရှိစေချင်ကြောင်းကို ထည့်ပြောလိုက်သည်။

ထို့ပြင် အကျေမဟုတ်တောင် စရန်အဖြစ် ငွေချေရကောင်း ချေရမည်ဖြစ်၍ သုံးလေးသိန်းလောက်တော့လိုမည်။ ကျွန်တော့်ပစ္စည်းများမှာ ဘဏ်တွင်ရှိသဖြင့် ရန်ကုန်ပြန်ရောက်မှ အရောင်းအဝယ်ပြုနိုင်မည်ဖြစ်၍ ဦးဘသာအနေဖြင့် ပဏာမငွေသားကိုပါ စိုက်ထုတ်ယူလာပါရန် မေတ္တာရပ်ခံလိုက်ရသည်။

တယ်လီဖုန်းဆက်လိုက်သည်မှာ စောင့်ဆိုင်းချိန်၊ နားထောင် ပြောကြားချိန်နှင့်ဆိုလျှင် နှစ်နာရီမျှ အချိန်ကုန်သွားသည်။ ထို့ကြောင့် ကျွန်တော် နံနက်လက်ဖက်ရည်သောက်ရန် စားသောက်ဆိုင်ထဲသို့ နောက်ကျစွာရောက်ခဲ့သည်။

ထိုအချိန်အထိ ကိုဝမ်းဖေနှင့် ဆွေဆွေတို့က ကျွန်တော့်ကို စောင့်ဆိုင်းနေကြသည်။

ကျွန်တော်က သတင်းစာကို ဆွဲယူဖတ်လိုက်ရာ အလယ်စာမျက်နှာအရောက်တွင် ကျွန်တော့်မျက်လုံးများ ပြာဝေသွားသည်။ ကိုယ့်ကိုယ်ကို ဣန္ဒြေမပျက်အောင် မနည်းကြီးထိန်းလိုက်ရ၏။

တရုတ်ပွဲရုံ မီးခံသေတ္တာကိုဖောက်သည့် ဖောက်ထွင်းဝိဇ္ဇာကို မိပြီဟူသော ခေါင်းစည်းဖြင့် ဦးလာဘသတင်းကို ဖတ်ရသည်။ ကျွန်တော်မှာ အံ့အားသင့်ရသကဲ့သို့ နားမလည်နိုင်အောင်လည်း ဖြစ်ရသည်။

သတင်းစာ၏ အလိုအရမှာ‥‥

"ယမန်နေ့ည ၈ နာရီခန့်တွင် အမည်မသိတစ်ဦးက လမ်းမတော် ရဲဌာနသို့ ဖုန်းဆက်ကြောင်း၊ ကျုံးကြီးလမ်းထောင့်တွင် ရိုက်ပွဲဖြစ်ခဲ့ရာ လူတစ်ယောက်ကို ရေမြောင်းထဲပစ်ချထားခဲ့ကြောင်း ဖုန်းဆက်ပြောသဖြင့် တာဝန်ကျရဲများ လိုက်သွားသောအခါ ရေမြောင်းထဲတွင် ဒဏ်ရာပြင်းထန်စွာရထားသော လူနာတစ်ဦးကို တွေ့ရ၍ သယ်ဆောင်ကာ ဆေးရုံကြီးသို့ တင်ပို့လိုက်ရကြောင်း၊ ထိုသူမှာ သတိမေ့နေဆဲဖြစ်ကြောင်း၊ ထိုစဉ်မှာပင် လူတစ်ဦးက တယ်လီဖုန်းဖြင့် စခန်းသို့ ဖုန်းဆက်ပြန်သည်မှာ ထိုသူသည် ဦးလာဘအမည်ရှိ ဖောက်ထွင်းဝိဇ္ဇာဖြစ်၍ လမ်းမတော် တရုတ်ပွဲရုံကို ခေတ်မီစွာ ဖောက်ထွင်းသူဖြစ်ကြောင်း တိကျစွာ သတင်းပေးခဲ့ကြောင်း၊ ဦးလာဘ၏ နောက်ကြောင်းကို စုံစမ်းခဲ့ရာ ထောင်သုံးကြိမ်ကျဖူးသူဖြစ်ပြီး ရဲဘက်မှ အလိုရှိနေသူဖြစ်ကြောင်း သိရသည်" ဟု ဖော်ပြထားသည်။

ထို့ပြင် ယခုသတင်းရေးနေချိန်အထိ ဦးလာဘမှာ ခေါင်းတွင်ရရှိလိုက်သော ဒဏ်ရာကြောင့် သတိမရသေးကြောင်း၊ ရဲဘက်မှ ထင်မြင်ယူဆချက်မှာ ငွေကြေးအဝေမတည့်ရာမှ ခုစရိုက်သမားချင်း အချင်းများပြီး အဖွဲ့ဝင် ခုစရိုက်သမားတစ်ဦးက လုပ်ကြံသွားပုံရကြောင်းကိုပါ ထည့်ရေးထားသည်။

ထိုသတင်းကို ဖတ်ရပြီးနောက် ကျွန်တော် အထူးတုန်လှုပ်သွားရသည်။ ဣန္ဒြေမပျက်အောင် အတော်ပင် ထိန်းချုပ်လိုက်ရ၏။

အခြေအနေမှာ ကျွန်တော့်ဘက်သို့ ဦးလှည့်လာလေမလား။

× × ×

ကိုဝမ်းဖေ၏ ကျွန်တော့်အပေါ် ဆက်ဆံရေးမှာ ယမန်နေ့ညကနှင့် မတူပါ။ အတော်ကလေး ပျော့ပျောင်းသည်ဟု ထင်ရသည်။ သူ့အား ဆွေဆွေက

www.burmeseclassic.com

ကို ပြန်လုပ်နေရသဖြင့် သီးခြားပတ်ဝန်းကျင် မဟုတ်တော့ပါ။ ယခင်က သူ့လက်အောက်တွင် အလုပ်လုပ်ခဲ့ကြသော လုပ်သားများအပေါ် သူ့ဩဇာ ညောင်းနေဆဲ ညောင်းနေပါမည်။ သူ့၌ အကြံအစည်ရှိနေသည် ထားဘိဦး။ လောလောဆယ် သူ့ရုန်းထွက်၍ရဦးမည် မဟုတ်ပါ။

ဆွေဆွေနှင့် သမီးမိုမိုလေးတို့အတွက် ကျွန်တော်က အကောင်းဆုံး စီစဉ်ခဲ့သည်ကို ကိုယ့်ဘာသာကိုယ် ကျေနပ်နှစ်သိမ့်နေမိ၏။

သူနှင့်ပတ်သက်ပြီး ကျွန်တော် မျှော်လင့်ထားသည်များလည်း ရှိသေးသည်။

ဦးလာဘနှင့် ပတ်သက်သည်ကလည်း ကျွန်တော့်ဘက်သို့ ကံကူဖေးမနေ၏။

ဦးလာဘအား တရားရုံးသို့ စွဲတင်၍မရသေး။ သက်ဆိုင်ရာ ရဲများက အမှုကို ခိုင်မာအောင် လိုအပ်သည့် စုံစမ်းထောက်လှမ်းမှုများ လုပ်နေဆဲဟု ကျွန်တော်သိရသည်။ သူ၏ ကျန်းမာရေးမှာလည်း တရားရုံးတွင် အစစ်ခံနိုင်လောက်အောင် မကောင်းသေးချေ။

ကျွန်တော့်မှာ နေ့စဉ်နှင့်အမျှ ဦးလာဘအတွက် စိတ်မဖြောင့်နိုင်အောင် ဖြစ်နေရပါ၏။ လောလောဆယ် ထောင်ထဲတွင် သင့်မြတ်စွာ နေထိုင်စားသောက်နိုင်ရေးအတွက် ကျွန်တော် ဆောင်ရွက်ပေးချင်ပေမယ့် အဆက်အသွယ်လည်းမရ၊ ဆက်သွယ်၍လည်း မဖြစ်။

သူနှင့် လာရောက်မဆက်သွယ်ရန် အတန်တန် ကျွန်တော့်အား မှာကြားသွားခဲ့သည်။ ပြောင်ပြောင်တင်းတင်း ဆက်သွယ်လို့ကတော့ မဖြစ်။

ယင်းသို့ လိပ်ခဲတည်းလည်းဖြစ်နေသည့် ပြဿနာကို ကိုဝမ်းဖေအား ကြားဝင်ဆောင်ရွက်စေရလျှင် ဖြစ်နိုင်ပါ့မလား။

အကျိုးဆောင်ရှေ့နေများနှင့် တိုင်ပင်ကာ အမှုမှလွတ်မြောက်ရေးအတွက် ကျွန်တော် ကြိုးပမ်းချင်သည်။ ကျွန်တော့်ကြိုးပမ်းမှုသည် အချည်းအနှီးဖြစ်မည်မထင်ပါ။ လုံးဝ မလွတ်မြောက်သည့်တိုင်အောင် ပြစ်ဒဏ်တော့ လျှော့ပါးနိုင်ပါလိမ့်မည်။

သို့တစေ ကျွန်တော့်မှာလုပ်ပိုင်ခွင့် အခြေအနေ မပေးသေးပါ။

ထိုအကြောင်းနှင့် ပတ်သက်၍ ဦးဘာသာကို ကျွန်တော် အသိပေးလိုက်သည်။ အတွင်းရေးကိုတော့ ဖွင့်မပြောပါ။ တစ်ချိန်သောအခါက ကျွန်တော့်အား ရန်မူလာသူကို ဦးလာဘက ဝင်ရောက်ကယ်ခဲ့ဖူးကြောင်းလောက်ကိုသာ အကြမ်းသဘော ပြောပြလိုက်ရသည်။

ဦးဘာသာက ခေါင်းတညိတ်ညိတ်လုပ်ရင်း -

"အင်း...မောင်သက်ထွန်းရဲ့ စိတ်ထားကို ဦး အသိအမှတ်ပြုပါတယ်။ အသက်ငယ်ငယ်နဲ့ ဒီသဘောမျိုးထားနိုင်တာကိုလည်း ချီးကျူးပါတယ်"

ဟု ပြောလာသည်။

"သူဟာ ကျွန်တော့်အသက်ကို ကယ်ခဲ့တဲ့သူပါ ဦးရယ်။ နို့မဟုတ်ရင် ခုလောက်ဆို ကျွန်တော် အရိုးတောင် ဆွေးနေလောက်ပါပြီ"

"ဟုတ်ပါပြီ။ တစ်လုတ်စားဖူး သူ့ကျေးဇူးလို့ အဆိုရှိတယ်မဟုတ်လား။ အသက်သခင် ကျေးဇူးရှင်ဆိုတာ မမေ့စကောင်းဘူးလေ။ ကဲပါကွယ်...မင်းက ဘယ်လိုစီစဉ်ချင်လို့လဲ"

ကျွန်တော်က ကိုဝမ်းဖေကို ကြားဝင်ဆောင်ရွက်ခိုင်းရလျှင် ကောင်းမလားဟု အကြံဉာဏ်တောင်းကြည့်ခဲ့ရာ ဦးဘာသာ အံ့ဩတွေဝေသွားသည်။

"ဘာလို့ မောင်ဝမ်းဖေကို ကိုယ်စားလုပ်ခိုင်းရမှာလဲ။ ကိုယ်တိုင်ဝင်တော့ ဘာဖြစ်မှာလို့လဲ မောင်သက်ထွန်းရဲ့"

"ကျွန်တော်ကိုယ်တိုင် ဝင်လိုက်ရင် နောက်ကြောင်း အရှုပ်အထွေး ဖြစ်လာနိုင်မလားလို့ပါ"

ဦးဘာသာက ဘာမျှမပြောဘဲ တစ်စုံတစ်ခုကို လေးနက်စွာ စဉ်းစားနေသည်။

"အေးလေကွာ...စဉ်းစဉ်းစားစားတော့ လုပ်ရလိမ့်မယ်။ လူ့ဆိုတာဟာ အပေါင်းကြောင့် ဂုဏ်တက်ခြင်း၊ အပေါင်းကြောင့် ဂုဏ်ပျက်ခြင်းလို့ ရှိတယ်။ အခု မင်း သူနဲ့ပတ်သက်ခဲ့မိတဲ့အတွက် ပြောင်ပြောင်တင်းတင်း မဆောင်ရွက်နိုင်တော့ဘူး မဟုတ်လား။ သူ့ဘဝ နောက်ကြောင်းမှ မကောင်းခဲ့တာကိုးကွ။ အေး...ရှေ့လျှောက် သူနဲ့ ပတ်သက်ဆက်နွှယ်တဲ့အတွက် မင်း ဘယ်လောက် ဘဝတွင်းနက်ဦးမလဲဆိုတာတော့ သတိထားရလိမ့်မယ်"

"သူက ခုစရိုက်သမားပေမယ့် စိတ်ရင်းတော့ အင်မတန်ကောင်းပါ



www.burmeseclassic.com

www.burmeseclassic.com

မည်သို့စည်းရုံးလိုက်သည်မသိ။ မတွေ့စဖူး အပြုံးလေးများကိုပင် သူ့ထံမှ တွေ့နေရသည်။

ကျွန်တော်ဆိုသော ကျွန်တော်ကလည်း အတိတ်ကို အလွယ်တကူ မေ့နိုင်သူပါ။ နိုင်လုံသည့်အကြောင်းမရှိလျှင် အပေါင်းကို သတိရတတ်သူမဟုတ်ပါ။ ကျွန်တော့်အပေါ် လိုက်လျောမှုပြုလာသော ကိုဝမ်းဖေကို စိတ်ထဲမှ ကျေနပ်နေမိပါသည်။ သူသည် ဆွေဆွေ၏ ခင်ပွန်း၊ မို့မို့လေး၏ ဖခင်ဖြစ်ပြီး လောလောဆယ်တွင် ဤတိုက်ကြီး၏ အိမ်ထောင်ဦးစီး မဟုတ်ပါလား။

ကျွန်တော်၏နှလုံးသားမှ ဆွေဆွေနှင့် မို့မို့လေးတို့အား ညာတာထောက်ထားမှုမှန်သမျှသည် ကိုဝမ်းဖေကိုလည်း ခံစားစေရတော့မည်။

နောက်ဆုံးတော့ . . .ဖြစ်သမျှအကြောင်း အကောင်းချည်းဟု ကျွန်တော် သဘောထားနိုင်ခဲ့ပါပြီ။

နောက်တစ်နေ့မှာ ဦးကျော်ခိုင်၏ ရက်လည်ဆွမ်းသွတ်တရားနာသောနေ့ဖြစ်၍ မိုးမလင်းမီကတည်းက စတင်ခဲ့ကြရာ နံနက် ၁၀ နာရီခန့်တွင် ပြီးစီးသွားသည်။

နေ့လယ် ၁၂ နာရီတွင် ဦးဘသာ ရောက်လာသည်။

ကိုဝမ်းဖေတို့နှင့် မိတ်ဆက်ပေးပြီးနောက် ဦးဘသာနှင့် ကျွန်တော် ဆွေးနွေးရန် တစ်နေ့လုံးအချိန်ရခဲ့သည်။

သူက ကျွန်တော့်အတွက် ဝမ်းသာနေရှာသည်။

"လူတစ်ယောက် ကံကောင်းလာပြီဆိုရင် ဘယ်အရာကမှ တားဆီးလို့ရတာမဟုတ်ဘူး မောင်သက်ထွန်းရဲ့"

ဟု ဆိုကာ နေ့ချင်းညချင်း အကျိုးဖြစ်ထွန်းလာသော ကျွန်တော့်အဖြစ်များကို ချီးကျူးနေသည်။

"အခုလည်း မင်းမျှော်လင့်တဲ့အတိုင်း ဖြစ်မှာပဲကွယ့်။ ကြည့်သာနေ။ ဦးကလည်း အဲဒီအတိုင်း ဖြစ်စေချင်တာပဲ။ ဘာဖြစ်လို့လဲ သိလား"

ကျွန်တော် ခေါင်းခါပြလိုက်ရသည်။

"မင်းအနေနဲ့ ဘာမှလည်း လုပ်တတ်တာမဟုတ်သလို ဘာမှလည်း သိဦးမှာမဟုတ်ဘူး။ အဲဒီလိုအချိန်မျိုးမှာ မလွှဲမပြောင်းနိုင်တဲ့ ပစ္စည်းမျိုးတွေ မင်းလက်ထဲရှိထားတာ အနိုင်မခံဆုံးပဲကွယ့်"

ကျွန်တော် သဘောမပေါက်လှသော်လည်း ခေါင်းညိတ်ပြမိသည်။

"လူကြီးမိဘ ဆိုရိုးစကားတစ်ခုရှိဖူးတယ်ကွ"

ဦးဘသာက ရှင်းပြပါသည်။

"တစ်ရက်စိတ်ချမ်းသာချင်ရင် အရက်သောက်ပါတဲ့၊ တစ်နှစ်စိတ်ချမ်းသာချင်ရင် မိန်းမယူပါတဲ့ကွ။ အဲ . . . တစ်သက်လုံး စိတ်ချမ်းသာချင်ရင်တော့ သစ်ပင်စိုက်ပါတဲ့ကွ။

"အခုတော့ စိုက်ပြီးသား အပင်ပါတဲ့ လက်ဖက်ခြံကို ပိုင်ပြီဆိုတော့ မင်းအတွက် ဘဝအာမခံချက်ရှိသွားပြီပေါ့ကွာ"

ယခုမှပင် ကျွန်တော်သဘောပေါက်ပြီး ပွင့်လင်းစွာပြုံးပြလိုက်ရပါသည်။

ထိုညတွင်ပင် ဦးဘသာက ဦးဆောင်ပြီး ဆွေးနွေးဖြစ်ခဲ့ကြသည်။

"အေးကွယ် . . . အခုလို အချိန်မျိုးမှာ ဦးအနေနဲ့ အရောင်းအဝယ်စကားကို မပြောချင်ပါဘူး။ ဦးကျော်ခိုင်လည်း ဆုံးပြီးစဖြစ်ပေမယ့် ရစရာရှိတဲ့လူတွေကတော့ နေကြမှာမဟုတ်ဘူး။ အဲဒီအခါကျရင် တူမကြီးတို့မှာလည်း အဆင်သင့်ဖြစ်နေအောင်ရယ်၊ ဦးမှာက ကျန်းမာရေး သိပ်မကောင်းလှတဲ့အပြင် ရန်ကုန်မှာလည်း ဆိုင်ပိတ်ထားရတာမို့ မြန်မြန်ပြန်ချင်တယ်။ ဒါကြောင့် သဘောပေါက်ကြပါကွယ်"

ဤသို့ စတင်ဖြစ်ခဲ့သည်။

အရောင်းအဝယ် ကိစ္စတစ်ခုလုံးကို ဆွေဆွေကပင် ဆွေးနွေးသည်။ ကိုဝမ်းဖေမှာ နားထောင်ရုံသက်သက်သာ ဖြစ်ခဲ့သည်။

တစ်နာရီအတွင်း အရောင်းအဝယ်ကိစ္စ ပြီးပြတ်သွားသည်။

ဆွေဆွေတို့ ပေးစရာရှိသည်များကို စာရင်းချ တွက်ကြည့်လိုက်ရာ သူတို့တိုက်နှင့် လက်ဖက်ခြံတို့၏ တိုးရင်းပေါင်းမှာ ကာလတန်ဖိုးထက်ပင် များနေလေပြီ။ ထို့ကြောင့် ကျောက်မဲနှင့် ပန်းလုံအကြားရှိ လက်ဖက်ခြံကို အပေါင်ခံထားသူအား ကာလတန်ဖိုးဖြင့် ဖြတ်ယူစေပြီး ကျောက်မဲရှိ လက်ဖက်ခြံနှင့် မန္တလေးမှတိုက်အပါအဝင် မေမြို့ (ပြင်ဦး ပွင်) နေအိမ်ပါသော ယာခင်းတစ်ခုတို့အား စုစုပေါင်း တစ်ဆယ့်လေးသိန်းခွဲနှင့် ကျွန်တော်က ဝယ်ယူလိုက်သည်။

ဤအရောင်းအဝယ်ကိစ္စမှာ ယာယီသဘောတူလိုက်ကြခြင်းသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ရက်တွင် ရေနေ၊ အကျီး တော်ဆောင်များ၊ အပေါင်ခံထားသူများ ကို ခေါ်တွေ့ပြီး တစ်ဦးချင်းရှင်းရန် ဖြစ်သည်။ အပြီးအပြတ်ဖြစ်ရန်မှာ ကျွန်တော် ရန်ကုန်ပြန်ပြီး စိန်များကို ထုခွဲရဦးမည် ဖြစ်ပါသည်။

အခုအရောင်းအဝယ်တွင် ဆွေဆွေတို့မှာ အထွေထွေအရပ်ရပ် ကျန် ငွေအသားတင်မှာ တစ်သိန်းခွဲမျှသာ ရှိနေမည်ကို အံ့သြစွာ သိလိုက်ရသည်။

ကျွန်တော်က စိတ်မကောင်းခြင်း ကြီးစွာဖြင့် ဆွေဆွေကို လှမ်းကြည့်ခဲ့သည်။ ဆွေဆွေကလည်း သဘော ပေါက်သည့်အလား ယှဲ့ယှဲ့လေး ပြုံးနေသည်။ အံ့သြစရာကောင်းလှသည်မှာ လက်လွတ်ဆုံးရှုံးမှုအတွက် ဝမ်းနည်းသည့်အရိပ်အယောင် မပြခြင်းပင်ဖြစ်သည်။

"ကြွေးကင်းခြင်းဟာ ဘေးကင်းခြင်းပဲ မဟုတ်လား ကိုသက်။ ကြွေးရှိနေသေးသမျှ ကြွေးရှင်ဟာ သူပြောချင် သလိုရတယ်။ စွပ်စွဲလို့လည်းရတယ်။ အားမနာပ ပြောမယ်ဆိုလည်း ပြောခွင့်ရှိတယ်။ လူဟာ မသေခင် တင်ကြွေးကို ကြိုရှင်းသွားသင့်တယ် မဟုတ်လား"

ဆွေဆွေက ကျွန်ရွရွ ပြောနေသည်။

"ငါ့တူမကြီးဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေစကားမပြောသင့်ဘူးကွယ်။ ဦးဆိုရင် အသက်ခြောက်ဆယ်ရှိတော့မယ်၊ သေဖို့ စိတ်မကူးသေးဘူး"

ဦးဘသာက ဝင်ပြောသည်။

"ကျွန်မတို့က အဲဒီအကြောင်းကို မေ့ထားကြပေမယ့် သေခြင်းတရားက တော့ ကျွန်မတို့ကို မေ့ထားမှာ မဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်မ စိတ်ချမ်းသာစရာ အရိပ်အယောင်သန်းလာပါပြီ ဦး"

အကြောင်းသား ငေးကြည့်နေသူမှာ ကိုဝမ်းဖေပင် ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်မှာတော့ စာနာစိတ်ဖြင့် ခံစားနေရပါသည်။ လက်ရှိမှ လက်မဲ့ဘဝသို့ နေ့ချင်းညချင်း ရောက်သွားကြတော့မည့် အဖြစ်ကိုလည်း တွေးနေမိသည်။ စာချုပ်စာတမ်းနှင့် လက်မှတ်မထိုးမီ ကျွန်တော်တို့ အတိုးအဆုတ် လုပ်နိုင်သေးသည်ကိုလည်း တွေးမိသည်။

ဤတွင် ရုတ်တရက်ဖြစ်ပေါ်လာသော စိတ်ကူးဖြင့် ကျွန်တော် ဝင်ပြောခဲ့သည်။

"ဒီလိုလုပ်ဗျာ၊ အခု ကျွန်တော်တို့ သတ်မှတ်ကြတဲ့အထဲမှာ ခြံဦးလွင်က ခြံနဲ့အိမ်လည်း ပါတယ်မဟုတ်လား"

အားလုံးကို ကျွန်တော့်ကို ဝိုင်းကြည့်ကြသည်။

"ဈေးကတော့ စောစောက သတ်မှတ်တဲ့အတိုင်းပဲ ထားပါ။ ဒါပေမယ့် အဲဒီခြံနဲ့အိမ်ကို ကိုဝမ်းဖေတို့ပဲ ယူထားလိုက်ပါတော့။ စာချုပ်ထဲ ထည့်မချုပ်တော့ဘူး"

ဦးဘသာ၏ နားမလည်သော အကြည့်နှင့် ဆွေဆွေ၏ အံ့သြနေရာသော အကြည့်များကြားတွင် ကိုဝမ်းဖေထံမှ သက်ပြင်းရှိုက်သံက ထူးထူးခြားခြား ပေါ်ထွက်လာသည်။

သည့်နောက် ကျွန်တော်က ဦးဘသာ ရန်ကုန်မှယူလာသည့် ငွေအထုပထဲမှ ငါးသောင်းကိုယူပြီး သူတို့ရှေ့သို့ တွန်းပို့လိုက်သည်။

"ဒီငွေငါးသောင်းကတော့ မိုမို့အတွက် ကျွန်တော့်ရဲ့ ပညာသင်ထောက်ပံ့ကြေးပဲ ဆိုပါတော့။ လက်ခံကြပါ"

ကျွန်တော့်စကားကြောင့် ကိုဝမ်းဖေသည် ကျွန်တော့်ကို ကြည့်ရမည့် စား သူ့အကြည့်မှာ ဆွေဆွေ့ထံ ရောက်နေသည်ကို အံ့သြစွာ တွေ့လိုက်ရသည်။ ဤတစ်ကြိမ် သက်ပြင်းချသံမှာ ဆွေဆွေ့ထံမှ ဖြစ်သည်။

"အေး…ကောင်းသကွာ"

ဦးဘသာ၏ မှတ်ချက်ဖြစ်သည်။

"ဒါဆို ဆွေ့စိစဉ်တာကိုလည်း ကိုသက်လက်ခံပါ"

ကျွန်တော်တို့အားလုံး အကြည့်များ ဆွေဆွေ့သို့ ရောက်သွားသည်။

"ဆွေ့တို့မှာ လုပ်ငန်းအတွက်သုံးထားတဲ့ ဂျစ်ကားကို ကိုသက်ယူလိုက်ပါ။ စာချုပ်ထဲမှာ ကားကိုပါ ထည့်ချုပ်ပါ"

ခဏမျှတော့ မည်သူမျှ စကားမပြောဖြစ်ကြချေ။ တိတ်ဆိတ်သွားမှုကို ဖြိုခွင်းလိုက်သူမှာ ကျွန်တော်ပင် ဖြစ်သည်။

"ရှင်းရှင်းပြောရရင် ကျွန်တော်ဟာ ကျောင်းသားပဲဗျ။ လက်ထဲမှာ ငွေရှိလို့သာ သူဌေးဖြစ်နေပေမယ့် ဘာမှ လုပ်တတ်တာမဟုတ်ဘူး။ အခု တိုက်နဲ့ လက်ဖက်ခြံကို ဝယ်ခဲ့ပေမယ့် အခုအခံရှိအောင် လုပ်ထားတာကလွဲရင် ဘာမှ နားလည်သေးတာ မဟုတ်ဘူး။ ဒီတော့ ကျွန်တော်ကပဲ ပြန်အကူအညီတောင်းချင်တယ် ကိုဝမ်းဖေ"



www.burmeseclassic.com

www.burmeseclassic.com

ကိုဝမ်းဖေက စိတ်စောစွာဖြင့် ကြည့်လာသည်။

"ဆွေဆွေတို့အနေနဲ့ တစ်သက်လုံး ဒီတိုက်ကြီးပေါ်မှာပဲ နေလာကြတာဆိုတော့ ချက်ချင်းဆင်းပေးရမယ် ဆိုရင် ဂူနွေးပျက်မှာပဲ"

"မပူပါနဲ့ ကိုသက်။ ဆွေဆွေဟာ စဉ်းစားပြီးမှ ဆုံးဖြတ်တာပါ"

ဆွေဆွေမှာ ကျွန်တော်တို့ထင်ထားတာထက် သတ္တိပိုရှိပုံရသည်။

ကိုဝမ်းဖေ၌ မာနရှိကြောင်း သူ၏သွင်ပြင်ပုံဟန်က ဖော်ပြနေသည်။

"ကိုသက် ဘာပြောချင်တာလဲ"

ဆွေဆွေက စိတ်ဝင်တစား မေးလာသည်။

"ဒီလိုပါ ဆွေ။ ဆုံးသွားတဲ့ ဆွေ့ဖေဖေဟာ ကိုယ့်မိတ်များနဲ့ စီးပွားဘက်ဖြစ်တဲ့အပြင် မိတ်ရင်းဆွေရင်းတွေပါ။ ဒီတော့ ကိုယ်တို့တစ်တွေဟာလည်း မိတ်ဆွေရင်းတွေပဲ ဖြစ်ရမှာပေါ့။ အလှည့်သင့်လို့ ကြုံကြိုက်ရင် ကူညီကြရတာပေါ့ မဟုတ်ဘူးလား"

"နေပါဦး။ မောင်သက်ထွန်းက ဘာစီစဉ်ချင်သေးလို့လဲ"

စိတ်ရှည်ဟန်မတူသော ဦးဘသာက ဝင်၍မေးလာသည်။

"ကျွန်တော့်အနေနဲ့ကတော့ ဦးကျော်ခိုင်ရဲ့ လုပ်ငန်းတစ်ခုလုံးကို တာဝန်ယူခဲ့တဲ့ ကိုဝမ်းဖေဟာ ခုအတိုင်းပဲ ဆက်ပြီး တာဝန်ယူစေချင်တယ်လေ"

"ဘာ. . .မဖြစ်ဘူးထင်ပါတယ်ဗျာ"

ကျွန်တော့်စကား ဆုံးလျှင်ပင် ကိုဝမ်းဖေ ကမန်းကတန်း ငြင်းပယ်စကား ပြောခဲ့သည်။

"ဒီလိုဗျ ကိုဝမ်းဖေရဲ့။ ခုကိစ္စအားလုံးဟာ ခင်ဗျားပေါ်မှာ မူတည်တယ်။ ကျွန်တော်ပြောတဲ့အစီအစဉ်ကို ခင်ဗျားလက်ခံမယ်ဆိုရင် ခင်ဗျားမိသားစု အခြေအနေလည်း ပြောင်းစရာမရှိဘူး။ အခြေမပျက် ဆိုပါတော့ဗျာ"

ကိုဝမ်းဖေက ဘာမျှမပြောဘဲ အောက်နှုတ်ခမ်းစွန်းကိုကိုက်ထားသည်။ ဤတစ်ကြိမ် ဆွေဆွေ၏အကြည့်မှာ ခါတိုင်းလို ဘာသိဘာသာ မဆန်။ ကိုဝမ်းဖေကို တောင်းပန်တိုးလျှိုးနေသည့်အလား အားကိုးတကြီးရှိလှသည်။

"ခင်ဗျားဘာသာ ကြိုတင်စီစဉ်ထားတာမျိုး ရှိနေလို့လား ကိုဝမ်းဖေ"

"ဟင့်အင်း. . .မရှိပါဘူး။ ဘာမှ မရှိပါဘူး"

ကိုဝမ်းဖေက ပြူးပြူးပျာပျာဖြင့် ဖြေသည်။

"ဒါဆိုရင် ကျွန်တော်ပြောတဲ့ အစီအစဉ်ကို လက်မခံနိုင်တဲ့ အကြောင်းကော ရှိနေလို့လား။ ဒါတွေဟာ ခင်ဗျားလုပ်နေကျ ခင်ဗျားခြေရာ ခင်ဗျားပြန်နင်းရမယ့် ကိစ္စတွေပါ"

သူ့အသွင်မှာ အလေးအနက် စဉ်းစားဟန် ရှိလာသည်။

"တကယ်လို့ ခင်ဗျားသာ ကျွန်တော့်အစီအစဉ်ကို လက်မခံဘူးဆိုရင် ဒီတိုက်၊ ဒီခြံတွေ ဝယ်ယူတဲ့ကိစ္စကို ပြန်စဉ်းစားရတော့မယ်။ ကျွန်တော် နားမလည်၊ မလုပ်တတ်၊ မကျွမ်းကျင်တဲ့ အလုပ်ဟာ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ"

"ကျွန်တော်ဟာ ဒီအထိ အရေးပါနေသလားဗျာ"

သူက မှုမမှန်သံဖြင့် ပြန်မေးနေသည်။

"ပြောခဲ့ပြီကော ကိုဝမ်းဖေ၊ ကျွန်တော့်လုပ်ငန်းတစ်ခုလုံးအတွက် ခင်ဗျားဆိုတဲ့ ခင်ဗျားကိုပဲ ကျွန်တော်အလိုရှိတယ်ဗျာ၊ ဘယ့်နှယ်လဲ"

"မောင်ဝမ်းဖေ. . .ငြင်းမနေပါနဲ့ကွယ်။ အခု အစီအစဉ်ဟာ အတော့်ကို သင့်မြတ်ပါတယ်။ ပိုနေမြဲ ကျားနေမြဲ အခြေမပျက် ဆက်နေ၊ ဆက်လုပ်ကြဖို့ပဲ မဟုတ်လား"

ဦးဘသာက ဝင်ပြောသည်။

အံ့ဩစရာကောင်းသည်မှာ ဆွေဆွေက သူ့ခင်ပွန်းအား ဘာမျှဝင်မပြောခြင်းပင်ဖြစ်သည်။ ကျွန်တော်က ကိုဝမ်းဖေကို လိုလိုချင်ချင်ရှိနေသည်ကိုတော့ အံ့ဩဟန်ရှိပါသည်။

ကိစ္စအားလုံးကို နဂုံးချုပ်လိုက်သောအခါ ဦးကျော်ခိုင်၏နေရာတွင် ဦးသက်ထွန်းဟု အမည်ပြောင်းလိုက်သည်မှအပ အခြေအနေအားလုံးသည် မူလအတိုင်း ဖြစ်ခဲ့ကြသည်။

× × ×

(ခုနစ်)

ယခုအခါ တစ်နေ့ထက်တစ်နေ့ စာမေးပွဲကြီးမှာ နီးကပ်လာပြီဖြစ်သဖြင့် ကျွန်တော့်မှာ ပဲခူးဆောင်မှာသာ အနေများခဲ့သည်။ ခုအချိန်အထိ ကျောက်မဲသို့လည်း မရောက်ခဲ့သေးပါ။ သွားချင်စိတ်ကား ရှိနေပါ၏။ အခြေအနေက မပေးသေးပေ။

ထို့ပြင် ကျွန်တော်လက်ဆောင်ပေးလိုက်သော ပြင်ဦးလွင်မှ ခြံနှင့် အိမ်ကလေးသို့ သွားချင်သေးသည်။ လူချမ်းသာများ နွေရာသီအပန်းဖြေတတ်သော



www.burmeseclassic.com

www.burmeseclassic.com

ဤမြို့လေးကို ကျွန်တော် ငယ်စဉ်ကတည်းက ကြားဖူးနား၀ စကားဖြင့် စိတ်ဝင်စားခဲ့သောကြောင့် ဖြစ်ပါသည်။

ဘာပဲဖြစ်ဖြစ် ကံကောင်းသူကား ကျွန်တော်ပင် ဖြစ်သည်။

ဦးဘာသာသည် အစဉ်အဆက်က ကျွန်တော့်မိဘများအပေါ် အကျိုးပြုခဲ့သည်။ ယခု အမေဆုံးသွားသောအခါ ကျွန်တော့်တာဝန်ကို ဆက်လက်ယူနေပြန်ချေပြီ။

စင်စစ် ဦးဘာသာသည် စီးပွားရေးသမား ဖြစ်သော်လည်း ကျွန်တော့်အပေါ်တွင်မူ ဧည့်သားဆန်လှသည်။ ကျွန်တော်၏ နေထိုင်သွားလာ ဆက်ဆံရေး၊ ငွေကြေးကိစ္စကအစ ကျွန်တော့်ကျန်းမာရေးကိုပင် အထူးဂရုစိုက်ရှာသည်။

ဘယ်ဘ၀က ရေစက်မှန်းမသိ၊ ကျွန်တော်ကလည်း ဦးဘာသာကို ဦးကြီး။ ဘကြီးအရင်းလို သံယောဇဉ်တွယ်မိနေသည်။ ဘယ်တုန်းကမှ သူ့အကျိုးအတွက် ကျွန်တော့်ထံမှ မျှော်လင့်ခဲ့သူမဟုတ်သဖြင့် သူ့ကိုယ်ပိုင် လက်ဖက်ခြောက်ပွဲရုံ ခွဲတည်ထောင်လိုလျှင် ကျွန်တော်က တာဝန်ယူချင်သည့်အကြောင်းကို ပြောပြခဲ့ဖူးသည်။ တတ်သလောက် မှတ်သလောက်ဖြင့် ကျွန်တော်ပြောပြသည်ကို ဦးဘာသာက ပြုံးပြုံးကြီး နားထောင်ပြီး ခေါင်းခါသည်။

"တော်လောက်ပါပြီ မောင်သက်ထွန်း။ ကိုယ်တတ်ကျွမ်းတာလောက်ပဲ လုပ်ပါရစေတော့။ ခုအရွယ်မှ စစ်မျက်နှာသစ်လည်း မဖွင့်ပါရစေနဲ့တော့ကွယ်"

ကျွန်တော် တအံ့တဩဖြင့် သူ့ကိုကြည့်ဖြစ်သည်။

"ဘာလဲ . . .မောင်သက်ထွန်း သဘောမပေါက်ဘူးနဲ့တူတယ်"

သူက မေးပြီးမှ ဆက်ပြောသည်။

"အခု မောင်သက်ထွန်းဆီက စိန်လုံးရေ တစ်ရာ့ငါးဆယ်တိတိ ဝယ်လိုက်တယ်မဟုတ်လား"

"ဟုတ်ကဲ့"

"မှတ်ထား။ ငွေထက် ရွှေက တန်ဖိုးရှိတယ်၊ ရွှေထက် စိန်က တန်ဖိုးပိုရှိတယ်။ အခု ဦးလက်ထဲမှာရှိတဲ့ စိန်တွေဟာ စက္ကန့်နဲ့အမျှ တန်ဖိုးတက်နေပြီကွ။ ဒါကြောင့်လည်း မောင်သက်ထွန်းရဲ့ လက်ကျန်စိန် သုံးဆယ်ကို မရောင်းခိုင်းတာပေါ့။ ဒါတွေဟာ . . . မောင်သက်ထွန်းက ဦးကို ကျေးဇူးပြုလိုက်တာပဲ"

ယခုမှ ကျွန်တော်သဘောပေါက်ရပါတော့သည်။

"ဘယ်ခေတ်ဘယ်အခါပဲ ဖြစ်ဖြစ် ငွေဟာ လူတွေအတွက် မပြတ်မလပ်လိုတာပဲကွာ။ အမြတ်ဆုံးဆိုတဲ့ ပညာရပ်တစ်ခုခုကို ထိုက်ထိုက်တန်တန်ရဖို့အတွက် ငွေကို လမ်းခင်းရတာမျိုးလည်း ရှိတာပဲမဟုတ်လား"

ကျွန်တော် ခေါင်းညိတ်ရပြန်သည်။

"ဘယ်အရာမဆို လွန်ကြူးဖို့မလိုတာတော့ မှန်တယ်။ ဒါပေမယ့် အိတ်ကပ်ထဲ ကားခလေးတောင် မထည့်နိုင်ဘဲ မြို့ထဲထွက်လာတဲ့လူတစ်ယောက်နဲ့ ဝယ်ခြမ်းစားသောက်နိုင်လောက်အောင် ငွေထည့်လာတဲ့လူတစ်ယောက်ရဲ့ စိတ်ဓာတ်ချင်း ဘယ်သူနိုင်ပါ့မလဲ။ ခုတိယလူက တက်တက်ကြွကြွရှိနေမှာပေါ့။ အခု မင်းမှာ အခွင့်အလမ်း သင့်နေတယ်ဆိုတာကလည်း အခုအခံရှိနေလို့ပေါ့၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဦးကြီး"

"ဒီတော့ ရတနာလေး မဆုံးပါး မပျက်စီးရအောင် မင်း ကြိုးစားဖို့ပဲ လိုတော့တယ်။ အလုပ်သဘော နားလည်ရမယ်၊ အကျိုးရှိရှိ ဆောင်ရွက်တတ်ရမယ်။ အဲဒီကိစ္စဟာ မင်းယူမယ့် ဘွဲ့ပညာရပ်နဲ့တော့ သိပ်မဆိုင်လှဘူးပေါ့ကွာ။ ဒါပေမယ့် ဦးတစ်ခါကပြောခဲ့သလိုပဲ အားပါတဲ့ဟင်းလို ရတနာလေးနက်စေမှာပဲကွယ့်။ ဘွဲ့ရပညာတတ်တစ်ယောက်ကိုယ်တိုင် ကွင်းဆင်းပြီး လက်ဖက်ခြောက်လုပ်ငန်းကို လုပ်တယ်ဆိုတော့ ဘယ်အထင်သေးရဲတော့မလဲ"

ဦးဘာသာသည် အမြော်အမြင်ကြီးသူ ဖြစ်သည့်အတိုင်း ဤသို့လျှင် အခါအခွင့်သင့်သလို ဆုံးမစကား၊ အားပေးစကား ပြောတတ်၏။

ကိုဝမ်းဖေနှင့် ကျွန်တော်တို့၏ ဆက်ဆံရေးမှာလည်း ပုံမှန်အခြေအနေသို့ ပြန်ရောက်ပြီဟု ဆိုရပါမည်။ ကျွန်တော်သည် သူ၏အလုပ်ရှင်ဖြစ်သော်လည်း သူ့လုပ်သမှုကို ဝင်မစွက်ဘဲ လက်ခံခဲ့သည်။ အလုပ်နားမလည်သေးခြင်းကလည်း အကြောင်းတစ်ခု ဖြစ်နေပါသည်။

ဒါ့ပြင် သူ့သဘောထား၊ သူ့အခြေအနေကိုလည်း ကျွန်တော်က စောင့်ကြည့်အကဲခတ်ဖို့ အချိန်ယူရပါဦးမည်။

သူ့အနေဖြင့် လုပ်လက်စအလုပ်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ကျွန်တော့်ကို ဦးလာဘ ကူညီတုန်းက တကယ့်စိတ်ရင်းစေတနာနဲ့ ကူညီတာလို့ ကျွန်တော် ဒီနေ့အထိ ယုံနေတုန်းပဲ ဦးကြီးရဲ့"

"ဒါကတော့ မင်းက လူကောင်းသူကောင်းကိုးကွ။ ဒီလိုပဲ တွေးခေါ်ပေမယ်ပေါ့။ ကဲပါလေ...ထားပါတော့။ ခုကိစ္စကိုတော့ ဦး ကန့်ကွက်စရာမရှိပါဘူး။ အဲ...ဒါပေမယ့် ကိုယ့်သိက္ခာကို ထိခိုက်လာတာမျိုးဆိုရင်တော့ ရှောင်စမ်းပါကွယ်။ အခု မောင်သက်ထွန်းဟာ အရင်မောင်သက်ထွန်း မဟုတ်တော့ဘူးဆိုတာကိုတော့ အလေးအနက် သတိထား"

"စိတ်ချပါ ဦးကြီး။ ကျွန်တော် အမြဲသတိရှိနေမှာပါ"

ထိုနေ့မှစ၍ ကျွန်တော်သည် ဦးလာဘ၏သတင်းကို အခွင့်သာသည်နှင့်အမျှ နည်းမျိုးစုံဖြင့် စူးစမ်းခဲ့ပါသည်။ ထောင်ဆရာဝန်မှအစ၊ အစောင့်ဝါဒါများအလယ်၊ ထောင်ထွက်အကျဉ်းသားများအဆုံး သူတို့ထံမှ သွယ်ဝိုက်၍ သတင်းရယူခဲ့သည်။

ပေါ်ပေါ်ထင်ထင် မလုပ်ရဲသေး။ ကိစ္စတိုင်းတွင် ချွတ်ယွင်းအားနည်းချက်များ ရှိတတ်သောကြောင့် ကျွန်တော် အထူးသတိထား၍ လှုပ်ရှားနေရသည်။

ကျွန်တော်၏ နောက်ဆုံးစာမေးပွဲကြီးမှာလည်း ရက်ပိုင်းမျှသာ လိုတော့သည်မို့ ကျွန်တော့်မှာ နေ့မီးညမီး ဆက်မတတ် ကြိုးစားရပြန်သည်။ ယခင်ယခင်အချိန်များက ပေါ့ပေါ့တန်တန်နေခဲ့သလောက် အခုမှ မနားမနေ ကြိုးစားနေရသည်မှာ မလွယ်ကူပါ။

မိုးလွန်မှ ထွန်ချသိုသလို အဖြစ်က ကိုယ်လိုချင်သော အရာတစ်ခုအတွက် ထိုက်ထိုက်တန်တန်လေး မရတတ်ကြောင်းကို သဘောပေါက်သထက် ပေါက်လာရပါတော့သည်။

× × ×

## အပိုင်း(၃)
## သံယောဇဉ် တစ်ဆစ်ချိုး
## (တစ်)

နောက်ဆုံး အတန်းတင်စာမေးပွဲကြီးကို ဖြေဆိုပြီးပါပြီ။ ကျွန်တော့်အဖို့တော့ ရောမ ဝန်ထုပ်ဝန်ပိုးကြီးအောက်မှ လွတ်မြောက်ခဲ့ခြင်းပင် ဖြစ်သည်။ တစ်သက်တာအတွက် သင်ကြားရမည့် အတန်းပညာကို ဆုံးခန်းတိုင်စေခဲ့ပြီမို့ စိတ်ရောကိုယ်ပါ ပေါ့ပါးလန်းဆန်းသွားပါသည်။

ကျွန်တော်တို့ နောက်ဆုံးနှစ် ကျောင်းသားကြီးများထဲမှ ခင်မင်ရင်းနှီးသူများ စုဝေး၍ နှုတ်ဆက်ပျော်ပွဲ ကျင်းပခဲ့၏။ သောက်စရာ၊ စားစရာများအပြင် ဟိုဒင်း ဟိုကိစ္စများလည်း ပါဝင်ခဲ့၏။

အစွမ်းကုန်၊ အားကုန် ပျော်ပစ်လိုက်ကြသည်။

ထိုနေ့ည အစွမ်းကုန်ပျော်ပွဲကြီး၏ ဒကာမှာ ကျွန်တော်။ ကျွန်တော်၏ စိတ်အစဉ်ကို အနှောင့်အယှက်ပေးနေသော ဦးလာဘကိစ္စကိုလည်း ကျွန်တော် သတိမမေ့ပါ။

သူ၏အရိပ်က ကျွန်တော့်အပေါ် ထိုးယှက်နေပါသည်။ မကောင်းသော အကြောင်း၏ တန်ပြန်အကျိုးဆက်ကို ကျွန်တော် ထိုက်သင့်သလောက် ခံစားနေရပါပြီ။

သူက ထောင်ထဲမှာ။ ကျွန်တော်က အပြင်မှာ။

သူ့အလှည့်ပြီးလျှင် ကိုယ့်အလှည့် ဘယ်တော့လဲဟု ကိုယ့်ကိုယ်ကို မေးနေရပြီ။

ကျွန်တော်၏ စိတ်အစဉ် တည်ငြိမ်မှု ကင်းပလာသည်ကိုတော့ ကျွန်တော် သတိပြုမိပါသည်။

သူငယ်ချင်းများနှင့် သောက်စားပျော်မြူးနေစဉ်မှာပင် ဦးလာဘကိစ္စမှာ ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်လာနေသည်။

ထိုညက သန်းခေါင်ကျော်မှ ကျွန်တော်တို့ အရက်ဝိုင်းသိမ်းဖြစ်သည်။ ထို့ပြင် တက္ကသိုလ်မှာ နောက်ဆုံးညအဖြစ် အပေါင်းအသင်းများနှင့်အတူ ပဲခူးဆောင်တွင်ပင် အိပ်လိုက်သည်။

တက္ကသိုလ်ကို ခွဲခွာလာရသည့်အတွက် ကျွန်တော် ဝမ်းမနည်းလှပါ။ ရှစ်နှစ်ကြီးများ စိတ်တိုင်းကျ နေလာခဲ့ရပြီမို့ ငြီးငွေ့ချင်ချင်ပင် ဖြစ်နေသည်။ အခုတော့ မငြီးငွေ့ခင် ထွက်လာရသဖြင့် ကျေနပ်သလိုလိုပင် ဖြစ်မိပါသေးသည်။

ကျွန်တော် မန္တလေးသို့မတက်မီ တစ်ရက်အလိုတွင် ဦးဘသာနှင့် တွေ့ဆုံပြီး စကားပြောဖြစ်ကြသေးသည်။ သူက ကျွန်တော့်အား အလုပ်အကိုင်၏ သဘောတရား၊ ငွေကြေး၏ အဓိပ္ပာယ်၊ လူ၏ စွမ်းပကား၊ ပညာ၏မာန၊ အသိဉာဏ်၏ အလင်းရောင် စသည်များကို လူကြီးပီပီ ကျိုးကြောင်းဆင်ခြင်၍ ပြောဆိုအကြံပေးခဲ့သည်။

"ကိုယ်တိုင်က လုပ်ငန်းရှင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

လာရင် တတ်နိုင်သမျှ ကိုယ့်လုပ်ငန်းကို အပြစ်ရှာတတ်ရတယ်ကွ။ ချို့ယွင်းအားနည်းချက်တွေ ဆိုပါတော့ကွာ။ အဲ···ငွေဆိုတာ သည်းခြေကြိုက်တဲ့အစာ၊ လူဆိုတာ ငွေနဲ့ပတ်သက်လာရင် မရိုးဖြောင့်ချင်ကြဘူး။ ဒါကိုသိထားရမယ်။ လူလူချင်း သနားညှာတာထောက်ထားတာကတော့ ကောင်းသပေါ့ကွာ။ ဒါပေမယ့် နေရာတိုင်းမှာ ဒီသဘောမျိုး ထားနေလို့မဖြစ်ပြန်ဘူး"

ဦးဘသာသည် သူ့အလေ့အထအတိုင်း လေအေးအေးဖြင့် ပြောပြနေသည်။ အတွေ့အကြုံနှင့် ဗဟုသုတကြွယ်ဝရင့်ကျက်သူပီပီ ကျွန်တော် နားလည်သဘောပေါက်သည်အထိ ရှင်းလင်းပြောပြတတ်ပါသည်။

"လူ့သဘော လူ့မနောဆိုတာ အသိရခက်သားကွ။ အမြဲတမ်း လေ့လာ အကဲခတ်နေဖို့ မမေ့နဲ့ကွ မောင်သက်ထွန်းရ။ အောက်ခြေသိမ်းကအစ သိသင့်တယ်။ သိအောင် လေ့လာနေရမယ်။ အကောင်းဆုံး လေ့လာခြင်းဆိုတာ ကိုယ်ကစ မပြောဘဲ မျက်လုံးဖွင့်နားစွင့်ထားခြင်းပဲ။ အဲဒီအတွေ့အကြုံတွေကသာ မင်းရဲ့ ကြီးပွားချမ်းသာမှုကို အထောက်အကူပြုကြမှာကွယ့်။ အရေးကြီးတာက ဆင်ခြင်စဉ်းစားတတ်တဲ့ ဉာဏ်ကို နေရာတကာမှာ သုံးပါ။ အမှန်ကို အမှန်အတိုင်း မြင်ဖို့ပေါ့ကွာ"

"ဟုတ်ကဲ့ပါ ဦးကြီး"

"အဲ···အထူးသဖြင့်ကတော့ မိန်းမကိစ္စပဲကွ။ မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့အမွေရပြီး နေ့ချင်းညချင်း သူဌေးဖြစ်လာတဲ့သူဆိုတော့ မိချင်းသူကမရှား။ သမက်ဖမ်းချင်သူတွေက ခပ်များများဆိုသလို တွေ့ရလိမ့်ဦးမယ်။ ဟဲဟဲ··· ဘယ်သူဖြစ်ဖြစ် အိမ်ထောင်ပြုသင့်ကြတာပဲကွ။ တို့ယောက်ျားတွေအဖို့တော့ အိမ်ထောင်ပြုတယ်ဆိုတာ ဘဝရဲ့ အစိတ်အပိုင်းတစ်ခုပေါ့ကွာ။ အဓိကတော့မဟုတ်ဘူး။ ဒါပေမယ့် ပေါ့ပေါ့တန်တန် သဘောထားလို့လည်း မရပြန်ဘူးကွ"

ထို့နောက် သူက ကျွန်တော် စတင်လုပ်ဆောင်ရမည့် လုပ်ငန်းအစီအစဉ်ကို လမ်းညွှန်ပြသည်။

"မင်း မန္တလေးမှာ ကြာကြာမနေနဲ့။ ပြင်ဦးလွင်မှာတော့ တစ်ညပဲအိပ်။ အဲ···ကျောက်မဲကို အမြန်ဆုံးသွားဖို့ကတော့ အဓိကပဲ။ မင်းလုပ်ငန်းက အဲဒီမှာပဲရှိတယ်။ နောက်ပြီး မောင်ဝမ်းဖေရဲ့အလုပ်ကိုလည်း သိပ်ဝင်မစွက်နဲ့။ သူက လုပ်နေကျ၊ သူ့အလုပ် သူသိတယ်။ အရေးကြီးတာက သူလုပ်နေတဲ့ လုပ်ငန်းကို စူးစူးစိုက်စိုက် လေ့လာဖို့ပဲ။ မှန်မှန်ကန်ကန် အကဲဖြတ်တတ်ရမယ်။ တစ်နေ့ကျ သူမရှိတောင် မင်းကိုယ်တိုင် ဝင်ကြဲနိုင်ရမယ်"

"ဟုတ်ကဲ့၊ ကျွန်တော်သဘောပေါက်ပါတယ် ဦးကြီး"

"အေး···ငါကတော့ စိုးရိမ်စိတ်နဲ့ မင်းကို ကလေးလေးတစ်ယောက်လို မှာကြားနေတာပေါ့။ နားမလျှံနဲ့ကွနော်။ ဆုံးမစကားဆိုတာ နားဝင်မချိုပေမယ့် အဖိုးတန်တယ်ဆိုတာကိုတော့ သတိလက်လွတ် မဖြစ်စေနဲ့"

"ဟုတ်ကဲ့ပါ ဦးကြီး။ ကျွန်တော် တန်ဖိုးထားပါတယ်။ စာအုပ်တွေထဲမှာ ရှာမရတဲ့ အဖိုးတန်စကားတွေကို ကျွန်တော် ဦးကြီးဆီက ရနေပါတယ်။ ကျေးဇူးတင်မဆုံးပါခင်ဗျာ"

ကျွန်တော်က ဝန်ခံစကားပြောပြလိုက်ရသည်။

"အေး···အေးပေါ့ကွာ။ ဒါပါပဲ။ တခြားအကူအညီလိုရင်တော့ ရောက်ရာအရပ်က လှမ်းအကြောင်းကြား။ သိလား။ ဦးကိုယ်တိုင်တော့ လာနိုင်ဖို့ သိပ်မလွယ်ဘူး"

"ဟုတ်ကဲ့၊ ကျွန်တော်သဘောပေါက်ပါတယ်။ ဦးကြီးရဲ့ကျေးဇူး ကျွန်တော့်အပေါ် များလှပါပြီ"

"အိုကွာ···ဒါ ဘာဟုတ်သေးလဲ။ သဘောတရားပဲ ရှိသေးတာ။ လက်တွေ့လုပ်ရပ်က မင်းအပေါ်မှာ မူတည်တယ် မောင်သက်ထွန်း"

ထိုနေ့က ကျွန်တော့်ဘဝ၏ ရန်ကုန်နောက်ဆုံးနေ့ပင် ဖြစ်ပါသည်။

အလွန်စည်ကားလှသော ရန်ကုန်မြို့တော်ကြီးကို ကျွန်တော်သည် သံယောဇဉ်ကင်းစွာဖြင့် ကျောခိုင်းဖြစ်ခဲ့သည်။ ဘာမျှမခံစားရပါ။

ဒါပေသိ ယင်းအဖြစ်မှာ ရန်ကုန်ကို ကျွန်တော်က ခွာခဲ့ခြင်းမဟုတ်ဘဲ ရန်ကုန်က ကျွန်တော့်ကို ခါထုတ်လိုက်ခြင်းဖြစ်သည်ကိုမူ အချိန်တွေနောက်ကျပြီးမှ သိလာရပါသည်။

ထိုအခါတွင် အချိန်နှောင်းခဲ့ပါချေပြီ။

(ရှေ့လဆက်ရန်)

ကျော်မြသန်း



www.burmeseclassic.com

www.burmeseclassic.com

# အဖေသုံးခဲ့သော ထုံးမန်း

## ကိုမောင်လွင် (ပန်းတနော်)

ကျွန်တော်တို့နေတဲ့ မြို့လေးက ညောင်လေးပင်မြို့နယ် မဒေါက်ဆိုတဲ့ တောမြို့လေးဖြစ်ပါတယ်။ အေးအေး ချမ်းချမ်းနှင့် နေလာခဲ့ရာမှ ကရင် သောင်းကျန်းသူတွေကြောင့် မဒေါက် မှတစ်ဆင့် ဒုံဇရစ်ရွာသို့ ပြေးခဲ့ရပါတယ်။

ဒုံဇရစ်ရောက်တော့လည်း ကွန် မြူနစ်နယ်ဆိုတော့ အစ်ကိုက ကာလ သားပေါက်ဖြစ်နေတော့ စစ်ထဲဝင်ရပါ တယ်။ ဝါးချွန်တွေနဲ့ စစ်တိုက်ရပါ တယ်။ အစ်မနှစ်ယောက်က ကင်း စောင့်တာဝန်ပေး၍ ကင်းစောင့်ရပါ တယ်။ အဖေက ဆက်သားလုပ်ရပါ တယ်။ ဘာမှလုပ်စားလို့မရပါ။ ကရင် ရန်ကြောက်လို့ ပြေးခါမှ ကွန်မြူနစ် နယ်ရောက်ရော သူတို့ခိုင်းတာ လုပ်ရ ပါတယ်။ လူမမည် ကျွန်တော်တို့ ညီ အစ်ကိုနှစ်ယောက်နှင့် အမေသာ ကျန် ပါတယ်။

အမေက မကျေနပ်လို့ ကွန်မြူ နစ်ရုံးကိုသွားပြောမယ်၊ သားလည်းစစ် ထဲသွင်း။ လင်ကိုလည်း ဆက်သားလုပ် ခိုင်း။ သမီးတွေကိုလည်း ကင်းစောင့် ခိုင်း။ ကျုပ်ကလည်း ထမင်းထုပ်ပို့ရ မယ်ဆိုတော့ ဘာမှ အလုပ်မလုပ်ရ တော့တာနဲ့။ ထမင်းပို့ရမှာလည်း ဟင်း မကောင်းရင်လည်း အပြစ်မြင်သေး တယ်ဆိုတော့ အဖေက ကြောက်တတ် သူပီပီ မပြောပါနှင့် မိန်းမရာ။ တော် ကြာ အပြစ်ပေးနေမှ ခက်နေဦးမယ်နဲ့ အဖေကတားပါတယ်။

တစ်နေ့တော့ ကရင်သူပုန်နဲ့ ကွန်မြူနစ် ဒုံဇရစ်နဲ့ ကျောင်းရွာခြား မှာ တိုက်ပွဲစနေတယ်ဆိုတော့ သေနတ် နဲ့ ကရင်သူပုန်ကို ဝါးချွန်နဲ့တိုက်တဲ့ ကွန်မြူနစ်က ဘယ်လိုလုပ်ပြီး နိုင်မှာ လဲ။ ဒီမှာတင် အဖေက ခေါင်းဆောင် ကိုပြောတယ်။ ထုံးယူခဲ့၊ တစ်ပွဲတိုး ထုံးမန်း မန်းပေးမယ်။ အဲဒီထုံးမန်းကို သာ ငုံထားရင် တစ်ပွဲမှာ ကျည်လွဲ တယ်ဆိုတော့ ရုပ်ဝါဒသမား ကွန်မြူ နစ်ခေါင်းဆောင်က ရယ်တာပေါ့။

အဖေလည်း သူ့ထုံးမန်းကို ယုံ ကြည်ထားသူပီပီ ဗိုလ်ကြီးမယုံရင်စမ်း ကြည့်။ ကျွန်တော် ထုံးမန်းမန်းပေး မယ်။ ကြက်လည်ပင်းမှာ ချည်ပြီး သေနတ်နဲ့ ပစ်ကြည့်ပါလို့ ပြောတော့ ခေါင်းဆောင်က ကောင်းပြီ၊ ဟုတ်ချင် ဟုတ်ပေါ့၊ မဟုတ်ရင်တော့ ခင်ဗျားနာ မယ်ဆိုပြီး ရဲဘော်သုံးလေးယောက်နဲ့ ကြက်ဖကြီးတစ်ကောင် ဖမ်းလာတယ်။

အဖေလည်း ထုံးမန်းကို လက် ကိုင်ပဝါနဲ့ထုပ်ပြီး ကြက်ကြီးရဲ့လည် ပင်းမှာ ချည်ပေးလိုက်တယ်။ ကဲ‥ စမ်းလို့ရပြီလည်းဆိုရော ရဲဘော်တစ် ယောက်က သေနတ်နဲ့ချိန်ပြီး ပစ်ပါ တော့တယ်။ မောင်းလည်းဖြုတ်လိုက် ရော ဂျောက်ဆိုတဲ့အသံပဲ ထွက်လာ ပါတယ်။ ကျည်မထွက်ဘူး။ နောက် တစ်ခါ မောင်းပြန်တင်ပြီး မောင်းပြန် ဖြုတ်ပါတယ်။ ဒါလည်း ဂျောက်ဆိုတဲ့ အသံပဲ ထွက်လာပါတယ်။

အဲဒီတော့ အဖေက မိုးပေါ် ထောင်ပစ်ကြည့်ပါဦးဆိုတော့ မိုးပေါ် လည်း ထောင်ပစ်လိုက်ရော ဒိုင်းဆိုတဲ့ အသံကြီး ထွက်သွားပါတော့တယ်။ အဲဒီတော့ ခေါင်းဆောင်က သဘော ကျသွားပြီး နောက်ဘာစွမ်းသေးသလဲ လို့ မေးတော့ အဖေက သတ္တိရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com

## ထုံးကို ၃၇ အုပ် မန်းပေးရပါတယ်။ ဝက်ခြံအဖုအပိမ့်မှုန်သမျှ နန္ဒင်း၊ ထုံးနှင့် ရောမွှေပြီး ထုံးနနွင်းမန်းနဲ့လူးလည်း ပျောက်ပါတယ်။

ရဲဘော်ရှိရင်ထွက်ခဲ့၊ ကျွန်တော် လက်တွေ့ပြမယ်ဆိုတော့ ရဲမေလို့ခေါ်ခေါ်နေတဲ့ ရဲဘော်က သူ့ကိုစမ်းပါတဲ့။

အဖေ ထုံးမန်းကိုမန်းပြီး သေးသေးလေး သုံးလုံးလုံးပြီး မျိုခိုင်းလိုက်တယ်။ ရဲဘော်လည်း ကောက်မျိုလိုက်ပါတယ်။ အဖေက မျိုလို့ရရဲ့လားလို့မေးတော့ ရတယ်လို့ ပြောပါတယ်။ ဟုတ်ကဲ့လား သေသေချာချာ မျိုရဲ့လားလို့မေးတော့ မျိုပါတယ်တဲ့။ အဖေက သေသေချာချာ သတိထားကြည့်ပါဦးဆိုတော့ လည်ချောင်းထဲမှာ နိုးလိုးခုလုနဲ့ တစ်နေကြောင်း ပြောပါတယ်။ ဒါဆိုရင် ဓားနဲ့ခုတ်ကြည့်ပါဆိုတော့ ရဲဘော်က သူ့လက်မောင်းကို ငှက်ကြီးတောင်ဓားနဲ့ ခုတ်ပါတယ်။ ငှက်ကြီးတောင်ကမြွေနေတယ်။ ဒါပေမယ့် မပြတ်ဘူး။ ရဲဘော်က စိတ်ရဲလာပုံရပြီး ခပ်ဆဆ နာနာခုတ်ကြည့်သော်လည်း မပြတ်မှန်းသိတော့ အဖေ့ကိုယုံကြည်လာပြီး နောက်တော့ တိုက်ပွဲဖြစ်ပြီဆိုရင် ထုံးကို ပုံးလိုက်မန်းပေးရတာ ကျွန်တော်တွေ့ခဲ့ရပါတယ်။

အခြေအနေတွေကို အစအဆုံး မသိရပေမယ့် ကြက်ကိုပစ်တာ၊ လက်ကို ဓားနဲ့ခုတ်တာ၊ ထုံးကို ပုံးလိုက်မန်းပေးရတာတွေ ကျွန်တော်ကိုယ်တိုင်တွေ့ခဲ့ရပါတယ်။ အဲဒီနောက်တော့ အဖေလည်း ဆက်သားမလုပ်ရတော့ဘူး။ အမေလည်း ထမင်းထုပ်မပေးရတော့ဘူး။ နောက်လည်း အလျဉ်းသင့်သလို အဖေ့ထုံးမန်းရဲ့အစွမ်း၊ ဆီမန်းရဲ့အစွမ်းတွေကို မကြာမကြာ တွေ့ခဲ့ရလို့ အဖေ့ဆီမှာ ဒီဂါထာလေးကို တောင်းထားပြီး ကျွန်တော်လည်း ကြုံလာရင် အသုံးပြုဖို့ အစွမ်းထက်တာတွေ့တာနဲ့ မဂ္ဂဇင်းထဲမှာ အများသုံးနိုင်အောင် ကုသိုလ်ပြုလိုက်ရပါတယ်။

ဂါထာကတော့ မင်္ဂလသုတ်ထဲကပါ။ ဒါပေမယ့် မင်္ဂလသုတ်ထဲမှာလို အပြည့်အစုံမဟုတ်ဘဲ ဖြစ်နေပေမယ့် တကယ်စွမ်းပါတယ် သုံးကြည့်ကြပါ။

**"ဉ်၊ ဖုဋ္ဌဿ လောကဓမ္မေဟိ ဝိရဇံ ခေမံ"**

ဆိုပြီး ထုံးကို ၃၇ အုပ် မန်းပေးရပါတယ်။ ဝက်ခြံအဖုအပိမ့်မှုန်သမျှ နန္ဒင်း၊ ထုံးနှင့် ရောမွှေပြီး ထုံးနနွင်းမန်းနဲ့ လူးလည်း ပျောက်ပါတယ်။

တစ်ပွဲတိုး ထုံးမန်းလို့ ခေါ်ပါတယ်…။

ကိုမောင်လွင်(ပန်းတနော်)


**အောက်ပါဌာနများသို့ လှူဒါန်းလိုပါလျှင်…**

HIV ပိုးကူးဆက်ခံ မိဘမဲ့ကလေးများ၏ သုခရိပ်မြုံဂေဟာ
၀၁-၅၈၁၉၅၅

ဆည်းဆာရိပ် ဂီလာနဘိုးဘွားရိပ်သာ
၀၉-၇၃၀-၁၈၀၀၇

နာရေးကူညီမှုအသင်းသို့ လှူဒါန်းလိုလျှင်ဖြစ်စေ၊ အကူအညီလိုလျှင်ဖြစ်စေ ဆက်သွယ်ရန်…
၆၃၉၄၉၀
၇၀၉၂၇၇
၅၈၁၃၆၃
၇၀၄၇၈၄




www.burmeseclassic.com

www.burmeseclassic.com

# သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း

## ဒေါက်တာမင်းသိန်း၏နည်းစနစ်အတိုင်းဟောသည်
## ဒေါက်တာစောယုနွယ်

တကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို **မိမိဘာသာ မိမိအသိဆုံးပါ။** ဒါပေမယ့် ပွဲမစခင် **ပြည့်ဖုံးကားနောက်ကွယ်မှာ** ဘာတွေလုပ်နေတယ်ဆိုတာကို **ကြိုတင်ပြီး** သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ပြည့်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည့်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....



■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့တတ်ပါတယ်။ သွားဖို့ကြံရွယ်ထားတဲ့ ခရီးတွေလည်း ပျက်သွားတတ်တယ်။ ဒါပေမဲ့ မထင်မှတ်သောခရီး၊ မရည်ရွယ်သောခရီး၊ သူတစ်ပါးကိစ္စအတွက် ခရီးသွားရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ လူမျိုးခြား ကူညီမှုပေးတတ်တယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားရင် ယခုကာလတွင် သွားလိုက်ပါ။ စိတ်အနှောင့်အယှက်ဖြစ်စရာ အနည်းငယ် ကြုံရပေမယ့် အောင်မြင်မှု ရရှိမှာ ဖြစ်ပါတယ်။ မိသားစုအတွင်းမှာ စိတ်ဝမ်းကွဲစရာတွေ ကြုံရတတ်တယ်။ ကိုယ်ရည်ရွယ်တာတခြား၊ မိသားစု ဖြစ်ချင်တာတခြား ဖြစ်နေတတ်တယ်။ အတတ်ပညာတစ်ခု သင်ကြားရတတ်တယ်။ ပညာရပ်နှင့်ပတ်သက်၍ ကောင်းပါတယ်။ ငွေဝင်နည်းပေမယ့် ထီကံကောင်းပါတယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူများအဖို့ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေလိမ့်မယ်။ လက်ရှိအလုပ်အကိုင် ပြောင်းချင်စိတ်ပေါ်လိမ့်မယ်။ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေရင်းများနှင့် လမ်းခွဲရတတ်တယ်။ အလှူပွဲ၊ မင်္ဂလာပွဲ အစီအစဉ်များ ရက်ရွှေ့ရတတ်တယ်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်းမျိုး ဖြစ်တတ်တယ်။ မိမိနှင့် ပတ်သက်သောသူတို့၏ အမှု၌ လိုက်လံဆောင်ရွက်ပေးရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အစာအဆိပ်ဖြစ်ခြင်း၊ ခြေထောက်၊ ခါး၊ သွားတို့ ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၁၊ ၅၇၊ ၇၅၊ ၇၇

### အထူးသတိပြုရန်

ယခုကာလတွင် အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်း မပြုပါနှင့်။ မည်သည့်ပစ္စည်းမှလည်း မငှားရမ်းပါနှင့်။ ငှားလျှင် ဆုံးရှုံးသွားတတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ဂဃနိဆွမ်း(၁၂)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှဲ့နေပါတယ်။ ထင်သလောက် အောင်မြင်မှု မရရှိနိုင်သေးပါ။ သင်တန်းတစ်ခုတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရတတ်တယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်ပြီး ပင်ပန်းနေလိမ့်မယ်။ အလုပ်တွင် မပျော်ဘဲ ဖြစ်နေတတ်တယ်။. ပြောင်းရန်စိတ်မကူးပါနှင့်ဦး။ ပြောင်းလျှင် အဆင်မပြေနိုင်သေးပါ။ အထက်လူကြီး၊ ကြီးကဲသူတို့ မစလိမ့်မယ်။ မြေတစ်ကွက်ဝင်တတ်ပါတယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ လူငယ်များ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများ ပြုလုပ်လျှင် ဆွေပြတ်မျိုးပြတ် ဖြစ်ကုန်တတ်တယ်။ ဘာသာရေးနှင့် ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ အလှူရက်၊ မင်္ဂလာရက် ရွှေ့ရတတ်တယ်။ ဆွေမျိုးသားချင်းထဲမှ နာရေးကြုံရတတ်တယ်။ ယခုကာလတွင် ကြွေးပေးခြင်း၊ ကြွေးတောင်းခြင်း မပြုပါနှင့်။ အမွေရခြင်း (သို့မဟုတ်) အမွေကဲ့သို့ ပစ္စည်းများ ရတတ်တယ်။ ယခုကာလတွင် လက်ခံလိုက်လျှင် ကုန်သွားတတ်တယ်။ ကျန်းမာရေးအနေဖြင့် စိတ်ထောင်းကိုယ်ကြေ ဖြစ်နေတတ်တယ်။ မိန်းကလေးဖြစ်ပါက သွေးဖောက်ပြန်ပြီး စိတ်နှင့်ပတ်သက်သောဝေဒနာ ခံစားရတတ်တယ်။ အမျိုးသားဖြစ်ပါက ဝမ်းဗိုက်ဥပါဒ်ပေးခြင်း၊ ဝမ်းဗိုက်နှင့် ပတ်သက်သော ဝေဒနာများ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့် ၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ယပ်အဝါရောင်(၁၇)ခုတို့ကို လှူပေးပါ။ အညှဲ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညှဲ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၃၅၊ ၅၄၊ ၅၉

### အထူးသတိပြုရန်

ယခုကာလတွင် အိပ်ရာကောင်းကောင်းနဲ့ မအိပ်ပါနှင့်။ အိပ်လျှင် ကျန်းမာရေး ချူချာခြင်း၊ ပြဿနာဟောင်း၊ ရောဂါဟောင်းများ ပြန်ပေါ်လာခြင်းမျိုး ကြုံရတတ်တယ်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ထမင်းပေ်, ပျားရည်ဆမ်းပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် အလုပ်လုပ်ရတာ အခက်အခဲ တွေ့လိမ့်မယ်။ ပင်ပန်းတဲ့အလုပ်မျိုး ဖြစ်တတ်တယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရတတ်တယ်။ မထင်မှတ်ဘဲ ခရီးဝေးသွားရတတ်တယ်။ မိသားစုအတွက်လည်း ပူပန်ရတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် ကဆုန်လ၊ ဝါခေါင်လများ ပါဝင်နေရင် အိမ်ထောင်ရေး စိတ်တိုင်းမကျခြင်း၊ အဆင်မပြေမှု ဖြစ်တတ်တယ်။ လူမျိုးခြား ဒုက္ခပေးတတ်တယ်။ ရွှေ ထွက်ခြင်း၊ ပေါင်နှံရခြင်းမျိုး ကြုံရတတ်တယ်။ ငွေတွေ အတိုင်းအဆမရှိ ထွက်နေတတ်တယ်။ ဒါပေမဲ့ မထင်မှတ်တဲ့ ဆွေမျိုးသားချင်းက အကူအညီ ပေးလိမ့်မယ်။ တနင်္ဂနွေ၊ သောကြာ သားသမီးတွေက အကူအညီကောင်းတွေ ပေးလာတတ်တယ်။ စက်ပစ္စည်းတွေ မကြာခဏ ဒုက္ခပေးတတ်တယ်။ ဝန်ထမ်းများအဖို့ စစ်ဆေးခံရတတ်တယ်။ စိတ်ပင်ပန်းရတတ်တယ်။ ကျန်းမာရေးညံ့တဲ့ သက်ကြီးရွယ်အိုများ အိမ်ကို ဆေးလာကုရင်း ဆုံးပါးတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက် မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ထီးနီ(၁၀)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

သောကြာ၊ တနင်္ဂနွေ

### ညံ့သောရက်

စနေ၊ အင်္ဂါ

### ကံကောင်းသောနံပါတ်

၁၇၊ ၁၆၊ ၆၁၊ ၆၅

### အထူးသတိပြုရန်

မိမိခန္ဓာကိုယ်တွင် မီးလောင်ခြင်း၊ ရေနွေးပူလောင်ခြင်းမျိုး ဖြစ်တတ်တယ်။ ယခုကာလတွင် ရေစက်ချပြီး အလှူကြီး မပြုလုပ်ရပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြေးပန်းအိုးထဲ၌ အုန်း(၆)ညွန့်၊ သီဟိုဠ်(၂၁)ညွန့် မပြတ်လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် ကောင်းကျိုးလေးတွေ ခံစားလာရပါလိမ့်မယ်။ လုပ်ငန်းသစ်လုပ်ဖို့ အကြံအစည်ကောင်း၊ အဆက်အသွယ်ကောင်းများ ရတတ်တယ်။ ဒါပေမဲ့ လုပ်သလောက် အမြတ်အစွန်း မရနိုင်သေးပါဘူး။ အလုပ်တွေ ဟိုဟာလုပ်ရမလို၊ ဒီဟာလုပ်ရမလိုနဲ့ အချိန်ကုန်သွားတတ်တယ်။ လုပ်ငန်းတစ်ခုကို ငွေများစွာရင်းနှီးပြီး မလုပ်ပါနှင့်ဦး။ စပ်တူလုပ်ရမယ့်ကိစ္စတွေ ပေါ်လာတတ်တယ်။ စက်ပစ္စည်းများ ဝင်လာလိမ့်မယ်။ စက်ရုံတည်ထောင်ဖို့ ကိစ္စတစ်ခုလည်း ပေါ်ပေါက်လာတတ်တယ်။ မသွားချင်တဲ့ခရီး၊ သူတစ်ပါးအတွက် သွားရတဲ့ခရီးတွေ ပေါ်လာတတ်တယ်။ စန်းပွင့်တဲ့ကာလ ဖြစ်သောကြောင့် အပျို၊ လူပျိုတွေအဖို့ ဂရုစိုက်ပါ။ ကျန်းမာရေးအနေဖြင့် ဦးခေါင်း ထိခိုက်ဒဏ်ရာရခြင်း၊ မကြာခဏ ခေါင်းကိုက်ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကွမ်းကော်ညွန့်(၁၅)ညွန့်၊ အုန်းညွန့်(၁)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၃၊ ၃၁၊ ၁၆

### အထူးသတိပြုရန်

မိမိအိမ်အနီးတွင် ဈေးဆိုင်တန်းများ ဆောက်လုပ်ခြင်း၊ ဆိုင်သစ်တစ်ခုဖွင့်ခြင်း နိမိတ်မျိုး တွေ့ပါက ဝန်ထမ်းတွေအဖို့ ရာထူးတိုးတတ်တယ်။

ယခုကာလတွင် ငွေဝင်လာလျှင် မြေဝယ်ခြင်း၊ အိမ်ကြီးကြီး ဆောက်ခြင်းမျိုး မပြုလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် အုန်းဆွမ်း မကြာခဏ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ခါတိုင်းနှင့်မတူဘဲ စည်းစိမ်ဥစ္စာ ပွားများလာတတ်တယ်။ ကျေးဇူးရှင် မိဘတွေကိုလည်း ပြန်ပြီးကြည့်ရှုစောင့်ရှောက်နိုင်မယ့်ကာလဖြစ်တယ်။ စီးပွား သိသိသာသာ တက်မယ်။ သိကြားမ,လိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားလိမ့်မယ်။ လုပ်ငန်းများ အောင်မြင်မှုရမယ်။ လုပ်ငန်းဟောင်းများ ပြန်ပေါ်တတ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ အထက်လူကြီးဆရာသမားလို ပုဂ္ဂိုလ်မျိုးက ကြည့်ရှုစောင့်ရှောက်တတ်တယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်း တွေ့မယ်။ သင်ဇာန်းတစ်ခု တက်ရမယ်။ ပညာကောင်း ဖြစ်တယ်။ စာမေးပွဲတစ်ခု ဝင်ရောက်ဖြေဆိုလျှင် အောင်မြင်ပါလိမ့်မယ်။ ပြည်ပက ကိုယ့်ကိုလာရောက်ဖို့ ခေါ်ယူခြင်းမျိုး ကြုံရတတ်တယ်။ မြေတစ်ကွက် ဝင်တတ်တယ်။ မိမိအိမ်မှာ စေ့စပ်မင်္ဂလာပွဲ လုပ်ရတတ်တယ်။ သူများမင်္ဂလာပွဲတွေကိုလည်း လုပ်ဆောင်ပေးရတတ်တယ်။ လွတ်လပ်ပြီးအရွယ်ရောက်သူဆိုလျှင် အိမ်ထောင်ကျတတ်တယ်။ မင်္ဂလာဆောင်လျှင် စည်ကားတဲ့ မင်္ဂလာပွဲ ဖြစ်လိမ့်မယ်။ အဖိုးတန်ကျောက်မျက်ရတနာတစ်ခု ဝင်လာတတ်တယ်။ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ ရင်းနှီးသူများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ သူတစ်ပါးကြောင့် အမှုအခင်းနှင့် ပတ်သက်ရတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်ပါလိမ့်မယ်။ စက်ပစ္စည်းအသစ် ဝင်မယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက်နှင့် ပတ်သက်ပြီး စိတ်ညစ်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် နှလုံးနှင့်ပတ်သက်၍လည်းကောင်း၊ လေနှင့်ပတ်သက်၍လည်းကောင်း ဖြစ်တတ်တယ်။ ဒူး၊ နား၊ ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူညွန့်(၅)ညွန့်၊ တံခွန်ဖြူ(၂၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၅၅၊ ၃၃၊ ၃၅၊ ၅၃

### အထူးသတိပြုရန်

ယခုကာလတွင် နာရေး လုံးဝမသွားပါနှင့်။
ညအိပ်ညနေ နာတာရှည်လူမမာများ အိမ်သို့
လာရောက်ဆေးဝါးကုသပါက လက်မခံပါနှင့်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ဘုရားတွင် ကြာသပတေးနေ့တိုင်း ဆီထမင်း(၈)ပုံ၊
စံပယ်ပန်း(၈)ကုံး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် မမျှော်လင့်ဘဲ ငွေတွေ ဝင်လာတတ်တယ်။ အမွေလည်း ရတတ်တယ်။ အလှူအတန်းကိစ္စတွေလည်း ပြုလုပ်ရမယ်။ ငွေအစုလိုက်အပုံလိုက် ဝင်လာတတ်တယ်။ လက်ရှိအခြေအနေထက် အဆပေါင်းများစွာ စီးပွားတက်မယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ ပြည်ပခရီး အကျိုးပေးသောကာလဖြစ်တယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သော ကိစ္စများ အကျိုးပေးအောင်မြင်မယ်။ ခရီးများ မကြာခဏ ထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေးလိမ့်မယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်မယ်။ လက်ရှိအလုပ်ကို စိတ်မဝင်စားဘဲ အလုပ်ပြောင်းလိုစိတ် ပေါ်တတ်တယ်။ အထက်လူကြီး၊ မိသားစုကြီးကဲသူများကြောင့် စိတ်ညစ်ရမယ်။ အတူနေမိသားစုထဲမှ အဘိုးအဘွားများ နာရေးဖြစ်တတ်တယ်။ တခြားကို ခဏပို့ထားပါ။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်တယ်။ ပညာရေးကိစ္စ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ မကြာခဏ စက်ပစ္စည်း ပျက်တတ်တယ်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရခြင်းမျိုး ကြုံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆီးရောဂါ၊ မျက်စိရောဂါ ဖြစ်တတ်တယ်။ အရိုးအကြောနှင့် ပတ်သက်သော ဝေဒနာများ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွှန့်(၃)ညွှန့်(ဆူးဖြုတ်)၊ ဝါးညွှန့်(၄)ညွှန့်၊ ကန္တက္ကဒါန်ထီးဖြူ(၁၅)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

ဗုဒ္ဓဟူး၊ တနင်္ဂနွေ

### ကံကောင်းသောနံပါတ်

၂၆၊ ၂၃၊ ၃၂၊ ၃၄

### အထူးသတိပြုရန်

မိမိအိမ်အနီးအနားတွင် ရိုးရာနတ်များ ကသော နိမိတ်တွေ့လျှင်လည်းကောင်း၊ ခေါင်းရင်းအိမ်၊ မျက်နှာချင်းဆိုင် အိမ်များတွင် မင်္ဂလာဆောင်သော နိမိတ်တွေ့လျှင်လည်းကောင်း ကောင်းကျိုးများ ခံစားရတော့မှာ ဖြစ်ပါတယ်။ အရေးကြီးသော ကံများကို ထိန်းသိမ်းပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် စနေနေ့တိုင်း နွားနို့နှင့် ကျောက်ကျော လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် စိတ်ပျော်ရွှင်စရာတွေ ကြုံရပါလိမ့်မယ်။ ပြိုင်ပွဲတွေ ဝင်ပြိုင်ရင်လည်း ဆုတံဆိပ် ရပါလိမ့်မယ်။ လုပ်ငန်းသစ်များ လုပ်ကိုင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း အကျိုးပေးသော လုပ်ငန်းများ ဖြစ်နေတတ်တယ်။ အလှူအတန်း ပြုလုပ်ရခြင်း၊ မင်္ဂလာပွဲများ စီစဉ်ရခြင်းမျိုး ကြုံရတတ်တယ်။ ယခုကာလတွင် ငွေရှာရ လွယ်ကူသလောက် စုဆောင်း၍ မရဘဲဖြစ်နေတတ်တယ်။ ငွေဝင်လျှင် လက်ထဲမှာ မထားဘဲ ရွှေဝယ်ထားပါ။ စနေနံပစ္စည်းများ အဝင်မခံပါနှင့်။ ဆရာသမားကဲ့သို့ ပုဂ္ဂိုလ်များနှင့် အဆင်မပြေ ဖြစ်တတ်တယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ မြေနှင့်ပတ်သက်သောကိစ္စများ၊ အမွေနှင့်ပတ်သက်သောကိစ္စများ ကြုံရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ရေး ဂရုစိုက်ပါ။ ကျန်းမာရေးအနေဖြင့် အစားမှားခြင်း၊ ဆေးမှားခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ယပ်အဖြူ(၁၂)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
| --- |
| တနင်္လာ၊ ဗုဒ္ဓဟူး |

| ညံ့သောရက် |
| --- |
| သောကြာ၊ အင်္ဂါ |

| ကံကောင်းသောနံပါတ် |
| --- |
| ၄၂၊ ၄၇၊ ၂၅ |

| အထူးသတိပြုရန် |
| --- |
| ယခုကာလတွင် အမှုအခင်းဖြစ်နေသူကို ငွေချေးခြင်း၊ အာမခံခြင်းမျိုး မပြုလုပ်ပါနှင့်။ |

| ကံကောင်းပြီး လာဘ်ရွှင်စေရန် |
| --- |
| မိမိနေအိမ်ဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း ကော်ရည်ခေါက်ဆွဲ လှူဒါန်းပေးပါ။ |

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် ဘာလုပ်လုပ် အောင်မြင်မယ့်ကာလ ဖြစ်ပါတယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်ရခြင်း၊ ပြောင်းရွှေ့ရခြင်း ကြုံရတတ်တယ်။ အိမ်ဝယ်ဖို့ ကြံရွယ်ထားလျှင် ဒီအချိန်မှာ ဝယ်လိုက်ပါ။ အိမ်ကြီးအိမ်ကောင်း ရတတ်တယ်။ လုပ်ငန်းသစ်ပေါ်ခြင်း (သို့မဟုတ်) လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ လုပ်ငန်းနှင့် ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများ ဝင်တတ်တယ်။ သို့သော် ငွေရခါနီးတွင် ငွေကြေးထစ်ငေါ့ဖြစ်ခြင်း၊ ကြွေးဆုံးခြင်း ဖြစ်တတ်တယ်။ ခရီးအကျိုးပေးသောကာလဖြစ်တယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံမယ်။ မိမိရဲ့ ဆွေမျိုးသားချင်း၊ တပည့်များကြောင့် အမှုအခင်း ဖြစ်တတ်တယ်။ သူခိုး အခိုးခံရတတ်သောကြောင့် ဂရုစိုက်ပါ။ မိသားစုအကြီးအကဲ၊ လုပ်ငန်းအကြီးအကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ ဖခင် ကျန်းမာရေး ညံ့တတ်တယ်။ အိမ်သို့ အတောင်ပါသော သတ္တဝါများ ဝင်လာတတ်တယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာများ ကြွလာတတ်တယ်။ စက်ပစ္စည်းအသစ်လဲရတတ်တယ်။ လက်ဝတ်ရတနာများ ကျောက်ပြုတ်ထွက်ခြင်း၊ ပျောက်ခြင်း ဖြစ်တတ်တယ်။ ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာ ဖြစ်ရတတ်တယ်။ အလုပ်တွင် အတိုက်အခံ၊ အပြိုင်အဆိုင် ကြီးစွာ ကြုံရတတ်တယ်။ အတိုက်အခံမှန်သမျှ အနိုင်ရမယ်။ အများ၏ ထောက်ခံမှု ရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့ မိန်းမနှင့် ပတ်သက်သော အမှုအခင်းများ ကြုံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်မှ လိမ့်ကျခြင်း၊ အပူလောင်ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ငြိုဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၄၇၊ ၄၆၊ ၆၄၊ ၆၂

### အထူးသတိပြုရန်

အိုးပိုင်အိမ်ပိုင် ရနိုင်သော ကာလဖြစ်သောကြောင့် သူတစ်ပါး၏ အိမ်ထောင်ရေးကိစ္စ၊ မင်္ဂလာကိစ္စများကို တာဝန်ယူ၍ ဆောင်ရွက်ပေးခြင်း၊ သူများ၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို လက်ခံပေးခြင်းမျိုး မပြုလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း မုန့်လုံးရေပေါ်(၁၀)လုံး၊ ရှောက်သီးသုပ်(၁)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၆-ခုနှစ်၊ နိုဝင်ဘာလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

ဒေါက်တာစောယုနွယ်

**အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၄၃၀၃၀၊ ၀၉-၇၇၉၉၅၉၅၆၇**

## တနင်္ဂနွေသားသမီးများအတွက်

**ယတြာ**

သရက်သီးဖျော်ရည်တစ်ဘူး အသက်ကြီးသူတစ်ဦးအား လှူပါ။

သူတစ်ပါးအား ပစ္စည်းများ မငှားပါနှင့်။ ငွေမချေးပါနှင့်။ အမှုဖြစ်နေသူကို အာမခံ မလိုက်ပါနှင့်။ အလုပ်အတွင်း၌ လက်အောက်ငယ်သား ထွက်ပြေးသောကြောင့် ပြဿနာ ဖြေရှင်းရတတ်သည်။ ငွေကျပျောက်တတ်သည်။

## တနင်္လာသားသမီးများအတွက်

**ယတြာ**


မိတ်ဆွေများအား ကျောက်ကျောဝယ်ကျွေးလိုက်ပါ။

အလုပ်သစ်၊ နေရာသစ် ပြောင်းလိုစိတ်များ ပေါ်ပေါက်မည်။ မပြောင်းပါနှင့်။ ယခုနေရာသည် ကိုယ့်အတွက် စိတ်ညစ်နေရသော်လည်း နောက်နေရာသည် ပိုဆိုးလိမ့်မည်။ ငွေလိမ်ခံရတတ်သည်။ သတိထားပါ။ ချစ်သူကြောင့် ဒုက္ခရောက်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ကျိုက်ထီးဆောင်း ဒုတိယဆရာတော် (၁၁)ကြိမ်မြောက် ပိဋကတ်ပတ်ရွတင် ဆွမ်းခံကြွတော်မူ



ကျေးဇူးတော်ရှင် ကျိုက်ထီးဆောင်းဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကမွေ့ပါရဂူ ဒေါက်တာဘဒ္ဒန္တ ပညာဒီပ၏ ဩဝါဒလမ်းညွှန်မှုကို ခံယူပြီး ကျိုက်ထီးဆောင်း ဒုတိယဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာဂ ဒီပ မှ (၁၁)ကြိမ်မြောက် ပိဋကတ်ပတ်ရွတင် ဆွမ်းခံခြင်းကို ၁၃၇၇-ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ (၆-၈-၂၀၁၆) စနေနေ့ မှ စတင်ကာ ၁၂ ရက်တိုင်တိုင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ သထုံမြို့နယ်၊ ကျိုက်ထိုမြို့နယ်များသို့ ပိဋကတ်ပတ်ရွတင် ဆွမ်းခံ ကြွတော်မူခဲ့ကြောင်း သိရှိရသည်။

သားငယ်

---

## စာရေးဆရာ၊ ကဗျာဆရာ တာရာမင်းဝေ ကွယ်လွန်ခြင်း (၉)နှစ်ပြည့် အခမ်းအနားကျင်းပ



စာရေးဆရာ၊ ကဗျာဆရာ တာရာ မင်းဝေ ကွယ်လွန်ခြင်း (၉)နှစ်ပြည့် အခမ်းအနား ကို ၂၀၁၆-ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ်၊ ကျိုက္ကဆံအနောက်ရပ်ကွက်ရှိ မင်္ဂလာကျောင်းတိုက် တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ ကြောင်း သိရှိရသည်။

**ZN**

### သုံးရောင်ခြယ်ဘုရားများ ဝယ်ယူပူဇော်နိုင်

ဖားမဲ့ဆရာတော်ဘုရားကြီး၏ ဆွေ ၇ ဆက် မျိုး ၇ ဆက် ကြွယ်ဝချမ်းသာစေနိုင်သည့် ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ်ဘုရား(ဦးရွှေအိုးဘုရား)များကို ဉာဏ်တော်အမြင့် ၇ လက်မ၊ ၉ လက်မ၊ ၁၀ လက်မ မိမိ နှစ်သက်ရာ ဉာဏ်တော်ကို ဘုန်းရောင်ဂျာနယ်တိုက်တွင် လာရောက် ဝယ်ယူပူဇော်နိုင်ပါသည်။ (ဖုန်း-၀၉-၂၅၀၁၂၂၃၃၁)

www.burmeseclassic.com

www.burmeseclassic.com



## ဇမ္ဗူထိပ်အောင်ချမ်းသာ မိသားစု၏ အောင်ပွဲ-တက်ပွဲ တောင်ပြုန်းပွဲတော်အကြို ကျင်းပပြုလုပ်



နဂါးကိုးကောင် ဆရာတော်မှ ဦးဆောင်၍ မိခင်ကြီး ဒေါ်တင်ရွှေ အမှူးရှိသော ဇမ္ဗူဒိပ်အောင်ချမ်းသာ မိသားစုသည် တောင်ပြုန်းဆုတောင်းပြည့်ဘုရားတွင် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ခဲ့ကြပြီး တောင်ပြုန်း မင်းကြီး၊ မင်းလေး နတ်နန်းတွင် သစ်သီး၊ ပန်း၊ ရေချမ်း၊ ကန်တော့ပွဲများ၊ အချိုပွဲ၊ အချဉ်ပွဲများ၊ အဖျော်ယမကာများ စုံလင်စွာဖြင့် ဇမ္ဗူထိပ်အောင်ချမ်းသာ မိသားစု၏ အောင်ပွဲ-တက်ပွဲကို ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

BURMESE CLASSIC

---

## လေးကျွန်းသူ ဖောင်ဒေးရှင်းအသင်းဝင်ညီအစ်မများနှင့် မိသားစုများ စုပေါင်းကာ ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



လေးကျွန်းသူ ဖောင်ဒေးရှင်အသင်းဝင်ညီအစ်မများနှင့် မိသားစုများ စုပေါင်းကာ ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၂၀၁၆-ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် ကျေးဇူးတော်ရှင် တိပိဋက ဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူ ပရိယတ္တိသာသနာလင်္ကာရအကျော် ဆရာတော်ဘုရားကြီး အရှင်သုမင်္ဂလာလင်္ကာရ(Ph.D) တည်ထောင်တော်မူခဲ့သည့် တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ ရန်ကုန်မြို့ ကမ္ဘာအေးတွင် ဝါဆိုဝါကပ်တော်မူကြသော စာသင်စာချ ဆရာတော် သံဃာအပါး(၃၉၀)တို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး တိပိဋက မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီးအတွက် ပညာရေးငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းနှင့် နေ့ဆွမ်း၊ ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းခြင်း အပါအဝင် စုစုပေါင်း ငွေကျပ် (၂၂၈)သိန်းကျော်ကို လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com

## အမျိုးသားစာပေဆုရ စာရေးဆရာကြီး လင်းယုန်သစ်လွင် (၂၃)နှစ်ပြည့် အမှတ်တရ အခမ်းအနားနှင့် မူလတန်းကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲ



အမျိုးသားစာပေဆုရ စာရေးဆရာကြီး လင်းယုန်သစ်လွင် (၂၃)နှစ်ပြည့် အမှတ်တရ အခမ်းအနားနှင့် မူလတန်းကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲကို အ ･မ ･က ကျွန်းထိပ်ပိုင်း၊ ညောင်တုန်းမြို့တွင် (၂၈-၈-၂၀၁၆)တနင်္ဂနွေနေ့ နံနက် ၉ နာရီမှ နေ့လယ် ၂ နာရီအထိ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အင်ကြင်း

## ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း(BFM) မှ ရေဘေးဒုက္ခ ကြုံတွေ့နေသည့် စစ်ကိုင်းမြို့ ပခုက္ကူမြို့ မြန်အောင်မြို့နယ်နှင့် ကြံခင်းမြို့နယ်များသို့ ထမင်းဘူးများ လှူဒါန်း

ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း(BFM)မှ ရေဘေးဒုက္ခ ကြုံတွေ့နေသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ဆင်တက် ကျေးရွာအုပ်စုရှိ ရေဘေးသင့်ပြည်သူများအတွက် နေ့လည်စာ ထမင်းဘူး ၁၄၅၀၊ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်ရှိ ရေဘေးသင့်စခန်းများမှ ရေဘေးသင့်ပြည်သူများအတွက် ထမင်းဘူး ၇၀၀ ခန့်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ် ရေဘေးရှောင်စခန်းများမှ ရေဘေးသင့် ပြည်သူများအတွက် နံနက်စာ ထမင်းဘူး ၂၀၀၀ ကျော်နှင့် ညနေစာ ထမင်းဘူး ၂၀၀၀ ကျော်၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ထမင်းဘူး ၁၅၀၀ ကျော်ကို ၂၀၁၆-ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့က သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။


ZN

## သာသနာ့ဗေယျမဂ်လာ ပရိယတ္တိစာသင်တိုက် (၂၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲနှင့် စာအောင်သံဃာဆုနှင်းပွဲ ကျင်းပ

သာသနာ့ဗေယျမဂ်လာ ပရိယတ္တိစာသင်တိုက် (၂၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲနှင့် စာအောင်သံဃာဆုနှင်းပွဲကို ၁၃၇၈-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်၊ (၂၄-၇-၂၀၁၆)တနင်္ဂနွေနေ့၊ နံနက် ၉း၃၀ နာရီတွင် သာသနာ့ဗေယျမဂ်လာ ပရိယတ္တိစာသင်တိုက်၊ ဓမ္မဒါနလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com



အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဆိုတဲ့ ကာလသုံးပါးမှာ-

အတိတ်က ကုသိုလ်ကံဟာ ပစ္စုပ္ပန်ကို လာပြီးရိုက်ခတ်တတ်သလို၊ ပစ္စုပ္ပန်ရဲ့ ကုသိုလ်ကံဟာလည်း အနာဂတ်ကို ရိုက်ခတ်စေနိုင်တာပါပဲ။

အတိတ်က ဒါန၊ သီလ၊ ဘာဝနာမှာ အားနည်းရင် ပစ္စုပ္ပန်ကာလမှာ စားဝတ်နေမှုဟာ အားနည်းတတ်ပါတယ်။

ဒီလိုပါပဲ၊ ပစ္စုပ္ပန်မှာ ဒါန၊ သီလ၊ ဘာဝနာ အားနည်းရင်လည်း အနာဂတ်ဘဝမှာ သာယာမှာ မဟုတ်လေတော့

ရောင်ပြန်ပရိသတ်ကြီးလည်း ပစ္စုပ္ပန်ကာလမှာ ဒါန၊ သီလ၊ ဘာဝနာကို အားမနည်းအောင် နေထိုင်ဆောင်ရွက်မယ် ဆိုပါလျှင်・・・

www.burmeseclassic.com